Pinny

တိပိဋကဓရ အဂ္ဂမဟာပဏ္ဍိတ

ဘဒ္ဒန္တ သီရိန္ဒာ ဘိဝံသ (ယော) ဆရာတော်

၏

# နှလုံးသားဝယ် ဘုရားတည်

ဓမ္မစာစုများ အမှတ် (၁)



Pinny

ဝင်နီဘာသာရေးစာစဉ်(၅)

ရန်ကုန်မြို့၊ ဗဟန်းနန္ဒဝန်လမ်း၊

မဟာဝိသုဒ္ဓါရုံပါဠိတက္ကသိုလ်

(ရွှေကျင်)ကျောင်းတိုက်

ပဓာနနာယက

တိပိဋကဓရအဂ္ဂမဟာပဏ္ဍိတ

ဘဒ္ဒန္တသီရိန္ဒာဘိဝံသ(ဓယော)ဆရာတော်

၏

# နှလုံးသားဝယ်ဘုရားတည်

## ဓမ္မ စာ စု များ အ မှတ် (၁)

ဖြန့်ချိရေး - ရတနာ့ဝါဒီပိဋကတ်ဆိုင်

အမှတ်(၁၁)၊ ရွှေတိဂုံဘုရားတောင်ဘက်ဈေးတော်ရုံ၊ ရန်ကုန်မြို့။

☎ : 285315

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ်
၂၄/၉၈(၇)

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၃၀/၉၈(၈)

ထုတ်ဝေသည့်အကြိမ်
ပထမအကြိမ်

ထုတ်ဝေသည့်လ
၁၉၉၈၊ ဖေဖော်ဝါရီ

အုပ်ရေ
၁၀၀၀

မျက်နှာဖုံးနှင့် အတွင်းသရုပ်ဖော်
ဇော်မောင်

ထုတ်ဝေသူ
ဦးမြသန်း (၀၁၀၅၀)
အသိုင်းအဝိုင်းစာပေ
အမှတ်(၃၅)၊ ခွဲစုံရပ်၊ ကမ္ဘာအေး

ပုံနှိပ်သူ
ဦးဝင်းမျိုးသူရ (၀၅၈၁၄)
မဟာမိဒီယာပုံနှိပ်လုပ်ငန်း
၁၅၂၊ ယောဂီကျောင်းလမ်း၊ ကမာရွတ်မြို့

# မာတိကာ


| | | |
|---|---|---|
| ၁။ | နှလုံးသားဝယ်ဘုရားတည် | ၁ |
| ၂။ | နှလုံးသားဝယ်တရားတည် | ၄၆ |
| ၃။ | နှစ်ဖက်မြင်သူစွမ်းတဲ့လူ | ၈၄ |
| ၄။ | အကြမ်းအနုစိတ်ကိုလု | ၁၂၂ |
| ၅။ | သုံးပါးမြတ်စွာမင်္ဂလာ | ၁၆၈ |
| ၆။ | သိက္ခာသုံးပါးလူစွမ်းအား | ၂၀၄ |
| ၇။ | စိတ်အေးစရာ၊ လူချမ်းသာ | ၂၄၄ |
| ၈။ | မေတ္တာကိုစွဲအောင်ရမြဲ | ၂၆၄ |
| ၉။ | အင်္ဂုလိမာလသုတ္တန် (ပ) | ၃၀၀ |
| ၁၀။ | အင်္ဂုလိမာလသုတ္တန် (ဒု) | ၃၈၀ |

# ထုတ်ဝေသူအမှာ

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး စည်ပင်ဖွံ့ထွန်းလင်းလျက်ရှိသော နိုင်ငံအဖြစ် ကမ္ဘာအလယ်တွင် ထင်ရှားပါသည်။ မြတ်စွာဘုရားပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက် သင်္ဂါယနာ(၆)ကြိမ်တင်ခဲ့ပြီး ပါဠိပိဋကတ်တော်များကို ကျောက်စာ၊ ပေစာ၊ ပုံနှိပ်စာနှင့် ယခုအခါ CD ROM များဖြင့်ပင် အက္ခရာတင်သိမ်းဆည်းခြင်း၊ ပုံနှိပ်ဖြန့်ချိခြင်းများ လုပ်ဆောင်ခဲ့ကြသကဲ့သို့၊ ရဟန်းပညာရှိ၊ လူပညာရှိကြီးများ၏ ပိဋကတ်(၃)ပုံဆိုင်ရာ အဖွင့်ဋီကာကျမ်းများ၊ ဒီပနီကျမ်းများအပြင် မြတ်ဗုဒ္ဓ၏ တရားတော်များမှ ထုတ်နုတ်၍ နိဗ္ဗာန်ရောက်ကြောင်း တရားများနှင့် ဝိပဿနာကျင့်စဉ်တရားအမျိုးမျိုးတို့သည်လည်း ပေါ်ထွက်ခဲ့ပြီး ဖြစ်ပါသည်။

လူတို့နေထိုင်ရာ ဤကမ္ဘာကြီးသည်၊ ကျောက်ခေတ်မှစ၍ ယဉ်ကျေးမှုအဆင့်ဆင့် ပြောင်းလဲလာခဲ့ရာ၊ တစ်နေ့ထက်တစ်နေ့ တိုးတက်ထွန်းကားလာသော သိပ္ပံပညာရပ်များ၏ စွမ်းအားကြောင့် ရုပ်ဝတ္ထုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများသည် မယုံကြည်နိုင်လောက်အောင်ပင် အံ့ဩထိတ်လန့်ဘွယ်အခြေအနေသို့ ရောက်ရှိနေပြီး ရောက်ရှိလာတော့မည့် ၂၁–ရာစုနှစ်ကို သတင်းခေတ်ဟုပင် နိုင်ငံတကာပညာရှင်များက ခေါ်ဆိုသတ်မှတ်လျက် ရှိနေပါသည်။ ရုပ်ပိုင်းဆိုင်ရာတိုးတက်မှုများဖြင့် ပြည့်စုံနေသည့် ကမ္ဘာ့နိုင်ငံများမှ ပုဂ္ဂိုလ်များတို့သည် တကယ်တမ်းစစ်မှန်သော ကိုယ်၏ချမ်းသာခြင်း၊ စိတ်၏ချမ်းသာခြင်း၊ ငြိမ်းအေးခြင်းတို့ကို

ရရှိခံစားနေကြရခြင်း ရှိမရှိကို ဆန်းစစ်ရန်မှာ ဗုဒ္ဓတရားတော်များနှင့် ထိတွေ့ပြီးနောက် ဝိပဿနာတရားစခန်း အသီးသီးတွင် ကိုယ်တိုင်ကိုယ်ကျ လေ့လာအားထုတ်၍ စိတ်၏ငြိမ်းအေးခြင်းကို ခံစားရရှိခဲ့ကြသည့် ရုပ်ပိုင်းဆိုင်ရာတိုးတက်မှုရှိပြီးဖြစ်သော နိုင်ငံများမှ ပုဂ္ဂိုလ်များ၏ အားပါးတရဖွင့်ဟဝန်ခံချက်များက အဖြေပေးနေပါသည်။

မြန်မာလူငယ်အများစုသည် ဗုဒ္ဓဘာသာဝင်များဖြစ်ကြသော်လည်း မိရိုးဖလာဗုဒ္ဓဘာသာဝင်အဖြစ်ထက် ပိုသာသူ အလွန်နည်းပါးပါသည်။ ထိုသို့ဖြစ်နေခြင်းသည် တိုးတက်ပြောင်းလဲနေသော သိပ္ပံခေတ်နှင့်အတူ ရုပ်ပိုင်းဆိုင်ရာတိုးတက်ဖွံ့ဖြိုးရေးအတွက် အားသွန်ခွန်စိုက်ကြိုးစားလုပ်ဆောင်နေရသဖြင့်လည်းကောင်း၊ ရုပ်ပိုင်းဆိုင်ရာတိုးတက်မှုအချို့ကို ခံစားရလာသည့်အခါ စစ်မှန်သောချမ်းသာခြင်းရရှိလာပြီဟု လွဲမှားစွာယူဆလာ၍လည်းကောင်း၊ ထေရဝါဒဗုဒ္ဓဘာသာဆိုင်ရာ စာပေများကို ထိုက်သင့်သလောက်လေ့လာဖတ်ရှုသော်လည်း၊ အကြောင်းကြောင်းကြောင့် နားလည်သဘောပေါက်မှုအားနည်း၍လည်းကောင်း မိရိုးဖလာဗုဒ္ဓဘာသာဝင်အဖြစ်မှ တိုးတက်လာမှုနည်းပါးခြင်းဖြစ်ရာ အနာဂတ်အတွက် စိတ်လေးစရာပင်ဖြစ်ပါသည်။

ရုပ်ပိုင်းဆိုင်ရာတိုးတက်မှုများကို မြင့်မြတ်သော စိတ်ပိုင်းဆိုင်ရာ ကိုယ်ကျင့်သိက္ခာများဖြင့် ထိန်းကျောင်းကွပ်ကဲပြီး လူအပေါင်းတို့၏ ကိုယ်ချမ်းသာခြင်း၊ စိတ်ချမ်းသာခြင်း၊ ငြိမ်းအေးခြင်းတို့ဘက်သို့ ဆွဲဆောင်အသုံးချလိုစိတ်ဖြစ်ပေါ်လာအောင် ဘာသာရေးဆိုင်ရာ စာပေပုံသဏ္ဌာန်ကို ခေတ်နှင့်အညီပြောင်းလဲ၍

လူငယ်ထုအတွက် အဓိကထားထုတ်ဝေနိုင်ပါက လူငယ်များသည် စာပေမှတစ်ဆင့် ဘာသာ/သာသနာကို ပိုမိုယုံကြည်လေးစားလာပြီး အတိုင်းအတာ တစ်ခုအထိ တိုးတက်မှုရရှိမည်ဟု ယုံကြည်ပါသည်။

ပင်နီစာအုပ်တိုက်အနေဖြင့် ခေတ်အဆက်ဆက်ပေါ်ထွန်းခဲ့သော ထေရဝါဒဗုဒ္ဓဘာသာနှင့်ပတ်သက်သည့် ကျမ်းစာများကို ကောင်းနိုးရာရာ ပြန်လည်စုစည်းရိုက်နှိပ်ထုတ်ဝေလျက်ရှိရာ၊ ပြောင်းလဲနေသောခေတ်နှင့်အညီ ပညာရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စများတွင် စီးမျောလျက်ရှိနေကြသည့် လူငယ်၊ လူလတ်များအား အဓိကထားလျက် ရဟန်းရှင်လူ၊ ပြည်သူအားလုံးအတွက် ရည်ရွယ်၍ တိပိဋကဓရ၊ အဂ္ဂမဟာပဏ္ဍိတ၊ အရှင်သိရိန္ဒာဘိဝံသ၊ ယောဆရာတော်ကြီး၏ တရားတော်များအနက်မှ နှလုံးသားဝယ်ဘုရားတည်၊ **ဓမ္မစာစုအမှတ်(၁)**ကို စီစဥ်ထုတ်ဝေလိုက်ပါသည်။ အမြင်သစ်၊ ရှုထောင့်သစ်မှ ဟောကြားထားသော ဆရာတော်ကြီး၏ တရားတော်များကို ဖတ်ရှုနာကြားလျက် စစ်မှန်သော ချမ်းသာမှု၊ ငြိမ်းအေးမှုများ ခံစားရရှိစေကြောင်း ဆန္ဒပြုအပ်ပါသည်။

Pinny

**ပင်နီစာအုပ်တိုက်**

ဦးတည်ချက်ကင်းမဲ့သော ဘဝကို လျှောက်လှမ်းခြင်းသည် လူဘဝ၏ တန်ဖိုးရှိလှသော အချိန်ကို အဓိပ္ပါယ်မဲ့ဖြုန်းတီးခြင်းပင် ဖြစ်သည်။ ဘဝ၏ ဦးတည်ရာကို ကောင်းစွာညွှန်ပြလျက် အသိဉာဏ်ပညာ တိုးပွားစေမည့် "စာဖတ်ခြင်း" အလေ့အထကို ကောင်းစွာလေ့ကျင့်ပျိုးထောင်ယူပါ။

# နှလုံးသားဝယ် ဘုရားတည်
# တရားတော်

သာသနာတော်နှစ် ၂၅၃၆–ခု၊ ကောဇာသက္ကရာဇ် ၁၃၅၅–ခုနှစ်၊ နှစ်ဦး၊ တန်ခူးလပြည့်ကျော် ၁၁–ရက်၊ စနေနေ့ (နှစ်ဆန်း(၁)ရက်နေ့) နံနက်အချိန်မှာ ကလေးမြို့၊ အောင်မင်္ဂလာရပ်



ဝိသုဒ္ဓါရုံတိုက်သစ် အတွင်း၌ ကျောင်းဒကာ၊ ကျောင်းအစ်မ၊ ဆွမ်းဒကာ၊ ဆွမ်းအစ်မ၊ ပစ္စည်းလေးပါး ဒကာ၊ ဒကာမ၊ ဝေယျာဝစ္စ ဒကာ၊ ဒကာမအပေါင်း သူတော်ကောင်းတို့အတွက်



ဆွမ်း၊ ဆေး၊ ရေတွင်း၊ ရေကန်စတဲ့ အရပ်ရပ်သော လှူဒါန်းဖွယ်များ လှူဒါန်းပြီးတော့ သာသနာတော်အား ချီးမြှောက်ပူဇော်ကြသည့် အရပ်ရပ်ကုသိုလ်ကောင်းမှုများ ပြုလုပ်နေကြတဲ့အခါမှာ အနုမောဒနာ တရားအဖြစ်ဖြင့် ဓမ္မဒါနလက်ဆောင်အဖြစ်ဖြင့်၊ နှစ်သစ်မင်္ဂလာ အဖြစ်ဖြင့် အမှတ်ရဖွယ် အဖြစ်ဖြင့် ဟောကြားအပ်သော "နှလုံးသား ဝယ်၊ ဘုရားတည်" တရားတော်။

နှစ်ဆန်းတစ်ရက်နေ့၊ နှစ်ဆန်းမင်္ဂလာအခါတော်နေ့မှာ နှလုံးသားထဲ ဘုရားတည်မည်တဲ့ နှလုံးသားထဲမှာ ဘုရားတည် ကြရမှာ၊ မိမိတို့ နှလုံးသားမှာ ဘုရားရအောင်တည်ရမယ်။ နှလုံးသား ဘုရားတည်ဆိုတာက အဓိပ္ပါယ်နှစ်မျိုးရတယ်။ မိမိတို့ နှလုံးသားအစဉ်မှာ ဘုရားရဲ့ဂုဏ်များကို လွှမ်းခြုံပြီးတော့မှ ပွားများ အားထုတ်ပြီးတော့နေတယ်။ အမြဲတမ်း သတိရတိုင်း သတိရတိုင်း ပွားများပြီးတော့နေတယ်။ ဒါလည်း နှလုံးသား ဘုရားတည်တယ်လို့ ခေါ်ရတယ်။

နောက်ပြီးတော့ ယခုလို ပရိယတ္တိ စာသင်တိုက်ဆိုတာ နှလုံးသားအစစ်နဲ့ ဘုရားရဲ့ တရားတွေကို ပြောင်းပြောင်းပြီးတော့ ပြန့်ပွားအောင် သယ်ဆောင်သွားရတဲ့ အလုပ်၊ တရားတွေဆိုတာ ဘုရားရဲ့ ကိုယ်စားဖြစ်လို့ တရားဟာ ဘုရားပါပဲ။ ဒါကြောင့် ဘုရားမကွယ်ပျောက်ရအောင် ဘုရားရဲ့ အဆုံးအမ တရားတွေ လက်ဆင့်ကမ်း နှလုံးသားထဲ အဆုတ်ထဲ ပြောင်းပြီးတော့ သယ်ဆောင်သွားရတဲ့ နေရာဌာန၊ အဲလို သယ်ဆောင်သွားနိုင်အောင် ဒကာ၊ ဒကာမအပေါင်း သူတော်ကောင်းတွေက သဒ္ဓါ၊ သီလ၊ မေတ္တာတရားနဲ့ လက်တွဲပြီးတော့ ချီးမြှောက်နေကြတာဖြစ်လို့

ပရိယတ္တိစာသင်တိုက်တွေ ချီးမြှောက်တယ်ဆိုတာလည်းပဲ နှလုံးသား ဘုရားတည်။ နှလုံးသားမှာ ဘုရားတည်ဆိုတာ အဲလို အဓိပ္ပါယ် နှစ်မျိုးလုံး ယူလို့ရပါတယ်။

သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ၊ သဒါ ဂေါတမသာဝကာ။
ယေသံ ဒိဝါ စ ရတ္တော စ၊ နိစ္စံ ဗုဒ္ဓဂတာ သတိ။

ယေသံ၊ တရားချစ်ခင် စိတ်ကောင်းဝင်သည့် အကြင်ပုဂ္ဂိုလ်တို့အား။ ဒိဝါ စ၊ နေ့အခါ၌လည်းကောင်း။ ရတ္တော စ၊ ညဉ့်အခါ၌လည်းကောင်း။ နိစ္စံ၊ နေ့ညမစဲ အမြဲမပြတ်။ သဒါ၊ အခါခပ်သိမ်း၊ ဗုဒ္ဓဂတာ၊ တရားလုံးစုံ အကုန်သိမြင် ဘုရားရှင်ဂုဏ် စွမ်းအားယုံ၍ လွမ်းခြုံမပြတ် ဖြစ်ပေါ်၍နေတတ်ပါပေသော။ သတိ၊ ဟိုပြေး ဒီပြေး ကင်းစင်ဝေး၍ အပြီးမြော်ကာ ကောင်းစွာတည်ရှိ မြဲတ်သတိသည်။ အတ္ထိ၊ နှလုံးသားဝယ် ဘုရားတည်ကာ ကောင်းစွာမသွေ ထင်ရှားရှိနေတတ်ပါပေ၏။ ဂေါတမသာဝကာ၊ ဂေါတမနွယ်ဖွား ရှင်တော်မြတ်ဘုရား၏ သားသမီးဖြစ်ကြကုန်သော။ တေ၊ တရားချစ်ခင် စိတ်ကောင်းဝင်၍ သူတော်စင်ဖြစ်တဲ့ ပုဂ္ဂိုလ်တို့သည်။ သဒါ၊ နေ့ရောညပါ အခါခပ်သိမ်း။ သဒါ၊ ကောင်းဆိုးနှစ်တန် လောကဓံအာရုံ၌ တွေ့ကြုံသမျှ အခါခပ်သိမ်း။ သဒါ၊ ဘယ်နေရာပဲရောက်ရောက် ဘယ်သူနဲ့ပဲ တွေ့တွေ့ ဘယ်ကိစ္စကိုပဲဆောင်ရွက်ရ ဆောင်ရွက်ရ အခြေအနေ ပေးသမျှ အခါခပ်သိမ်း။ သုပ္ပဗုဒ္ဓံ၊ ကောင်းစွာထိန်းပ နိုးကြားတက်ကြွ နစ်သက်ကြရလေအောင်။ ပဗုဇ္ဈန္တိ၊ နှလုံးသားဝယ် ဘုရားတည်ကာ ကောင်းစွာမသွေ နိုးကြားနိုင်ကြလေကုန်သတည်း။

နှလုံးသား ဘုရားတည်တယ်ဆိုတာ မိမိနှလုံးသားထဲမှာ သတိနဲ့ ဘုရားကို အာရုံဖော်ပြီးတော့ နေတတ်တာပါ။ အဲလိုနေလို့

ရှိရင် မိမိရဲ့ခန္ဓာကိုယ်ကြီးဟာ ရတနာခန္ဓာကိုယ်ကြီးဖြစ်လို့ ဘုရားရဲ့သား၊ ဘုရားရဲ့သမီးဖြစ်လို့ ဘယ်အခါမဆို ဘယ်နေရာပဲရောက်ရောက် စိတ်စွမ်းအားတွေကလည်း ခမ်းခမ်းနားနား အဲဒါမျိုးဖြစ်လို့ နိုးနိုးကြားကြား၊ တက်တက်ကြွကြွ၊ ရွှင်ရွှင်လန်းလန်း၊ အားတက်သရော လုပ်ရမဲ့အလုပ်တွေကလည်း တန်းစီပြီးတော့မှ အဲလို တစ်ခုပြီးတစ်ခု ပြီးသွားအောင် အဲလို ဆောင်ရွက်နိုင်ကြပါတယ်။

## ဘုရားဒကာ ကိုဖိုးတုတ်

ဖိုးတုတ်ဆိုတဲ့ လူတစ်ယောက်ရှိတယ်။ သူက ဘာလုပ်လဲဆိုတော့ ဘုရားတည်ရန်ဆိုတဲ့ အတိတ်နဲ့ ထီတစ်စောင် ထိုးလာသတဲ့။ ထီဖွင့်တော့ ထီက ပေါက်လာတယ်။ ဘယ်လောက်ပေါက်လဲဆိုတော့ ငွေတစ်သောင်းထီပေါက်လာတယ်။ တစ်သောင်းထီပေါက်တော့ သူ့ရည်ရွယ်ချက်ရှိတဲ့အတိုင်း ဘုရားတည်မယ်ပေါ့။ ငါးထောင်နဲ့ မြေနေရာ တစ်နေရာဝယ်လိုက်သတဲ့။ ကျန်တဲ့ငါးထောင်နဲ့ ဘုရားတည်မယ်ပေါ့၊ အဲဒီငါးထောင်ပေးပြီးတော့ မြေနေရာဝယ်လို့ပြီးပြီလည်း ဆိုရော လူရှုပ်တစ်ယောက်က အဲဒီမြေနေရာဟာ သူပိုင်ပါတယ်ဆိုပြီးတော့မှ အမှုလာလုပ်တယ်။ အမှုလာလုပ်တော့ တစ်ခါတည်း ရှုပ်လိုက်တဲ့ အလုပ်၊ ဖိုးတုတ်တစ်ယောက် အလုပ်ရှုပ်လိုက်တာ၊ နောက်တော့ ဘုရားတည်မလို့ထားတဲ့ ငွေငါးထောင် အကုန်ပြုတ်တော့၊ အကုန်ကုန်တော့ နောက်ထပ် လက်ထဲမှာရှိတဲ့ ပိုက်ဆံတစ်သောင်းခွဲတောင် ကုန်လိုက်သေးတယ်။ အဲဒီတော့ ဖိုးတုတ်တစ်ယောက် စိတ်ဓါတ်ကျလိုက်တာ၊ စိတ်ညစ်လိုက်တာ၊ ငါက

ဘုရားတည်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ထီထိုး၊ ထီလည်း ပေါက်တယ်၊ တကယ်တည်မယ်ဆိုတော့လည်း ငါကြံစည်သလို ဘာတစ်ခုမှ မဖြစ်၊ အနှောင့်အယှက်တွေနဲ့သာ တွေ့နေရတယ်ဆိုပြီး စိတ်ဓါတ်တွေကျ စိတ်ဆင်းရဲပြီး အဲလိုနေသတဲ့။

တစ်နေ့သောအခါမှာ သူက ဘုန်းကြီးကျောင်းရောက်သွား၊ ဘုန်းကြီးကျောင်းရောက်တော့ ဘုန်းတော်ကြီး ဦးတိဿ၊ ဘုန်းတော်ကြီး ဦးတိဿအနား ရောက်သွားတော့ သူ့အကြောင်း အရာတွေကို လျှောက်ထားပြတယ်။ ဘုန်းကြီးဘုရား တပည့်တော် ဒီလိုဒီလို ရည်ရွယ်ချက်နဲ့ ထီထိုးတာ ဘုရားတည်ဖို့၊ ထီလည်း ပေါက်ပါတယ်။ ဘုရားတည်မလို့လုပ်တော့ အဲဒီလိုတွေ အဲဒီလိုတွေ အလုပ်တွေ ရှုပ်ကုန်တယ်ဘုရား၊ တပည့်တော်တော့ စိတ်ဆင်းရဲနေပြီ၊ စိတ်ဓါတ်တွေကျနေပြီလို့ ဒီလိုလျှောက်သတဲ့။

ဒီတော့ ဘုန်းတော်ကြီး ဦးတိဿက- ဖိုးတုတ် ဘာဖြစ်လို့ ဘုရားတည်ချင်တာလဲ၊

ကုသိုလ်လိုချင်လို့ဘုရား။

အော် ကုသိုလ်လိုချင်လို့ ဘုရားတည်ချင်တယ်ဆိုရင်လည်း ဖိုးတုတ်ရယ်၊ လွယ်ပါတယ်ကွ၊ ဘုရားတည်ချင်ရင်လေ၊ ငွေလည်း မလိုဘူးကွ၊ မြေလည်း မလိုဘူးကွ၊ ငွေမပါဘဲ၊ မြေမပါဘဲ ဘုရားတည်လို့ရပါတယ်ကွ ဆိုတော့ ဖိုးတုတ်က အံ့အားသင့်သွားတယ်။

အာ . . ဘုန်းကြီးဘုရား၊ မြေမရှိဘဲ၊ ငွေမရှိဘဲ ဘယ်လိုလုပ်ပြီး ဘုရားတည်မှာလဲဘုရား၊ အမိန့်ရှိပါဦးဘုရာ။

အော် . . မင်းမှာ နှလုံးသားရှိသားပဲကွ။ နှလုံးသားမြေကြီးရှိပြီးသား ဘယ်သွားဝယ်စရာလိုသေးလဲ။ မင်း နှလုံးသားမြေကြီးကို ရှင်းလိုက်စမ်းပါ။ သဒ္ဓါတရားနဲ့၊ ပညာတရားနဲ့၊ သတိတရားနဲ့ ချက်ချင်းရှင်းလိုက်၊ လွယ်လွယ်လေးရယ်၊ မင်း "နမော တဿ" ရတယ်နော်။

ရပါတယ်ဘုရား၊ ငယ်ငယ်ကတည်း ကစပြီး ရနေတာပါ။

အေး အဲဒီ "နမော တဿ"ကို ပါးစပ်ထဲတင် ထွက်သွားမယ့် "နမော တဿ" မဆိုရဘူးကွ။ အဲဒါကို လေးလေးနက်နက် ဘုရားအာရုံထိယူပြီးတော့မှ မင့်နှလုံးသားထဲမှာ ထည့်ပေးလိုက်စမ်း၊ ချက်ချင်း ဘုရားတည်တာပဲ၊ အဲဒါနဲ့ မင်း သရဏဂုံ သုံးပါးကော ဆိုတတ်သလား။

ဆိုတတ်တာပေါ့ဘုရား၊ တပည့်တော် ငယ်ငယ်လေး ကလေးလေးကစပြီး ရတာပဲ။

အေး . . အဲဒါကို ပါးစပ်ဖျားတွင် ထွက်သွားမယ့် သရဏဂုံ မဆိုရဘူးကွ၊ သဒ္ဓါတရားနဲ့ ယုံယုံကြည်ကြည်၊ ပညာတရားနဲ့ လေးလေးနက်နက်၊ သတိတရားနဲ့ စူးစူးစိုက်စိုက်၊ နှလုံးသားထဲမှာ အာရုံယူပြီးကာမှ လုပ်ရတယ်။ အဲဒါ ဘုရားတည်တာပဲ ဖိုးတုတ်ရဲ့။ မင်း "ဣတိပိ သော ဘဂဝါ" တော့ ရတယ်ထင်ပါရဲ့။

ရပါတယ်ဘုရား၊ ကျောင်းသားလေးကစပြီး တပည့်တော်ရနေတာပဲ၊

အေး အဲဒါလည်း မင်း ပါးစပ်ဖျားတင် ထွက်သွားမယ့် ဣတိပိ သော ဘဂဝါ အရဟံ ဆိုတာတွေ မဆိုရဘူးကွ

ပါးစပ်ထဲတွင် ထွက်သွားရုံနဲ့ မဆိုရဘူး။ စိတ်နှလုံးထဲရောက်အောင် လေးလေးနက်နက် အာရုံယူပြီးတော့မှ အဲလို လုပ်ရတယ်။ မြေကြီးပေါ်မှာ ဘုရားတည်တာက အရင်းအနှီးလည်း အများကြီးစိုက်ရတယ်။ ကိရိယာတန်ဆာပလာ အဆောက်အဦးတွေ အများကြီး စုရဆောင်းရ၊ ရှာရဖွေရတယ်၊ အချိန်လည်း အများကြီးပေးရတယ်။ နှလုံးသား ဘုရားတည်တာက ကိရိယာတန်ဆာ ပလာ ဘာမှ မလိုဘူး။

တကယ်ယုံတဲ့ သဒ္ဓါတရားရှိဖို့လိုတယ်။ တကယ်စွမ်းအား တည်ငြိမ်တဲ့ ပညာရှိဖို့လိုတယ်။ အာရုံကို တကယ် စူးစူးစိုက်စိုက် မိမိရရ ဖမ်းနိုင်တဲ့ သတိလိုတယ်။ ဒီလောက် အရင်းအနှီး ကိရိယာတန်ဆာပလာလေးရှိရင် ဖိုးတုတ် ဘုရားတည်ဖို့ သာမှ မခက်ဘူးကွ၊ မြေကြီးပေါ် ဘုရားတည်ရတာက လနဲ့ရက်နဲ့ ချီပြီးတော့ အချိန်အများကြီးယူရတယ်။ နှလုံးသားထဲ ဘုရားတည် တာက စက္ကန့်ပိုင်း၊ မိနစ်ပိုင်းမှာ ချက်ချင်းပြီးသွားတာကွ။

အဲလို စသည်ဖြင့် ဘုန်းကြီးက စိတ်ဓါတ်ကျနေတဲ့ ဖိုးတုတ်တစ်ယောက်ကို ဘုရားတည်နည်း သေသေချာချာ ပြောပြတော့ ဖိုးတုတ်တစ်ယောက် တစ်ခါတည်း ရွှင်လန်းတက် ကြွလာတယ်။

အာ ဘုန်းကြီးဘုရား၊ ဒီလို ဘုရားတည်လို့ဖြစ်မှန်းသိရင် တပည့်တော် ဘယ်လိုလုပ် စိတ်ဆင်းရဲခံနေမလဲဘုရား၊ အပင်ပန်း ခံနေမလဲ၊ တပည့်တော် စောစောက ဒါမျိုးသိရင် ဒီပုံစံနဲ့ တည်မှာပေါ့၊ ကဲ ဒါဖြင့် တပည့်တော် ယနေ့ကစပြီးတော့ နှလုံးသား ဘုရားတည်တော့မယ်ဘုရား ဆိုပြီးတော့ အချိန်မဆိုင်း ပါဘူး၊ ဖိုးတုတ်တစ်ယောက် ချက်ချင်း နှလုံးသား ဘုရားတည်တာ

သရဏဂုံသုံးပါးဆိုတော့လည်း လေးလေးနက်နက် စိတ်အစဉ်မှာ အာရုံယူလို့ဆိုတတ်လာတယ်၊ နမောတဿ ဆိုတော့လည်းပဲ လေးလေးနက်နက် အာရုံယူပြီးတော့ ဆိုတတ်လာတယ်။ ဘုရားဂုဏ်တော် ပွားတဲ့အခါမှာလည်း လေးလေးနက်နက် အာရုံယူပြီးတော့ သက်တော်ထင်ရှား ဘုရားရဲ့ဂုဏ်တွေ အာရုံပြုတတ်လာတယ်။

ပြီးတော့ မေတ္တာတရားပါ တွဲပြီးတော့ ပွားများ၊ နှလုံးသားထဲ ဘုရားထည့်လိုက်တော့မှ ဖိုးတုတ်တစ်ယောက် တစ်ခါတည်း စိတ်အားတွေ တက်ပြီးတော့မှ ကြည်ပြီးတော့မှ လူကို တစ်မျိုးရွှင်လန်းတက်ကြွလာတယ်။

အဲဒါနဲ့ ရတနာသုံးပါးကျေးဇူး မေတ္တာကျေးဇူးကြောင့် အရှိန်အဝါတွေတက်၊ အလုပ်လုပ်ရတာကောင်း၊ ပတ်ဝန်းကျင်က လေးစား၊ နောက်ဆုံး စောစောက အမူလာလုပ်တဲ့ လူရှုပ်တစ်ယောက်၊ သူက ကိုယ်တိုင် လာတောင်းပန်ရတယ်။

ကိုဖိုးတုတ်ရယ် ဘုရားတည်မှာမှန်းသိရင် မြေကြီးပေးမှာပေါ့၊ ကျွန်တော်က ဒီလိုမှန်းမှ မသိဘဲ၊ ကိုင်း ဘုရားတည်မှာဆိုယူပါဗျာ ကိုဖိုးတုတ်လို့ ပြောသတဲ့။

ပြောတော့ ကိုဖိုးတုတ်က "မလိုပါဘူးဗျာ၊ ဘုရားတည်ပြီးပါပြီ။"

အော် ကိုဖိုးတုတ် ဘယ်သွားတည်လဲ။

ကျုပ်နှလုံးသားထဲ တည်ပြီးပြီလေ။

နှလုံးသားထဲမှာ ဘုရားရှိတယ်၊ ရတနာသုံးပါးရှိတယ်။ နှလုံးသားထဲ တည်ပြီးပြီ။ သူတည်တဲ့ဘုရားက နှလုံးသားထဲ

တိုက်ရိုက်တည်တယ်ဆိုတော့ ချက်ချင်း စွမ်းအားက တက်တာကိုး။ မြေကြီးပေါ်တည်တဲ့ ဘုရားက အာရုံမပြုရင် ဘာမှ တတ်နိုင်မှာမှ မဟုတ်ဘဲ၊ နှလုံးသားထဲတည့်တဲ့ ဘုရားက နှလုံးသားထဲရောက်နေတော့ စွမ်းအားက ချက်ချင်းတက်တာကိုး၊ မြေကြီးပေါ်တည်တဲ့ ဘုရားက အာရုံမပြုရင် ဘာမှ လုပ်မပေးနိုင်ဘူး။ ဒါကြောင့် ဖိုးတုတ်က ပြောတာ၊ "ကျွန်တော့်နှလုံးသားထဲ ဘုရားတည်ပြီးပြီတဲ့၊ ခင်ဗျားမြေကြီး ကျုပ်မလိုချင်တော့ဘူး" တဲ့။

ဟာ မဟုတ်ပါဘူးဗျာ၊ ကျွန်တော်လည်း ကုသိုလ်ရအောင် ယူပါခင်ဗျာ၊ ကျွန်တော် မှားမိတာလည်း ခွင့်လွှတ်ပါ ဘာညာနဲ့ တောင်းပန်သတဲ့။ မြေကြီးကိုလည်း အတင်းလာပေးနေသတဲ့။

အဲဒါနဲ့ ဖိုးတုတ်ကလည်း "မြေရတော့လည်း တည်ရမှာပေါ့" ဆိုပြီးတော့ သူ့ရည်မှန်းချက်အတိုင်း ဘုရားတည်လိုက်ပါသတဲ့။

မြေကြီးပေါ်မှာ ဘုရားတည်နိုင်တာဟာ ဖိုးတုတ်က နှလုံးသား ဘုရားတည်လိုက်တဲ့ စွမ်းအားပါ။ အဲဒါကြောင့် အေးအေးချမ်းချမ်း ဘုရားတည်နိုင်တာ၊ နှလုံးသားထဲ ဘုရားမတည်ဘဲနဲ့ မြေကြီးပေါ်မှာ တည်မလို့လုပ်တုန်းကတော့ အလုပ်မှ မဖြစ်ဘဲ။

## မိမိတို့အတွက် လမ်းညွှန်သင်ခန်းစာ

အဲလို သူများအကြောင်းကို ပြောပြနေခြင်းသည် မိမိအတွက် လမ်းညွှန်သင်ခန်းစာ၊ တရားနာတာဟာ ဒါပဲ။ သူများအတွက် ပြောပြနေခြင်းသည် မိမိအတွက် လမ်းညွှန်၊ မိမိအတွက်သင်ခန်းစာလို့ အဲလို ယူရတာပဲ၊ ဒါကြောင့် ယခု ဒကာ၊ ဒကာမအပေါင်း

သူတော်ကောင်းတွေကလည်းပဲ မိမိနှလုံးသားမှာလည်း ဘုရားတည်ရင်း နှလုံးသားအဆင့်ဆင့် လက်ဆင့်ကမ်းသယ်ဆောင်၍ စာချ ဘုန်းကြီး နှလုံးသာကနေ စာသင်သားသို့ စာချဘုန်းကြီးတွေရဲ့ နှလုံးသားမှ ဒကာ၊ ဒကာမတွေရဲ့ နှလုံးသားသို့ စာသင်သား အဆက်ဆက်တွေရဲ့ နှလုံးသားမှ နောက်ထပ်လာမည့် စာသင်သား တွေရဲ့ နှလုံးသားသို့ အဆင့်ဆင့် ပြောင်းပြီးမှ ဘုရားရဲ့ တရားတွေကို တည်သွားမယ့် စာသင်တိုက်။ အဲဒီ စာသင်တိုက် ကြာကြာတည်အောင်လို့ ထွန်းလင်းတောက်ပအောင်လို့ဆိုပြီးတော့ ပစ္စယာနုဂ္ဂဟနဲ့ မေတ္တာတရား အားကောင်းကောင်းနဲ့ အသိပညာ သဒ္ဓါတရား အားကောင်းကောင်းနဲ့ ဝိုင်းဝန်းပြီးတော့ ချီးမြှောက်နေ ကြတာ။ ဒီတော့ နှလုံးသား ဘုရားတည်တာက နှစ်ကိစ္စပေါ့။ မိမိစိတ်နှလုံးမှာလည်း တည်ရသလို သာသနာအတွက်လည်းပဲ စာသင်တိုက်ကြီး အဓွန့်ရှည်စွာ တည်တံ့အောင် တည်ပြီးတော့ နေကြတာပါ။ နှလုံးသားမှာ ဘုရားတည်တယ်ဆိုတာ ပဓာနထား ပြောတာပါ။

## အမှိုက်ပုံကြီးလို ခန္ဓာကိုယ်

နှလုံးသား ဘုရားတည်ပြီလို့ဆိုရင် မိမိတို့စိတ်ဟာ ဘယ်လိုဖြစ်နေ သလဲဆိုတော့ လမ်းဘေးမှာထားတဲ့ အမှိုက်ပုံး ကြီးလို ဖြစ်နေတယ်။ လမ်းဘေးမှာထားတဲ့ အမှိုက်ပုံးတို့၊ အမှိုက်ပုံတို့ဆိုတာ ထားတာက လည်းလမ်းဘေး၊ ရည်ရွယ်ချက် ကလည်း အမှိုက်ထည့်ဖို့၊ တွေ့တဲ့ လူတွေက အမှိုက်တွေထည့်သွား တာ၊ ပုံသွားတာပေါ့၊ ကောင်းတာ တစ်ခုမှ မထည့်ပါဘူး။ အဲဒါမျိုးလိုပဲ။ မိမိတို့ စိတ်နှလုံးခန္ဓာ အစဉ်ကလည်းပဲ နှလုံးသားထဲ

တရားထည့်မပေးရင် ရတနာသုံးပါး ထည့်မပေးရင် တရားအလုပ် ထည့်မပေးရင် တကယ် လမ်းဘေးက အမှိုက်ပုံးကြီးလို အမှိုက်ပုံကြီးလို ဖြစ်နေတယ်။ အမှိုက်က ဘေးက လာမထည့်ဘူး။ ကိုယ့်ဟာကို လျှောက်ထည့်နေတာ၊ လမ်းဘေးမှာရှိတဲ့ အမှိုက်ပုံး ဆိုတာက ဘေးကလူတွေ လာထည့်တာ၊ ကိုယ့်နှလုံးသား အမှိုက်က သူများတွေ လာထည့်တာမဟုတ်ဘူး၊ ကိုယ့်ဟာကိုယ် ထည့်တာ၊ လောဘက အမှိုက်တွေလာထည့်၊ ဒေါသက အမှိုက်တွေလာထည့်။ ဣဿာ မစ္ဆရိယစတဲ့ ကိလေသာတွေက အမှိုက်တွေလာထည့်။ ဒီတော့ တရားအလုပ်မလုပ်ရင် တရားထည့်မပေးရင် ကိလေသာအမှိုက်တွေ နှလုံးသားထဲ ပြည့်ကျပ် ပြီးတော့နေတော့ အမှိုက်တွေ ရှုပ်နေတော့ ရုပ်ပစ္စည်းတွေ ဘယ်လောက်ပဲပေါပေါ၊ ဘယ်လောက်ပဲရှိရှိ၊ ချမ်းလည်းမချမ်းသာ၊ ငြိမ်းလည်း မငြိမ်းအေး၊ အကြောက်လည်း မပြယ်၊ ပြဿနာ အမျိုးမျိုးတွေတက်၊ နှလုံးသားက အမှိုက်ပုံကြီး၊ အမှိုက်ပုံးကြီးသာ ဖြစ်နေလို့ကတော့ ဘာတွေပဲရှိရှိ၊ မငြိမ်းအေး မချမ်းသာဘူးတဲ့။ ဒါကြောင့်မို့လို့ အဖိုးတန်လှတဲ့ မိမိဘဝ စိတ်နှလုံးကိုတော့ ဘယ်နည်းနဲ့မှ အမှိုက်ပုံးတော့ အဖြစ်မခံနိုင်ဘူးလေ၊ ရတနာပုံး၊ ရတနာနှလုံး၊ ရတနာစိတ်၊ ရတနာခန္ဓာပဲဖြစ်အောင် မြှင့်တင်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ နှလုံးသားမှာ ဘုရားတည်ပေးပါ။

## ဘုရားလက်ထက်က နှလုံးသား ဘုရားတည်သူ

နှလုံးသား ဘုရားတည်တယ်ဆိုတဲ့ အကြောင်းအရာ မြတ်စွာဘုရား ဟောရတာက ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းတော်မှာ

ကိန်းအောင်း မွေ့လျော် သိတင်းသုံးတော်မူစဉ်တုန်းက မြန်မာနာမည်နဲ့ မောင်ဖိုး ဉာဏ်ဆိုတဲ့ကလေး ချာတိတ်ကလေးတစ်ယောက်ကို အကြောင်းပြုပြီးတော့ ဟောခဲ့တာပါ။ ချာတိတ်ကလေးက စောစော တုန်းကတော့ မိစ္ဆာဒိဋ္ဌိပါ။ သူ့မိဘနှစ်ပါးစလုံးကလည်း မိစ္ဆာဒိဋ္ဌိပါ။ ရတနာသုံးပါး ကံ ကံ၏အကျိုးကို လက်မခံပါဘူး။ မယုံပါ ဘူး။ မောင်ဖိုးဉာဏ်လေးက ကလေးသူငယ်လေးတွေနဲ့ သမ္မာဒိဋ္ဌိ ကလေးတွေနဲ့ ပေါင်းသင်းဆက်ဆံတာများတော့ သူ့ရဲ့အဖော် ကလေးတွေနဲ့ အတူတကွ ဘုရားရောက်လိုက်၊ ကျောင်းရောက် လိုက်၊ တရားပွဲတွေရောက်လိုက်။ ဒီလိုရောက်ရောက်သွားတယ်၊ ရောက်ရောက်သွားတော့ အပေါင်းအသင်းတွေဆိုတော့ အဲဒီ အပေါင်း အသင်းမိတ်ဆွေ ဆွဲဆောင်ရာ ပါသွား ပါသွားနဲ့ ပါသွားလိုက် တာ၊ တရားလည်း နာရ၊ ကုသိုလ်တွေလည်း လုပ်ရ၊ ရတနာသုံးပါး လည်း ကြည်ညိုရ၊ အကြောင်းအားလျော်စွာ သူ့မိဘက မိစ္ဆာဒိဋ္ဌိ ဖြစ်နေလို့သာ သူက မိစ္ဆာဒိဋ္ဌိဖြစ်နေရတာကိုး၊ ဖိုးဉာဏ်ဆိုတဲ့ အတိုင်း သူက ဉာဏ်ရှိတဲ့သူပါ။ ချာတိတ်ကလေးဖြစ်ပေမယ့် စဉ်းစားချင့်ချိန် ချိန်တွယ်တတ်တဲ့ အသိဉာဏ်ရှိတယ်။

ဘုန်းကြီးတွေဆီသွားပြီးတော့ တရားနာရတာ နားထောင် ကောင်းလိုက်တာ၊ ထူးဆန်းလိုက်တာ၊ ဒီလိုဖြစ်တယ်၊ သူဟာ လက်တွေ့ တရားတွေလုပ်လုပ်စမ်းကြည့်တာ နှလုံးသွင်းကြည့် လိုက်တော့ အေးချမ်းလိုက်တာ၊ တရားတွေက လုပ်ကိုလုပ်ရမယ့် အလုပ်တွေပါလား၊ ယုံရုံလေးနဲ့ ပြီးတာမဟုတ်။ ကိုးကွယ်ရုံလေးနဲ့ ပြီးတာ မဟုတ်၊ လက်တွေ့လုပ်ကြည့် လက်တွေ့ချမ်းသာစေတဲ့ တရားပါ တကား။

ကိုးနှစ်ဆယ်နှစ်ဝန်းကျင်သာရှိသေးတဲ့ မောင်ဖိုးညဏ်လေး၊ တရားကို လက်တွေ့နာရင်း နှလုံးသွင်းရင်းနဲ့ နှလုံသား ဘုရားတည် တတ်လာတယ်။ ရတနာသုံးပါး ဆည်းကပ်တတ်လာတယ်။ မြတ်နိုးတတ်လာတယ်။ မေတ္တာပို့တတ်လာတယ်။ တရားက အဖော်တွေနဲ့ ကလေးအဖော်အချင်းချင်း ပေါင်းပြီးတော့ ကလေးအဖော်တွေနဲ့ အတူတကွ တရားနာသွားတော့ တရားကလည်း ကြိမ်ဖန်များစွာ နာရသကိုး။ အဲဒါနဲ့ နှလုံးသားမှာ ဘုရားတည် တတ်လာတော့ တစ်နေ့ သူ့အဖေနဲ့အတူတကွ သူ့အဖေနာမည်က မြန်မာနာမည်နဲ့ ဦးကံတဲ့။ သူ့အမေနာမည်က မြန်မာနာမည်နဲ့ ဒေါ်ကံတဲ့။ သူ့အဖေဦးကံနှင့် တောထဲ ထင်းခုတ်သွား၊ ထင်းတွေ လှည်းထဲထည့် ပြန်လာတဲ့အခါမှာ သင်းချိုင်းကုန်းတစ်ခုအနား ရောက်တော့ အရိပ်လည်းကောင်း၊ ရေလည်းကောင်း၊ မြက်လည်း ပေါတာနဲ့ လှည်းကိုချွတ်ပြီး ခဏအနားယူ၊ သူတို့သားအဖလည်း အနားယူ၊ နွားတွေကိုလည်း အနားပေး၊ မြက်ကျွေး၊ ရေတိုက် ဒီလိုနေကြတုန်း နွားတွေကလည်း ကြိုးမချည်ဘဲနဲ့ လွှတ်ထားတာ ဆိုတော့ လှည်းသမား အရှင်သခင်တွေ မသိဘဲ အိမ်ပြန်သွား ကြ၊ အိမ်ပြန်သွားကြတော့ ညနေစောင်းလို့ အိမ်ပြန်မယ်လို့ ကြည့်တော့ နွားတွေက တစ်ကောင်မှမရှိတော့ဘူး။

အဲဒါနဲ့ ဦးကံတစ်ယောက်က သားလေးကို လှည်းနားအစောင့် ထားခဲ့ပြီး အိမ်ပြန်ပြီး နွားယူရ၊ နွားယူရင်းနဲ့ တော်တော်လှမ်းတော့ တော်တော်ဝေးတော့ မိုးချုပ်သွား၊ နွားနှစ်ကောင်က အိမ်မှာတွေ့ပါ တယ်။ အိမ်မှာတွေ့လို့ ဖြုတ်ယူလာခဲ့တော့ နေဝင်တော့ မြို့တံခါး ပိတ်သွား၊ တံခါးပိတ်တော့ ဘယ်လိုမှ အပြင်ထွက်လို့မရတော့ အိမ်ကိုပဲ ပြန်သွားတော့တယ်။

ဦးကံကတော့ အိမ်ပြန်တော့ နောက်မှာ လှည်းနှင့်ကျန်ရစ်တာက မောင်ဖိုးညာဏ်လေးတစ်ယောက်ပဲ ကျန်ရစ်တယ်၊ ကလေးလေးကလည်း ကိုးနှစ်ဆယ်နှစ်အရွယ် ချာတိတ်ကလေး၊ ကျန်ရစ်တဲ့နေရာက သင်္ချိုင်းကုန်း၊ အချိန်က ညအခါ၊ တစ်စတစ်စ ညဥ့်နက်လာတယ်။ အဖေလာနိုး၊ အမေလာနိုး မျှော်နေရတယ်။ အဖေက ပြန်မလာ၊ အဖေ ပြန်မလာတော့ ညဥ့်နက်လာတော့ သူက အိပ်၊ လှည်း အောက်မှာ အိပ်တယ်၊ အိပ်တော့ သူ အမှတ်တမဲ့ မအိပ်ဘူး၊ ဘာသာအယူတော့ မိစ္ဆာဒိဋ္ဌိလို့သာ ပြောရတယ်။ လုပ်ငန်းစဉ်က သမ္မာဒိဋ္ဌိလမ်းစဉ်ကို အလိုလိုရောက်နေပြီ၊ အိပ်ခါနီး သူက ဘုရားအာရုံပြုလို့၊ ဘုရားရှိခိုးလို့၊ မေတ္တာပို့လို့၊ နမောတဿတွေ သေသေချာချာရွတ်လို့၊ သူက လုပ်တာ နှလုံးသား ဘုရားတည်ထားတာ၊ လူကြည့်တော့ ဘာမှ မဟုတ်တာ၊ ကလေး၊ ချာတိတ်ကလေးရယ်၊ ဒါပေမယ့် နှလုံးသားက ရတနာနှလုံးသားဖြစ်နေတော့၊ အဲဒါနဲ့ ရတနာသုံးပါး ပူဇော်ရှိခိုး မေတ္တာပို့ပြီးတော့ အိပ်ပျော်သွားတယ်၊ အိပ်ပျော်သွားတယ်၊ အိပ်ပျော်သွားတော့ သင်္ချိုင်းကုန်းမှာက သစ်ပင်ကြီးနှစ်ပင်၊ ဒီဘက်သစ်ပင်က ဘီလူးကြီးနာမည်က ဖိုးချွန်တဲ့၊ ဟိုဘက် သစ်ပင်ပေါ်က ဘီလူးကြီးက ဖိုးလွန်တဲ့၊ ဖိုးချွန်က ချွန်ကိုချွန်လို့ ဖိုးချွန်ခေါ်တာ၊ ဖိုးလွန်က လွန်ကိုလွန်လွန်းလို့ ဖိုးလွန် ခေါ်တာ၊ အဲဒါနဲ့ ဖိုးညာဏ်လေး အိပ်ပျော်သွားတော့ ဟိုဘက် သစ်ပင်ပေါ်မှာ ရှိနေတဲ့ ဖိုးလွန်က ဖိုးချွန်ကို လှမ်းခေါ် လိုက်တယ်။

"ဟေ့ ဖိုးချွန်"

"ဘာတုန်းကွ ဖိုးလွန်"

"ဟိုဘက်က လှည်းအောက်မှာ ကလေးလေးဟ"

"ဘီလူးကြီး ဘာလုပ်မလို့တုန်းဟ"

"စားမှာပေါ့ကွ"

"အဲဒီကလေးက စားရမယ့် ကလေးမဟုတ်ဘူးကွ၊ ဖိုးလွန်ရဲ။ ဘာဖြစ်လို့တုန်း"

"အော် . . ငါအကဲခတ်နေတယ်ကွယ့်၊ သူအိပ်တဲ့ အချိန်ကာစပြီး အမှတ်တမဲ့မှ မနေဘဲ ပါးစပ်ကလည်း ရွတ်လိုက်တာဆို . စုံလို့ကွာ၊ အိပ်ခါနီးလည်း ရှိခိုးလိုက်တာ၊ ဝတ်ချလိုက်တာ၊ ပို့လိုက်တဲ့ မေတ္တာကလည်း မပြောပါနဲ့တော့၊ ဒီကလေးတော့ စားရမယ့် ကလေးလို့ ငါမထင်ဘူးကွာ။ ဒါကြောင့် မင်းမစားပါနဲ့ကွာ၊ မလုပ်ပါနဲ့။"

ဒီလိုဆိုတော့ ဖိုးလွန်က "ဖိုးချွန်ရယ် မင်းသတ္တိနည်းလိုက်တာ ကွာ၊ ကိုယ့်ပါးစပ်ဆေါ်ရောက်တာတောင် မင်း ဆင်ခြေဆင်လက်တွေ တယ်ပေါပါလား။ တယ်ပြီးတော့ အကြောင်းပြလှချည်လား၊ ကဲ မင်းမစားလည်း ငါစားမှာပေါ့။"

ဆိုပြီးတော့ တားလို့ မရဘူး၊ ဖိုးလွန်တစ်ယောက် သစ်ပင် ပေါ်က ကဗျာကယာဆင်းပြီးတော့ လှည်းအောက်မှာ အိပ်နေတဲ့ မောင်ဖိုး ဉာဏ်လေး ခြေထောက်ကို စားမလို့ လာဆွဲ၊ လာဆွဲတော့ ဟိုက အမူအကျင့်ကထုံနေတဲ့ ကလေးလေး၊ လူကြီးကလေးပေါ့၊ အရွယ်ကတော့ ချာတိတ်ကလေး၊ ဒါပေမယ့် နှလုံးသားက လူကြီးဖြစ်နေတယ်။ လူကြီးကလေးခေါ်တယ်။ အဲဒါ ဘီလူးက ခြေထောက်သွားဆွဲတော့ သူ့ပါးစပ်က လွှတ်ခနဲ "နမော ဗုဒ္ဓဿ" ကျွန်ုပ် မြတ်ဗုဒ္ဓအား ရှိခိုးပါတယ်ဘုရား။

တစ်နည်းအားဖြင့် တပည့်တော် နှလုံးသားဘုရားရှိပါတယ်။ ကျွန်ုပ် နှလုံးသားဘုရားရှိပါတယ်။ ပါးစပ်က မပြောပေမယ့် ယော့ ဘိလူးကြီး ကျွန်ုပ်ကို အထင်မသေးနဲ့လေ၊ ချာတိတ်ဆိုပေမယ့် ကျွန်ုပ်ကို အထင်မသေးနဲ့လေ။ ကျုပ်နှလုံးသား ဘုရားရှိတယ်။ ကျွန်ုပ်မှာ အဖော်ရှိတယ်။ ကျွန်ုပ်မှာ အဖော်ရှိတယ်။ အားကိုးစရာ ရှိတယ်၊ ကျွန်ုပ်အနေနဲ့ ပါးစပ်က လွှတ်ခနဲဆိုလိုက်တော့ ဗုဒ္ဓ စကားလုံး ကြားရ၊ ကြားတာနဲ့ ပါးစပ်တင်ထွက်သွားတဲ့ ဗုဒ္ဓမဟုတ် ဘူး၊ နှလုံးသားထဲ တည်ထားတဲ့ဘုရားဆိုတော့ ဘိလူးကြီး တစ်ခါတည်း ကြောက်အားလန့်အားနဲ့ နောက်ဆုတ်သွားတယ်။

ဒီတော့ ဖိုးချွန်က ပြောကောင်းတာပေါ့။ "မတွေ့ဘူးလား ကိုယ့်လူ၊ ကျုပ်က တားတာမရဘူး။ မင်းက ကလေးလေးကို အထင်သေးတာကိုး။ ကဲ ပြောတာ နားမထောင်တော့ မင်းကို ဒဏ်ပေးရမယ်။ ကဲ . . ဘုရင့်နန်းတော်ထဲမှာ အကောင်းဆုံး စားစရာတွေ မင်းသွားယူ၊ ဒီကလေးကို ကျွေးရမယ်။"

ဖိုးလွန်ကလည်း မှားမိတယ်ဆိုတော့ ဒဏ်ထမ်းရတာပေါ့၊ ချက်ချင်း ဘုရင့်နန်းတော်သွား၊ သော့အထပ်ထပ် ခတ်ထားတဲ့ စားဖိုဆောင်ထဲမှာ ရှင်ဘုရင်စားတဲ့ခွက်နဲ့ ဥစ္စာကို ရွှေခွက်ထဲ ကျကျနနထည့်။ အမြန်ဆုံးယူလာခဲ့၊ ယူလာခဲ့ပြီးတော့ ဟိုမှာ စောင့်နေတဲ့ ဖိုးချွန်ရော၊ စားစရာယူခဲ့တဲ့ ဖိုးလွန်ကော နှစ်ယောက် စလုံး ကလေးလေး မောင်ဖိုးဉာဏ်အတွက် စားစရာကျွေးကြ တယ်။ မှောင်နေတဲ့အချိန်ဆိုတော့ ကလေးလေးကလည်း ဘိလူးတွေ လို့ မထင်ဘူးတဲ့။ ဟိုကလည်း အဖေအမေ ယောင်ဆောင်ပြီးတော့ ကျွေးကြ။

ဒီနေရာ စဉ်းစားကြည့်ပေါ့။ အော် နှလုံးသား ဘုရားတည် လိုက်တော့ အန္တရာယ်ပြုနိုင်တဲ့ ဘီလူးတောင်မှ မိဘ အယောင် ဆောင်ပေး ရပါတကား။ နှလုံးသား ဘုရားတည်ထားတော့ ကြောက်စရာ ဘီလူးလာတောင် ဘီလူးလို့တောင် မထင်လိုက်ရပါ တကား။ သူများအကြောင်းပြောတော့ မိမိအတွက် လမ်းညွှန်ချက် သင်ခန်းစာ၊ နှလုံးသားဘုရားတည်ပုံ ဘာခက်လို့လဲ။

အဲဒါနဲ့ စားစရာသောက်စရာတွေ ယူကျွေး၊ ကလေးလေးက လည်း အဖေအမေအမှတ်နဲ့ပဲ မကြောက်ဘဲနဲ့စား၊ ပြီးတော့ ပြန်အိပ်သွားတယ်၊ ကလေးက ပြန်အိပ်တော့ ဘီလူးနှစ်ယောက်က ပစ်မထားခဲ့ဘူး။ တော်ကြာ သူ့အတွက် အန္တရာယ်တွေရချည်ရဲ့၊ တို့နှစ်ယောက် တစ်ညလုံး စောင့်ရှောက်ရအောင်၊ မိုးလင်းခါနီးအထိ စောင့်ရှောက် ကြတယ်။ ပြီးတော့ ရွှေခွက်မှာ စာရေးခဲ့တယ်။

"ဤခွက်ကို ဤကလေး ခိုးတာမဟုတ်၊ ဘီလူးတွေယူပေးတာ၊ ဤကလေး နှလုံးသားမှာ ဘုရားတည်ထားတဲ့အတွက်ကြောင့် ရတနာသုံးပါး စွမ်းအားကြောင့်မို့ ကြည်ညိုလေးစားလွန်းလို့ ယူကျွေး တာ၊ ကလေးမှာ ဘာမှ အပြစ်မရှိ"

ဆိုတဲ့အကြောင်းကို ရွှေခွက်မှာ စာရေး၊ "ဒီစာကိုလည်း ရှင်ဘုရင်ကိုယ်တိုင်ကလွဲရင် ဘယ်သူမှ မမြင်စေသတည်း" လို့ ဘီလူးတန်ခိုးနဲ့ ဓိဋ္ဌာန်ပြီး ဖုံးထားလိုက်တယ်။ ပြီးတော့ ကွယ် ပျောက်သွားကြတယ်။

မနက်လင်းတော့ နန်းတော်မှာ ရွှေခွက်ပျောက်တဲ့ အကြောင်း ကြားတော့ ဒေါင်းတောက်အောင်ရှာကြ၊ နောက်ဆုံး မြို့ပြင်ထွက်ရှာ၊ သချိုင်းကုန်းနားက လှည်းပေါ်မှာ သွားတွေ့၊

အနားမှာ လူလိုက်ရှာတော့ ဖိုးညဏ်လေးကို သွားတွေ့တယ်။ ဖိုးညဏ်ပဲ ဖမ်းသွား။

နန်းတော်ရောက် ရှင်ဘုရင့်လက်ထဲ ရွှေခွက် အပ်တယ်၊ ရှင်ဘုရင်ကလည်း ရွှေခွက်ကြည့်လိုက်တာနဲ့ စာကို တွေ့လို့ အကြောင်းသိသွားပြီ၊ အဲဒီအချိန်မှာပဲ ဦးကံနဲ့ ဒေါ်ကံတို့လည်းပဲ သားလေးဆီလာရင်း သားလေး နန်းတော်ထဲရောက်နေတယ်ကြားတော့ သူတို့လည်း နန်းတော်ထဲ လိုက်သွားကြ၊ သားအမိ သားအဖသုံးယောက်စလုံး နန်းတော်ရောက်သွားကြတယ်။

ရှင်ဘုရင်က မောင်ဖိုးညဏ်လေးကို အင်မတန်လေးစားတော့၊ အော် . . ငါစားမယ့် အစားအသောက်တွေကို တန်ခိုးကြီးတဲ့ ဘီလူးက ယူပြီးတော့တောင် ပေးရပါတကား၊ သော့အတန်တန် ခပ်ထားတဲ့ နေရာ၊ တန်ခိုးရှိတဲ့ ဘီလူးပဲ ယူလို့ရမှာပေါ့၊ ဤကလေးခိုးတာ မဟုတ်ဘူး၊ ရှင်ဘုရင်က သိသွားတယ်။ ဒါကြောင့် သိပ်လေးစားတယ်။ ဘီလူးကတောင် လေးစားရတဲ့ ကလေးပါတကားဆိုပြီးတော့ ကလေးလေးကို အင်မတန်လေးစားတယ်။

လေးစားတော့ ဘုရားဆီကို ခေါ်သွားတယ်ဗျာ။ နှလုံးသား ဘုရားတည်တဲ့အတွက် တန်ခိုးကြီးတဲ့ ဘီလူးတွေကလည်း လေးစားရတယ်။ နှလုံးသားမှာ ဘုရားတည်ပြီးတဲ့အတွက် တိုင်းပြည်အုပ်ချုပ်မင်းလုပ်တဲ့ ရှင်ဘုရင်ကသော်မှ လေးစားရတယ်။ လူကြည့်တော့ ချာတိတ်ကလေး၊ ကိုးနှစ် ဆယ်နှစ် အရွယ်ပဲရှိသေးတယ်။ ရတနာသုံးပါး ကျေးဇူးပေါ့။ နှလုံးသားဘုရားတည်လိုက်တဲ့ ကျေးဇူး

ပေါ့။ နှလုံးသား ဘုရားမတည်ဘဲနဲ့ ဒီအတိုင်းနေတဲ့ ပုဂ္ဂိုလ် အသက် ဘယ်လောက်ပဲ ကြီးကြီး၊ နှလုံးသားထဲ အမှိုက်တွေ ရှုပ်နေရင် ဘယ်သူက အရေးစိုက်မှာလဲ၊ ဘယ်သူက လေးစား မှာလဲ၊ ကိုယ်ဟာကိုယ်လည်း လေးစားမှာ မဟုတ်၊ သူများတွေ ကလည်း လေးစားမှာ မဟုတ်၊ နှလုံးသား ဘုရားတည်တော့ ချာတိတ်ကလေးကိုတောင် တန်ခိုးကြီးတဲ့ ဘီလူးတွေက လေးစား ရတယ်။ တိုင်းပြည်အုပ်ချုပ် မင်းလုပ်တဲ့ ရှင်ဘုရင်ကတောင်မှ လေးစားရတယ်။

ဒါနဲ့ သားအမိသားအဖ သုံးယောက်စလုံး ကျောင်းခေါ်သွား၊ ဘုရားဆီရောက်တော့ ဘုရားကို ရှင်ဘုရင်ကပဲ လျှောက်တယ်။ "မြတ်စွာဘုရား၊ ဘုရားဂုဏ်ကို ပွားများတာ အန္တရာယ်ကင်းနိုင် တယ်ဆိုတာ ဟုတ်ပါသလား ဘုရား၊ ဘုရားဂုဏ်ပွားများတဲ့ စွမ်းအားသည်သာ အန္တရာယ်ကင်းစေနိုင်ပါသလား ဘုရား၊ အခြား အရာတွေကကော အန္တရာယ်ကင်းစေနိုင်ပါသလား ဘုရား" မေးတော့ မြတ်စွာဘုရားက ဘုရားဂုဏ် ပွားများမှုဟာလည်း အန္တရာယ်ကင်းစေ နိုင်တယ်။ ဒီပြင် ကျန်တဲ့ငါးမျိုးဟာလည်း အန္တရာယ်ကင်းစေနိုင်တယ် ဆိုပြီးတော့ နှလုံးသား ဘုရားတည်မှုနှင့်ပတ်သက်လို့ ခြောက်မျိုး ဟောကြားတော်မူတယ်။ ခြောက်မျိုးကတော့ အဇ္ဈာသယလိုက်ပြီးတော့၊ အရာဋ္ဌာနလိုက်ပြီးတော့ ဟောတာပါ။

(၁) က ခုနက ပထမရွတ်လိုက်တဲ့ ဂါထာ၊ ဘုရားဂုဏ်ကို အာရုံပြုခြင်း၊
(၂) က ဘုရားလို့ပြောရင် တရားက မကင်းနိုင်လို့ တရားရဲ့ ဂုဏ်ကို အာရုံပြုခြင်း၊

(၃) က ဘုရားရယ်လို့ ပြောလိုက်ရင် အရိယာသံဃာ၊ သံဃာကလည်းပါလာတယ်၊ သံဃာ့ဂုဏ်ကို အာရုံပြုခြင်း၊ တရားနဲ့ သံဃာဟာလည်း ဘုရားရဲ့ တရားနဲ့သံဃာ ဆိုပြီးတော့ ဒါတွေ အာရုံပြုလည်း နှလုံးသား ဘုရားတည်တယ်လို့ ဆိုရတာပဲ။

(၄) က ကင်္ခါယဂတာသတိ၊ သုံးဆယ့်နှစ်ကောဋ္ဌာသ ဘာဝနာကို သမာဓိရအောင် စူးစိုက်ပြီးတော့ ပွားများခြင်း၊ တစ်နည်းအားဖြင့် မိမိခန္ဓာကိုယ်မှာ ဖြစ်တိုင်း ဖြစ်တိုင်း သတိမပြတ်၊ ဉာဏ်နဲ့လိုက်ပြီးတော့မှ ဟိုသာသနာအသိ တွေအထိ တိုးမြှင့်၍ ပွားများခြင်း၊

(၅) က ကရုဏာပွားများခြင်း၊ ဒုက္ခရောက်နေတဲ့ ပုဂ္ဂိုလ် သတ္တဝါတွေ ဒုက္ခမှ လွတ်ကြပါစေလို့ ပွားများခြင်း၊

(၆) က မေတ္တာတရားပွားများခြင်းလို့ ခြောက်မျိုး ဘုရားက ဟောတယ်။

နောက်ဆုံးဂါထာက-

သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ၊ သဒါ ဂေါတမသာဝကာ၊
ယေသံ ဒိဝါ စ ရတ္တော စ၊ ဘာဝနာယ ရတော မနော။

ယေသံ- တရားချစ်ခင် စိတ်ကောင်းဝင်သည့် အကြင်သူတော် စင်ပုဂ္ဂိုလ်တို့သည်၊ ဒိဝါစ-နေ့အခါ၌လည်းကောင်း၊ ရတ္တော စ- ညဉ့်အခါ၌လည်းကောင်း၊ ဘာဝနာယ၊ မေတ္တာစွမ်းအား မြတ်တရား၌၊ ရတော- နှလုံးသားဝယ်ဘုရားတည်ကာ ကောင်းစွာမသွေ မွေ့ လျော်တတ်ပါပေ၏၊ ဂေါတမသာဝကာ- ဂေါတမနွယ်ဖွား ရှင် တော်မြတ်ဘုရား၏ တပည့်သားသမီးဖြစ်ကြကုန်သော။ တေ-

တရားချစ်ခင်၊ စိတ်ကောင်းဝင်သည့် ထိုသူတော်စင်င် ပုဂ္ဂိုလ်တို့သည်၊ သဒါ- နေ့ရောညပါ အခါခပ်သိမ်း၊ သုပ္ပဗုဒ္ဓ- ကောင်းစွာထူးခြား နိုးကြားတက်ကြွ နှစ်သက်လိုက်ရလေအောင်၊ ပဗုဒ္ဓကြ- နှလုံးသားဝယ် ဘုရားတည်ကာ ကောင်းစွာမသွေ နိုးကြားနိုင်ကြလေကုန်သတည်း။

နောက်ဆုံး ခြောက်ခုမြောက်က မေတ္တာတရား၊ အားလုံးပေါင်းလိုက်တော့ ခြောက်မျိုးပေါ့။ ဘုရားကို ပဓါနထား ပြောလိုက်လို့ နှလုံးသားဝယ် ဘုရားတည်လို့ ပြောရတာ၊ တကယ်တော့ ခြောက်မျိုးလုံး တရားအလုပ်မှန်သမျှ ဘယ်အလုပ် လုပ်လုပ်ပေါ့၊ ဘုရားက လမ်းညွှန်ချက်အတိုင်း လေးလေးနက်နက်လုပ်လို့ရှိရင် နှလုံးသား ဘုရားတည်တယ်လို့ ခေါ်ရတာပါ။ အဲဒီ အကြောင်းအရာကို မြတ်စွာဘုရားက ခြောက်ဂါထာဟောပြလိုက်တော့ ဝိပဿနာအသိတွေအထိ ပြပြီးတော့ ဟောလိုက်တဲ့အခါမှာ တရားနာပရိသတ်ထဲမှာက မောင်ဖိုးဉာဏ်လေးကလည်း ပါတယ်၊ သူ့အဖေဖြစ်တဲ့ ဦးကံကလည်း ပါတယ်၊ သူ့အမေဖြစ်တဲ့ ဒေါ်ကံကလည်း ပါတယ်။ အဖေနဲ့အမေက စောစောက မိစ္ဆာဒိဋ္ဌိ၊ သားလေးကို အကြောင်းပြုပြီးတော့ ပရိသတ်ထဲရောက်နေကြတာ။

မြတ်စွာဘုရားက တရားအသီးသီး ဖော်ပြပြီးတော့ တရားကို ဟောပြလိုက်တဲ့အခါမှာ ခန္ဓာမှာ ဉာဏ်စိုက်ပြီးတော့မှ သူတို့တရားကို ကောင်းကောင်းလေးနာတတ်၊ နာတတ်တော့ သားလေး မောင်ဖိုးဉာဏ်ကလည်း စိတ်ပါလက်ပါ တရားနာလေ့ရှိတော့ အလုပ်လုပ်ရင်းနဲ့ နာလိုက်တာ ခြောက်ဂါထာလည်းပြီးရော တစ်ခါတည်း သောတာပန်ဖြစ်သွား။

သူ့အဖေဖြစ်တဲ့ ဦးကံကလည်းပဲ ဟယ် တရားတွေက လက်တွေ့လုပ်လိုက်တော့ တယ်အေးချမ်းစေပါလား၊ အမှန်အတိုင်း သိရော တကယ့် အမှန်တရားတွေပါလားဆိုပြီးတော့ လေးလေး နက်နက် ပြတ်ပြတ်သားသား ခန္ဓာမှာ ပိုင်းဖြတ် တရားအလုပ် လုပ်ရင်းနဲ့ နာလိုက်တာ ဦးကံကြီးလည်း သောတာပန်ဖြစ်။

မိစ္ဆာဒိဋ္ဌိဖြစ်နေတဲ့ ဒေါ်ကံကြီးကလည်းပဲ ဘုရားဟောတဲ့ တရား ဝမ်းတွေသာလိုက်တာ ဉာဏ်အသိဖွင့်ပြီးတော့မှ လက်တွေ့ အလုပ်လုပ်ရင်း ပွားများရင်းနဲ့ နာလိုက်တာ သူလည်းပဲ သောတာပန် ဖြစ်။

သားလေးတစ်ယောက် နှလုံးသားမှာ ဘုရားတည် ပြလိုက်တဲ့ အတွက် မိဘနှစ်ပါးသော်မှ သမ္မာဒိဋ္ဌိဖြစ်ကုန်ရတယ်။ သမ္မာဒိဋ္ဌိ တောင်မှ ကမ္မဿကတာသမ္မာဒိဋ္ဌိ၊ ဝိပဿနာသမ္မာဒိဋ္ဌိတင် ဘယ်က လို့လည်း မဂ်ဖိုလ်သမ္မာဒိဋ္ဌိ အဆင့်အထိ ရောက်သွားကြတယ်။ နိဗ္ဗာန်ကို တိုက်ရိုက်မျက်မှောက်ပြုရတဲ့ အဆင့်မြင့် ပုဂ္ဂိုလ်တွေဖြစ်သွား ကြပြီ။

သောတာပန်ဖြစ်ပြီးပြီလည်းဆိုရော တရားကို သိပ်ယုံကြည် လေးစား လွန်းလို့ တရားကို အားထုတ်ရတာ အားမရနိုင်လွန်းလို့ နိဗ္ဗာန်ကိုလည်း တိုက်ရိုက်မျက်မှောက်ပြုရပြီဆိုတဲ့အတွက် အင်မတန်မှ တရားမှာ မွေ့လျော်လွန်းလို့၊ အဲ . . တို့သားအမိ သားအဖ သုံးယောက်စလုံး သာသနာဝင်ပြီးတော့ ရဟန်းပြုတာပဲ ကောင်းပါ တယ်ဆိုပြီးတော့ သားလေးက ရှင်ပြု၊ အဖေနဲ့အမေက ရဟန်းပြု သာသနာဝင် တရား ဆက်အားထုတ်၊ အားလုံး ရဟန္တာဖြစ် ကုန်ကြတယ်။

နှလုံးသား ဘုရားတည်လိုက်တော့ ဟန်ကျလိုက်တာ၊ ချာတိတ်ကလေးကလည်း ကိုးနှစ် ဆယ်နှစ်သားဝန်းကျင် ချာတိတ်ကလေးကလည်း ငယ်တယ်လို့သာဆိုရတယ် နှလုံးသားဘုရားတည်တော့ ပတ်ဝန်းကျင်က လေးစားလိုက်ကြရတာ၊ အဖေနဲ့အမေတောင် နောက်လိုက်တွေဖြစ်ကုန်တယ်။ သားလေးက ရှေ့က အဖေနဲ့အမေက နောက်က၊ သားလေးက နှလုံးသားမှာ ဘုရားတည်ပြလိုက်တဲ့အတွက် အဖေနှင့်အမေသော်မှ အရိယာတွေဖြစ်ကုန်ကြရတယ်။ အဲလိုဆိုတော့ နှလုံးသား ဘုရားတည်လိုက်တဲ့အတွက် မဂ်ဖိုလ်တွေအထိ ရကြတယ်ပေါ့။

## ပိုက်ဆံရှိတာ မရှိတာနဲ့ မဆိုင်

အဲဒီ ခြောက်မျိုးကို ပေါင်းပြီးမှ အာရုံယူလိုက်တဲ့ အခါမှာ "အမြတ်သုံးဖြာ၊ ရတနာ၊ စိတ်မှာ ပွားတုံလေ။"

ဘုရားရယ်၊ တရားရယ်၊ သံဃာရယ်ဆိုတဲ့ အမြတ်ဆုံး ရတနာသုံးပါးကို စိတ်နှလုံးထဲမှာ အမြဲတမ်း ပွားထုံပြီးတော့ ပေးရမယ်။ ပိုက်ဆံရှိတာ မရှိတာနဲ့ ဘာမှ မဆိုင်၊ အားတာ မအားတာနဲ့ ဘာမှ မဆိုင်၊ တို့များ မအားလို့ ကုသိုလ်ကို မလုပ်ရဘူးလို့ အားငယ်စရာ မလိုပါဘူး၊ တို့များ ပိုက်ဆံမရှိလို့ ကုသိုလ်မလုပ်ရဘူးလို့ ဘာမှ အားငယ်စရာမလို၊ တို့များ ပိုက်ဆံ မရှိလို့ စိန်တွေ၊ ရွှေတွေ မဆင်နိုင်လို့ ဘာမှလည်းပဲ အားငယ်စရာ မလို၊ အဖိုးအတန်ဆုံး ရတနာ။ အားတင်းပြီးတော့ နှလုံးသားထဲ ထည့်ပေးရမှာပဲ။ "အမြတ်သုံးဖြာ၊ ရတနာ၊ စိတ်မှာပွားထုံလေ ကိုယ်မှာဖြစ်ဘိ၊ ဖြစ်တိုင်းသိ၊ သတိမြဲပါစေ"

ဒါလုပ်တဲ့ အလုပ်တွေပေါ့၊ ခန္ဓာကိုယ်မှာ ဖြစ်သမျှ ဖြစ်သမျှ အကုန် ဆောင်ရွက်သမျှအကုန်လုံး သိအောင် သတိနဲ့ ဉာဏ်နဲ့ ကိုင်ပြီးတော့ အကုန်လုံး မှတ်နေရမယ်တဲ့၊ သီးခြားအချိန် ယူပြီးတော့ မှတ်နိုင်လည်း သီးခြားလုပ်ပေါ့။ အဲလို သီးခြားအချိန် မပေးနိုင်တဲ့ အခါမှာလည်းပဲ ထမင်းချက်၊ ရေခပ်၊ ထမင်းစား၊ လမ်းသွား၊ အိမ်မှုကိစ္စဆောင်ရွက်တဲ့ ကိစ္စ ဘယ်အလုပ်ပဲ လုပ်လုပ် ပေါ့။ ဈေးရောင်းတဲ့ အလုပ်ကအစ ဘယ်ဟာပဲ လုပ်လုပ် ကိုယ်နှုတ်ဖြင့် ဆောင်ရွက်သမျှ သတိမပြတ်ရအောင် အကုန်လုံး အာရုံယူနိုင်ရင် တရားတွေချည်းပါပဲ။

## ဘယ်အချိန်ဟာ အဖိုးတန်ဆုံးလဲ

သတိရဲ့ တောင်းဆိုချက်က လောကမှာ ဘယ်အချိန်ဟာ အဖိုးအတန်ဆုံးလဲ မေးမယ်ဆိုရင် ပစ္စုပ္ပန်ရောက်တဲ့ အချိန်ဟာ အဖိုးအတန်ဆုံးပါ။ သတိက အဲလိုပဲ တောင်းပါတယ်၊ သတိရဲ့ လုပ်ငန်းကလည်း ဒါပါပဲ။ အတိတ်နဲ့ အနာဂါတ်ဆိုတာက စကားအနေနဲ့သာ ပြောလို့ရတာ၊ ဘာမှ လုပ်လို့မဖြစ်၊ တကယ် အလုပ်ဖြစ်တာက ပစ္စုပ္ပန်သာ လုပ်လို့ဖြစ်တယ်။ ပစ္စုပ္ပန်တွင် မိအောင် ဖမ်းပေးတာကလည်း သတိရဲ့ အလုပ်ပါ။ ဒါကြောင့် လောကမှာ အဖိုးအတန်ဆုံးအချိန်ဟာ ပစ္စုပ္ပန်အချိန်ပဲ။

## ဘယ်အလုပ်ဟာ အရေးအကြီးဆုံးလဲ

တစ်ခါ နောက်တစ်ခု တောင်းပြန်တာက လောကမှာ ဘယ်အလုပ်အရေးအကြီးဆုံးလဲလို့ မေးလိုက်ပြန်တော့ လောလောဆယ် လုပ်နေဆဲအလုပ်သည် အရေးအကြီးဆုံးအလုပ်ပါ။ သတိရဲ့ တောင်းဆိုချက်၊ သတိရဲ့မူက ဒါပဲ၊ ယခု ထမင်းစားနေတယ်၊

ထမင်းစားတဲ့အလုပ်သည် အရေးအကြီးဆုံးအလုပ်၊ အဲဒီထဲ သတိနဲ့ ပညာထည့်ပေး၊ ထမင်းစားတာ တရားအလုပ်ပဲ၊ယခု ထမင်းချက်နေတုန်း၊ ထမင်းချက်တဲ့ အလုပ်သည် အရေးအကြီးဆုံးအလုပ်၊ သတိနဲ့ပညာထည့်ပေး၊ ထမင်းချက်တာ တရားအလုပ်ပဲ၊ ယခု လမ်းသွားနေတယ်၊ လမ်းသွားတဲ့အလုပ်သည် အရေးအကြီးဆုံး၊ သတိပညာထည့်ပေး၊ လမ်းသွားတာ တရားအလုပ်ပဲ၊ အိပ်တဲ့ မျက်စေ့ ချန်ထား၊ ဘယ်လိုပဲ လုပ်လုပ် ကိုယ်က ဆောင်ရွက်တာပဲ ဖြစ်ဖြစ်၊ နောက်ကပြောတာပဲ ဖြစ်ဖြစ်၊ လောလောဆယ် လုပ်နေတဲ့ အလုပ်ဟာ အရေးအကြီးဆုံးသော အလုပ်ပဲ။ အဲဒီ အရေးအကြီးဆုံးအလုပ်တွေထဲမှာ သတိပညာထည့်ပေးလိုက်ရင် အကုန်လုံး တရားအလုပ်၊ ထမင်းချက်ရင်းနဲ့ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းတွေရနေသတဲ့။ ဘယ်လောက်များ အားတက်စရာကောင်းသလဲ၊ ဈေးရောင်းရင်းနဲ့ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းတွေ ရနေသတဲ့။ ဘယ်လောက်များ အားတက်စရာကောင်းသလဲ။ ထမင်းစားရင်းနဲ့ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းတွေ ရနေတယ်ဆိုပဲ၊ သိပ်အားတက်စရာကောင်းတာပေါ့။ နှလုံးသား ဘုရားတည်တတ်သူဟာ တရားစွမ်းအားတွေချည်းပဲ။

## အရေးကြီးတာက သတိ

သတိကောင်း နေမှတော့ နှလုံးသားဘုရားတည်ဖို့ကလည်းပဲ ဘာမှ အခက်အခဲ မရှိဘူးပေါ့။ အရေးကြီးတာက သတိပါ၊ အလုပ်ကောင်းမှ သတိက ပေါ်၊ ဒါကြောင့် အရေးအကြီးဆုံး အချိန်သည် ပစ္စုပ္ပန်၊ အတိတ်က ဟာကွက်တွေရှိရင် ပစ္စုပ္ပန်မှာ ဖာထေးပေးလိမ့်မယ်။ အတိက်ကလိုတာတွေရှိနေရင် ပစ္စုပ္ပန်မှာ

ပြန်ဖြည့်စွက်ပေးလိမ့်မယ်။ အတိတ်က အားမလိုအားမရတာတွေ ရှိနေရင် ပစ္စုပ္ပန်မှာ အကုန်လုံးပြုပြင်ပြီးတော့ ဖြည့်ပေးပါလိမ့်မယ်။ အနာဂါတ်ကို အားလုံး တာဝန်ယူပေးလိမ့်မယ်။ ဒီလောက် ပစ္စုပ္ပန်ကို အားကိုးရပါတယ်။ သတိက လိုရင်းကလည်း ပစ္စုပ္ပန် မိအောင် ဖမ်းဖို့ဟာ သတိရဲ့ လိုရင်းအလုပ်၊ သတိဟာ ပစ္စုပ္ပန်နဲ့ မိအောင်ဖမ်းပြီးတော့ ပညာနဲ့ အကွက်စေ့အောင် အသုံးချသွားရမှာ။

ဒါကြောင့် "ကိုယ်မှာဖြစ်တိ၊ ဖြစ်တိုင်းသိ၊ သတိမြဲပါစေ။ ရှေ့ရှုမေတ္တာ၊ ကရုဏာ၊ ကောင်းစွာ ပွားတတ်စေ" မေတ္တာပွားတတ်တယ်၊ ကရုဏာပွားတတ်တယ်၊ "ဒုက္ခရောက်နေတဲ့ ပုဂ္ဂိုလ်တွေ၊ ဒုက္ခလွတ်ကြပါစေ" ကရုဏာတရား ပွားတတ်တယ်။

မိမိရဲ့ မိသားစုအပါအဝင် "သတ္တဝါအားလုံး ချမ်းသာ ကြပါစေ"လို့ မေတ္တာတရား လေးလေးနက်နက် ပွားတတ်တယ်။

## သတိရဲ့မူ. သတိရဲ့အလုပ်က

ပွားတဲ့အခါလည်း သတိရဲ့ မူအတိုင်းပဲ သွားရတယ်၊ သတိရဲ့မူက အလုပ်လုပ်တဲ့ အာရုံကို ရှေးဦးစွာ ပြတ်ပြတ်သားသား အာရုံကို ပုံဖော်ပေးရခြင်း၊ အာရုံပုံပေါ်လာတဲ့အခါ သတိနဲ့ အာရုံနဲ့ စိတ်ကို ကပ်ပေးရခြင်း၊ အာရုံနဲ့စိတ် ကပ်ပေးပြီးတဲ့ အခါကာလမှာ အလုပ်လုပ်လို့ မပြီးမချင်း ဒီအာရုံ ပျောက်ကွယ်၍ မသွားရအောင် ပိုင်နိုင်စွာ ထိန်းပြီးတော့ ထားရခြင်း။ ဒီအာရုံ ယူနေစဉ် အခြားမဆိုင်တဲ့ အာရုံ ကြားဖြတ်ပြီးတော့ ဝင်လို့မလာ ရအောင် သတိနဲ့ ကာကွယ်စောင့်ရှောက်ထားရခြင်း၊ ပြီးတော့မှ

ရှေ့အလုပ်နဲ့ နောက်အလုပ်၊ ရှေ့အသိနဲ့ နောက်အသိ၊ ရှေ့အာရုံနဲ့ နောက်အာရုံ၊ ကြားပြတ်မသွားအောင် ဆက်စပ်ပေးရခြင်း။ ဒါ သတိရဲ့ အလုပ်ပဲ။

ဒီလို ဆောင်ရွက်နိုင်ရင် ထမင်းချက် ရေခပ်၊ အိမ်မှုကိစ္စ အကုန်လုံးဟာ တရားအလုပ်တွေချည်းပဲ၊ အလေ့အကျင့် ရလာရင် သူ့ဘာသာ အလိုအလျောက် သတိလေးနဲ့ မှတ်မိပြီးသား မှတ်မိပြီးသား ပြုပြင်သွားမှာပါ။ အဲလိုဆိုလို့ရှိရင် ဟန်ကျတာပေါ့။ တရားအလုပ်ဆိုတာ–

"ရှေးရှုမေတ္တာ၊ ကရုဏာ၊ ကောင်းစွာ ပွားတတ်စေ" မေတ္တာပို့တဲ့ အခါလည်း ထို့အတူပဲ၊ သတိနှင့်အာရုံကို ပုံဖော်ခြင်းစတဲ့ လုပ်ငန်းစဉ်တွေကို လုပ်ရတယ်၊ မေတ္တာခံပုဂ္ဂိုလ်ကို ပြတ်ပြတ် သားသား အာရုံကို ပုံဖော်ပြီးကာမှ ပွားရတယ်ပေါ့။

## ကိုယ့်လမ်းကိုယ်လျှောက်ဘေးမရောက်

"ရှေ့ရှုမေတ္တာ၊ ကရုဏာ၊ ကောင်းစွာ ပွားတတ်စေ။ ကိုယ့်လမ်း ကိုယ်လျှောက်၊ ဘေးမကြောက်၊ ပယောက် ဘေးရန်တွေ" အဲဒီ ပုဂ္ဂိုလ်မျိုးက ကိုယ့်လမ်းကိုယ်လျှောက်နေတာ၊ ပုထုဇဉ်အများစုက ကိုယ့်လမ်းကိုယ် မလျှောက်ချင်ဘူး၊ သူများလမ်း သွားသွားလျှောက် ချင်၊ သူများလမ်း သွားသွားလျှောက်လို့ ဒုက္ခရောက်ရတာပေါ့။ ကိုယ့်လမ်းကိုယ်လျှောက်နေ ဘယ်တော့မှ ဒုက္ခမရောက်ပါဘူး။

ခုနလမ်းစဉ်တွေက သမာဓိလမ်းစဉ်လည်း ဟုတ်တယ်၊ ပညာလမ်းစဉ်လည်း ဟုတ်တယ်၊ သမာဓိက စိတ်သောင်းကျန်းမှုကို ထိန်းချုပ်နိုင်တယ်။ အဲလိုဆိုရင် ကိုယ်,နှုတ်သောင်းကျန်းမှုဟာ

အလိုလို ထိန်းပြီးသားဖြစ်လို့ သီလကလည်း အထူးမစောင့်ရဘူး၊ အလိုအလျောက် လုံပြီးသားဖြစ်သွားတယ်။ သမာဓိကောင်းသူအဖြစ် စိတ်စင်ကြယ်သူအတွက် အသိပညာမျက်စေ့ဖွင့်လို့ အင်မတန် လွယ်တယ်။ ပညာသိက္ခာလည်း အလိုလိုရတတ်ပြီးလာတော့ သိက္ခာသုံးပါး ဖြည့်ကျင့်ပြီးသားဖြစ်သွားတယ်။ သိက္ခာသုံးပါး ဖြည့်ကျင့်သူသည် ကိုယ့်လမ်းကိုယ်သွားနေတာ၊ ကိုယ့်လမ်းကိုယ် သွားရင် ဘေးမကြောက်၊ ဘေးရန်မကြောက်ရ။

## အကောင်းဆုံးအဆောင်

ခုနကြည့်ပါလား၊ မောင်ဖိုးညက်လေး စားမယ်၊ ဝါးမယ်လို့ လာတဲ့ ဘီလူးတွေနဲ့ သွားတွေ့တယ်၊ မကြောက်ရဘူး၊ ဘီလူး မှန်းတောင် သူမသိလိုက်ဘူး၊ မိဘတွေလာတယ်လို့သာ သူထင် လိုက်တယ်။ ဒီလောက်ထိအောင် စွမ်းအားတက်စေပါတယ်။ "ပပျောက်ဘေးရန်" လေ၊ ဘေးရန်ရောက်လာလည်း သူ့ဟာသူ ပျောက်သွားရတာ၊ ဒါကြောင့် "ကိုယ့်လမ်းကိုယ်လျှောက်၊ ဘေး မကြောက်၊ ပပျောက် ဘေးရန်တွေ၊ အဆောင်ဆေးဝါး၊ မန္တရား၊ ဆောင်ထားစရာမလိုချေ" ဒါ ဘုရားဟောတာပဲ။ အဲဒီလို နှလုံးသားမှာ ဘုရားတည်ထားသူအတွက် ခုနက လမ်းစဉ်ခြောက်မျိုး တစ်မျိုးမျိုးကို နှလုံးသားထဲ ထည့်ပြီးတော့မှ ထားတဲ့ ပုဂ္ဂိုလ်အတွက် လောကီ ဆေးကောင်း ဝါးကောင်း မန္တရားကောင်းတွေ ဘာမှ သုံးစရာမလို၊ သူ့မှာ အကောင်းဆုံး အဆောင် ဆောင်ထားပြီးသားပဲ။ "အဆောင်ကောင်းက၊ မင်္ဂလာဖိုလ်ရ၊ စိတ်ချ အေးချမ်းစေ" အဆောင်ကောင်းတော့ မင်္ဂလာဖိုလ်တရားအထိ ရစေနိုင်တယ်။

ခုနက မောင်ဖိုးညာဏ်တို့သားအမိ သားအဖကြည့်ပေါ့၊ အဆောင်က သိပ်ကောင်းတော့ သားလေးနဲ့ ရဟန္တာဖြစ်သည်အထိ အဆင့် မြင့်သွားရတယ်။ သားလေးရဲ့ နှလုံးသား ဘုရားတည်မှု ကြောင့် အဖေနဲ့အမေ မူလက မိစ္ဆာဒိဋ္ဌိကြီးတွေ၊ အဖေနဲ့အမေ တို့သော်မှ မဂ်ဖိုရကုန်ကြတယ်။ "အဆောင်ကောင်းက၊ မဂ်ဖိုလ်ရ စိတ်ချ အေးချမ်းစေ။ နှလုံးသားဝယ်၊ ဘုရားတည်၊ တကယ်စွမ်းတဲ့ လူသားတွေ" နှလုံးသားဘုရားတည်ရင် လူက စွမ်းသွားတယ်၊ ခုန ချာတိတ်ကလေးကြည့်ပေါ့၊ လူကြည့်တော့ ဘာမှမဟုတ်ဘူး။

ဒါပေမယ့် စွမ်းတယ်၊ ဘီလူးတောင် ဆလန်သယူရတယ်။ ရှင်ဘုရင်ကသော်မှ လေးစားရတယ်တဲ့။ မြတ်စွာဘုရားကသော်မှ သီးခြားချီးမြှောက်ယူရတယ်ပေါ့။ ဟော "နှလုံးသားဝယ်၊ ဘုရား တည်၊ တကယ်စွမ်းတဲ့လူသားတွေ၊ လူရည်စွမ်းအား၊ မြတ်တရား၊ စိတ်ထားကောင်းဖို့ လိုရင်းပေ" လူ့စွမ်းအား လူ့တန်ဖိုးကို စိတ် စွမ်းအားနဲ့ ဆုံးဖြတ်တယ်။ ကောင်း,မကောင်း၊ စိတ်မှာ ရတနာ ကိန်း,မကိန်း၊ အဲဒါနဲ့ ဆုံးဖြတ်တယ်။ နှလုံးသား ဘုရားတည် နိုင်သူအတွက် စိတ်ကလည်း မကောင်းစရာ ဘာမှမလိုတော့ ဘူးပေါ့။ အဲဒါလေး လိုက်ဆိုကြ–

- အမြတ်သုံးပြာ၊ ရတနာ၊ စိတ်မှာ ပွားထုံလေ၊
- ကိုယ်မှာဖြစ်ဘိ၊ ဖြစ်တိုင်းသိ၊ သတိ မြဲပါစေ၊
- ရှေ့ရှုမေတ္တာ၊ ကရုဏာ၊ ကောင်းစွာ ပွားတတ်ပေ၊
- ကိုယ့်လမ်းကိုယ်လျှောက်၊ ဘေးမကြောက်၊ ပျောက် ဘေးရန်တွေ၊
- အဆောင်ဆေးဝါး၊ မန္တရား၊ ဆောင်ထားစရာမလိုချေ၊

- အဆောင်ကောင်းက၊ မင်္ဂလ်ရဲ၊ စိတ်ချ အေးချမ်းစေ၊
- နှလုံးသားဝယ် ဘုရားတည်၊ တကယ်စွမ်းတဲ့ လူသားတွေ၊
- လူ၏ စွမ်းအား၊ မြတ်တရား၊ စိတ်ထားကောင်းဖို့ လိုရင်းပေ။

## ရတနာခန္ဓာကြီး

ဒါကြောင့် နှလုံးသား ဘုရာတးည်တာက ကိရိယာ တန်ဆာပလာလည်း ဘာမျှ များများမတောင်း၊ များများလည်းမကုန်၊ အဖျှတ္တ သဒ္ဓါ ပညာ သတိ အရင်းအနှီးစိုက်ဖို့သာလိုတယ်။ မြေကြီး ပေါ်မှာ ဘုရားတည်သလို အချိန်လည်း အများကြီး ပေးရတာမဟုတ်၊ စက္ကန့်၊ မိနစ်ပိုင်းအတွင်းလေးမှာ တည်လို့ရတယ်။ နှလုံးသား ဘုရားတည်မိတာနဲ့တစ်ပြိုင်နက် လူလည်းပဲ တစ်ခါတည်း အရှိန်အဝါတွေ တက်ပြီးတော့ ရတနာခန္ဓာကြီး ဖြစ်သွားတာကတော့ အားရစရာအကောင်းဆုံးပေါ့၊ အဲလိုဆို မိမိတို့လည်းပဲ နှလုံးသား ဘုရားတည်ပေးရမှာပေါ့။

## မေတ္တာသုံးမျိုး

အဲဒီမှာ မေတ္တာဆိုတဲ့ တရားလည်းပါတာပဲ၊ မေတ္တာပွားတာ လည်း နှလုံးသား ဘုရားတည်တာပါပဲ၊ သာသနာတွင်း မေတ္တာ ဆိုတာက ရတနာသုံးပါး ဦးထိပ်ထားတာရော၊ ဝိပဿနာ ဘာဝနာနဲ့ အထွတ်တင်ခွင့်ရတာကောပေါ့၊ မဂ်တရား၊ ဖိုလ်တရား အထိ လမ်းဖွင့်လို့ရတဲ့ လုပ်ငန်းစဉ်တွေပဲ၊ ဒါကြောင့် မေတ္တာတရားနဲ့

ယခုဆောင်ရွက်နေကြတာ၊ မေတ္တာတရားဆိုတာ စွမ်းဆောင်ရေး မေတ္တာတို့၊ စွမ်းအား တိုးတက်ရေးမေတ္တာတို့၊ သာသနာပြု မေတ္တာတို့ပေါ့၊ ဘယ်လိုကွဲကွာကွာ ခုနက သတိပုံစံလေးတော့ သွားရမှာပေါ့။

## စွမ်းဆောင်ရေးမေတ္တာ

စွမ်းဆောင်ရေး မေတ္တာဆိုတာက ငါးမျိုး-

(၁) အတူနေပုဂ္ဂိုလ်တွေ နေ့တိုင်း မေတ္တာပို့ရတယ်။ ချမ်းသာကြပါစေပေါ့။ ရှည်ရှည်ဝေးဝေး မဆိုနိုင်ရင် တစ်ကျောင်းတည်း တစ်အိမ်တည်း တစ်ဌာနတည်း အတူနေပုဂ္ဂိုလ်တွေ နေ့တိုင်း မေတ္တာလွှမ်းခြုံပေးရတယ်။

(၂) အတူနေတဲ့ နတ်တွေ၊ တစ်အိမ်တည်း၊ တစ်ဝင်းတည်း၊ တစ်ကျောင်းတည်း၊ တစ်ရပ်ကွက်တည်း၊ တစ်မြို့တည်းမှာ ရှိနေတဲ့ နတ်တွေလည်း ချမ်းသာကြပါစေလို့ ကိုယ်က လက်ဦးအောင် မေတ္တာဓါတ်လွှမ်းခြုံပေးရတယ်။

(၃) ရပ်ကွက်အတွင်း၊ ရပ်ရွာအတွင်း၊ မြို့အတွင်း အုပ်ချုပ်ရေးတာဝန်ယူနေတဲ့ ပုဂ္ဂိုလ်တွေလည်း ချမ်းသာကြပါစေလို့ မေတ္တာဓါတ် လွှမ်းခြုံပေးရတယ်။

(၄) တစ်ရပ်ကွက်တည်း၊ တစ်ရွာတည်း၊ တစ်မြို့တည်းနေကြတဲ့ လူတွေကိုလည်း အားလုံးချမ်းသာကြပါစေလို့ မေတ္တာဓါတ် လွှမ်းခြုံပေးရတယ်။

(၅) သတ္တဝါအားလုံးကို ခြုံပြီးတော့မှလည်း မေတ္တာဓါတ် လွှမ်းခြုံပေးရတယ်။ ဒါက လွှမ်းခြုံရေးမေတ္တာ။

ပြီးတော့ လောကကြီးနဲ့ မိတ်ဆွေဖွဲ့နေတာ၊ ဒါလည်း နှလုံးသား ဘုရားတည်တာပါပဲ။ ဘုရားကို ရှေ့သွားပြုပြီးတော့ ဘုရားလမ်းညွှန် ချက်အတိုင်း လုပ်တာ နှလုံးသားဘုရားတည်တယ်လို့ ပြောတယ်လို့ ဆိုရတာပါပဲ။

## စွမ်းအားတိုးတက်ရေးမေတ္တာ

ပြီးတော့ စွမ်းအားတိုးတက်ရေး မေတ္တာကျတော့-

(၁) ကိုယ့်ကိုယ်ကို ရှေးဦးစွာ မေတ္တာပို့ရတယ်။ ကိုယ့်ကိုယ်ကို ရှေးဦးစွာ မေတ္တာပို့တာက မေတ္တာစိတ်ထူထောင်ပေးခြင်း ဖြစ်ပါတယ်။ ကိုယ်ချင်းစာတဲ့ စိတ်တွေပေါ်လာအောင်လို့ ငါသည် ဆင်းရဲကို ကြောက်သလို တစ်ပါးသူ သတ္တဝါတွေ လည်း ကြောက်ကြလိမ့်မယ်။ ကြောက်တဲ့ဆင်းရဲတွေ လွတ်ကြပါစေ။ ငါသည် ချမ်းသာကို လိုချင်သလို တစ်ပါးသူ သတ္တဝါတွေလည်း ချမ်းသာကို လိုချင်ကြ ယလိမ့်မယ်။ လိုချင်တဲ့ ချမ်းသာရကြပါစေလို့ မေတ္တာစိတ် ထူထောင်ပေးဖို့ ရှေးဦးစွာ ကိုယ့်ကိုယ်ကို မေတ္တာပို့ရတယ်။

(၂) ပိယပုဂ္ဂိုလ်တဲ့ ပိယပုဂ္ဂိုလ်က (က)(ခ) နှစ်ဆင့်ရှိတယ်။ (က) ဆိုတာက ကိုယ့်ရဲ့အတွက်တော့ ကျေးဇူးမပြုဖူးပါဘူး။ ဒါပေမယ့် အကျင့်သိက္ခာ အလွန်ကောင်း၊ ချစ်ခင်မြတ်နိုးစရာ အလွန်ကောင်း၊ ဒေါသလည်း ဖြစ်စရာ မရှိ၊ တဏှာရာဂ လည်း ဖြစ်စရာ မရှိ၊ မေတ္တာပို့တာနဲ့ စိတ်ကို အေးချမ်း စေနိုင်သော အကျင့်သိက္ခာကောင်းတဲ့ ပုဂ္ဂိုလ်တွေ၊ ဒါကို

လည်းပဲ ပိယပုဂ္ဂိုလ် တွေအနေနဲ့ ချမ်းသာကြပါစေလို့ မေတ္တာဓါတ် ပို့လွှတ်ပေးရတယ်။

(ခ) က မိမိအတွက် ကျေးဇူးပေးဖူး ကူညီဖူးတဲ့ ကျေးဇူးရှိတဲ့ ပုဂ္ဂိုလ်တွေအားလုံးကိုလည်းပဲ ပိယပုဂ္ဂိုလ်အရာမှာထားလို့ မေတ္တာဓါတ်ပို့လို့ရတယ်။ အေး ကျွဲတွေ၊ နွားတွေ တိရစ္ဆာန်တွေအထိ ကိုယ့်ကို ကူညီဖူးတဲ့ ပုဂ္ဂိုလ်တွေ နည်းမှမနည်းဘဲ၊ အဲလို ပိယပုဂ္ဂိုလ်ကို မေတ္တာပို့လို့ အောင်မြင်ပြီဆိုကာမှ-

(၃) တတိယအဆင့်က မဇ္ဈတ္တ(=ကြားနေ)ပုဂ္ဂိုလ်၊ ကိုယ့်အတွက် ကူလည်း မကူညီဖူးပါဘူး၊ အနှောင့်အယှက်လည်း မပေးဖူးပါဘူး၊ အဲဒီ ကြားနေပုဂ္ဂိုလ်တွေကို တတိယအဆင့် အနေနဲ့ မေတ္တာပို့၊ အဲဒီ ကြားနေပုဂ္ဂိုလ်တွေ မေတ္တာပို့လို့ အောင်မြင်သွားပြီဆိုခါမှ-

(၄) စတုတ္ထအဆင့် ရန်သူဖြစ်တဲ့ပုဂ္ဂိုလ်၊ အရင်က နှောင့်ယှက်ဖူးတဲ့ပုဂ္ဂိုလ်၊ ယခုနှောင့်ယှက်နေဆဲဖြစ်တဲ့ပုဂ္ဂိုလ်တွေ၊ သူတို့ကိုလည်း ကျေးဇူးရှင်အရာမှာထားပြီးတော့ မေတ္တာပို့၊ ဘယ်လို ကျေးဇူးရှင်လည်းဆိုတော့ ကိုယ့်စိတ်ကို ဘယ်အဆင့်ကို ရောက်ပြီလဲလို့ စမ်းသပ်ပေးဖော်ရလို့ပါ။ စောစောက ကိုယ့်စိတ်ကလေးဟာ ငြိမ်းအေးသလိုလို တည်ငြိမ်သလိုလို ထင်ရပေမယ့် အနှောင့်အယှက်ပေါ်လာခါမှ ဗျာများပြီးတော့ ရှူးခနဲ၊ ရှဲခနဲဖြစ်သွားတော့ အော် ငါ့စိတ် ဘာမှမဟုတ်သေးပါပကားလို့ သိရတယ်။ ဒါကြောင့် မိမိစိတ် ဘယ်လိုအဆင့်

ရောက်ပြီလို့ သိအောင် စမ်းသပ်ပေးဖော်ရတယ်၊ စိတ်ကိုလည်း မြှင့်ပေးဖော်ရတယ်၊ နောက်တစ်ခါတော့ ငါ့စိတ်ကို အဲလို ရှုုးခနဲ၊ ရှဲခနဲ မဖြစ်အောင် ထိန်းတော့မယ်၊ မြှင့်ပေးတော့မယ်လို့ ဒီလိုအသိတွေပေါ်အောင် ဆောင်ရွက်ပေးဖော်ရတာမို့လို့ ဆောင်ရွက်ပေးရာ ရောက်တာမို့လို့ ရန်သူတွေ အနှောင့်အယှက်တွေကိုလည်း ကျေးဇူးရှင်အရာမှာထားပြီး မေတ္တာပို့ရတယ်။ ဒါ စတုတ္ထအဆင့်၊ စတုတ္ထအဆင့် အောင်သွားရင်တော့ မေတ္တာအောင်တာပါပဲ၊ အဲဒါက စွမ်းအားတိုးတက်ရေးမေတ္တာ၊ တစ်ဆင့်အောင်မှ တစ်ဆင့် တက်ရတဲ့ မေတ္တာပေါ့။

## သာသနာပြုမေတ္တာ
## မေတ္တာပန်းခိုင် သုံးပွင့်ဆိုင်

တစ်ခါ သာသနာပြု မေတ္တာကျတော့ "မေတ္တာပန်းခိုင် သုံးပွင့်ဆိုင်" ယခုလို စာသင်တိုက်တွေမှာ အထူးလိုအပ်တာပေါ့။ မေတ္တာပန်းခိုင် သုံးပွင့်ဆိုင်ဆိုတာက–

စာချဘုန်းကြီးဆိုတဲ့ မေတ္တာပန်းပွင့်က တစ်ပွင့်၊

စာသင်သားဆိုတဲ့ မေတ္တာပန်းပွင့်က တစ်ပွင့်၊

ပစ္စည်းလေးပါး ထောက်ပံ့နေကြတဲ့ ဒကာ ဒကာမတွေဆိုတဲ့ မေတ္တာပန်းပွင့်က တစ်ပွင့်၊

မေတ္တာပန်းခိုင်သုံးပွင့်ဆိုင်စုံနေမှ သာသနာတည်မှာ၊ သာသနာကြာကြာတည်မှာ၊ လောကပန်းပွင့်လေးတွေ တစ်ခိုင်တည်းပွင့်တာ မြင်ဖူးကြမှာပေါ့။ သုံးပွင့်တစ်ခိုင်တည်း ပွင့်ကြပေမယ့် အချို့ပန်းတွေက

ကျောပေးပြီး ပွင့်ကြပါတယ်။ တချို့ မျက်နှာချင်းဆိုင်ပွင့်တဲ့ပန်းလည်း ရှိချင်ရှိမှာပေါ့၊ တချို့ ပန်းကျတော့ ကျောပေးပြီး ပွင့်တယ်၊ ပွင့်တော့ တစ်ခိုင်တည်းပါပဲ။ သုံးပွင့်ပွင့်ကြပါရဲ့။ သို့သော်လည်း ကျောပေးနေကြတယ်။ အဲ သာသနာ့ဘောင်တည်းဟူသော မေတ္တာ ပန်းခိုင်မှာ ပန်းပွင့်သုံးပွင့် ပွင့်ရတာက ကျောမပေးဘူးတဲ့၊ တစ်ပွင့်နဲ့တစ်ပွင့် မျက်နှာချင်း ဆိုင်ပြီး ပွင့်ကြတာ၊ သာသနာ့အတွက် သိပ်အားရစရာ ကောင်းပါတယ်။

ဒါကြောင့်မို့လို့ စာချဘုန်းကြီးတွေကလည်း စာသင်သားတွေ ချမ်းသာကြပါစေ၊ မိမိတို့အတွက် မိဘအရာမှာ တည်၍ ပစ္စည်း လေးပါး ထောက်ပံ့နေကြတဲ့ ဒကာဒကာမအပေါင်း သူတော်ကောင်း တွေလည်း ချမ်းသာကြပါစေ၊ ပန်းနှစ်ပွင့်ကို ကျေးဇူးပြုနေရတယ်။

စာသင်သားတွေကလည်း ထို့အတူ စာချဘုန်းကြီးတွေ ချမ်းသာကြပါစေ၊ မိမိတို့ မိဝေးဖဝေးနဲ့ နေရပေမယ့် ဘာမှ ပူစရာမလိုရအောင် ပစ္စည်းလေးပါးထောက်ပံ့နေကြတဲ့ မိဘအရာ တည်နေကြတဲ့ ဒကာဒကာမအပေါင်း သူတော်ကောင်းတွေလည်း ချမ်းသာကြပါစေလို့ စာသင်သားတွေကလည်း ကျန်တဲ့ ပန်းနှစ်ပွင့်ကို မေတ္တာနဲ့ တုံ့ပြန်နေရတယ်။

ထို့အတူပဲ ဒကာဒကာမတည်းဟူသော မေတ္တာပန်းပွင့်ကလည်း စာချဘုန်းကြီးတွေရှိမှ၊ စာဝါများ အဆက်မပြတ် ချပို့နိုင်လို့ သာသနာပြန့်ပွားမယ်၊ စည်ပင်မယ်၊ တိုးတက်မယ်၊ ကြာကြာ တည်မယ်၊ စာချဘုန်းကြီးတွေ ချမ်းသာကြပါစေ၊ စာသင်သားတွေ အဆက်မပြတ် အားထုတ်နိုင်ပါမှ သာသနာကို လက်ဆင့်ကမ်း သယ်ဆောင်သွားနိုင်မယ်၊ သွားနိုင်မှာ ဒါကြောင့်လည်း စာသင်သား

တွေ ချမ်းသာကြပါစေလို့ မေတ္တာပန်းတစ်ပွင့်က ကျန်တဲ့ မေတ္တာပန်းနှစ်ပွင့်ကို အဲလို မျက်နှာချင်းဆုံပြီးတော့ မေတ္တာနဲ့ လွှမ်းခြုံပေးနေရပါတယ်။

ဒီတော့ ယခု ဒကာ ဒကာမအပေါင်း သူတော်ကောင်းတွေ ချိုးမြှောက် ထောက်ပံ့နေကြတာဟာ ပစ္စည်းတွေပေါလွန်းလို့ဆိုတာထက် အသိတရားနဲ့၊ မေတ္တာတရားနဲ့ ပျော်ပျော်ရွှင်ရွှင် အားတက်သရော သာသနာအတွက် လေးလေးနက်နက် စိတ်ထားပြီးတော့မှ အဲလို လှူဒါန်းထောက်ပံ့ ချီးမြှောက်ပူဇော်နေကြတာပါ။ အဲဒါက သာသနာပြု မေတ္တာ။

## တစ်နည်းအားဖြင့် ဝန်းသုံးပွင့်ဆိုတာ

တစ်နည်းအားဖြင့် ပန်းသုံးပွင့်ဆိုတာက–

သာသနာဝန်ထမ်း ရှင်ရဟန်းတည်းဟူသော မေတ္တာပန်းပွင့်က တစ်ပွင့်။

တိုင်းသူပြည်သား လူအများတည်းဟူသော မေတ္တာပန်းပွင့်က တစ်ပွင့်။

အုပ်ချုပ်ရေးတာဝန်ယူနေကြတဲ့ နိုင်ငံတော်အစိုးရနှင့်တကွ အုပ်ချုပ်ရေးတာဝန်ကို ယူနေကြတဲ့ ပုဂ္ဂိုလ်တွေရဲ့ မေတ္တာပန်းကုံးက တစ်ပွင့်။

အဲဒီ ပန်းသုံးပွင့် လန်းလန်းဆန်းဆန်း မညှိုးစတမ်း၊ ဘယ်ပန်းပွင့်ကမှ မညှိုးစတမ်း၊ အဲလို မျက်နှာချင်းဆုံပြီးတော့ ပွင့်နေမှ သာသနာ ကြာကြာတည်မှာပါ။ အထူးအားဖြင့် စောစောက ပြောတဲ့ သုံးပွင့်က အရေးကြီးတယ်ပေါ့။ စာချဘုန်းကြီးရယ်၊

စာသင်သားရယ်၊ ဒကာ ဒကာမရယ်၊ သုံးပွင့် ဘယ်ပန်းပွင့်ကမှ ကြွေမကျစတမ်း၊ ဘယ်ပန်းပွင့်ကမှ မညှိုးစတမ်း၊ ဘယ်ပန်းပွင့်ကမှ ကျောမပေးစတမ်းလို့များ လန်းလန်းဆန်းဆန်းကြီး ကြည်ကြည်လင်လင်၊ ပြုံးပြုံးရွှင်ရွှင်နဲ့ အားတက်သရော မေတ္တာနဲ့ လက်တွဲပြီးတော့ ဆောင်ရွက်နေသမျှ သာသနာ ဘယ်တော့မှ ကွယ်မှာမဟုတ်၊ အောက်ကျမှာ မဟုတ်၊ ကုသိုလ်တွေလည်း ပွား၊ သာသနာပြုရာလည်း ရောက်၊ အင်အားတွေ အများကြီးရတယ်ပေါ့၊ ဒါကြောင့်

"ပြသူ သင်သူ၊ ချီးမြှောက်သူ၊ စိတ်တူညီညွတ်ကြ"

ပြဆိုတာ စာပြတဲ့ပုဂ္ဂိုလ်တွေရဲ့ မေတ္တာရယ်၊ သင်သူ- စာသင်သားတွေရဲ့ မေတ္တာရယ်၊ ချီးမြှောက်သူ- ပစ္စည်းလေးပါးနဲ့ ချီးမြှောက်နေကြတဲ့ ဒကာဒကာမတွေရဲ့မေတ္တာရယ်။

"ပြသူ၊ သင်သူ၊ ချီးမြှောက်သူ၊ စိတ်တူညီညွတ်ကြ၊ သံဃာနှင့်လူ၊ အုပ်ချုပ်သူ၊ ကြည်ဖြူညီညွတ်မှ" သံဃာဆိုတဲ့ သာသနာ့ ဝန်ထမ်း ရှင်ရဟန်းတွေရဲ့ မေတ္တာတရား၊ လူဆိုရတဲ့ ပစ္စည်းလေးပါး ထောက်ပံ့နေကြတဲ့ ဒကာဒကာမအပေါင်း သူတော်ကောင်းတွေရဲ့ မေတ္တာတရား၊ အုပ်ချုပ်သူခေါ်ရတဲ့ နိုင်ငံတော်အစိုးရနှင့်တကွ အုပ်ချုပ်ရေးတာဝန်ခံ ပုဂ္ဂိုလ်တွေရဲ့ မေတ္တာတရား၊ အဲဒီပန်းသုံးပွင့် မျက်နှာချင်းဆိုင်ပြီးတော့ ပွင့်နေမှ သာသနာတည်မယ်။

"သံဃာနှင့်လူ၊ အုပ်ချုပ်သူ၊ ကြည်ဖြူ ညီညွတ်မှ။
မေတ္တာပန်းနိုင်၊ သုံးပွင့်ဆိုင်၊ မုံလှိုင် တိုးတက်ရ"

ပန်းသုံးပွင့်က တစ်ခိုင်တည်းပွင့်တော့ ကျောပေးနေကြတာမှ မဟုတ်ဘဲ၊ မျက်နှာချင်းဆိုင်ပြီးတော့ ပွင့်နေကြတာ။

"သာသနာရောင်၊ ထွန်းလင်းပြောင်၊ မြင့်ခေါင်စွမ်းပြည့်ဝ"

ပန်းသုံးပွင့်ရဲ့ စွမ်းအားက ဘယ်လောက်များ အားတက်စရာ ကောင်းသလဲ၊ သာသနာ အကြာကြီးတည်အောင် စွမ်းဆောင်နိုင်တဲ့ စွမ်းအား၊ ကုသိုလ်ရရုံတင်လုပ်တဲ့ အလုပ် မဟုတ်ဘူး။

## ကမ္ဘာက မြန်မာကိုမော်ကြည့်နေတာက

"သာသနာရောင်၊ ထွန်းလင်းပြောင်၊ မြင့်ခေါင်စွမ်းပြည့်ဝ၊
ဗုဒ္ဓဝါဒ၊ ပြတ်ဝပ္ပကြောင့်၊ ကမ္ဘာ့အလယ်၊
ဂုဏ်ရည်ကြွယ်ကာ၊ တို့မြန်မာ၊
ကမ္ဘာကပင် မော်ကြည့်ရ"

ကမ္ဘာက မြန်မာကို မော်ကြည့်နေတာက ရုပ်ပစ္စည်းကြောင့် မဟုတ်ဘူးတဲ့။ ရုပ်ပစ္စည်း ကြည့်ပြန်တော့ ကမ္ဘာက အထင်တောင် သေးချင်သေးတယ်။ သူတို့ မြန်မာကို အထင်ကြီးနေတာက သာသနာကြောင့်။ စိတ်ချမ်းသာအောင်နေနည်း၊ အနေတတ်နည်း၊ အနေရဲနည်း၊ အသေတတ်နည်း၊ အသေရဲနည်း၊ သောကပရိဒေဝ စတဲ့ အပူငြိမ်းအောင်လုပ်နည်း။ အဲဒါတွေ အကုန်ရှိတယ်ဆိုတာ သူတို့သိတယ်။ ဒါကြောင့်မို့လို့ ရုပ်ပစ္စည်း ဘယ်လောက်ပေါပေါ အလွန်ကြွယ်ဝတဲ့ သူဌေးကြီးတွေ စိတ်က မချမ်းသာလွန်းလို့ စိတ်ချမ်းသာချင်လို့ မြန်မာပြည်သို့ ပြေးခဲ့ရတယ်။ မြန်မာပြည်မှာ ရတနာအစုံရှိတယ်လို့ သူတို့သိတော့ အားကိုးတကြီးနဲ့ မြန်မာပြည် ပြေးခဲ့ရတာပဲ။ အေး ဒါကြောင့် ဒကာဒကာမ အပေါင်း သူတော်ကောင်းတွေ အပါအဝင် ပန်းသုံးပွင့် ကြောင့်မို့လို့ ကမ္ဘာကတောင် မော်ကြည့်ရလောက်အောင် မြန်မာဟာ ကမ္ဘာမှာ လှနေတယ်။ ပန်းသုံးပွင့်ကြောင့်။ ဒါကြောင့်-

"ဗုဒ္ဓဝါဒ၊ မြတ်ဓမ္မကြောင့်၊ ကမ္ဘာအလယ်၊ ဂုဏ်ရည်ကြွယ်ကာ၊ တို့မြန်မာ၊ ကမ္ဘာကပင် မော်ကြည့်ရ" ကမ္ဘာကပင် မော်အကြည့်ခံရလောက်အောင် လှနေတာဟာ သူ့ဟာသူ လှနေတာ မဟုတ်ဘူး။ အဲဒီပန်းသုံးပွင့်ကြောင့် လှနေတာ။ ဒီလိုဆို တို့ပန်းလေးတွေ အညှိုးခံလို့ မဖြစ်၊ ကြွေကျခံလို့ မဖြစ်။ ဒီတော့ ကြဲ့ကြဲ့ခံပြီးတော့ မေတ္တာဓါတ်နှင့် နှလုံးသားမှာ ဘုရားတည်ရင်းနှင့် စာသင်တိုက် ချီးမြှောက်တာကလည်း နှလုံးသားဘုရားတည်နေတာကိုး။ မိမိတို့စိတ်မှာ တရားစွမ်းအား မြှင့်တာလည်းပဲ နှလုံးသားဘုရားတည်တာပါပဲ။ အဲဒါ လိုက်ဆိုကြပေါ့။

- ပြည့်သူ သင်သူ၊ ချီးမြှောက်သူ၊ စိတ်တူ ညီညွတ်ကြ၊
- သံဃာနှင့်လူ၊ အုပ်ချုပ်သူ၊ ကြည်ဖြူ ညီညွတ်ပ၊
- မေတ္တာပန်းနိုင်၊ သုံးပွင့်ဆိုင်၊ မှုံလှိုင် တိုးတက်ရ၊

  သာသနာရောင်၊ ထွန်းလင်းပြောင်၊ ပြင့်ခေါင်နှမ်းပြည့်ဝ၊

  ဗုဒ္ဓဝါဒ၊ မြတ်ဓမ္မကြောင့်၊ ကမ္ဘာ့အလယ်၊

ဂုဏ်ရည်ကြွယ်ကာ၊ တို့မြန်မာ၊ ကမ္ဘာကပင်မော်ကြည့်ရ။

ဒါကြောင့် ကမ္ဘာကပင် မော်ကြည့်ရလောက်အောင် လှနေတာဟာ အစသတ်တော့ မိမိတို့ရဲ့ ပန်းပွင့်လေးတွေ မညှိုးစတမ်း လန်းလန်းဆန်းဆန်း ပွင့်ပြီးတော့နေတဲ့အတွက်ကြောင့်ပါလား ဆိုတော့လည်း ပိုပြီး ဂုဏ်ယူစရာကောင်းသွားပြန်တယ်၊ သာသနာ အတွက်ပါ ကျေးဇူးများတဲ့ မိမိတို့ရဲ့ စိတ်စေတနာ၊ မိမိတို့ရဲ့ မေတ္တာတရား၊ မိမိတို့ရဲ့ အသိဉာဏ်၊ မိမိတို့ရဲ့ ခံယူချက်၊ မိမိတို့ရဲ့ လေးနက်တဲ့ ဆုံးဖြတ်ချက်တွေ၊ သေသေချာချာ

ကြည့်လိုက်မှ အင်မတန် ဂုဏ်ယူစရာကောင်းသလို မိမိတို့အတွက်လည်းပဲ အားကိုးစရာ အများကြီးရကြတယ်။

## ရတနာပုံးလား၊ အမှိုက်ပုံးလား

ဒါကြောင့် နှစ်ဆန်းအခါမှာ နှစ်သစ်အခါကာလမှာ မိမိနှလုံးသားမှာလည်းပဲ ဘုရားတည်သွားရမှာပဲ။ ရာသက်ပန်တည်သွားရမှာပဲ။ အားအောင် စောင့်ဖို့မလို၊ ပိုက်ဆံပေါ်ဖို့မလို၊ နှလုံးသားဘုရားတည်တာကတော့ တည်တန်သလောက် တစ်စက္ကန့်တည်သင့်တစ်စက္ကန့် မိမိခန္ဓာ ရတနာခန္ဓာဖြစ်မှာပေါ့။ တစ်မိနစ်တည်ရင်တစ်မိနစ်၊ မိမိခန္ဓာ ရတနာခန္ဓာဖြစ်နေမှာပေါ့။ လွတ်တဲ့အချိန်မှာတော့အမှိုက်ပုံးဖြစ်နေမှာပေါ့။ ဒီတော့ အမှိုက်ပုံးတော့ အဖြစ်မခံနိုင်ဘူး၊ မှတ်နိုင်သလောက်တော့ မှတ်နေမှာပဲ၊ လွတ်တဲ့အခါလည်း ရှိမှာပေါ့၊ လွတ်ပါစေပေါ့၊ မှတ်မိတာ ကိုယ့်ဟာချည်းပဲ၊ မြစ်ထဲရှိတဲ့ရေကိုခပ်ယူသလိုပေါ့၊ မြစ်ရေဆိုတာဟာ ခပ်နိုင်သလောက် ကိုယ်သုံးရမှာပေါ့။ မြစ်ရေကတော့ သူ့ဟာသူ စီးနေကြမှာပဲ။ လက်ဖက်ရည်သောက် ပန်းကန်တစ်လုံးနဲ့ သွားခပ်တော့ လက်ဖက်ရည်ပန်းကန်လုံးတစ်လုံးလောက်ပဲ သုံးရမှာပေါ့။ ပုံးတစ်လုံးနဲ့ သွားခပ်တော့ပုံးတစ်ပုံးလောက် သုံးရမှာပေါ့၊ စည်ပိုင်းကြီးနဲ့ သွားခပ်တော့စည်ပိုင်းကြီးနဲ့တစ်လုံး သုံးရမှာပေါ့၊ အဲဒါမျိုးလိုပါပဲ၊ မိမိစိတ်အစဉ်လေးကတော့ သုံးသုံး၊ မသုံးသုံး ဖြစ်ပျက်၊ ဖြစ်ပျက်၊ ဖြစ်ပျက်နဲ့ စီးနေမှာပဲ။ အဲဒီထဲက ရတနာပုံစံနဲ့ သုံးနိုင်ရင် သုံးနိုင်သလောက် တစ်စက္ကန့်မှာလည်း တစ်စက္ကန့်မို့လို့ တစ်မိနစ်မှာလည်းတစ်မိနစ်မို့လို့၊ တစ်နာရီလည်း တစ်နာရီမို့လို့ပေါ့၊ ဆက်တိုက်

အဆက်မပြတ်ဆိုတော့ အဆက်မပြတ်သုံးနေရမှာပေါ့။ ဒါကြောင့် နှလုံးသားဘုရားတည်ကြရမယ်။ နိဗ္ဗာန်ကိုလည်း ဦးတည်ကြရမယ်ပေါ့။

တေ– တရားချစ်ခင် သူတော်စင်ဖြစ်တဲ့ ပုဂ္ဂိုလ်တို့သည်။ သဒါ– နေ့ရောညပါ အခါခပ်သိမ်း၊ သဒါ– ကောင်းဆိုးနှစ်တန် လောကဓံအာရုံနှင့် တွေ့ကြုံသမျှ အခါခပ်သိမ်း၊ သဒါ– ဘယ်နေရာပဲရောက်ရောက် ဘယ်သူနဲ့ပဲတွေ့တွေ့ ဘယ်ကိစ္စပဲဆောင်ရွက်ရဆောင်ရွက်ရ အခြေအနေပေးသမျှ အခါခပ်သိမ်း၊ သုပ္ပဗုဒ္ဓံ– ကောင်းစွာထူးခြား နိုးကြားတက်ကြွ ' နှစ်သက်ကြရလေအောင်၊ ပဗုဇ္ဈန္တိ၊ နှလုံးသားဝယ် ဘုရားတည်ကာ ကောင်းစွာမသွေ နိုးကြားနိုင်ကြလေကုန်သတည်း။

ဤသို့လျှင် "နှလုံးသားဝယ်ဘုရားတည်" တရားနာကြတဲ့ ဓမ္မ၏ သဝန မင်္ဂလာကောင်းမှုနှင့်တကွ အရပ်ရပ်သော ဒါနစသော ကောင်းမှုစွမ်းအား တရားတွေကြောင့် တရားနာပရိသတ်အပေါင်း သူတော်ကောင်းအားလုံးတို့သည် ဘေးအန္တရာယ် အနှောင့်အယှက် အပူအရှုပ် ခပ်သိမ်းတို့မှ လွတ်ငြိမ်းကြ၍ ကောင်းကျိုးချမ်းသာ ကြက်သရေမင်္ဂလာ အကျိုးစီးပွားများ ပြီးစီးထမြောက်အောင်မြင်ကြ၍ ကျန်းကျန်းမာမာ၊ ချမ်းချမ်းသာသာ၊ ပျော်ပျော်ရွှင်ရွှင်နဲ့ အားကိုးစရာ သူတော်ကောင်းတရားတွေ၊ နှလုံးသားမှာ အမြဲဘုရားတည်ပြီးတော့ တစ်နေ့တခြား တိုးပွားလာအောင် ကြိုးစားအားထုတ်နိုင်လွယ်ကြပါစေကုန်သတည်း။

အားထုတ်နိုင်လွယ်ကြ၍ ဆင်းရဲခပ်သိမ်း လွတ်ငြိမ်းရာ အသင်္ခတဓါတ် နိဗ္ဗာန်မြတ်ကို လွယ်ကူသောအကျင့် လျင်မြန်သော

အသိဉာဏ်ဖြင့် အရဟတ္တဖိုလ်ပေါက် မျက်မှောက်ပြုလွယ် ရလွယ်နိုင်ကြပါစေကုန်သတည်း။

နှလုံးသားဝယ် ဘုရားတည် တရားတော် ပြီး၏။

✳ ✳ ✳

# နှလုံးသားဝယ်တရားတည် တရားတော်

ယနေ့ သာသနာတော်နှစ် ၂၅၃၉-ခု၊ ကောဇာသက္ကရာဇ် ၁၃၅၇-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၁၁)ရက်၊ ၁၉၉၅-ခုနှစ်၊ နိုဝင်ဘာလ(၂)ရက်၊ ကြာသပတေးနေ့ ညအချိန် ကလေးမြို့နယ်၊ အင်ဒိုင်းကြီးရွာ၊ မဟာအာယုဒီဃကျောင်းကြီးအတွင်း၌ နှစ်ဖက်မိဘ



များကို အမှူးထား၍ ကလေးမြို့နယ် အင်ဒိုင်းကြီးရွာ၊ ခမရ(၃၆၂) တပ်ရင်းမှူးကြီး ဒုတိယဗိုလ်မှူးကြီးတင်ဦး-ဒေါ်သီတာဌေး၊ သား မောင်အောင်ဌေးဦး၊ မောင်ဇေယျာဦး မိသားစုတို့က အင်ဒိုင်းကြီး ရွာ မဟာအာယုဒီဃကျောင်းအတွင်း၌ ပရိဘောဂ စေတီ၊



ဥဒ္ဒိဿစေတီ၊ ဓမ္မစေတီ၊ ဓါတုစေတီ ဤစေတီလေးမျိုးတို့ကို တည်ထားကိုးကွယ် ပူဇော်ကြသည့် စေတိယပူဇာ၊ မင်္ဂလာကောင်းမှု အကြောင်းပြု၍ ကောင်းမှုပွဲကြီး ပြုလုပ်ကြရာအခါမှာ စေတီအလှူ ရှင် ဘုရားဒကာ၊ ဘုရားအမ မိသားစုများနှင့် ဆွမ်းဒကာ၊ ဆွမ်းအမ၊ ကျောင်းဒကာ၊ ကျောင်းအမ၊ ပစ္စည်းလေးပါးဒကာ၊ ဒကာမ သူတော်စင်များဖြစ်ကြတဲ့ ခမရ(၃၆၂) မိသားစုများ၊ အင်ဒိုင်းကြီးကျေးရွာ ဒကာ၊ ဒကာမများ အပါအဝင် ပရိသတ် အပေါင်း သူတော်ကောင်းတို့အတွက် ဓမ္မဒါန၊ ဓမ္မလက်ဆောင် အဖြစ်ဖြင့် ဝမ်းမြောက်ရဖွယ်အဖြစ်ဖြင့် ဟောကြားအပ်သော "နှလုံးသားဝယ် တရားတည်" တရားတော်ပေါ့။

## ရောက်ရာအရပ် ကိုယ့်အရပ်
## တွေ့ရာလူမျိုး ကိုယ့်အမျိုး

နှလုံးသားထဲမှာ တရားတည်ပေးတယ်။ စေတီတည်တယ် ဆိုတာ နှလုံးသားထဲမှာ တရားတည်လိုက်တာပါပဲ။ နှလုံးသားထဲမှာ တရားတည်လိုက်တော့ လူဟာ အရှိန်အဝါကြီးသွားတယ်။ စွမ်းအား တွေ တိုးတက်သွားတယ်၊ မြင့်မားသွားတယ်၊ ထည်ဝါသွားတယ်၊ ခန့်ညားသွားတယ်၊ တရားစွမ်းအားကြောင့် လူဟာ ထူးထူးခြားခြား မြင့်မားသွားပါတယ်။

တပ်ရင်းမှူးကြီး ဒုတိယဗိုလ်မှူးကြီးတင်ဦးတို့ စေတနာသဒ္ဓါ တရား ထက်သန်စွာဖြင့် ရောက်ရာအရပ် ကိုယ့်အရပ်ပဲ၊ တွေ့တဲ့ ပုဂ္ဂိုလ်တွေက ကိုယ့်ဆွေမျိုးပဲ၊ လုပ်နေရတဲ့အလုပ်တွေက ကိုယ့် အလုပ်ပဲ၊ စေတနာ၊ မေတ္တာ၊ သဒ္ဓါ ပြဋ္ဌာန်းပြီးတော့ ဆောင်ရွက်

တတ်တဲ့ စေတနာ၊ သဒ္ဓါတရား ပြဌာန်းတဲ့ စွမ်းအားတွေပေါ့။ အဲဒီစွမ်းအား တွေကိုလည်းပဲ အင်မတန် ချီးကျူးဖို့ကောင်းပါတယ်။

## ဝန်ထမ်းနှစ်မျိုး

ဝန်ထမ်းဆိုတာ နှစ်မျိုးရှိပါတယ်။ လူတိုင်း လူတိုင်းဟာ အမှန်တော့ ဝန်ထမ်းချည်းပါပဲ။ လက်လှမ်းမှီရာ ဝန်ထမ်းနေကြရတာ အနည်းဆုံး ကိုယ့်တာဝန် ကိုယ်ထမ်းနေရတာမို့လို့ လူတိုင်း လူတိုင်းဟာ ဝန်ထမ်းချည်းပဲ။ အဲဒီဝန်ထမ်းဟာလည်း အတိုချုပ်အားဖြင့် ဝန်ထမ်းနှစ်မျိုးရှိပါတယ်။

(၁) ဝန်က ကိုယ့်ကို ပိနေအောင် မနိုင်မနင်း လေးလံစွာ ထမ်းနေသော ဝန်ထမ်းက တစ်မျိုး၊

(၂) ဝန်က ကိုယ့်ကို အပိမခံဘဲ ဝန်ကို ကိုယ်ကနိုင်အောင်၊ ဒီနေ့ကတော့ ဒါနဖြစ်နိုင်တယ်။ ဒါနယူမှ၊ ဒီနေ့ကတော့ သီလရနိုင်တယ်၊ သီလယူထားမှ၊ ဒီနေ့ရာမျိုး သမာဓိ ရနိုင်တယ်၊ သမာဓိစွမ်းအားလေး ယူထားလိုက်မှ၊ ဒီနေ့ရာလေး ဝိပဿနာ ရနိုင်တယ်၊ ဝိပဿနာလေး ယူထားလိုက်မှ စသည်ဖြင့် ဝန်က ကိုယ့်ကို အပိမခံဘဲ ဝန်ကိုသာ ကိုယ်က နိုင်အောင် လိမ္မာပါးနပ်စွာ အသိတရားနဲ့ ထမ်းတဲ့ ဝန်ထမ်းက တစ်မျိုးလို့။

ဝန်ထမ်းဟာ နှစ်မျိုးရှိပါတယ်။

ဒါကြောင့် ယခု တပ်ရင်းမှူးကြီးမိသားစုက ဝန်က ကိုယ့်ကို အပိမခံဘဲ ရောက်လေရာဒေသမှာ ဝန်ကိုသာ ကိုယ်က နိုင်အောင် ထမ်းမယ်ဆိုတဲ့ ရည်ရွယ်ချက်နှင့် ရောက်လေရာမှာ

အမှတ်တရ မိမိအတွက်လည်းပဲ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်း တစ်ရပ်၊ နောင်လာ နောက်သား သားစဉ် မြေးဆက်တွေလည်းပဲ အမှတ်တရ ကုသိုလ်ပွားစရာတွေ အများကြီးကျန်ရစ်တဲ့ အင်မတန်မှ အဆင့်မြင့်တဲ့ ကောင်းမှုမျိုး ပြုလုပ်အားထုတ်နေတာပေါ့။

ဒါကြောင့် ဝန်ထမ်း နှစ်မျိုးမှာ ဝန်က ကိုယ့်ကို အပိ မခံဘဲ ကိုယ်ကသာ ဝန်ကို နိုင်အောင်ထမ်းနိုင်သော ပုဂ္ဂိုလ်သည် နှလုံးသားမှာ တရားတည်ထားသော ပုဂ္ဂိုလ်ဖြစ်တာကြောင့် အဲဒီလို ဆိုရင် ကိုယ်က ဝန်ကို ထမ်းနိုင်အောင် ထမ်းကြရမှာပေါ့။ ခန္ဓာဝန်ထမ်းတာကအစ အကုန်လုံးပေါ့။ ကိုယ်က ဝန်ကို နိုင်အောင်ထမ်းရမယ်။ ဒါကြောင့် နှလုံးသားဝယ် တရားတည် တရားတည်လိုက်ရင် ဘုရားလည်း တစ်ခါတည်းပါသွားရောပေါ့။ နှလုံးသားထဲမှာ တရားတည်လိုက်တာ စေတီတည်တယ်ဆိုတဲ့ နှလုံးသားထဲမှာ တရားတည်တာပါပဲ။

**သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ၊ သဒါ ဂေါတမသာဝကာ။**
**ယေသံ ဒိဝါ စ ရတ္တော စ၊ နိစ္စံ ဓမ္မဂတာ သတိ။**

ယေသံ၊ တရားချစ်ခင် စိတ်ကောင်းဝင်သည့် အကြင်ကဲ့သို့သော သူတော်စင်ပုဂ္ဂိုလ်တို့အား။ ဒိဝါစ၊ နေ့အခါ၌လည်းကောင်း။ ရတ္တောစ၊ ညဉ့်အခါ၌လည်းကောင်း။ နိစ္စံ၊ နေ့ညမစဲ အမြဲမပြတ် အခါခပ်သိမ်း၊ ဓမ္မဂတာ၊ တရား၏ဂုဏ် စွမ်းအားယုံ၍ ပွားထုံ မပြတ် ဖြစ်ပေါ်၍ နေတတ်ပါပေသော။ သတိ၊ ဟိုပြေး ဒီပြေး ကင်းစင်ဝေး၍ အပြေးရပ်ကာ ကောင်းစွာတည်ရှိ မြတ်သတိ သည်။ အတ္ထိ၊ နှလုံးသားဝယ် တရားတည်ကာ ကောင်းစွာမသွေ

ထင်ရှား ရှိနေတတ်ပါပေ၏။ ဂေါတမသာဝကာ၊ ဂေါတမနွယ်ဖွား ရှင်တော်မြတ်ဘုရား၏ တပည့်သားသမီး ဖြစ်ကြကုန်သော။ တော၊ တရားချစ်ခင် စိတ်ကောင်းဝင်သည့် ထိုသူတော်စင်ဖြစ်တဲ့ ပုဂ္ဂိုလ်တို့ သည်၊ သဒါ ၊ နေ့ရောညပါ အခါခပ်သိမ်း။ သဒါ၊ ကောင်းဆိုး နှစ်တန် လောကဓံအာရုံနှင့် တွေ့ကြုံသမျှ အခါခပ်သိမ်း။ သဒါ၊ ဘယ်နေရာပဲရောက်ရောက် ဘယ်သူနဲ့ပဲတွေ့တွေ့ ဘယ်ကိစ္စကိုပဲ ဆောင်ရွက်ရ ဆောင်ရွက်ရ အခြေအနေပေးသမျှ အခါခပ်သိမ်း။ သုပ္ပဗုဒ္ဓံ၊ ကောင်းစွာထူးခြား နိုးကြားတက်ကြွ နှစ်ဖက်လှကြ ရလေအောင်၊ ပဗုဇ္ဈန္တိ၊ နှလုံးသားဝယ် တရားတည်ကာ ကောင်းစွာ မသွေ နိုးကြားနိုင်ကြလေကုန်သတည်း။

တရားချစ်ခင် စိတ်ကောင်းဝင်တဲ့ ပုဂ္ဂိုလ်များဟာ အချိန်ကို အလကားဖြုန်းမပစ်ကြဘဲ နေ့လည်း နေ့အခါမို့လို့၊ ညလည်း ညအခါမို့လို့၊ ဘယ်အချိန်အခါမဆို အဖိုးတန်တဲ့ အချိန်လေးတွေကို တန်ဖိုးရှိရှိ အသုံးချတယ်၊ အချိန်တိုင်း အချိန်တိုင်း မိအောင်ဖမ်း ဖို့ကလည်း တကယ်တော့ အပ္ပမာဒသတိ သာပဓာနဖြစ်တယ်၊ သတိအားကောင်းတဲ့ ပုဂ္ဂိုလ်များဟာ ဘာပဲလုပ်လုပ်ပေါ့၊ တရား စွမ်းအားပေါ်အောင် ဖော်ထုတ်ပြီး ဆောင်ရွက်ကြတယ်။

အဲဒီ သတိအားကောင်းတဲ့ ပုဂ္ဂိုလ်များဟာ တရားသတိ အားကောင်းတဲ့ ပုဂ္ဂိုလ်များဟာ နှလုံးသားတရားရောက်ပြီဆိုတော့ ဘုရားလည်း ရောက်ရောပေါ့။ ဘုရားရောက်တယ်ဆိုရင် ဂေါတမ နွယ်ဖွား ရှင်တော်မြတ်ဘုရားရဲ့ သားတွေ သမီးတွေ တပည့်တွေ ဆွေမျိုးတွေ ဖြစ်ပြီးတော့ စွမ်းအားအရှိန်အဝါ ဂုဏ်ရည်မြင့်မားပြီးတော့ ဘာနဲ့ပဲ တွေ့တွေ့ ဘယ်အခါမဆို နိုးနိုးကြားကြား တက်တက်

ကြွကြွ၊ ပြေပြေလည်လည်၊ နိုးနိုးကြားကြားနဲ့ အဲလိုနေနိုင်ကြတယ်။ တရားစွမ်းအားတွေကို ရအောင်ယူနိုင်ကြပါတယ်။ ဒါကြောင့် တရားတည်ပေးလိုက်တာ၊ စေတီတည်တယ်ဆိုတာ တရားတည်ပေးလိုက်တာ။

## အာနန္ဒာဗောဓိပင်သမိုင်း

တစ်ချိန်က မြတ်စွာဘုရား သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်မှာ ကိန်းအောင်းမွေ့လျော် သီတင်းသုံးတော်မူစဉ်တုန်းက အမှန်တော့ သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းဆိုတာ မြတ်စွာဘုရား အများဆုံး သီတင်းသုံးတဲ့ ကျောင်းတော်ကြီးဖြစ်ပါတယ်။ သာဝတ္ထိမြို့ဟာလည်း မြတ်စွာဘုရား အများဆုံး သီတင်းသုံးတဲ့ မြို့တော်ကြီးဖြစ်ပါတယ်။

ဇေတဝန်ကျောင်းတော်ကြီးရဲ့ဒကာ အများကြားဖူးတဲ့ အနာထပိဏ်သူဌေးကြီး၊ အဲဒီဇေတဝန်ကျောင်းမှာ မြတ်စွာဘုရား သီတင်းသုံးတော်မူစဉ်တုန်းက သီတင်းသုံးတယ်ဆိုပေမယ့် မြတ်စွာဘုရားဟာ ဘယ်ကျောင်းမှာမှ အမြဲ မနေနိုင်ပါဘူး။ သတ္တဝါများအတွက် တရားဟောဖို့ ဒေသစာရီကြွချီပြီးတော့ သွားနေရစမြဲပါ။ အေးအေးချမ်းချမ်း၊ အေးအေးဆေးဆေး ကျောင်းမှာထိုင်ပြီး သီတင်းသုံးနေရတယ်ဆိုတာ အင်မတန်မှ နည်းပါတယ်။

ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးသော်လည်းပဲ ကျွတ်ထိုက်တဲ့ ဝေနေယျသတ္တဝါများ နေ့တိုင်းနေ့တိုင်း ဉာဏ်မျက်စေ့မှာ ဖြန့်ကြည့်ပြီးတော့ ဉာဏ်ထဲမှာ ကျွတ်ထိုက်တဲ့ ပုဂ္ဂိုလ်များ၊ ဘုရားရဲ့ ကျေးဇူးပြုခံထိုက်တဲ့ ပုဂ္ဂိုလ်များပေါ်လာတယ်ဆိုရင်

ဘယ်လောက်ပဲဝေးဝေး၊ တစ်ယောက်တည်းဖြစ်ပါစေ ဆင်းရဲချမ်းသာ မရွေး၊ အယုတ်အလတ် အမြတ်မရွေး ကြွရောက်ပြီး တရားဟောရ တယ်။ တစ်ခါတစ်ရံလည်း နေ့ချင်းပြန်ပေါ့။ တစ်ခါတစ်ရံလည်း ရက်ရှည် ခရီးကြွနေရတာပဲ။

အဲဒီလို မြတ်စွာဘုရား သတ္တဝါများအတွက် တရားဟောဖို့ ခရီးဒေသစာရီ ကြွချီတဲ့အခါ မြို့ထဲမှာရှိတဲ့ ဒကာ၊ ဒကာမတွေ ကတော့ နေ့တိုင်းနေ့တိုင်း ကျောင်းသို့လာနေကျပါ။ ဘုရားရှိလည်း လာတာပဲ၊ ဘုရားမရှိလည်း လာကြတာပဲ။ မနက်ပိုင်းလာလည်း မနက်ပိုင်း လှူဖွယ်တန်းဖွယ်တွေနဲ့ နေ့လည်ပိုင်းလာလည်း နေ့လည် ပိုင်းအလျောက် လှူဒါန်းဖွယ်တွေနဲ့ ညနေပိုင်းရောက်တော့လည်း ပန်းတို့၊ ဆီမီးတို့ စတဲ့ လှူဖွယ်တန်းဖွယ်တွေနဲ့ ကျောင်းလာ ကြတယ်။

အထူးအားဖြင့် မြတ်စွာဘုရားအား ပူဇော်ဖို့ ဖူးဖို့ဆိုပြီးတော့ ပန်းစသည်ယူပြီးတော့ ဒကာ ဒကာမတွေ ဇေတဝန်ကျောင်းလာ ကြတော့ မြတ်စွာဘုရား ဒေသစာရီကြွချီခိုက်နဲ့ ကြုံကြိုက်တဲ့အခါမှာ ဘုရားနှင့် မတွေ့ကြရဘူး။ သူတို့ ရည်ရွယ်ချက်က ဘုရားပူဇော် မယ်ဆိုတဲ့ ရည်ရွယ်ချက်နှင့် ပန်းစသည် လှူဒါန်းဖွယ်မျိုးစုံ ယူလာကြတယ်။ လှူဖို့လို့ ယူလာကြတယ်။

ကျောင်းရောက်တော့ ဘုရားနဲ့မတွေ့တော့ စိတ်ထဲမှာ ဟာခနဲ ဖြစ်သွားကြတယ်။ စိတ်ထဲ ဟာခနဲဖြစ်တော့ ဘုရားကို ပူဇော်ဖို့ ယူခဲ့တာ ဘုရားနှင့်ကမတွေ့၊ ဘုရားကိုယ်စား ဘယ်အနား သွားပူဇော် ရမယ်လို့လည်း အသိတရားက မရှိသေး၊ ဒီလိုဆိုတော့ ယူလာခဲ့တဲ့ ပန်းစတဲ့ လှူတန်းဖွယ်တွေကို မြတ်စွာဘုရား

သီတင်းသုံးပဲ့ ဂန္ဓာကုဋီ ကျောင်းတံခါးဝနား စွန့်ထားခဲ့ပြီးတော့ အားငယ်တဲ့စိတ် ကလေးတွေနဲ့ အိမ်ပြန် ပြန်သွားကြရတယ်။ တစ်ခါမဟုတ်ဘူး၊ နှစ်ခါမဟုတ်ဘူး၊ အကြိမ်ကြိမ်ပဲ အဲဒီလိုဖြစ်ကြတယ်။ ဘုရားကလည်း ကျောင်းမှာ အမြဲတမ်း သီတင်းသုံးနေနိုင်တာ မဟုတ်ဘူး၊ ဒေသစာရီ ကြွချီရတာက အများကြီး။

အဲဒီလို ဘုရားဒေသစာရီကြွချီခိုက်နဲ့ ကြုံရတဲ့အခါများမှာ ဘုရားဖူးလာတဲ့ ပုဂ္ဂိုလ်တွေ၊ ဘုရားနှင့် မတွေ့ကြရတော့ အားငယ်ကြတယ်တဲ့။ ဆောက်တည်ရာ မရှိသလိုလို ကိုးကွယ်ရာ မရှိသလိုလို အဲလိုဖြစ်ကြတယ်။ လှူဖို့တန်းဖို့ ယူခဲ့ကြတဲ့ ပန်းစတဲ့ လှူဒါန်းဖွယ်များကိုလည်းပဲ ပူဇော်စရာနေရာက မသိသေးတော့ ဂန္ဓကုဋီ ကျောင်းတံခါးဝ စသည်မှာ ပစ်ထားခဲ့ကြတယ်တဲ့။

အဲဒါနဲ့ မြတ်စွာဘုရား ဒေသစာရီ ကြွချီရာက ပြန်လာတဲ့ အခါ အရှင်အာနန္ဒာလည်း ပါလာတယ်။ ဘုရားကြွသွားရင် အရှင်အာနန္ဒာလည်း လိုက်သွားရသဖြင့် ဘုရားပြန်ကြွလာရင် အရှင်အာနန္ဒာလည်း ပါလာစမြဲ။

ဒီတော့ ဒကာ ဒကာမတွေက ဒီအကြောင်းကို ပဓာနကျောင်း ဒကာကြီးဖြစ်တဲ့ အနာထပိဏ်သူဌေးကြီးကို ပြောကြတာပေါ့။ မြတ်စွာဘုရားဖူးဖို့ မြတ်စွာဘုရားထံ လှူဖို့တန်းဖို့ ပူဇော်ဖို့ သွားတဲ့အခါ ဘုရားနဲ့မတွေ့ရလို့ အားငယ်တဲ့အကြောင်း၊ ပူဇော်စရာ မတွေ့လို့ ပန်း စသည်ကို ဂန္ဓကုဋီကျောင်းတံခါးမှာ စွန့်ပစ်စားခဲ့ရတဲ့ အကြောင်း၊ ဒါကြောင့် တကယ်လို့များ ဘုရားရှင် ဒေသစာရီ ကြွချီတဲ့အခါမှာ ဘုရားအား ပူဇော်စရာ ဘုရားကိုယ်စား ပူဇော်စရာ လေးများရှိရင် ကောင်းမှာ၊ မြတ်စွာဘုရားအား လျှောက်ပေးပါဦးလို့

လူတွေက ကျောင်းဒကာ အနာထပိဏ်သူဌေးကြီးကို ပူဆာကြ ပြောကြတယ်။

အဲဒါနဲ့ မြတ်စွာဘုရား ဒေသစာရီ ကြွချီရာက ပြန်ကြွ လာတဲ့အခါ အရှင်အာနန္ဒာလည်းပါလာတော့ အရှင်အာနန္ဒာထံ သွားပြီးတော့ အနာထပိဏ်သူဌေးကြီးက လျှောက်တယ်။ အရှင်ဘုရား မြတ်စွာဘုရားက ဇေတဝန်ကျောင်း သီတင်းသုံးတယ်ဆိုပေမယ့် အမြဲတမ်း သီတင်းသုံးနိုင်တာ မဟုတ်တော့ သတ္တဝါများအတွက် တရားဟောဖို့သွားရတယ်ဆိုတော့ မြတ်စွာဘုရား ဒေသစာရီ ကြွချီတဲ့အခါ ဟောဒီ ဇေတဝန်ကျောင်းထဲမှာ ဘုရားဆိတ်သုဉ်းသလိုပဲ ဖြစ်နေပါတယ်ဘုရား။ ဘုရားဖူးဖို့ လှူဖို့ တန်းဖို့လာတဲ့ ပုဂ္ဂိုလ်များ၊ ဘုရားနဲ့မတွေ့တော့ အားငယ်ကြတယ်ဘုရား၊ ဘုရားကိုယ်စား ကိုးကွယ်စရာကလည်းမရှိတော့ လှူဖို့ တန်းဖို့ ယူခဲ့တဲ့ဥစ္စာတွေကို ဂန္ဓကုဋိကျောင်းတိုက်တံခါးနားမှာ ဒီအတိုင်းပဲ ချထားခဲ့ စွန့်ထား ခဲ့ရတယ်ဘုရား။ ဒါကြောင့် မြတ်စွာဘုရားကို လျှောက်ပေးပါပေါ့၊ ဘုရားမရှိတဲ့အခါ ဘုရားကိုယ်စား ကိုးကွယ်စရာ ပူဇော်စရာများ မြတ်စွာဘုရား မိန့် ကြားပေးပါဘုရား၊ ညွှန်ကြားပေးတော်မူပါဘုရား၊ အဲဒီလို အရှင်ဘုရားက မြတ်စွာဘုရားကို လျှောက်ပေးပါဦးဘုရားလို့ ကျောင်းဒကာ အနာထပိဏ်သူဌေးကြီးက (အရှင်အာနန္ဒာ၊ လောက အပြောပြောတော့ ဘုရားရဲ့ ကိုယ်ရေးအရာရှိပေါ့၊ ဘုရားရဲ့ ကိုယ်ရေးအရာရှိလို့ ခေါ်ဆိုရမယ့်) အရှင်အာနန္ဒာကိုလျှောက်တော့ အရှင်အာနန္ဒာက မြတ်စွာဘုရားထံ သွားလျှောက်၊ မြတ်စွာဘုရားထံ သွားလျှောက်တော့ အရှင်အာနန္ဒာက မေးခွန်းပဲလျှောက်ပါတယ်။

## စေတီသုံးမျိုး

"မြတ်စွာဘုရား လောကမှာ စေတီဘယ်နှစ်မျိုးရှိပါသလဲ ဘုရား"

"သုံးမျိုးရှိတယ် အာနန္ဒာ"

သုံးမျိုးဆိုတာက ဓမ္မစေတီမပါဘဲနဲ့ သုံးမျိုးပြောတာပါ။ တချို့နေရာမှာ လေးမျိုးဆိုတာက ဓမ္မစေတီ ထည့်ပြီးတော့ လေးမျိုးလို့ ပြောတာ၊ အခု မြတ်စွာဘုရားက-

"သုံးမျိုးရှိတယ် အာနန္ဒာ"

"အဲဒီသုံးမျိုးက ဘာတွေလဲဘုရား"

"သုံးမျိုးဆိုတာ ပရိဘောဂစေတီ၊ ဥဒ္ဒိဿစေတီ၊ ဓါတုစေတီ ပေါ့"

ဓါတုစေတီကို သရီရစေတီလို့လည်းခေါ်တယ်၊ မြတ်စွာဘုရားရဲ့ ခန္ဓာကိုယ်မှ ဖြစ်ပေါ်လာသောကြောင့် ဓါတုစေတီကို သရီရစေတီ လို့လည်းခေါ်တယ်။ ဒါကြောင့် "ပရိဘောဂစေတီရယ်၊ ဥဒ္ဒိဿ စေတီရယ်၊ ဓါတုစေတီရယ်လို့ သုံးမျိုးရှိတယ် အာနန္ဒာ၊ အဲဒီ သုံးမျိုးရှိတယ် အာနန္ဒာ။"

အဲဒီသုံးမျိုးထဲမှာ ဓမ္မစေတီထည့်လိုက်ရင် စေတီလေးမျိုးဆိုတာ ပေါ်လာတယ်။

## စေတီဆိုတာ

စေတီဆိုတာ ပါဠိလို စေတိယ၊ စေတိယဆိုတာ မြတ်နိုးထိုက် တယ်၊ ပူဇော်ထိုက်တယ်၊ လေးစားထိုက်တယ်၊ မြတ်မြတ်နိုးနိုး အားကိုးထိုက်တယ်၊ အဲဒါကို စေတီလို့ခေါ်ပါတယ်။

အဲဒီသုံးမျိုးရှိတယ်လို့ မြတ်စွာဘုရားက မိန့်ကြားတော့ အရှင်အာနန္ဒာက "မြတ်စွာဘုရား၊ အဲဒီ စေတီသုံးမျိုးကို မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်မှာပဲ တည်လို့ ဖြစ်ပါသလားဘုရား" လို့ အရှင်အာနန္ဒာက ပညာရှိပီပီ လျှောက်တယ်။ ဒကာ ဒကာမတွေက ဘယ်လို လျှောက်ခိုင်းလို့ဘုရား၊ အနာထပိဏ် သူဌေးကြီးက ဒီလိုလျှောက်ခိုင်းလို့ဘုရား တစ်လုံးမှ မပြောဘူး၊ ပညာရှိကြီးပီပီပဲ လိမ္မာပါးနပ်စွာ စေတီတည်လို့ဖြစ်ပါမယ့် အကြောင်းကို လမ်းခင်းပြီးတော့ အရှင်အာနန္ဒာ လျှောက်နေပုံကလေး။

## သက်တော်ထင်ရှားရှိစဉ်မှာဝင်

အဲဒီ စေတီသုံးမျိုး ပရိဘောဂစေတီ၊ ဥဒ္ဒိဿစေတီ၊ ဓါတုစေတီဆိုတဲ့ စေတီသုံးမျိုး၊ "မြတ်စွာဘုရား သက်တော်ထင်ရှား ရှိနေစဉ်မှာပဲ တည်လို့ဖြစ်ပါသလားဘုရား" ဆိုတော့ "နှစ်မျိုး တည်လို့ဖြစ်တယ် အာနန္ဒာ။"

ဓါတုစေတီဆိုတာကတော့ ဘုရား ပရိနိဗ္ဗာန်စံမှပဲ တည်လို့ဖြစ်တယ်။ ဓါတုစေတီဆိုတာ ဘုရားရဲ့ အရိုးဓါတ်တော်ကို ခေါ်တာ၊ အရိုးဓါတ်တော်ဆိုတာကတော့ ဘုရားမရှိတဲ့နောက် ပရိနိဗ္ဗာန် စံပြီးမှပဲ ရမှာပေါ့။

ပရိဘောဂစေတီနဲ့ ဥဒ္ဒိဿစေတီဆိုတာကတော့ ငါဘုရား သက်တော်ထင်ရှားရှိနေစဉ်မှာပဲ တည်လို့ဖြစ်ပါတယ် အာနန္ဒာဆိုတော့ အရှင်အာနန္ဒာက ဒီလိုဆို မြတ်စွာဘုရား၊ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိနေစဉ်မှာပဲ ပရိဘောဂစေတီနှင့် ဥဒ္ဒိဿစေတီ တည်လို့ဖြစ်တယ်ဆိုရင် တပည့်တော် စေတီတည်ချင်ပါတယ်ဘုရား ဆိုတော့—

## ပရိဘောဂစေတီ

မြတ်စွာဘုရားက ပရိဘောဂစေတီဆိုတာ ငါဘုရား အသုံး အဆောင် သဗ္ဗညုတရွှေဉာဏ်ကို ထိုးထွင်း၍ သိရာဖြစ်တဲ့ ဗောဓိပင်ပေါ့။

ဗောဓိပင်လို့ပြောလိုက်ရင် သပိတ်တော်တို့၊ သင်္ကန်းတော်တို့ စတဲ့ ဘုရားအသုံးအဆောင်၊ ပြီးတော့ စေတီကြီးတွေပေါ့၊ မြေပေါက်စေတီဆိုတာ အမှန်တော့ ဘုရားရဲ့ သီတင်းသုံးရာ ကျောင်းဆောင်ကြီးတွေပါ၊ ကျောင်းဆောင်ကြီးတွေ ဆိုတာကလည်း အသုံးအဆောင်တွေမို့လို့ ပရိဘောဂစေတီပဲ၊ စေတီကြီးတွေ မှန်သမျှအားလုံး ဘုရားရဲ့ သီတင်းသုံးရာ အုတ်ဂူ၊ အုတ်ကျောင်း ကြီးများသဖွယ် တည်ဆောက်ထားတာဖြစ်သောကြောင့် ပရိဘောဂ စေတီအရာမှာ တည်တယ်။ ဗောဓိပင်တို့ဆိုတာလည်းပဲ မြတ်စွာ ဘုရားရဲ့ အသုံးအဆောင် ပရိဘောဂစေတီလို့ပဲခေါ်တယ်။ ဘုရားရဲ့ အသုံးအဆောင် သပိတ်တော်တို့၊ သင်္ကန်းတော်တို့ စတဲ့ ဥစ္စာအားလုံး၊ အသုံးအဆောင်အားလုံးကို ပရိဘောဂစေတီ၊ ဒါကြောင့် "ငါဘုရား သဗ္ဗညုတဉာဏ် ထိုးထွင်းသိရာဖြစ်တဲ့ ဗောဓိပင်ဆိုတာ ပရိဘောဂ စေတီပဲ ချစ်သားအာနန္ဒာ"

ဥဒ္ဒိဿစေတီဆိုတာကတော့ ငါဘုရားရဲ့ ဂုဏ်တော်ကို အာရုံပြုပြီးတော့ ကြည်ညိုမြတ်နိုးစွာ ကိုးကွယ်ရတဲ့အလုပ်ပါ။ အဓိကတော့ အာရုံပြုတတ်ဖို့၊ စိတ်ထားတတ်ဖို့သာ ပဓာနပါ။

အဲဒီလိုဆိုတော့ မြတ်စွာဘုရား အဲလို မိန့်ကြားတော်မူတော့ အရှင်အာနန္ဒာက အဲလိုဆိုလို့ရှိရင် တပည့်တော် ဟောဟိုက

ဇေတဝန်ကျောင်းတံခါးပေါက်မှာ မြတ်စွာဘုရား သဗ္ဗညုတဉာဏ်ကို ထိုးထွင်းသိမြင်ရာဖြစ်တဲ့ မဟာဗောဓိပင်က ဗောဓိစေ့ကို ယူပြီးတော့ ဗောဓိပင် စိုက်ပျိုးချင်ပါတယ်ဘုရားတဲ့၊ မြတ်စွာဘုရား ကျောင်းမှာမရှိတဲ့အခါမှာ ဒကာ ဒကာမတွေ ပူဇော်ဖို့လာတဲ့အခါမှာ မြတ်စွာဘုရားနဲ့ မတွေ့တော့ ပူဇော်စရာနေရာမတွေ့တော့ အားငယ်ကြတယ်ဘုရား၊ ဒါကြောင့် မြတ်စွာဘုရားမရှိတဲ့အခိုက် ဒကာ ဒကာမတွေ ပူဇော်ဖို့ လှူတန်းဖို့လာကြတဲ့အခါ ပူဇော်စရာ လှူတန်းစရာ ဘုရားကို အာရုံပြု ပူဇော်လှူတန်းစရာအဖြစ်ဖြင့်ရအောင် ပရိဘောဂစေတီအဖြစ် ဇေတဝန်ကျောင်းတံခါးပေါက်မှာ ဗောဓိပင် စိုက်ချင်တယ် ဘုရား၊ ဗောဓိပင်ကလည်း မြတ်စွာဘုရား သဗ္ဗညုတဉာဏ်ကို ထိုးထွင်း၍သိရာဖြစ်တဲ့ မဟာဗောဓိပင်က ဗောဓိညောင်စေ့ကို ယူပြီးတော့ စိုက်ပျိုးမှာပါဘုရားလို့ အရှင်အာနန္ဒာက လျှောက်တော့ မြတ်စွာဘုရားက–

ကောင်းတာပေါ့ အာနန္ဒာ၊ ဇေတဝန်ကျောင်း တံခါးပေါက်မှာ ဗောဓိပင်ကြီး စိုက်ပျိုးလိုက်တော့ ဟောဒီ ဇေတဝန်ကျောင်းကြီးဟာ ငါဘုရား အမြဲသီတင်းသုံးသလို ဖြစ်သွားမှာပေါ့၊ ဒီဇေတဝန်ကျောင်းထဲမှာ ငါဘုရား အမြဲသီတင်းသုံးနေသလို ဖြစ်တော့မှာ၊ လာသမျှလူတွေ လှူဖို့တန်းဖို့ ပူဇော်ဖို့ အားကိုးဖို့ လာကြတဲ့ ပုဂ္ဂိုလ်အားလုံး ဘုရားရဲ့ဂုဏ် အာရုံပြုပြီးတော့ လှူကြတန်းကြ ပူဇော်ကြမယ်ဆိုရင် ကုသိုလ်တွေပွားကြမှာပေါ့။ ငါဘုရားနဲ့ အမြဲတွေ့နေသလိုပဲနေမှာပေါ့ အာနန္ဒာ၊ ဘုရားက ကောင်းတယ်လို့ထောက်ခံတယ်၊ ခွင့်လည်းပြုတယ်။

အဲဒီ အကြောင်းအရာကို အရှင်အာနန္ဒာက ပသေနဒီ ကောသလမင်းကြီးထံလည်း အကြောင်းကြားတယ်၊ ကျောင်းဒကာ

အနာထပိဏ် သူဌေးကြီးထံလည်း အကြောင်းကြားတယ်၊ ပုပ္ဖါရုံ ကျောင်းအမကြီး ဝိသာခါထံလည်း အကြောင်းကြားတယ်၊ ဒီအပြင် အရေးပါအရာရောက်တဲ့ ဒကာ ဒကာမတွေထံလည်း အကြောင်း ကြားတယ်။

## အရှင်မဟာမောဂ္ဂလာန်ထံ အကူအညီတောင်း

ပြီးတော့ အရှင်အာနန္ဒာက အရှင်မဟာမောဂ္ဂလာန်ထံ သွားအကူအညီတောင်း၊ "အရှင်ဘုရား၊ တပည့်တော် ဇေတဝန် ကျောင်းတံခါးပေါက်မှာ ဗောဓိပင် စိုက်ပျိုးချင်တယ်ဘုရား၊ အရှင် ဘုရားရဲ့ တန်ခိုးနှင့် မဟာဗောဓိပင်က ဗောဓိညောင်စေ့ရအောင် ဆောင်ရွက်ပေးတော်မူစေချင်ပါတယ်ဘုရား" ဆိုတော့ အရှင်မဟာ မောဂ္ဂလာန်က "ဟာ လွယ်ပါတယ် အာနန္ဒာ၊ ဗောဓိညောင်စေ့ရဖို့ မခက်ပါဘူး၊ ငါတာဝန်ယူပါတယ်" ဆိုပြီးတော့ အရှင်မဟာမောဂ္ဂ လာန်က တန်ခိုးနဲ့ ကောင်းကင်ခရီးကနေ မြတ်စွာဘုရားပွင့်ခဲ့တဲ့ မဟာဗောဓိပင်ကိုကြွ၊ အဲဒီကို ကြွပြီးတော့ ဗောဓိညောင်သီးတစ်လုံးဟာ အညှာကနေကြွေကျခိုက် အရှင်မဟာမောဂ္ဂလာန်က ဟိုအောက်က မြေကြီးပေါ်မရောက်မီ ကြွေကျလျှင် ကြွေကျချင်း သင်္ကန်းနဲ့ လှမ်းခံယူလိုက်တယ်။

သင်္ကန်းနဲ့ လှမ်းခံယူပြီးတော့ ကောင်းကင်ခရီးနဲ့ပဲ ဇေတဝန် ကျောင်းကို ပြန်ကြွခဲ့တယ်။ ဗောဓိညောင်သီးတစ်လုံး ပါလာခဲ့တယ်။

## ဗောဓိပင်မျိုးစေ့စိုက်ပျိုး

အဲဒီထဲမှာ ညောင်စေ့တွေ မျိုးစေ့တွေပါလာတယ်ပေါ့၊ အရှင်အာနန္ဒာက ဒကာ ဒကာမတွေ အသိပေးပြီးတော့ စေခိုင်း

သင့်တဲ့ ပုဂ္ဂိုလ်များကို ကျောင်းတံခါးပေါက်မှာ မြေရှင်း၊ တွင်းများတူး ခိုင်းပေါ့၊ အားလုံး ကိစ္စပြီးပြီဆိုတဲ့အခါမှာ ရွှေပေါင်းချောင်ထဲမှာ နံ့သာနဲ့ ထုံထားတဲ့ မြေများထည့်ပြီးတော့ အဲဒီဗောဓိညောင်စေ့များကို ချပြီးတော့ ပသေနဒီကောသလမင်းကြီးကို စိုက်ပျိုးခိုင်း၊ ပသေနဒီ ကောသလမင်းကြီးကလည်း ကျောင်းဒကာ အနာထပိဏ် သူဌေးကြီးလက်ထဲလွှဲ၊ အနာထပိဏ်သူဌေးကြီးက ဗောဓိညောင်စေ့ကို အဲဒီထဲမှာ ကျဲချစိုက်ပျိုးလိုက်တယ်ဆိုရင်ပဲ အံ့ဩစရာကောင်း လောက်အောင်တဲ့ ဗောဓိညောင်ပင်ကြီး ဘွားခနဲဆို ချက်ချင်း ပေါ်ပေါက်လာသတဲ့။

စေတနာအားတွေ၊ သဒ္ဓါအားတွေ၊ တန်ခိုးအားတွေ အကုန် လုံးပေါ့၊ နှလုံးသားတရားတည်ဆိုတဲ့အတိုင်း ဘုရားယုံကြည်မှုက သိပ်အားကောင်း၊ တရားယုံကြည်မှုက သိပ်အားကောင်း၊ စွမ်းအား တွေက အင်မတန်အားကောင်းလွန်းလို့ ယုံနိုင်စရာမရှိဘူးတဲ့။

တစ်ခါတည်း ဘွားခနဲဆို ဗောဓိညောင်ပင်ကြီး ချက်ချင်း ထပေါက်လာ၊ ပေါက်လိုက်တာ အထက်ကို အတောင်ငါးဆယ်၊ ဘေးလေးဖက်လေးတန်ကိုလည်း အတောင်ငါးဆယ်၊ အကိုင်းအခက် တွေ တစ်ခါတည်း ရှုမငြီး အံ့မခန်းနိုင်လောက်အောင် ဗောဓိပင် ကြီး ဘွားခနဲပေါက်လာသတဲ့။

အဲဒါနဲ့ အရှင်အာနန္ဒာက ဘုရားထံသွားလျှောက် "ဗောဓိပင် စိုက်ပျိုးပြီးပါပြီ ဘုရား၊ အဲဒီဗောဓိပင်မှာ မြတ်စွာဘုရား ဖလ သမာပတ် ဝင်စားတော်မူပါဘုရား၊ အသုံးချတော်မူပါဘုရား" ဆိုတော့ မြတ်စွာဘုရားလည်း အဲဒီစိုက်ပျိုးထားတဲ့ ဗောဓိပင် အောက်သွား၊ အဲဒီမှာပဲ တစ်ညလုံး ဖလသမာပတ်ဝင်စားပြီးတော့ အသုံးချတော်မူတယ်။ ပရိဘောဂစေတီပေါ့။

အရှင်အာနန္ဒာကို အကြောင်းပြုပြီးတော့ စိုက်ပျိုးတဲ့ ဗောဓိပင်ဖြစ်လို့ "**အာနန္ဒာဗောဓိ**" လို့ အဲလိုခေါ်တယ်။ အဲလိုဆိုရင် ဘုရားဂုဏ်ကို အာရုံပြုတာ အဓိကပါ။ အဓိကအားဖြင့် နှလုံးသားမှာ တရားတည်တာပါ။ နှလုံးသားတရားတည်တဲ့ စွမ်းအားကြောင့်မို့လို့ ဇေတဝန် ကျောင်းတံခါးပေါက်မှာ ဘုရားကိုယ်စား ဘုရားရဲ့ အသုံးအဆောင် မဟာဗောဓိပင်မှ အပွားဖြစ်တဲ့ ဗောဓိပင်ဆိုတာ ပေါ်လာရတယ်။ ဘုရားကိုယ်တိုင် ခွင့်ပြုထားတယ်။

## ဘုရားရှိစဉ်ကတည်းက

ဒါကြောင့် စေတီဆိုတာ ဘုရားရှိကတည်းက ပေါ်လာတဲ့ ဥစ္စာပါ။ ဘုရားကိုယ်တိုင်လည်း ခွင့်ပြုထားတယ်၊ ကောင်းတယ်တဲ့၊ ငါဘုရားမရှိတဲ့နောက် ငါဘုရားမရှိတဲ့အခါ ငါဘုရားကိုယ်စား ဖြစ်တာပေါ့၊ ဘုရားကို အာရုံပြုပူဇော်ရင် တကယ့်ဘုရားနဲ့ တွေ့ရသလိုပဲ၊ ပူဇော်ရသလို အကျိုးဟာရပါတယ်လို့ ဘုရားကလည်းပဲ ချီးမွမ်းဂုဏ်တင်ထားတာပဲ။

ယခု တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး တင်ဦးနှင့် မိသားစုများ ဤမဟာအာယုဒီယ ကျောင်းတိုက်အတွင်းမှာ စေတီ၊ ပရိဘောဂစေတီ ညောင်ပင် စိုက်ပျိုးမယ်၊ ပရိဘောဂစေတီတည်တယ်။

ဒါ ဘုရား အင်မတန်ချီးမွမ်းတဲ့အလုပ်ပါ။

ဓမ္မစေတီတည်တယ်၊ ပိဋကတ်သုံးပုံ နိကာယ်ငါးရပ် ဓမ္မစေတီများ တည်ထားကိုးကွယ်မယ်။

ဓါတုစေတီ၊ ဓါတ်တော်များ တည်ထားကိုးကွယ်တယ်။

ဥဒ္ဒိဿစေတီ၊ ရုပ်ပွားဆင်းတုစေတီတော်များ တည်ထားကိုးကွယ်တယ်။

• စေတီလေးမျိုးလုံး ခုနက ဘုရားဟောကြားတဲ့ စေတီသုံးမျိုးထဲမှာ ဓမ္မစေတီကို ထည့်လိုက်တော့ စေတီလေးမျိုး။

## ဓမ္မစေတီက ဝဓာန

အဲဒီလေးမျိုးထဲမှာ တကယ်တော့ ဓမ္မစေတီက ပဓါနဖြစ်ပါတယ်၊ ဘာလို့တုန်းဆိုတော့ ပရိဘောဂစေတီဆိုတာလည်း ဓမ္မစွမ်းအားနဲ့ မကြည့်ရင် ဘာထူးတာမှတ်လို့ သစ်ပင်ပဲ၊ ပကတိမျက်စေ့နဲ့ကြည့်ရင် ဘာမှမထူးဘူး၊ ကိုးကွယ်တတ်မှာလည်း မဟုတ်ဘူး၊ ကုသိုလ်ရအောင် ယူတတ်မှာလည်းမဟုတ်ဘူး။

ထို့အတူပဲ ဥဒ္ဒိဿစေတီ ပကတိမျက်စေ့နဲ့ကြည့်စမ်း၊ ဘာထူးလို့လဲ။ လူတွေ ထုထားတဲ့အရုပ်ပဲ၊ ကျောက်ရုပ်တွေမှာပေါ့၊ ကြေးရုပ်တွေမှာပေါ့၊ ရွှေရုပ်တွေ၊ သစ်သားရုပ်တွေ တွေ့မှာပေါ့။

ထို့အတူပဲ ဓါတုစေတီ အရိုးဓါတ်တော်ဆိုတာလဲ ဘာထူးလဲ၊ ဓါတ်တော်ဆိုတာ အသက်လည်း မပါ၊ စိတ်လည်း မပါ၊ ပကတိမျက်စေ့နဲ့ ကြည့်လို့ကတော့ ဘာမှမထူးဘူး။

အဲဒီ ပကတိမျက်စေ့နဲ့ ဘာမှ မထူးဘူးလို့ ထင်ရတဲ့ဥစ္စာကို ဓမ္မစေတီလို့ ခေါ်ဆိုရတဲ့ ပရိယတ္တိလမ်းညွှန် တရားအသိနဲ့ ကြည့်လိုက်ခါမှ ပရိဘောဂစေတီရဲ့ တန်ဖိုး၊ ဥဒ္ဒိဿစေတီရဲ့တန်ဖိုး၊ ဓါတုစေတီရဲ့ တန်ဖိုးဆိုတာ လေးလေးနက်နက် သိရတယ်၊ စေတီလေးမျိုးထဲမှာ ဓမ္မစေတီက ပဓါန။

## စေတီလေးမျိုး

"ပရိဘောဂ၊ ဥဒ္ဒိဿ၊ ဓမ္မ, ဓါတု လေးမျိုးရှိ"

စေတီဟာ လေးမျိုးရှိတယ်။ ပရိဘောဂ= မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ် အခါကာလတုန်းက အသုံးပြုတော်မူခဲ့ တဲ့ ဗောဓိညောင်ပင် အစရှိတဲ့ အသုံးအဆောင်တွေ၊ တစ်ခါ အုတ်ကျောင်းလို့ခေါ်ရတဲ့ ပရိဘောဂစေတီ။

## ဥဒ္ဒိဿစေတီ

ဥဒ္ဒိဿဆိုတာ ရုပ်ပွားဆင်းတုတော်၊ လူတွေ ထုထားတာပါ။ ပန်းပုဆရာတွေ ထုထားတာပါ၊ ပကတိမျက်စေ့နဲ့ကြည့်လို့တော့ ဘာမှ မထူးဘူး။

ဓမ္မစေတီလို့ခေါ်ဆိုရတဲ့ ဓမ္မစွမ်းအားနဲ့ကြည့်လိုက်တဲ့ အခါ ကာလကျတော့မှ ဥဒ္ဒိဿစေတီ= ဘုရားကို ကိုယ်စားပြုပြီးတော့ ကိုးကွယ်ရတာ၊ ဥဒ္ဒိဿဟာ မြန်မာလို "ရည်ရွယ်၍၊ ရည်စူး၍၊ အာရုံပြု၍" ပကတိမျက်စေ့အမြင်နှင့် မကြည့်ပါနဲ့၊ ဉာဏ်အမြင်နှင့် ဂုဏ်သွင်း ပြီးတော့မှကြည့်ပါ။ ဉာဏ်အမြင်နှင့် ဂုဏ်သွင်းပြီး အာရုံပြုကိုးကွယ်မှ ပူဇော်ရတာဖြစ်လို့ ဥဒ္ဒိဿစေတီလို့ ခေါ်တာပါ။ ပကတိမျက်စေ့နှင့် ကြည့်လို့တော့ ဘာမှ ထူးမှမထူးဘဲ အရုပ်ပဲ။

လောကမှာ ကြည့်ပေါ့၊ အာဇာနည်ခေါင်းဆောင်ကြီးတွေကို အလေးပြုကြတယ်၊ တချို့နေရာမှာ ကြေးရုပ်ရှိတယ်၊ တချို့နေရာမှာ ကျောက်ရုပ်ရှိတယ်။ တချို့နေရာ ဘာမှမရှိဘူး။ ဘာပဲအလေးပြု ပြုပေါ့။ ကျောက်ရုပ်ပဲ အလေးပြုပြု၊ ကြေးရုပ်ပဲအလေးပြုပြု၊ ခါတ်ပုံပဲအလေးပြုပြု သူတို့ရဲ့ နိုင်ငံအတွက် အသက်ပေးပြီးတော့

လွတ်လပ်ရေးအတွက် ကြိုးစားဆောင်ရွက်ခဲ့တဲ့ ကျေးဇူးဂုဏ်တွေ အာရုံပြုပြီးတော့ အလေးပြုကြတာ၊ ကျောက်ရုပ်တွေ၊ ကြေးရုပ်တွေ၊ ဓါတ်ပုံတွေ အလေးပြုတာမှ မဟုတ်ဘဲ၊ ဂုဏ်တွေကို အာရုံပြု အလေးပြုကြတာ။

ထို့အတူပဲပေါ့၊ နိုင်ငံတော်အလံတို့၊ ပြည်ထောင်စုအလံတို့ ကြည့်ပါ။ အဝတ်ကို ချုပ်ထားတာပဲ၊ အဝတ်ကို ချုပ်ထားတာ မှန်သော်လည်း အလံရဲ့ ပုံစံ၊ အလံရဲ့ အချိုးအစား၊ အလံရဲ့ အရောင်အသွေးနဲ့ ချုပ်ပြီးတဲ့အခါမှာ ဒါ· ဒို့ဝတ်တဲ့ လုံချည်နှင့် ဘာထူးတာမှတ်လို့၊ ဒို့ဝတ်တဲ့ အင်္ကျီနှင့် ဘာထူးတာမှတ်လို့၊ ဘယ်သူမှ မပြောပါဘူး။ ဒို့နိုင်ငံတော်ရဲ့ အောင်လံပဲဆိုပြီးတော့ ပြည်ထောင်စုဖွား တိုင်းရင်းသားများက အဝတ်ကို ချုပ်ထားတဲ့အလံကို လေးလေးစားစား. အရိုအသေပေးကြတယ်၊ အရိုအသေပြုကြတယ်၊ အလေးပြုတယ်၊ မြတ်မြတ်နိုးနိုးနဲ့ တန်ဖိုးထားကြတယ်။ ဒါ ဉဒ္ဒိဿပဲ၊ ဘာထူးတာမှတ်လို့၊ ကိုယ်ဝတ်နေတဲ့ လုံချည်လည်း အဝတ်ပဲ၊ အလံလည်း အဝတ်ပဲကိုး။

သို့သော် ပကတိမျက်စေ့နှင့် မကြည့်တော့ပါဘူး၊ ဉာဏ်နဲ့ ကြည့်ကြတယ်။ ဒို့နိုင်ငံတော်ရဲ့ အောင်လံပဲဆိုပြီးတော့ အဝတ်ကို ချုပ်ထားတဲ့ ပြည်ထောင်စုအလံ၊ နိုင်ငံတော်အလံကို ပြည်ထောင်စုဖွား တိုင်းရင်းသားတွေက မြတ်မြတ်နိုးနိုးနဲ့ အလေးပြုကြတယ်၊ အရိုအသေ ပေးကြတယ်၊ နိုင်ငံအတွက် အသက်ပေးပြီး လွတ်လပ်ရေးအတွက် ကြိုးစားသွားကြတဲ့ အာဇာနည်ခေါင်းဆောင်ကြီးတွေ၊ ဓါတ်ပုံတို့၊ ကြေးရုပ်တို့၊ ကျောက်ရုပ်တို့ အလေးပြုကြတဲ့အခါမှာ သူတို့ရဲ့

စွမ်းဆောင်ချက် ကျေးဇူးတွေကို အာရုံပြုပြီးတော့ အလေးပြုကြတယ်၊ အရိုအသေပေးကြတယ်။ အဲဒါ ဥဒ္ဒိဿပဲ၊ ဒါမျိုးလိုပေါ့၊

ပကတိမျက်စေ့နှင့် ကြည့်လိုက်တဲ့အခါမှာ ကျောက်ရုပ်တွေ၊ ကြေးရုပ်တွေ၊ ရွှေရုပ်တွေ၊ အဲဒါကို ဉာဏ်နှင့်ပုံသွင်းပါ၊ ကျေးဇူးဂုဏ်တွေကို သွင်းပါ၊ ဒို့အတွက် အိုနာ သေမှု ဆင်းရဲအစုစုတို့မှ လွတ်မြောက်ရာလွတ်မြောက်ကြောင်း တရားကောင်းတွေကို ဟောပြပေးတော်မူတဲ့ ကျေးဇူးအလွန်ကြီးတော်မူတဲ့ မြတ်စွာဘုရား၊ ဘဝနေနည်း၊ အာရုံနဲ့ စိတ်အဆင်ပြေအောင် နေနည်း၊ ဘဝကို ပြဿနာမဖြစ်ရအောင် ပြဿနာဖြေရှင်းနည်း အစရှိသည်ဖြင့် နေတတ်ဖို့၊ ထိုင်တတ်ဖို့၊ ဘဝသံသရာခရီးသွားတတ်ဖို့၊ အားလုံး အောက်ခြေသိမ်းကအစ ဟို အထက်ဆုံး လောကုတ္တရာအထိ ဘာတစ်ခုမှ မကျန်ရအောင် လမ်းညွှန်ပေးတော်မူတဲ့ တကယ့်ကျေးဇူးအလွန်ကြီးတော်မူတဲ့ မြတ်စွာဘုရားလို့ သက်တော်ထင်ရှားဘုရားရဲ့ဂုဏ်အထိ အာရုံပြုပြီးတော့ ကိုးကွယ်ပူဇော်ရတာကို ဥဒ္ဒိဿစေတီ၊ ဥဒ္ဒိဿကစေတီလို့လည်း ခေါ်ပါတယ်။ ဥဒ္ဒိဿစေတီ၊ ဒါကြောင့်–

"ပရိဘောဂ၊ ဥဒ္ဒိဿ၊ ဓမ္မ,ဓါတု လေးမျိုးရှိ"

## ဓမ္မစေတီ

ဓမ္မဆိုတာ ရသလောက်ပြောရင် မဂ်၊ ဖိုလ်၊ နိဗ္ဗာန် ဓမ္မကွန်။ မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်၊ ပရိယတ္တိ။ ပရိယတ္တိနှင့် လောကုတ္တရာတရား ကိုးပါးပြောလိုက်ရင် ပရိယတ်နှင့် ပဋိဝေဓ ဆက်သွယ်ပေးသော ပဋိပတ္တိဟာ တစ်ခါတည်းပါသွားပြီ။

အဲဒီမှာ ဓမ္မစေတီဟာ ပဓာနအားဖြင့် ပရိယတ္တိတဲ့၊ လမ်းညွှန်ပရိယတ္တိပါ။ ပရိယတ္တိလမ်းညွှန်ကြောင့် ကျင့်နည်း၊ ကြံနည်း၊ အားထုတ်နည်းကို သိတဲ့အတွက် ပဋိပတ္တိလမ်းစဉ်နှင့် ကျင့်တယ်၊ ကျင့်နည်း၊ ကြံနည်း၊ အားထုတ်နည်းမှန်တဲ့အတွက် မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်ဆိုတဲ့ လောကုတ္တရာဆိုတဲ့ ပဋိဝေဓကိုရတယ်။ ပြီးတော့ ဒီပရိယတ္တိလမ်းညွှန်ကြောင့် ခုနပြောတဲ့ ပရိဘောဂစေတီအကြောင်းတွေ၊ ဥဒ္ဒိဿစေတီအကြောင်းတွေ၊ ဓါတုစေတီအကြောင်းတွေ အားလုံးသိရတာယ်။ တကယ်တော့ ဓမ္မသာပဓာနပါ။

## ဓါတုစေတီ

ဓာတု=မြတ်စွာဘုရားရဲ့ အရိုးဓါတ်တော်စသည်၊ အဲဒါက ဓါတုစေတီ။

"ပရိဘောဂ၊ ဥဒ္ဒိဿ၊ ဓမ္မ၊ ဓါတု လေးမျိုးရှိ။ ထိုလေးမျိုးမှာ၊ တရားသာ၊ မှန်စွာစွမ်းအားပြည့်"

## ဓမ္မစေတီအရေးကြီးတယ်

အဲဒီစေတီလေးမျိုးမှာ ဓမ္မစေတီခေါ်တဲ့တရားသာ ပဓာနပါတဲ့၊ ပရိဘောဂစေတီကို ဂုဏ်သွင်းပူဇော်တတ်ဖို့ကလည်း ဓမ္မစေတီအရေးကြီးပါတယ်။ ဥဒ္ဒိဿစေတီကို ဂုဏ်သွင်းပြီးပူဇော်တတ်ဖို့ကလည်း ဓမ္မစေတီအရေးကြီးပါတယ်။ ဓါတုစေတီကို ဂုဏ်သွင်းပြီးပူဇော်တတ်ဖို့ဆိုတာလည်းပဲ ဓမ္မစေတီခေါ်တဲ့ တရားလမ်းညွှန်ကို တိတိကျကျ၊ ပြည့်ပြည့်ဝဝနှင့် ရှင်းရှင်းလင်းလင်း၊ ပြတ်ပြတ်သားသားနားလည်ထားဖို့လိုပါတယ်။

ဒါကြောင့် နှလုံးသားဝယ်တရားတည် ဆိုတာ တရားတည် တတ်မှ ဘုရားကိုလည်း တည်တတ်တယ်၊ ဘုရားကိုလည်း အာရုံပြုတတ်တယ်၊ အလှူကို အလှူနှင့်တူအောင် လုပ်တတ်တယ်၊ သီလကို သီလနှင့်တူအောင် ကျင့်သုံးတတ်တယ်၊ ဘာဝနာကို ဘာဝနာနှင့်တူအောင် ပွားတတ်တယ်၊ ကုသိုလ်ကို ကုသိုလ်နှင့် တူအောင် လုပ်တတ်ပါတယ်။ ဒီတော့ စေတီတည်လိုက်တယ်ဆိုတာ တရားတည်တာပေါ့။ စေတီလေးမျိုးမှာ တရားက ပဓာနဆိုတာလည်း တွေ့ရတယ်ပေါ့။ အဲဒါ လိုက်ဆိုကြပေါ့-

- ပရိဘောဂ၊ ဥဒ္ဒိဿ၊ ဓမ္မ၊ ဓါတု လေးမျိုးရှိ၊
- ထိုလေးမျိုးမှာ၊ တရားသာ၊ မှန်စွာခွမ်းအားပြည့်။

## သာသနာကြာကြာတည်အောင်

ဒါကြောင့် စေတီလေးမျိုးတို့တွင် ဓမ္မစေတီသည် ပဓာန၊ ဒါကြောင့် ယခု တစ်ရင်းမှူးကြီး ဒုတိယဗိုလ်မှူးကြီးတင်ဦး၊ ဒေါ်သီတာဌေးတို့မိသားစု ဓမ္မစေတီကိုလည်း ပူဇော်ရာရောက် အောင် ပိဋကတ်သုံးပုံ နိကာယ်ငါးရပ် ကျမ်းစာများကိုလည်းပဲ မိမိတို့က တည်ထားကိုးကွယ်လိုက်တော့ တော်တော်ဟန်ကျသွားတာ ပေါ့။ အတော့ကို ဟန်ကျတဲ့၊ အကွက်စေ့သွားတဲ့ စေတီတည်ထား ချက် ဖြစ်သွားတယ်။ ဓမ္မစေတီပါသွားတော့ ကျန်တဲ့စေတီသုံးမျိုး တည်ရတာလည်းပဲ သိပ်လေးနက် သွားတာပေါ့။ စေတီလေးမျိုး တစ်ပြိုင်တည်း တည်တတ်တဲ့ပုဂ္ဂိုလ်က တကယ်ပြောရင်တော့ အင်မတန်ရှားပါတယ်။ စေတီလေးမျိုးလုံးကို တစ်ပြိုင်တည်းတည်နိုင်သူ၊ တည်နိုင်လောက်အောင် အသိတရားရှိသူ၊ အသိပေါ်လာသူ၊ သတိပေါ်လာသူတော့ ရှားမှာပေါ့။

ဒါကြောင့် ရှားရှားပါးပါးထဲမှာ မိမိတို့ ထူးခြားတဲ့စိတ်ထားဖြင့် ကိုယ့်အတွက်လည်းပဲ စွမ်းအားတွေရ၊ နောင်လာ နောင်သားတွေ အတွက်လည်းပဲ ကုသိုလ်ပွားစရာဖြစ်၊ ဓမ္မစေတီကိုပါ တည်လိုက်တယ်ဆိုတော့ သာသနာအတွက်လည်းပဲ ကြာကြာတည်အောင် ဆောင်ရွက်ရာရောက်သွားတာပေါ့။ ဓမ္မစေတီကသာ သာသနာ ကြာကြာတည်အောင် ဆောင်ရွက်နိုင်မယ်၊ ခုနက စောစောက ပရိသတ်အပေါင်း သူတော်ကောင်းတွေဆိုလိုက်တဲ့ သရဏဂုံသုံးပါး၊ အမှတ်တမဲ့ဆိုရိုးဆိုစဉ်နှင့်ဆိုရင်တော့ ဘာမှမထူးပါဘူး။ သေသေချာချာ ဉာဏ်နဲ့၊ သဒ္ဓါနဲ့စဉ်းစားကြည့်လိုက်တော့ ဘယ်နှစ်ခေါက်ပဲဆိုဆို ရိုးသွားတယ်လို့လည်း မရှိပါဘူး။ ဟောင်းသွားတယ်လို့လည်း မရှိပါဘူး။

"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ" မနက်အိပ်ရာထဆိုလည်း မရိုးပါဘူး၊ ဟောင်း မသွားပါဘူး၊ နေ့လယ်တစ်ခါပြန်ဆိုပြန်တော့လည်း ရိုးသွားတယ် ဟောင်းသွားတယ်လို့မရှိ၊ ညနေပိုင်းဆိုလည်း မရိုး၊ မဟောင်း၊ ညပိုင်းဆိုတော့လည်း ရိုးတယ် ဟောင်းတယ်လို့ မရှိ။

လောကဘယ်လောက်နားထောင်ကောင်းတဲ့ သီချင်းတွေဖြစ်ပါစေ ထပ်တလဲလဲ ဖွင့်နေစမ်းပါ၊ နားကို ပူသွားတာပဲ၊ ဘယ်လောက် ကောင်းတဲ့ နားထောင်ကောင်းတဲ့ သီချင်းဖြစ်ပါစေ၊ ထပ်တလဲလဲ ပြန်ပြန်ဖွင့်နေရင် နားကိုပူသွားတာပဲ၊ ဟော "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ" ရွတ်တဲ့ပုဂ္ဂိုလ်ဟာ သဒ္ဓါနဲ့ ပီတိနဲ့ ပညာနဲ့သာ ရွတ်စမ်း၊

ဝတယ်လို့မရှိဘူး၊ ရိုးတယ်လို့မရှိဘူး၊ အိုသွားတယ်လို့မရှိဘူး၊ ဟောင်းသွားတယ်လို့ မရှိဘူး။

သူများရွတ်တာကို သဒ္ဓါ၊ ပီတိ၊ ပညာနဲ့ နားထောင်ကြည့်စမ်း၊ နားပူသွားတယ်မရှိဘူး၊ ရိုးသွားတယ်မရှိဘူး၊ ဟောင်းသွားတယ်မရှိဘူး၊ ဒီဟာကကို အရှိန်အဝါတော့ပါနေတယ်ဆိုတာ သေချာသွားပြီ။ နှလုံးသားမှာတရားတည်ပြီးတော့ ရွတ်တတ်တဲ့ ပုဂ္ဂိုလ်တွေ ဘယ်နှစ်ခါပဲရွတ်ရွတ် ရိုးတယ် ဟောင်းတယ်လို့ ဘယ်တော့မှ မရှိ၊ နှလုံးသားမှာတရားတည်ပြီးမှ နားထောင်တဲ့ပုဂ္ဂိုလ်တွေ ဘယ်နှစ်ခါပဲ နားထောင် နားထောင် ရိုးသွားတယ်၊ ဟောင်းသွားတယ်လို့ ဘယ်တော့မှ မရှိ၊ အဲဒါကတည်းက အရှိန်အဝါတွေပါနေတယ်ဆိုတာ သေချာသွားပါပြီ။

## ဓမ္မံ ရဏံ ဂစ္ဆာမိက သာသနာကို ပြ

ဒါကြောင့် "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ" ဆိုတဲ့ သရဏဂုံသုံးပါးမှာ အလယ်က "ဓမ္မံ သရဏံ ဂစ္ဆာမိ" ဆိုတာက သာသနာကို ပြတယ်၊ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်၊ ဓမ္မက္ခန်ဆိုတဲ့ တရားဆယ်ပါး သာသနာကိုပြတယ်။ ဓမ္မက္ခန်ဆိုတဲ့ ပရိယတ္တိ ဓမ္မစေတီကို ပြောလိုက်လို့ရှိရင် ခုနကအတိုင်းပေါ့၊ ပရိယတ်နှင့်ပဋိဝေဓကို ဆက်သွယ်ပေးတဲ့ ပဋိပတ်ဆိုတာလည်း ပါသွားပါပြီ။

သိအောင်လုပ်တာ **ပရိယတ်**။

သိတဲ့အတိုင်း လက်တွေ့ကျင့်တာ **ပဋိပတ်**။

အကျင့်မှန်လို့ရလာတဲ့ ထူးထွင်းသိမှုရလဒ်ကို ပဋိဝေဓ။

ဒါကြောင့် ဓမ္မ သရဏံ ဂစ္ဆာမိမှာပါတဲ့ ဓမ္မက သာသနာကို ဖော်ပြတယ်။ သာသနာဆိုတာ လူတွေထားရမယ့် ရည်ရွယ်ချက်ကို ပြတယ်။ လူတွေသွားရမယ့် လမ်းကြောင်းကို ပြတယ်၊ လူတွေ လုပ်ရမယ့် စည်းကမ်း, မူ, ဘောင်ကို သပ်သပ်ရပ်ရပ် ပြတ်ပြတ်သားသားနဲ့ သတ်မှတ်ပြတယ်။

ဘဝခရီးကို သွားတဲ့အခါကာလမှာ ရည်ရွယ်ချက်မပါဘဲနဲ့လည်း မသွားပါနဲ့၊ လမ်းကြောင်းမရှိဘဲနဲ့လည်း ကြုံသလို မသွားပါနဲ့၊ စည်းကမ်း, မူ, ဘောင်မပါဘဲနဲ့လည်း ကြုံသလို မလုပ်ပါနဲ့တဲ့၊ အချိန်တိုင်း အဖိုးတန်အောင် လုပ်ငန်းတိုင်း စွမ်းအားပြည့်အောင် အဖိုးတန်အောင်ဆိုတဲ့ "ဓမ္မ သရဏံ ဂစ္ဆာမိ" မှာပါတဲ့ လမ်းညွှန်ချက် တရားလမ်းကြောင်းအတိုင်းသွားပါ။

နေ့စဉ် နေ့စဉ် ခန္ဓာဝန်ကို ထမ်းဆောင်ရင်းနဲ့ ဆောင်ရွက်နေကြတဲ့ စားဝတ်နေရေးကိစ္စတွေ၊ လူမှုရေးကိစ္စတွေ၊ စီးပွားရေးကိစ္စတွေ အဲဒါ အကုန်လုံးကို တရားအလုပ်နဲ့ တစ်သားတည်း ပေါင်းမိချင်ရင်တော့ "ဓမ္မ သရဏံ ဂစ္ဆာမိ" ဆိုတဲ့ သာသနာလမ်းကြောင်းပေါ် တက်ခဲ့ပါ။ သာသနာလမ်းကြောင်းပေါ်၊ တရားလမ်းကြောင်းပေါ် တက်လိုက်တာနဲ့ စားဝတ်နေရေးတွေအကုန်လုံး နိဗ္ဗာန်ရောက်ကြောင်းတရားနဲ့ တစ်သားတည်းပေါင်းမိသွားမယ်။

နေ့စဉ် ဆောင်ရွက်နေတဲ့ လူမှုရေး ကိစ္စတွေ၊ နိဗ္ဗာန်ရောက်ကြောင်းတွေ ဖြစ်သွားပြီ၊ တရားနဲ့ တစ်သားတည်းပေါင်းမိသွားပြီ၊

နေ့စဉ် ဆောင်ရွက်နေတဲ့ စီးပွားရေး အလုပ်တွေ တရားလမ်းကြောင်းပေါ်ကိုသာ တက်ခဲ့ပါ။ တရားအလုပ်နဲ့ နိဗ္ဗာန်ရောက်ကြောင်း စီးပွားရေးအလုပ်ဟာ တစ်သားတည်း ပေါင်းမိသွားမယ်။ ဟန်ကျတာပေါ့။

အေးကာက တစ်လမ်း၊ ပူတာက တစ်လမ်း နှစ်လမ်းခွဲဖို့ မလိုတော့ဘူး။ နေ့စဉ် လုပ်နေတဲ့ အလုပ်အားလုံးဟာ စိတ်အေးစရာ အကုန်လုံးဖြစ်သွားမယ်။ ဒါကြောင့် ရည်ရွယ်ချက်မှန်သူတွေ၊ အကြောင်းမှန်သူတွေ၊ လုပ်ငန်း၊ စည်းကမ်း၊ မူ၊ ဘောင် သပ်သပ်ရပ်ရပ်ကလေးနဲ့ သွားတတ်တဲ့ ပုဂ္ဂိုလ်တွေဟာ ဘဝခရီးမှာ ရှင်းရှင်းနဲ့ သွားတတ်ကြတယ်။ အဖိုးတန်အောင် သုံးတတ်ကြတယ်၊ ကိုယ့်အတွက်ပေးထားတဲ့ ခံစားခွင့်တွေ၊ လုပ်ပိုင်ခွင့်တွေ အကျွက်စေအောင် အဖိုးတန်အောင် အသုံးချတတ်ကြတယ်။

ဒါကြောင့် "ဓမ္မံ သရဏံ ဂစ္ဆာမိ" က သာသနာကို ဖော်ပြတယ်။ လူတွေထားရမယ့် ရည်ရွယ်ချက်ကို ပြတယ်၊ လူတွေ သွားရမယ့် လမ်းကြောင်းကို ပြတယ်၊ လူတွေလုပ်ရမယ့် စည်းကမ်း၊ မူ၊ ဘောင်ကိုလည်း သပ်သပ်ရပ်ရပ် သတ်မှတ်ပေးပြတယ်။

## သာသနာဖော်ထုတ်ပေးသူ ဗြ

"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" ဆိုတာက သာသနာဖော်ထုတ်ပေးတဲ့ ပုဂ္ဂိုလ်ကို ပြတယ်၊ သာသနာအဖိုးတန်တာတော့ မှန်တယ်၊ ဒါပေမယ့် သူလို ကိုယ်လို ပုဂ္ဂိုလ်တွေက ထဖော်ထုတ်လို့ ရတာမှမဟုတ်ဘဲ။

တရားအကုန်လုံး ကိုယ်တိုင်ပင် ထိုးထွင်းသိတဲ့ ပစ္စေကဗုဒ္ဓါ အဆူဆူ သာသနာ့ပကာလမှာ ပွင့်ကြပေါ်ကြပေမယ့် ဒီလို သာသနာဖော်ထုတ်နိုင်စွမ်းမရှိကြပါ။ ပစ္စေကဗုဒ္ဓါများဟာ ကိုယ့်ဟာကိုယ်သာ သိနိုင်တာ၊ သူများကိုသိအောင် ဟောမပေးနိုင်ဘူး။ ပြောမပေးနိုင်ဘူး။ သာသနာပေါ်လာအောင် မဖော်ထုတ်နိုင်ဘူး။ ဒါကြောင့် "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ"မှာပါတဲ့ ဗုဒ္ဓဆိုတာ သာသနာ ဖော်ထုတ်ပေးတဲ့ ပုဂ္ဂိုလ်ကိုပြတယ်။

## သာသနာပေါ်လာဖို့အရေး

ဤကဲ့သို့ သာသနာပေါ်လာ ရပါမယ့်အကြောင်း အနည်းဆုံး လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း၊ ဒါက နိယတဗျာဒိတ်ရပြီးကာမှ သတ်မှတ်ထားတဲ့အချိန်၊ နိယတဗျာဒိတ် မရခင် ကြိုးစားအားထုတ်ခဲ့ရတဲ့ ကာလဆိုတာက အများကြီး၊ ဒီလို သာသနပေါ်အောင် ဖော်ထုတ်နိုင်ပါမည့်အကြောင်း တရားလုံးစုံ အကုန်သိတဲ့ သဗ္ဗညုတ ဉာဏ်ကြီး ရပါမည့်အကြောင်း အသက်တွေ အများကြီး စွန့်ခဲ့ရ၊ သွေးတွေ အများကြီးစွန့်ခဲ့ရ၊ ဘဝတွေ အများကြီး အနစ်နာခံရ၊ ဗဟိဒ္ဓ ပစ္စည်းဆိုတာကတော့ အရေအတွက်ကို မထားတော့ဘူး၊ အသက်နဲ့ ခန္ဓာကိုတောင် အရေအတွက်မထားဘဲ အထူးချွန်ဆုံး ဉာဏ်ကို ရချင်တာနဲ့ စွန့်လွှတ်ပြီး အနစ်နာခံကြိုးစားခဲ့ရတာ ကြိုးစားပြီး ဖော်ထုတ်ခဲ့လို့လည်း ဤကဲ့သို့ အံ့သြစရာ သာသနာ ပေါ်လာတာ၊ ဒါကြောင့် "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ"လို့ ဆိုလိုက်တာနဲ့ သာသနာ ဖော်ထုတ်ပေးတဲ့ ပုဂ္ဂိုလ်ထူးကြီး ဉာဏ်ထဲမှာ ရှင်းခနဲ ပေါ်လာရတယ်။

## သာသနာစောင့်ရှောက်ပေးသူ ပြ

"သံဃံ သရဏံ ဂစ္ဆာမိ"ဆိုတာက သာသနာစောင့်ရှောက်ပေးနေတဲ့ ပုဂ္ဂိုလ်ကို ဖော်ပြတယ်။ သာသနာ သူ့ဟာသူ တည်တာမှ မဟုတ်ဘဲ၊ စောင့်ရှောက်နေသူရှိလို့သာ သာသနာတည်နေတာ၊ "သံဃံ သရဏံ ဂစ္ဆာမိ" မှာပါတဲ့ သံဃာဆိုတဲ့ ဥစ္စာက သာသနာ စောင့်ရှောက်နေတဲ့ ပုဂ္ဂိုလ်ကို ပြတယ်။ ပဓာနအားဖြင့် အရိယာသံဃာ၊ မဂ္ဂဋ္ဌာန်လေးယောက်၊ ဖလဋ္ဌာန်လေးယောက်၊ ပဓာနအားဖြင့် အရိယာသံဃာကို ပြတယ်။

သို့သော် အရိယာသံဃာသည် သူ့ဟာသူ မိုးပေါ်ကကျလာသူ မဟုတ်ပါ။ ပုထုဇဉ်က အဆင့်ဆင့်တက်သွားလို့ ရောက်လာတဲ့အဆင့် ဖြစ်တယ်။ ဒါကြောင့် သမ္မုတိသံဃာ၊ ယခု အများအားဖြင့် တွေ့မြင်နေကြရတဲ့ သံဃာတွေက သမ္မုတိသံဃာ၊ သမ္မုတိသံဃာလည်း ရုပ်ပွားဆင်းတုနဲ့ အတူတူပဲ။ အသက်ပါတာနဲ့ မပါတာဘဲ ကွာတယ်။ ရုပ်ပွားဆင်းတုလည်း ကိုးကွယ်တတ်မှ ကုသိုလ်ပွားတယ်၊ သမ္မုတိသံဃာလည်း ကိုးကွယ်တတ်မှ ကုသိုလ်ပွားတယ်။ သမ္မုတိသံဃာဆိုတာလည်း "ဓမ္မံ သရဏံ ဂစ္ဆာမိ"ပြတ်သားမှ လျှုတန်း ကိုးကွယ်တတ်တယ်။ ဒါကြောင့် "သံဃံ သရဏံ ဂစ္ဆာမိ" မှာပါတဲ့ သံဃာဆိုတာ သာသနာစောင့်ရှောက်ပေးနေတဲ့ ပုဂ္ဂိုလ်ကို ပြတယ်။

## စောင့်ရှောက်ကြပုံ

အဲ စောင့်ရှောက်တော့လည်း မကွယ်ပျောက်ရုံလေး ထိုင်ပြီး စောင့်ရှောက်နေတာ မဟုတ်၊ မိမိကိုယ်တိုင် သိသလောက်

လက်တွေ့ကျင့်ကြံကြိုးကုတ် ပွားများ အားထုတ်ပြီးတော့ ဤကဲ့သို့ အဖိုးတန်တရားရတနာတွေကို တရားနဲ့ ထိုက်တန်တဲ့ ပုဂ္ဂိုလ်တွေ အားလုံး သိကြပါစေ၊ နားလည်ကြပါစေ၊ တတ်ကြပါစေ၊ ကျင့်ကြံအားထုတ်တတ်ကြပါစေ၊ အားထုတ်နိုင်ကြပါစေ၊ အချိန်မီ သိကြပါစေလို့ ဂုဏ်ပကာသနလာဘ်လာဘ ဘာမှ မမျှော်လင့်ဘဲ မေတ္တာစစ်စစ်၊ ကရုဏာစစ်စစ်တွေနဲ့ ဟောပေးတယ်၊ ပြောပေးတယ်၊ ပို့ချပေးတယ်၊ သင်ပြပေးတယ်၊ လမ်းညွှန်ပေးတယ်၊ ရေးသားပေး တယ်၊ ဖြန့်ဝေပေးတယ်၊ မေတ္တာစစ်စစ်နဲ့ ဆောင်ရွက်ပေးပါတယ်။ ကိုယ်တိုင်လည်း ကျင့်တယ်၊ အဖိုးတန်တရားတွေ ပြန့်ပွားအောင်လည်း ဖြန့်ပေးတယ်၊ မကွယ်ပျောက်ရအောင်လည်း စောင့်ရှောက်ပေးပါတယ်။

အဲလို အလယ်က "ဓမ္မ သရဏံ ဂစ္ဆာမိ" ရှင်းခဲ့ပြတ်သား မှ၊ တစ်နည်းအားဖြင့် ဓမ္မစေတီပြတ်သားမှ ပြတ်ပြတ်သားသား ရှင်းနေမှ ရှေးက "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ"လည်း ပြတ်ပြတ်သားသား အာရုံပြုတတ်မယ်၊ "သံဃံ သရဏံ ဂစ္ဆာမိ"လည်း ပြတ်ပြတ် သားသား အာရုံပြုတတ်မယ်။

## အုတ်ပုံကြီးတွေဖြစ်သွားမယ်

"ဓမ္မံ သရဏံ ဂစ္ဆာမိ" ပျောက်သွားတာနဲ့တစ်ပြိုင်နက် ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ပျောက်သွားမယ်၊ သံဃံ သရဏံ ဂစ္ဆာမိ ပျောက်သွားမယ်၊ ဓမ္မစေတီမရှိတော့ဘူးဆိုရင် "ဓမ္မံ သရဏံ ဂစ္ဆာမိ" မရှိတော့ဘူးဆိုရင်တော့ စေတီကြီးတွေအကုန်လုံး အုတ်ပုံ ကြီးတွေဖြစ်သွားတော့မယ်။ ရှေးဟောင်းပစ္စည်း အလှကြည့်သာ ကြည့်တော့မယ်၊ ဘုရားအနေနဲ့တော့ ဘယ်သူမှ ကိုးကွယ်တတ်မှာ

လည်း မဟုတ်ဘူး၊ ကိုးလည်း ကိုးကွယ်တော့မှာ မဟုတ်တော့ပါဘူး။ ပကတိမျက်စေ့နဲ့မြင်ရတဲ့ အရုပ်ကြီးတွေ၊ အုတ်ပုံကြီးတွေပဲ ဖြစ်သွားတော့မယ်။ အုတ်ပုံကြီးတွေ၊ ကျောက်ပုံကြီးတွေ၊ ရွှေပုံကြီးတွေ ရှေးဟောင်းပစ္စည်း၊ ဒါ ရှေးဟောင်းလက်ရာတစ်ခုပဲလို့ ရှေးဟောင်းပစ္စည်းတစ်ခုအနေနဲ့သာ ကြည့်ကြတော့မှာ၊ ရှိခိုးစရာ၊ မြတ်နိုးစရာ၊ ပူဇော်စရာအနေနဲ့ ဘယ်သူမှ သိခွင့်ရမှာမဟုတ်တော့ပါ။

ဒါတွေဟာ အုတ်ပုံကြီးတွေဖြစ်သော်လည်းပဲ သာမန်အုတ်ပုံ မဟုတ်ဘူး။ သက်တော်ထင်ရှား မြတ်စွာဘုရားအထိ အာရုံပြုပြီး တော့မှ ဘုရားသိတင်းသုံးတဲ့ ကျောင်းအတွင်းမှာ ဓါတ်တော် စသည့်ကို ထားတဲ့ ဘုရား သိတင်းသုံးရာကျောင်းတော်ကြီးအလား အာရုံပြုပူဇော်ရမယ့် ပရိဘောဂစေတီကြီးပဲလို့ သိအောင် "ဓမ္မစေတီ" က ထွန်းပြပေးတယ်။ မီးရောင်ပမာ ညွှိထွန်းပေးတယ်၊ ဓမ္မစေတီ ပျောက်သွားရင် စေတီကြီးတွေအကုန်လုံး အုတ်ပုံကြီးတွေ၊ ကျောက်ပုံကြီးတွေ ပြန်ဖြစ်တော့မှာ။

ခုနကပြောတဲ့အတိုင်း ရှေးဟောင်းပစ္စည်းအနေနဲ့သာ ကြည့်နေကြတော့မှာပါ။ ရှေးဟောင်းပစ္စည်းအနေနဲ့ အလှကြည့်ချင် ကြည့်ကြတော့မှာ၊ ဘုရားအနေနဲ့ မကိုးကွယ်ကြတော့ပါ။ ကိုးကွယ်နိုင်မှာလည်း မဟုတ်တော့ပါ။

ထို့အတူပဲ ရုပ်ပွားဆင်းတုတွေ၊ ဓမ္မ သရဏံ ဂစ္ဆာမိ ပျောက်သွားရင်း၊ ဓမ္မစေတီ ပျောက်သွားရင်း၊ အကုန်လုံး အရုပ်ကြီးတွေပြန်ဖြစ်တော့မှာ၊ ကျောက်ရုပ်ကြီးတွေ၊ ကြေးရုပ်ကြီးတွေ၊ ရွှေရုပ်ကြီးတွေ၊ ဒါလည်းပဲ ရှေးဟောင်းပစ္စည်းအနေနဲ့ အလှကြည့်သာ ကြည့်ကြတော့မှာ၊ ဒါက ရှိခိုးရမယ့် ဥစ္စာပဲ၊

မြတ်နိုးရမယ့် ဥစ္စာပဲ၊ ပူဇော်ရမယ့် ဥစ္စာပဲ၊ သက်တော်ထင်ရှား မြတ်စွာဘုရားအထိ အာရုံပြုပူဇော်တတ်လို့ရှိရင် ကောင်းကျိုးအနန္တ ကို ရစေနိုင်တယ်လို့ သိကြမှာ မဟုတ်ဘူး။

"ဓမ္မစေတီ" ခေါ်တဲ့ ဓမ္မလမ်းညွှန်ရှိနေသောကြောင့်သာ ပကတိမျက်စေ့အားဖြင့် အရုပ်ကြီးတွေဖြစ်သော်လည်းပဲ ဉာဏ်နဲ့သဒ္ဓါနဲ့ သက်တော်ထင်ရှား ဘုရားအထိ အာရုံပြုပူဇော်တတ်လို့ရှိရင် တကယ် ဘုရားနဲ့ တွေ့ရသလိုပဲ၊ လေးလေးနက်နက် ကုသိုလ်ဖြစ် အောင် ဆည်းကပ်မြတ်နိုးပူဇော်တတ် လှူဒါန်းတတ်တယ်လို့ သိရတာဟာ အမှန်တော့ "ဓမ္မစေတီ"ရဲ့ စွမ်းအားပါ။ ဓမ္မစေတီ မရှိရင် ရုပ်ပွားဆင်းတုအကုန်လုံး အရုပ်တွေပဲ ဖြစ်ကုန်မှာ။

## ဓမ္မစေတီကြောင့်သာ

ထို့အတူ ဓါတုစေတီလည်း ဘာထူးလဲ၊ ဓမ္မ သရဏံ ဂစ္ဆာမိ မရှိရင် ကိုးကွယ်တတ်မှာမဟုတ်ပါဘူး။ ဓမ္မသရဏံ ဂစ္ဆာမိမှာပါတဲ့ ဓမ္မစေတီစွမ်းအားကြောင့် ဓမ္မစေတီအလင်းရောင် ကြောင့်သာ အော် ဒါဘုရားရဲ့ဓါတ်တော်တွေပဲ၊ သက်တော်ထင်ရှား မြတ်စွာဘုရားအထိ အာရုံပြုပူဇော်တတ်လို့ တကယ် ဘုရားနှင့် တွေ့ရသလိုပဲ၊ ကုသိုလ်အနန္တ ရစေနိုင်တယ်။ အဲလိုသိရတာ ဓမ္မစေတီခေါ်ရတဲ့ တရားလမ်းညွှန်ချက် အလင်းရောင်ကြောင့် သိရတာပါ။

ထို့အတူပဲပေါ့၊ "သံဃံ သရဏံ ဂစ္ဆာမိ" လည်းပဲ ဓမ္မံ သရဏံ ဂစ္ဆာမိ ပျောက်သွားရင် သံဃံ သရဏံ ဂစ္ဆာမိလည်း ပျောက်သွားမှာ၊ သံဃာကို သံဃံလို ကိုးကွယ်တတ်မှာ မဟုတ်ဘူး၊

ခုနလိုပဲ ဥဒ္ဒိဿ စေတီလိုပဲ အရုပ်ကို ဘုရားဖြစ်အောင် ကိုးကွယ်တတ်တာ "ဓမ္မ သရဏံ ဂစ္ဆာမိ"ကြောင့် သမ္မုတိသံဃာကို "သံဃံ သရဏံ ဂစ္ဆာမိ" အထိ၊ အရိယာသံဃာတွေရဲ့ ဂုဏ်အထိ ကိုးကွယ်တတ်တာ "ဓမ္မံ သရဏံ ဂစ္ဆာမိ" ကျေးဇူးကြောင့် ဓမ္မံ သရဏံ ဂစ္ဆာမိ ပျောက်သွားရင် ဗုဒ္ဓနှင့်သံဃာ ပျောက်သွားမယ်၊ မပျောက်ရအောင်လို့ ဓမ္မက ထိန်းထားတာ။

## အရုပ်အနေနဲ့သာ ကပ်လှူနေတာ

အိမ်တစ်အိမ်မှာ သားအမိနှစ်ယောက်ရှိတယ်။ သမီးရယ်၊ အမေရယ်၊ သားအမိနှစ်ယောက်၊ မိခင်ဖြစ်သူက သမီးကို နေ့တိုင်း ဘုရားရေကပ်၊ ဆွမ်းကပ်၊ ပန်းကပ်၊ ဆီမီးကပ်၊ သူ့အချိန်နဲ့သူ အဲလို ခိုင်းတယ်။ ခိုင်းတော့ သမီးဖြစ်သူက ဘုရားဆွမ်းတော်ကပ်တော့ လက်ဖက်ရည်သောက်ပန်းကန်ထဲမှာ ဆွမ်းလေးတစ်ဇွန်းစာ လောက်ထည့်၊ ဆွမ်းလေးတစ်ဇွန်းစာလောက်ထည့်ပြီးတော့ ဟင်းလေး တစ်ဖွဲ့စီ တစ်ဖွဲ့စီထည့်ပြီးတော့ ရေလေးက နည်းနည်းရောလိုက်တယ်၊

အဲဒါကို မိခင်ဖြစ်သူက မြင်တော့ သမီးရယ် ဒီလက်ဖက်ရည် သောက် ပန်းကန်ထဲ တစ်ဇွန်းစာလေး ဆွမ်းကပ်လို့ ဘုရားက ဝမှာတဲ့လား၊ မျှတမှာတဲ့လား၊ ဘုရားက မျှတအောင် ဘုဉ်းပေးနိုင်မှာ တဲ့လား၊ နည်းလှချည်လားပြောတော့ သမီးက "အမေ၊ ဘုရားက ဘုဉ်းပေးတာမှ မဟုတ်ဘဲ၊ အရုပ်ကြီးပဲ" တဲ့။

ဒီတော့ သူ့အဖြေက ရှင်းပြီလေ၊ သူ ဘုရားဆွမ်းကပ်တာ ဘုရားအနေနဲ့ ကပ်တာ မဟုတ်ဘူး၊ အရုပ်အနေနဲ့ ကပ်နေတယ် ဆိုတာ သေချာသွားပြီ။ ဘာလို့လဲ ဓမ္မံ သရဏံ ဂစ္ဆာမိ

ပျောက်သွားလို့၊ ဓမ္မစေတီပျောက်တော့ ဥဒ္ဒိဿစေတီလည်း ပျောက်တော့တာပေါ့။ ပကတိမျက်စေ့အမြင်နဲ့ သူဆွမ်းကပ်နေတာ၊ "အ႔မေတဲ့၊ ဘုရားက ဘုဉ်းပေးတာမှမဟုတ်ဘဲ အရုပ်ကြီးပဲ"တဲ့။ အရုပ်ဆိုတာ ဘုဉ်းပေးတာမှမဟုတ်ဘဲ၊ ဒီလက်ဖက်ရည်သောက် ပန်းကန်လေးတစ်လုံးနဲ့တောင် ကုန်အောင် ဘုဉ်းပေးမှာ မဟုတ်ဘဲ၊ ဒီလိုဆိုတော့ သူ့အဖြေလေးက ရှင်းရှင်းလေးပဲ။

သူဆွမ်းကပ်၊ ဘုရားဆွမ်းတော်တင်နေခြင်းသည် ဘုရားအနေနဲ့ လှူနေခြင်းမဟုတ်၊ အရုပ်အနေနဲ့သာ သူလှူနေတာ၊ လှူရင်လည်း ဘုရားက ဘုဉ်းပေးမှာမဟုတ်ဘူး။ သူကသိတယ်။ အဲဒါ ဘာလို့လဲ ဆိုရင် ဓမ္မ သရဏံ ဂစ္ဆာမိ ပျောက်နေလို့။ တစ်နည်းအားဖြင့် စေတီလေးမျိုးမှာ ဓမ္မစေတီမရှိလို့၊ ဓမ္မစေတီမရှိရင် ဥဒ္ဒိဿစေတီလည်း ပျောက်သွားပြီး ထို့အတူပဲ ပရိဘောဂစေတီတွေလည်း ပျောက်သွားပြီး ဓါတုစေတီတွေလည်း ပျောက်သွားပြီ။

ဒါကြောင့် ဓမ္မစေတီဟာ ပရိဘောဂ၊ ဥဒ္ဒိဿ၊ ဓါတုစေတီ အားလုံးကို ဉာဏ်နဲ့သဒ္ဓါနဲ့ ဆည်းကပ်တတ်၊ မြတ်နိုးတတ်၊ ကိုးကွယ်တတ်၊ ပူဇော်လှူဒါန်းတတ်အောင် အလင်းရောင်ညှိထွန်း ပေးသော ပဓါနစေတီ ဖြစ်တယ်။

## ဓမ္မစေတီပါတွဲတည်လိုက်တော့

ဒီလိုဆိုရင် စေတီလေးမျိုးမှာ ဓမ္မစေတီပါ တွဲတည်လိုက်တော့ တော်တော့်ကို ဟန်ကျသွားတယ်။ အလင်းရောင်ညှိထွန်းတဲ့စေတီ ပါ ပါသွားလို့၊ အဲလိုဆိုရင် နှလုံးသားတရားဘည်တဲ့စွမ်းအားဟာ အလွန်အဖိုးတန်တယ်ပေါ့။ အဲလိုနဲ့ ယခု ကုသိုလ်ပွားစရာတွေ

၃၆၂ တပ်ရင်းမှူးကြီး ဒုတိယဗိုလ်မှူးကြီး တင်ဦး၊ ဒေါ်သီတာဌွေး သား မောင်အောင်ဌွေးဦး၊ မောင်ဇေယျာဦးတို့မိသားစု ယခု အင်ဒိုင်းကြီးရွာ မဟာအာယုဒီဃကျောင်းတိုက်ကြီးအတွင်းမှာ ပရိဘောဂစေတီလည်း တည်နေကြပြီ။ ဥဒ္ဒိဿစေတီလည်း တည် နေကြပြီ။ ဓမ္မစေတီလည်း တည်နေကြပြီ။ ဓါတုစေတီလည်း တည်နေကြပြီ။ အဓိကတော့ ဓမ္မစေတီအားကောင်းလို့ ဤကဲ့ သို့ တည်နိုင်ကြတာပါ။

## ဆွေစိတ်မျိုးစိတ်

တပ်မမှာရုံမှာလည်း ဥဒ္ဒိဿစေတီ တည်ထားကိုးကွယ်တယ် ပေါ့။ အဲလိုဆို ကုသိုလ်ပွားစရာတွေ အမှတ်တရ စောစောကပြော သလိုပေါ့၊ ဝန်ထမ်းစိတ်၊ ဝန်က ငါ့ကို အပိမခံနိုင်ဘူးလေ၊ ရောက်နေတဲ့ နေရာမှာ တွေ့ရတဲ့ အလုပ်ဟာ ကိုယ့်အလုပ်ပဲ၊ တွေ့တဲ့လူတွေဟာ ကိုယ့်ဆွေမျိုးတွေပဲ။ ရောက်တဲ့နေရာ ကိုယ့်အရပ်ပဲ ဆိုတဲ့ ဆွေစိတ် မျိုးစိတ် အဲဒီစိတ်တွေနဲ့ ဆောင်ရွက်နိုင်လို့ပဲ မေတ္တာတရားအား ကြီးပေလို့လည်း ဒီလိုလုပ်နိုင်တာပေါ့။

ဒေသစွဲများ အစွဲကြီးနေရင်တော့ ဒီလို ဘယ်လုပ်နိုင်မှာတုန်း။ တို့အရပ်မှာပဲ လုပ်နိုင်မယ်။ တို့ဆွေမျိုးနဲ့ပဲ လုပ်နိုင်မယ်ဆိုတဲ့ ဒေသစွဲအားကြီးတဲ့ လူတစ်ယောက် ဘယ်လိုမှ မလုပ်နိုင်ဘူး၊ ဝန်က ကိုယ့်ကို အပိမခံဘဲ ဝန်ကိုသာ ကိုယ်က နိုင်အောင်ထမ်းဆိုတဲ့ အဆင့်မြင့်ဝန်ထမ်းစိတ်ကြောင့်သာ ဤကဲ့သို့ အဆင့်မြင့်၊ ကိုယ့် အတွက်လည်း အားကိုးစရာကောင်းမှုတွေရ၊ နောင်လာနောက်သား ကုသိုလ်ပွားစရာတွေလည်း အမှတ်တရ အများကြီး ကျန်ရစ်တယ်ပေါ့။

အဲဒီကုသိုလ်ကောင်းမှုအားလုံးဟာ ဆင်းရဲခပ်သိမ်းကင်းငြိမ်းရာ နိဗ္ဗာန်အထိ ပို့တင်ကြရမယ်ပေါ့။ ဒါကြောင့်–

ကတပုညတာ၊ ပြုအပ်ပြီးသော ကုသိုလ်ကောင်းမှု ရှိသည်၏ အဖြစ်ကို။ ကတပုညတာ၊ နှလုံးသားဝယ် တရားတည်၍ တကယ်ထူးဆန်း ကောင်းမှုစွမ်းကို။ ပဏ္ဍိတာ၊ ဘုရားအစရှိကုန်သော သူတော်ကောင်းတို့သည်။ ပသံသန္တိ၊ ကောင်းစွာမသွေ ချီးမွမ်းတော်မူကြလေကုန်သတည်း။

## နှလုံးသားတရားတည်နိုင်တော့

အဲဒီလိုဆိုတော့ နှလုံးသားတရားတည်တဲ့ စွမ်းအားနည်းတာမှ မဟုတ်ဘဲ။ နှလုံးသားတရားတည်နိုင်တော့ နေ့စဉ် လုပ်တဲ့အလုပ်တွေဟာ တရားနှင့် ခန္ဓာဝန်ထမ်းတဲ့အလုပ်ဟာ တစ်သားတည်းပေါင်းမိသွားပါပြီ။ မီးဖိုချောင်ထဲဝင်တော့ မီးဖိုချောင်ယောဂီပေါ့။ နိုင်ငံတာဝန်ထမ်းတော့ ဝန်ထမ်းယောဂီပေါ့။ စီးပွားရေးလုပ်တော့ စီးပွားရေးယောဂီပေါ့။ လမ်းသွားတော့ လမ်းသွားတဲ့ယောဂီပေါ့။ ထမင်းစားတော့ ထမင်းစားတဲ့ယောဂီပေါ့။ လက်ထဲ ကုသိုလ်တစ်ထုပ်ထုပ်တော့ ငါအမြဲဆုတ်ကိုင်ထားမယ်၊ ပုထုဇဉ်သဘာဝစိတ်မနိုင်လို့ ကိလေသာဖြစ်ရင်တောင် သတိဉာဏ် လက်ဦးစေပြီး နှလုံးသားတရားတည်တဲ့ စွမ်းအားနဲ့ တားထားရမယ်ပေါ့။

ဒါကြောင့် ဒီနေ့ နှလုံးသားဝယ်တရားတည်တရားကြားနာကြတဲ့ ဓမ္မသဘာဝန မြတ်ကောင်းမှုတရားတွေကြောင့် ဘုရားဒကာ၊ ဘုရားအမကြီးများဖြစ်ကြတဲ့ ဒုတိယဗိုလ်မှူးကြီးတင်ဦး၊ ဒေါ်သီတာဌေး မိသားစုများနှင့်တကွ အင်ဒိုင်းကြီးရွာ ဒကာ၊

**ဒကာမများ၊ ၃၆၂ မိသားစုများအပါအဝင် ဒကာ၊ ဒကာမ အပေါင်း သူတော်ကောင်း အားလုံးတို့သည်** ဘေးရန်အန္တရာယ် အနှောင့်အယှက်၊ အတားအဆီး၊ အချုပ်အချယ်၊ အရှုပ်အထွေး၊ အပူခပ်သိမ်း၊ ရောဂါခပ်သိမ်း၊ ထိတ်လန့်တုန်လှုပ်ဖွယ်ခပ်သိမ်းတို့မှ လွတ်ငြိမ်းကြပါစေကုန်သတည်း။

ကောင်းကျိုးချမ်းသာ ကြက်သရေမင်္ဂလာ အကြံအစည် ကောင်းများ ပြီးစီးထမြောက် အောင်မြင်ကြပါစေကုန်သတည်း။

ကျန်းကျန်းမာမာ၊ ချမ်းချမ်းသာသာ၊ ပျော်ပျော်ရွှင်ရွှင် ကောင်းမှု တရားတွေ တစ်နေ့တခြား တိုးပွားလာအောင် အမှိုက်ပုံထဲမှ ရွှေထုပ်ကြီးတွေ ကောက်ရသလို နေ့စဉ် နေ့စဉ် မကင်းနိုင်တဲ့ ခန္ဓာဝန်ထမ်းဆောင်ရင်း၊ နိုင်ငံတာဝန်ထမ်းဆောင်ရင်း ကိစ္စများထဲမှ ဒါနဆိုတဲ့ ရွှေထုပ်ကြီးတွေ အထုပ်လိုက်အထုပ်လိုက်ရအောင် ကောက်ယူနိုင် လွယ်ကြပါစေကုန်သတည်း။

ကောက်ယူနိုင်၍ တစ်ဘဝလုံး တည်ငြိမ်ရင့်ကျက် အေးချမ်းစွာ တရားစွမ်းအားနှင့် နေနိုင်ကြပြီး ဆင်းရဲခပ်သိမ်း လွတ်ငြိမ်းရာ အသခ်ံတခါတ် နိဗ္ဗာန်မြတ်ကို လွတ်ကူသောအကျင့်၊ လျင်မြန်သော အသိဉာဏ်ဖြင့် အရဟတ္တဖိုလ်ပေါက် မျက်မှောက်ပြုလွယ်ရလွယ်နိုင် ကြပါစေကုန်သတည်း။

ပရိသတ်အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

✳ ✳ ✳

# နှစ်ဖက်မြင်သူ စွမ်းတဲ့လူ တရားတော်

နှစ်ဖက်မြင်သူ စွမ်းတဲ့လူ၊ နှစ်ဖက်မြင်အောင် ကြည့်တဲ့ပုဂ္ဂိုလ်ဟာ နှစ်ဖက်မြင်အောင် ကြည့်နိုင်တဲ့ပုဂ္ဂိုလ်ဟာ စွမ်းတဲ့ လူပါ။ သုတ္တန်ရဲ့ နာမည်က "အန္ဓသုတ္တန်" အန္ဓဆိုတာ မြန်မာလိုကတော့ အကန်းပေါ့။ အကန်းဆိုတာ မြင်သင့်တာ မမြင်ရင် အကန်းခေါ်တာ



ပေါ့။ မြင်သင့်တာမြင်ရင် စွမ်းတဲ့ လူဖြစ်မယ်။ ဒါကြောင့် ယခုလို ဒကာ၊ ဒကာမအပေါင်း သူတော်ကောင်းတွေ နှစ်ဖက်စလုံး မြင်အောင် ကြည့်နိုင်ကြလို့ပဲ၊ မိမိလည်းပဲ စွမ်းတဲ့ လူတွေဖြစ်အောင် စွမ်းအားတွေရအောင် ယူပြီးတော့ မြှင့်တင်နေကြတာပဲ။ မိမိတို့ရဲ့



စိတ်ကောင်းလေးကို အကြောင်းပြုပြီးတော့ သာသနာအတွက်လည်း အများကြီး အကျိုးများသွားအောင် သာသနာအဆင့်မြင့်သွားအောင်လည်း ဆောင်ရွက်နိုင်ကြတာပေါ့။

ဘိက္ခဝေ၊ ပရိသတ်လေးပါး ချစ်သား ချစ်သမီးတို့။ လောကသ္မိံ၊ ဟောဒီ သတ္တလောကကြီးအတွင်း၌။ အန္ဓော၊ ပညာမျက်စိ အမြင်ကန်းသော ပုဂ္ဂိုလ်လည်းကောင်း။ ဧကစက္ခု၊ ပညာမျက်စိ အမြင်တစ်ဖက်သာရှိသော ပုဂ္ဂိုလ်လည်းကောင်း။ ဒွိစက္ခု၊ ပညာ မျက်စိ အမြင်နှစ်ဘက်ရှိသော ပုဂ္ဂိုလ်လည်းကောင်း။ ဣတိ၊ ဤသို့။ တယော၊ သုံးပါးကုန်သော။ ဣမေပုဂ္ဂလာ၊ ဤပုဂ္ဂိုလ် တို့သည်။ သန္တော သံဝိဇ္ဇမာနာ၊ မုချမသွေရှိနေကြပါပေကုန် သတည်း။

## လူသုံးမျိုး

ဤလောကအတွင်းမှာတဲ့–

(တစ်) နှစ်ဖက်လုံးကန်းတဲ့ လူရယ်၊

(နှစ်) မျက်စေ့တစ်ဖက်သာပါတဲ့ လူရယ်၊

(သုံး) မျက်စေ့နှစ်ဖက်စလုံးပါတဲ့ လူရယ်၊

အဲဒီလို လူသုံးမျိုးရှိတယ်၊ နှစ်ဖက်မြင်သူမှ စွမ်းတဲ့ လူဖြစ်မယ်။ နှစ်ဖက်စလုံး ကန်းလို့ရှိရင်လည်း လူဖြစ်လုံးလုံး ရှုံးပြီး တစ်ဖက်သာ မြင်ရုံနဲ့လည်းပဲ လူ၏စွမ်းအား မပြည့်စုံသေးတော့ လူဖြစ်ရကျိုး မနပ်သေးဘူးတဲ့။ နှစ်ဖက်စလုံးမြင်အောင် ကြည့်နိုင်မှ သာလျှင် စွမ်းတဲ့ လူတွေဖြစ်လို့ လူဖြစ်ရကျိုးနပ်မယ်။ ပစ္စုပ္ပန်, သံသရာ၊ လောကီ,လောကုတ္တရာ အကုန်လုံး ကောင်းကျိုးတွေ

ပေါ်ပေါက် အောင် ဆောင်ရွက်လို့ပေးနိုင်ကြမယ်။ ဒါကြောင့် နှစ်ဖက်မြင်တဲ့ ပုဂ္ဂိုလ်မှ စွမ်းတဲ့ လူဖြစ်မယ်။

အန္ဓဆိုတာ ကန်းတဲ့ လူပဲ။

ဘယ်လိုကန်းတာလည်းဆိုတော့–

"ပစ္စည်း, တရား နှစ်ပါးလုံးပင်၊ မရလျှင် မမြင် အကန်းပါ။"

ပစ္စုပ္ပန်ချမ်းသာအောင် နေနည်းလည်း နားမလည်၊ ပစ္စုပ္ပန် ချမ်းသာအောင် နေဖို့အတွက် ပစ္စည်းကို ရအောင်လည်း မရှာတတ်၊ ရှာနည်းကိုလည်း ဘာမှ မသိ၊ ဒုစရိုက်တွေနဲ့ အချိန်ကုန်ရော၊ အဲလိုနေတဲ့ ပုဂ္ဂိုလ်၊ တစ်ခါ တရားရအောင်လည်း ဘာမှ မရှာတတ်၊ သံသရာနောင်ရေး စိတ်အေးစရာလည်း ဘာမှ မလုပ်တတ်၊ လောကုတ္တရာရေးရာ ဘာမှ နားမလည်၊ အဲလို ပစ္စုပ္ပန်ရော, သံသရာရော, လောကီရော, လောကုတ္တရာရော ဘာမှ မြင်အောင်မကြည့်နိုင်လို့ ဘာမှ ရအောင် မယူနိုင်တဲ့ လူတွေကျတော့ မျက်စေ့နှစ်ဖက်စလုံးကန်းတဲ့ အန္ဓပုဂ္ဂိုလ်တဲ့။ ပစ္စည်း, တရား နှစ်ပါးလုံးပင် မရလျှင် မမြင် အကန်းပါ။ အဲဒီတော့ ကန်းတဲ့ လူဖြစ်ရတာလည်း လူဖြစ်လုံးလုံးရှုံးရတာပဲ။

တစ်ဖန် ဧကစက္ခု–မျက်စေ့တစ်ဖက်သာပါတဲ့ လူဆိုတာက–

"ပစ္စည်းကိုသာ ရအောင်ရှာ၍၊ ကင်းကွာတရား၊ ထိုလူများ၊ စွမ်းအားမစုံပါ။"

ပစ္စည်းတော့ ကုန်းကောက်ပြီးတော့ ရှာလိုက်တာ၊ ပစ္စည်းတော့ ရအောင် ရှာတတ်တယ်။ ပစ္စုပ္ပန်ဘဝမှာတော့ ချမ်းသာအောင် နေတတ်တယ်။ ပြည့်စုံအောင်တော့ ရှာတတ်တယ်။ ဒါပေမယ့် "ကင်းကွာတရား၊ ထိုလူများ၊ စွမ်းအားမစုံပါ"တဲ့။ တရားတော့

ကင်းကွာနေတယ်။ ပစ္စုပ္ပန်ပစ္စည်းရရင် ပြီးရော၊ ခန္ဓာက တာဝန်ပေးထားတဲ့ ပစ္စည်းလောက်ပဲ ကုန်းကောက်ပြီး ရှာနေတယ်တဲ့၊ နောင်ရေးသေချာဖို့ တရားကို ဘာမှ မရှာ၊ စိတ်ချမ်းသာအောင်နေနည်း၊ တရားစွမ်းအားတွေရအောင် ဘာမှ မရှာ၊ လောကုတ္တရာရေးဆိုင်ရာတရား ဘာမှ ရအောင် မရှာ၊ ကုသိုလ်ကို ဘာမှ မလုပ်ဘဲ ပစ္စည်းကိုသာ ရအောင် ရှာနိုင်၍ တရားကို ရအောင် မရှာနိုင်တဲ့ ပုဂ္ဂိုလ်၊ ပစ္စည်းကိုသာ ရအောင် ရှာနည်းကိုသာ နားလည်၍ တရားရအောင် ရှာနည်းကို နားမလည်တဲ့ ပုဂ္ဂိုလ်ကျတော့–

ဧကစက္ခု– မျက်စေ့တစ်ဖက်သာပါတဲ့ လူတဲ့။

တစ်ဖက်သာပါရင် တစ်ဖက်က ကန်းနေတယ်ဆိုတာ အလိုလိုဖော်ပြနေတာပဲ။ "ပစ္စည်းကိုသာ၊ ရအောင်ရှာ၍၊ ကင်းကွာတရား၊ ထိုလူများ၊ စွမ်းအားမစုံပါ။ ပစ္စည်း,တရား နှစ်ပါးလုံးပင်၊ ရနိုင်လျှင် အမြင်ပြည့်စုံပါ။"

ပစ္စည်းကိုလည်း ရအောင် ရှာနိုင်တယ်၊ တရားတဲ့ နည်းလမ်းအတိုင်း ရအောင် ရှာနိုင်တယ်။ အပြစ်ကင်းတဲ့ နည်းလမ်းနဲ့ ရအောင် ရှာနိုင်တယ်။ တရားကိုလည်း မလစ်ဟင်းရဘူး။ တရားလည်း စီးပွားရေးအလုပ် တစ်ခုပဲလို့ အဲလို ပြတ်ပြတ်သားသားမြင်အောင် ကြည့်ပြီးတော့မှ ဒါနပိုင်း၊ သီလပိုင်း၊ သမထ, ဝိပဿနာခေါ်တဲ့ ဘာဝနာပိုင်း ဘာမှ မလစ်ဟင်းရအောင် အကွက်စေ့အောင် ရှာတတ်တယ်။ အဲလို ပစ္စုပ္ပန်ချမ်းသာအောင် ပစ္စည်းကိုလည်း ရအောင် ရှာနိုင်တယ်။ ရှာနိုင်ကြောင်းဖြစ်တဲ့ နည်းလမ်းကိုလည်း နားလည်တယ်။ သံသရာ နောင်ရေး၊

လောကုတ္တရာရေးအထိ ချမ်းသာကို ပေးနိုင်တဲ့ တရားကိုလည်း ရအောင် ရှာတတ်တယ်။ ရှာနိုင်ကြောင်း နည်းလမ်းကောင်းကိုလည်း နားလည်တယ်။ အဲဒီလို ပုဂ္ဂိုလ်မျိုးကျတော့ မျက်စေ့ နှစ်ဖက်စလုံး ပါတဲ့ ပုဂ္ဂိုလ်တဲ့။ မျက်စေ့နှစ်ဖက်စလုံးကောင်းတဲ့ ပုဂ္ဂိုလ်၊ စိတ်အေးရမှာက သူမှ စိတ်အေးရမှာ၊ နှစ်ဖက်စလုံးကန်းတာတော့ မပြောနဲ့။ တစ်ဖက်မြင်ရုံနှင့် စိတ်မအေးရသေးဘူး၊ တစ်ဖက်မြင် ပုဂ္ဂိုလ်က မျက်စေ့တစ်ကမ်းလေးလုပ်တတ်မှာပေါ့၊ ဟိုဘက်အထိ ဘာမှ လုပ်တတ်မှာ မဟုတ်ဘူး။ မျက်စေ့တစ်ကမ်းလေးအတွက် လုပ်မယ်ဆိုရင် မျက်စေ့မှိတ်လိုက်တာနဲ့တစ်ပြိုင်နက် အဲ . . . စိတ်မအေး စရာကြီးတော့ ဆက်တော့မှာပဲ၊ ဒါကြောင့် တစ်ဖက် တည်းမြင်ရုံနှင့်လည်း စိတ်မအေးရသေးပါဘူးတဲ့။

- ဥစ္စာ၊ တရား၊ နှစ်ပါးလုံးမင်၊ ရနိုင်လျှင်၊ အပြင်ပြည့်စုံပါ။
- နှစ်ဖက်မြင်သူ၊ စွမ်းတဲ့လူ၊ အမူကောင်းစင်ကွာ။

နှစ်ဖက်စလုံးမြင်တော့ သံသရာခရီးက ဒီလောက်ရှည်တယ်လို့ နိဗ္ဗာန်ကို ဦးတည်လို့ သွားတဲ့အခါမှာ သံသရာခရီးကိုလည်း ဉာဏ်နဲ့ မြင်အောင် ကြည့်တတ်တယ်။ ခရီးက ရှည်ရတဲ့အထဲ အဆင်းအတက်ကလည်း များ၊ အန္တရာယ်ကလည်း ပေါ၊ ကြမ်းကလည်း ကြမ်း၊ ဤမျှလောက် ကြမ်းတမ်းခက်ထန် အဆင်းအတက်ကလည်း များပြီးတော့ ရှည်လျားလှတဲ့ အန္တရာယ် ပေါတဲ့ သံသရာခရီးကို သွားတဲ့အခါမှာ ဒါနရိက္ခာထုတ် ဘယ်လောက်ပါမှ လောက်မှာ၊ ဉာဏ်နဲ့ သေသေချာချာမြင်အောင် ကြည့်ထားတယ်၊ သီလလမ်းစရိတ် ဘယ်လောက်ပါမှ လောက်မှာ၊ ဘာဝနာအဖော်အင်အားတွေက ဤမျှလောက်ပါမှ လုံလောက်မှာလို့

သေသေချာချာ ဉာဏ်နဲ့မြင်အောင် ကြည့်တယ်၊ နေ့စဉ် နေ့စဉ် နေ့တွက်ကိုက်အောင် တရားစွမ်းအားများကို စုတတ်တယ်ဆိုတော့ အပူကင်းစင်ကွာတယ်။ ငါ ဘာပူစရာလိုသေးသလဲလို့ စိတ်မှာလည်း အေးပြီးတော့ ပျော်ရတယ်။ ဘဝကူးအတွက်ပါ အကုန်လုံးလုပ်ထားတာဆိုတော့ စိတ်အေးရတာပေါ့။ ဒါကြောင့် ဒကာ၊ ဒကာမအပေါင်းသူတော်ကောင်းတွေ နှစ်ဖက်မြင်ပညာရထားတာဟာ ကိုယ့်ဘဝရဲ့လုပ်ပိုင်ခွင့် စိတ် ကြိုက်လုပ်နိုင်တာဖြစ်သောကြောင့် လူဖြစ်ရကျိုးနပ်ကြပါတယ်။ အဲဒါ လိုက်ဆိုကြ–

- ဥစ္စာ့တရား၊ နှစ်ပါးလုံးပင်၊ ပရလျှင်၊ ဓမြင် အကာန်းပါ။
- ဥစ္စာကိုသာ၊ ရအောင်ရှာ၍၊ ကင်းကွာတရား၊ ဆိုလူများ၊ ခွမ်းအား မခံပါ။
- ဥစ္စာတရား၊ နှစ်ပါးလုံးပင်၊ ရနိုင်လျှင်၊ အမြင်ပြည့်ခံပါ။
- နှစ်ဖက်မြင်သူ၊ ခွမ်းတဲ့လူ၊ အပူကင်းစင်ကွာ။

အဲဒီလိုဆိုတော့ နှစ်ဖက်စလုံးမြင်တော့ နောက်ဘဝအတွက် လှမ်းပြီးတော့ မြင်ထားတော့ နောက်ဘဝအတွက်ပါ သေချာအောင် အကုန်လုံး အကွက်စေ့အောင် လုပ်ထားတယ်။ လောကုတ္တရာ အထိ လှမ်းပြီးတော့ မြင်အောင် ကြည့်တတ်တယ်။ ဒါကြောင့် မို့လို့ လောကုတ္တရာအတွက်ပါ အကွက်စေ့အောင် ကြိုတင်ပြီးတော့ လုပ်တတ်တယ်။ ဒါကြောင့် စိတ်အေးစရာတွေဟာ ရနေတာပဲ။ အဲဒါကြောင့် တကယ် လူဖြစ်ရကျိုးနပ်တဲ့ လူအစစ်ဆိုတာကတော့ မျက်စေ့နှစ်ဖက်စလုံးပါမှ လူအစစ်ခေါ်တာပဲ။ အဲ ပစ္စုပ္ပန်အတွက်ရော သံသရာအတွက်ရော လောကီအတွက်ရော ဘက်စုံစွမ်းအားတွေ

ရအောင် ယူနိုင်တဲ့ ပုဂ္ဂိုလ်မှာ နောင်ရေးအတွက်ပါ စိတ်အေးစရာနဲ့ တရားများကိုပါ စုနိုင်တဲ့ ပုဂ္ဂိုလ်မှ လူဖြစ်ရကျိုးနပ်ပါတယ်။

## စုစရာနှစ်မျိုး

လူ့လောကမှာ စုစရာက အတိုချုပ် နှစ်မျိုးပါ။

တရား-ဥစ္စာ၊ စုစရာ၊ လူမှာနှစ်မျိုးရှိ၊ တရားရယ်၊ ဥစ္စာရယ်လို့ လူ့လောကမှာ စုစရာက နှစ်မျိုးပါ။

- **တရားစုဖို့ သဒ္ဓါတရားက တာဝန်ပေးတယ်။**
- **ပစ္စည်းဥစ္စာစုဖို့ကျတော့ ခန္ဓာက တာဝန်ပေးတယ်။**

ပစ္စည်းစုတာကျတော့ ခန္ဓာရှိတဲ့ ပုဂ္ဂိုလ်အားလုံးနဲ့ ဆိုင်ပါတယ်။ လူမပြောနဲ့ ကြက်ကလေး၊ ငှက်ကလေးတွေတောင် သူတို့လည်း ငြင်းလို့မရဘူး။ ပျင်းလို့ မရဘူး။ ခန္ဓာရှိသူအားလုံး စားဖို့၊ သောက်ဖို့၊ နေဖို့၊ ထိုင်ဖို့ ပစ္စည်းကတော့ ရှာနေကြရတာ တရားရှာတာကျတော့ လူတိုင်းနဲ့ မဆိုင်ဘူးတဲ့။ ယုံတဲ့ ပုဂ္ဂိုလ်များ၊ ကိုယ့်စွမ်းအားကို ယုံတဲ့ ပုဂ္ဂိုလ်များ၊ တရားစွမ်းအား တကယ်ယုံတဲ့ ပုဂ္ဂိုလ်များ တရားစွမ်းအားကို ဉာဏ်မျက်စေ့နဲ့ မြင်အောင် ကြည့်နိုင်တဲ့ ပုဂ္ဂိုလ်များသာ တရားကို စုနိုင်ကြတယ်တဲ့။ ဒါကြောင့် တရားစုဖို့ကျတော့ သဒ္ဓါတရားက တာဝန်ပေးတယ်။ သဒ္ဓါတရားက အာမခံတာဝန်ယူနိုင်မှ တရားအလုပ်ဆိုတာ ပျော်ပျော်ကြီး လုပ်နိုင်ကြတယ်။

- **တရား, ဥစ္စာ၊ စုစရာ၊ လူမှာနှစ်မျိုးရှိ။**
- **ပစ္စည်းစုမူ၊ ဘုံဆိုင်ဟူ၊ ရန်သူငိုင်း၍ ပူရ၏။**

ပစ္စည်းဆိုတာ ခန္ဓာကာတာဝန်ပေးလို့ ရှာရပေမယ့် ကိုယ်မပိုင်သေးဘူးတဲ့။ ရန်သူတွေက ဝိုင်းပြီးတော့နေတဲ့အတွက် ဘုံဆိုင်သာဖြစ်တယ်။ ရှိသလောက် ပူရတယ်။ ကြောင့်ကြ စိုက်ရတယ်။ ထားဖို့၊ သိုဖို့၊ ထိန်းဖို့၊ သိမ်းဖို့၊ သုံးစွဲဖို့၊ ကြောင့်ကြတွေတွဲပြီးတော့ ပါလာတယ်။ ငွေတစ်သိန်းဆို တစ်သိန်းတန်အပူကတစ်ခါတည်း ပါလာပြီးသား၊ ငွေတစ်ထောင်ဆို တစ်ထောင်တန်အပူက တွဲပါလာပြီးသားပါ။ ငွေတစ်သန်းဆို တစ်သန်းတန်အန္တရာယ်က ဝိုင်းလို့ပါ။ ငွေတစ်ထောင်ဆို တစ်ထောင်တန် အန္တရာယ်ကလည်းဝိုင်းလို့ပါ။ ဒါကြောင့် ဘုံဆိုင်ဖြစ်နေတော့ သူကတော့ ရှိသလောက်ပူရတယ်။ ပစ္စည်းစုမှု ဘုံဆိုင်ဟူ ရန်သူဝိုင်း၍ပူရ၏။

## ရှာလိုက် ရလိုက် ကုန်သွားလိုက် မောဟိုက်မဆုံးရှိ

တရားသာ မပါရင်တော့ ပစ္စည်းဥစ္စာတွေ ရှာလိုက်ပြန်ပြီ၊ ရလာပြန်ပြီ၊ ကုန်သွားပြန်ပြီ။ ရှာလိုက်ပြန်ပြီ၊ ရလာပြန်ပြီ၊ ကုန်သွားပြန်ပြီ။ ကုန်တာကလည်း အမျိုးမျိုးပေါ့၊ သုံးလို့ကုန်တာ၊ ဖြုန်းလို့ ကုန်တာ၊ ရန်သူမျိုးငါးပါး လက်ဦးလို့ကုန်တာ၊ ပျောက်သွားလို့ ကုန်တာ၊ ပျက်သွားလို့ ကုန်တာ၊ ပုံစံအမျိုးမျိုးနဲ့ ကုန်သွားတယ်။ မောဟိုက်မဆုံးရှိချေ၏တဲ့။ တရားမပါတဲ့ ပုဂ္ဂိုလ်များရဲ့ ပစ္စည်းရှာဖွေရေးဟာ မောတာနဲ့ပြီးသွားတယ်။ တစ်ဘဝဆုံးသွားတယ်။ ငါ ပစ္စည်းရှာရကျိုးနပ်လိုက်တာလို့ အဲလို လက်ဆုပ်လက်ကိုင်ပြစရာ အာမခံ အနှစ်သာရမတွေ့လိုက်ရဘူး။ နေ့တိုင်း နေ့တိုင်း ကျွေးတော့လည်း ကျွေးသားပဲ၊ ငါ ကျွေးရပါတယ်လို့ ကိုယ့်ဟာကို ဂုဏ်ယူပြောရအောင်ကလည်း ဒါဖြင့် ဒီခန္ဓာကိုယ်ကြီး ကျွေးတော့ အော် မအိုဘူးလား၊

အိုတာပဲ။ မနာဘူးလား၊ နာပြန်တာပဲ။ ပြီးတော့ မသေဘူးလား၊ ဒါလည်း အချိန်တန်သေမှာပဲဆိုတော့ တရားသာ တွဲမရှာရင်တော့ ခန္ဓာ ကျွေးရကျိုးတော့ တော်တော့ကို မနပ်တာပဲ။ မည်မျှပင် ကျွေးသော်လည်း အိုတာလည်း နောက်မဆုတ်၊ နာတာလည်း နောက်မဆုတ်၊ အချိန်တန်တော့လည်း ဧကန်သေရအုံးမယ်။

## မိုးသီးများလိုက်ကောက်နေသလို

ဒါကြောင့်မို့လို့ တရားသာ မပါရင် ပစ္စည်းဥစ္စာတစ်ခုတည်းကိုသာ ကုန်းပြီးတော့ ကောက်နေရင်တော့ မိုးသီးများ လိုက်ကောက်နေသလိုပဲတဲ့၊ မိုးရွာတဲ့အခါ တစ်ခါတစ်ရံ မိုးသီးတွေကျလာတော့ အထူးအဆန်းမှတ်ပြီးတော့ ဇလုံတွေ၊ ပန်းကန်တွေ၊ အိုးတွေ၊ ပုံးတွေနဲ့ လိုက်ကောက်တဲ့အခါမှာ အိုးတွေ အပြည့်၊ ပုံးတွေ အပြည့်၊ ဇလုံနဲ့ အပြည့်၊ ပန်းကန်နဲ့ အပြည့် ရပါရဲ့၊ ဒါပေမယ့် မိုးသီးဆိုတာ အေးတုန်း ခဲတာပဲ။ အိမ်ထဲကိုလည်း ယူခဲ့ရော အိမ်ထဲက အပူဓါတ်နဲ့တွေတော့ အကုန်လုံး အရည်ပျော်ကျ၊ အိမ်ထဲရောက်တော့ မိုးသီးတစ်လုံးမှ မကျန်တော့ဘူး။ အကုန်လုံး အရည်ပျော်ကျကုန်တယ်။ ဒါမျိုးလိုပေါ့တဲ့။ တရားသာ မပါရင် ပစ္စည်းဆိုတာ မိုးသီးမျိုးပါတဲ့၊ မိုးသီးတွေ ဘယ်လောက်ကြွေကြွေ ဘယ်လောက်ရှာရှာ ဘယ်လောက်ရရ နောက်ဆုံးတော့ မိုးသီးလို အရည်ပျော်မှာပဲ။ ဘာမှ လက်ဆုတ်လက်ကိုင် ပြစရာ ရှိမှာ မဟုတ်ဘူးတဲ့။ မောတာနဲ့ပဲ တစ်ဘဝကုန်ဆုံးသွားလိမ့်မယ်။ မောလို့လည်း မဆုံးနိုင်ပါဘူးတဲ့။ ဒါကြောင့်–

– ရှာလိုက်, ရလိုက်၊ ကုန်သွားလိုက်၊ မောလိုက် မဆုံး ရှိချေ၏ ။

- ကိုယ့်ကိုယ်ပယုံ၊ မလုံခြုံ၊ အကုန် ကြောက်ရ၏ ။

အဆိုးဆုံးက ကိုယ့်ဟာကိုယ် မယုံတာ အဆိုးဆုံးပါ၊ သဒ္ဓါတရားမရှိရင် တရားဆိုတာ စုတတ်မှာမှ မဟုတ်ဘဲ။ ကိုယ့်ကိုယ်ကို ကိုယ်တောင်မှ မယုံတော့ဘူးဆိုလို့ရှိရင် ဘယ်သူ့ကို ယုံကြမလဲတဲ့။ ကိုယ့်ဟာကိုယ်တောင်မှ မယုံတော့ဘူးဆိုလိုရှိရင် ဟောဒီ ခန္ဓာကိုယ်ကြီးလည်း မလုံခြုံတော့ဘူး။ ကိုယ်ရှာထားတဲ့ ပစ္စည်းတွေလည်း ဘယ်ပစ္စည်းမှ မလုံတော့ဘူး။ အကုန်ကြောက် နေရတာ၊ ပစ္စုပ္ပန်မှာတောင် အမြဲကြောက်နေရတာ။

- ကိုယ့်ကိုယ်ပယုံ၊ မလုံခြုံ၊ အကုန် ကြောက်ရ၏ ၊

- တရားစုမှ၊ ကိုယ်ပိုင်ရ၊ မုချ ချမ်းသာ၏ ။

ဒါကြောင့် နှစ်ဖက်မြင်ပညာရှိနေတဲ့ ပုဂ္ဂိုလ်များဟာ တရား ဟာလည်း စီးပွားရေးအလုပ်တစ်ခုပဲလို့ အမြင်ရှင်းရှင်းနဲ့ မြင်အောင် ကြည့်ပြီးတော့ တရားကိုပါ ကြည့်ပြီးတော့မှ စုကြတယ်။ အဲလို တွဲစုတဲ့ ပုဂ္ဂိုလ်များဟာ ကိုယ်ပိုင်တွေ ရပြီးတော့ စိတ်အေးကြ ချမ်းသာကြရတယ်။ ငါ ပစ္စည်းရှာရကျိုးနပ်လိုက်တာ။ ဒီခန္ဓာကိုယ် ကြီး ကျွေးရကျိုးနပ်လိုက်တာ၊ ငါ လူဖြစ်ရကျိုးနပ်လိုက်တာလို့ အမြဲတမ်း တွေးတွေး ဝမ်းသာနေရတယ်။

- အမောလည်းပြေ၊ စိတ်အေးဧ၊ အနေရှင်း၍၊

ရင့်ကျက်သည်။

တရားပါ တွဲရှာတဲ့ ပုဂ္ဂိုလ်များကတော့ အမောလည်း ပြေတယ်ဗျာ၊ ကုသိုလ်တစ်ခါ ပြီးသွားတိုင်း ပြီးသွားတိုင်း အမောပြေသွားတယ်။ ကုသိုလ်လုပ်ရတာ မောလိုက်တာဆိုတာ

ကုသိုလ်ကို ကုသိုလ်နဲ့ တူအောင် မလုပ်လို့ မောတာ ဖြစ်ပါလိမ့်မယ်။ ကုသိုလ်သည် လူကို မမောစေပါဘူး။ အမောပြေစေပါတယ်။ ဒါနတစ်ခါ လုပ်လို့ ပြီးတိုင်း ပြီးတိုင်း၊ သရဏဂုံတစ်ခါ ဆောက်တည်လို့ ပြီးတိုင်း ပြီးတိုင်း၊ သီလတစ်ခါ ကျင့်သုံးလို့ ပြီးတိုင်း ပြီးတိုင်း၊ မေတ္တာဘာဝနာ စသည်တစ်ခါ ပွားလို့ ပြီးတိုင်း ပြီးတိုင်း၊ ဝိပဿနာ ဘာဝနာ စသည် တစ်ခါပွားလို့ ပြီးတိုင်း ပြီးတိုင်း စိတ်ကို အမောပြေသွားစေပါတယ်တဲ့။ စိတ်အေးဆေး စိတ်ကိုလည်း အေးပြီးတော့ သွားစေပါတယ်။

အနေရှင်း၍ ရင့်ကျက်၏ ။

အာရုံတွေ မည်မျှပင် ရှုပ်ယှက်ခတ်တွေသော်လည်းပဲ စိတ်က အနေက ရှင်းနေတာဆိုတော့ ရှင်းရှင်းလေးပဲ နေတတ်တယ်။ ရင့်ကျက်ပြီး ခံနိုင်ဖို့ စွမ်းအားတွေဟာလည်း ဟောဒီတရားတွေ ကြောင့် ရရှိလာတယ်။ ငိုစရာတွေနဲ့ တွေ့ပေမယ့် ပြုံးပြလိုက်ရတယ်။ ကြောက်စရာ၊ ထိတ်စရာ၊ လန့်စရာတွေနဲ့ တွေ့ပေမယ့် မကြောက်မရွံ့ မထိတ်မလန့်ဘဲ ဣန္ဒြေမပျက် တည်တည်ငြိမ်ငြိမ် နေတတ်လာတယ်။ စိတ်ရှုပ်စရာတွေ၊ စိတ်ညစ်စရာတွေ၊ စိတ်ပျက် စရာတွေနဲ့ တွေ့ပေမယ့်လည်း မရှုပ် မညစ် မပျက်ရဘဲ တည် တည်ငြိမ်ငြိမ် ရင့်ရင့်ကျက်ကျက်နဲ့ နေတတ်လာတယ်တဲ့။ တရား စွမ်းအားဟာ လက်ငင်းကို အဲဒီလို ပေးပါတယ်။

- အမောလည်းပြေ၊ စိတ်အေးဆေး၊ အနေရှင်း၍၊ ရင့် ကျက်၏ ။
- ကိုယ့်ကိုယုံသော်၊ စွမ်းအားပေါ်၊ ရှင်ပျော်အားတက်၏ ။

ကိုယ့်ကိုယ်ကိုကိုယ် တကယ်ယုံတဲ့ သဒ္ဓါတရား အစစ်သာ ရှိလာမယ်ဆိုလို့ ရှိရင် ကိုယ်ပိုင်အင်အားတွေ များ၍ ပွား၍ အမြဲတမ်း ပျော်၍နေရတယ်။ ကိုယ်ပိုင်တွေရထားလို့ ပျော်တာပေါ့။ ပစ္စည်းက ကိုယ်ပိုင်မှ မဟုတ်ဘဲ ဘုံဆိုင်တွေကိုး။

## ဖို့သုံးခုမြင်အောင်ရှု

ခန္ဓာခု မြေကျွေးဖို့၊
ပစ္စည်းခု ထိုက်သူဖို့၊
တရားခု မိမိဖို့ - ဆိုတဲ့

ဖို့သုံးပါးကလည်း ပညာရှိမှ မြင်အောင် ကြည့်တတ်မှာပေါ့။ ခန္ဓာ ကိုယ်ကြီးကို မခိုင်းရက်ဘူး။ ကုသိုလ်အလုပ်ကို မခိုင်းရက်ဘူး။ တရားအလုပ်ကို မခိုင်းရက်ဘူး။ သိပ်ပြီးတော့ ညှာနေတယ်၊ သိပ်ပြီး အလိုလိုက်နေတယ်။ အဲဒါက ခန္ဓာစုတာ၊ ခန္ဓာစုတာ ဘာလုပ်ဖို့လဲ၊ မြေကျွေးမလို့တဲ့လေ။ နောက်ထပ် မြေကြီး တိုးအောင် လုပ်မလို့ပေါ့။ အမြင်ရှင်းရှင်းလေးကြည့်ရင် ဒီအတိုင်း အဖြေ ထွက်လာတယ်၊ ခန္ဓာကိုစုတာက မြေကြီးကို ကျွေးဖို့ပါ။ ပစ္စည်းစုတာက ဘာလုပ်ဖို့တုန်း၊ ထိုက်သူဖို့၊ ကိုယ်ရှာတာ ကိုယ်သုံးရမယ်လို့ ဘယ်တော့မှ ကောက်ပြောလို့ မရဘူး။ ကိုယ်နဲ့ ထိုက်သလောက်လည်း သုံးချင်သုံးရလိမ့်မပေါ့။ ဒီပြင် ထိုက်တဲ့ ပုဂ္ဂိုလ်များလည်း သုံးလိမ့်မပေါ့။ ရန်သူမျိုးငါးပါးက လက်ဦးရင်လည်း ရန်သူမျိုးငါးပါးက သုံးသွားမှာပါပဲ။ ဒါကြောင့် ပစ္စည်းစုဘာက ထိုက်သူဖို့ပါ။ တရားစု မိမိဖို့တဲ့၊ တရားစုတာ ဘ[illegible]ပ်ဖို့လဲ၊ ကိုယ့်အတွက်၊ အေး . . . ကိုယ့်ကိုယ်ကိုကိုယ် တကယ် ချစ်လို့စုတာပေါ့။ ဒါကြောင့် တရားကိုပါ တွဲစုတဲ့ ပုဂ္ဂိုလ်များသည်

ကိုယ့်အတွက် စုတာပါ။ မိမိအကျိုးကို တကယ် နားလည်လို့ စုတာပါ။ ခုနကပြောတဲ့ ဒွိစက္ခုဆိုတာက အဲလို မြင်အောင် ကြည့်တတ်တာပါ။ အဲလို မြင်အောင် ကြည့်တတ်တဲ့အတွက် ကောင်းမှုတရားကိုလည်း ပျော်ပျော်ကြီး နေ့စဉ် နေ့စဉ် တိုးလာအောင် စုတတ်တယ်။ ဒါကြောင့်-

ခန္ဓာစု မြေကျွေးမို့၊
ပစ္စည်းစု ထိုက်သူမို့၊
တရားစု မိမိဖို့ - ဆိုတဲ့

ဖို့သုံးပါးကိုလည်း ပြတ်ပြတ်သားသား မြင်ထားမှ အော် ငါ့အတွက်တော့ မဟာအောင်တော့ လုပ်မှ ဖြစ်မယ်လေ။ မိုးသီးကြွေတွေ ကောက်နေရုံနဲ့ ငါ့မှာ စိတ်အေးစရာ ရမှာ မဟုတ်ဘူး။ အနှစ် အစိုင်အခဲ အမာရအောင် ကိုယ်ပိုင်တရားတွေဆိုတာလည်း စုအုံးမှ ဖြစ်မယ်။ အဲလို အမြင်ရှင်းလာတယ်။ အဲဒါတွေ လိုက်ဆိုကြ-

- တရား, ဥစ္စာ၊ စုစရာ၊ လူမှာနှစ်မျိုးရှိ။
- ပစ္စည်းစုမူ၊ ဘုံဆိုင်ဟူ၊ ရန်သူ ငိုင်း၍ ပူရ၏ ။
- ရှာလိုက် ရလိုက်၊ ကုန်သွားလိုက်၊ ဟောဟိုက် မဆုံးရှိချေ၏ ။
- ကိုယ့်ကိုယ်မယုံ၊ မလုံခြုံ၊ အကုန် ကြောက်ရ၏ ။
- တရားစုမှ၊ ကိုယ်ပိုင်ရ၊ မုချ ချမ်းသာ၏ ။
- အမောလည်းပြေ၊ စိတ်အေးစေ၊ အနေရှင်း၍ ရင့် ကျက်၏ ။

- ကိုယ့်ကိုယ့်သော်၊ စွမ်းအားပေါ်
ရှင်ပျော်အားတက်၏ ။

ဒါကြောင့် လူ့လောကမှာ လူဟာ သုံးမျိုးရှိတယ်တဲ့။ နှစ်ဖက်စလုံးကန်းတဲ့ ပုဂ္ဂိုလ်ရယ်၊ မျက်စိတစ်ဖက်သာပါတဲ့ပုဂ္ဂိုလ်ရယ်၊ မျက်စိနှစ်ဖက်စလုံးပါတဲ့ပုဂ္ဂိုလ်ရယ်လို့ သုံးမျိုးရှိတယ်။ မျက်စိ နှစ်ဖက်စလုံး မပါတော့ဘူးဆိုရင် ပစ္စုပ္ပန်မှာ ချမ်းသာကြောင်း ဖြစ်တဲ့ ပစ္စည်းဥစ္စာကိုလည်း ရအောင် မရှာတတ်၊ နောင်ရေး ချမ်းသာဖို့အတွက် တရားကိုလည်း ရအောင် မရှာတတ်။ နှစ်ဖက် စလုံး ရှုံးပြီးတော့ နေတတ်တယ်။ လူ့ရဲ့ လုပ်ပိုင်ခွင့် ခံစားခွင့်တွေ ဘာမှ မရတော့ပါဘူးတဲ့။ တစ်ခါ မျက်စေ့တစ်ဖက်သာ ပါရုံ ကလေးနဲ့ လူ့ရဲ့ လုပ်ပိုင်ခွင့်မကုန်သေးသောကြောင့်မို့လို့ ပစ္စုပ္ပန် အတွက်သာ လုပ်၍ ပစ္စုပ္ပန်ချမ်းသာကြောင်းနဲ့သာ အချိန်ကုန်ပြီး တော့ နောင်ရေး ချမ်းသာကြောင်းတွေ ဘာမှ မလုပ်နိုင်တဲ့အတွက် ကြောင့် လူဖြစ်ရကျိုးမနပ်သေးပါဘူးတဲ့။ အကာတွေနဲ့သာ အချိန်ကုန် နေတတ်ပါတယ်။ နှစ်ဖက်စလုံး မြင်အောင် ကြည့်နိုင်မှသာလျှင် အနှစ်သာရ ရအောင် ယူပြီးတော့မှ စွမ်းအားတွေ မြင့်မားအောင် အဲလို မြှင့်တင်တတ်တယ်။ အဲလိုဆိုရင် ယခု ဒကာ၊ ဒကာမ အပေါင်း သူတော်ကောင်းတွေလည်း ဆွမ်းအလှူဆိုတဲ့ အလှူ ဒါနကြီးကို သိက္ခာသုံးရပ် အကျင့်မြတ် အခြေခံပြီးတော့ လုပ်နေ ကြတာဟာ အဲလို နှစ်ဖက်မြင်ပညာ ရထားလို့ပါ။

## နီတိုးနဲ့ ရွှေရိုး

နီတိုးနဲ့ ရွှေရိုး ပုံပြင်လေးတစ်ခုရှိတယ်။ ပုံပြင်ဆိုတာ အလွတ်သဘောပြောရင် တော့ တိရစ္ဆာနကထာ၊ သမ္ဖပ္ပလာပပေါ့၊

ဆိုလိုရင်းတရားစကား နားလည်အောင်လို့ ထည့်သွင်းပြောတာကတော့ တရားစကားပေါ်သွားအောင် နားလည်သွားအောင် မှတ်မိသွားအောင် ပြောတာမို့လို့ တရားစကားရဲ့ ဥပမာအရာမှာ ထည့်သွားတာပါပဲ။

ရွာတစ်ရွာ ဘုန်းကြီးကျောင်းတစ်ကျောင်းမှာ မျောက်ကလေး တစ်ကောင်မွေးထားသတဲ့။ နာမည်ကို နီတိုးလို့ နာမည်ပေးထားတယ်။ နီတိုးလေးဟာ တစ်နေ့တော့ ကျောင်းဝိုင်းထဲမှာ ဟိုနား ဒီနားလျှောက် သွားနေတယ်။ အုန်းပင်တစ်ပင်အောက်ရောက်သွားတော့ တိုက်တိုက် ဆိုင်ဆိုင် အုန်းသီးတစ်လုံး ဘုတ်ခနဲ ကြွေကျလာတယ်။ မျောက် ကလေး မောင်နီတိုးဟာ အုန်းသီးလို့တော့ မခေါ်တတ်ဘူး။ ဒါပေမယ့် စားကောင်းတဲ့ အသီးလို့ သူနားလည်ပုံပေါ်ပါတယ်။ ဒါကြောင့် သူ သိပ်ဝမ်းသာသွားတယ်။ ဟာ . . ဟိုမှာ အသီး ကြီးတစ်လုံးပဲ၊ အတော်ပဲ၊ ငါကောက်ပြီးတော့ စားမယ်ပေါ့။ ဟိုဟိုဒီဒီ ကြည့်လိုက်တော့ ဘယ်သူမှ မတွေ့၊ ဟာ . . အတော်ပဲ ငါတစ်ကောင်တည်း အဝစားမယ်ဆိုပြီးတော့ ကွယ်ရာကို အုန်းသီးကြီးယူသွား၊ ကွယ်ရာရောက်တော့ အုန်းသီးကို လက်သီးတွေနဲ့ အချက်ပေါင်းများစွာ ထုပြီးတော့ ခွဲ၊ လက်သီးတွေသာ နာလာတယ်။ အုန်းသီး မကွဲဘူး၊ ခြေထောက်တွေနဲ့ ဆောင့်ကန်ပြီးတော့ ခွဲ၊ ခြေထောက်တွေသာ နာလာတယ်။ အုန်းသီး မကွဲဘူး၊ ဒူးတွေနဲ့ ဆောင့် ခွဲ၊ ဘယ်လိုမှ မတတ်နိုင်ဘူး၊ ဒူးတွေသာ နာလာတယ်။ အုန်းသီး မကွဲဘူး။ ခေါင်းပေါ်တင်ပြီးတော့ အချက်ပေါင်းများစွာ ဆောင့်ပြီးတော့ ခွဲ၊ ခေါင်းတွေသာ နာလာတယ်၊ အုန်းသီး မကွဲဘူး၊ အဲဒါနဲ့ ခေါင်းပေါ်တင်လိုက်၊ မြေကြီးပေါ်ချခွဲလိုက်၊ ခေါင်းပေါ်တင်လိုက် မြေကြီးပေါ်ချလိုက်နဲ့ ဘယ်လိုမှ မခွဲတတ်ဘဲ

ဖြစ်နေတယ်။ အုန်းသီးက ဘယ်လိုမှ ခွဲလို့ မရဘူး။ အဲဒါနဲ့ စားမယ်လို့ ပြုံးနေတဲ့ မျောက်ကလေး မောင်နီးတိုး မျက်နှာတွေ နီရဲလာတယ်။ စားများစားရမလားမှတ်ပြီး ခွဲတယ်။ ခွဲလို့လည်း မရဘူးဆိုပြီးတော့ စိတ်တွေ ဆိုးလာတယ်။ လွှင့်ပစ်ရမှာလည်း နမြော၊ စားမယ်ဆိုတော့လည်း မခွဲတတ်၊ ဘယ်လိုမှ မတတ်နိုင်ဘူး။ အေးလေ ဒါလောက်တောင် ခွဲလို့ မရတဲ့ အသီး အလကားပါဆိုပြီး လွှင့်ပစ်လိုက်တယ်။ နမြောပြီးတော့ နေတာယ်။ မခွဲတတ်လို့သာ လွှင့်ပစ်လိုက်ရတာ၊ အင်မတန် နမြောတယ်၊ အဲဒါနဲ့ နမြောလွန်းလို့ မှိုင်ပြီးတော့ နေရှာသတဲ့။ လွှင့်ပစ်လိုက်တဲ့ အုန်းသီးလေး လှမ်းကြည့်လိုက်၊ မှိုင်နေလိုက်နဲ့ ဘာမှလည်း မတတ်နိုင်ဘူးလေ။

အဲဒီလို သူက အုန်းသီးကို လွှင့်ပစ်လိုက်တော့ ဟောဟို အနားမှာ ကစားနေတဲ့ ကျောင်းသားလေးက မောင်ရွှေရိုးတဲ့၊ မောင်ရွှေရိုးက နီတိုးလွှင့်ပစ်လိုက်တဲ့ အုန်းသီးကိုမြင်တော့ ကဗျာကယာ အုန်းသီးကို သွားကောက်ယူပြီးတော့ သူက အပြစ်တင်လိုက်တယ်။ နီတိုး မင်း တော်တော်ညံ့တဲ့ အကောင်ကွာ။ အုန်းသီးတောင် မင်း မခွဲနိုင်ဘူး၊ မင်း အတော်ညံ့တာပဲ၊ မင်း မခွဲနိုင်လည်း ငါ ခွဲစားမှာပေါ့ကွာ ဆိုပြီးတော့ ကျောင်းပေါ်တက်၊ ဓါးယူ၊ အုန်းသီးကို ခွဲတယ်။ သူကတော့ အုန်းသီးလို့လည်း ခေါ်တတ်တယ်။ စားကောင်းတဲ့ အသီးလို့လည်း သိတယ်။ ဒါပေမယ့် ဘာကို စားရမယ်လို့တော့ သူ နားမလည်ဘူးတဲ့။

အဲဒါနဲ့ အုန်းသီး ခွဲလိုက်တော့ အပေါ်က အခွံစိမ်းတွေကို ခွဲလိုက်ခွာလိုက်တဲ့ အခါမှာ အုန်းမျှင်တွေ အုန်းဆံဖတ်တွေ သွားတွေ့၊ အုန်းမျှင်တွေ အုန်းဆံဖတ်တွေ ဆက်ခွာလိုက်ပြန်တော့

ခွံမာကြီး သွားတွေ၊ သွားတွေတော့ ဒီပြင်သရက်သီးစတဲ့ အသီးတွေလိုပဲ မှတ်ပြီးတော့ "ဟင် . . အုန်းသီးကလည်း အစေ့ တယ်ကြီးပါလား" ဆိုပြီးတော့ လွှင့်ပစ်လိုက်ရမယ့် အစေ့ကြီးမှတ်ပြီးတော့ အထဲမှာ ခွဲလိုက်လို့ ရှိရင် အနှစ်တွေ ရှိတယ်ဆိုတာလည်း နားမလည်တော့ လွှင့်ပစ်လိုက်ပါရော။ အုန်းစေ့ကြီးလွှင့်ပစ်လိုက်တော့ လက်ထဲမှာ ကျန်တာက အုန်းမှျင်ပဲ ကျန်တယ်။ ဟင် . . အုန်းသီးကလည်း စားစရာလည်း မရှိပါလား။ ရှိရှိ၊ မရှိရှိဗျာ အပင်ပန်းခံ ခွဲထားတာဆိုတော့ ရှိတာစားရမှာပေါ့ ဆိုပြီးတော့ အုန်းမှျင်တွေ၊ အုန်းဆံဖတ်တွေကို ဝါးစားတယ်။ စားလို့လည်း မရဘူး၊ ဝါးလို့လည်း မရဘူး၊ ရရ၊ မရရဗျာ၊ အပင်ပန်းခံ ခွဲရမှတော့ စားကို စားမယ်ဆိုပြီးတော့ သွားတွေနဲ့ အတင်းကျိတ်မိုတ် ဆွဲ၊ ဘယ်လိုမှ ဝါးလို့ မရ၊ ဝါးပြီးတော့မှ အရည်တွေကို တစ်ခါတည်း မျိုချလိုက်၊ ဖန်တွန့်ဖန်တွန့်နဲ့ ဘာမှလည်း ကောင်းတဲ့ အရသာလည်း မရှိ၊ အရသာ ရှိရှိ၊ မရှိရှိဗျာ အပင်ပန်းခံ ခွဲရတဲ့ အတူတူတော့ မျိုကို ချရမယ်၊ ဝါးကို ဝါးရမယ်ဆိုပြီးတော့ မျက်နှာကြီးရှုံ့မဲ့ရှုံ့မဲ့နဲ့ ကျောင်းသားလေး မောင်ရွှေရိုးဟာ အုန်းမှျင်တွေ၊ အုန်းဆံဖတ်တွေကို ဝါးပြီးတော့ နေသတဲ့။

အဲဒီအချိန်မှာ ဦးပဥ္ဇင်း တစ်ပါးရောက်လာတယ်။ ဟဲ့ ရွှေရိုး၊ ဘာလုပ်တာလဲကွ၊ တပည့်တော် အုန်းသီးစားတာဘုရား။ ဟင် . . မင်း အုန်းသီးစားတာ ဘယ်လို ဖြစ်နေတာလဲ၊ ဘယ်နှယ့်လုပ်ပြီး အုန်းမှျင်တွေ ဝါးနေရတာလဲ၊ ဟုတ်တယ်ဘုရား၊ အုန်းသီးက အစေ့ကြီးတော့ လွှင့်ပစ်လိုက်ရပြီဘုရား။ ရှိတာက

ဒါပဲရှိတော့ ဒါကိုပဲ တပည့်တော် ဝါးစားနေတော့တာဘုရား။ ဝါးလို့လည်း မရပါဘူးဘုရား၊ အရည်တွေ မျိုချတော့လည်း ဘာမှ ကောင်းတဲ့အရသာလည်း မရှိပါဘူးဘုရား။ အပင်ပန်းခံ ခွဲလို့သာ ရှိတာကို ကျိတ်မှိတ်ပြီး ရှုံမဲ့ရှုံမဲ့နဲ့ ဝါးနေရတာပါဘုရားလို့ ပြောသတဲ့။

အဲလိုဆိုတော့ ဦးပဥ္ဇင်းက ညံ့လိုက်တာ ရွှေရိုးရယ်၊ မင်းဟာက လွှင့်လိုက်ရမှာကျတော့ မင်းက စားနေတယ်၊ စားရမှာ တော့ မင်းက လွှင့်ပစ်တယ်၊ တယ်ညံ့ပါလား၊ ရွှေရိုးက စောစောက နို့တိုးကို အပြစ်တင်သေးတယ်။ နို့တိုး မင်း တော်တော်ညံ့တဲ့ အကောင်ကွာ၊ အုန်းသီးတောင် ကွဲအောင် မခွဲနိုင်ဘူး။ အခုတော့ သူလည်း ညံ့တာပါပဲ။ အဲဒါကို ဦးပဥ္ဇင်းက ပြောနေတာ၊ မင်းကွာ လွှင့်ပစ်လိုက်ရမှာကျတော့ စားတယ်၊ စားရမှာတော့ မင်းက လွှင့်ပစ်တယ်၊ နေစမ်းပါဦး၊ အုန်းသီး ဘယ်က ရတာတုံး။ ဟောဟိုမှာ ဘုရား၊ နို့တိုး ဘုရား။ အကြာကြီး ခွဲနေတာဘုရား၊ ဘယ်လိုမှ မခွဲနိုင်လို့ လွှင့်ပစ်လိုက်တယ်၊ သူ လွှင့်ပစ်လိုက်တော့ တပည့်တော်က ကောက်ပြီးတော့ သူ မခွဲတတ်လည်း တပည့်တော်ပဲ ခွဲစားမယ်ဆိုပြီး ခွဲတာဘုရား၊ အစေ့က ကြီးလို့ လွှင့်ပစ်လိုက်ရပြီဘုရား၊ ရှိတာတွေ စားတော့လည်း ဘာမှ ကောင်းတဲ့ အရသာ မရှိ၊ ဝါးလို့လည်း မရပါဘူး ဘုရား။ နေစမ်းပါဦး ရွှေရိုး၊ မင်း လွှင့်ပစ်လိုက်တဲ့ အုန်းစေ့ ကြီးက ဘယ်မှာတုန်း၊ ဟောဟိုမှာ ဘုရား၊ ဟိုမှာ ဘုရား၊ ကဲ . . သွားကောက်ချေ၊ သူ လွှင့်ပစ်လိုက်တဲ့ အုန်းစေ့ကြီး ကောက်ယူတယ်၊ ယူပြီးတဲ့အခါ ကဲ . . . ရွှေရိုး

ခွဲစမ်းကွာ၊ စားရမှာ အဲဒီထဲမှာကွ၊ ခွဲတော့ မာတယ်ဘုရား၊ မာပါစေ ရွှေရိုးရယ်၊ မင်း ယောကျ်ားပဲ၊ ခွဲစမ်းပါကွ၊ မာတယ် ဘုရား၊ ဟ . .မာပါစေကွ၊ စားစရာက အဲဒီထဲမှာ၊ ကြိုးစား ခွဲစမ်းပါ၊ မာတယ်ဘုရား၊ မာတယ်ချည်း ငြင်းနေတယ်၊ အဲဒါနဲ့ ကဲ မာပါစေ၊ ကြိုးကြိုးစားစားသာ ခွဲစမ်းပါ၊ ကူညီအားပေးပြီးတော့ အခွံခိုင်းလိုက်တော့ အပြင်က အခွံမာကြီးခွဲလိုက်တော့ အတွင်းက အုန်းဆံတွေ၊ အုန်းရည်တွေ သွားတွေ့တယ်။ ရွှေရိုး၊ စားရမှာက အဲဒါတွေကွ၊ မင်းဟာက ဘယ်နှယ့် စားရမှာတွေတော့ လွှင့်ပစ်တယ်၊ လွှင့်ပစ်ရမှာကိုတော့ မင်းက စား၊ တယ်ညံ့တာပဲဆိုပြီးတော့ ပြောသတဲ့၊ ဘယ်လိုပဲ ပြောပြော ရွှေရိုး စားစရာ အုန်းရည် အုန်းဆံတော့ တွေ့သွားပါပြီ၊ လမ်းညွှန်ပေးတဲ့ ပုဂ္ဂိုလ်နဲ့ တွေ့လို့ အနှစ်ကို တွေ့သွားတာပါ။

## လူ့ဘဝအုန်းသီးကြီးရလို့ နေကြပြီ

ဘာကို ဆိုလိုတာလဲဆိုတော့ တရားဟော, တရားနာ ပုဂ္ဂိုလ်အပေါင်း သူတော်ကောင်းတွေ လူ့ဘဝ အုန်းသီးကြီးကို ရလို့နေကြပြီတဲ့။ လူ့ဘဝ အုန်းသီးကြီး အတိတ်ကုသိုလ်ကံတည်း ဟူသော အုန်းပင်ပေါ်က ဘုတ်ခနဲ ကြွေကျလာတဲ့ အဖိုးတန်လှတဲ့ လူ့ဘဝ အုန်းသီးကြီး တစ်လုံးတော့ ကောင်းကောင်း ကောက်ရနေ ကြပြီ။ လူ့ဘဝ အုန်းသီးကြီးကို ရတဲ့အခါကာလမှာ မျောက်ကလေး နီတိုးတို့လို အုန်းသီးလို့တောင် မခေါ်တတ်တဲ့ လူတွေကလည်း အများကြီး၊ ကိုယ့်ဘဝအကြောင်း နားမလည်တာကိုပဲ အုန်းသီးလို့ မခေါ်တတ်လို့ တင်စားပြောတာ၊ အန္ဓပုဂ္ဂိုလ်ပေါ့၊ ပဉ္စပွန်ချမ်းသာ အောင် နေနည်းကိုတောင်မှ နားမလည်၊ ပဉ္စပွန်မှာ ချမ်းသာ

ကြောင်းနည်းလမ်းကောင်းတွေကိုတောင်မှ ဘာမှ နားမလည်၊ ယခု ရထားတဲ့ ဘဝဟာ ဘယ်လောက် အဖိုးတန်တယ်၊ ဘယ်လောက် လုပ်ပိုင်ခွင့်ရှိတယ်၊ အစရှိသည့်ဖြင့် ဘာဆို ဘာမှ နားမလည်။ ဘဝကို စုံမျှောပြီးတော့မှ ဒုစရိုက်တွေနဲ့ အချိန်ကုန်နေတဲ့ ပုဂ္ဂိုလ်တွေတဲ့။ ဒါကြောင့် ရလာတဲ့ လူ့ဘဝကို ဘာမှ နားမလည်ပဲနဲ့ မျောက်ကလေးမောင်နီတိုးလိုပဲ အုန်းသီးကို တောင်မှ မခေါ်တတ်တဲ့ လူတွေကလည်း အများကြီးပဲ။

တစ်ခါ ကျောင်းသားလေးမောင်ရွှေရိုးဟာ လွှင့်ပစ်လိုက်ရမယ့် အကာကို စားပြီးတော့ စားရမယ့် အနှစ်ကျတော့ လွှင့်ပစ်လိုက်တယ်။ အဲဒါမျိုးလိုပေါ့။ ဘဝသံသရာတစ်လျှောက်လုံး စားလို့လာခဲ့တဲ့ အိုစာ၊ နာစာ၊ သေစာတွေနဲ့ အချိန်ကုန်ပြီးတော့ နေကြတယ်။ ဧကစက္ခု ခေါ်ရတဲ့ မျက်စေ့တစ်ဖက်သာ မြင်ကြတဲ့ ပုဂ္ဂိုလ်တွေ၊ အဲဒီ ပုဂ္ဂိုလ်တွေကိုလည်းပဲ နှစ်ဖက်မြင် ပညာရှိကြတဲ့ ပညာရှိ သူတော်ကောင်းတွေ၊ မေတ္တာကရုဏာဟတရား ပြည့်ဝတဲ့ ပညာရှိ သူတော်ကောင်းတွေက တွေ့ကြမြင်ကြတော့ အင်မတန်သနားတာကိုး။ အော် . . . ကိုရွှေရိုးတို့၊ မရွှေရိုးတို့ ဘာများ လုပ်နေကြ တာတုန်း၊ အုန်းသီး စားနေကြပါတယ် ဘုရား တဲ့။ ဟင် မင်းတို့ အုန်းသီး စားနေကြတာကလည်း ဘယ်လို ဖြစ်နေတာလဲ၊ တစ်နေ့လည်း ဒါပဲ၊ တစ်နေ့လည်း ဒါပဲ၊ ဘဝသံသရာ တစ်လျှောက်လုံး စားလာခဲ့တဲ့ အိုစာတွေ၊ နာစာတွေ၊ သေစာတွေ ဖြစ်တဲ့ အုန်းမှျင်တွေကိုချည်း ရှူ့မဲ့ရှူ့မဲ့နဲ့ ဝါးကြလှချည်လား၊ ပစ္စည်းရလို့လည်း လူက မချမ်းသာ။ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ အပူတွေကလည်း လျော့လို့

မသွား၊ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲတွေကလည်း နောက်ဆုတ်လို့ မသွား၊ ရှိပေမယ့် ရှုံ့မဲ့ရှုံ့မဲ့နဲ့ ဖြစ်နေကြပါလား၊ ကျောင်းသားလေး မောင်ရွှေရိုးဟာ အုန်းမှုတ်တွေ၊ အုန်းဆံဖတ်တွေကို ရှုံ့မဲ့ရှုံ့မဲ့နဲ့ ဝါးပြီးတော့မှ ဖန်တွန့်ဖန်တွန့်ဖြစ်နေတဲ့ အရည်တွေကို ရှုံ့မဲ့ရှုံ့မဲ့နဲ့ မျိုချနေသလိုပေါ့။ တစ်ဖက်မြင်ပညာမျှသာ ရထားတဲ့ လူတွေကလည်း ပစ္စည်းရရင် ချမ်းသာလိမ့်မယ်မှတ်ပြီးတော့ ပစ္စည်းတွေ လျှောက်ရှာ၊ ခန္ဓာက တာဝန်ပေးတော့ ရှာတော့ ရှာရမှာပေါ့။ ဒါပေမယ့် တရားက မပါတော့တဲ့ ရှုံ့မဲ့ရှုံ့မဲ့၊ ရှိလည်း မချမ်းသာဘူးတဲ့၊ ပေါလည်း မချမ်းသာဘူးတဲ့၊ ဒီအထဲ ရတ်တရက် ပျောက်ကွယ်သွားတော့ ခြေမကိုင်မိ၊ လက်မကိုင်မိ၊ ရူးမတတ် ပူရပြန်ပြီ။ အဲလိုနဲ့ ရှုံ့မဲ့ရှုံ့မဲ့ ဖြစ်နေကြတယ်။ ဘဝသံသရာတစ်လျှောက်လုံး စားလို့ လာခဲ့တဲ့ အိုစာ၊ နာစာ၊ သေစာတွေကိုသာ စားပြီးတော့မှ ရှုံ့မဲ့ရှုံ့မဲ့နဲ့ နေကြတဲ့ တစ်ဖက်မြင်ပညာနဲ့ အဲလို ဖြစ်နေကြတဲ့ ပုဂ္ဂိုလ်တွေကို ပညာရှိ သူတော်ကောင်းတွေက အင်မတန်ချမ်းသာစေချင်တော့ မင်းတို့ စားနေကြတာဟာ အုန်းမှုတ်တွေတဲ့၊ ရှုံ့မဲ့ရှုံ့မဲ့နဲ့ သိပ်ဝါးမနေကြနဲ့၊ အနှစ်တွေအောင် ရှာကြဦး၊ ခုနက ကျောင်းသားလေး မောင်ရွှေရိုးကို လွှင့်ပစ်လိုက်တဲ့ အုန်းစေ့ကြီး အကောက်ခိုင်းပြီးတော့မှ အခွဲခိုင်းသလိုပေါ့။

တစ်ဖက်မြင်ပညာမျှသာ ရှိသေးတဲ့ ပုဂ္ဂိုလ်များကို နှစ်ဖက်မြင်ပညာ ရအောင်လို့ ပညာရှိ သူတော်ကောင်းများက လမ်းညွှန်ပေးကြတယ်။ "ပစ္စည်း၊ ဥစ္စာတည်းဟူသော အခွံလွှာကို ခွဲပြီးတော့မှ ဒါနအနှစ်ကို ထုတ်သုံးကြစမ်းပါ" လို့ ပြောတယ်၊ ပြောတော့ တစ်ဖက်မြင်ပညာသာရှိသေးတဲ့ ပုဂ္ဂိုလ်များက "မာတယ်ဗျ"တဲ့၊

မာတယ်လို့ ငြင်းတယ်။ မာပါစေကွယ်၊ အဲ သဒ္ဓါ၊ ဝီရိယ အားကောင်းကောင်းနဲ့ ခွဲစမ်းပါ။ ကိုယ့်ဟာကိုယ်မှ မယုံဘူလား၊ ကိုယ့်ကိုယ်ကို တကယ်ယုံတဲ့ သဒ္ဓါတရား အားကောင်းကောင်းနဲ့ မိမိ ခက်ခက်ခဲခဲနှင့် ကြိုးကြိုးစားစား ရှာဖွေထားတဲ့ ပစ္စည်းဥစ္စာထဲမှ အခွံမာကို ခွဲပြီးတော့မှ ဒါနအနှစ်ကို ထုတ်ယူကြစမ်းပါလို့ အကြောင်းအကျိုးအမျိုးမျိုးပြပြီးတော့မှ အခွဲခိုင်းတော့ ခွဲကြတယ်၊ ခွဲကြတော့ အနှစ်တွေတော့ ပျော်လိုက်ကြရတာလေ၊ နောက်တော့ လည်း အနှစ်တွေတော့ ဝမ်းသာကြရ၊ ပျော်ကြရတာပါ။

တစ်ခါ "ကိုးဆယ့်ခြောက်ဖြာ ရောဂါဝေဒနာတွေနဲ့ ဆက်ဆံလို့ နေတဲ့ ဟောဒီ ခန္ဓာကိုယ်တည်းဟူသော အခွံမာကို ခွဲပြီးတော့ ကိုယ်ကျင့်သီလအနှစ်ကို ထုတ်သုံးကြစမ်းပါ"လို့ ပညာရှိသူတော်ကောင်းတွေက ပြောပြန်တော့ "မာတယ်ဗျ"တဲ့၊ မာပါစေကွယ်၊ သဒ္ဓါ၊ ဝီရိယအားကောင်းကောင်းနဲ့ ခွဲစမ်းပါ။ ဒါမှလည်း စိတ်အေး စရာ အနှစ်ရမှာပေါ့လို့ ကြောင်းကျိုးအမျိုးမျိုးပြပြီးတော့ ခွဲခိုင်းလိုက်တဲ့ အခါမှာ ကိုယ်ကျင့်သီလတရား အနှစ်တွေရကြတယ်။ ရတော့လည်း ဝမ်းသာလိုက်ကြရတာ၊ အသိ နောက်ကျတယ်တောင် ထင်နေကြသေးတယ်။

တစ်ခါ "မည်မျှပင် ကျွေးသော်လည်းပဲ ဖြစ်ပျက်နှစ်တန် အမြဲတမ်း နှိပ်စက်ခံနေရတဲ့ ရုပ်နာမ်အသက်၊ အဲဒီ အသက်အခွံမာကို ခွဲပြီးတော့မှ သမထ ဘာဝနာ၊ ဝိပဿနာဘာဝနာဆိုတဲ့ အနှစ်ကို ထုတ်ပြီးတော့ သုံးကြစမ်းပါ"လို့ ပြောပြန်တော့ "မာတယ်ဗျ" တဲ့၊ မာပါစေကွယ်၊ သဒ္ဓါ၊ ဝီရိယအားကောင်းကောင်းနဲ့ ခွဲပြီးတော့ သုံးကြစမ်းပါလို့ ပညာရှိသူတော်ကောင်းတွေက အကြောင်းအကျိုး

အမျိုးမျိုးပြပြီး အခွဲခိုင်းလိုက်တဲ့အခါမှာ နှစ်ဖက်မြင်ပညာ ကောင်းကောင်းရပြီးတော့ အနှစ်ကို တွေ့သွားတော့လည်း ဝမ်းသာလိုက်ကြရတာ။ ဒါန အနှစ်တွေ ရလို့၊ ဒါနတည်းဟူသော အုန်းရည်တွေ အနှစ်တွေ၊ သီလတည်းဟူသော အုန်းဆီ၊ အုန်းရည်နဲ့တူတဲ့ အနှစ်တွေ၊ သမထဘာဝနာ၊ ဝိပဿနာဘာဝနာတည်းဟူသော အုန်းဆံ၊ အုန်းရည်နဲ့တူတဲ့ အနှစ်တွေ တွေ့သွားကြတော့ ဝမ်းသာလိုက်ကြတော့ ဝမ်းသာလိုက်ကြရတာတဲ့။ ဒကာ၊ ဒကာမအပေါင်း သူတော်ကောင်းတွေမှာတော့ တကယ့်အနှစ်တွေလို့ ပျော်ကြမှာပါ။ ဒါကြောင့် အနှစ်ကို တွေ့အောင်ရှာရမှာ၊ နှစ်ဖက်မြင် ပညာရှိမှ ရထားမှလည်းပဲ နှစ်ဖက်ရစွမ်းအားဆိုတာ ယူနိုင်မှာ။

ဒါကြောင့်မို့လို့ ယခု သာသနာကို မှီပြီးတော့ နှစ်ဖက်မြင် ပညာ ရထားတော့ မိမိတို့အတွက် နှစ်ဖက်ရ စွမ်းအားတွေ ရနေကြတယ်။ နှစ်ဖက်မြင်သူ စွမ်းတဲ့လူတွေ ဖြစ်နေကြတာပေါ့။ အဲဒီစကားလေးရဲ့ ဆိုလိုရင်းက "နှစ်ဖက်လုံးပင် စုံမြင် စွမ်းအင် လုံးလုံးရှုံးနိုင်ကြ" ဒါက အန္ဓပုဂ္ဂိုလ်၊ ခုနက အန္ဓသုတ္တန်မှာလာတဲ့ ပထမပုဂ္ဂိုလ်ပေါ့၊ ပစ္စုပ္ပန်ချမ်းသာအောင် နေနည်းကိုတောင်မှ နားမလည်၊ ပစ္စုပ္ပန်မှာတောင်မှ ချမ်းသာအောင် မနေတတ်တဲ့၊ ပစ္စည်းကိုတောင် ရအောင် မရှာတတ်ဘူး။ အကာကိုတောင် တွေ့အောင် မရှာတတ်ဘူးတဲ့။ "နီတိုးပမာ၊ ညှိုးငယ်စွာ၊ အကာကိုပင် မတွေ့ရ" နီတိုးက အုန်းသီးရတော့ အုန်းမှုင်အကာတောင် တွေ့အောင် သူ မခွဲတတ်ပါဘူး။ အဲဒါမျိုးလိုပဲ အန္ဓဖြစ်တဲ့ ပုဂ္ဂိုလ်တွေဟာလည်း ပစ္စုပ္ပန်ဘဝမှာ စားဝတ်နေရေး ပစ္စည်းဆိုတဲ့ အကာကိုတောင်မှ တွေ့အောင် မရှာတတ်ပါဘူး။

- နှစ်ဖက်လုံးပင်၊ စုံမမြင်၊ ခွမ်းအင်လုံးလုံးရှုံးနိုင်ကြ။
- နိတ်ိုးပမာ၊ ညှိုးငယ်စွာ၊ အကာကိုပင်မတွေ့ရ။

ဒါက အန္ဓပုဂ္ဂိုလ်။

တစ်ခါ ကေစက္ခုကျတော့–

- တစ်ဖက်မြင်ရုံ၊ ခွမ်းမကုန်၊ လူ့ဘုံ မပြည့်ဝ။

တစ်ဖက်မြင်ဆိုတာ ဒီဘဝ မျက်စေ့တစ်လှမ်းလေး မြင်တာ သူ လုပ်နေမှာပေါ့။ ဟောဟိုဘက်အထိ ဘယ်ကြည့်မလဲ၊ ဟောဟို ဘက်ထိ မြင်အောင် မကြည့်နိုင်တော့ ဟောဟိုဘက်အထိ ဘာမှ လုပ်မှာ မဟုတ်ဘူး။ ဘဝကူးသွားတာနဲ့ ကြောက်စရာ၊ ထိတ်စရာ၊ လန့်စရာ၊ ရင်မအေးစရာတွေနဲ့ သူတွေ့ရတော့မှာ၊ ဆင်းရဲဒုက္ခတွေလည်းပဲ တိုးကြ၊ နက်ကြ၊ ဆုံကြ။ နောက်ဆုတ် ကြမှာ မဟုတ်ဘူးတဲ့။

- တစ်ဖက်မြင်ရုံ၊ ခွမ်းမကုန်၊ လူ့ဘုံ မပြည့်ဝ၊
- မောင်ရွှေရိုးလို၊ အကာကို၊ ဝါးမျိုရှုံ့မဲ့ရ။

မောင်ရွှေရိုးဟာ အုန်းမှုင်တွေ အကာတွေကို ရှုံ့မဲ့ရှုံ့မဲ့နဲ့ ဝါးနေသလိုပေါ့။ တစ်ဖက်မြင်ပညာမျှသာ ရထားတဲ့ ကေစက္ခု ဆိုတဲ့ ပုဂ္ဂိုလ်ကလည်းပဲ ပဉ္စပွန်ဘဝမှာ ပဉ္စည်းဥစ္စာဆိုတဲ့ အကာကို ဝါးပြီးတော့မှ သောကပရိဒေဝကြားထဲမှာ ရှုံ့မဲ့ရှုံ့မဲ့နဲ့ ဘယ်လောက် ပဲရှိရှိ ချမ်းသာတယ်လို့လည်း မရှိ၊ ပြဿနာတွေ အမျိုးမျိုးဖြစ်လို့ အဲဒီလိုနဲ့ပဲ တစ်ဘဝကုန်ဆုံးပြီးတော့ သွားတတ်တယ်။

- မောင်ရွှေရိုးလို၊ အကာကို ဝါးမျိုရှုံ့မဲ့ရ။
- နှစ်ဖက်မြင်သော်၊ အနှစ်ပေါ်၊ ရှင်ပျော်အားတာတ်ရ။

ပညာရှိ သူတော်ကောင်းများရဲ့ လမ်းညွှန်ချက်ကို ရတော့ နှစ်ဖက်မြင်ပညာရတဲ့ ဒွိစက္ခုဆိုတဲ့ ပုဂ္ဂိုလ်အစစ်တွေ ဖြစ်ကြတော့မှ ဒွိစက္ခု မျက်စေ့နှစ်ဖက်လုံးပါတဲ့ လူအစစ်တွေ ဖြစ်ကြပြီးတော့မှ စွမ်းအားတွေရအောင် ယူနိုင်တဲ့အတွက်ကြောင့် ပျော်ကြရတယ်။ ဒကာ၊ ဒကာမတွေ ယူဖို့ ပြောနေကြတာ၊ မိမိတို့ စိတ်ကောင်းလေးကြောင့် သာသနာလည်း အများကြီး ကျေးဇူးပြုသွားတယ်။ ကိုယ့်အတွက်လည်း ငါတော့ အနှစ်တွေ ရပြီဆိုပြီးတော့ အဲလို ပြောနေကြတာပါ။ နီတိုးလိုလည်းပဲ အကာကို တွေ့အောင် မရှာနိုင်တဲ့ ပုဂ္ဂိုလ်တွေ မဟုတ်ကြဘူး။ အကာကိုလည်း တွေ့အောင် ရှာနိုင်ကြပြီ။ ရွှေရိုးလိုလည်း အကာကို ဝါးနေရုံနဲ့ အချိန်ကုန်နေကြမယ့် ပုဂ္ဂိုလ်တွေ မဟုတ်ဘူး။ အကာကိုလည်း အနှစ်ပေါ်အောင် သုံးတတ်တဲ့ ပုဂ္ဂိုလ်တွေ၊ နှစ်ဖက်မြင်ပုဂ္ဂိုလ်တွေ ဖြစ်နေကြပြီလို့ ဝမ်းသာနေကြရတာပါ။ အဲဒါလေးလည်းလိုက်ဆိုကြ–

- နှစ်ဖက်လုံးပင်၊ မမြင်လျှင်၊ စွမ်းအင်လုံးလုံးရှုံးနိုင်ကြ၊
- နီတိုးပမာ၊ ညှိုးငယ်စွာ၊ အကာကိုပင်မတွေ့ရ။
- တစ်ဖက်မြင်ရုံ၊ စွမ်းမကုန်၊ လူ့ဘုံ မပြည့်ဝ၊
- မောင်ရွှေရိုးလို၊ အကာကို၊ ဝါးမျို ရုံ့မဲ့ရ။
- နှစ်ဖက်မြင်သော်၊ အနှစ်ပေါ်၊ ရွှင်ပျော် အားတက်ရ။

အဲဒီလိုဆိုရင် နှစ်ဖက်မြင် ပညာရှိတဲ့ပုဂ္ဂိုလ်တွေ ဖြစ်ခွင့်ရတာ မိမိတို့အတွက် ဝမ်းသာအားရ ဂုဏ်ယူစရာကြီး ဖြစ်နေကြပါတယ်။ စိတ်အေးစရာ အင်အားများကို ရအောင် ယူနိုင်တဲ့ မိမိတို့ စိတ်ကောင်းလေး အကြောင်းပြုပြီးတော့ လောက၊သာသနာ ကောင်းကျိုးပြု အလုပ်တွေလည်းပဲ လုပ်ပေးနိုင်ကြပါတယ်။ အဲ

ဒွိစက္ကဲ့ဆိုတာက မျက်စေ့နှစ်ဖက်မြင်တဲ့ ပုဂ္ဂိုလ်၊ အဲလို နှစ်ဖက် မြင်တဲ့ ပုဂ္ဂိုလ်ဆိုလို့ရှိရင် ကောင်းတဲ့ အလုပ်ဆိုတာဟာ ဧကန် လုပ်နိုင်ကြတယ်။

## ကိုပိန်နှင့်မလိန်

ရွာတစ်ရွာမှာ ကိုပိန်နဲ့ မလိန်လို့ ဇနီးမောင်နှံ နှစ်ဦးရှိတယ်။ အလွန်ဆင်းရဲပါတယ်။ ကိုပိန်ဆိုတဲ့အတိုင်း ရုပ်ကလည်း ပိန်တာပဲ၊ စိတ်ကလည်း သဒ္ဓါတရား ဘာမှမရှိ။ လူကြည့်တော့လည်း မှုန်သိုးသိုးနဲ့၊ မလိန်ကလည်း ဒီအတိုင်းပဲ၊ ဖြစ်သလို နေတာပဲ၊ သူတို့ အလုပ်က တစ်ခါတစ်ရံ ရေရောင်းလို့၊ တစ်ခါတစ်ရံ ထင်းရောင်းလို့၊ တစ်ခါတစ်ရံ တခြားအိမ်တွေမှာ အငှားအလုပ် လုပ်လို့၊ ဆင်းဆင်းရဲရဲ နေရပါတယ်။ ခန္ဓာကိုယ်က တာဝန်ပေးထား တဲ့ ပစ္စည်းကိုတောင် လုံလောက်အောင် မရှာနိုင်ကြပါဘူး။ နက်ဖြန်အတွက်ကို ထည့်မစဉ်းစားနိုင်ဘူး၊ ဒီနေ့အတွက် ထမင်း နပ်ကလေးမှီအောင်တောင် မနည်းရုန်းကန်ကြရတယ်။ ပစ္စုပ္ပန်ဘဝ ချမ်းသာကြောင်း ပစ္စည်းဥစ္စာကိုတောင် မရှာနိုင်တော့ နောင်ရေး အတွက် တရားဆိုတာ အိပ်မက်တောင် မမက်နိုင်ပါဘူး။ အဲလို သူတို့ ဘဝဟာ တကယ့်အန္ဓပဲ၊ ကိုပိန်တို့ မလိန်တို့ အန္ဓတွေပဲ၊ အဲလို ဆင်းရဲရတဲ့အထဲမှာ စားဝတ်နေရေး မပြည့်စုံရတဲ့အထဲမှာ အိမ်ကလည်း မိုးမလုံ၊ လေမလုံ အကာတွေကလည်း စုတ်၊ အမိုးတွေကလည်း ဟိုက ပေါက်၊ ဒီက ပေါက်၊ အဲလို နေရာတဲ့အထဲမှာ ငပိန်က ဖဲက ကြားညှပ်ပြီး ရိုက်လိုက်သေးတယ်။ တစ်ခါတစ်ရံ ရေရောင်းလို့ ရတာလေး၊ ထင်းရောင်းလို့ ရတာလေး၊

ဟင်းရွက်ရောင်းလို့ ရတာလေး၊ ရတဲ့ ပိုက်ဆံလေး စိတ်ကူးယဉ်ပြီးတော့ ဖဲက ရိုက်လိုက်သေး။ တစ်ခါတစ်ရံ အဲဒီရတဲ့ ပိုက်ဆံလေးယူပြီး အရက်က သောက်လိုက်သေး။ အဲဒီလိုနဲ့ ပစ္စုပ္ပန်မှာလည်း စားဝတ်နေရေး မပြည့်စုံ၊ နောင်ရေးအတွက်လည်း ကောင်းမှုတရားဆိုတဲ့ ဥစ္စာက အိပ်မက်တောင်မှ မမက်၊ တစ်ရက်မှ မချမ်းသာဘူး။ ရန်ဖြစ်လိုက်ရတာ နေ့စဉ်လိုပဲ။ တဗျစ်တောက်တောက်နဲ့ ရန်ဖြစ်လိုက်ရတာလည်း နေ့စဉ်လိုပဲတဲ့၊ အိမ်နီးနားချင်းတွေ အင်မတန် သနားစရာ ဖြစ်နေကြတယ်။ တရားအတွက် စည်းရုံးတော့လည်း ဘာမှ စည်းရုံးလို့ မရဘူး။ မောင်ပိန်တို့ မလိန်တို့ လာ၊ တရားနာသွားရအောင်၊ အသိဉာဏ်ပေါ်မှ စီးပွားရေးလုပ်ရတာ ကောင်းတယ်။ ပိုက်ဆံရှာလို့ ကောင်းတယ်။ အန္တရာယ်တွေ ကင်းအောင် ရှင်းအောင် ရှောင်တတ်တယ်၊ လာဘ်မြင်တယ်ဆိုတော့ အို့ဗျာ . . . ပိုက်ဆံရှာတာနဲ့ တရားနာတာ ဘာဆိုင်လို့လဲ။ သူက တုံ့ပြန်ချက်က ဒါပဲ။ လာကွဲ ဝေယျာဝစ္စလေးတွေလုပ်ရအောင်၊ ကုသိုလ်အလုပ် လုပ်ရအောင်၊ ဒါမှ စိတ်တွေ တည်ငြိမ်တယ်၊ ကုသိုလ်စိတ်တွေဖြစ်လို့ စိတ်တွေ သန့်ရှင်းပြီးတော့ အကြံအစည်တွေ ပွင့်တယ်၊ စီးပွားရေးလုပ်ရတာ ကောင်းတယ်၊ နေရေးထိုင်ရေး အကုန်အဆင်ပြေတယ်။ အို့ဗျာ ဝေယျာဝစ္စလုပ်တာနဲ့ ပိုက်ဆံရှာတာ ဘာဆိုင်တာမှတ်လို့၊ သူတို့က တုံ့ပြန်ချက်က ဒါချည်းပဲ။ တရားနာ စည်းရုံးလည်း မရ၊ ကုသိုလ်လုပ်ဖို့ စည်းရုံးလည်း မရ၊ ဝေယျာဝစ္စတွေလုပ်ဖို့ စည်းရုံးလည်း မရ၊ ဘာမှ စည်းရုံးလို့လည်း မရဘူးတဲ့။ တကယ့် အန္ဓတွေပဲ။ အဲဒါနဲ့ တော်တော်ကြာသွားတယ်။ မောင်ပိန်တို့ မလိန်တို့ ဇနီးမောင်နှံ စားဝတ်နေရေး

ရယ်လို့ ဘာမှ မပြည့်စုံ ဆင်းဆင်းရဲရဲ ပင်ပင်ပန်းပန်းနဲ့ ယောလိုနေလိုက်ကြတာ တော်တော်ကြာသွားတော့ တစ်နေ့သောအခါမှာ အိမ်နီး နားချင်းများက စည်းရုံးကောင်းလို့လည်း ဖြစ်မှာပေါ့။ သူတို့လည်းပဲ ဆင်းရဲတဲ့ ဒဏ်ချက်က တော်တော်ခံလာရပြီပဲ၊ ဆင်းရဲတဲ့ အကြောင်းကလည်း ပြောရင် တော်တော်ကျယ်တယ်။

အဲဒါနဲ့ တစ်နေ့ကျတော့ တစ်နေရာမှာ တရားပွဲရှိတယ်တဲ့။ တရားပွဲရှိတော့ အိမ်နီးနားချင်းများက စည်းရုံးလို့ မောင်ပိန်ကော မလိန်ကော နှစ်ယောက်စလုံး ပါသွားကြတယ်။ တရားနာပါသွားကြတယ်။ တရားနာပါသွားကြတော့ တရားဟောတဲ့ ပုဂ္ဂိုလ်ကလည်းပဲ ပါဠိပါဠ်သားတွေ များများစားစား မရွတ်ပါဘူး။ "တရားနာတဲ့ ပုဂ္ဂိုလ် အချိန်တိုအတွင်းလေးမှာ မှတ်သင့်တဲ့ စကားလုံးလေးတွေ ထိထိရောက်ရောက် မှတ်နိုင်ကြပါစေ၊ လက်တွေ့ အလုပ်လုပ်ရမယ့် အလုပ်ကလေးတွေကို မြန်မြန်လေး နားလည်ကြပါစေ" ဆိုတဲ့ ရည်ရွယ်ချက်နဲ့ မြန်မာစကားပြေနဲ့ပဲ ရှင်းရှင်းလေး ပြောပြနေသတဲ့။ တရားနာပရိသတ်ထဲမှာ ပါနေတာက မောင်ပိန်တို့ မလိန်တို့ ပါနေတယ်။ ပါနေတဲ့အခါမှာ တရားဟောတဲ့ ပုဂ္ဂိုလ်ကလည်း လက်တွေ့အလုပ် လုပ်လို့ဖြစ်နိုင်တဲ့ လုပ်ငန်းတိုတိုလေး ငါးခု ပြောပြတယ်။ အေး . . ဆင်းရဲတယ်၊ ဆင်းရဲတယ်ဆိုတဲ့ ဥစ္စာဟာ ဆင်းရဲတဲ့အတိုင်း အဲဒီအတိုင်း မနေရဘူးကွ၊ ကိုယ့်ဟာကိုယ်တောင်မှ မယုံဘူးလား၊ ကိုယ့်ဟာကိုတောင်မှ မယုံဘူးလား၊ ကိုယ့်ဟာကိုယ် ယုံရတယ်ကွ၊ ဆင်းရဲတယ် ဆင်းရဲတယ်ဆိုတာ အဲဒီအတိုင်း ငုံ့ခံနေရတာ မဟုတ်ဘူး။ လုပ်လို့ဖြစ်တဲ့ နေရာကစပြီးတော့ လုပ်ရတယ်ကွ ဆိုပြီးတော့ တရားနာတဲ့ ပုဂ္ဂိုလ်တွေ

အလုပ်လုပ်တတ်အောင် အလုပ်လုပ်ချင်လာအောင် စိတ်ဓါတ်တွေ တက်ကြွလာအောင် အားရှိလာအောင် အဲဒီလို ပြောပြသတဲ့၊ ပြောပြတော့ မောင်ပိန်တို့ မလိန်တို့ စိတ်ဝင်စားလာတယ်။ ဘာများ ပြောမှာပါလိမ့်ပေါ့၊ ဆင်းရဲတယ် ဆင်းရဲတယ်ဆိုတာ အဲဒီအတိုင်း ခေါင်းငုံ့ခံ မနေရဘူးကွ၊ လုပ်လို့ဖြစ်တဲ့ နေရာက စလုပ်ရတယ်။ နားလည်အောင်လည်း လုပ်ရတယ်။

## ကုသိုလ်ငါးခု နေ့စဉ်ပြု

အဲလို ပြောပြတော့ စိတ်ဝင်စားလာကြတယ်။ စိတ်ဝင်စားတာနဲ့ ပြောတဲ့ပုဂ္ဂိုလ် ဟောတဲ့ပုဂ္ဂိုလ်ကလည်း နေ့စဉ် နေ့စဉ် အချိန်လည်း အထူးမပေးရတဲ့ လုပ်ငန်းစဉ်လေး ငါးခု–

(တစ်) ဒါနရယ်

(နှစ်) သရဏဂုံရယ်

(သုံး) ငါးပါးသီလရယ်

(လေး) မေတ္တာတရားရယ်

(ငါး) အနိစ္စာနုပဿနာ ခေါ်တဲ့ ဝိပဿနာရယ်

ပိုက်ဆံတစ်ပြားမှ ပေးဖို့ မလိုဘူး။ နေ့တိုင်း ရနိုင်တဲ့ ဥစ္စာ၊ အချိန်အထူးပေးဖို့လည်း မလိုဘူး။ နေ့တိုင်း ရနိုင်တဲ့ ဥစ္စာ၊ ကိုယ့်ဘက်က အရင်းအနှီးစိုက်ရမှာက သဒ္ဓါတရားပါ ဆိုတာကို ပြောပြနေတယ်။

ဒါနဆိုတာ မဏ္ဍပ်ကြီးထိုးလှူမှ ဒါနခေါ်တာမှ မဟုတ်ဘဲ၊ ဘုရားကို ရေလှူတယ်၊ ပန်းလှူတယ်၊ ရေဆိုတာမှ ရေတွင်းထဲ၊ ချောင်းထဲ၊ ကန်ထဲ သွားခပ် အခမဲ့ ရနိုင်တာတွေ ရှိသားပဲ။

လှူရင် ရပါတယ်။ တစ်ခါ မိသားစုအချင်းချင်း ပေးတာ ပေးတတ်ရင် ဒါနပါ။ ပေးတတ်ဖို့ပဲ အရေးကြီးပါတယ်။ အဲလို စသည်ဖြင့် ဒါနလည်း လုပ်ရင် ဖြစ်နိုင်တယ်။ သဒ္ဓါတရားရှိရင် ဖြစ်နိုင်တဲ့ အကြောင်း၊ ဒါနကောင်းကျိုးကလည်း ဘယ်လောက် အံ့သြစရာကောင်းတဲ့ အကြောင်း၊ ပြောပြတော့ စိတ်ဝင်စားကြ တယ်။

တစ်ခါ သရဏဂုံဆိုတာ အန္တရာယ်ကာကွယ်တဲ့ တောင် ကြီးသုံးလုံး၊ ပစ္စည်းဘယ်လောက်ပဲ မွဲပါစေ၊ အားမငယ်ပါနဲ့ကွယ်။ သဒ္ဓါတရားရှိရင် မိမိခန္ဓာကိုယ်ကြီးကို ရတနာသုံးပါးနှင့် လှအောင် အလှတန်ဆာ ဆင်နိုင်ပါတယ်။ ရတနာသုံးလုံး စိတ် နှလုံးထဲမှာ ထားစမ်းပါ။ စိန်မက ရွှေမက အဖိုးတန်ပါတယ်။ လူဟာ သိပ်ပြီး အဆင့်မြင့်သွားပါလိမ့်မယ် စသည်ဖြင့် စိတ်ဝင်စားစရာတွေ ပြောပြတယ်။ မောင်ပိန်တို့ မလိန်တို့ တော်တော် စိတ်ဝင်စားသွား တယ်။ အရင်တုန်းက တစ်ခါမှ တရားနာဖူးတာ မဟုတ်ဘူး။ အခု တရားဟောတဲ့ ပုဂ္ဂိုလ်က ရှင်းရှင်းလေး ပြောပြတော့ တော်တော့်ကို စိတ်ဝင်စားကြတယ်။ အော် . . ရတနာသုံးပါး လွယ်သားပဲ၊ တို့က ပိုက်ဆံပေါမှ လုပ်လို့ ရတယ်အောက်မေ့တာ။ ကုသိုလ်အလုပ်ဟာ အားတဲ့ လူတွေရဲ့ အလုပ်လို့ ထင်နေတာ၊ ဘယ်ဟုတ်လို့လဲ၊ သဒ္ဓါတရားရှိရင် ရသားပဲ၊ သဒ္ဓါတရား အရင်းစိုက်ရင် ဖြစ်တာပဲ၊ စွမ်းအားတွေကလည်း တကယ့် အံ့ သြစရာတွေချည်းပါလား။ စိတ်ဝင်စားကြတယ်။

တစ်ခါ ငါးပါးသီလ၊ ငါးပါးသီလကလည်း လူကို ချုပ်ချယ်တာ မဟုတ်ဘူး။ လူကို လူနဲ့ တူအောင် အလှဆင်ပေးတာ

အဆင့်မြင့်ပေးတာ ငါးပါးသီလရဲ့ အကျိုးကလည်း အင်မတန် အံ့ဩစရာ အစရှိသည်ဖြင့် ပြောပြပြန်တော့ စိတ်ဝင်စားကြတယ်။ အော် . . သဒ္ဓါတရားရှိရင် လွယ်သားပဲပေါ့။ စိန်တွေ၊ ရွှေတွေ၊ ငွေတွေ စတဲ့ ပစ္စည်းဥစ္စာတွေ ဘာမှ မပေါသော်လည်း မပြည့်စုံသော်လည်းပဲ သဒ္ဓါတရားနဲ့ အရင်းအနှီးစိုက်လိုက်တဲ့အခါမှာ ဟောဒီ ခန္ဓာကိုယ်ကြီးကို ကိုယ်ကျင့်သီလတည်းဟူသော အလှတန်ဆာ ရတနာတွေနဲ့ ခန့်ညားသွားအောင်၊ ထယ်ဝါသွားအောင်၊ ကျက်သရေရှိအောင် အလှဆင်လို့ ရပါတယ်။ ဘာမှ အားမငယ်ပါနဲ့လို့ ဟောတဲ့ ပုဂ္ဂိုလ်က အဲလိုဟောပြလိုက်တဲ့အခါမှာ ငပိန်တို့ မလိန်တို့ စိတ်ဝင်စားကြတယ်။

တစ်ခါ စတုတ္ထက မေတ္တာတရား။ မေတ္တာတရားဆိုတာလည်း သဒ္ဓါတရားအရင်းတည် စိုက်ရုံလေးပါတဲ့။ လွယ်ပါတယ်။ မေတ္တာရဲ့ စွမ်းအားကလည်း အင်မတန် ကြီးကျယ်ပါတယ်။ မေတ္တာပို့ရမှာက မိမိအိမ်အတွင်း အတူနေကြသူတွေ၊ မိမိရပ်ကွက်အတွင်း၊ ရပ်ရွာအတွင်းမှာ အုပ်ချုပ်ရေးတာဝန်ကို ယူနေကြတဲ့ အုပ်ချုပ်ရေးဖက်က ပုဂ္ဂိုလ်တွေ၊ မိမိရပ်ကွက်အတွင်း ရပ်ရွာအတွင်းရှိနေကြတဲ့ ရဟန်းရှင်လူ ပြည်သူတွေ အတူနေတယ်ဆိုတော့ မိသားစုတွေပေါ့။ သူတို့အပေါ်မှာ အားလုံး မေတ္တာနဲ့ လွှမ်းခြုံလို့ ပေးနေရမယ်။ တစ်ခါ သတ္တဝါအကုန်လုံးကို ခြုံပြီးတော့ မေတ္တာပို့နေရမယ်။ ဤငါးမျိုးကို နေ့စဉ်နေ့တိုင်း မေတ္တာပို့သင့်တဲ့ အကြောင်းတရား ဟောတဲ့ ပုဂ္ဂိုလ်က သေသေချာချာ ပြောပြတော့မှ ကိုပိန်တို့ မလိန်တို့ စိတ်ဝင်စားကြတယ်။ မေတ္တာစွမ်းအားကလည်း အင်မတန် ကြီးတဲ့အကြောင်း ပြောပြတယ်။ ဒါနလုပ်တာ

စွမ်းရည်ထက်တဲ့အကြောင်း၊ မေတ္တာတစ်ခုသာပါမယ်ဆိုလို့ရှိရင် သမာဓိကို ရစေပြီးတော့ စီးပွားရေးလုပ်ရတာ ကုသိုလ်ရေးလုပ်ရတာ လူမှုရေးကိစ္စ ဆောင်ရွက်ရတာ အစစအရာရာ အဆင်ပြေတဲ့ အကြောင်း ပြောပြတော့ စိတ်ဝင်စားကြတယ်။

တစ်ခါ ပဋ္ဌမက အနိစ္စာနုပဿနာ၊ ဝိပဿနာလို့ ခန့်ခန့် ငြားငြားကြီး မပြောသော်လည်းဘဲ သိတတ်တာနဲ့ သိစရာလေးတွေ အမြဲတမ်း ပြောင်းလဲနေတာလေးတွေ၊ အဲဒါလေးတွေကို တိတိကျကျ ဉာဏ်နဲ့ မြင်အောင် ကြည့်စမ်းပါ။ စွမ်းအားတွေ တက်ပါလိမ့်မယ် ပေါ့။ အဲလို ပြောပြတော့ သိပ်စိတ်ဝင်စားတယ်။

တရားပွဲပြီးတော့ အိမ်ပြန်သွားတော့ သိတာကို သိတဲ့အတိုင်း လုပ်တာကောင်းပါတယ်လေလို့ မောင်ပိန်တို့ မလိန်တို့ အိမ်ကို ရောက်သွားတယ်ဆိုလို့ ရှိရင်ပဲ ကုသိုလ်အလုပ်စကြပြီး တစ်ခါတည်း အန္ဒကနေ ဒွိစက္ခုကို ခုန်တက်သွားတယ်။ အန္ဓက တက်ရမှာက ဧကစက္ခုကို တက်ရမှာ။ အခု သူတို့ ဒီလိုမဟုတ်ဘူး။ အကန်းကနေ တစ်ဖက်မြင်တောင် မဟုတ်ဘူး။ နှစ်ဖက်မြင်အဆင့် ကျော်တက်လိုက် ကြတယ်။ တရားအလုပ်ကိုပါ တစ်ခါတည်း ချက်ချင်း တစ်ခါတည်း လုပ်ကြတယ်။ လုပ်တော့ နေ့စဉ် နေ့စဉ် ခက်ခက်ခဲခဲ ဆင်းဆင်းရဲရဲ ပင်ပင်ပန်းပန်းနဲ့ ရှာလို့ ရတဲ့ စားစရာလေးတွေ အဲဒါလေးတွေကို လည်း သူတို့က ဒါနဖြစ်အောင် နှလုံးသွင်းတတ်လာပြီး ထမင်းချက် တော့မယ် ဆိုတဲ့အခါမှာ ဇွန်းလေးနဲ့ တစ်ဇွန်းလောက် ဆန်ကို နှတ်ယူထားလိုက်တယ်။ ဒါလေး နှတ်တာနဲ့ တို့ ထူးပြီးတော့ ပင်ပန်းမသွားပါဘူးလေ။ ဒါလေး စားလိုက်တာနဲ့လည်း ဘာမှ ထူးသွားမှာ မဟုတ်ပါဘူး။ ဒါလေး ချန်ထားလိုက်မယ်။ ညနေ

ထမင်းချက်တော့လည်း ဒီအတိုင်းပဲ၊ တစ်နေ့ တစ်နေ့ တစ်ဇွန်းလေးတွေ နှုတ်ထားလိုက်တော့ တစ်လဆို နည်းတာမှ မဟုတ်ဘဲ။ နှုတ်တာလာပြီ။ အော် . . သဒ္ဓါတရားရှိတော့လည်း လှူစရာပေါ်လာတာပဲပေါ့။ ဝမ်းသာနေကြတယ်။ အဲဒါနဲ့ ကြဲကြဲဖန်ဖန်လှူစရာလေးတွေ ရလာကြ၊ တစ်ခါ သူများအိမ်မှာ ပြက္ခဒိန်တွေပေါ့၊ ဘုရားပုံပါတဲ့ ပြက္ခဒိန်တွေကို တောင်းပြီးတော့ အိမ်ဦးခန်းမှာ ချိတ်၊ သက်တော်ထင်ရှား ဘုရားအထိ အာရုံပြု ပူဇော်ကြ၊ နေ့စဉ် ရေကပ်ကြ၊ ပန်းကပ်ကြ၊ စားဦးစားဖျားလေးတွေ လှူကြ ဟန်ကျနေကြတယ်။ သူတို့ ဒါနတွေ တိုးလို့။

တစ်ခါ သရဏဂုံ ဒီအတိုင်းပဲ၊ အိပ်ရာဝင် အိပ်ရာထ သရဏဂုံနှင့် အလှဆင်ထားတော့ ခန္ဓာကိုယ်ကြီးဟာ ရတနာသုံးပါးတည်နေတော့ စေတီကြီးလို ခန့်ညားနေတာ သူတို့ သိပ်သဘောကျကြတယ်။ အော် . . ငါတို့ ပစ္စည်းမရှိပေမယ့် သဒ္ဓါတရားရှိတော့လည်း ရတနာသုံးပါးကိန်းရာ ခန္ဓာကိုယ်ကြီး တို့ ပိုင်ဆိုင်ခွင့်ရလိုက်တာ ဒီခန္ဓာကိုယ်ကြီး အိုမျိုး၊ နာမျိုး၊ သေမျိုးဖြစ်သော်လည်းပဲ မအိုခင်၊ မနာခင်၊ မသေခင်လေး ရတနာသုံးပါးကိန်းပြီးတော့ သွားရတဲ့ စေတီကြီးလို အင်မတန်မှ ခန့်ညားတယ်။ ခန္ဓာကိုယ်ကြီး ဖြစ်ခွင့်ရပါသေးတယ်လို့ ပျော်လိုက်ကြတာ အားရှိလိုက်ကြတာ။

မေတ္တာလည်း အဲဒီအတိုင်းပေါ့၊ နေ့တိုင်း နေ့တိုင်း မေတ္တာပွားလို့ ဘယ်နေရာ သွားသွား မေတ္တာကြိုတင်ပို့လို့ မိသားစုအချင်းချင်း မေတ္တာပွားလို့ မေတ္တာလည်း ရလာတော့ အရင်တုန်းက တဗျစ် တောက်တောက် ရန်ဖြစ်လာခဲ့တဲ့ ငပိန်နဲ့ မလိန် ဘယ်တော့မှ ရန်မဖြစ်တော့ဘူး။

တစ်ခါ ကြောင်းကျိုးဆက်သွယ်ပြီးတော့ သိတတ်တာလေးတွေ သိစရာလေးတွေ စားတာ၊ သွားတာ၊ နေတာ၊ ထိုင်တာ၊ အိမ်မှုကိစ္စ ဆောင်ရွက်တာကလည်း ရှင်းရှင်းလေးနဲ့ ဝိပဿနာလို့သာ ပါးစပ်က ထုတ်မပြောတာ လုပ်ငန်းစဉ်က ဝိပဿနာလမ်းစဉ်လေးတွေ ရောက်ပြီးတော့ သွားကြတယ်။ အဲဒါနဲ့ တရားစွမ်းအားဟာ တက်လာခဲ့တာ တစ်ရက်မှ အပျက်မခံတော့ဘူးတဲ့။

အဲဒါနဲ့ စိတ်တွေ တည်ငြိမ်လို့ ဉာဏ်အမြင်တွေ ရလာလို့ အန္တရာယ်တွေ ကြိုတင်တွက်ဆတတ်လာတယ်။ လာဘ်တွေ မြင်လာတယ်။ စီးပွားရေးလုပ်ရတာ အခါတိုင်းနဲ့ မတူတော့ဘူး။ ရောင်းရတာ အင်မတန်ကောင်း၊ ပေးချင်ကမ်းချင်တဲ့ ပုဂ္ဂိုလ် အလွန်ပေါ။ စိတ်ကောင်းကလည်း တစ်စ တစ်စ ထားတတ်တာကိုး။ အရပ်ထဲမှာ ဆောင်ရွက်စရာကိစ္စရှိတယ်ဆိုရင် သူတို့ အကုန်ဆောင် ရွက်ကြ၊ ဇနီးမောင်နှံနှစ်ယောက်စလုံး တက်ညီ လက်ညီ ဆောင်ရွက် ကြ၊ အဲဒါနဲ့ ဒါနပိုင်းမှာလည်း တစ်စ တစ်စ တက်သလို စီးပွားရေးလုပ်ရတာလည် အဆင်ပြေ ချစ်ခင်မြတ်နိုးတဲ့ ပုဂ္ဂိုလ်လည်း ပေါ၊ သရဏဂုံလည်း မြဲ၊ ငါးပါးသီလလည်း လုံ၊ မေတ္တာတရား လည်း ပြည့်ဝ၊ တရားစွမ်းအားတွေလည်း ရှိလာတယ်ဆိုတော့ "တရားနဲ့ စီးပွား" ဘက်စုံတက်သွားလိုက်တာ တစ်ခါတည်း အိမ်ကုတ်ကလေးကနေ အင်မတန် သန့်စင်တဲ့ အဆင့်မြင့်အိမ်လေးဖြစ် သွားတယ်။

ရပ်ထဲရွာထဲမှာ နောက်ပိုင်းကျတော့ ငပိန်နဲ့ မလိန်မှ မပါရင်တော့ ခြောက်ကပ်ကပ်တောင် ဖြစ်လာတော့တယ်ဆိုဘဲ။ ဘယ်နေရာပဲ ဖြစ်ဖြစ် ဘာကိစ္စပဲ ဖြစ်ဖြစ် ငပိန်နဲ့ မလိန်တော့

ပါမှပဲ။ သူတို့ကလည်း ဘယ်နေရာမဆို ရှိတာလေးတော့ ထုတ်လှူတာပဲ။ လှူလည်း လှူတယ်။ ကိုယ်အားနဲ့ ဆောင်ရွက်စရာရှိရင်လည်း မခိုမကပ် စေတနာသန့်သန့်နဲ့ ကြိုးကြိုးစားစား ဆောင်ရွက်တယ်။ အဲဒီလိုဆိုတော့ အားလုံးက ချစ်ကြ၊ မြတ်နိုးကြ၊ ခင်ကြတယ်။ အရင်တုန်းက "ဟဲ့ ငပိန်၊ ဟဲ့ ငပိန်" လို့ ခေါ်ကြတယ်။ ယခုတော့ မခေါ်ကြတော့ဘူး။ ရတနာသုံးပါးကျေးဇူးကြောင့် ဦးလေးပိန် ကြွပါခင်ဗျား၊ ကိုကြီးပိန် ကြွပါခင်ဗျား၊ ဘယ်နေရာသွားသွား လေးစားလိုက်ကြတာ။ မလိန်လည်း "ဟဲ့ မိလိန်ကြီး၊ ဟဲ့ အလိန်ကြီး" နဲ့ ဟိုတုန်းက ခေါ်တဲ့ဥစ္စာ အခုဒီလို မခေါ်ကြတော့ဘူး။ ဒေါ်လေးပိန် ကြွပါခင်ဗျား။ မလေးပိန် ကြွပါခင်ဗျား။ အဲဒီလို လေးလေးစားစား ဆက်ဆံလာကြတယ်။ အို . . နောက်ပိုင်းမှာ ဘာပြောကောင်းမလဲ ရပ်ရေးရွာရေးကိစ္စတွေ ဘယ်နေရာမဆို အကုန်လုံး ဆောင်ရွက်သွားလိုက်တာ နောက်ပိုင်း ကျောင်းဒကာ၊ ကျောင်းအစ်မ၊ ဘုရားဒကာ၊ ဘုရားအစ်မတွေတောင် ဖြစ်သွားတယ်။ ဒါကြောင့်-

- ကိုယ့်ကိုယ်ယုံသော်၊ စွမ်းအားပေါ်၊ ရှင်ပျော် အားတက်၏ ။

ကိုယ့်ကိုယ်ကို တကယ်ယုံလာပြန်တော့ တရားစွမ်းအားကို နှစ်ဖက်စလုံးမြင်အောင် ကြည့်တတ်ပြန်တော့လည်းပဲ တစ်ဘဝအတွင်းမှာတောင်မှ ချက်ချင်း ပြောင်းပြီးတော့ သွားလိုက်တာ စောစောက တဗျစ်တောက်တောက် ရန်ဖြစ်နေကြတဲ့ ကိုပိန်တို့ မလိန်တို့ ဘုရားဒကာ၊ ဘုရားအစ်မ၊ ကျောင်းဒကာ၊ ကျောင်းအစ်မ ဖြစ်လိမ့်မယ်လို့ ဘယ်သူမှ မမျှော်လင့်ခဲ့ဘူး ပြောရင်လည်း

ယုံတမ်းလို့ပဲ ပြောကြမှာပဲ။ ယခုတော့ တရားစွမ်းအားကြောင့် သိတာကို သိတဲ့အတိုင်း လက်တွေ့လုပ်လိုက်ကြတာ နိဗ္ဗာန် ရောက်ကြောင်းတရားကောင်းတွေကြောင့် ဒါနလည်း မလစ်ဟင်းရ၊ သီလလည်း မလစ်ဟင်းရ၊ ဘာဝနာတရားဖက်မှာလည်း မေတ္တာ အခြေခံလို့ ဘယ်ဟာမှ မလစ်ဟင်းရအောင် လုပ်သွားလိုက်ကြ တာ နိဗ္ဗာန်ကို ဦးတည်ပြီးတော့ အဲလို ပျော်ပျော်ကြီး လုပ်သွားလိုက် ကြတာ။ သူတို့ကြောင့် သာသနာလည်း ကြီးပွား၊ သာသနာအတွက် လည်း မြင့်အောင် ဆောင်ရွက်နိုင်၊ ရပ်ရွာမှာလည်း သူတို့ ဆောင်ရွက်လိုက်ကြတာဟာ ဘယ်နေရာပဲ ဖြစ်ဖြစ်ပေါ့ ဆိုင်းဘုတ်တွေ လျှောက်ကြည့်၊ ဘုရားအုတ်တံတိုင်း သွားကြည့်။

ဦးပိန်–ဒေါ်လိန်နှိမ်သားစု ကောင်းမှု။

လမ်းဘေးက ရေအိုးစင်လေးတွေ သပ်သပ်ရပ်ရပ် တည်ထား တာ သွားကြည့်၊ အမိုးလေး လုံလုံခြုံခြုံနဲ့ ရေကိုလည်း ဘယ် တော့မှ မလျော့ရဘူး။ သွားကြည့်တော့ ဆိုင်းဘုတ်တတ်ထားတာက–

ဦးပိန်–ဒေါ်လိန်နှိမ်သားစု ကောင်းမှု။

လမ်းဘေးက ဇရပ်ကလေး လှူတွေ တည်းဖို့ဆောက်ထားတာ တွေ သွားကြည့်ပြန်တော့ ဆိုင်းဘုတ်ကလေး ထိုးထားတာက–

“ဦးပိန်–ဒေါ်လိန်နှိမ်သားစု ကောင်းမှု” တဲ့၊

နှစ်ဖက်မြင်ပညာ ရသွားတော့ ဘယ်သူကမှ တားလို့ မရဘူး။ စောစောကတော့ ဘယ်သူကမှ စည်းရုံးလို့ မရဘူး။ အိုဗျာ ဘုရားရှိခိုးတာနဲ့ ပိုက်ဆံရှာတာ ဘာဆိုင်တာ မှတ်လို့၊ တရားနာတာနဲ့ ပိုက်ဆံရှာတာ ဘာဆိုင်တာ မှတ်လို့နဲ့ လုပ်လာခဲ့တာ၊ အခုတော့လည်း ဘယ်သူမှ တားလို့ မရတော့ဘူးတဲ့။

အဲဒီလို ဆိုလိုရှိရင် ဒကာ၊ ဒကာမအပေါင်း သူတော်ကောင်းတွေမှာလည်းပဲ နှစ်ဖက်မြင်ပညာ ရထားတဲ့အတွက် ယခုလို ဒါနကောင်းမှုကြီးကို လုပ်လို့နေနိုင်ကြတယ်။ ဒါနလုပ်တော့လည်း ဒါနရိုးရိုးမျှသာမက၊ သရဏဂုံတွေ၊ သီလတွေ၊ မေတ္တာတရား အခြေခံတဲ့ သမာဓိတွေ၊ ဝိပဿနာ အသိပညာတွေအထိ မြင်ပြီးတော့မှ အဲလို လုပ်နိုင်ကြတော့ မိမိတို့မှာ နှစ်ဖက်မြင် စွမ်းအားရတော့ နှစ်ဖက်လှ နှစ်ဖက်ရတွေဖြစ်ပြီးတော့ ပျော်နေကြရတယ်ပေါ့။

အော် . . . အဲလိုဆိုရင် ပုဂ္ဂိုလ်သုံးမျိုးမှာ ဒွိစက္ခုပုဂ္ဂိုလ်တွေ၊

ဘိက္ခုဝေ၊ ပရိသတ်လေးပါး ချစ်သား, ချစ်သမီးတို့။ ဣမေ ပုဂ္ဂလာ ဤပုဂ္ဂိုလ်တို့သည်။ သန္တော သံဝိဇ္ဇမာနာ၊ မုချ မသွေ ရှိနေကြပါပေကုန်သတည်း။

သာဓု . . . သာဓု . . . သာဓု . . . ။

✳ ✳ ✳

# အကြမ်းအနု စိတ်ကိုလု တရားတော်

(၁၃၅၄–ခုနှစ်ဦး၊ တန်ခူးလဆုတ် ၃–ရက် (၂၀–၄–၉၂)နေ့၊ ကလေးမြို့၊ ချင်းဆိုင်ရွာတောင်ကျောင်းတွင် ဟောကြားတော်မူပါသည်။)

တစ်နာရီခန့်လောက် အနုမောဒနာစကား အာရုံပြုပြီးတော့ နာယူကြတာပေါ့။



ဒီနေ့ သာသနာတော်နှစ် ၂၅၃၅-ခု၊ ကောဇာသက္ကရာဇ် ၁၃၅၄-ခုနှစ်၊ နှစ်ဦး တန်ခူးလပြည့်ကျော် ၃-ရက် တနင်္လာနေ့၊ ညအချိန် ကလေးမြို့နယ်၊ ချင်းဆိုင်ရွာတောင်ကျောင်း၌ ချင်းဆိုင်ရွာ ဆရာတော်ဘုရားများအား ဦးထိပ်ထား၍ ချင်းဆိုင်ရွာ ဒကာ-ဒကာမ



အပေါင်း သူတော်ကောင်းတို့၏ ကလေးမြို့ ဝိသုဒ္ဓါရုံတိုက်သစ်နှင့် တောင်ဖီလာတောရစာသင်တိုက်တို့၌ သီတင်းသုံးတော်မူကြသော စာချစာသင် သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းဆန်အစရှိသည် တို့ကို လှူဒါန်း၍ သာသနာတော်အား ချီးမြှောက်ပူဇော်ကြသည့် သာသနာနုဂ္ဂဟ သာသနာ့ပူဇာ မင်္ဂလာကောင်းမှု ပြုကြရာအခါဝယ် အနုမောဒနာ တရားအဖြစ်ဖြင့် ဓမ္မဒါန ဓမ္မလက်ဆောင်အဖြစ်ဖြင့် ဟောကြားအပ်သော အကြမ်းအနု စိတ်ကိုလှုတရား။

အကြမ်းနဲ့အနုဟာ စိတ်ကို လှုနေကြတယ်။ စိတ်ကိုလှုနေကြတဲ့အခါ အခု ဒကာ–ဒကာမအပေါင်းတွေရဲ့ စိတ်ကို အနုက လှုနေလို့ ကောင်းတဲ့ကုသိုလ်ကောင်းမှုတရားများကို ပျော်ပျော်ရွှင်ရွှင် ကြည်ကြည်လင်လင် အားတက်သရော ဆောင်ရွက်နေကြတာပဲ။ မိမိတို့ရဲ့ နူးညံ့သိမ်မွေ့တဲ့ မေတ္တာ၊ သဒ္ဓါ၊ ပညာပြဋ္ဌာန်းတဲ့ စိတ်စွမ်းအားကြောင့်မို့လို့ သာသနာအတွက်လည်းပဲ အများကြီး ကျေးဇူးပြုသွားတယ်။ မိမိတို့အတွက်မှာလည်းပဲ အားကိုးစရာ တရားစွမ်းအားတွေဟာ အံ့သြစရာကောင်းလောက်အောင် မြောက်မြား စွာ ရနေကြတယ်။

ယခုလို အင်မတန်ပူပြင်းတဲ့ နွေရာသီကာလမှာ သဒ္ဓါတရား သာမရှိရင် ယခုလိုပူးပူးကပ်ကပ် တရားနာဖို့ဆိုတာ ဘယ်လွယ် လိမ့်မလဲ။ ကိုယ့်ဟာကိုယ် တစ်ယောက်ထဲနေတာတောင်မှ ပူလှချည်ရဲ့၊ အိုက်လှချည်ရဲ့လို့ ညည်းတွားနေရတဲ့အထဲမှာ အခုလို ပူးပူးကပ်ကပ်နဲ့ ငြိမ်ငြိမ်ကလေးနေပြီးတော့ တရားနာရတယ်ဆိုတာ ဒကာ–ဒကာမ တွေရဲ့ စိတ်မှာ သဒ္ဓါတရားတွေ အလွန့်အလွန်ကို ကောင်းလွန်းလို့။

တစ်နည်းအားဖြင့် ရာသီဥတု မည်မျှပင် ကြမ်းသော်လည်း စိတ်ကိုက နုလွန်းလို့သာ ယခုလိုသည်းခံပြီး အောင့်အည်းပြီးတော့ တရားအလုပ်ကို လုပ်နိုင်ကြတာ။ ကုသိုလ်အလုပ်ကို လုပ်နိုင် ကြတာ။

ဘာဖြစ်လို့လည်းဆိုတော့ ဆင်းရဲနောက်မှာ ချမ်းသာရှိတယ်၊ အဲဒီလို မြင်ထားလို့ပါ။

ချမ်းသာငယ်ကို၊ မစွန့်လိုပါ၊
တွယ်ခါဖက်ထား၊ အပျင်းပွား၊
နောက်များမကြာ၊ ဆင်းရဲ၏ တဲ့။

ချမ်းသာငယ်ငယ်လေးကို မစွန့်နိုင်လို့ တွယ်ဖက်ပြီးတော့ အပျင်းပွားနေရင်တဲ့ စိတ်ကို မွေ့လျော်ချနေရင် နောက်မှာ ဆင်းရဲတွေ တန်းစီလို့တဲ့။ အဲဒါကိုလည်း မြင်ထားကြတယ်။

ချမ်းသာကိုဖက်၊
တွယ်ကာဖက်လည်း၊ အလုပ်လွဲ၊
ဆင်းရဲနောက်မှာရှိ။

ချမ်းသာကို မက်ပြီးတော့ မဟုတ်တာယုတ် သွားလုပ်လိုက် ပြန်တော့လည်း၊ မဟုတ်တာယုတ် လုပ်လို့ ရလာတဲ့ ချမ်းသာက ဘာမှ မဟုတ်ဘူး။ မပြောပလောက်ဘူး။ နောက်ကလာမယ့် ဆင်းရဲတွေက တန်းစီလို့။ ဒါတွေလည်း မြင်ကြတယ်။

ချမ်းသာကိုစွန့်၊ မကြောက်ရွံ့ဘဲ၊
ရဲဝံ့ပြင်းထန်၊ လမ်းမှန်အလုပ်၊
စွမ်းအားထုတ်က၊ ဒုက္ခအများ၊
တွေ့ရငြားလဲ၊ ဆင်းရဲနောက်မှာ၊
မြတ်ချမ်းသာ ခေါင်ကာကြိုလျက်ရှိ တဲ့။

ချမ်းသာကို ရဲရဲကြီးစွန့်လိုက်တာ။ သက်သာခိုမှုတွေကို စွန့်လိုက်တယ်။

အဲဒီလို ရဲရဲကြီးစွန့်ပြီးတော့ ယခုလို လမ်းမှန်အလုပ်တွေ အားထုတ်လိုက်တဲ့အခါမှာ ဆင်းရဲပင်ပန်းမှုဆိုတာကတော့ ရှိသင့်သလောက် ရှိတာပေါ့။ အနစ်နာခံရတယ်။ စွန့်လွှတ်ရတယ်။ အဲဒါကြောင့်မို့ ဆင်းရဲဒုက္ခ အထိုက်အလျောက်တော့ ရှိတယ်။

သို့သော် အဲဒီဆင်းရဲက အစီအစဉ်နဲ့ ဆင်းရဲတာပါ။ အတ္တကိလမထလမ်းစဉ်လို ပရမ်းပတာသွားတဲ့ ဆင်းရဲ မဟုတ်ပါဘူး။ နောက်က ချမ်းသာတွေ တန်းစီကြိုနေကြပါတယ်။

အဲဒီလိုမြင်လို့လည်း ယခုလို ဒကာ–ဒကာမတွေက ဆင်းရဲခံပြီးတော့ ပူလှချည်ရဲ၊ အိုက်လှချည်ရဲ့လို့ ပါးစပ်က ဘာမှ မညည်းတွားဘဲနဲ့ သဒ္ဓါတရားအား ကောင်းကောင်းနဲ့ ကုသိုလ်ကောင်းမှုအလုပ်ကို ပျော်ပျော်ကြီးလုပ်နိုင်ကြတာ။

ချမ်းသာကင်းပျောက်၊ ဆင်းရဲရောက်မူ၊
အပူမပွား၊ မညည်းတွားဘဲ၊
စိတ်အားတင်းကာ၊ နည်းလမ်းရှာ၊
ချမ်းသာရအောင်၊ ကြိုးစားကြည့်။

ချမ်းသာလက်လွှတ်သွားတဲ့အခါ ဆင်းရဲဆိုတာ ပေါ်လာတတ်တယ်။ အဲဒီအခါမျိုးမှာ အချိန်ကုန်ခံပြီးတော့လည်း အပူပွားမနေနဲ့။ အချိန်ကုန်ခံပြီးတော့လည် ငိုးမနေနဲ့။ စိတ်ကိုတင်းပြီးတော့မှ ချမ်းသာကြောင်းနည်းလမ်းကို ရှာပြီးတော့ ကြိုးစားကြည့်စမ်းပါတဲ့။

လမ်းမှန်ကြိုးစား၊
စိတ်တင်းထား၊
လူသားဇာနည် မိသင်္ဂါ ။

စွန့်သင့်တာစွန့်၊ အနစ်နာခံ၊ လမ်းမှန်အတိုင်း ကြိုးစားလိုက်တဲ့အခါ ဆင်းရဲမှုတော့ အထိုက်အလျောက်ရှိတယ်။ အဲဒါတွေကို စိတ်တင်းပြီးတော့မှ နည်းလမ်းအတိုင်း ကြိုးစားလိုက်တဲ့အခါ အဲဒါမှ လူသားအာဇာနည်ခေါ်တယ်။

ဒါကြောင့် ဒကာ–ဒကာမတွေ လူသားအာဇာနည်တွေပေါ့။ ဒါလေးတစ်ခေါက် လိုက်ဆိုကြ။

– ချမ်းသာယော်ကို၊ မစွန့်ငဲ့ပါ၊
တွယ်ကာပက်ထား၊ အပျင်းမွှား၊
နောက်များမကြာ ဆင်းရဲ၏ ။

– ချမ်းသာကိုပက်၊ တွယ်ကာပက်လည်း၊
အလုပ်လွှဲ၊ ဆင်းရဲနောက်မှာရှိ။

– ချမ်းသာကိုစွန့်၊ မကြောက်ရွံ့ဘဲ၊
ရဲဝံ့ပြင်းထန်၊ လမ်းမှန်အလုပ်၊
စွမ်းအားထုတ်ကာ၊ ဒုက္ခအများ၊
တွေ့ရငြားလည်း၊ ဆင်းရဲနောက်မှာ၊
မြတ်ချမ်းသာ၊ ခေါင်ကာကြိုလျက်ရှိ။

– ချမ်းသာကင်းပျောက်၊ ဆင်းရဲရောက်မူ၊
အပူမမွှား၊ မငြီးတွားဘဲ၊
စိတ်အားတင်းကာ၊ နည်းလမ်းရှာ၊
ချမ်းသာရအောင် ကြိုးစားကည့်။

– လမ်းမှန်ကြိုးစား၊ စိတ်တင်းထား၊
လူသားဇာနည် မီသ၏ ။

ဒါကြောင့် ယခု လူသားအာဇာနည်တွေပဲဗျ။ ကုသိုလ ကောင်းမှု ပျော်ပျော်ကြီး ပြုလုပ်အားထုတ်နေကြတာ။

ဒါကြောင့် အကြမ်းအနု စိတ်ကိုလု တဲ့။

"သဒ္ဓါယ တရတိ ဩဃံ"

သဒ္ဓါယ–ရတနာသုံးတန် ကံ,ကံ၏အကျိုး၌ သက်ဝင်ယုံကြည်တဲ့ သဒ္ဓါခေါ်တဲ့ တရားဖြင့်။ ဩဃံ–ဩဃလေးခန်း ရေပြင်ကြမ်းကြီးကို။ တရတိ–ကောင်းစွာမသွေ ကူးမြောက်နိုင်ပါပေတော့သတည်း။

သာဓု . . . သာဓု . . . သာဓု . . .။

ဩဃလေးခန်း ရေပြင်ကြမ်းတဲ့။ ပင်လယ်ကြီးတွေ မြစ်ကြီး တွေထဲမှာ ဩဃဆိုတာ ဝဲဩဃ ဝဲကြီးတွေပေါ့။ အင်မတန် အားကောင်းတဲ့ ဝဲကြီးတွေဆိုတာ တစ်ချို့လှေများ သင်္ဘောများတောင် စုပ်တာတဲ့။ လူဆိုတာတော့ မပြောနဲ့အုန်း။ တကယ်အားကောင်းတဲ့ လှေကြီးတွေ၊ သင်္ဘောကြီးတွေတောင်မှ ဝဲက စုပ်တဲ့အခါ မြုပ်တတ်တယ်။

အဲဒီအတိုင်းပဲ ဘဝသံသရာခရီးသွားကြတဲ့အခါ ဝဲက သတ္တဝါတွေကို စုပ်တယ်။ ဝဲစုပ်ခံခဲ့ရတာ သံသရာမှာ များခဲ့လှပြီ။ အကြမ်း–အနုဆိုတဲ့ နေရာမှာ ဝဲစုပ်တဲ့အခါ ကြမ်းတယ်။ ဝဲကို ဘယ်လိုမှ မရုန်းကန်နိုင်လောက်အောင်၊ မလှုပ်ရှားနိုင်လောက်အောင် အဲဒီလိုဖြစ်လာတဲ့အခါမှာ စိတ်တွေဟာ ခက်ထန်ကြမ်းကြုတ်ပြီးတော့ လူပါကြမ်းသွားရတာ။ ဝဲကို နိုင်အောင် ကူးခပ်နိုင်ပါမှ နူးညံ့မှုတွေဆိုတာ ဖြစ်ပေါ်လာရတယ်။

ဩဃလေးခန်းဆိုတာ ကာမောဃ ဘဝေါဃ ဒိဋ္ဌောဃ အဝိဇ္ဇောဃ၊ နာမည်အားဖြင့် လေးပါး။ တရားကိုယ်ကောက်ကြည့်ရင်တော့ လောဘရယ် ဒိဋ္ဌိရယ် မောဟရယ် သုံးပါးပါ။ အဲဒီ လောဘ, ဒိဋ္ဌိ, မောဟဆိုတဲ့ သတ္တဝါတွေကို ခက်ထန်ကြမ်းကြုတ်အောင် လုပ်နေတဲ့ ဝဲကြီးတွေ။ သူတို့ကို အခြေခံပြီးတော့ မာနတို့ ဒေါသတို့စတဲ့ အကြမ်းစားတရားတွေဟာလည်း ပေါ်ပြီးတော့ လာရပါတယ်။

အဲဒါတွေကို ဘယ်လိုလုပ်ကူးခပ်ကြမလဲ။ ယခုလို ရတနာသုံးတန် ကံ,ကံ၏အကျိုးကို သက်ဝင်ယုံကြည်တတ်တဲ့ သဒ္ဓါတရားနဲ့ ကူးပါ။ အဲဒါမှ ကာယမုဒုတာ စိတ္တမုဒုတာစတဲ့ အနုပိုင်းဆိုင်ရာ တရားတွေဟာ တောက်လျှောက်ရောက်ပြီးတော့ ကိုယ်ရော နှုတ်ရော စိတ်ရောနူးညံ့သိမ်မွေ့လို့ ဒါနအနုလေးတွေ ဖြစ်ပေါ်လာကြ၊ သီလအနုလေးတွေ ဖြစ်ပေါ်လာကြ၊ သမထ အနုလေးတွေ ဖြစ်ပေါ်လာကြ။ သည့်ထက် ပိုနုတဲ့ ဝိပဿနာအနုတွေ ဖြစ်ပေါ်လာ ကြ၊ အဆင့်ဆင့်နုတဲ့ မဂ်ပညာ ဖိုလ်ပညာအထိ အဲဒီလိုတက်ကြရမှာ။

"ဩဃနည်းပါး၊ ကင်းစင်ငြား၊
စိတ်ထားနူးညံ့သည်။"

အဲဒီ ဩဃလေးပါးကင်းစင်နေတဲ့အခါ၊ နည်းနေတဲ့အခါ စိတ်ဟာ နူးညံ့ပြီးတော့ အဲဒီလိုနေတာ၊ အင်မတန်ချစ်စရာကောင်းတယ်။

"ဩဃနည်းပါး၊ ကင်းစင်ငြား၊
စိတ်ထားနူးညံ့သည်။

ညြဃလေးတန်၊ တိုးလာပြန်
ခက်ထန်ကြမ်းကြုတ်သည်။"

အဲဒီညြဃလေးပါး တရားကိုယ်အားဖြင့် လောဘ, ဒိဋ္ဌိ, မောဟ အဲဒီတရားတွေ တိုးပြီးတော့ လာတဲ့အခါမှာ စိတ်ဟာ ရန်းကန်နိုင်စွမ်းမရှိတဲ့ အတွက်ကြောင့် စိတ်ဟာ ခက်ထန်ကြမ်းကြုတ်လာတယ်။ မလုပ်သင့်တာ သွားလုပ်၊ မပြောသင့်တာ သွားပြော၊ မတွေးသင့်တာ သွားတွေး၊ အဲလိုဖြစ်လာတာဘဲ။

"ညြဃလေးတန်၊ တိုးလာပြန်၊
ခက်ထန် ကြမ်းကြုတ်သည်။
ယုံကြည်သဒ္ဓါ၊ ရှိမှသာ၊
လေးဖြာညြဃ လွန်မြောက်သည်။"

ယုံကြည်တဲ့သဒ္ဓါတရားရှိမှ။ ကောင်းတဲ့အလုပ်ကို ဇောက်လုပ်မှ လည်းပဲ စိတ်ဟာ နူမှာကိုး။

"ညြဃလေးတန်၊ တိုးလာပြန်၊
ခက်ထန် ကြမ်းကြုတ်သည်။
ယုံကြည်သဒ္ဓါ၊ ရှိမှသာ၊
လေးဖြာညြဃ လွန်မြောက်သည်။
အကြမ်းအနု၊ စိတ်ကိုလှု၊
ကောင်းမှုနိုင်မှ ချမ်းသာသည်။"

အကြမ်းရယ်၊ အနုရယ်လို့ လမ်းနှစ်ခုက စိတ်ကို ဆွဲပြီးတော့ လုနေတဲ့အခါကာလမှာ ဟောဒီသဒ္ဓါတရားနှင့် လုယူတဲ့အခါမှာ ကောင်းမှုပေါ်လာတယ်။ အဲဒီကောင်းမှုပေါ်လာမှသာလျှင် မိမိတို့ရဲ့

လောကီ၊ လောကုတ္တရာ၊ လောက၊ သာသနာ ကောင်းကျိုးတွေ ပေါ်ပေါက်၍လာအောင် ကောင်းတဲ့အလုပ်ဆိုတာ ဇကန်လုပ်နိုင်မှာဘဲ။

ဒါကြောင့် နုတယ်ဆိုတဲ့ သဒ္ဓါတရားဘက်က နိုင်အောင် လုပ်နိုင်မှ ကောင်းကျိုးတွေလာမှာပါ။ အဲဒါလေး လိုက်ဆိုကြ။

- ညြှဃနည်းပါး၊ ကာင်းစင်ခြား၊
  စိတ်ထားနူးညံ့သည်။
- ညြှဃလေးတန်၊ တိုးလာပြန်၊
  ခက်ထန် ကြမ်းကြုတ်သည်။
- ယုံကြည်သဒ္ဓါ၊ ရှိမှသာ၊
  လေးပြာညြှဃ လွှန်မြောက်သည်။
- အကြမ်းအနု၊ စိတ်ကိုလု၊
  ကောင်းမှုနိုင်မှ ချမ်းသာသည်။

ဒါကြောင့်မို့လို့ သတ္တဝါတွေဟာ အကြမ်းနဲ့အနုလို့ ဖြစ်နေကြတယ်။ ဘစ်ခါတစ်ရံများ နုရာကနေပြီးတော့ မမျှော်လင့်ဘဲ မယုံနိုင်လောက်အောင် တစ်ခါတည်း ဘီလူးကြမ်းကြမ်းပြီးတော့ ကြမ်းလာတာမျိုးလည်း လောကမှာ တွေ့ရတတ်ကြတယ်။ တွေ့နေကြရတယ်။ တစ်ခါတစ်ရံလည်း အလွန့်အလွန်ကို ကြမ်းကြုတ်နေရာကနေပြီးတော့ မယုံနိုင်လောက်အောင် နူးညံ့လာတာမျိုးလည်း လောကမှာ တွေ့ရတတ်တယ်။

ဒါကြောင့် အကြမ်းအနုဆိုတာ စိတ်ကို ဆွဲလုနေကြတယ်။ ပုံဝတ္ထုလေးတစ်ခု ရှိတယ်။

ရှေးတုန်းက ကိုစန္ဒဆိုတဲ့ အမျိုးသားတစ်ယောက်ဟာ သဒ္ဓါတရား အားကောင်းကောင်းနဲ့ သူက အိမ်ရာတည်ထောင် လူ့ဘောင်ကို ခွာရှောင်ပြီးတော့မှ ရသေ့ဝတ်သွားတယ်။

ရသေ့ဝတ်ပြီးတော့မှ ဘာလုပ်သလဲဆိုတော့ ရှစ်ပါးသီလ ကျင့်သုံး ဆရာသမားများထံမှာ နည်းခံပြီးတော့ ဘာဝနာတရားပွား။ သူပွားတာက အထူးအားဖြင့် မေတ္တာဘာဝနာပွားတာ။

မေတ္တာဘာဝနာပွားတော့ မေတ္တာစွမ်းအားကြောင့် မိမိစိတ်နှလုံး တွေဟာ အင်မတန် နူးညံ့သိမ်မွေ့တယ်။ စိတ်နှလုံးတွေ အင်မတန် နူးညံ့သိမ်မွေ့တော့ ပြောပုံဆိုပုံ နေပုံထိုင်ပုံ လုပ်ပုံကိုင်ပုံ သွားပုံ လာပုံ ဘယ်ဟာပဲကြည့်ကြည့် အင်မတန် နူးညံ့သိမ်မွေ့ပါတယ်။

တောထဲမှာ တစ်ပါးတည်းပဲ နေပါတယ်။ မြို့ထဲ ရွာထဲကို ချဉ်းကပ်စားစရာ ကျန်းမာရေးဆိုင်ရာပစ္စည်းများ လိုအပ်တဲ့အခါမှသာ ကြွရောက်ပါတယ်။ တောထဲမှာ သစ်သီး သစ်ရွက် စသည်ကိုပဲ ရရာနှင့် မျှတပြီးတော့ မေတ္တာနှင့် မွေ့လျော်ပြီးတော့ အဲလိုနေတယ်။

သူ့ရဲ့ မေတ္တာစွမ်းအားဟာ ဘယ်လောက်အားကြီးသလဲဆိုတော့ တောထဲမှာ အန္တရာယ်ပြုတတ်တဲ့ ကျားတို့ ခြင်္သေ့တို့အစရှိတဲ့ သားရဲတိရစ္ဆာန်များသော်မှလည်း တစ်ခြားနေရာမှာ တစ်ခြားသတ္တဝါ တွေကို အန္တရာယ်ပြုတတ်ပေမယ့် အဲဒီရသေ့ရဲ့ အနီးဝန်းကျင် ရောက်လာလို့ရှိရင် သူတို့အချင်းချင်းလည်း အန္တရာယ်မပြုဘူးတဲ့။ ငြိမ်ငြိမ်သက်သက် ဒီလိုပဲ မိတ်ဆွေတွေလိုပဲ နေကြတာပဲတဲ့။

အဲဒီရသေ့ရဲ့ မေတ္တာဓာတ် အင်မတန် အားကောင်း လွန်းလို့။

အဲဒီရသေ့နေတဲ့ တောဝန်းကျင်ကို ရောက်လာတယ် ဆိုလို့ရှိရင် အကုန်လုံး မိတ်ဆွေဖြစ်နေကြတယ်။ တစ်ခြားနေရာမှာ ရန်သူဖြစ်နေတဲ့ သတ္တဝါတွေတောင် ဒီနေရာရောက်ရင် အကုန်မိတ်ဆွေဖြစ်ကြတယ်တဲ့။ ငြိမ်ငြိမ်သက်သက် သူ့နေရာနဲ့သူ တစ်ခါတည်း အရှင်သခင်အနားမှာ ကြောင်ကလေး ခွေးကလေးများလိမ္မာယဉ်ကျေးပြီးတဲ့ ကြောင်ကလေး ခွေးကလေးများ ဝပ်နေသလိုပဲတဲ့။ ဒီလိုနေကြတာတဲ့။

အဲဒီအချိန်မှာ ပန်းချီဆရာတစ်ယောက် စိတ်ကူးပေါ်လာတာကငါဟာ လောကမှာ အနုဆုံးလူတစ်ယောက် ပန်းချီဆွဲဦးမှပါလေ။

စိတ်ကူးပေါ်လို့ မြို့ထဲရှာ၊ ရွာထဲရှာ၊ သာမန်နုတဲ့ ပုဂ္ဂိုလ်လောက်ပဲ တွေ့ရတယ်။ စကားတစ်ခုလုပ်ပြောရလောက်အောင် နုတဲ့လူမတွေ့။ မြို့ထဲ ရွာထဲ မရှိပေမယ့် တောထဲကော့ ရှိတတ်မှာပေါ့၊ တောထဲ လိုက်ရှာ၊ တောထဲသွားဖန် များတော့ အဲဒီရသေ့နေတဲ့ နေရာနားရောက်သွား၊ အံ့ဩစရာတွေ့ရတယ်၊ ဩော် . . . ဟိုက ရသေ့ သစ်ပင်အောက်မှာ ဈာန်ဝင်စား မေတ္တာဝင်စားနေတဲ့ မေတ္တာပွားများနေတဲ့ ဈာန်သမာပတ် မေတ္တာတရားနဲ့နေတဲ့ အရှင်ရသေ့ကြည့် ရတာလည်း မျက်နှာကြည်လို့ မေတ္တာတောင်သူက ဈာန်ထိအောင်ရနေ မေတ္တာဈာန် ဝင်စားနေတာ။ ကြည်လို့ပဲ။

စိတ်က နူးညံ့ကြည်လင်သလောက် စိတ်ရော ကိုယ်ရော ဒီအချိန်မှာ ငြိမ်နေတော့ နှုတ်က အသံမထွက်ဘူးပေါ့။ မထွက်ပေမယ့်လည်း ကြည့်ရတာ အင်မတန် နူးညံ့သိမ်မွေ့လို့ သူ့ရဲ့မေတ္တာ အလွန်အားကောင်းတယ်ဆိုတာ ပတ်ဝန်းကျင်ကြည့်လိုက်ရင် အလွန်ထင်ရှားနေတယ်။

သားရဲတိရစ္ဆာန်တွေ ယဉ်ကျေးနေလိုက်ကြတာ ငြိမ်နေလိုက်ကြတာ သူ့နေရာ ကိုယ့်နေရာ ဘာမှ အန္တရာယ်မပြုဘဲနဲ့ နေလိုက်ကြတာ။ ဒါတွေ့တော့ ငါတွေ့ဖူးတဲ့ လူတွေထဲမှာ အနုဆုံးပဲ။ တယ်ထူးဆန်းပါလားဆိုပြီးတော့ တစ်နေရာကနေ ပန်းချီဆွဲတယ်တဲ့။

လောကမှာ တွေ့ဖူးတဲ့ ငါ့တစ်သက်မှာ တွေ့ဖူးတဲ့ လူတွေထဲမှာတော့ ဤရသေ့သည် အနုဆုံးလူပဲ ဆိုပြီးတော့ ပန်းချီဆွဲတယ်တဲ့။

ပန်းချီဆွဲလည်းပြီးရော၊ ပြီးတဲ့အခါကျတော့ ရသေ့ကလည်း ဈာန်က ထလို့ ဟိုဟိုသည်သည် ကြည့်လိုက်တော့ ပန်းချီဆရာတွေ့တယ်။ တွေ့ပေမယ့် သူက ဘာမှမပြောပါဘူး။ အဲဒါနဲ့ ပန်းချီဆရာလည်း အိမ်ပြန်လာခဲ့။

အိမ်ကျတော့ သူက ပန်းချီပုံတစ်ပုံ ထူးထူးဆန်းဆန်း ရလာလို့ အိမ်ဦးမှာ ချိတ်ဆွဲထားလိုက်တယ်။

ငါတွေ့ဖူးတဲ့ လူတွေထဲမှာ ဤလူသည် အနုဆုံးဘဲတဲ့။ အဲဒါနဲ့ ပန်းချီပုံချိတ်ဆွဲထားတဲ့ အချိန်မှာဘဲ တောထဲမှာ ကျန်ရစ်တဲ့ ရသေ့ကလည်း သူရထားတဲ့ ဈာန်က လောကီဈာန်ဆိုတော့ အထိန်းအသိမ်းမတတ်တော့ အာရုံတစ်ခုကြောင့် သူရထားတဲ့ သူ့ရဲ့ဈာန်ဟာ လျှောသွားပါရောတဲ့ဗျား။

သြဃတွေ လွှမ်းလိုက်တာပါ၊ အဓိပ္ပါယ်က သြဃဝဲသြဃထဲမှာ သူ့စိတ်မြုပ်သွားတာ။ ဈာန်လျှောတယ်ဆိုတာ။

အဲဒီတော့ ဈာန်လျှောသွားတော့ အဲလေ ဈာန်လျှောတော့မှ မထူးတော့ပါဘူးဆိုပြီး လူထွက် အိမ်ရာတည်ထောင် လူတို့ဘောင်ရောက် အိမ်ရာတည်ထောင် လူ့ဘောင်ရောက်တော့ စစချင်း

စဉ်းစားရတာက ငါ ဘာအလုပ်နဲ့ အသက်မွေးရရင် ကောင်းမလဲ စဉ်းစားရတယ်။ ဘယ်လိုမှ စဉ်းစားလို့ မရဘူး။

နောက်ဆုံး အကြံပေါ်လာတာက ငါတောထဲမှာ ရသေ့ဘဝနဲ့ နေခဲ့စဉ်တုန်းက သားကောင်တိရစ္ဆာန်တွေ ငါ့ဆီကို လာလိုက်ကြတာ နည်းတာမှ မဟုတ်ဘဲ။ ငါ အဲဒီကို ရသေ့ယောင်ဆောင်ပြီးတော့ သွားရင် သူတို့ငါ့ကို မှတ်မိကြဦးမှာ။ အဲသည်တော့ ငါ အဲဒီသွားမယ်။ သွားတဲ့အခါမှာ ငါ့ဆီကိုလာတဲ့ သားကောင်တိရစ္ဆာန်ကလေးတွေကို တစ်ကောင်စီ တစ်ကောင်စီ ကွယ်ရာမှာ ဖမ်းပြီးတော့မှ ကွယ်ရာကိုခေါ် ဖမ်း။ ပြီးတော့မှ သတ်ပြီးတော့မှ အသားကိုရောင်းရင် ကောင်းမယ်ထင်တယ်တဲ့။

ဩဃတွေ ဘယ်လောက်ဆိုးသလဲ၊ ရသေ့လူထွက်ကို မှဆိုးအလုပ် ခိုင်းတယ်ဗျ။ ရသေ့လူထွက်ကို မုဆိုးအလုပ်ခိုင်းတယ်။

တောထဲကို သွားတဲ့အခါ ငါ့ကို မှတ်မိကြဦးမှာ။ အဲဒီအခါမှာ တစ်ကောင်စီ တစ်ကောင်စီ ဖမ်းခေါ်ပြီးတော့ ကွယ်ရာကိုခေါ် သတ်ပြီးတော့မှ အသားကိုရောင်းရင် ငါ့အသက် မွေးဝမ်းကျောင်း အလုပ်တော့ ရမှာတဲ့။

အာ ဒီအကြံကောင်းတယ် ဆုံးဖြတ်လိုက်တယ်။ အဲဒါနဲ့ ရသေ့ယောင်ဆောင်မှ သားကောင်တွေက သူ့ဆီကို လာမှာကိုး အဲဒါနဲ့ ရသေ့အယောင်ဆောင်ပြီးတော့ တောထဲသွား။

သူ့မှာ အတွင်းအဇ္ဈတ္တစွမ်းအားကတော့ ဘာမှ မရှိတော့ပါဘူး။ ဘာမှ မရှိတော့ပေမယ့် သားကောင်တိရစ္ဆာန်များက အရင်လိုဘဲ မှတ်ပြီးတော့ အမြီးကလေးတွေ တနံ့နံ့နဲ့ လာကြတယ်ပေါ့။

တို့အရှင်သခင်ကြီးလာပြီ၊ တို့အရှင်သခင်ကြီးလာပြီ ဆိုပြီးတော့ အမြီးကလေးတွေ တနံ့နံ့နဲ့လာကြတယ်။

လာကြတော့ အများရှေ့မှာ သတ်ရင်လည်း သည့်ပြင်သားကောင်တွေက ပြေးသွားမှာကိုး။ ဒါကြောင့် တစ်ကောင်စီ တစ်ကောင်စီ ကြိုးကြိုးစားစား ဖြားယောင်းသွေးဆောင်ခေါ်ယူပြီးတော့ ကွယ်ရာကို ရောက်တဲ့အခါမှာ အဲဒီခေါ်လာတဲ့ ဖမ်းလာတဲ့ သားကောင်လေးကို သတ်တယ်တဲ့။

သတ်တော့လည်း မုဆိုးအစစ်ကမဟုတ်တော့ သတ်ကလည်း မသတ်တတ်။ မလှီးသင့်တဲ့နေရာ လှီး၊ မထိုးသင့်တဲ့နေရာ ထိုး၊ မခုတ်သင့်တဲ့နေရာ ခုတ်၊ ဆန့်ငင်ဆန့်ငင်နဲ့ သွေးရဲရဲ သံရဲရဲ ရက်ရက်စက်စက် အကြာကြီး အဲသလို သတ်နေသတဲ့။

အဲဒီအချိန်မှာ ခုနကပန်းချီဆရာ စိတ်ကူးပေါ်ပြန်တာက လောကမှာ အနုဆုံးလူတော့ ပန်းချီဆွဲပြီးပြီ။ အကြမ်းဆုံးလူရှာပြီး ပန်းချီဆွဲဦးမှ အိမ်က ထွက်လာပြန်ရော။

မြို့ထဲ ရွာထဲ လျှောက်ရှာကြည့် သာမန်ကြမ်းတဲ့ လူလောက်ပဲ တွေ့တယ်။ စကားတစ်ခုလုပ်ပြီး ပြောရလောက်အောင် ကြမ်းတဲ့လူ မတွေ့၊ မြို့ထဲ ရွာထဲမရှိ တောထဲမုဆိုးလောက်တော့ ရှိရမှာပေါ့ဆိုပြီး တော့ တောထဲ လိုက်ရှာ၊ ခုနကရသေ့ဘဝတုန်းက အနုဆုံးလူကို ပန်းချီဆွဲတဲ့နေရာနား ရောက်ပြန်ရော။

ရောက်တော့ သည်တစ်ခါ ဈာန်ဝင်စားနေတဲ့ ရသေ့တော့ မတွေ့ရဘူး။ သားကောင်တစ်ကောင်ကို သတ်နေတဲ့ ရသေ့တစ်ပါး တွေ့ရတယ်။ ရသေ့တစ်ပါးတွေ့ရတာက အယောင်ဆောင်ထားတာကိုး။ ရသေ့တော့ မဟုတ်ဘူး။ ဒါပေမယ့် သားကောင်တွေ ဖမ်းလို့

ရအောင်လို့ ရသေ့ယောင်ဆောင်ထားတာ။ ဒါပေမယ့် သူလုပ်တဲ့ အလုပ်က ရသေ့အလုပ် မဟုတ်တော့ဘူး။ သားကောင်ကို သတ်ဖြတ်နေတာ တွေ့ရတယ်။

ဟယ် ဟိုက ကြည့်တော့လည်း ရသေ့ဝတ်ကြီးနဲ့၊ လုပ်တာကလည်း မုဆိုးအလုပ်ကြီးဘဲ။ ပြီးတော့လည်း မုဆိုးဆိုရင်လည်း ဒီလောက်တောင် ကြာရမှာ မဟုတ်ပါဘူး။ သူရက်စက်လိုက်တာ သတ်လိုက်တာ တစ်ချက်နဲ့လည်း သေအောင်လည်း မသတ်ဘူး။ ဆန့်ငင်ဆန့်ငင် သွေးရဲရဲ သံရဲရဲနဲ့ ကြည့်မကောင်း ရှုမကောင်း ကြီးပါလား။ ငါတွေ့ဖူးတဲ့ လူတွေထဲမှာတော့ အဲဒီရသေ့ကြီးဟာ အရက်စက်ဆုံးဘဲ အကြမ်းကြုတ်ဆုံးပဲ ဆိုပြီးတော့ အဲဒီ ရသေ့ကြီး၊ ရသေ့ကြီးက နာမည်သာ ရသေ့ပါ၊ ရသေ့လူထွက်ပေါ့။

တစ်နေ့ရာကနေပြီးတော့ သူကြမ်းကြုတ်တဲ့ အမှုအရာတွေကို ပန်းချီဆွဲနေတယ်။ ပန်းချီဆွဲနေတုန်းမှာ ဟိုက သားကောင်သတ်နေတဲ့ ရသေ့ လူထွက်ကြီးက သားကောင်သတ်လို့က မပြီးသေးဘူး။ ညောင်းတာနဲ့ ခါးဆန့်ပြီးတော့ ဟိုဟိုဒီဒီ ကြည့်လိုက်တယ်။

ဟိုဟိုဒီဒီကြည့်လိုက်တော့ ပန်းချီဆွဲနေတဲ့ ပန်းချီဆရာကို မြင်လိုက်တော့ ဓားချပြီးတော့ လာခဲ့တယ်။

"နေစမ်းပါဦး ခင်ဗျားက ဘာလာလုပ်တာလဲ" ဆိုတော့ ပန်းချီဆရာက "ဟာ နောင်တော်ကြီးခင်ဗျာ ကျွန်တော်ဟာ ပန်းချီဆရာပါ အရင်တစ်ခေါက်တုန်းကလည်း ကျွန်တော်ဟာ လောကမှာ အနုဆုံးလူကို ပန်းချီဆွဲမယ်ဆိုပြီးတော့ ဒီတောထဲမှာ ဒီတောထဲကို လာတဲ့အခါမှာ ဟောဟိုနားက သစ်ပင်အောက်မှာ ရှာန်ဝင်စားနေတဲ့ ရသေ့တစ်ပါးကို တွေ့ခဲ့လို့ အနုဆုံး လူတစ်ယောက်

ကို ပုံစံအနေနဲ့ ပုံအနေနဲ့ ပန်းချီဆွဲခဲ့ပြီးပါပြီ။ ယခု တစ်ကြိမ်မှာတော့ အကြမ်းဆုံးလူတစ်ယောက်ကို ရှာပြီးတော့ ပန်းချီဆွဲမယ်ဆိုတဲ့ စိတ်ကူး ပေါ်လာတာနဲ့ နောင်တော်ကြီးကို တွေ့လို့ ကျွန်တော် အကြမ်းဆုံးလူတစ်ယောက်အနေနဲ့ ပန်းချီဆွဲတာပါ။ နောင်တော်ကြီးနာမည်နဲ့ ဆွဲမှာလည်း မဟုတ်ပါဘူး။ နောင်တော်ကြီးကို အရှက်ခွဲဖို့လည်း မဟုတ်ပါဘူး။ အကြမ်းဆုံး လူပုံစံ အနေနဲ့သာ ပန်းချီဆွဲမှာပါ။ ကျွန်တော့်ကို ပန်းချီဆွဲခွင့်ပြုပါ။ နောင်တော်ကြီးကို ဘယ်လိုမှလည်း မလုပ်ပါဘူး။ နာမည်လည်း ဖော်မှာလည်း မဟုတ်ပါဘူး။ ကျွန်တော်ရဲ့ ဝါသနာအရ အကြမ်းဆုံးလူရဲ့ပုံကို ပန်းချီဆွဲခြင်းသာ ဖြစ်ပါတယ်”လို့ ပန်းချီဆရာက အဲလိုပြောတော့ ရသေ့လူထွက်ကြီးက–

“ဒီမယ် သူငယ်ချင်း၊ ကိလေသာမကင်းသေးတဲ့ ဩဃ မကင်းသေးတဲ့ ပုထုဇဉ်တစ်ယောက်ကို ဒီလူဟာ အကြမ်းဆုံး၊ ဒီလူက အနုဆုံးလို့ ပုံသေပြောလို့ မဖြစ်ဘူး သူငယ်ချင်း။ ဩဃတရားတွေ ကင်းစင်နေတဲ့အခါကာလမှာ မိမိစိတ်ကို နိုင်နေတဲ့အခါကာလမှာ အနုဆုံးဖြစ်တတ်ပေမယ့် ဩဃတရားတွေ လွှမ်းလာတဲ့အခါ ကိုယ့်စိတ်ကို မနိုင်တဲ့အခါမှာ ဒီကနေ့ အနုဆုံး ဖြစ်ပေမယ့် နောက်နေ့မှာ အကြမ်းဆုံးလည်း ဖြစ်တတ်တယ် သူငယ်ချင်း တဲ့။ ဒီကနေ့ အနုဆုံးဖြစ်နေပေမယ့် အထင် မကြီးနဲ့ဦး၊ နောက်နေ့မှာ စိတ်ကို မနိုင်တဲ့အခါမှာ ဩဃတရား လွှမ်းလာတဲ့အခါ အကြမ်းဆုံးလည်း ဖြစ်သွားတတ်သေးတယ်။ ဒီကနေ့ မိုက်ရူးကြမ်းတမ်းနေပေမယ့် အထင်မသေးနဲ့ဦး။ တရား စွမ်းအားတွေနဲ့ တွေ့လာတဲ့အခါကာလမှာ စိတ်တွေ နူးညံ့ပြီးတော့

အင်မတန် နူးညံ့သိမ်မွေ့တဲ့ ပုဂ္ဂိုလ်လည်း ဖြစ်သွားတတ်သေးတယ်။ ဒါကြောင့် ဒီလူဟာ အနုဆုံး၊ ဒီလူဟာ အကြမ်းဆုံးလို့ ကိလေသာ ဩဃတွေ မကင်းသေးသမျှ မှချဧကန် ပြောလို့မဖြစ်ဘူး သူငယ်ချင်း''တဲ့။

"ကဲ ဆွဲပါ၊ ဆွဲပါ၊ ပန်းချီဆွဲပါ၊ စိတ်ကြိုက်ဆွဲပါ" ဆိုပြီးတော့ ခွင့်ပြုလိုက်ပါတယ်။

အဲဒါနဲ့ ပန်းချီဆရာကလည်း ဆက်ပြီးတော့မှ ကြမ်းကြုတ်တဲ့ ပုံစံတွေကိုပေါ့၊ ပေါ်အောင်ဆွဲ၊ ဆွဲလို့ပြီးရင် အိမ်ပြန်သွား၊ အိမ်ကျတော့ ပန်းချီပုံ ချိတ်ထား။

ပထမဆွဲတဲ့ပုံက အနုဆုံးလူရဲ့ပုံ။ ဒုတိယဆွဲတဲ့ပုံက အကြမ်းဆုံးလူရဲ့ ပုံ။ ပုံက နှစ်ပုံ။ ဒါပေမယ့် လူက တစ်ယောက်ထဲ။

စောစောပိုင်းတုန်းက အဲဒီရသေ့လူထွက်ကြီးဟာ စိတ်ကို သဒ္ဓါတရားနဲ့ နိုင်နေတဲ့အတွက်ကြောင့်မို့ ဩဃတွေ ကင်းပြီးတော့မှ ဈာန်ရနေတာဆိုတော့ စိတ်တွေနူးညံ့သိမ်မွေ့လို့ နေခဲ့တာမို့လို့ အနုဆုံးရယ်လို့ အသိအမှတ်ပြုခံရတာ။

နောက်ပိုင်းမှာတော့ ဩဃတရားတွေက အနိုင်ယူသွားတဲ့အခါကာလမှာ စိတ်တွေဟာ ဘယ်လိုမှ ဩဃကို လွှမ်းမိုးနိုင်စွမ်း ရှန်းကန်နိုင်စွမ်း မရှိတဲ့အတွက် အလွန့်အလွန်မှ ခက်ထန် ကြမ်းကြုတ်လှတဲ့ အခါကာလမှာ လူလည်းဘဲ လုပ်ပုံ ကိုင်ပုံ ပြောပုံ ဆိုပုံ အကုန်လုံး ခက်ထန်ကြမ်းကြုတ်လို့လာရတယ်။

ဒါကြောင့် ဩဃကနိုင်တဲ့အခါ လူသည် ကြမ်းတယ်။ ဩဃကို သဒ္ဓါတရားက နိုင်သွားပြန်တော့ လူဟာ နူးညံ့သိမ်မွေ့ လာတတ်တယ်။ ဒီသဘောကို ပြောတာပါ။

"ညြှယနည်းပါ၊ ကင်းစင်ငြား၊
စိတ်ထားနူးညံ့သည်။
ညြှယလေးတန်၊ တိုးလာပြန်၊
ခက်ထန် ကြမ်းကြုတ်သည်။
ယုံကြည်သဒ္ဓါ၊ ရှိမှသာ၊၊
လေးဖြာညြှယလွှန်မြောက်သည်။
အကြမ်း-အနု စိတ်ကိုလှု၊
ကောင်းမှုနိုင်မှ ချမ်းသာသည်။"

သံသရာမှာ မိမိတို့တစ်တွေ ကြမ်းခဲ့တာလည်း များလှပြီ။ များခဲ့လှပါပြီ။ နုတဲ့အခါလည်း နုခဲ့ကြမှာပါ။ ယခု သာသနာနဲ့ တွေ့ပြီးတော့ နေကြတဲ့အခါ သဒ္ဓါတရား အားကောင်းကောင်းနဲ့ နု-ပြနေကြတယ်။ သာသနာအတွက်ကို ကျေးဇူးများသွားအောင် ဒါနပုံစံတွေနဲ့ နုနေကြတယ်။ သီလပုံစံတွေနဲ့ နုနေကြတယ်။ သမာဓိပုံစံတွေနဲ့ နုနေကြတယ်။ ဝိပဿနာ-ပညာ ပုံစံတွေနဲ့ နုနေကြတယ်။

မိမိတို့ရဲ့ စိတ်တွေ နူးညံ့မှုကြောင့် သာသနာအတွက် အများကြီး ကျေးဇူးများသွားတယ်။ မိမိအတွက်လည်း အားကိုးရာ ထောက်တည်ရာတွေ အများကြီးရနေကြတယ်။

ဒါကြောင့်မို့လို့ အခု သာသနာကို မှီပြီးတော့ နူးညံ့သိမ်မွေ့တဲ့ စိတ်ကို အခြေခံပြီးတော့ သဒ္ဓါတရားတွေ ပညာတရားတွေနဲ့ မေတ္တာတရားတွေနဲ့ သာသနာလည်း ချီးမြှောက်ကြတယ်။ ကိုယ့်အတွက်လည်း အားကိုးရာရအောင် ယူကြတယ်။

ကုသိုလ်ကောင်းမှု ယူကြတဲ့အခါမှာ ကံထိန်းခလုပ်ခေါ်တဲ့ ပညာကတော့ အင်မတန်အရေးကြီးပါတယ်။

"ပညာ နရာနံ ရတနံ"

ပညာ–အသိ အလိမ္မာ ဉာဏ်ပညာခေါ်တဲ့ တရားသည်။ နရာနံ–လူပုဂ္ဂိုလ်အများတို့၏။ ရတနံ–နှစ်သက်ရွှင်ပြုံးစေတတ်တဲ့ ရတနာကောင်းသည်။ ဟောတိ–မုချမသွေ ဖြစ်ရပါပေသတည်း။

ပညာဟာ လူတွေရဲ့ ရတနာ တဲ့။ ပညာရတနာရှိမှ ယခုရလာတဲ့ လူ့ဘဝဟာ ရတနာဖြစ်အောင် သုံးတတ်လိမ့်မယ်။ မိမိစိတ်ကလေးတွေ ရတနာဖြစ်အောင် သုံးတတ်မယ်။ ရတနာ သုံးပါးကို အဖိုးတန်အောင် သေသေချာချာ တန်ဖိုးရှိရှိ စိတ်အစဉ်မှာ ထား၍ ကောင်းကောင်းမွန်မွန် သုံးတတ်မယ်။

ရတနာကို ရတနာနဲ့တူအောင် သုံးတတ်ဖို့က ဟောဒီ ပညာလိုပါတယ်။ ပညာနဲ့ သုံးတဲ့အခါမှာလည်း သဒ္ဓါတရားနဲ့ ကောင်းအောင် နှုးညှံ့အောင်လည်း တစ်ဖက်က ဝင်ထိန်းရတာပါပဲ။

ဒါကြောင့် ပညာဟာ ရတနာ။ ပညာမရှိရင် ဘာဖြစ်တတ် သလဲ။ ရ . . တာ . . နာ . . ဖြစ်သွားတယ်။ တ . . မှာ ရေးချ ပါလာတယ်။ ဒါကြောင့် အသိပညာ ရတနာ လိုရာသုံးရသည်။

အသိပညာသည် ရတနာအကောင်းပါ။ အဲဒီ အသိပညာဆိုတဲ့ ကမ္မဿကတာသမ္မာဒိဋ္ဌိပညာ, ဝိပဿနာ သမ္မာဒိဋ္ဌိပညာခေါ်တဲ့ ပညာရတနာကောင်းလေး ရှိလာလို့ရှိရင် လိုရာသုံးပါတဲ့။ မိမိအတွက် သူတစ်ပါးအတွက် လောကအတွက် သာသနာအတွက် လောကီ အတွက် လောကုတ္တရာအတွက် လိုရာအကုန်လုံး သုံးလို့ရပါတယ်။

အသိပညာ၊ ရတနာ၊ လိုရာသုံးရသည်။
ပညာမရှိ၊ အသိကင်းကွာ၊ ရတနာ၊
ရှိတာတောင်မှ ရှုံးရသည်။။။

ပညာမရှိ အသိကင်းကွာတော့ ဘာဖြစ်တတ်သလဲဆိုတော့ ရတနာက ရ . . တာ . . နာ . . ဖြစ်သွားတယ်တဲ့။

ရတနာတွေဟာ ရ . . တာ . . နာ ဖြစ်ပြီးတော့မှ ရှိတာသော်မှ ရှုံးရသည်။ နောက်ထပ် အသစ်ရဖို့ မပြောနဲ့ဦး။ ရှိနေပြီးသား ရနေပြီးသားတွေတောင်မှ အကုန်လုံး ရှုံးသွားတတ်တယ်။

တစ်နည်းအားဖြင့် မနတော့ဘဲ ကြမ်းပြီးတော့မှ အကုန်လုံး ရှုံးသွားတတ်တယ်တဲ့။

- မရှုံးရအောင် ပညာရောင် ထွန်းပြောင်စေရမည်။

ဒါကြောင့် မရှုံးရအောင် ရလာတဲ့ လူ့ဘဝလည်း မရှုံးရအောင် ရလာတဲ့ လုပ်ပိုင်ခွင့်တွေလည်း မရှုံးရအောင် ရလာတဲ့ သာသနာတော်မြတ်ကြီးလည်း မရှုံးရအောင် အသိပညာရတနာ တရားတွေ ရအောင်လို့ တရားကို နာရမယ်၊ လေ့လာရမယ်၊ ဖတ်ရှုရမယ်၊ စဉ်းစားရမယ်၊ ဆင်ခြင်ရမယ်။ ရတနာတွေကို အမြဲတမ်းတိုးအောင် လုပ်ရမယ်။ ဒါမှ အမြတ်တွေပေါ်မယ်။ ရတနာအစစ်ဖြစ်မှာ။

အဲဒါတွေလည်း လိုက်ဆိုကြ-

- အသိပညာ ရတနာ လိုရာသုံးရသည်။
- ပညာမရှိ မသိကင်းကွာ ရ . . တာ . . နာ၊
  ရှိတာသော်မှ ရှုံးရသည်။

မရှုံးရအောင်၊ ပညာရောင်၊
ထွန်းပြောင်စေရမည်။

ဒါကြောင့် ရတနာတွေ ရတနာအစစ်ဖြစ်အောင် အနုဖက် ကချည်း အနိုင်ယူနိုင်အောင်ဆိုရင် အသိပညာလိုပါတယ်။ အဲဒီ ပညာရှိမှလည်း ကံထိန်းခလုတ်ကို တပ်ဆင်တတ်မှာပေါ့။ သံသရာ ခရီးဆိုတာက နိဗ္ဗာန်ဦးတည်ချက်ရှိပြီးသား ပုဂ္ဂိုလ်များအတွက်တောင်မှ ရှည်ကလည်း ရှည်၊ အဆင်းအတက်ကလည်း များ၊ အန္တရာယ်က လည်း ပေါ၊ ကြမ်းကလည်း ကြမ်းတယ်။

ဟောဒီ ပညာသာ မပါရင် သံသရာခရီး ဘယ်လိုသွား ကြမလဲ။ ကံ ချယ်လှယ်ရာ ခံနေရမှာပေါ့။ အဲဒီလို မဖြစ်ရအောင် သာသနာနဲ့ တွေ့တုန်းလေး ကိုယ့်လုပ်ပိုင်ခွင့်ကို အပြည့်သုံးပါ။ အပြည့်သုံးဖို့ရာ ဟောဒီ ပညာလိုတယ်။ ပညာကို ကံထိန်းခလုတ်လို့ ခေါ်တယ်။ ပညာကို ရတနာလို့သာ ခေါ်တာ မဟုတ်သေးဘူး။ ကံထိန်းခလုတ်လို့လည်း ခေါ်တယ်။ ကံထိန်းခလုတ်ရဲ့ အလုပ်က ကံထိန်းခလုတ်တပ်တယ်ဆိုတာ မလိုအပ်တဲ့ ကံပိုမည်းများကို ဖယ်ရှားရတယ်။

– မလိုအပ်ငြား၊ ကံပိုများ၊ ဖယ်ရှားပေးတတ်ပါ။

ကံပိုကံမည်းဆိုတာ အဂုသိုလ်ကို ပြောတာ၊ ကံပိုကံမည်းတွေ ပါရင် သူတို့ကို ကိုယ်က ထမ်းနေရတာနဲ့ သံသရာမှာ ကြန့် ကြာသွားမယ်။ အပေါ်ကို သွားရင်းနဲ့ အောက်ကို ပြန်ရောက်မယ်။ ရှေ့သွားရင်းနဲ့ နောက်ပြန်ရောက်မယ်။ ကံပိုကံမည်းဆိုတာ ကိုယ်က ပြန်ထမ်းရမှာ။

ကုသိုလ်လုပ်တယ်ဆိုတာ ကုသိုလ်ကို ကိုယ်က တာဝန်ယူတာ။ မင်းငါ့ကို နိဗ္ဗာန်အထိ ထမ်းသွားရမှာနော်လို့ သူ့ကို ကိုယ်က တာဝန်ပေးတာ။ ယော ဉာဏ်က မရှိတော့ ကံပိုကံမည်းတွေက ပါလာတော့ ကံကို ကိုယ်က ပြန်ထမ်းရပါရော။

အဲလိုထမ်းတဲ့အခါမှာ တာဝန်တွေ အများကြီးပိုလာလိမ့်မယ်။ အဲလို မဖြစ်ရအောင် ယောဒီ ရတနာဆိုတဲ့ ကံထိန်းခလုတ် အသိပညာတရားကို စနစ်တကျတပ်ဆင်ပြီးတော့ မလိုအပ်တဲ့ ကံပိုကံမည်းတွေ ဘာတစ်ခုမှမပါရအောင် ရှင်းပြီးတော့ ပေးရမယ်တဲ့။

– မလိုအပ်ကြား၊ ကံပိုများ၊ ဖယ်ရှားပေးတော်ပါ။

တစ်ခါ . . .

လိုအပ်သည့်ကံ၊ သန့်စင်ရန်၊ ဇကန်ဆေးကြောပါ။

ဘဝသံသရာကြီးထဲမှာ ကျင်လည်တဲ့အခါကာလမှာ ကိုယ့်စိတ်ကြိုက်သုံးနိုင်တဲ့ မိမိလိုသလို စိတ်ကြိုက်ဖန်တီး ပြီးတော့သွားနိုင်တဲ့ ကံတရား ပါရမီအဆင့်မီဖြစ်နိုင်တဲ့ ကံတရားများကို စင်စင်ကြယ်ကြယ် သန့်သန့်ရှင်းရှင်း လေးလေးမြတ်မြတ်နဲ့ ယောဒီလိုဖြစ်အောင်က ပညာက ဆေးပြီးတော့ ပေးရတယ် တဲ့။

ကမ္မဿကတာသမ္မာဒိဋ္ဌိ၊ ဝိပဿနာသမ္မာဒိဋ္ဌိတွေနဲ့ ရှေ့နဲ့နောက်စပ်ပြီးတော့မှ ကမ္မအမှားတွေ ဘာတစ်ခုမှ မပါရလေအောင်၊ ကိလေသာ ကြားခိုလို့ မသွားရလေအောင် စနစ်တကျ ဆေးကြောပေးရတယ်။

ဒါနစင်အောင်၊ သီလစင်အောင်၊ သမာဓိစင်အောင် ပညာစင်အောင် အဲဒီလို သေသေချာချာဆေးကြောပြီးတော့ သန့်စင်

ပေးရတဲ့အလုပ်၊ အဲဒီ အလုပ်ကိုလည်း ကံထိန်းခလုပ်တပ်ဆင်ခြင်းလို့ ခေါ်တယ်။

တစ်နည်းအားဖြင့် အဲလို သန့်စင်အောင် ဆေးကြောခြင်းသည် ပင်လျှင် စဉ်းစားနိုင်းချိန်ချင့်ချိန် ချိန်တွယ်ခြင်းလည်း ဖြစ်တယ်။

ဈေးဝယ်တဲ့အခါ ဈေးသည်က ယောတာဟာ တစ်ပိဿာလို့ ပေးလိုက်တယ်။ ကိုယ်က ယုံလို့ မဖြစ်ဘူး။ သေသေချာချာ ချိန်ကြည့်အုံး တစ်ပိဿာပြည့်မှ ဝယ်။ တစ်ပိဿာပြည့်ရင်တောင် ပစ္စည်းအတုတွေ ရောထားမှု ရှိ,မရှိ၊ ပစ္စည်းစစ်,မစစ် သေသေချာချာ စစ်ဆေး။ ပစ္စည်းစစ်မှ ဝယ်။ ဒါမျိုး လိုပေါ့။

နိဗ္ဗာန်အထိ သယ်ဆောင်လို့ သွားရမယ့် ပါရမီဖြစ်တဲ့ ကုသိုလ်ကောင်းမှု ရတနာကောင်းတွေကို ဝယ်ယူကြတဲ့ အခါမှာ လည်းပဲ အဝိဇ္ဇာဈေးရောင်းသမားက တယ်လိမ်တယ်ဗျ။ အဝိဇ္ဇာ ဈေးရောင်းသမား အလိမ်ခံရလို့ ကံလိမ်ကြီးတွေ ဝယ်ခဲ့တာ များလှပါပြီကော။

ဒါကြောင့် အကြမ်းဖြစ်တာဟာ၊ မနုဘဲနဲ့ ကြမ်းရတာဟာ ကံလိမ်ကြီးတွေ ဝယ်ခဲ့တာများလို့ တဲ့။ အဲဒီ ကံလိမ်ကြီးတွေ မပါရအောင်လို့ ပညာချိန်ခွင်ပေါ်မှာ သေသေချာချာ ချိန်ကြည့်။ ပြည့်မှ ဝယ်။ ကံအတုတွေ ပါ,မပါ ပညာနဲ့ သေသေချာချာ စစ်ဆေး။ ပါရမီစစ်မှ အနှစ်ပြည့်ဝမှာ။ အဲဒါမှ ဝယ်။

ဒါကြောင့် ကံထိန်းခလုတ်ဆိုတာ အဲလိုယူရမယ့် ကုသိုလ်ကံ တရားများ စင်ကြယ်သန့်ရှင်းစစ်မှန်အောင်လည်းပဲ ဆေးကြော သုတ်သင် စိစစ် စစ်ဆေးပြီးတော့ ပေးတယ်။

- ငေါ်အပ်သည့်ကံ၊ သန့်စင်ရန်၊ ကောန်ဆေးကြောပါ။
- ပန်းတိုင်အရောက်၊ လမ်းကိုဖောက်၊ ပြီးမြောက်တတ်စေပါတဲ့။

ကံထိန်းခလုတ်ရဲ့ နောက်လုပ်ငန်းတစ်ခုက ပန်းတိုင်အထိပြတယ်တဲ့။ မင်း အခုလုပ်တဲ့ ကုသိုလ်ဟာလေ။ ဟောဟိုက ဘဝခန္ဓာ လောင်စာခပ်သိမ်း လွတ်ငြိမ်းတဲ့ နိဗ္ဗာန်အထိ သွားရမှာ။ အဲဒီအထိ မင်းဖို့နော။ အဲဒီအထိ သွား။ လမ်းတစ်ဝက်မရောက်ခင် ပြန်လှည့် မလာခဲ့နဲ့။ အဲဒီမရောက်မချင်း သွား။

အဲဒီကို သွားတဲ့အခါကာလမှာလည်း သိက္ခာသုံးရပ် အကျင့်မြတ် မဇ္ဈိမပဋိပဒါလမ်းကြောင်းအတိုင်း သွား။ လက်ဝဲ လက်ျာလမ်းကြောင်းကို ချော်မဆင်းနဲ့။ အဲဒီအတိုင် ဖြောင့်ဖြောင့် တန်းတန်း သွား ဆိုပြီးတော့လည်း လမ်းကြောင်းကို ဖောက်ပေးတယ်။ လုပ်ငန်းကိုလည်း သပ်သပ်ယပ်ယပ်နဲ့ လုပ်ပေးတယ်။ အဲဒါကိုလည်း ကံထိန်းခလုတ်တပ်တယ်လို့ ခေါ်တယ်။

- ပန်းတိုင်အရောက်၊ လမ်းကိုဖောက်၊ ပြီးမြောက်တတ်စေပါ။
- ဉာဏ်ဖြင့် ထိန်းသိမ်း၊ အပူငြိမ်း၊ ကံထိန်းခလုတ်ပါတဲ့။

အဲဒီဉာဏ်နှင့်၊ ပညာခေါ်တဲ့ အသိဉာဏ်နှင့် သေသေချာချာ ထိန်းပြီးတော့မှ စိတ်ရဲ့ အပူအခိုးအငွေ့ ကိလေသာဓာတ်ငွေ့တွေ ကင်းပြီးတော့မှ သွားအောင် အဲလိုဆောင်ရွက်ပေးခြင်းကိုပဲ ကံထိန်းခလုတ် တပ်တယ်လို့ ခေါ်တယ်။

- ပညာပရိ၊ သတိလွတ်က၊
ဘဝပင်လယ်၊ ခရီးသည်၊
တကယ်ကြောက်စရာ တဲ့။

ပညာလည်း မရှိ၊ သတိကလည်း လွတ်ဦးမယ်ဆိုရင်တော့ တကယ့်ပကတိ ပင်လယ်ကြီးထဲမှာ ကမ်းမမြင် လမ်းမမြင်တဲ့ လှိုင်းလေတွေ အင်မတန်ပေါတဲ့ ပင်လယ်ကြီးအလယ်မှာ သင်္ဘော ပျက်တာထက် ဆိုးမယ်တဲ့။

ဘဝသံသရာမှာ မဂ္ဂင်သင်္ဘောကြီး ပျက်ပြီဆိုရင်လည်း သွားရော တစ်ခါတည်း မြုပ်မိမြုပ်ရာ နစ်မြုပ်တော့မှာ။ ခုန ဩဃတွေ မြုပ်တော့မှာပဲ။ ကြမ်းချင်လည်း ကြမ်းတော့မှာ။ အပါယ်ထိ သွားတော့မှာဘဲ။

ဒါကြောင့် သာသနာ့နဲ့ တွေ့တုန်းလေး ကိုယ့်လုပ်ပိုင်ခွင့် ကိုတော့ မလစ်ဟင်းရအောင် စနစ်တကျ ထိန်းသိမ်းပြီးတော့ အဲလိုဆောင်ရွက်ပါတဲ့။ အဲဒါလေးလည်း လိုက်ဆိုကြ။

- မလိုအပ်ငြား၊ ကံမိုများ
ဖယ်ရှားပေးတတ်ပါ။
- လိုအပ်သည့်ကံ၊ သန့်စင်ရန်၊
ကောန်ဆေးကြောပါ။
- ပန်းတိုင်အရောက်၊ လမ်းကိုဖောက်၊
ပြီးမြောက်တတ်စေပါ။
- ဉာဏ်ဖြင့် ထိန်းသိမ်း၊ အမှုငြိမ်း၊
ကံထိန်းခလုတ်ပါ။

– ပညာမရှိ၊ သတ်လွတ်က၊
ဘဝပင်လယ်၊ ခရီးသည်၊
တကယ်ကြောက်စရာ။

ဒါကြောင့် အသိပညာရတနာ ကိုင်ထားမှ။ ကံထိန်းခလုတ် စနစ်တကျတပ်ပြီးတော့မှ မိမိလုပ်သင့်တဲ့ အလုပ်ကို လုပ်ပိုင်ခွင့်သုံး၍ အကွက်စေ့အောင် လုပ်ဖြစ်မှာပါ။

ဘုရားလက်ထက်က သာဝတ္ထိမြို့မှာ ဗမာနာမည်နဲ့ ဆိုရင်တော့ ကိုလုံးနဲ့ မပြုံးတဲ့။ သဒ္ဓါတရား အလွန်ကောင်းတယ်။ ကုသိုလ်တရား အင်မတန် မွေ့လျော်တယ်။

ကိုလုံးရဲ့ အလုပ်က ပတ္တမြားစသည် ထွင်းထုပေးရတဲ့ အလုပ်ပါ။ ဝေါဟာရလွယ်လွယ်ကတော့ ရွှေထွင်းတဲ့ အလုပ်လို့ ခေါ်တယ်။ သူတို့ဟာ သဒ္ဓါတရားကောင်းသည့်အားလျော်စွာ ဦးကိဿဆိုတဲ့ ရဟန်းတော်အရှင်မြတ်တစ်ပါး သူတို့အိမ်ရှေ့ဆွမ်းခံ ကြွလာတော့ အင်မတန် ကြည်ညိုလေးစားလွန်းလို့ "အရှင်ဘုရား၊ တပည့်တော်၊ တပည့်တော်မတို့ အိမ်ကို မနက်ဖြန်ကစပြီးတော့ နေ့စဉ် နေ့စဉ် ဆွမ်းဘုန်းပေးပါ ဘုရား၊ အရှင်ဘုရား တစ်းပါး တည်းကို တပည့်တော်တို့ အားလုံး တာဝန်ယူနိုင်ပါတယ်၊ သည့်ပြင်အိမ် ကြွနေစရာ မလိုပါဘူး ဘုရား၊ အရှင်ဘုရားတစ်ပါး တည်းကို တပည့်တော်တို့ ဘုရားတပည့်တော်မတို့ တာဝန်ယူနိုင် ပါတယ် ဘုရား၊ တခြားအိမ်ကို ကြွပြီးတော့ ဆွမ်းခံစရာမလိုပါဘူး ဘုရား၊ ဆွမ်းဘုန်းပေးမယ့် အချိန်ရောက်ပြီဆိုရင် တပည့်တော် တပည့်တော်မတို့အိမ်ကို ကြွခဲ့ရုံလေးပါ ဘုရား" လို့ သဒ္ဓါတရား

ကောင်းသည့်အားလျော်စွာ ၊အဲလိုအိမ်ကို ဆွမ်းဘုန်းပေး အမြဲကြွဖို့ဆိုပြီးတော့ ပင့်ဖိတ်ကြတယ်။

ပင့်ဖိတ်တော့ အရှင်မြတ်ဦးတိဿကလည်း လက်ခံလိုက်ပါတယ်။ လက်ခံပြီးတော့မှ အဲလိုနေလိုက်ကြတာ အရှင်မြတ်ဦးတိဿကလည်း အေး ငါဟာ ဆွမ်းဒကာ၊ ဒကာမတွေရဲ့ ဆွမ်းကို ဘုန်းပေးတယ် ဆိုရင် သူတို့အတွက်လည်း ကျေးဇူးဆပ်မှဖြစ်မှာ၊ မေတ္တာလည်း ပို့မှ၊ ပစ္စဝေက္ခဏာလည်း ဆင်ခြင်မှ၊ ကောင်းကောင်းလည်း နေမှ၊ အထူးအားဖြင့် တရားအလုပ်ကို လက်တွေ့ကြိုးစားအားထုတ်မှ ငါဟာ ကျေးဇူး ဆပ်ရာရောက်မယ် ဆိုပြီးတော့ တရားအလုပ်ကိုလည်း စွမ်းစွမ်းတမံ အားထုတ်သလိုပဲ၊ ကိုလုံးတို့ မပြုံးတို့ အတွက်လည်းပဲ အခါအားလျော်စွာ တရားများကို ဟောပြီးတော့မှ လမ်းညွှန်ပြီးတော့ မေတ္တာတရား ကရုဏာတရားနှင့် အဲလိုဆောင်ရွက်လို့နေတယ်။

မလုပ်သင့်တာ လုပ်သင့်တာတွေ နားလည်အောင်၊ လုပ်သင့်လုပ်ထိုက်တဲ့ ကုသိုလ်တွေ ကံထိန်းခလုတ်တပ်ဆင်ပြီးတော့ စနစ်တကျ လုပ်တတ်အောင်၊ အခါအားလျော်စွာ တရားဟောပြီးတော့ တရားနှင့်လည်း ကျေးဇူးဆပ်ပါတယ်။ ကိုယ်တိုင်လည်းပဲ တရားအလုပ်ကို အားထုတ်ပါတယ်။

ကိုလုံးတို့ မပြုံးတို့မှာလည်း ဘာပြောကောင်းမလဲ၊ ဝမ်းသာလိုက်တာ၊ ဝမ်းတာလိုက်တာ၊ နေ့တိုင်းနေ့တိုင်း ဆွမ်းလှူရတာ ဝမ်းသာလိုက်ကြတာ။

ဆွမ်းလှူတယ်ဆိုတော့ ဆွမ်းအကျိုး ၅-ပါးဆိုတာလည်း ဆရာတော်ဦးတိဿက ဟောပေးပါတယ်။ ဆွမ်းအကျိုး ၅-ပါးဆိုတာ

လောကီအကျိုးကတော့ မတော်င်းဘဲ ပေးပြီးသား။ မိမိတို့က ပညာနဲ့ ဦးဆောင်ပေးလိုက်တော့ လောကုတ္တရာအကျိုးတွေ ရနိုင်တယ်။

အဲဒါကို ဦးတိဿက သေသေချာချာ ဟောပေးပါတယ်။

– စားဖွယ်ပေးမူ၊ အသက်လှူ၊
လှူသူမှာလည်း၊ သက်ရှည်ရ တဲ့။

စားဖွယ်ကိုလှူတာ ဆွမ်းကိုလှူတာ ယခု ချင်းဆိုင်ရွာ ဒကာ၊ ဒကာမအပေါင်း သူတော်ကောင်းတွေ သံဃာတော်များအတွက် ဆွမ်းဆန်လှူတာ။ ဆွမ်းဆန်ဟာလည်း ဆွမ်းပါပဲ။ စားစရာပါပဲ။ အဲဒါ အသက်ကို လှူတာတဲ့။ အဲလိုဆို လှူတဲ့ ပုဂ္ဂိုလ်မှာလဲ အသက်ရှည်ခြင်း အကျိုးရတယ်။

မိမိက အဲဒီလောက်နဲ့ ရပ်မထားနဲ့။ ကံထိန်းခလုတ် ဝင်လိုက်။ ကမ္မဿကတာ သမ္မာဒိဋ္ဌိ, ဝိပဿနာ သမ္မာဒိဋ္ဌိ ပါဝင်လိုက်။ အတ္တဒိဋ္ဌိနဲ့ လက်မခံနဲ့။ အဲဒီ အသက်ရှည်တဲ့ ဥစ္စာကို ကိုယ်က ပညာနဲ့ သုံးတတ်အောင်လည်း ပညာနဲ့ ဦးဆောင်ထား။ ပြီးတော့ ဝိပဿနာဉာဏ်ကလည်း ဝင်ကြည့်။

အသက်ရှည်မှာ ပြော။ မသေဘူးပြောတာ မဟုတ်ဘူး။ အချိန်စေ့ လက်လွှတ်ရမှာပဲ။

– အသက်ရှည်ကြာ၊ နေရပါသည်း၊
မနိုင်မြဲ မလွဲပျက်စီးရ၊

အဲဒီလိုမြင်အောင် ကြည့်မှ အချိန်စေ့ လက်လွှတ် နိုင်မှာပေါ့။ တရားအင်အား အပြည့်နှင့်လည်း လက်လွှတ်နိုင်မှာပေါ့။

ဒီလိုဆိုတော့ ဆက်ဦးဆောင်ရမှာက-

တရားအသက်၊ တွဲ၍ဖက်၊

ရင့်ကျက် ရှည်ရှည်လော့။

တရားအသက် ယှဉ်တွဲပြီးတော့ ရှည်လိုပါတယ်၊ ရှင်သမျှ အသက်ထဲမှာ ဗလာအသက်တော့ မလိုချင်ဘူး။ တရားအသက်ပါ တွဲပြီးတော့ အေးအေးမြမြရသမျှ ဘဝခန္ဓာကို သုံး၍ နိဗ္ဗာန်သို့ ဖြောင့်ဖြောင့်ကြီး သွားနိုင်ပါရစေလို့ ပညာနဲ့ ဦးဆောင်။

တစ်ခါ ဒုတိယက-

- စားဖွယ်ပေးပူ၊ အဆင်းလှူ

လှူသူမှာလည်း အဆင်းလှ။

အဆင်းကြက်သရေကို ပေးလှူရာရောက်တယ်။ ဒီလိုဆို လှူဒါန်းတဲ့ ပုဂ္ဂိုလ်မှာလည်း အဆင်းလှခြင်း အကျိုးရတယ်။ ဒါက သူပေးမယ့် အကျိုး။ မိမိက ပညာနဲ့ ဦးဆောင်။

- ရုပ်လှသော်လည်း၊ မနိုင်မြဲ၊

မလွဲ ပျက်စီးရ။

လှမှာက ရုပ်ပဲ လှမှာ။ ရုပ်ဆိုတာကလည်း ခိုင်မြဲတာမှ မဟုတ်ဘဲ။ အချိန်စေ့ရင် ဇရာဗျာဓိစသည် ဖျက်ဆီးတော့ ပျက်စီးမှာချည်းပဲ။

ဒီလိုဆိုတော့-

- တရားကျက်သရေ၊ ပြည့်စုံပေ

မသေ ရလိုသေး၊

လောကုတ္တရာအလှတွေ ရပါစေ။ တရားအလှတွေ ရပါရစေ။ စိတ်ပါ လှပါရစေ။ ပညာနဲ့ ဦးဆောင်ပေရမယ်။

- စားဖွယ်ပေးမှု၊ ချမ်းသာလှူ၊
  လှူသူမှာလည်း ချမ်းသာရ၏။

စားဖွယ်ကို လှူတာ ချမ်းသာကို လှူရာရောက်တော့ လှူတဲ့ ပုဂ္ဂိုလ်လည်း ဘဝသံသရာမှာ ချမ်းသာခြင်းအကျိုးရတယ်။

လောကီချမ်းသာကတော့ မတောင်းဘဲ ရပြီးသား။ မိမိက ပညာနဲ့ ဦးဆောင်။

- လောကီချမ်းသာ၊ မမြဲပါ၊
  ပွန်စွာ ပျက်စီးရ၏။

လောကီချမ်းသာ ဘယ်လောက်ချမ်းသာတယ် ပြောပြော အချိန်စေ့ ပျက်စီးမှာချည်းပဲ။ အဲဒါ ဝိပဿနာဉာဏ်နဲ့မြင်အောင် ကြည့်ထား။

- တရားချမ်းသာ၊ ခဉ်မကွာ၊
  ကောင်းစွာ အေးငြိမ့်လှ၏။

ဒါကြောင့် တရားချမ်းသာတွေ လိုချင်တယ်။ လောကုတ္တရာ ချမ်းသာတွေ လိုချင်တယ်။ လောကုတ္တရာချမ်းသာ မရခင်မှာလည်းပဲ တရားချမ်းသာနဲ့ တရားအသိလေးတွေနဲ့ ထိန်းပြီးတော့မှ ငြိမ်းအေးစွာ နေတတ်ချင်ပါတယ်လို့ ပညာနဲ့ ဦးဆောင်။

ပြီးတော့–

- စားဖွယ်ပေးမှု၊ ခွန်အားလှူ၊
  လှူသူမှာလည်း ခွန်အားရ၏။

စားဖွယ်ကို လှူတာ ခွန်အားကိုလှူရာရောက်တယ်။ ကျန်းမာရေး ကို လှူရာရောက်တယ်။ အဲဒီလိုဆိုရင် လှူဒါန်းတဲ့ ပုဂ္ဂိုလ်မှာလည်းပဲ ခွန်အားကောင်းခြင်း၊ ကျန်းမာခြင်း အကျိုးရတယ်။ မိမိက ပညာနဲ့ ဦးဆောင်။

- အားကောင်းသော်လည်း၊ မနိုင်ပြ၊
  မလွဲ ပျက်စီးရ။

ဘယ်လောက်ပဲ အားကောင်းတယ် ပြောပြော၊ ရုပ်ပဲကောင်းမှာပေါ့ အားက။ သူကလည်း ခိုင်မြဲတာမှ မဟုတ်တော့ ဇရာဗျာဓိစတဲ့ တရားတွေ ဖြိုဖျက်လိုက်တဲ့အခါ အကုန်လုံးပျက်လို့ ကုန်သွားကြမှာတွေ။ ဒါကို ဝိပဿနာဉာဏ်နဲ့ မြင်အောင်ကြည့်။

- တရားခွန်အား၊ ပြည့်လိုကြား၊
  စွမ်းအား လွှန်တက်ကြွ။

ဒါကြောင့် တရားခွန်အားတွေ ရလိုတယ်။ ကိလေသာအပူတွေ အကုန်လုံးကို ဖျက်ဆီး တွန်းလှန်နိုင်တဲ့ လောကုတ္တရာ ခွန်အားတွေ ရပါရစေ။ တရားခွန်အားတွေ ရပါရစေ။ လောကဓံတွေ တွေ့တဲ့အခါ အပြုံးမပျက် တည်တည်ငြိမ်ငြိမ် ခံနိုင်စွမ်းရှိတဲ့ တရားခွန်အားတွေ ရပါရစေလို့ ပညာနဲ့ဦးဆောင်။

ပြီးတော့မှ–

- စားဖွယ်ပေးမှု၊ ဉာဏ်ကိုလှူ
  လှူသူမှာလည်း ဉာဏ်ကြီးရ။

ပရိယတ္တိစာသင်တိုက်တွေ လှူဒါန်းတာဆို တကယ့် ဉာဏ်အလှူ အစစ်ပဲ။ ဉာဏ်ကို လှူရာရောက်တယ်ဆိုတာ

လှူတဲ့ ပုဂ္ဂိုလ်မှာလည်း ဉာဏ်ကြီးခြင်း အကျိုးရတယ်။ မိမိက ဉာဏ်နဲ့ ဦးဆောင်။ ကံထိန်းခလုတ် တပ်။

ဉာဏ်ကြီးသော်လည်း၊ မနိုင်မြဲ၊
မလွှဲ မျက်စီးရ။

ဘယ်လောက် ဉာဏ်ကောင်းတဲ့ ပုဂ္ဂိုလ်ဖြစ်ဖြစ်လေ၊ ခန္ဓာနဲ့ ဆက်စပ်တဲ့ ဉာဏ်ကတော့ မြဲတာမှ မဟုတ်ဘဲ။

- တရားအမှန်၊ သိတဲ့ဉာဏ်၊
ကောန် ရလို့လှ။

မိမိတို့က သစ္စာအရှိ ခန္ဓာအရှိ ရုပ်နာမ်အရှိ သံသရာအရှိ ရှိတာတွေကို တကယ်နိုင်တဲ့ နှစ်ဘက်မြင်ပညာအထိ ရပါရစေလို့ အဲဒီလို ပညာနဲ့ ဦးဆောင်။

အခု ဆွမ်းအလှူခံနေတဲ့ ဆရာတော်ဦးတိဿဟာ ကိုလုံးတို့၊ မပြုံးတို့ကို ဆွမ်းအနုမောဒနာတရား အဲလိုပဲ မကြာမကြာ ဟောပြီးတော့ နေတတ်တော့ ကိုလုံးတို့ မပြုံးတို့လည်း ဝမ်းသာအားရဆွမ်းအလှူလှူလို့ နေကြပါတယ်။

ဒါလေးတစ်ခေါက် လိုက်ဆိုကြ။

- စားဖွယ်ပေးမှု၊ အသက်လှူ၊
လှူသူမှာလည်း သက်ရှည်ရ။
အသက်ရှည်ကြာ၊ နေရပါလည်း၊
မနိုင်မြဲ မလွှဲပျက်စီးရ။
တရားအသက်၊ တွဲ၍ဖက်၊
ရင့်ကျက် ရှည်လို့လှ။

- ခါးမွှယ်ပေးမူ၊ အဆင်းလှျူ၊
လှျူသူမှာလည်း အဆင်းလှ။
ရုပ်လှသော်လည်း၊ မခိုင်မြဲ၊
မလွဲ ပျက်စီးရ။
တရားကျက်သရေ၊ ပြည့်နှံ့ပေ၊
မသွေ ရလို့လှ။
- ခါးမွှယ်ပေးမူ၊ ချမ်းသာလှျူ၊
လှျူသူမှာလည်း ချမ်းသာရ။
လောကီချမ်းသာ၊ ပမြဲပါ၊
မှန်စွာ ပျက်စီးရ။
တရားချမ်းသာ၊ ဆဉ်မကွာ၊
ကောင်းစွာ အေးလို့လှ။
- ခါးမွှယ်ပေးမူ၊ ခွန်အားလှျူ၊
လှျူသူမှာလည်း ခွန်အားရ။
အားကောင်းသော်လည်း၊ မခိုင်မြဲ၊
မလွဲ ပျက်စီးရ။
တရားခွန်အား၊ ပြည့်လိုကြား၊
စွမ်းအား လွန်တက်ကြွ။
- ခါးမွှယ်ပေးမူ၊ ဉာဏ်ကိုလှျူ၊
လှျူသူမှာလည်း ဉာဏ်ကြီးရ။
ဉာဏ်ကြီးသော်လည်း၊ မခိုင်မြဲ၊
မလွဲ ပျက်စီးရ။

တရားအမှန်၊ သိတဲ့ဉာဏ်၊
ကောန် ရလိုလှ။

ဒါကြောင့် ဆရာတော်ဦးတိဿဟာ အဲလိုလည်း တရားဟော ပြီးတော့ ပေးတယ်။ ကိုယ်တိုင်လည်း တရားအားထုတ်လိုက်တာ ကြိုးကြိုးစားစားအားထုတ်လိုက်တာ ရဟန္တာဖြစ်သွားတယ်ဗျ။ ဆွမ်းဒကာ ဆွမ်းအစ်မတွေ ဆွမ်းလှူရကျိုး နပ်သွားတာပဲ။

အာယသ္မာတိဿော- အရှင်တိဿမထေရ်မြတ်သည်။ အရဟာတံ-ကိလေသာကုန်ခန်းတဲ့ ရဟန္တာအရှင်မြတ်တို့တွင်။ အည တရော- တစ်ပါးအပါအဝင်သည်။ အဟောသိ-ကောင်းစွာမသွေ ဖြစ်ခဲ့ပါပေတော့သတည်း။

သာဓု . . . သာဓု . . . သာဓု . . .။

သူများကိုသာ ဟောတာမဟုတ်ဘူး။ သူကိုယ်တိုင်လည်း အားထုတ်လိုက်တာ ရဟန္တာဖြစ်သွားတယ်။ အဲဒါနဲ့ ကိုလုံးတို့ မပြုံးတို့ဟာ ဆရာတော်ဦးတိဿကို ကြာလေ ကြည်ညိုလေ၊ ကြာလေ လေးစားလေ၊ နောက်ပိုင်းမှာ ဖခင်အရင်းလိုကို သဘော ထားတော့တာ။

တပည့်တော် တပည့်တော်မတို့ကို သားသမီးလို သဘော ထားပါ ဘုရား။ မှားတာရှိရင် သွန်သင်ပါ ဘုရား။ ဆုံးမပါဘုရား။ လုပ်သင့်တာလည်း ညွှန်ပြပါဘုရားလို့ အဲလိုလျှောက်ပြီးတော့ နေလိုက်ကြတာ နေ့စဉ်နေ့စဉ် ဆွမ်းလောင်းလှူ လို့နေလိုက် ကြတာ ၁၂ နှစ်တောင်ကြာသွားတယ်။

၁၂ နှစ်ကြာလို့ တစ်နေ့သော နေ့အခါမှာ ကိုလုံး တစ်ယောက် အိမ်မှာ အလုပ်ရှုပ်နေလိုက်ပုံက အမဲသားတွေ စဥ်းခုတ်တယ်။ စဉ့်တီတုံးပေါ်မှာ အမဲသားတွေ စင်းခုတ်။

ဆွမ်းဘုန်းပေးမယ့်အချိန်ရောက်တော့ ဆရာတော်ဦးတိဿ လည်းပဲ ရောက်လာပါပြီ။ ခင်းထားတဲ့နေရာမှာ သီတင်းတော်သုံးနေပြီ။ ဆွမ်းတော့ မကပ်ရသေးဘူး။

ကိုလုံးတစ်ယောက် အမဲသားကို စင်းခုတ်နေချိန်မှာ ပဿေနဒီ ကောသလမင်းကြီးရဲ့ မင်းချင်းယောကျ်ားတစ်ယောက်က သုတ်သီးသုတ်ပျာ ပြေးလာခဲ့တယ်။ သူ့လက်ထဲမှာက ပတ္တမြားလုံး တစ်လုံးပါလာတယ်။

ပဿေ နဒီ ကောသလမင်းကြီးက ကိုလုံးတစ်ယောက် ပတ္တမြား သွေးတတ်ဖောက်တတ်တယ်ဆိုတာ သိထားလို့ ခိုင်းတာပါ။ အဲဒါနဲ့ မင်းချင်းယောကျ်ားဟာ ပတ္တမြားလုံးကိုင်ပြီးတော့ ကပျာကယာ အိမ်ကို သုတ်သီးသုတ်ပျာ ပြေးလာပြီးတော့–

"ရော့ဗျာ ကိုလုံး ခင်ဗျားကို ဘုရင်မင်းတရားက ဟောဒီ ပတ္တမြားလုံးကို ဟောဒီလိုသွေးပါတဲ့ ခင်ဗျာ။ ဟောဒီနားက ဟောဒီလို ဟောဒီလို ဖောက်ပါတဲ့ ဗျာ။ ၇–ရက်အတွင်းပြီးအောင် ဆောင်ရွက်ပေးပါတဲ့ ခင်ဗျာ။"

အဲလို ကပျာကယာမှာပြီးတော့ လက်ထဲပေးပြီးတော့ ပြန်ပြီး ပြေးသွားတယ်။ ပြန်သွားတော့ ကိုလုံးက လက်ခံလိုက်တာ လည်း အမဲသားစင်းနေတုံးဆိုတော့ သွေးပေကျံတဲ့ လက်နဲ့ လှမ်းယူထားလိုက်တယ်။ လှမ်းယူထားပြီးတဲ့နောက် အဲဒီယူထား လိုက်တဲ့ ပတ္တမြားလုံးလေးမှာလည်း သွေးတွေပေကျံကုန်ပြီပေါ့။

သွေးပေကျံနေတဲ့ ပတ္တမြားလုံးလေးကို ကြုတ်ကလေး တစ်ခုပေါ်မှာ တင်ပြီးတော့မှ လက်ကိုဆေးမယ်ဆိုပြီးတော့မှ ရေရှိတဲ့ နေရာကို ထသွားသတဲ့။

ဟောဒီနေရာမှာ ကြည့်ဗျား။ ဆေးရမှာက လက်သာဆေးရ မှာမှ မဟုတ်ဘဲ၊ ပတ္တမြားပါဆေးရမှာ။ ပတ္တမြားလည်း သွေးပေကျံ နေပြီ၊ ဟော သတိလွတ်သွားတယ်ဗျား။

– **ပညာပရို၊ သတိလွတ်က၊**
**ဘဝပင်လယ်၊ ခရီးသည်၊**
**တကယ် ကြောက်စရာ။**

ဝင်လာတော့မယ် အဲဒီနေရာမှာ။ အဲဒီတော့ ပတ္တမြားလုံးလေး ကို ထားခဲ့တယ်။ ပြီးတော့မှ လက်ဆေးဖို့ ရေရှိတဲ့နေရာ ထသွားရော့ဗျား။ ပြီးတော့ သူ့အိမ်မှာလည်း မွေးစားထားတာ သားအရင်းလို မွေးစားထားတဲ့ ကြိုးကြာငှက်တစ်ကောင်ရှိတယ်။

ကြိုးကြာငှက်က အဲဒီ ချထားခဲ့တဲ့ သွေးပေကျံနေတဲ့ ပတ္တမြားလုံး လေးကိုမြင်တော့ သူက တိရစ္ဆာန်၊ တိရစ္ဆာန်လိုပဲ သိမှာပေါ့၊ လူလိုတော့ ဘယ်သိမလဲ။ စားစရာ အသားတုံးလေး မှတ်ပြီးတော့ ကပျာကယာ ကောက်မျိုချလိုက်တယ်။

အဲလို မျိုချလိုက်တာကို ဆရာတော်ဦးတိဿက မြင်လိုက် တယ်။ ကပျာကယာကြီးမျိုချလိုက်တော့ ထားရမယ့်အချိန်ကလည်း မရတော့ဘူး၊ ဖြည်းဖြည်းမျိုနေရင်လည်း ထ,တားမှာပါ။ မျိုချ လိုက်ပြီဗျား။

မျိုချတာ ဆရာတော်ဦးတိဿသာ သိတယ်။ ကိုလုံးက လက်ဆေးပြီးတော့ ထလာတယ်။ သူထားတဲ့ ပတ္တမြားလုံး ကြည့်လိုက်တော့ မရှိတော့ဘူး။

"ဟော့ . . . မပြုး၊ ဒီနေရာမှာထားတဲ့ ပတ္တမြားလုံး မင်းယူသလားကွ"

"အာ ကိုလုံးကလည်း မတောက်တခေါက် ဘယ်လိုလုပ် ကျွန်မယူရမှာလည်း၊ ကိုလုံး အထားမှားတာရှိမှာပေါ့။"

"မဟုတ်ဘူး၊ ငါ ဒီနေရာမှာ ထားတာ။"

မပြုးကလည်း မယူဘူးတဲ့။ သည့်ပြင်လှျှောက်မေး တော့လည်း ဘယ်သူမှ မယူဘူး။ ရှာလို့ကလည်း မရတော့ဘူး။ အဲလိုနဲ့ ဘယ်လိုမှ ရှာလို့မရတော့ ကိုလုံးက မပြုးနားနားကို ကပ်ပြီးတော့ တိုးတိုးလေးပြောတယ်။

"မပြုးရယ် မဟုတ်ခါမှ နေရာကွယ်–တို့ဘုန်းကြီးဦးတိသ များ ယူသလားမသိပါဘူး"

"အာ ကိုလုံးကလည်း မဟုတ်တရုတ် ဘာလို့ ဘုန်း ကြီးက ယူမှာလည်း၊ သွားများမမေးပါနဲ့ ကိုလုံးရယ်၊ ငရဲ ကြီးနေပါအုံးမယ်၊ အားနာစရာကြီး။"

"အာ ဘုန်းကြီးလည်း ယုံရတာမဟုတ်ဘူးကွ။"

သူက လုပ်လာပြီ။ အဲတာနဲ့မို့လို့ "ငါတော့ကွာ မေးမှ ဖြစ်မယ်ထင်တယ်" ဆိုတော့ "သွားမမေးနဲ့ ကိုလုံး၊ မမေးကောင်းဘူး၊ ၁၂–နှစ်တောင်ရှိပါပြီကော၊ ဖခင်အရင်းလို ကိုးကွယ်လာခဲ့တာ၊ ဘယ်တုန်းကများ မသမာမှုတွေ တွေ့ဖူးလို့လည်း၊ မမေးပါနဲ့ ကိုလုံးရယ် ကိုလုံးအထားမှားတာ ရှိမှာပါ။"

"မမှားဘူးကွ ငါ ဒီနေရာမှာ ထားတာ၊"

အဲဒါနဲ့ မပြုံးဘယ်လိုမှ တားလို့မရဘူး။ ကိုလုံးကတော့ သွားပြီ။

"အရှင်ဘုရား အရှင်ဘုရား၊ အားတော့နာပါရဲ့ ဘုရား။ တပည့်တော် ဟောဟိုနားမှာ တင်ထားတဲ့ ပတ္တမြားလုံး အရှင်ဘုရား ယူသလား။"

"မောင်လုံးရယ် ဘုန်းကြီးက ပတ္တမြား ဘာလုပ်မှာမို့လို့တုန်း၊ မယူပါဘူးကွ" "ဒီနားမှာ အရှင်ဘုရားပဲရှိတာနော်၊ အရှင်ဘုရားယူရင် ပေးပါ။"

"ဟ မောင်လုံး၊ ငါ ယူမှမယူဘဲ ဘယ်လိုလုပ်ပေးမလဲ"

အဲဒါနဲ့ ကိုလုံးက အတင်းစွပ်စွဲတော့တာ။

"ကိုယ်တော်ပဲယူမယ်"

"အရှင်ဘုရား"ကနေ "ကိုယ်တော်" ဖြစ်လာပြီ။

"ကိုယ်တော် ပေးပါ၊ ယူရင်ပေးပါ။"

"ဟ မောင်လုံး၊ ငါမယူဘူး။"

"အာ မဟုတ်ဘူး၊ ကိုယ်တော်ပဲ ယူတာဖြစ်ရမယ်၊ ပေး ကိုယ်တော်။ ပေးမလား မပေးဘူးလား ဒါပဲပြော။"

ဆိုတော့-

"ဟ မောင်လုံး၊ မယူဘူးကွ"ဆိုတော့

"ကဲ ကိုယ်တော် သိရမယ်ပေါ့" ဆိုပြီးတော့ တစ်ခါတည်း ကပျာကယာထပြီးတော့ ကျွဲချည်တဲ့ကြိုးကြီး ကပျာကယာယူ၊ ဆရာတော် ဦးတိဿခေါင်းချည်။ လက်တွေ ခြေတွေ တုပ်ပြီးတော့ တိုင်မှာ ချည်ပြီးတော့ ကျွဲရိုက်တုတ်သွားယူပြီးတော့ တစ်ခါတည်း ရိုက်တော့တာဗျား။

နုရာက ကြမ်းလာတာ။ ကြမ်းလာတော့ ကြောက်စရာကြီး။ ဗျ တစ်ခါတည်း။

ကြိုးနဲ့ တုတ်ချည်းထားတဲ့ ရဟန္တာဖြစ်တဲ့ ဆရာတော်ဦးတိဿကို တစ်ခါတည်း ခေါင်းတွေကို ကွဲရိုက် နွားရိုက်ရိုက်တယ်။ ခေါင်းတွေ ပေါက်ပြဲသွေးတွေထွက်။ နားရွက်တွေကိုရိုက်တယ်၊ သွေးတွေထွက်။ မျက်လုံးတွေကိုများ ရိုက်လိုက်တာ မျက်လုံးတွေ ပေါက်ထွက်မတတ်ဘဲတဲ့။ သွေးတွေထွက်။ နှာခေါင်းတွေကိုလည်း ရိုက်လိုက်တာ သွေးတွေထွက်လို့။ ပါးစပ်ကို ရိုက်လိုက်တာ သွားတွေကြွေထွက်မတတ်။

တယ်ပြီးတော့ ကြည့်မကောင်း ရှုမကောင်းဖြစ်နေတယ်။ ရိုက်လိုက်တာ တစ်ခါတည်း ရိုက်ပါများတော့ လဲသွားတယ်။ လဲသွားတဲ့အခါကျတော့ သွေးတွေက တစ်ကိုယ်လုံးယိုစီးနေတော့ ဟောဟိုက ကြိုးကြာငှက်ကလေးက တိရစ္ဆာန်လိုပဲ သိတာပေါ့။ သွေးသောက်ချင်လို့ အနားလာတယ်။ အနားလာတော့ ကိုလုံးက ဦးတိဿကို စိတ်ဆိုး နေတုန်းမှာ ကိုလုံးက စိတ်ဆိုးပြီးတော့

"မင်းက ဘာလာလုပ်တာလဲကွ" ဆိုပြီးတော့ တအားဆောင့်ကန် ရိုက်ချလိုက်တာ ကြိုးကြာငှက် ပွဲချင်းပြီးသေသွားတယ်ဗျား။

ပွဲချင်းပြီးသေသွားတော့ ကြိုးကြာငှက်က ဘယ်ရောက်သွားသလဲဆိုတော့ စိတ်ဓာတ်နူးညံ့မှုကြောင့် ရိုက်ပေမယ့် သူက ကိုလုံးကို မပြစ်မှားပါဘူး။ စိတ်မဆိုးပါဘူး။ အိမ်မှာ နေ့စဉ်နေ့စဉ် သံဃာတော်ကို မြင်ရတာလည်းတစ်ကြောင်း၊ ကောင်းတဲ့

အမှုအရာတွေ မြင်ရတာလည်းတစ်ကြောင်း သေသွားတော့ မပြုးရဲ့ဗိုက်ထဲမှာ လူကလေး ပြန်ဖြစ်တယ်တဲ့။

ကိုလုံးကတော့ မပြုး အတန်တန် တငိုငို တယိုယို တောင်းပန်တာတွေကို ဘယ်လိုမှမရဘူး။ ဆရာတော်ဦးတိဿကို ကျွဲရိုက် နွားရိုက် ရိုက်တာ။ အဲလိုဆိုတော့ မူးလဲသွားတော့ ကြိုးကြာကိုလည်း ကိုလုံးက ရိုက်ပြီး သေသွားတော့–

"မောင်လုံး မောင်လုံး၊ ငါ့ကို ကြိုးလေး နည်းနည်းလျှော့ပေးစမ်းပါအုံး၊ ဟိုက ကြိုးကြာငှက် သေလား၊ မသေလား မင်း ကြည့်လိုက်စမ်း။"

"ကြိုးကြာငှက် သေပြီ ကိုယ်တော်၊ ကိုယ်တော်လည်း ကြိုးကြာငှက်သေသလိုပဲ သေရမှာ။ ကိုယ်တော်ကို အခု အသေရိုက်နေတာ မဟုတ်လား။"

စောစောတုန်းက ပြောခဲ့တဲ့ ပါးစပ်က သားလိုသမီးလို သဘောထားပါဘုရား။ မသင့်တာ၊ မကောင်းတာတွေကို တားမြစ်ပါ၊ ကောင်းရာကို ညွှန်ပြလို့ ဆုံးမတော်မူပါ ဘုရားလို့ ပြောခဲ့တဲ့ပါးစပ်။ အခုကြည့်စမ်း။ နရာက ကြမ်းလိုက်ပုံ ကြောက်စရာကြီး။ သြဃတွေ လွှမ်းလာတာ။

"ကြိုးကြာငှက်သေပြီ ကိုယ်တော်။ ကိုယ်တော်လည်း ကြိုးကြာငှက် သေသလိုပဲ သေရမှာ။ အခု ကိုယ်တော်ကို အသေရိုက် နေတာပဲ"

လုပ်တယ်။

"အေးပါကွာ မောင်လုံး၊ ကြိုးကြာငှက်သေရင်လည်း ငါပြောပါမယ်။ ယခု ဒေါင်းတောက်အောင်ရှာနေတဲ့ ပတ္တမြားလုံး

ဆိုတာဟာ အဲဒီသေသွားတဲ့ ကြိုးကြာငှက် မျိုသွားပြီ၊ မင်းမယုံရင် ခွဲကြည့်။”

အဲဒါနဲ့ ကိုလုံး ကပျာကယာ သေသွားတဲ့ကြိုးကြာငှက် ခွဲကြည့်တော့ ပတ္တမြားလုံးက တွေ့ပါရောဗျား။ ဘာပြောကောင်းမလဲ။ ခြေမကိုင်မိ လက်မကိုင်မိ ကပျာကယာ အငိုငိုအယိုယိုနဲ့ ဆရာတော် ဦးတိဿအနားလာပြီး ခြေကို ဖက်ပြီးတော့ တောင်းပန်တယ်။

“ဘုရားတပည့်တော် အမိုက်ကောင်ကြီး မှားပါပြီ ဘုရား။ ဆရာတော်ဘုရားကို မဆင်မခြင် မစဉ်းမစား ကျွဲရိုက်နွားရိုက် ပေါက်ပြဲကွဲနေအောင် တပည့်တော်ရိုက်တာ မှားပါပြီ ဘုရား။ သည်းခံတော်မူပါ ဘုရား” တဲ့။ ဟိုကလည်း ရဟန္တာဆိုတော့ အော်လည်း မအော်ပါဘူး။

“ကဲပါ မောင်လုံး၊ ဒါဟာ သံသရာဝဋ်ရဲ့ အပြစ်ပါကွယ်။ မင်းရဲ့အပြစ်လည်း မဟုတ်ပါဘူး။ ငါ့ရဲ့အပြစ်လည်း မဟုတ်ပါဘူး။ သံသရာဝဋ်ဆင်းရဲရဲ့ အပြစ်ပါ။ သည်းခံပါတယ်”တဲ့။

သူက သည်းခံပေမယ့် ကံကတော့ ဘယ်သည်းခံလိမ့်မလဲ။

အဲဒါနဲ့ မောင်လုံးက–

“မနက်ဖန်ကစပြီး တပည့်တော်ရဲ့ အိမ်ကို ဆက်ပြီးတော့ ကြွပါ ဘုရား”လို့ ဆိုတော့–

“မောင်လုံး ငါမလာတော့ဘူးကွယ်။ ဆွမ်းခံရင်လည်း အိမ်ပေါက်ဝကပဲ ရပ်တော့မယ်။ လမ်းပေါ်မှာပဲ ဆွမ်းခံတော့မယ်။ အိမ်ထဲဝင်မိလို့ ဟောဒီလိုဖြစ်ရတာ။”

ပြောမလို့သာ ပြောရတာ။ ဆရာတော်ဦးတိဿဟာ အဲဒီ ဒဏ်ရာနဲ့ ပရိနိဗ္ဗာန်စံသွားရတယ်။ ပရိနိဗ္ဗာန်စံသွားပြီ။

အဲလိုဆိုတော့ ကြည့်လိုက်စမ်းပေါ့။ ပတ္တမြား ရတနာဝင်လာလို့ ရတာ . . နာတွေ ဖြစ်ကုန်ကြပြီ။ ပတ္တမြားရတနာဝင်မလာရင် ရှင်းသားပဲဗျ။ ရတနာလေးဝင်လာလို့ ရတာ . . နာတွေ ဖြစ်ကုန်ကြတယ်။ ပတ္တမြားရတနာကြောင့် ကြိုးကြာငှက် အသတ်ခံရတယ်။ ဆရာတော်ဦးတိဿ ကျဲရိုက် နှားရိုက် အရိုက်ခံရတယ်။

ကိုလုံးလည်း သဒ္ဒါတရားအလွန်ကောင်းတဲ့ ကိုလုံးလည်းပဲ ကံကြီးထိုက်သွားပြီ။ ကံကြီးထိုက်သွားပြီဆိုတော့ စုတိပျက်ကြွေသေလွန်တော့ ငရဲကို သွားရရှာတယ်။

ဆွမ်းဒကာက မိုက်သွားတော့လည်းပဲ ဆွမ်းအလှူက မကယ်တော့ဘူးလေ။ ငရဲသွားရပြီဗျ။ မပြုံးကတော့ ဘယ်သူတွေ ဘယ်လိုပဲ မှားမှား ငါတော့ဖြင့် အဲဒါတွေကို သင်ခန်းစာအဖြစ်ဖြင့် ယူပြီးတော့ ကုသိုလ်ကို အဆများစွာ တိုးပြီးတော့ ငါလုပ်မယ်။" ကံထိန်းခလုတ်ကို စနစ်တကျတပ်ဆင်ရင် အမှားအယွင်း မတွေ့ရဘူး။ မတွေ့စေရဘူး။" ဆိုပြီးတော့ စနစ်တကျလုပ်လိုက်တာ နိဗ္ဗာန်ကို ဦးတည်ပြီးတော့ ကုသိုလ်လုပ်လိုက်တာ စုတိပျက်ကြွေကွယ်လွန်သွားတော့ သူက နတ်ပြည်ကို ရောက်သွားတယ်တဲ့။ မပြုံးနတ်ပြည်ရောက်သွားတယ်။

တစ်လမ်းစီဖြစ်သွားတယ်။ ဆရာတော်ဦးတိဿက နိဗ္ဗာန်ကို ရောက်တယ်။ ကြိုးကြာငှက်က စိတ်နူးညံ့မှုကြောင့် လူကလေးပြန်ဖြစ်တယ်။ မောင်လုံးကတော့ စောစောက သဒ္ဒါတရား ကောင်းခဲ့ပေမယ့် နောက်ပိုင်းမှာ ကြမ်းလွန်းလို့ ရဟန္တာကိုတောင်မှ ကျဲရိုက် နှားရိုက် ရိုက်လိုက်တဲ့အတွက်ကြောင့်မို့ ငရဲကို သွားရရှာပြီ။

မပြုံးကတော့ဖြင့် ကုသိုလ်တရားတွေနဲ့ နူးနူးညံ့ညံ့ သိမ်သိမ်မွေ့မွေ့နဲ့ ပြုလုပ်အားထုတ်လိုက်တာ နတ်ပြည်ကို ရောက်သွားတယ်တဲ့ဗျား။

အဲ ဒါတွေကို မိမိတို့ကလည်း သင်ခန်းစာယူရမှာပေါ့။

အကြမ်းအနု စိတ်ကိုလှတဲ့နေရာမှာ တို့စိတ်ကို အကြမ်း တော့ အလှမခံနိုင်ဘူးပေါ့။ သာသနာနဲ့တွေ့တဲ့အခါက စပြီးတော့ တို့စိတ်ကို ကံထိန်းခလှတ်တပ်ဆင်ပြီးတော့ နတ်ဘက်ကိုသာ သွားတော့မယ်လို့ အဲလိုဦးတည်ကြရမှာပေါ့။

ဒါကြောင့် ယခုလုပ်တဲ့ကုသိုလ်ကောင်းမှုတွေဟာလည်း နတ်ဘက်ကို မဂ်ဉာဏ်ဖိုလ်ဉာဏ်တွေထိ နှသွားတော့မယ်လို့ ဦးဆောင်သွားနေကြတာပါ။

သဒ္ဓါယ–ရတနာသုံးတန် ကံကံ၏အကျိုးကို ယုံကြည်တဲ့ သဒ္ဓါတရားဖြင့်။ ဩဃံ–ဩဃလေးခန်း ရေပြင်ကြမ်းကြီးကို။ တရတိ–ကောင်းစွာမသွေ ကူးမြောက်နိုင်ပါပေတော့ သတည်း။

သာဓု . . . သာဓု . . . သာဓု . . .။

ကိုင်း တစ်နာရီပြည့်သွားပြီဗျား။ တစ်နာရီအတွင်း သုတ်သီး သုတ်ပျာပြောရတာပေါ့။

ဤသို့လျှင် အကြမ်းအနု စိတ်ကိုလှတယ်ဆိုတဲ့ တရားကို ကြားနာရခြင်းတည်းဟူသော ဓမ္မဿဝနမင်္ဂလာကောင်းမှု ကုသိုလ်ကံ စေတနာ၊ ကျင့်သုံးကြတဲ့ သရဏဂုံသီလကုသိုလ်ကံစေတနာ၊ နှလုံးသွင်း ပွားများကြတဲ့ ဘာဝနာကောင်းမှု ကုသိုလ်ကံစေတနာ၊

သာသနာတော် မြတ်ကြီးကို ပစ္စယ, ဓမ္မနုစ်ဌာနတို့ဖြင့် ချီးမြှောက်ပူဇော်ကြတဲ့ သာသနာနုဂ္ဂဟ သာသနာပူဇော်ကောင်းမှု စွမ်းအားမြတ်တရားတွေကြောင့် တရားနာပရိသတ်အပေါင်း သူတော်ကောင်းတွေနှင့်တကွ ချင်းဆိုင်ရွာအတွင်း၌ နေထိုင်ကြကုန်သော သူတော်စင် အားလုံးတို့သည် အတွင်းအပ ဘေးရန်အန္တရာယ် အနှောင့်အယှက် အတားအဆီး အချုပ်အချယ် အရှုပ်အထွေး အပူခပ်သိမ်း ထိတ်လန့်တုန်လှုပ်ဖွယ်ခပ်သိမ်းတို့မှ လွတ်ငြိမ်းကြပါစေကုန်သတည်း။ ကောင်းကျိုးချမ်းသာ ကျက်သရေမင်္ဂလာ အကြံအစည်ကောင်းမှန်သမျှတို့သည် ပြီးစီးထမြောက် အောင်မြင်ကြပါစေကုန်သတည်း။

ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ ပျော်ပျော်ရွှင်ရွှင်ဖြင့် အားကိုးစရာ သူတော်ကောင်းတရားတွေ တစ်နေ့တခြား တိုးပွားအောင် ကြိုးစားနိုင်ကြပါစေကုန်သတည်း။

ကြိုးစားနိုင်လွယ်ကြ၍ ဆင်းရဲခပ်သိမ်းလွတ်ငြိမ်းရာ အရှင်တိဿမထေရ်သူမြတ်တို့ဝင်စံရာ အသင်တခတ် နိဗ္ဗာန်မြတ်ကို လွယ်ကူသောအကျင့် လျင်မြန်သောအသိဉာဏ်ဖြင့် အရဟတ္တဖိုလ်ပေါက်မျက်မှောက် ပြုလွယ် ရလွယ်နိုင်ကြပါစေကုန်သတည်း။

သာဓု . . . သာဓု . . . သာဓု . . .။

– အောက်ကျနောက်ကျ၊ မဖြစ်ရအောင်၊
ဆွဲဆောင်ချီမ၊ သားနိုင်ကြ၊
ထူးလှမြတ်တရား။
– အလိုရှိရာ၊ မြတ်ချမ်းသာကို၊
ကောင်းစွာရောက်အောင်၊ ရရှိအောင်၊
မှီဆောင်ပေးတဲ့ မြတ်တရား။

- ဆင်းရဲပလို၊ ချမ်းသာလိုလျှင်၊ စိတ်အစဉ်ထဲ၊ အမြဲပကွာ၊
ဆောင်ထိုက်ပါ၊ ထူးတာမြတ်တရား။
- သိက္ခာသုံးပါး၊ မြတ်တရား၊
ယောကျ်ားမိန်းမ၊ မခွဲပါ။
- စိတ်ဓာတ်ကိုမြင့်၊ ကြိုးစားခွင့်၊
လမ်းဖွင့်ထားတဲ့ သာသနာ။
- ကြိုးစားလိုက်လျှင်၊ ခွမ်းအားထင်၊
မျက်မြင် ကိုယ်တွေ့ပါ။
- ယောကျ်ားဖြစ်ရုံ၊ အားမစုံခြား၊
မကြိုးစားက၊ ခွမ်းအားကျ၊ ဘာမှ မရပါ။
- မိန်းမသော်လည်း၊ အားကုန်ခံ၍၊ စိတ်ခွဲထက်သန်၊
ကြိုးစားပြန်၊ ကေန် ထူးခြားလာ။
- လူ၏ ခွမ်းအား၊ မြတ်တရား၊ စိတ်ထား ကောင်းဖို့၊
လိုရင်းပါ။

အကြမ်းအနု စိတ်ကိုလှတရားတော် ပြီးပါပြီ။

✳ ✳ ✳

# သုံးပါးမြတ်စွာ မင်္ဂလာတရားတော်

သာသနာတော်နှစ် ၂၅၃၉–ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၅၇–ခုနှစ်၊ နတ္တော်လဆန်း(၆)ရက် (၁၉၉၅–ခုနှစ်၊ နိုဝင်ဘာလ(၂၇)ရက်) တနင်္လာနေ့ညအချိန်၊ ရန်ကုန်တိုင်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၁၆) ရပ်ကွက်၊ အပိုင်း(၂)၊ ဇောတိကာရာမဝိဟာရ ပရိယတ္တိစာသင်တိုက်



ကြီးအတွင်း၌ ဆရာ ဒကာညီညာ ပေါင်းစု၍ (၁၄)ကြိမ်မြောက် ကျင်းပပြုလုပ်အပ်သော ရတနတ္တယပူဇာ မင်္ဂလာကောင်းမှုပွဲကြီး ပြုလုပ်အားထုတ်ကြရာအခါ၌ အမှတ်ရဖွယ်အဖြစ်ဖြင့် ဓမ္မဒါန ဓမ္မလက်ဆောင်အဖြစ်ဖြင့် ဟောကြားအပ်သော–



## "သုံးပါးမြတ်စွာ မင်္ဂလာတရားတော်"

မင်္ဂလာကောင်းမှုကြီး ပြုလုပ်အားထုတ်နေကြတဲ့အခါမှာ မင်္ဂလာ အရှိဆုံးဖြစ်တဲ့ ရတနာမြတ်သုံးပါးကို ဦးထိပ်ထားပြီးတော့ ကုသိုလ်တရား ကြိုးစားပြုလုပ်အားထုတ်နေကြတဲ့အခါမှာ သုံးပါး မြတ်စွာ မင်္ဂလာ–

> ဗုဒ္ဓေါ စ မင်္ဂလော ဟောတု၊
> ဓမ္မော သံဃော စ မင်္ဂလော။
> မင်္ဂလံ သရဏာဂမ္မ၊
> မင်္ဂလာနိ ပဝတ္တ ရေ။

ဗုဒ္ဓေါ၊ တရားလုံးစုံ အကုန်သိမြင် ဘုရားရှင်ကိုယ်တော်မြတ် ကြီးသည်သာလျှင်၊ မင်္ဂလော၊ ဆင်းရဲကင်းကွာချမ်းသာစေကြောင်း မင်္ဂလာကောင်း အစစ်အမှန်သည်။ ဟောတု၊ ကောင်းစွာမသွေ၊ ဖြစ်ရပါစေ၏။ ဓမ္မော စ၊ မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မက္ခန်ဟု ဆယ်တန် ပိုင်းခြား မြတ်တရားသည်လည်းကောင်း၊ သံဃော စ၊ မဂ္ဂဋ္ဌာန် ဖလဋ္ဌာန် ရှစ်တန်ထင်ပေါ် အရိယာသံဃာတော်သည်လည်းကောင်း၊ မင်္ဂလော၊ ဆင်းရဲကင်းကွာ ချမ်းသာစေကြောင်း မင်္ဂလာကောင်းသည်၊ ဟောတု၊ ကောင်းစွာမသွေ ဖြစ်ရပါစေ၏။ မင်္ဂလံ၊ သုံးပါးမြတ်စွာ၊ မင်္ဂလာကို၊ သရဏာဂမ္မ၊ ကိုးကွယ်သမှု အကြောင်းပြု၍၊ မင်္ဂလာနိ၊ ဆင်းရဲကင်းကွာ ချမ်းသာစေကြောင်း မင်္ဂလာကောင်းတို့ သည်၊ ပဝတ္တ ရေ၊ ပဝတ္တန္တု၊ မဂ်ပေါက်ဖိုလ်ပေါက် နိဗ္ဗာန်ရောက်အောင် ကောင်းစွာမသွေ တိုးပွားလေကြကုန်သတည်း။

သာဓု . . . သာဓု . . . သာဓု . . .။

မင်္ဂလာဆိုတဲ့ စကားလုံးလေးဟာ လူတွေက အလွန်မြတ်နိုးတဲ့ စကားလုံးလေးတစ်ခွန်းပေါ့။ တစ်ယောက်နဲ့တစ်ယောက် တွေ့ကြတော့ "မင်္ဂလာပါခင်ဗျား" နဲ့ မြတ်နိုးစွာ ပြောတတ်ကြပါတယ်။ မင်္ဂလာဆိုတဲ့ စကားဟာ အင်မတန် မြတ်နိုးအပ်တဲ့ စကား၊ မြန်မာစကားစစ်စစ်တော့ မဟုတ်ပါဘူး။ "မင်္ဂလ"ဆိုတဲ့ ပါဠိစကားကလာတဲ့ စကားကို မြန်မာလို တွင်ကျယ်အောင် သုံးပြီးတော့ နေကြတယ်။ "မင်္ဂလာ"လို့ပြောကြရင်တော့ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးဟာ မင်္ဂလာအရှိဆုံးပါ။ (၃၈)ဖြာ မင်္ဂလာ ဆိုတာဟာလည်း ရတနာသုံးပါးက မြစ်ဖျားခံလာခဲ့တာပါ။

## မင်္ဂလာဆိုတာ ဘာလဲ

ဒါဖြင့်ရင် မင်္ဂလာဆိုတာ ဘယ်လိုသဘာဝ ပြသလဲဆိုတော့

"မင်္ဂပါပံ လုနာတိ ဆိန္ဒတီတိ မင်္ဂလာ"

"မကောင်းမှုတွေကို ဖြတ်တောက်ဖယ်ရှား သုတ်သင်ရှင်းလင်းတဲ့ အလုပ်၊ အဲတာကို မင်္ဂလာလို့ခေါ်တယ်။ အမင်္ဂလာများ- မကောင်းမှုဆိုတာ အမင်္ဂလာ။ အဲဒီ မကောင်းမှုကြောင့် ရောက်လာသော မကောင်းကျိုးမှန်သမျှဟာလည်း အမင်္ဂလာ၊ အဲဒီမင်္ဂလာနှင့် ဆန့်ကျင်ဖက်ဖြစ်တဲ့ မကောင်းမှုတရားကို ဖြတ်တောက်ဖယ်ရှားပစ်တာကို "မင်္ဂလာ"လို့ခေါ်တယ်။ ယခု ရတနာသုံးပါး ဦးထိပ်ထား ပြီးတော့ ကုသိုလ်တွေ လုပ်နေကြတာ။ ကုသိုလ်လုပ်တယ်ဆိုကတည်းက မကောင်းမှု အကုသိုလ်ကို ဖယ်ရှားနိုင်လို့ လုပ်နိုင်ကြတာပေါ့။ ဒါကြောင့် -

မကောင်းတာပြတ်၊ ကောင်းရာညွှတ်၊ သင်း ပြတ်မင်္ဂလာ။

မကောင်းတာကို ဖြတ်ပြီးတော့ ကောင်းတာကို ညှတ်ပြီးတော့မှ ကောင်းရာကို ဦးတည်ပြီးတော့မှ ကောင်းတဲ့အလုပ်တွေ ပြုလုပ်အားထုတ်တာ။ အဲဒါ မင်္ဂလာလို့ခေါ်တယ်။ တစ်နည်းအားဖြင့် "မင်္ဂန္တိ ဝုမ္ဗိ ပါပုဏန္တိ ဧတေနာတိ မင်္ဂလာ" ကြီးပွားတိုးတက်ချမ်းသာခြင်းသို့ ရောက်ကြောင်းဖြစ်သော ကောင်းမှုကုသိုလ်တရားအကုန်လုံးကို မင်္ဂလာလို့ခေါ်တယ်။ ကြီးပွားကြောင်း၊ ချမ်းသာကြောင်း၊ တိုးတက်ကြောင်းသို့ ရောက်ကြောင်းဖြစ်တဲ့ ကောင်းတဲ့အလုပ်မှန်သမျှကို မင်္ဂလာခေါ်လိုက်တော့ အဲဒီ ကောင်းတဲ့အလုပ်ကြောင့် ရလာ ရောက်လာတဲ့ ကောင်းသော အကျိုးတရားတွေဟာလည်း မင်္ဂလာဆိုတဲ့ နာမည်ရသွားတာပါ။

## (၃၈) ဖြာမင်္ဂလာဆိုတာ

(၃၈)ဖြာ မင်္ဂလာဆိုတာ အမှန်တော့ ကောင်းတဲ့ အလုပ်ရယ်၊ ကောင်းတဲ့ အလုပ်ဖြစ်ဖို့ အကြောင်း အခြေခံရယ်၊ ကောင်းတဲ့ အလုပ်ကြောင့်ရလာတဲ့ ကောင်းကျိုးရယ်၊ အဲဒီသုံးခုပါပဲ။ အားလုံးချုံကြည့်ရင် (၃၈)ဖြာမင်္ဂလာဟာ ဒီသုံးခုပဲ၊ ကောင်းတဲ့ အလုပ်ရယ်၊ ကောင်းတဲ့ အလုပ်ဖြစ်ဖို့ အကြောင်း အခြေခံရယ်၊ ကောင်းတဲ့ အလုပ်ကြောင့် ရလာတဲ့ ကောင်းကျိုးရယ်၊ အားလုံးချုံကြည့်ရင် (၃၈)ဖြာမင်္ဂလာဟာ ဒီသုံးခုပါပဲ။ ဒီတော့ အဲဒီမှာလည်းပဲ ပဓါနအားဖြင့် ကောင်းတဲ့ အလုပ်ပေါ့။ မကောင်းတဲ့ အလုပ်ကို ဖယ်ရှားနိုင်မှ ကောင်းတဲ့ အလုပ်ဖြစ်ပေါ်နိုင်တယ်။ ကောင်းတဲ့ အလုပ်ကို လုပ်ပြီဆိုရင်လည်း မကောင်းတဲ့ အလုပ်ဟာ ဖယ်ရှားပြီးသားဖြစ်သွားတာပါပဲ။ ဒါကြောင့်-

"ချမ်းသာသုံးတွေ ရောက်ကြောင်းပေး မှတ်လေမင်္ဂလာ"

လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာသို့ ရောက်ကြောင်း ဖြစ်တဲ့ ဒါန၊ သီလ၊ ဘာဝနာ ကောင်းမှုမှန်သမျှအားလုံးကို "မင်္ဂလာ" လို့ခေါ်တယ်။ "ချမ်းသာသုံးတွေ ရောက်ကြောင်းပေး မှတ်လေမင်္ဂလာ" ကြီးပွားဖို့ရန် အကြောင်းမှန် ဧကန်မင်္ဂလာ" ကြီးပွားဖို့၊ တိုးတက်ဖို့၊ မြင့်မားဖို့ အကြောင်းတရား ကောင်းတဲ့ ကုသိုလ်အလုပ်၊ အဲဒါ မင်္ဂလာခေါ်တာ။

ဒါကြောင့် အခု ရတနတ္တယပူဇာမင်္ဂလာပွဲကြီး လုပ်ကြတဲ့အခါ ရလိုက်တဲ့ ကုသိုလ်တွေ၊ ဒီကုသိုလ်တွေ အကုန်လုံးဟာ မင်္ဂလာချည်းပဲ။ "ကြီးပွားဖို့ရန်၊ အကြောင်းမှန်၊ ဧကန် မင်္ဂလာ။ မကောင်းမှုကင်း၊ ကောင်းမသွင်း၊ လိုရင်းမင်္ဂလာ။"

## မင်္ဂလာအားလုံးကို ချုံးကြည့်လျှင်

မင်္ဂလာကို အားလုံးချုံးပြစမ်းပါဆိုရင်–

(၁) မကောင်းမှုကင်းအောင် လုပ်တာရယ်။

(၂) ကောင်းမှုတွေ ဖြည့်သွင်းပေးတာရယ်။

ဒီနှစ်ခုပါပဲ။ အားလုံးချုံးကြည့်ရင် မင်္ဂလာဟာ ဒီနှစ်ခုပဲ။ လိုရင်းအတိုချုပ် မင်္ဂလာဟာ ဒီကိစ္စ နှစ်ခုပဲ။

ဒါကြောင့် "မကောင်းမှုကင်း၊ ကောင်းမှုသွင်း၊ လိုရင်းမင်္ဂလာ။ လူ၏စွမ်းအား၊ မြတ်တရား၊ စိတ်ထားကောင်းဖို့ လိုရင်းပါ။" လူ့စွမ်းအားဟာ စိတ်ထားကောင်းဖို့ ပဓါန၊ ဘဝတစ်ခုနှင့် တစ်ခု ကူးတဲ့အခါမှာ မကြောက်ရဖို့၊ ဘဝကူးပြဿနာမတွေ့ရဖို့ဆိုတာ ဟာ အဲဒီ စိတ်ကောင်းထားမှ စိတ်အေးရမှာ၊ စိတ်ချရမှာ၊

အာမခံရမှာ၊ အာရုံတစ်ခုနှင့် တစ်ခု တွေ့တဲ့အခါမှာ အာရုံတစ်ခုနှင့် တစ်ခု ကူးတဲ့ပြောင်းတဲ့အခါမှာ အာရုံကူး ပြဿနာတွေ မတွေ့ရအောင် ဒီစိတ်ကောင်းလေးတွေ ဖော်ထုတ်ပေးနိုင်မှ စိတ်အေး ရမယ်တဲ့။ ဒါကြောင့် ကုသိုလ်ကောင်းမှုတွေ လုပ်နေကြတာဟာ မင်္ဂလာအစစ်တွေပဲ။ အဲဒါလေးလိုက်ဆိုကြပေါ့-

- မကောင်းတာဖြတ်၊ ကောင်းရာညွှတ်၊ ယင်းမြတ် မင်္ဂလာ။
- ချမ်းသာသုံးထွေ၊ ရောက်ကြောင်းပေ၊ မှတ်လေ မင်္ဂလာ။
- ကြီးပွားဖို့ရန်၊ အကြောင်းမှန်၊ ကောန် မင်္ဂလာ။
- မကောင်းမှုကင်း၊ ကောင်းမှုသွင်း၊ လိုရင်း မင်္ဂလာ။
- လူ၏ စွမ်းအား၊ ပြတ်တရား၊ စိတ်ထားကောင်းဖို့ လိုရင်းပါ။

အဲဒီတော့ ရတနာသုံးပါးဆိုတာ လူတွေ မင်္ဂလာရ ကြစေဖို့ တိုးပွားကြစေဖို့ အားအင်တွေရကြစေဖို့ ပေါ်ပေါက်လာတာ။ အဲဒီ ရတနာမြတ်သုံးပါး ကျေးဇူးကို သိပြီးတော့ ယခုလို ဝမ်းမြောက်ဝမ်းသာ ညီညီညာညာ ပေါင်းစုပြီးတော့ ပူဇော်ပြီးတော့ ကျေးဇူးဆပ်ကြတာ၊ ကောင်းမှုတရားတွေ ရပြီးနေကြတာ၊ မကောင်းမှု ကင်းအောင် လုပ်တာနဲ့ ကောင်းမှုတွေ ရအောင် တိုးအောင် ပွားအောင် ကြိုးစားတာ ဒါကိုပဲ မင်္ဂလာခေါ်ရတာပဲ။

## အကုသိုလ်မှာ ကိုယ်က, ကုသိုလ်မှာ သူက တာဝန်ယူ

အကုသိုလ်တရားဆိုတာက ဖြစ်ဖို့ မခက်ခဲပါဘူး။ စိတ်ကို လွှတ် ထားလိုက်ရင် အကုသိုလ်ဟာ သူ့ဟာသူ စိမ့်ဝင်လာတာပဲ။

အကုသိုလ်ဟာ ဖြစ်တာ လွယ်သလောက် အဖြစ်လွယ်သလောက်၊ အာမခံတာဝန်ယူရတဲ့အပိုင်းမှာ အလွန်ကြီးလေးပါတယ်။ အကုသိုလ်ရဲ့ တာဝန်ဟာ အင်မတန်မှကြီးလေးတယ်။ ကိုယ်က သူ့ကို အကုန် တာဝန်ယူရတယ်။

ကုသိုလ်ကျတော့ စိတ်လွှတ်ထားရုံနှင့် မရပါ။ အစီအစဉ်လေး ချပြီးတော့ လမ်းကြောင်းလေးဖော်ပြီးတော့ စည်းကမ်း၊ မူ၊ ဘောင် သပ်သပ်ရပ်ရပ် သတ်မှတ်ပြီးတော့မှ ဖော်ထုတ်ပေးနိုင်မှ၊ ကြိုးကြိုးစားစား ဖော်ထုတ်ပေးနိုင်မှ ကောင်းမှုကုသိုလ်ဆိုတာ ပေါ်ပေါက်လို့လာတယ်။ ကောင်းမှုကုသိုလ်ဟာ ဖြစ်အောင် ခက်ခက် ခဲခဲ ကြိုးစားရတာ မှန်ပေမယ့် ပေါ်လာတဲ့အခါမှာ တကယ့်ကို စိတ်အေးရပါတယ်။ သူ့ကကိုယ့်ကို အားလုံးတာဝန်ယူပါတယ်။ ကိုယ့်ကို အားလုံး တာဝန်ယူတာမှန်းသိလို့လည်း ကုသိုလ်လုပ်ရတာ ပျော်ကြတာပေါ့။ ဒါကြောင့် "အကုသိုလ်မှာ လိုတာမပေး၊ စိတ်မအေးရ၊ ကိုယ်ကတစ်ဖန်၊ သူ့ကိုပြန်၊ တာဝန်ယူရပါ။" အကုသိုလ်ဟာ လိုတာ ဘာတစ်ခုမှ မပြည့်၊ စိတ်အေးစရာမှန်သမျှ ဘာတစ်ခုမှ ဆောင်ရွက်လို့ မပေး၊ သူရှိသမျှ အကုန်လုံး စိတ်ပူနေရတယ်။

**ကိုယ်ကတစ်ဖန်၊ သူ့ကိုပြန်၊ တာဝန်ယူရပါ။**

အကုသိုလ်ကျတော့ ကိုယ်က ပြန်တာဝန်ယူရတယ်။ လောက ကြီးတစ်ခုလုံး ခြုံကြည့်ပေါ့။ အကုသိုလ်ရဲ့ တာဝန်ယူနေရတဲ့ ပုဂ္ဂိုလ်တွေ နည်းမှမနည်းဘဲ၊ အကုသိုလ်ရဲ့တာဝန်ကို ယူနေရတဲ့ အတွက်ကြောင့် ရှေ့ကို မသွားနိုင်လို့ ရပ်တန့်ပြီးတော့ နေရတဲ့ ပုဂ္ဂိုလ်တွေ၊ နောက်ကို ပြန်ဆုတ်နေရတဲ့ ပုဂ္ဂိုလ်တွေ၊ အောက်ကျ

နောက်ကျဖြစ်နေရတဲ့ ပုဂ္ဂိုလ်တွေ၊ တာဝန်ယူနေရလို့ အင်မတန် လေးလံပြီးတော့နေကြတဲ့ ပုဂ္ဂိုလ်တွေ လောကမှာ အများကြီး။ အကုသိုလ်မှာ လိုတာမပေး စိတ်မအေးရ၊ ကိုယ်ကတစ်ဖန် သူ့ကိုပြန် တာဝန်ယူရပါ။

**"ကုသိုလ်အစု၊ ကောင်းစွာပြုက၊ စိတ်အေးရ၊ သူကတစ်ဖန် ကိုယ့်ကိုပြန်၊ တာဝန်ယူသွားပါ။"**

ကုသိုလ်ကျတော့ စိတ်အေးရအောင် သူအကုန် ဆောင်ရွက် လို့ပေးပါတယ်။ လိုတာမှန်သမျှအကုန် တို့ရဲ့ အလွန့်အလွန်ချစ်တဲ့ မိဘကတောင်မှ ပေးလို့ မဖြစ်နိုင်တဲ့ဥစ္စာကို ပေးနိုင်တဲ့ စွမ်းရည် ရှိတယ်။ အလွန့်အလွန်ချစ်တဲ့ မိဘအရင်းက ဖြေရှင်းလို့ မပေးနိုင်တဲ့ အခက်အခဲ မျိုးစုံမှန်သမျှကို ကောင်းမှုကုသိုလ် မင်္ဂလာတရားက ဖြေရှင်းလို့ ပေးနိုင်တယ်။ အကုန်လုံး တာဝန်ယူတယ်။

ကုသိုလ်အစု ကောင်းစွာပြုက စိတ်အေးရအောင် သူက တစ်ဖန် ကိုယ့်ကိုပြန် တာဝန်ယူသွားပါ။ ကုသိုလ်ကျတော့ သူက တာဝန်ယူတာ၊ ကုသိုလ်ကို ကုသိုလ်နဲ့ တူအောင်သာ လုပ်ပါ။ ကုသိုလ်ရဲ့ တာဝန်ကို ထမ်းဆောင်ဖို့ သူ့တာဝန်ပါလို့ သူက အာမခံတာဝန်ယူထားတယ်။ အဲဒီလို ဉာဏ်နဲ့ ပြတ်ပြတ် သားသား မြင်တဲ့ပုဂ္ဂိုလ်များဟာ ကုသိုလ်ကို လုပ်ရတာ သိပ်ပြီးမှ ပျော်ကြတယ်။ ကုသိုလ်အစု ကောင်းစွာပြုက စိတ်အေးရအောင် သူကတစ်ဖန် ကိုယ့်ကိုပြန် တာဝန်ယူသွားပါ။

"အကုသိုလ်ကင်း၊ ကုသိုလ်သွင်း၊ လိုရင်းမင်္ဂလာ" မကောင်းမှု ကင်းတာနဲ့ အကုသိုလ်ကင်းတာ အတူတူပဲ။ ကောင်းမှုသွင်းတာနဲ့ ကုသိုလ်သွင်းတာ အတူတူပဲ။ ဒါလေးကိုလည်း လိုက်ဆိုကြ–

- အကုသိုလ်မှာ၊ လိုတာပပေး၊ စိတ်ပအေးရ၊
  ကိုယ်ကတစ်ဖန်၊ သူ့ကိုပြန်၊ တာဝန်ယူရပါ။
  ကုသိုလ်အစ၊ ကောင်းစွာပြုက၊ စိတ်အေးရအောင်၊
  သူကတစ်ဖန်၊ ကိုယ့်ကိုပြန်၊ တာဝန်ယူသွားပါ။
- အကုသိုလ်ကင်း၊ ကုသိုလ်သွင်း၊ လိုရင်းမင်္ဂလာ။
- လူ၏စွမ်းအား၊ ပြတ်တရား၊ စိတ်ထားကောင်းဖို့ လိုရင်းပါ။

ဒါကြောင့် မင်္ဂလာဆိုတာ အကုသိုလ် အပူကင်းမယ်၊ အကုသိုလ် အပူကြောင့် ရောက်လာမယ့် မကောင်းကျိုးမှန်သမျှ ကင်းအောင် ဖယ်ရှားတယ်။ ကောင်းသော အလုပ်ကို လုပ်တယ်။ ကောင်းတဲ့ အလုပ်ကြောင့် ရလာမယ့် ကောင်းကျိုးမှန်သမျှကို ရအောင်ယူတယ်။ ဒါလည်း မင်္ဂလာခေါ်တာပဲ။ ဒါကြောင့် မင်္ဂလာကောင်းမှု ဝမ်းမြောက်ဝမ်းသာ ပြုလုပ်နေကြတော့ ရတနာသုံးပါး ဦးထိပ်ထားပြီးတော့ ပူဇော်ရင်းနဲ့ များပြားလှစွာသော ဒါန၊ သီလ၊ ဘာဝနာ စတဲ့ ကုသိုလ်တွေ အများကြီးရနေကြတယ်။

ခုနက ဆောက်တည်လိုက်တဲ့ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ" ဆိုရိုးဆိုစဉ်ဆိုတော့လည်း ဘာမှ မထူးဘူးလို့ ထင်ရတယ်။ ထက်သော ပညာနဲ့ လေးလေးနက်နက် ဆုံးဖြတ်တတ်တဲ့ ပုဂ္ဂိုလ်ကျတော့ တန်ဖိုးက အလွန်ကြီးတယ်။ လူကို မင်္ဂလာရှိအောင် လုပ်ပေးတဲ့ မင်္ဂလာသုံးလုံးပေါ့။ (၃၈)ဖြာမင်္ဂလာရဲ့ မြစ်ဖျားခံရာ မင်္ဂလာသုံးလုံးပေါ့။

## တန်ဖိုးအကြီးဆုံး မင်္ဂလာသုံးလုံး

အဲဒီ သရဏဂုံသုံးပါးဆိုတာ ဆိုရိုးဆိုစဉ် အနေနဲ့ ဆိုနေကြတော့လည်း ဘာမှ ထူးတယ်လို့ မထင်ဘူး။ သေသေချာချာ ဉာဏ်နဲ့ စူးစမ်းတတ်တဲ့ ပုဂ္ဂိုလ်ကျတော့ သိပ်တန်ဖိုးကြီးတဲ့ မင်္ဂလာသုံးလုံး၊ အခုလို ကုသိုလ်လုပ်နိုင်ကြတာဟာ အမှန်တော့ ဒီမင်္ဂလာသုံးလုံးကြောင့် လုပ်နိုင်ကြတာ။ ဒီ မင်္ဂလာသုံးလုံး ကျေးဇူးပြုခဲ့ရတဲ့အတွက်ကြောင့်မို့လို့ ကုသိုလ်ကို ကုသိုလ်မှန်းသိလို့၊ ရတနာကို ရတနာမှန်းသိလို့၊ ကိုယ်ပိုင်ကို ကိုယ်ပိုင်ပဲလို့ နားလည်ပြီးတော့ ဝမ်းမြောက်ဝမ်းသာ ကောင်းမှုတရားတွေ ပြုလုပ်အားထုတ်လို့နေကြတာ။

## ဓမ္မံ သရဏံ ဂစ္ဆာမိက သာသနာကိုပြ

အဲဒီ သရဏဂုံသုံးပါး၊ ရတနာသုံးပါးတို့အလယ်က "ဓမ္မံ သရဏံ ဂစ္ဆာမိ" ဆိုတာ သာသနာတော်ကို ဖော်ပြတယ်။ သာသနာဆိုတာ လူတွေထားရမည့် ရည်ရွယ်ချက်ကိုလည်း ပြတယ်။ လူတွေသွားရမယ့် စည်းကမ်းကို ဘောင်ကိုလည်း သပ်သပ်ရပ်ရပ် သတ်မှတ်ပြတယ်။ အဲဒါ သာသနာလို့ ခေါ်တယ်။ သာသနာဟာ မြန်မာလို အဆုံးအမ။ အဆုံးအမ သာသနာဆိုတာ လူတွေထားရမယ့် ရည်ရွယ်ချက်ကို ပြတယ်။ လူတွေသွားရမယ့် လမ်းကြောင်းကို ပြတယ်။ လူတွေလုပ်ရမယ့် စည်းကမ်းတို့ ဘောင်တို့ကို သပ်သပ် ရပ်ရပ်ကလေး သတ်မှတ်ပြတယ်။ အဲဒါ သာသနာပဲ။ "မဂ်, ဖိုလ်, နိဗ္ဗာန်၊ ဓမ္မက္ခန်ဟု၊ ဆယ်တန်ပိုင်းခြား၊ မြတ်တရား"တဲ့။ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ဆိုတာ ထားရမယ့် ရည်ရွယ်ချက်၊ ဓမ္မက္ခန္ဓာဆိုတဲ့

ပိဋကတ်သုံးပုံ နိကာယ်ငါးရပ်၊ ဓမ္မက္ခန္ဓာ ပေါင်း ရှစ်သောင်းလေးထောင်၊ ပိဋကတ်သုံးပုံ ဆိုတဲ့ တရားတွေက လူတွေသွားရမယ့် လမ်းကြောင်းနှင့် လူတွေ လုပ်ရမယ့် စည်းကမ်းတို့ ဘောင်တို့ကို ညွှန်ပြထားတဲ့ လမ်းညွှန်ချက်ပါ။ လမ်းကြောင်းဆိုတာ ကုသိုလ်ကို ပြောတာ။ စည်းကမ်း၊ မူ၊ ဘောင်ဆိုတာ ဒါန၊ သီလ၊ သမာဓိ၊ ပညာ၊ ဒါ ကုသိုလ် လမ်းစဉ်ကို ပြောတာ။

လူရယ် လို့ ဖြစ်လာလို့ရှိရင် ကိုယ့်လမ်းကို ကိုယ်သွားတတ်ကြပါစေ။ အချိန်ကို မဖြုန်းဘဲနဲ့ အချိန်တိုင်း အချိန်တိုင်း ကိုယ်ပိုင်တရားတွေ ရအောင် ယူတတ်ကြပါစေ။ ရည်ရွယ်ချက်လမ်းကြောင်းလည်း ရှင်းရှင်းလေးထားတတ်ကြပါစေ။ စား၊ ဝတ်၊ နေရေးအလုပ်နဲ့ တရားအလုပ် တစ်သားတည်းပေါင်းပြီးတော့ လမ်းကြောင်းတစ်ကြောင်းတည်း သွားတတ်ကြပါစေလို့ လူဖြစ်ရကျိုးနပ်အောင်လို့ သာသနာပေါ်ပေါက် လို့လာတာ၊ လူဖြစ်ရကျိုးနပ်ဖို့လိုတယ်ပေါ့။

နေ့စဉ် နေ့စဉ် ခန္ဓာဝန်ထမ်းတဲ့ အလုပ်နှင့် တရားအလုပ် တစ်သားတည်း ပေါင်းမိသွားဖို့ဆိုရင် ဟောဒီ "ဓမ္မ သရဏံ ဂစ္ဆာမိ" လမ်းကြောင်းပေါ် တိုးတက်ခဲ့ပါလို့ သာသနာက ဖိတ်ခေါ်တာပါ။ တို့များ စား၊ဝတ်၊နေရေးအလုပ်တွေ လုံးလည်ချာလည်နေကြလို့ ကုသိုလ်ကို မလုပ်အားဘူး။ စီးပွားရေးအလုပ်တွေ၊ လူမှုရေးအလုပ်တွေ လုံးလည်ချာလည်နဲ့ ရှုပ်ထွေးပြီးတော့ နေတော့ ကုသိုလ်ကို မလုပ်အားဘူးလို့ အားငယ်နေတတ်တဲ့ ပုဂ္ဂိုလ်တွေ ဟောဒီ "ဓမ္မံ သရဏံ ဂစ္ဆာမိ" လမ်းကြောင်းပေါ်ကို တက်ခဲ့ပါတဲ့။

ဒီ စား၊ ဝတ်၊ နေရေးအလုပ်ဟာ ခမ္မ သရဏံ ဂစ္ဆာမိ ပြတ်သားတဲ့ ပုဂ္ဂိုလ်တွေအတွက် နိဗ္ဗာန်ရောက်ကြောင်း အဲ့ဩစရာဖြစ်သွားမယ်။ နေ့တိုင်းလုပ်နေတဲ့ စား၊ ဝတ်၊ နေရေးအလုပ်တွေက နိဗ္ဗာန်ရောက်ကြောင်း တစ်ခါတည်းဖြစ်သွားမယ်။ စီးပွားရေးအလုပ်တွေ နိဗ္ဗာန်ရောက်ကြောင်းဖြစ်သွားမယ်။ လူမှုရေးအလုပ်တွေ နိဗ္ဗာန်ရောက်ကြောင်းဖြစ်သွားမယ်။ ဒီလောက် အားရှိစရာကောင်းတဲ့ သာသနာ။ ဒါကြောင့် အဲဒီလို ပြတ်ပြတ်သားသား ရည်ရွယ်ချက် ထားပြီးတော့မှ လမ်းကြောင်းကောင်းကောင်းနဲ့ သွားနိုင်မယ့် ပုဂ္ဂိုလ်တွေ၊ ရည်ရွယ်ချက်ရှင်းရှင်းထားနိုင်တဲ့ ပုဂ္ဂိုလ်တွေ၊ လုပ်ငန်း စည်းကမ်း၊ မူ၊ ဘောင် သပ်သပ်ရပ်ရပ်နှင့် သွားနိုင်တဲ့ ပုဂ္ဂိုလ်တွေ၊ နေ့တိုင်းလုပ်တဲ့ အလုပ်တွေဟာ အကုန်လုံး နိဗ္ဗာန်ရောက်ကြောင်းတရားကောင်းလို့သာ မှတ်လိုက်တော့တဲ့။

ခမ္မ သရဏံ ဂစ္ဆာမိက ပါးစပ်တင်ဆိုပြီး ထွက်သွားရမယ့် စကားမဟုတ်ဘူး။ နှုတ်က ဆိုလို့ နှလုံးသားထဲရောက်၊ နှလုံးသားမှာ အသိဉာဏ်တွေကူးပြီးတော့မှ လက်တွေ့ဆောင်ရွက်အားထုတ်နေတဲ့ လက်တွေ့ကျင့်ကြံကြိုးကုတ် အားထုတ်နေတဲ့ လမ်းကြောင်းပေါ်သို့ တစ်ခါတည်း ရောက်သွားအောင် မြှင့်တင်ပေးရမှာ၊ ခမ္မ သရဏံ ဂစ္ဆာမိ ပြတ်သားမှ ဒီပုဂ္ဂိုလ် ဒါနပြတ်သားမယ်။ ဝိပဿနာပြတ်သားမယ်။ ကုသိုလ်ကောင်းမှုမှာ ပြတ်သားမယ်၊ အကုန် ရှင်းရှင်းလေးလုပ်တတ်လာတယ်။

## စိတ်ကောင်းကိုသာတောင်းတာပါ

ခမ္မ သရဏံ ဂစ္ဆာမိ မပြတ်သားလို့ရှိရင်တော့ စား၊ဝတ်၊ နေရေးအလုပ်နဲ့ ကုသိုလ်ရေးအလုပ်တွေ တခြားစီလို့ ထင်နေတတ်

တယ်။ စီးပွားရေး၊ လူမှုရေးတွေနဲ့ တရားအလုပ်တွေ တခြားစီလို့ ထင်နေတတ်တယ်။ တရားက မဟုတ်ပါဘူးတဲ့။ စိတ်ကောင်း တောင်းတာပါ။ တရားအလုပ် ကုသိုလ်အလုပ်ဟာ ပိုက်ဆံတောင်း တာလည်း မဟုတ်၊ ပိုက်ဆံပေါတိုင်းလည်း ရတာ မဟုတ်ဘူး၊ စိတ်ကောင်းရှိမှ ရတာ၊ တရားအလုပ်က အားတိုင်းရတာလည်း မဟုတ်။ အားချိန်ကိုတောင်းတာလည်း မဟုတ်၊ စိတ်ကောင်းကိုသာ တောင်းတာပါ။ စိတ်ကောင်းလေး ထားတတ်ဖို့ လိုတယ်။ ဒါကြောင့် ဓမ္မ သရဏံ ဂစ္ဆာမိထဲမှာပါတဲ့ ပရိယတ္တိဆိုတဲ့ ဓမ္မဆိုတာ သွားရမယ့်လမ်းကြောင်းရယ်၊ လုပ်ရမယ့် စည်းကမ်း၊ မှု၊ ဘောင်ရယ်၊ အဲဒါကို ညွှန်ပြတယ်။

## ပရိယတ္တိဆိုတာ မြေပုံကားချပ်ကြီး

ပြီးတော့ ဘာလဲ။ ပရိယတ္တိဆိုတာ မြေပုံကားချပ်နှင့်လည်း တူတယ်။ လောက စာသင်ကျောင်းတွေမှာ ကျောင်းဆရာ၊ ကျောင်းဆရာမတွေက ကျောင်းသူကျောင်းသားတွေကို ကမ္ဘာ့ပထဝီ အကြောင်း သင်ပြကြတဲ့အခါမှာ ကမ္ဘာ့ပထဝီမြေပုံကားချပ်ကြီး ရှေ့ကချ ဆွဲပြီးတော့မှ သင်ကြားပေးကြတယ်။ ဟော ဂျပန်ပြည်က ဟောဒီနားမှာဗျ၊ ပထဝီမြေအနေအထားက ဘယ်လိုရှိတယ်။ ဘယ်လမ်းကသွားရင် ရောက်တယ်။ အမေရိကန် ပြည်ထောင်စုက ဒီနားမှာ ရှိတယ်။ ပထဝီမြေအနေအထား ဘယ်လိုရှိတယ်။ ဘယ်လမ်းကသွားရင် ရောက်တယ်။ ဘယ်လောက်ဝေးတယ် အစရှိသည်ဖြင့်ပေါ့။ ကျောင်းဆရာ၊ ကျောင်းဆရာမတွေက သင်ပြ ပေးတယ်။

ဒါဖြင့် အဲဒီတိုင်းပြည်တွေ ရောက်ဖူးလို့လားလို့ သူ့ကို မေးစမ်းကြည့်တော့ မရောက်ဖူးပါဘူးတဲ့။ မရောက်ဖူးဘဲနဲ့

ဘယ်နှယ့်လုပ်ပြီးတော့ အတိအကျ ပြောနေရတာတုန်းဆိုတော့ ဒေသကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်တွေက အတိအကျရေးဆွဲပြီးတော့ ထားတဲ့ ကမ္ဘာပထဝီ မြေပုံကားချပ်ကြီးရှိနေတဲ့အတွက် အဲဒီ မြေပုံကားချပ်ကြီးထဲမှာ အတိအကျဆွဲထားတာတွေက ရှိနေတော့ အဲဒါတွေ ကြည့်ပြီးတော့ အတိအကျပြောပြတက်တာပေါ့။ တိတိ ကျကျ ပြောပြတတ်တယ်၊ သင်ယူတဲ့ ကျောင်းသူ ကျောင်းသားတွေ ကလည်း အတိအကျ မှတ်ပြီးတော့ သင်ယူတတ်ကြတယ်။ မြေပုံကားချပ်ကြီးကြည့်ပြီးတော့မှ ကိုယ့်ဟာကို အလွတ်ဆွဲတတ်တယ်။ ဘယ်တိုင်းပြည် ဘယ်နားမှာ မြေပုံကားချပ်ထဲ ထည့်ပြတတ်တယ်။ ကမ္ဘာ့နိုင်ငံတွေရဲ့ မြို့တော်တွေကို တိတိကျကျ ထည့်ပြတတ်တယ်။

ဒါဖြင့် သူတို့ရောက်ဘူးလို့လား။ မရောက်ဖူးပါဘူး။ မရောက် ဖူးပေမယ့် ထည့်တတ်တယ်။ အဲ ရောက်ဖူးတဲ့ပုဂ္ဂိုလ်တွေ၊ ကျွမ်းကျင်တဲ့ပုဂ္ဂိုလ်တွေက ဆွဲထားတဲ့ မြေပုံကားချပ်တွေက ရှိနေတဲ့ အတွက် တိတိကျကျ ဆွဲတတ်တယ်။ တကယ် အဲဒီလမ်းအတိုင်း သွားရင်လည်း အဲဒီတိုင်းပြည် တကယ်ရောက်တာဗျ။ အဲဒါမျိုးလို့ပေါ့။ ပရိယတ္တိသာသနာဆိုတာ ကမ္ဘာ့ပထဝီ မြေပုံကားချပ်ကြီးနဲ့တူတယ်။

ဟော နိဗ္ဗာန်ရောက်ကြောင်းတရားကောင်း ဟောမှာပါဆိုတဲ့ ဓမ္မ ယောသက ပုဂ္ဂိုလ်များက နိဗ္ဗာန် ရောက်ကော ရောက်ဖူး လို့လားဆိုတော့ ပုထုဇဉ်တရားဟော ပုဂ္ဂိုလ်က ဟောမယ်ဆိုတော့ ပုထုဇဉ်ဓမ္မကထိကက နိဗ္ဗာန်ရောက်ဖူးလို့လား၊ ဘယ်ရောက်ဖူးမှာတုန်း၊ မရောက်ဖူးရင် ဘာဖြစ်လို့ နိဗ္ဗာန်ရောက်ကြောင်းတရားကောင်းတွေ ကို ဟောမှာတုန်း၊ ဟောနိုင်ရတာတုန်း။

မြတ်စွာဘုရားတည်းဟူသော ဒေသကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီးက တရားလုံးစုံ အကုန်သိတော်မူတဲ့ သဗ္ဗညုတ

ဉာဏ်ရှင် မြတ်စွာဘုရားက ရေးဆွဲပြီးတော့ထားတဲ့ ပရိယတ္တိသာသနာ မြေပုံကားချပ်ကြီးရှိတယ်။ ပရိယတ္တိသာသနာ မြေပုံကားချပ်ကြီး ရှိတော့ ဟောတဲ့ ပုဂ္ဂိုလ်ကလည်း တိတိကျကျ ဟောတတ်တာပေါ့။ ပြောတတ်တာပေါ့၊ နာယူမှတ်သားတဲ့ ပုဂ္ဂိုလ်တွေကလည်း ပရိယတ္တိသာသနာ မြေပုံကားချပ်ကြီးကို ကြည့်ပြီးတော့မှ မှတ်သား တတ်တယ်၊ နာယူတတ်တယ် တိတိကျကျမှတ်သားတတ်တယ်ပေါ့။

ပရိယတ္တိသာသနာမြေပုံကားချပ် ကြီးကရှိနေတော့ လူ့ဘုံကို ရောက်ဖို့ ဟောဒီလမ်းက သွားရတယ်ဗျ။ ဒီနားမှာက နတ်ပြည် ရှိတယ်။ အဲဒီနတ်ပြည်ရောက်ဖို့ ဒီကုသိုလ်၊ ဒီကုသိုလ်တွေ လုပ်ရတယ်ဗျ။ ဟောဒီနားမှာက ဗြဟ္မာ့ပြည်၊ အဲဒီဗြဟ္မာ့ပြည်ကို ရောက်ဖို့ ဒီကုသိုလ်ကို အားထုတ်ရတယ်။ ဈာန်သမာဓိအထိရအောင် ကြိုးစားရတယ်။ ဒီလမ်းကြောင်းအတိုင်း သွားလို့ရှိရင် ဘဝခန္ဓာ လောင်စာခပ်သိမ်း ကင်းငြိမ်းတဲ့အသင်္ခတ ဓါတ်နိဗ္ဗာန်မြတ်ကို ရောက်တယ်၊ တကယ်လို့ ဟောဒီလမ်းကြောင်းတွေ မသွားဘဲ လမ်းမှားသွားရင် ဟောဒီနားမှာ ငရဲရှိတယ်၊ ဟောဒီနားမှာ တိရစ္ဆာန်ရှိတယ်၊ ဟောဒီနားမှာ ပြိတ္တာရှိတယ်။ အဲဒီကို လိမ့်ကျသွားမယ် အစရှိသည်ဖြင့် တိတိကျကျ ပြောတတ်တယ်။

ပရိယတ္တိသာသနာ မြေပုံကားချပ်ကြီးရှိတော့ မြေပုံ ကားချပ် ကြီးကို ဉာဏ်နဲ့ချပြီးတော့မှ ဟောပြောတဲ့ ပုဂ္ဂိုလ်ကလည်း အတိအကျဟောပြောတတ်တယ်။ ပို့ချတဲ့ ပုဂ္ဂိုလ်ကလည်း အတိအကျ ပို့ချတတ်တယ်၊ နာယူတဲ့ ပုဂ္ဂိုလ်တွေ၊ သင်ယူတဲ့ ပုဂ္ဂိုလ်တွေကလည်း အတိအကျ သင်ယူတတ်၊ နာယူတတ်တယ်။ အဲဒါ ပရိယတ္တိ သာသနာ မြေပုံကားချပ်ကြီးရဲ့ ကျေးဇူး။

ဒါကြောင့် ဒီ ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက်ကြီးဆိုတာ ပရိယတ္တိသာသနာ မြေပုံကားချပ်ကြီး မပျောက်အောင် ပို့ချယောပြော လမ်းညွှန် သင်ယူ ကြိုးစားနေတဲ့ နေရာ တစ်ကမ္ဘာလုံးမှာ သာသနာနဲ့ ပတ်သက်လို့ ဂုဏ်ယူစရာအကောင်းဆုံးက မြန်မာပြည်ပဲ၊ ဘာပြုလို့ မြန်မာပြည်မှာ သာသနာနဲ့ပတ်သက်လို့ ဂုဏ်ယူနေရတာတုန်း။ ဒီ ပရိယတ္တိသာသနာ အမာခံ သိပ်ကောင်းလွန်းလို့ပါ။ အဓိကတော့ ဒါပဲ။

ပရိယတ္တိသာသနာ အမာခံကောင်းလွန်းလို့ တစ်ကမ္ဘာလုံးမှာ သာသနာနှင့် ပတ်သက်လို့ ဂုဏ်ယူစရာအကောင်း ဆုံးဖြစ်နေတာ။ စာချတဲ့ ပုဂ္ဂိုလ်တွေ၊ စာသင်တဲ့ ပုဂ္ဂိုလ်တွေကလည်း မောတယ် ပင်ပန်းတယ် သဘောမထားဘဲ ကြိုးကြိုးစားစားနဲ့ သင်ယူပို့ချလို့ နေကြတယ်။ ဒကာ၊ ဒကာမအပေါင်း သူတော်ကောင်း တွေကလည်း ပိုရင်တော့ လှူမယ်လို့ ဆင်ခြေမပေးပါဘူး။ မိမိတို့ သုံးတဲ့အထဲက ခြိုးခြံပြီးတော့ သာသနာအတွက် ချီးမြှောက် ကြတယ်၊ အားပေး ကြတယ်။ လိုအပ်တဲ့အခါမှာ လိုအပ်တဲ့နေရာမှာ အကွက်စေ့အောင် သဒ္ဓါ၊ ပညာ၊ မေတ္တာတရားတွေနဲ့ တွဲပြီး အားပေးနေကြလို့ တစ်ကမ္ဘာလုံးက မော်ပြီးတော့ ကြည့်ရလောက်အောင် မြန်မာက ဂုဏ်ယူနေရတာ။

ဒါကြောင့် ပရိယတ္တိသာသနာ မြေပုံကားချပ်ကြီး မပျောက် ပျက်အောင် စောင့်ရှောက်နေကြရတာ။ မြေပုံပျောက်သွားရင်တော့ လမ်းပါအကုန်ပျောက်ကုန်တော့မှာ၊ လမ်းပျောက်သွားတော့မှာပေါ့၊ ဘဝမှာ ဘဝနေနည်း၊ ဒါမှမဟုတ် ဘဝ အသုံးချနည်း တိတိကျကျ နားလည်မှာလည်းမဟုတ်တော့ဘူး။ ရှေ့သွားရင် ဘယ်ရောက်မယ်၊

ဘယ်လို လုပ်ရမယ်၊ ဘယ်လို အကွက်ချထားရမယ် စသည်ဖြင့် ဘာမှလည်း နားလည်မှာမဟုတ်တော့ဘူးပေါ့။ ဒါကြောင့် သာသနာ ဟာ ကျေးဇူးကြီးတယ်လို့ နားလည်ပြီးတော့ ကျေးဇူးဆပ်တဲ့အနေနဲ့ အာမိသ ဓမ္မ နှစ်ဌာနတို့ဖြင့် ပူဇော်ပြီးတော့လည်း နေကြတယ်။ မိမိတို့အတွက်လည်းပဲ အားကိုး စရာ ကိုယ်ပိုင်ကောင်းမှုတွေရအောင် ကြိုးစားပြီးတော့ ရအောင်ယူနေကြတယ်။ ဒါကြောင့် ဓမ္မ သရဏံ ဂစ္ဆာမိဆိုတာ သာသနာကို ပြတယ်။

## ဗုဒ္ဓံ သရဏံ ဂစ္ဆာမိဆိုတာက

"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" ဆိုတာက သာသနာဖော်ထုတ်ပေးတဲ့ ပုဂ္ဂိုလ်ကို ပြတယ်။ သာသနာဟာ သူလို ကိုယ်လို ပုဂ္ဂိုလ်တွေ ဖော်ထုတ်လို့ ရနိုင်တာမှ မဟုတ်ဘဲ။ တရားအလုံးစုံကို သိမြင်တော်မူတဲ့ သဗ္ဗညုတဉာဏ်ရှင် မြတ်စွာဘုရားက ဖော်ထုတ်မှသာ ပေါ်လာနိုင်တာမျိုးပါ။ ဘုရားကလည်း ဘွားခနဲပေါ်လာတာမဟုတ်ဘူး၊ ပုထုဇဉ်ဘဝက တက်သွားရတာပါ၊ ပုထုဇဉ်ရဲ့ သဘာဝဆိုတာ ကောင်းတာလေးတွေ လက်ထဲရောက်လာတော့ မလွှတ်နိုင်တော့ဘူး။ ဒါ ပုထုဇဉ်အများစုရဲ့ သဘာဝ၊ ပုထုဇဉ်အများစုတွေဟာ ကောင်းတာမှန်သမျှ အကုန်လုံးကို လိုချင်တယ်။ လက်ထဲကို ကောင်းတာရောက်လာတော့ မလွှတ်နိုင်တော့ဘူးတဲ့။ ဒါ ပုထုဇဉ် အများစုရဲ့ ဖြစ်တတ်တဲ့ သဘာဝ။

ဘုရားဖြစ်အောင် ကျင့်ကြံကြိုးကုတ် အားထုတ်တဲ့ ဘုရား အလောင်း သူတော်ကောင်းဆိုတာက ကောင်းတာအကုန်လုံး စွန့်လွှတ်ရတာ၊ ကောင်းတာအကုန် လုံး စွန့်လွှတ်ရတာ၊ ဗဟိဒ္ဓ

ပစ္စည်းမပြောနဲ့ဦး၊ အသက်ခန္ဓာကိုတောင်မှ စွန့်လွှတ်အနစ်နာခံခဲ့ရတာ။ ပြီးတော့လည်း ပုထုဇဉ်ရဲ့ စိတ်ဆိုတာ တကယ်တော့ အများစုရဲ့ စိတ်ဟာ မရေရာပါဘူး။ အခု ကောင်းတာလုပ်မလို့ ဆုံးဖြတ်တယ်။ အခုပဲ မလုပ်တော့ ဘူးလို့ လုပ်ပြန်တယ်။ အခုပဲ ပေးမယ်လို့ လုပ်တယ်။ အခုပဲ မပေးဘူးလို့ လုပ်ပြန်တယ်။ အခုပဲ ကြိုးစားတော့မယ်လို့ ဆုံးဖြတ်တယ်။ အခုပဲ မကြိုးစားတော့ပြန်ဘူး။ နောက်မှပဲ လုပ်ပါတော့ မယ်လို့ ရွှေ့လိုက်ပြန်တယ်။ ပုထုဇဉ်ရဲ့ မရေရာတဲ့စိတ်။

ဘုရားအလောင်း သူတော်ကောင်းဆိုတာ ရေရာတဲ့စိတ်၊ တိကျပြတ်သားတဲ့စိတ်ကို ထားရတာ၊ ဒီအလုပ်ကို ငါပြီးအောင် လုပ်မယ်လို့ ကိုယ့်ဟာကို ပြတ်ပြတ်သားသား ဆုံးဖြတ်ပြီး လုပ်ရတာ။ အဲ . . သာသနာဖော်ထုတ်ပေးတဲ့ ပုဂ္ဂိုလ်ကို အာရုံ ပြုပြီးတော့ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" ဒီလို အံ့ဩစရာ သာသနာ၊ အဲဒါကို ဖော်ထုတ်ပေးတဲ့ ပုဂ္ဂိုလ်ကြီးပဲဆိုပြီးတော့ ပူဇော်ကြတယ်။ ကျေးဇူးဆပ် ကြတယ်။ ဘုရားကို အကြောင်း ပြုပြီးတော့ ကောင်းမှုကုသိုလ်တွေ ရအောင်ယူနေကြတယ်။

## သံဃံ သရဏံ ဂစ္ဆာမိဆိုတာက

"သံဃံ သရဏံ ဂစ္ဆာမိ"ဆိုတာက သာသနာ စောင့်ရှောက် နေတဲ့ ပုဂ္ဂိုလ်ကို ပြတယ်။ သာသနာစောင့်ရှောက်တဲ့ပုဂ္ဂိုလ်ဟာ ပဓာနအားဖြင့်တော့ မုချအားဖြင့်တော့ မဂ္ဂဋ္ဌာန်၊ ဖလဋ္ဌာန် ရှစ်တန်ထင်ပေါ်၊ အရိယာသံဃာတော်၊ ဥပစာအားဖြင့် ကလျာဏ ပုထုဇဉ် သံဃာတွေပါတာပဲ။

ဘယ်လိုလဲဆိုတော့ အရိယာ သံဃာဟာ သူ့ဟာသူ မိုးပေါ်က ကျလာတာမှ မဟုတ်ဘဲ။ ခုနက ပရိယတ္တိလမ်းစဉ်နဲ့ ကျင့်ကြံကြိုးကုတ်အားထုတ်ပြီးတော့မှ ပဋိဝေဓကို မျက်မှောက်ပြုပြီးတော့မှ ပုထုဇဉ်ဘဝက တက်သွားရတာတွေပါ။ ပုထုဇဉ်ဘဝက တက်သွား ဟာဖြစ်သောကြောင့်မို့လို့ ကလျာဏပုထုဇဉ်လည်းပဲ ဥပစာအားဖြင့် ထည့်သွင်းလို့ရတယ်။ သာသနာဆောင့်ရှောက်တဲ့အခါမှာ မပျောက်ရုံလေး ထိုင်စောင့်နေတာ မဟုတ်ဘူး။ မိမိကိုယ်တိုင်လည်းပဲ ကျင့်ကြံကြိုးကုတ် အားထုတ်တယ်။ ဒီလောက်ကောင်းတဲ့တရား၊ တရားနဲ့ထိုက်တန်တဲ့ ပုဂ္ဂိုလ်တွေအားလုံး တွေ့ကြပါစေလို့ မေတ္တာ၊ ကရုဏာ၊ သဒ္ဓါ၊ ပညာ၊ လုံ့လ အားကောင်းကောင်းနဲ့ ဖြန့်ဝေပေးတယ်၊ ပို့ချပေးတယ်၊ ဟောပြောပေးတယ်၊ ရေးသားပေးတယ်၊ ကြာကြာတည်အောင်လည်းပဲ ကြိုးစားပြီးတော့ အားထုတ်ပေးတယ်။

အဲဒါတွေ အာရုံပြုလို့ရှိရင် သရဏဂုံသုံးပါးရဲ့ တန်ဖိုးသိပ်ကြီးသွားတယ်။ နှလုံးသားထဲအထိ သဒ္ဓါ၊ ပညာအထိ လေးလေးနက်နက် စူးစိုက်ပြီး အာရုံယူပြီးတော့မှ အာရုံပြုလိုက်တဲ့အခါမှာ ရတနာသုံးပါး၊ သရဏဂုံသုံးပါး၊ သိပ်ပြီးတော့ တန်ဖိုးကြီးသွားသလို လူလည်း ထည်ဝါသွားစေတယ်။ ကျက်သရေရှိစေတယ်။ ခန့်ညားသွားစေတယ်။

တစ်ခါ "ဓမ္မ သရဏံ ဂစ္ဆာမိ"က ဗုဒ္ဓနှင့် သံဃကို အလယ်ကနေပြီးတော့ အလင်းရောင်ညှိထွန်းပေးတယ်။ ဘုရားမှ မရှိတော့ဘဲ။ ဘုရားမရှိတာကို မြင်အောင်ကြည့်ဖို့ ပြသတာက ဟောဒီ ဓမ္မ သရဏံ ဂစ္ဆာမိ၊ ပုထုဇဉ်သံဃာတွေ၊ အရိယာသံဃာတွေကို ဆည်းကပ်မြတ်နိုး ကိုးကွယ်တတ်ဖို့ အလင်းရောင်ညှိထွန်းပေး

တာလည်း ဓမ္မံ သရဏံ ဂစ္ဆာမိ၊ ဟောဒီ ဓမ္မ မပြတ်သားရင် "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" ပျောက်သွားတော့မှာ၊ "ဓမ္မံ သရဏံ ဂစ္ဆာမိ"လည်း ပျောက်သွားတော့မှာ။ သက်ဆော်ထင်ရှား မရှိတော့တဲ့၊ ဘုရားကို မြင်အောင်ကြည့်တတ်ဖို့က ဒီ "သံဃံ သရဏံ ဂစ္ဆာမိ"ရှိမှ ကြည့်ဖြစ်တော့မှာပေါ့။ အရိယာသံဃာကို မဖူးတွေ့ရတဲ့အခါ ပုထုဇဉ်သံဃာကိုသာ ဖူးတွေ့ရတဲ့အခါ အရိယာသံဃာရဲ့ ဂုဏ်ကို အာရုံပြုပြီးတော့မှ ပူဇော်တတ်ဖို့ဆိုတာ ဟောဒီ ဓမ္မ ပြတ်သားမှဖြစ်မှာပေါ့။

## အုတ်ပုံတွေပဲ တိုးမှာပါ

"ဓမ္မံ သရဏံ ဂစ္ဆာမိ" အားနည်းသွားရင် မြေကြီးပေါ်မှာ စေတီတွေ ဘယ်နှစ်ဆူပဲ တည်တည်၊ အုတ်ပုံတွေပဲ တိုးမှာပါ။ စေတီတို့ ဘုရားတို့ တိုးမှာ မဟုတ်ပါဘူး၊ အုတ်ပုံတွေပဲ တိုးမယ်၊ ရှေးဟောင်းပစ္စည်း အလှကြည့်အနေနဲ့သာ ရှိတော့မှာပေါ့၊ ဘုရားအနေနဲ့တော့ ကိုးကွယ်ကြမှာ မဟုတ်ပါဘူး။ ဘာဖြစ်လို့လဲ၊ ဓမ္မအလင်းရောင်မရှိလို့၊ ဓမ္မအလင်းရောင်မရှိရင် မြေကြီးပေါ်မှာ တည်ထားတဲ့ ဘုရားတွေ စေတီတွေ ဘယ်နှစ်ဆူတည်တည်၊ စေတီကြီးတွေ မဟုတ်တော့ဘဲ အုတ်ပုံကြီးတွေသာ တိုးလာတော့မှာ၊

ရှေးဟောင်းပစ္စည်းအနေနဲ့ အလှကြည့်အနေနဲ့သာ ကြည့်နေကြတော့မှာ ဘုရားအနေနဲ့ ကိုးကွယ်စရာအနေနဲ့တော့ ကိုးကွယ်တတ်မှာ မဟုတ်ပါ၊ ရုပ်ပွားဆင်းတုတွေ ဘယ်နှစ်ဆူပဲထုထု၊ "ဓမ္မံ သရဏံ ဂစ္ဆာမိ" ပျောက်ရင် အရုပ်တွေပဲတိုးမှာ ဘုရားတိုးမှာ မဟုတ်ပါဘူး၊ ဘုရားမတိုးတော့ဘူး၊ အရုပ်တွေပဲ တိုးမယ်၊

ရှေးဟောင်းပစ္စည်းအနေနဲ့ အလှကြည့်အနေနဲ့တော့ မကိုးကွယ်တတ်ပါ။

## ဂုဏ်သွင်းပြီးတော့ ကိုးကွယ်တတ်တယ်

ဓမ္မရဲ့ စွမ်းအား သေသေချာချာကြည့်ပါ၊ သိပ်တန်ဖိုးကြီးတယ်၊ သူ့အလင်းရောင်ညှိထွန်းနေတာ ဓမ္မ သရဏံ ဂစ္ဆာမိရဲ့ ဓမ္မအလင်း ရောင်ကောင်းတော့ မြေကြီးပေါ်မှာတည်ထားတဲ့ အုတ်ပုံကြီးတွေကို အသက်သွင်းလို့ ကိုးကွယ်တတ်တယ်၊ ဂုဏ်သွင်းပြီးတော့ ကိုးကွယ်တတ်တယ်၊ ဓမ္မ သရဏံ ဂစ္ဆာမိပြတ်သားက လူတွေထုထားတဲ့ အရုပ်တွေ၊ ကြေးရုပ်တွေ၊ ကျောက်ရုပ်တွေ၊ သစ်သားရုပ်တွေစတဲ့ အရုပ်တွေကို အသက်သွင်းလို့၊ ဂုဏ်သွင်းလို့ ပူဇော်တတ်၊ ကြည်ညိုတတ်၊ ကိုးကွယ်တတ်တယ်၊ အဲ ဓမ္မရဲ့စွမ်းအား အင်မတန်ကြီးတယ်။

ထို့အတူပဲ "သံဃံ သရဏံ ဂစ္ဆာမိ"မှာလည်း ဓမ္မမပြတ်သားလို့ရှိရင် ဆွေဘုန်းကြီး၊ မျိုးဘုန်းကြီး ရင်းနှီးလို့ ဆက်ဆံတဲ့ ဘုန်းကြီးတွေလောက်နဲ့ပဲ ပြီးသွားမှာပေါ့၊ အဆင်မြင့် အရိယာသံဃာဂုဏ်ကို အာရုံပြုပြီးတော့ ဂုဏ်သွင်းပြီးတော့မှ လေးလေးနက်နက်မြင့်တင်လို့ ကိုးကွယ်တတ်မှာ မဟုတ်ပါ။

ဒါကြောင့် အလယ်က "ဓမ္မံ သရဏံ ဂစ္ဆာမိ"ဟာ အလယ်က နေပြီးတော့ ဗုဒ္ဓနှင့်သံဃကို အလင်းရောင်ညှိထွန်းပေးတယ်။။

ခုနကပြောတဲ့အတိုင်း လူတွေသွားရမယ့် လမ်းကြောင်း လူတွေ သွားရမယ့် ရည်ရွယ်ချက်၊ လူတွေလုပ်ရမယ့် စည်းကမ်း၊

မှူ၊ ဘောင်၊ နေ့စဉ် နေ့စဉ် ကိုယ်၊ နှုတ်၊ စိတ်တူအောင် ဆောင် ရွက်တတ်ကြတာက ပုံစံနဲ့ပေါ်အောင် လုပ်ပေးမှ သီလပုံစံနဲ့ ပေါ်အောင် လုပ်ပေးမှ သမာဓိပုံစံပေါ်လာအောင် ဖော်ထုတ်ပေးပါ။ နေ့စဉ် နေ့စဉ် စားဝတ်နေရေးဆောင်ရွက်နေတဲ့ လုပ်ငန်းကိစ္စ တွေထဲက ဝိပဿနာအထိမြှင့်ထင်လို့ ပေးပါ။

ခန္ဓာက မအားအောင် ခိုင်းထားတဲ့အထဲက ကိုယ်ပိုင်တရား တွေ ပေါ်လာအောင် ဖော်ထုတ်လမ်းညွှန်ပေးတာ ခမ္ဘံ သရဏံ ဂစ္ဆာမိ၊ အဲဒီမှာ ပဓါနက ပရိယတ်ပေါ့၊ ဒါကြောင့် ခမ္ဘဝိဟာရ ပရိယတ္တိ စာသင်တိုက်ကို ဆရာဒကာ ညီညာလက်တွဲပြီးတော့ ချီးမြှောက်နေကြ၊ စောင့်ရှောက်နေကြ၊ အားပေးနေကြတယ်ဆိုတာ အလင်းရောင် ညိုထွန်းပေးသော၊ တစ်နည်းအားဖြင့် မြေပုံကားချပ် ကြီးနှင့်တူသော ပရိယတ္တိသာသနာ အမာခံ မပျောက်ရအောင်ဆိုပြီး တော့ ကြိုးကြိုးစားစားနဲ့ ဆောင်ရွက်နေကြတာပါ။ ကုသိုလ်ရရုံ မဟုတ်ဘဲ သာသနာအတွက်ပါ အလွန်ကျေးဇူးများသော ကောင်းမှု ကြီးလည်း ဖြစ်ပါတယ်။

ဒါကြောင့် ခမ္ဘံ= မဂ်ဖိုလ်,နိဗ္ဗာန် ဓမ္မက္ခန်ဟု ဆိုအပ်သော မြတ်တရားကို၊ သရဏံ= ဆင်းရဲကိုဖျောက် ချမ်းသာရောက်အောင် ဆောက်ရာတည်ရာ ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ= သဒ္ဒါ, ပညာ ဉာဏ်နှစ်ဖြာဖြင့် ကောင်းစွာမသွေ ဆည်းကပ်ပါ၏ အရှင်ဘုရား။

သာဓု . . . သာဓု . . . သာဓု . . .။

ယခု ပရိသတ်အပေါင်းသူတော်ကောင်းတွေ “ခမ္ဘံ သရဏံ ဂစ္ဆာမိ” လုပ်နေကြတာ ပါးစပ်တင်လုပ်နေတဲ့ ခမ္ဘံ သရဏံ

ဂစ္ဆာမိ မဟုတ်တော့ဘူး၊ ကိုယ့်အားဖြင့်လည်း လုပ်လှဲ့လုပ်လှဲ့ ဓမ္မံ သရဏံ ဂစ္ဆာမိဖြစ်အောင် ဖော်ပြနေကြတယ်၊ နှုတ်အားဖြင့် ရော၊ စိတ်အားဖြင့် ရော၊ အမူအရာအားဖြင့် ရော အကုန်လုံး ဓမ္မံ သရဏံ ဂစ္ဆာမိဖြစ်အောင် နှလုံးသားထဲအထိ ရောက်အောင် မြှင့်တင်ပြီးတော့ အဲဒီလိုနေကြတယ်။

## ဓမ္မ မပြတ်သားရင်

ဓမ္မ မပြတ်သားရင် ဗုဒ္ဓနှင့် သံဃမပြတ်သားတော့ဘူး၊ အိမ်တစ်အိမ်မှာ သားအမိနှစ်ယောက်ရှိတယ်၊ သမီးရယ် အမေရယ်၊ မိခင်ဖြစ်သူက သမီးကို နေ့စဉ် ဘုရားရေကပ်ဖို့၊ ဆွမ်းကပ်ဖို့ ညွှန်ပြတယ်၊ ညွှန်ကြားတယ်၊ ပြောတယ်၊ သမီးလုပ်သူက ဘုရားကို ဆွမ်းကပ်တော့ လက်ဖက်ရည်ပန်းကန် သေးသေးလေးထဲမှာ ဇွန်းသေးသေးလေးနဲ့ ဆွမ်းတစ်ဇွန်းစာထည့်၊ ဟင်းကလေးတဖက်စီ နည်းနည်းလေးစီထည့်၊ တစ်ခါတည်း ကိစ္စပြီးအောင် ရေလေး နည်းနည်းရောထည့် ဘုရားရှေ့သွားပြီးတော့ ဆွမ်းတော်တင်တော့ မိခင်ဖြစ်သူက ပြောတယ်၊ "သမီးရယ် ဒီလောက် ဆွမ်းနည်းနည်း လေးနဲ့ မြတ်စွာဘုရားက မျှတမှာလား၊ ဝမှာလား၊ ဆွမ်းကလည်း တစ်ဇွန်းစာ သေးသေးလေးရယ် ဇွန်းဖျားလေးနဲ့ ထည့်ထားတာ၊ ဟင်းလေးလည်း ဇွန်းဖျားလေးနဲ့ နည်းနည်းလေးထည့်ထားတာ၊ ရေလေးက နည်းနည်းလေးရောလို့ ဒီလောက်ကလေး ဘုဉ်းပေးရုံနဲ့ မြတ်စွာဘုရားက ဝပါ့မလား သမီးရယ်" လို့ ပြောတော့ သမီး ဖြစ်သူက ဘာပြန်ပြောသလဲဆိုတော့ "အမေရယ် ဘုရားက ဘုဉ်းပေးတာမှ မဟုတ်ဘဲ၊ အရုပ်ကြီးပဲ" တဲ့၊ "အရုပ်ကြီးဆိုတော့ ဘယ် ဘုဉ်းပေးမှာလဲ" တဲ့။

ဒီတော့ သူဆွမ်းကပ်တာ ရှုံးသွားပြီလေ၊ သူဆွမ်းတော်ကပ်တယ်ဆိုတာ ဘုရားကို ကပ်တာ မဟုတ်ဘူးတဲ့၊ အရုပ်ကို ကပ်တယ်ဆိုတာ သေချာသွားပြီ၊ သူ့ရဲ့ ကုသိုလ်တွေ ဉာဏသမ္ပယုတ်ကုသိုလ်မဟုတ်ဘူး၊ ဉာဏဝိပ္ပယုတ်ကုသိုလ်ဖြစ်သွားပြီ၊ ဘာလို့လဲ ဆိုတော့ ခမ္မံ သရဏံ ဂစ္ဆာမိ မပြတ်သားလို့၊ ပါးစပ်ကတော့ ဆိုချင်ဆိုမှာပေါ့။

သို့သော် စိတ်ထဲကို မရောက်ဘူးတဲ့၊ နှလုံးသားထဲကို မရောက်ဘူး။ သဒ္ဓါ၊ ပညာနှင့် စိတ်ထဲကို ရောက်အောင်ယူလို့ မထားဘူး၊ ဒါကြောင့် ဘုရားကို ဆွမ်းကပ်တာတောင်မှ လက်ဖက်ရည်ပန်းကန် သေးသေးလေးထဲမှာ နည်းနည်းလေးထည့်ပြီးတော့ ကပ်တာ၊ ဘုရားက ဝပါ့မလား၊ ဒီလောက်ကလေးနဲ့ မျှတပါ့မလားလို့မေးတော့"ဘုရားက ဘုဉ်းပေးတာမှ မဟုတ်ဘဲ၊ အရုပ်ကြီးပဲ"တဲ့၊ အရုပ်ဆိုတော့ ဘယ်ဘုဉ်းပေးပါ့မလဲပေါ့၊ အဲလိုဆို ဘုရားကို ဆွမ်းတော်ကပ်တာ မဟုတ်ဘူး၊ သူကပ်နေတာ အရုပ်ကို သွားကပ်နေတာ၊ အရုပ်ကို သွားကပ်တော့ ကုသိုလ်လုံးလုံး မရဘူးတော့ မဟုတ်ဘူးပေါ့၊ ဉာဏဝိပ္ပယုတ်ကုသိုလ် အငယ်စားတော့ ရမှာပေါ့။ အဆင်မြင့်ကုသိုလ် ဘယ်ရမလဲ။

ဒါကြောင့် ဓမ္မံ သရဏံ ဂစ္ဆာမိရဲ့ စွမ်းအားသေးသေးမဟုတ်ဘူး၊ ဒါနကို ဒါနနဲ့တူအောင် လုပ်တတ်ဖို့၊ သီလကို သီလနဲ့တူအောင် ကျင့်သုံးတတ်ဖို့၊ သမာဓိကို သမာဓိနဲ့ တူအောင် ပွားများတတ်ဖို့၊ ဝိပဿနာကို ဝိပဿနာနဲ့တူအောင် ပွားများတတ်ဖို့၊ ကိုယ့်ဘဝ အကြောင်းမြင်အောင် ကြည့်တတ်ဖို့၊ ကိုယ့်ခန္ဓာမှာ ရှိတာတွေ မြင်အောင်ကြည့်တတ်ဖို့ အကုန်လုံး အလင်းရောင်ညှိထွန်း

ပြီးတော့ လမ်းညွှန်ချက်ပေးတာ ဒီတရားတွေ တွေ့ရလို့ဆိုရင် ကိုယ့်ဘဝတစ်ခုဟာ အကုန်သုံးလို့ ဖြစ်တယ်၊ ကိုယ့်လက်ထဲ ကိုင်ထားတာတွေ အကုန် ကုသိုလ်တုံးလို့သာ မှတ်ပေတော့။ ကိုယ်တက်ထိုင်နေတဲ့ နေရာဟာ ကုသိုလ်ရနိုင်တဲ့ နေရာချည်းသာလို့ မှတ်ပေတော့၊ အဲဒီလို အားရှိစရာကောင်းပါတယ်၊ အားရှိစရာကောင်း အောင် လမ်းညွှန်ထားချက်ပေးနိုင်လို့လည်းပဲ၊ ယခု ဝမ်းမြောက်ဝမ်း သာ ရတနတ္တယပူဇော်ပွဲကြီး သာသနာပြုကောင်းမှုပွဲကြီးကို ဝမ်းမြောက် ဝမ်းသာပြုလုပ် အားထုတ်ပြီးတော့ နေကြတာပါ။

အဲဒီလို ဓမ္မ သရဏံ ဂစ္ဆာမိပြတ်သားရင် မြေကြီးပေါ်မှာ တည်ထားတဲ့ ခုတ်ပုံကြီးတွေကိုလည်းပဲ အသက်တွေသွင်း ဂုဏ်တွေ သွင်းပြီးတော့ ဘုရားအနေနဲ့ ကိုးကွယ်ပူဇော်ပွဲကြီးလည်း အဲဒီ အတိုင်းပေါ့၊ ဓမ္မ သရဏံ ဂစ္ဆာမိ ပြတ်သားတော့ အမတနန်းဦး စေတီတော်၊ ဂုဏ်တွေသွင်းလို့ အသက်တွေသွင်းလို့ ပူဇော်တတ်တယ်။ ရုပ်ပွားဆင်းတုတော်တွေကိုလည်း အသက်တွေသွင်း၊ ဂုဏ်တွေသွင်း ပြီးတော့ ပူဇော်တတ်တယ်။

## သံဃိကအလှူလှူချင်သောဒကာကြီး

သံဃာကိုလည်း ထိုအတူပဲ အရိယာသံဃာရဲ့ ဂုဏ်သွင်းပြီး တော့မှ ပူဇော်တတ်တယ်။ စာထဲမှာ ပြထားတဲ့ အကြောင်းအရာ လေးတစ်ခု၊ ကျောင်းဒကာတစ်ယောက်၊ သဒ္ဓါတရား အလွန်ကောင်း တဲ့ ကျောင်းဒကာတစ်ယောက် တစ်နေ့ကျတော့ ဆွမ်းဆက်ကပ်ချင်တဲ့ ဆန္ဒ ဖြစ်ပေါ်လာတယ်၊ သူကပ်ချင်တာက သံဃိကအလှူပဲ လှူချင်သတဲ့၊ ဘယ်နှစ်ပါးလှူမယ်၊ လှူချင်တာက သံဃိက၊ အရေအတွက်က တစ်ပါးတည်း လှူချင်တယ်။

အဲဒါနဲ့ ကျောင်းကိုသွားပြီးတော့ သံဃာများစွာ သီတင်းသုံးတဲ့ ကျောင်းကိုသွားပြီးတော့ ဆရာတော်ကြီးကို သွားလျှောက်၊ အရှင်ဘုရား ဒီနေ့ တပည့်တော်အိမ်မှာ သံဃာတစ်ပါး ဆွမ်းဆပ်ကပ်လှူဒါန်းချင်ပါတယ်ဘုရား၊ အလှည့်ကျတဲ့ သံဃာတစ်ပါး ဘုရားတပည့်တော်အိမ်ကို ညွှန်ပြပြီးတော့ စေလွှတ်စေလိုကြောင်းပါ ဘုရား။ အဲလိုလျှောက်ထား။

ဆရာတော်ကြီးက လက်ခံတော့ ကျောင်းဒကာကြီး အိမ်ပြန်သွား၊ ဆွမ်းခဲဘွယ် ဘောဇဉ်တွေ ဆက်ကပ်ဖို့ ကျကျနနပြင်ပြင်၊ တကယ် ရဟန္တာကြီးကို ကပ်မယ့်ပုံစံမျိုး၊ မြတ်စွာဘုရားကို ကပ်မယ့်ပုံစံမျိုး၊ အမွန်မြတ်ဆုံး၊ အကောင်းဆုံး သံဃဂုဏ်ကို အာရုံပြုပြီးတော့ လှိုက်လှိုက်လှဲလှဲ ဝမ်းသာအားရ ချက်ပြုတ်စီမံနေတယ်။

အိမ်ထဲမှာလည်း အကောင်းဆုံး နေရာထိုင်ခင်းတွေ သပ်သပ်ရပ်ရပ် တကယ် ဘုရားသီတင်းသုံးမယ့် ပုံစံမျိုးလို ရဟန္တာအရှင်မြတ်ကြီးတွေ သီတင်းသုံးမယ့် ပုံစံမျိုးလို ပန်းတွေ ခင်းပြီးတော့မှ ကျကျနန နေရာထိုင်ခင်းတွေလည်း စီမံလို့ထားတယ်။ အိမ်ပေါက်ဝက အစ အိမ်ထဲအထိ တကယ့်အမွန်မြတ်လမ်းတွေခင်း၊ ပန်းတွေခင်း၊ ကျကျနနချက်လို့ ပြုတ်လို့ပြီတော့ အိမ်ပေါက်ဝသွား၊ လက်အုပ်ချီပြီးတော့ သံဃာကို အာရုံပြုပြီး စောင့်မျှော်ကြိုဆိုနေတယ်။

အဲဒီအခါကျမှ ဆရာတော်ကြီးက အလှည့်ကျတဲ့ ရဟန်းဘယ်ရဟန်း အလှည့်ပါလိမ့်လို့ ကြည့်လိုက်တော့ နယ်ကျော်ပယ်ကျော် ကိုယ်တော်မြတ်ကြီးတစ်ပါးရဲ့ အလှည့်၊ နယ်ကျော်ပယ်ကျော်ဆိုတာ ဒုဿီလ၊ သီလကိုမရှိတာ တော်သလိုလျော်သလိုနေတဲ့ ကိုယ်တော်ကြီး၊ ပရိယတ်ကိုလည်း ဘာမှ

ဟုတ်တိပတ်တိ မလုပ်၊ ပဋိပတ်ဆိုရင် ဘာမှစိတ်ကူးတောင် မထည့်၊ တော်သလို ပျော်သလိုနေတဲ့ ဒုဿီလ (အကျင့်သီလမရှိတဲ့) ကိုယ်တော်ကြီးအလှည့် ဖြစ်နေသတဲ့။

အဲဒါနဲ့ ဆရာတော်ကြီးကခေါ်၊ "ကဲလာ၊ ကိုယ်တော်ကြီး၊ ဒီနေ့ နေ့ဆွမ်းကို ဟိုအနားက ကျောင်းဒကာကြီးအိမ်သွား၊ ကိုယ်တော်တစ်ပါးတည်းသွား၊ ဆွမ်းအလှူခံရမယ်။ အဲဒီကို သွားပါ" ဆိုတော့ အဲဒီ ကိုယ်တော်ကြီးက အထင်ကြီးသွားတယ်။ သူ့ကိုယ်သူ ဘဝင်မြင့်သွားတယ်။ "အော် . . ဒီဒကာကြီးက ငါ့ကို တော်တော် ကြည်ညိုနေတာ၊ ငါတစ်ပါးတည်းကို ရွေးပင့်တာပါလား" လို့ သူ တော်တော် ဘဝင်မြင့်သွားသတဲ့။

အဲဒါနဲ့ အချိန်တန်တော့ သင်္ကန်းရုံပြီးတော့ ကြွသွား၊ သူတစ်ပါးတည်း ဆွမ်းပင့်ထားတဲ့ ကျောင်းဒကာကြီးက ဆွမ်းချက်ပြုတ်စီမံ အားလုံး အဆင်သင့် ဖြစ်နေပြီဖြစ်လို့ အိမ်တံခါးပေါက်ကနေပြီးတော့မှ လက်အုပ်ချီလို့ သံဃဂုဏ်ကို အာရုံပြု လက်အုပ်ချီလို့ စောင့်ကြိုနေတယ်။ ဓမ္မ သရဏံ ဂစ္ဆာမိ အလွန်ပြတ်သားတဲ့ ဒကာကြီး စောင့်ကြိုနေတော့ ကိုယ်တော်ကြီးက ကြွလာပြီး အဝေးက ခပ်လှမ်းလှမ်းက မြင်ကတည်းက ဒကာကြီးက သိတယ်။ ဒီကိုယ်တော်ကြီးက တော်သလို ပျော်သလို ကိုယ်တော်ကြီးပဲသိတယ်။ သိပေမယ့် သဒ္ဓါလည်း မပျက်၊ မျက်နှာလည်း မပျက်ဘူး။ စိတ်ထားလည်း မပြောင်းဘူး၊ ပြုံးပြုံးရွှင်ရွှင် ကြည်ကြည်လင်လင် ဝမ်းသာအားရ လှိုက်လှိုက်လှဲလှဲ တကယ့် ရဟန္တာကြီးကြွလာသလို ဆီးကြိုပြီးတော့ "ကြွတော်မူပါဘုရား၊ ကြွတော်မူပါဘုရား"ကျကျနန ပန်းခင်းတဲ့ လမ်းအတိုင်း လက်အုပ်ချီပြီးတော့ ပင့်သွား။

ဒီကိုယ်တော်ကြီးအကြောင်း သူ ကောင်းကောင်းသိတာပေါ့။ သိပေမယ့်လို့လည်း ပုဂ္ဂိုလ်အနေနဲ့ လှူတာ မဟုတ်ဘူးတဲ့။ သံဃာအနေနဲ့ လှူမှာ၊ သူအာရုံပြုနေတာက သံဃာကို အာရုံပြုနေတာ။

အိမ်ထဲပင့် ခင်းထားတဲ့နေရာ၊ "ဒီနေရာ သီတင်းသုံးတော်မူပါ ဘုရား၊ ဒီနေရာ သီတင်းသုံးတော်မူပါ ဘုရား"လို့ လက်အုပ်ချီ ကျကျနန ဦးသုံးကြိမ်ချပြီးတော့မှ မွန်မြတ်တဲ့ ဆွမ်းခဲဘွယ် ဘောဇဉ်တွေကို အရိယာသံဃာရဲ့ ဂုဏ်ကို အာရုံပြုပြီးတော့မှ ဝမ်းမြောက်ဝမ်းသာ ဆက်လက်လှူဒါန်းတယ်။ ဝမ်းမြောက်ဝမ်းသာပဲ။ ကတယ့် သံဃာ့ဂုဏ်ကို အာရုံပြုပြီးတော့ ပူဇော်လှူဒါန်းတယ်။

ဘယ်လိုလဲဆိုတော့ ဓမ္မ သရဏံ ဂစ္ဆာမိပြတ်သားလို့ သုံးပါးမြတ်စွာ မင်္ဂလာဆိုတာ သူ့နှလုံးသားထဲ ကိန်းနေတော့ ကုသိုလ်ကို ကုသိုလ်နဲ့ တူအောင် လုပ်တတ်တယ်။

အဲဒါနဲ့ ဆွမ်းဆက်ကပ်လှူဒါန်း၊ အားလုံးကိစ္စပြီးပြီဆိုရင်ပဲ ကိုယ်တော်ကြီးက ပြန်ကြွ၊ ပြန်ကြွပြီဆိုရင်ပဲ ဆွမ်းဒကာကြီးက အိမ်ပေါက်ဝအထိ ကျကျနန လက်အုပ်ချီလိုက်ပို့ပြီးတော့ ကိုယ်တော်ကြီး မျက်စေ့အောက်က မပျောက်မချင်း လက်အုပ်ချီပြီးတော့ ကျန်ရစ်တယ်။ ကိုယ်တော်ကြီး မျက်စေ့အောက်က ပျောက်သွားမှ အိမ်ထဲပြန်ဝင်၊ လုပ်စရာတွေ ဆောင်ရွက်ပေါ့။

အဲဒါနဲ့ ကိုယ်တော်ကြီးကလည်း သူ့ကိုယ်သူ အထင်ကြီးသွားပါတယ်။ ဒီဒကာကြီးတော့ ငါ့ကို အသည်းစွဲ ကြည်ညိုသွားပြီ။ သူ့ရဲ့ အမူအယာတွေ ကြည့်ရတာ ငါ့အပေါ်မှာတော့

တော်တော့ကို ကြည်ညိုသွားပြီ။ ဒီတော့ သူ့ကိုယ်သူ ဆုံးဖြတ်လိုက်တယ်။

အဲဒါနဲ့ ညနေဘက်ရောက်တော့ ကျောင်းမှာ ဆောင်ရွက်စရာကိစ္စ၊ ကျောင်းသန့်ရှင်းရေးကိစ္စ၊ စိုက်စရာ ပျိုးစရာကိစ္စ စတဲ့ကိစ္စတွေ ပေါ်လာတော့ တူးစရာ ဆွစရာ ပေါက်တူးလေးလိုလာတယ်။ ဘယ်သွားပြီး ငှားရပါမလဲလို့ ကြည့်လိုက်တော့ အော် ငှားဖို့ မလိုဘူးလေ။ မနက်က ဆွမ်းကပ်တဲ့ ဒကာကြီး ငါ့အပေါ်မှာ အသည်းစွဲ ကြည်ညိုနေပါပြီပေါ့။ အဲဒီဒကာကြီးထံ သွားအလှူခံလိုက်ရင်တော့ ဝမ်းသာအားရ လှူမှာ၊ ငါသွားအလှူခံမှဖြစ်မယ်။

အဲဒါနဲ့ သင်္ကန်းရုံပြီးဟော့သွား၊ ညနေပိုင်း အဲဒီကျောင်းဒကာကြီးအိမ်ကို ကြွသွား၊ အိမ်တံခါးပေါက်မှာ သွားရပ်တယ်။ သာသနာ့ထုံးစံ ရဟန်းရဲ့ ထုံးစံဆိုတာ မတောင်းရဘူး။ သွားရပ်ပြီးတော့မှ "ဘာအလိုရှိပါသလဲ ဘုရား" လို့ မမေးရင် ဘာမှ မပြောရဘူး။ ဟိုက မေးမှ ပြောရတယ်။ အိမ်တံခါး ပေါက်မှာ သွားရပ်ကော့ ဆွမ်းဒကာကြီးက မြင်တာပေါ့။ "ကိုယ်တော် ဘာကိစ္စလာတာတုန်း" အာ ဒကာကြီး ကျောင်းမှာ သန့်ရှင်းရေးကိစ္စလေး စိုက်စရာ ပျိုးစရာ ကိစ္စလေးအတွက် တူးဖို့ဆွဖို့ ပေါက်တူးလိုလို့ ပေါက်တူးလာ အလှူခံတာပါဆိုတော့ ကျောင်းဒကာကြီးက ကြည့်လိုက်တော့ ပေါက်တူးတိုအနားမှာ အိမ်နောက်နားမှာ တွေ့ရတယ်။ ပေါက်တူးကို ဒကာကြီးက လက်နှင့်မယူ၊ ခြေထောက်နဲ့ လိုမ့်ပြီးတော့ ကန်လာခဲ့တယ်။ ခြေထောက်နဲ့ လိမ့်ကန်လာခဲ့ပြီးတော့ ခြေထောက်နဲ့ ညှပ်ပြီးတော့ "ရော့၊ အင့်၊ ယူသွား၊ နောက် ထပ်မလာနဲ့" အဲဒီလို ပြောသတဲ့။

အဲဒီလိုပြောတော့ ဘေးကမြင်ရတဲ့ လူတွေက အံ့အားသင့်ကုန်တယ်။ ဟာ . . မနက်က ဆွမ်းလှူတဲ့ ဒကာကြီးလည်း ဒီဒကာကြီးပဲ၊ ညနေ ပေါက်တူးလှူတဲ့ ဒကာကြီးလည်း ဒီဒကာကြီးပဲ။ မနက်က ဆွမ်းအလှူခံတဲ့ ကိုယ်တော်လည်း ဒီကိုယ်တော်ကြီးပဲ၊ ညနေ ပေါက်တူးအလှူခံတဲ့ ကိုယ်တော်လည်း ဒီကိုယ်တော်ပဲ။ လှူသူလည်း တစ်ယောက်တည်း၊ အလှူခံလည်း ဒီတစ်ပါးတည်း။ ဒါပေမယ့် အမူအယာက ထူးခြားနေပါတကား၊ ပြောင်းပြန်ဆန့်ကျင်ကြီး ဖြစ်နေတယ်။

မနက်ကတော့လည်း တကယ် ရဟန္တာကြီးလို ကျကျနန၊ သေသေချာချာ လိုက်လိုက်လှဲလှဲ အားရပါးရ အရိုအသေ ပေးလို့၊ ကြိုလို့ဆိုလို့၊ ဆွမ်းကပ်တော့လည်း လိုက်လှဲဝမ်းသာအားရ ကပ်လို့၊ ညနေပိုင်းရောက်တော့ နှုတ်က ရှိသေတဲ့ စကားလည်း မပြော၊ အရိုအသေလည်း လုံးဝ မပေး၊ "ပေါက်တူးလိုချင်လို့ပါ" လို့ပြောတော့ အိမ်နောက်နားရှိတဲ့ ပေါက်တူးကို လှမ်းကန်လာခဲ့ပြီးတော့ ကိုယ်တော်ကြီးအနားရောက်တော့ ခြေထောက်နဲ့ ကန်ပြီးတော့ ပေးလိုက်တယ် "ရော့ . . ယူသွား၊ နောက်ထပ်မလာနဲ့" လုပ်တယ်။ အဲဒါနဲ့ အံ့အားသင့်လို့နေကြရတာပေါ့။

"အဘ ဘယ်လိုဖြစ်တာ တုန်း" လို့ မေးကြတော့ ဒီမှာ မောင်တို့မယ်တို့၊ မနက်က ဒီကိုယ်တော်ကြီး လာအလှူခံတယ်ဆိုတာ မှန်တယ်၊ ညနေလည်း ဒီကိုယ်တော်ကြီးပဲဆိုတာလည်း မှန်တယ်။ မနက်တုန်းက လာတယ်ဆိုတာက သံဃာရဲ့ ကိုယ်စားအနေနဲ့ လာတာ၊ ငါ ကျောင်းသွားပင့်တာ ဒီကိုယ်တော်ကြီးပင့်တာ မဟုတ်ဘူးကွ၊ သံဃိက ဆွမ်းအလှူ လှူချင်လို့ အလှည့်ကျတဲ့

သံဃာတစ်ပါး စေလွှတ်ပေးတော်မူပါဘုရားလို့ သံဃာထဲမှာ သွားတောင်းတာ၊ သံဃာက လွှတ်လို့လာတာ၊ ကျုပ်က သံတမန် ဆိုတာ မထေမဲ့မြင် မလေးမစားလုပ်လို့ ဘယ်တော်ပါ့မလဲ။

အဲဒါကြောင့်မို့လို့ သူက သံဃာ့သံတမန် သံဃာ့ကိုယ်စား အနေနဲ့လာတာ။ ဒါကြောင့် သံဃာ့ကိုယ်စားလှယ်အနေနဲ့ လာတာ ဖြစ်တဲ့အတွက် သံဃာ့ဂုဏ်ကို အာရုံပြုပြီးတော့မှ ရဟန္တာအရှင်မြတ် ကြီးတွေရဲ့ ဂုဏ်တော်အထိ အာရုံပြုပြီးတော့ လိုက်လိုက်လှဲလှဲ သူ့ကို ပူဇော်တာ။ တစ်သာသနာလုံးမှာရှိတဲ့ သံဃာ့ဂုဏ်ကို အာရုံပြုပူဇော်တာ။ ကြွလာတာလည်း သူပဲ၊ ဘုဉ်းပေးတာလည်း သူပဲ။ ဒါပေမယ့် လှူတာက သံဃာ့ဂုဏ်ကို အာရုံပြုပြီးတော့ လှူတာ။ သံဃာကို လေးစားတဲ့အနေနဲ့ လေးစားတာ။

အခုညနေ လာတာက ကိုယ်က သူ့ကို သွားပင့်တာလည်း မဟုတ်၊ သံဃာက လွှတ်လိုက်တာလည်း မဟုတ်၊ သူ့ကိစ္စနဲ့ သူလာတာ။ သူ့ကိစ္စနဲ့ သူလာတော့ ဒီကိုယ်တော်ကြီး ဘာအကျင့်မှ မရှိဘူး။ နယ်ကျော်ပယ်ကျော်ဆိုတာ အားလုံးသိတယ်။ အားလုံး သိတော့ ဒီကိုယ်တော်ကြီး ဘာအကျင့်မှ မရှိတဲ့ ဒီကိုယ်တော် ကြီးကို "သံဃံ သရဏံ ဂစ္ဆာမိ" လုပ်လို့လည်း ဘယ်တော်ပါ့မလဲ။ သူ့နေရာနဲ့သူ စိတ်ထားတတ်ပုံလေးပါ။

အကျင့်မရှိတဲ့ ပုဂ္ဂိုလ်ကို အဆိပ်ပင်ရေလောင်းသလိုတော့ လုပ်လို့မဖြစ်ဘူးတဲ့၊ ချီးမြှောက်သင့်တဲ့ နေရာ ချီးမြှောက်ရမှာပဲ။ နှိပ်ကွပ်သင့်တဲ့နေရာ နှိပ်ကွပ်ရမှာပဲ။ ဒါကြောင့်မို့လို့ ညနေပိုင်းမှာ အကျင့်မရှိတဲ့ ကိုယ်တော်ကြီးမှန်းသိတော့ သူဟာ နောင်တ ရပါစေ၊ သိပါစေ၊ အော် . . ငါ့ကို ဘယ်သူမှ မကြည်ဖြူ

ကြဘဲကိုးလို့ သူပြင်သင့်တာ ပြင်ပါစေ၊ နားလည်ပါစေ ဆိုတဲ့အနေနဲ့ အဲဒီလို မရှိသေးတဲ့ အမူအယာကို ပြလိုက်တာပါတဲ့။ မနက်ကတော့ သံဃာ့ဂုဏ် အာရုံပြု ရိုသေလေးစားတာ၊ လျှော့ချဒါန်းတာ၊ ညနေကျတော့ ပုဂ္ဂိုလ်ရေးအရ သူ့အကျင့်မရှိမှန်းသိလို့ သူ့ကို နှိပ်ကွပ်ထိုက်တဲ့ ပုဂ္ဂိုလ်အနေနဲ့ နှိပ်ကွပ်ခြင်းဖြစ်တယ်။

အေး . . . ဒါ သာသနာပြုကိစ္စပေါ့။ သာသနာပြုတဲ့နေရာမှာ ချီးမြှောက်ထိုက်တဲ့ ပုဂ္ဂိုလ်တွေရင် သွားပြီးတော့ မနှိမ်လိုက်ပါနဲ့၊ သာသနာ ကျွမ်းထိုးမှောက်ခုံ ဖြစ်သွားတတ်တယ်။ နှိပ်ကွပ်ထိုက်တဲ့ ပုဂ္ဂိုလ်တွေပြန်တော့လည်း မချီးမြှောက်လိုက်ပါနဲ့၊ သာသနာ ကျွမ်းထိုးမှောက်ခုံ ဖြစ်သွားတတ်တယ်။ အဲဒါကို ဒီဃကာကြီး က သင်ခန်းစာပေးတာ။

ဓမ္မ သရဏံ ဂစ္ဆာမိပြတ်တော့ စိတ်ထားဘယ်လောက်ပြတ်သားသလဲ။ သူ့နေရာနဲ့သူ၊ သူ့အခါနဲ့သူ စိတ်ကို တိတိကျကျကြီး ထားတတ်တယ်။ မနက်က ဒီကိုယ်တော်ကြီး ဆွမ်းအလှူခံတာဖြစ်ပေမယ့် စိတ်နှလုံးမသာယာမှု လုံးဝမရှိဘူး။ တကယ့် ရဟန္တာကြီး ကြွရောက်ဘုဉ်းပေးသလိုပဲ ဝမ်းမြောက်ဝမ်းသာ လှူနိုင်တာတဲ့။

ညနေကျတော့ ဒါဟာ နှိပ်ကွပ်ထိုက်တဲ့ပုဂ္ဂိုလ်ပဲလို့ နားလည်ပြီးတော့ နှိပ်ကွပ်လိုက်တာပဲ။ မနက်ကတော့ သံဃာကိုယ်စားလှယ်အနေနဲ့ တစ်သာသနာလုံး သံဃာကို ပူဇော်သောအားဖြင့် ချီးမြှောက်တာ၊ ညနေကျတော့ ပုဂ္ဂိုလ်ရေးအရ နှိမ်တာ၊ အကျင့်မရှိလို့။ ဒါဟာ သာသနာဖျက်ဆီးမယ့် ပုဂ္ဂိုလ်ပဲ ဆိုပြီးတော့မှ နှိမ်တာ။ အဲဒါ ဓမ္မ သရဏံ ဂစ္ဆာမိ ပြတ်သားလို့တဲ့။

ဒါကြောင့် ဓမ္မ သရဏံ ဂစ္ဆာမိ ပြတ်သားမှ ရတနတ္တယပူဇာ ဆိုတာ လေးနက်တယ်၊ ထိရောက်တယ်၊ အဖိုးတန်တယ်၊ ကြီးမားတယ်ပေါ့။ ဒါကြောင့်မို့လို့ ရတနတ္တယပူဇာပွဲကြီး ပြုလုပ်နေကြတာ။ အဲလို ဉာဏ်နဲ့ ဓမ္မ သရဏံ ဂစ္ဆာမိ ပြတ်ပြတ်သားသား အားထုတ် ဆောင်ရွက်နေကြတာပါ။ အားထုတ်နေကြတယ်ဆိုရင် နိဗ္ဗာန် ရောက်ကြောင်း တရားကောင်းတွေဟာ အများကြီးရရှိပြီးတော့ နေကြတယ်။ သာသနာကိုလည်း ကျေးဇူးဆပ်ရာရောက်တယ်၊ ရတနာသုံးပါးကိုလည်း ကျေးဇူးဆပ်ရာရောက်ပါတယ်။ ဝမ်းမြောက်ဝမ်းသာ ကောင်းမှုကုသိုလ်တွေ လုပ်လိုက်ကြတာ ကုသိုလ်ရရုံ သက်သက်မျှသာမဟုတ်၊ သာသနာအတွက်ပါ စောင့်ရှောက်ရာ အားပေးရာ ချီးမြှောက်ရာရောက်သွားတယ်။

အဲလိုဆိုရင် သုံးပါးမြတ်စွာ မင်္ဂလာ ရတနာသုံးပါးကို အကြောင်းပြု၍ ဗုဒ္ဓ၊ ဓမ္မ၊ သံဃဆိုတဲ့ ရတနာသုံးပါး၊ မင်္ဂလာ သုံးပါးကို အကြောင်းပြု၍ ဒါန၊ သီလ၊ ဘာဝနာဆိုတဲ့ မင်္ဂလာသုံးပါး တိုးတက်လာကြတာပေါ့။ အလောဘ၊ အဒေါသ၊ အမောဟဆိုတဲ့အကြောင်း မင်္ဂလာသုံးပါး တိုးနေကြတာပဲ၊ တိုးနေကြတယ်ဆိုရင် လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်သော ချမ်းသာ မင်္ဂလာသုံးပါး တန်းစီပြီးတော့ စောင့်နေကြပါပြီ။ ဒီလောက် ကုသိုလ်ကို စိတ်ဝင်စားတဲ့ ပုဂ္ဂိုလ်အတွက် သူက စောင့်ကြို နေမှာဖြစ်သလို ချမ်းသာသုံးရပ် မင်္ဂလာ သုံးရပ်ကလည်း တန်းစီပြီး စောင့်နေကြပြီ။

## အမှိုက်ပုံထဲက ရွှေထုပ်

အဲဒီလိုဆိုရင် မိမိတို့မှာ ကိုယ်ပိုင်တရား ရလိုက်ပြီပဲ။ ကိုယ်ပိုင် မင်္ဂလာတွေ ပြည့်စုံပြီးတော့ လာကြပြီးပေါ့။ အဲဒီလိုဆိုရင်

နေ့တိုင်း နေ့တိုင်းလည်း သာသနာ့ အကြောင်းအကျိုး ကောင်းမှု တရားတွေရအောင် ယူရမယ်။ လက်ထဲမှာ ကိုင်ထားတာတွေအားလုံး ကုသိုလ်ဖြစ်အောင် အမှိုက်ပုံထဲက ရွှေထုပ်ကောက်သလို ကောက် ကြရမှာပေါ့။ နေ့စဉ်နေ့တိုင်း ပစ္စုပ္ပန်တိုင်း ပစ္စုပ္ပန်တိုင်း၌

(တစ်) ဒါနရှင်လည်း လက်ထဲမှာရှိနေမှ၊ လှူဆဲမဟုတ်ရင်လည်း အရင်လှူခဲ့ဖူးတာ ပြန်စဉ်းစားနေ၊ ဘာဝနာပြန်ဖြစ်တယ်။
(နှစ်) သီလကိုလည်း အမြဲရှိနေစေမှ၊
(သုံး) သရဏဂုံသုံးပါးကိုလည်း အမြဲရှိနေစေမှ၊
(လေး) မေတ္တာစတဲ့ သမာဓိအလုပ်တွေလည်း တစ်ခုခုရှိနေမှ၊
(ငါး) မိမိလုပ်ရှားနေတဲ့ လုပ်ကိုင်နေတဲ့ အလုပ်ကလေး တွေထဲမှာ ခုနက စည်းကမ်း၊ မှု၊ ဘောင်အတိုင်း ပေါ့။

ဒီနေရာတော့ ဝိပဿနာရနိုင်တယ်ဆိုရင်လည်း တွန်းပြီးတော့မှ သိတတ်တဲ့ စိတ်နှင့် သိစရာအာရုံလေးတွေ ပြောင်းပြီးတော့သွား နေကြပုံလေးတွေကို ရှင်းရှင်းလေးမြင်အောင် ကြည့်၊ ဝိပဿနာတွေ လည်း ရနေကြမှာပေါ့။

ဘုရားလက်ထက်က ထေရိကာ အိမ်ရှင်မလေးလို အိမ်ထဲမှာ ချက်ရင်းပြုတ်ရင်း လှုပ်ရင်းရှားရင်း ဆောင်ရွက်ရင်းနဲ့ မီးဖိုချောင်ထဲ ဟင်းချက်ရင်းနဲ့ အနာဂါမ် ဖြစ်ခဲ့ဖူးတာပဲ။ ဒါကြောင့် သုံးပါးမြတ်စွာ မင်္ဂလာနဲ့ ပြည့်စုံသူများကတော့ အိမ်တွင်းမှာ အကုန်လုံး မင်္ဂလာ ရှိပါတယ်။

အဲဒါကြောင့် မင်္ဂလံ–သုံးပါးမြတ်စွာ မင်္ဂလာကို၊ သရဏာမှာ ဂမ္မ– ကိုးကွယ်သမှုအကြောင်းပြ၍၊ မင်္ဂလာနိ–ဆင်းရဲကင်းကွာ ချမ်းသာစေကြောင်း မင်္ဂလာ အပေါင်းတို့သည်၊ ပဝမှ ရေ–ပဝမှ န္တို၊ မင်္ဂပေါက်, ဖိုလ်ပေါက် နိဗ္ဗာန်ရောက်ကာ ကောင်းစွာမသွေ တိုးပွားနိုင်ကြလေကုန်သတည်း။

သာဓု . . . သာဓု . . . သာဓု . . .။

✳ ✳ ✳

# သိက္ခာသုံးပါးလှူစွမ်းအားတရားတော်

သာသနာတော်နှစ် ၂၅၃၅–ခု၊ ကောဇာသက္ကရာဇ် ၁၃၅၃–ခု၊ တပေါင်းလပြည့်ကျော်(၇)ရက်၊ ဗုဒ္ဓဟူးနေ့ ညအချိန်၊ ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့ ၁၆–ရပ်ကွက်၊ အပိုင်း(၃)၊ ဓမ္မာရုံ တရားကျောင်းကြီးအတွင်း၌ ၁၆–ရပ်ကွက်၊



အပိုင်း(၃)၊ ဓလွန်ဆန်လှူ အသင်းယောက်၏ (၁၈)ကြိမ်မြောက် ကျင်းပအပ်သောဆွမ်းဆန်တော်အလှူ ရေစက်ချတရားပွဲအတွက် အနုမောဒနာတရားအဖြစ်ဖြင့် ဓမ္မဒါန၊ ဓမ္မလက်ဆောင်အဖြစ်ဖြင့် ဟောကြားအပ်သော သိက္ခာသုံးပါးလူ့စွမ်းအားတရားတော် –



သာသနာတော်တွင်းမှာ ဒါနကောင်းမှုလုပ်တယ်ဆိုတာဟာ ဝိဝဋ္ဋနိဿိတ လမ်းကြောင်းခေါ်တဲ့ သိက္ခာသုံးရပ် အကျင့်မြတ်၊ သို့မဟုတ် လောကီမဂ္ဂသစ္စာလမ်းကြောင်းအတိုင်း အဲလိုလုပ်မှ လည်းပဲ ဘဝခန္ဓာ၊ လောင်စာခပ်သိမ်း လွတ်ငြိမ်းတဲ့ နိရောဓသစ္စာ ခေါ်တဲ့ နိဗ္ဗာန်ကို ရောက်နိုင်မှာပေါ့။ ဒါကြောင့် သိက္ခာသုံးရပ် အကျင့်မြတ်ဆိုတာ လူ့ရဲ့ စွမ်းအားကို မြင့်မားစေပါတယ်။ ဒါကြောင့် သိက္ခာသုံးပါး လူ့စွမ်းအားတရားတော်–

**ဧကံ သမယံ ဘဂဝါ ရာဇဂဟေ ဝိဟရတိ ဂိဇ္ဈကူဋေ ပဗ္ဗတေ–**

ဧကံသမယံ– အခါတစ်ပါး၌၊ ဘဂဝါ– တရားစွမ်းအား မြတ်တရားကို ပွားများမြှင့်တင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်၊ ရာဇဂဟေ– ရာဇဂြိုဟ်မြို့၌၊ ဂိဇ္ဈကူဋေပဗ္ဗတေ– ဂိဇ္ဈကုဋ်တောင် တော်၌။ ဝိဟရတိ– ဣရိယာပထ မျှတရွှင်ပြုံး၍ သီတင်းသုံး တော်မူလေသတည်း။

သိက္ခာသုံးပါး လူ့စွမ်းအားတရားကို မြတ်စွာဘုရား ရာဇဂြိုဟ် မြို့ ဂိဇ္ဈကုဋ်တောင်တော်ဝယ် သီတင်းသုံးတော်မူစဉ်မှာ ရာဇဂြိုဟ် မြို့အတွင်းမှာ ဟောတော်မူခဲ့တာပါ။

## မဂ္ဂင်ရှစ်ပါးပါပဲ

သိက္ခာသုံးပါး မြတ်တရားဆိုတာဟာ မဂ္ဂင်ရှစ်ပါးပါပဲ။ မဂ္ဂင်ရှစ်ပါးကိုပဲ သိက္ခာသုံးပါးလို့ ခေါ်တာပါ။ ဒါနလုပ်ရင်လည်း အဲဒီ လမ်းကြောင်းအတိုင်း လုပ်မှပဲ ဝိဝဋ္ဋ နိဿိတလမ်းကြောင်း ပေါ် ရောက်မယ်။ ဒါန၊ သီလ၊ ဘာဝနာလို့ နှုတ်အနေအား

ဖြင့် စကားအနေအားဖြင့် ပြောရပေမယ့် တကယ်လုပ်ငန်းပိုင်းကျတော့ ဒါနဟာ နောက်ဆုံးပါ။

ပထမ သီလရှိရတယ်၊ သမာဓိနဲ့ စွမ်းအားဖြည့်ရတယ်။ ပညာနှင့် စွမ်းအားမြှင့်ရတယ်။ အဲဒါပြီးခါမှ ဒါနမျိုးစေ့ဆိုတာဟာ စိုက်ပျိုးကြရတာပဲ။

ဒါကြောင့် ယခုလည်း ၁၆–ရပ်ကွက်၊ အပိုင်း(၃)၊ မလွန်ဆန်လှုညင်းထောက် ဒကာဒကာမအပေါင်း သူတော်ကောင်းတွေ သာသနာ နုဂ္ဂဟ၊ သာသနာ့ပူဇာ ဒါနကောင်းမှုကြီးကို ပြုလုပ်နေကြတဲ့အခါမှာ သိက္ခာသုံးပါး မြတ်တရားကို ရှေ့တန်းတင်ပြီးတော့မှ ကြိုးစား အားထုတ်နေကြတာဖြစ်လို့ သိက္ခာသုံးပါး လူ့စွမ်းအားဆိုတဲ့ တရားနဲ့ အဲလို မြှင့်တင်ပြီးတော့မှ ယခု အာရုံပြုနာယူနေကြတာပါ။

## သိက္ခာသုံးပါး

မဂ္ဂင်ရှစ်ပါးကို သိက္ခာသုံးပါးလို့ ခေါ်တာပါ။ မဂ္ဂင်ရှစ်ပါးမှာ–

ပထမနှစ်ပါးသည် ပညာသိက္ခာ၊

ဒုတိယသုံးပါးသည် သီလသိက္ခာ၊

တတိယသုံးပါးသည် သမာဓိသိက္ခာ၊

ဖြည့်စရာအကျင့်တွေ ချုပ်လိုက်ရင် ဒီသုံးခုပဲရှိတာပဲ။ သီလရယ်၊ သမာဓိရယ်၊ ပညာရယ်။

သီလဆိုတာ ကိုယ်နဲ့နှုတ် နှစ်ပါးကို ထိန်းသိမ်းရတယ်။ သမာဓိ ဆိုတာကတော့ စိတ်ကိုထိန်းသိမ်းရတယ်။ ပညာကတော့ အရှိကို မြင်အောင်ကြည့်ရတယ်။

## ပညာသိက္ခာ မြတ်နှစ်ဖြာ

အဲဒီ မဂ္ဂင်ရှစ်ပါးမှာ ပထမနှစ်ပါးက "ကောင်းစွာသိမြင် ကြံစည်လျှင် စွမ်းအင်မြတ်ပညာ"လို့ သမ္မာဒိဋ္ဌိနဲ့ သမ္မာသင်္ကပ္ပ၊

သမ္မာသင်္ကပ္ပက သမ္မာဒိဋ္ဌိခေါ်တဲ့ ပညာ အလုပ် လုပ်နိုင်အောင် သူက ကြံစည်ပြီးတော့မှ အာရုံကို လှည့်ပတ်ပြီးပြရတယ်၊ ယောဒါက ရုပ်ခေါ်တယ်ဗျ။ ဝိတက်ကလေးက ကြံစည်ပြီးတော့ လှည့်ပတ်ပြီးတော့ ပြလိုက်တော့ သမ္မာဒိဋ္ဌိ ပညာက– ဟာ ဟုတ်သားပဲ။

ယောဒါ ရုပ်နော်၊ ယောဒါက သိတတ်တဲ့ နာမ်ခေါ်တယ်ဗျ။ ဝိတက်ကလေးက ကြံစည်ပြီးတော့မှ အာရုံကို တင်ပြလိုက်တော့– ဟာ . . ဟုတ်သားပဲနော်၊ ယောဒါ သိတတ်တဲ့ နာမ်တရားပါလား။

ဟော . . ဖြစ်လာပြီဗျ၊ ဝိတက်ကလေးက ပြလိုက်တော့ သမ္မာဒိဋ္ဌိကဟာ ဖြစ်လာပြီနော်။

ယောဒီမှာ မရှိတော့ဘူးဗျ၊ ဝိတက်ကလေးက ပြလိုက်တော့– ဟော . . ခုပဲဖြစ်တယ်၊ ခုပဲပျောက်သွားတယ်နော်။ မမြဲဘူးနော်။

အဲဒီလို စသည်ဖြင့် ဝိတက်က ပညာ အလုပ် လုပ်နိုင်အောင်လို့ ကူညီပေးရတာဖြစ်သောကြောင့် သမ္မာသင်္ကပ္ပခေါ်တဲ့ ဝိတက်ကိုလည်း ပညာသိက္ခာအဖြစ် ထည့်ထားတာ။

ဒါနလုပ်ရင် ဒီတရားတွေပါမှ အရှိန်အဝါတက်မှာပေါ့။ ဒါကြောင့်–

"ကောင်းစွာသိမြင်၊ ကြံစည်လျှင်၊ စွမ်းအင်မြတ်ပညာ" သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ ခေါ်တဲ့ တရားနှစ်ပါးကို ပညာသိက္ခာ လို့ခေါ်တယ်။

## သီလသိက္ခာကျင့်သုံးဖြာ

တစ်ခါ "ကောင်းစွာပြောမှု၊ ကောင်းစွာပြုပေး၊ သက်မွေးမှန်ကန်၊ ဤသုံးတန် ကျင့်ရန်သီလသာ"

သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝပေါ့၊ နှုတ်ကပြောတော့လည်း ဝစီဒုစ္စရိုက်မှ ကင်းလွတ်တဲ့ သမ္မာဝါစာ ဖြစ်အောင် ကောင်းတဲ့အပြောကို ပြောတတ်တယ်။ ကောင်းသော စကားကိုသာ ပြောတတ်တယ်။ အလုပ်ကို လုပ်ပြန်တော့လည်း ကာယဒုစရိုက်တွေ ကင်းပြီးတော့မှ အပြစ်ကင်းတဲ့ ကိုယ်အမူအရာဖြင့် ကောင်းစွာ ပြုလုပ် ဆောင်ရွက်တတ်တယ်။ အသက်မွေး ပြန်တော့လည်း ဒုစရိုက်မကောင်းမှုတွေကို မပြုလုပ်ဘဲ ဒုစရိုက်မှ ကင်းရှင်းအောင် ရှောင်ကြဉ်ပြီးတော့မှ စင်ကြယ်သန့်ရှင်းမှန်မြတ်တဲ့ အသက်မွေးမှုဖြင့် အသက်မွေးတတ်တယ်။

ကိုယ်နှင့်နှုတ် နှစ်ပါးကို ထိန်းသိမ်းတာကို သီလ၊ စည်းကမ်းလို့လည်း ခေါ်ပါတယ်။ သီလဆိုသည်မှာ လူကို ချုပ်ချယ်ခြင်း မဟုတ်ဘဲ စည်းကမ်းဆိုသည်မှာ လူကို ချုပ်ချယ်ခြင်း မဟုတ်ဘဲ လူကို လူနှင့် တူအောင် အဆင့်မြှင့်ပေးခြင်းဖြစ်တယ်။ လူကို လူနဲ့ တူအောင် ဘောင်ခတ်ပေး ခြင်းဖြစ်တယ်။ အေးအဲလိုသိမြင်လာတဲ့အခါ ကိုယ်ကျင့်တရားခေါ်တဲ့ သီလကို စောင့်ထိန်းရတဲ့ အလုပ်ကလည်း အင်မတန် ပျော်စရာ၊ မြတ်နိုးစရာဖြစ်သွားတာပါပဲ။

"ကောင်းစွာပြောမှု၊ ကောင်းစွာပြုပေး၊ သက်မွေးမှန်ကန်၊ ဤသုံးတန် ကျင့်ရန်သီလသာ"

## သမာဓိသိက္ခာသုံးရပ်မှာ

တစ်ခါ "ကောင်းစွာကြိုးစား၊ သတိထား၍၊ ကောင်းငြားတည်ကြည်၊ ဤသုံးလီတည့်၊ သမာဓိ၊ ကျင့်ဘိ မြတ်သိက္ခာ"

သမာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ၊ သူတို့က သမာဓိ သိက္ခာ စိတ်လုံခြုံအောင် ထိန်းသိမ်းရသော တာဝန်ပေါ့၊ စိတ်ဆိုတာ ပစ်စလက်ခတ်ထားရင် ကိလေသာ နီဝရဏတွေ အင်မတန် ဒုက္ခပေးတယ်။ **ကိလေသာတွေ ရှုပ်ထွေးစွာ နှိပ်စက်လာကတည်းက စိတ်မှာ ကိုယ်ပိုင်စွမ်းအား ဘာမှမကျန်တော့ဘူး။ ကိလေသာ နီဝရဏခိုင်းတာတွေ အကုန်လျှောက်လုပ်နေတော့တာ။** ကိုယ်ပိုင်ရယ်လို့ တစ်ခုမရဘူးတဲ့၊ စိတ်မှာ လုံခြုံမှုလည်း လုံးဝမရပါဘူး။ လုံခြုံမှုရအောင်လို့ သမာဓိသိက္ခာဆိုတာ ဖြည့်ရတယ်။ ဖြည့်တဲ့အခါမှာ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိတဲ့၊ သူတို့သုံးပါးက သမာဓိသိက္ခာ။

သမာဓိသိက္ခာရှိတဲ့အခါမှာ ဝီရိယနဲ့ အရမ်းတွန်းရမှာတော့ မဟုတ်ဘူးတဲ့။ အထိန်းလေးနှစ်ပါးပါတယ်။ နေ့တိုင်းနေ့တိုင်း စားဝတ်နေရေးကိစ္စ အစရှိသည်ဖြင့် လှုပ်ရှားအားထုတ်နေကြတာပါပဲ။ အားထုတ်တိုင်း သမာဓိမရဘူးဆိုတာ ဘာဖြစ်လို့လည်းဆိုတော့ အထိန်းမပါလို့တဲ့၊ ထမင်းချက်တဲ့အခါ ရေတစ်ပေါက်မှ မထည့်ဘဲနဲ့ မီးဖိုပေါ်တင်ပြီးတော့ မီးချည်းဖိထိုးနေသလိုဖြစ်နေကြတယ်။ ရေမထည့်ဘဲနဲ့ မီးချည်းဖိထိုးနေရင် ဆန်တွေ ကျွမ်းကုန်မှာပေါ့။ ထမင်း ဘယ်ဖြစ်တော့မလဲ။ အဲဒါမျိုးလိုပေါ့တဲ့။ သတိ၊ သမာဓိဆိုတဲ့ ရေမပါဘဲနဲ့ အထိန်းမပါဘဲနဲ့ စိတ်ဆိုတဲ့ ဆန်ကို ဝီရိယမီး

ဖိထိုးပြီးတော့မှ အဲဒီလို ချက်နေကြတော့ စိတ်မှာ သမာဓိ ပေါ်မလာဘူးတဲ့၊ ငြိမ်းအေးမှု တည်ငြိမ်မှုတွေ မလာဘူး။ ဥဒ္ဒစ္စတွေသာ ဖြစ်ပြီးတော့မှ ပူလောင်ရှုပ်ထွေးစွာ ဟောလို နေရတာ။ ဒါကြောင့် သမာဓိရအောင် အားထုတ်မှုဆိုတာ သတိနဲ့ အာရုံကို ပုံဖော်လို့ အာရုံနဲ့ စိတ်ကို ချပ်ချပ်ရပ်ရပ် ကပ်ပေးလို့ စိတ်ဟာ အာရုံပေါ်မှာ နေရာရပြီးဆိုကာမှ သမာဓိနဲ့ ပိုင်ပိုင်နိုင်နိုင် စူးစိုက်လို့ သတိနဲ့ ပိုင်ပိုင်နိုင်နိုင် စူးစိုက်လို့ သတိနဲ့သမာဓိ နေရာယူစူးစိုက်ပြီးပြီဆိုရင် ခုနက ဝီရိယနဲ့ တွန်းပါတော့၊ ရှင်းခနဲ ရှင်းခနဲ၊ ရှင်းခနဲ သမာဓိတွေဟာ အင်လိုက်အားလိုက် ပေါ်လာကြမှာပါ။ ဒါကြောင့် လုံ့လဝီရိယ အားထုတ်တဲ့အခါမှာ သတိနဲ့ သမာဓိ ပါရမှာတဲ့။

"ကောင်းစွာကြိုးစား၊ သတိထား၍ ကောင်းကြားတည်ကြည်၊
ဤသုံးလီတည့်၊ သမာဓိ၊ ကျင့်ဘိ မြတ်သိက္ခာ"

## သာသနာ့ကျင့်စဉ် ဗဟိုချက်မ

သမာဓိကို သာသနာ့ကျင့်စဉ်ဗဟိုချက်မလို့လည်း ခေါ်ရတယ်၊ ဘာဖြစ်လို့လည်းဆိုတော့ သမာဓိရလာရင် စိတ်သောင်းကျန်းမှုမရှိတော့ဘူး၊ စိတ်သောင်းကျန်းမှုမရှိရင် ကိုယ်နဲ့နှုတ်သောင်းကျန်းမှုကိုလည်း တစ်ခါတည်း ထိန်းပြီးသားဖြစ်သွားတယ်၊ အောက်က သီလဟာ အလိုလိုထိန်းပြီးသားဖြစ်သွားတယ်၊ ပြီးတော့မှ စိတ်တည်ငြိမ်မှ အသိဉာဏ်ဟာ ရှင်းရှင်းလင်းလင်းပေါ်လာနိုင်တာ ဖြစ်တာကြောင့် ပညာသိက္ခာဆိုတဲ့ အထက်သိက္ခာကိုလည်း လမ်းဖွင့်ပေးတယ်၊ ဒါကြောင့် အလယ်ကနေပြီးတော့ အောက်ကသီလကိ

လည်း ထိန်းပေးတယ်၊ အထက်က ပညာသိက္ခာကိုလည်း လမ်းဖွင့်ပေးတယ်၊ အဲဒါကြောင့် သမာဓိကို သာသနာကျင့်စဉ်ရဲ့ ဗဟိုချက်မတရားလို့လည်း ခေါ်ပါတယ်။

"ကောင်းစွာကြိုးစား၊ သတိထား၍ ကောင်းပြားတည်ကြည်၊ ဤသုံးလီတည့်၊ သမာဓိ၊ ကျင့်ဘိမြတ်သိက္ခာ။ သိက္ခာသုံးရပ်၊ အကျင့်မြတ်၊ မပြတ်ဖြည့်စရာ"

## သာသနာ့ကျင့်စဉ်အချုပ်၊ အားမှလုပ်ရမှာမဟုတ်

သိက္ခာသုံးပါးဟာ သာသနာကျင့်စဉ် အချုပ်ပဲ၊ မပြတ်ဖြည့်စရာတဲ့၊ အားမှ လုပ်ရမှာလည်း မဟုတ်ဘူး၊ ပိုက်ဆံပေါခါမှ လုပ်ရမှာလည်း မဟုတ်ဘူး၊ အသက်ကြီးခါမှ လုပ်ရမှာလည်း မဟုတ်ဘူးတဲ့၊ မပြတ်ဖြည့်စရာ၊ ထမင်းစားလည်း ဖြည့်နေရမှာပဲ၊ လမ်းသွားလည်း ဖြည့်နေရမှာပဲ၊ ထမင်းချက်လည်း ဖြည့်နေရမှာပဲ၊ မြင်တာ ကြားတာ ကိစ္စခပ်သိမ်း ဘယ်နေရာမှာမဆို ပြည့်ရအောင် ဖြည့်နေရမှာပဲ၊ ရလာတဲ့ လူ့ဘဝသက်တမ်းလေးက အင်မတန်တိုတော့၊ ဒါက စား,ဝတ်,နေရေးအချိန်၊ ဒါက သိက္ခာသုံးပါးဖြည့်တဲ့ အချိန်လို့ နှစ်မျိုးခွဲ မနေနိုင်ဘူး၊ ခန္ဓာဝန် ထမ်းဆောင်တဲ့ ကိစ္စထဲမှာပဲ သိက္ခာသုံးရပ်အကျင့်မြတ်ဖြစ်တဲ့ အလုပ်ကလေးကို ထည့်ပေးရမှာပေါ့၊

"သိက္ခာသုံးရပ်၊ အကျင့်မြတ် မပြတ်ဖြည့်စရာ။ နိဗ္ဗာန်ရောက်ကြောင်း၊ တရားကောင်း၊ ကြာညောင်းသော်လည်း မဟောင်းပါ"

အဲဒါ နိဗ္ဗာန်ရောက်ကြောင်းတရားပဲ၊ ဒါမှ လုပ်တဲ့အခါလည်းပဲ အဲဒီ လမ်းကြောင်းအတိုင်း လုပ်ရမှာတဲ့၊ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်း သိက္ခာသုံးရပ်အကျင့်မြတ်ခေါ်တဲ့ မဂ္ဂင်

ရှစ်ပါးကတော့ ကြာညှောင်းသော်လည်း မဟောင်းပါ။ ဘယ်လောက်ပဲ ကြာကြာ ဟောင်းတယ်လို့ မရှိ၊ ခေတ်နောက်ကျတယ်လို့ မရှိ၊ အမြဲတမ်း သစ်လွင်တောက်ပ နေတာပါပဲ၊ အတိတ်က ဂင်္ဂါဝါဠုသဲစုမက အဆူဆူပွင့်တော်မူတဲ့ ဘုရားရှင်တွေ လက်ထက်တုန်းကလည်း ဒီကျင့်စဉ်တွေပဲ၊ နိဗ္ဗာန်ကို သွားခဲ့ကြတယ်၊ ယခု ဦးတည်သွားကြတဲ့ သူတော်ကောင်းတွေဟာ အဲဒီကျင့်စဉ် သိက္ခာသုံးရပ် အကျင့်မြတ်လမ်းကြောင်းနဲ့ပဲ သွားနေတုန်း၊ သွားနေဆဲပဲ။ နောင် အနာဂတ်ကာလမှာ ဂင်္ဂါဝါဠုသဲစုမက ပွင့်တော်မူလတ္တံ့ဖြစ်ကုန်သော ဘုရားအဆူဆူလက်ထက်မှာလည်းပဲ ဤသိက္ခာသုံးရပ် အကျင့်မြတ် လမ်းကြောင်းအတိုင်းပဲ နိဗ္ဗာန်သွားကြရမှာတဲ့၊ နိဗ္ဗာန်ရောက်ကြောင်း၊ တရားကောင်း ကြာညှောင်းသော်လည်း မဟောင်းပါ။ အဲဒါလိုက်ဆိုကြ–

- ကောင်းစွာသိမြင်၊ ကြံစည်လျှင်၊ စွမ်းအင် မြတ်ပညာ။
- ကောင်းစွာပြောမှု၊ ကောင်းစွာပြုပေး၊ သက်မွေးမှန်ကန်၊ ဤသုံးတန်၊ ကျင့်ရန်သီလသာ။ ,
- ကောင်းစွာကြိုးစား၊ သတိထား၍၊ ကောင်းပြားတည်ကြည်၊
  ဤသုံးလီတည်၊ သမာဓိ၊ ကျင့်ဘိမြတ်သိက္ခာ၊
- သိက္ခာသုံးရပ်၊ အကျင့်မြတ်၊ မပြတ်ဖြည့်စရာ။
- နိဗ္ဗာန်ရောက်ကြောင်း၊ တရားကောင်း ကြာညှောင်းသော်လည်း မဟောင်းပါ။

ဒါကြောင့်သိက္ခာသုံးပါး. လူ့စွမ်းအားဆိုတာ ဖြည့်ကျင့်သလောက် တက်သွားမှာပဲ၊ အဲဒါဘယ်တော့မှ မဟောင်းနိုင်မရိုးနိုင်တဲ့ ကျင့်စဉ်တရားတွေပါ။ စွမ်းအင်ရှစ်ပါးမဂ္ဂသစ္စာ လောကီ

မဂ္ဂသစ္စာပေါ့၊ မဂ္ဂင်ရှစ်ပါးပွားလိုက်တဲ့အခါ ချုံးလိုက်တဲ့အခါ သိက္ခာသုံးပါးပေါ့၊ ဒါနဲ့ သိက္ခာသုံးပါးမှတ်လို့ လွယ်အောင်ဆိုရင်–

## သိက္ခာသုံးရပ် အလွယ်မှတ်

"စည်းကမ်းလိုက်နာ၊ စူးစိုက်ကာ၊ ရှိတာမြင်အောင်ကြည့်။ အကျဉ်းချုံးမှာ၊ ကျင့်စရာ၊ သိက္ခာသုံးပါးရှိ"တဲ့။

## သီလသိက္ခာ

စည်းကမ်းလိုက်နာဆိုတာ သီလသိက္ခာပြောတာ၊ ကိုယ်နဲ့ နှုတ်နှစ်ပါးကို ပိုင်ပိုင်နိုင်နိုင် စည်းကမ်းဘောင်အတွင်း ခတ်ပြီး ဘောင်ခတ်ပြီးတော့မှ၊ ထိန်းသိမ်းပြီးတော့မှ ကောင်းစွာထားပြီးတော့ နေတာက ဟောဒါက သီလသိက္ခာတဲ့၊ ကိုယ်နှင့် နှုတ်နှစ်ပါးကို ကောင်းစွာထိန်းပြီးတော့မှ စည်းကမ်းလိုက်နာတာက သီလသိက္ခာ၊ ငါးပါးသီလ၊ ရှစ်ပါးသီလစသည်ဖြင့် လူ့ကျင့်ဝတ်သီလအရပ်ရပ်၊ အိမ်ထောင်ရေးစည်းကမ်း၊ ကျောင်းစည်းကမ်း၊ ရုံးစည်းကမ်း၊ နိုင်ငံရဲ့ စည်းကမ်း၊ စည်းကမ်းအရပ်ရပ်ပေါ့၊ ငါးပါးသီလပြောရင် အားလုံးပါကြတော့တာပါပဲ၊ အေး စည်းကမ်းလိုက်နာတာက အဲဒါက သီလသိက္ခာ၊ သီလကို ဗမာလိုပြန်လိုက်ရင် စည်းကမ်းကို ပြောတာပါ။

## သမာဓိသိက္ခာ

စူးစိုက်ကာ– ဒါက သမာဓိသိက္ခာကို ပြောတာ၊ ဘယ်အာရုံပဲ ယူယူပေါ့တဲ့၊ သမ္မာဝါယာမနဲ့ တွဲရင် သတိနဲ့ အာရုံကို ပထမပုံဖော်လို့ အာရုံနဲ့စိတ်ကို ရှေးဦးစွာကပ်ပေးပြီးကာမှ၊ လုံ့လ

ဝီရိယတွန်း၊ သမာဓိနဲ့ စူးစိုက်ပြီးကာမှ လုံ့လဝိရိယနဲ့တွန်းတဲ့၊ အာရုံကိုယူတဲ့အခါမှာ ဘယ်အာရုံကိုပဲ ယူယူ၊ အာရုံထိန်းဘရိတ်၊ စိတ်ထိန်းဘရိတ်ကလေးနဲ့ အမြဲတမ်း စိတ်ကို အဲလိုထားပါတဲ့၊ စိတ်ကို ပစ်စလတ်ခတ် ဘယ်အချိန်မှ မထားပဲ စားတာသောက်တာ၊ သွားတာလာတာ၊ နေတာထိုင်တာ၊ လုပ်တာကိုင်တာ၊ ကြားတာ မြင်တာ ကိစ္စခပ်သိမ်းအကုန်လုံးမှာ အာရုံအပေါ်မှာ စိတ်ကလေးကို သတိနဲ့ စူးစူးစိုက်စိုက် ချုပ်ချုပ်ရပ်ရပ်ကလေး ဟောဒီလို ထားလိုက်မယ် ဆိုလို့ရှိရင် ဘယ်တော့မှ ရှုပ်ရက်ခတ်မနေပါဘူး၊ ရှင်းခနဲ ရှင်းခနဲ စိတ်က ချေးချွတ်ဆေးကြောပြီးသား ဖြစ်တယ်။

သမာဓိ ဆိုတာ စိတ်ကို ချေးချွတ်ဆေးကြောရတဲ့ အလုပ် ဖြစ်တာကြောင့် **သမထ**လို့လဲခေါ်တယ်။ ထားလိုတဲ့ အာရုံမှာ ထားလိုတဲ့ အပိုင်းအခြားအတွင်း ထားလိုတဲ့ ပုံစံအတိုင်း ထားနိုင်တာဖြစ်သောကြောင့် **သမာဓိ**လို့လဲခေါ်တယ်၊ စိတ်ကို ချေးချွတ်ဆေးကြောရသော အလုပ်ဖြစ်သောကြောင့် သမထလို့လဲ ခေါ်တယ်။ သီးခြားအချိန်ယူပြီး မပွားရင်တောင်မှဘဲ သွားတာလာတာ၊ နေတာထိုင်တာ၊ လုပ်တာကိုင်တာ၊ စားတာသောက်တာ ကိစ္စခပ်သိမ်းမှာလည်းပဲ အာရုံထိန်းတဲ့ ဘရိတ်ကလေး စိတ်ထိန်းတဲ့ ဘရိတ်ကလေးနဲ့ အဲလိုသတိလေးနဲ့ ထားပြီးတော့ ယူတတ်လို့ရှိရင် ရှေ့နောက်စပ်သွားပြီး သမာဓိလေးတွေက ပေါ်ပေါ်လာတာပဲ၊ ဒါကြောင့် စိတ်ကို ဘယ်အချိန်မှ ပစ်စလက်ခတ်မထားဘဲနဲ့ ငြိမ်ငြိမ်ကလေးထားလို့ရှိရင် အလုပ်လုပ်ရတာလည်း အကုန်လုံးအဆင်ပြေတယ်၊ စိတ်ကလည်း အမြဲတမ်း ရှင်းနေတော့တာပဲ။

ဒါကြောင့် စူးစိုက်တယ်ဆိုတာ အာရုံကို စူးစူးစိုက်စိုက် ဘုရားရှိခိုးတာ၊ ဘုရားအာရုံပြုတာ၊ မေတ္တာပို့တာ၊ ထွက်လေဝင်လေ

ရှုမှတ်တာ၊ အစခပ်သိမ်း ဘယ်အာရုံပဲ ယူယူပေါ့ သီးခြားအချိန်ယူပွား တာရော၊ သီးခြား အချိန်ယူမပွားတဲ့အခါမှာလည်း အာရုံကို ဘယ်အာရုံပဲယူယူ စိတ်ကို တည်တည်ငြိမ်ငြိမ် ရှုးရှုးစိုက်စိုက်၊ အစ, အလယ်, အဆုံး အကုန်လုံးသိအောင် အဲဒီလိုယူတတ်ပါစေတဲ့၊ အလေ့အကျင့်ကို လုပ်ထားရမှာပဲ၊ စည်းကမ်းလိုက်နာ ရှုးစိုက်ကာ၊ ရှိတာ မြင်အောင်ကြည့်။

## ပညာသိက္ခာ

ပညာသိက္ခာဆိုတာ ရှိတာမြင်အောင် ကြည့်ရတာ၊ လောကီ အသက်မွေးဝမ်းကျောင်း ပညာတွေတောင်မှ ရှိတာ မြင်အောင် ကြည့်ရတာပဲ၊ ဒီဓာတ်မှာ ဘယ်လိုသတ္တိရှိတယ်၊ ဘာနဲ့ ဘာကို ပေါင်းစပ်တော့ ဘယ်လိုဖြစ်လာတယ် စသည်ဖြင့် အဲလိုကြည့်ရတာပဲ၊ တရားပိုင်းဆိုင်ရာပညာဆိုတာက မပြောနဲ့၊ ရှိတာကို ကြည့်ရတာ ကမ္မဿကတာ သမ္မာဒိဋ္ဌိဆိုရင် ကံအရှိကို မြင်အောင်ကြည့်ရတယ်၊ အဓိကအားဖြင့် ဝိပဿနာသမ္မာဒိဋ္ဌိပေါ့၊ ဝိပဿနာသမ္မာဒိဋ္ဌိက ရုပ်နာမ်ခန္ဓာရဲ့ အရှိကို မြင်အောင်ကြည့်ရတယ်၊ အဲလိုရှိတာကို မြင်အောင်ကြည့်ရတာဟာ ပညာသိက္ခာပါ၊ သမာဓိရှိမှလည်း ရှိတာ မြင်အောင်ကြည့်နိုင်မှာပါ။

"စည်းကမ်းလိုက်နာ၊ ရှုးစိုက်ကာ၊ ရှိတာမြင်အောင်ကြည့်။
အကျဉ်းချုပ်မှာ၊ ကျင့်စရာ၊ သိက္ခာ သုံးပါးရှိ။
သိက္ခာသုံးပါး၊ ပြည့်ကျင့်ခြားက၊ အများတကာ၊
အားကိုးရာ၊ ကိုယ့်မှာ ခွမ်းအားပြည့်။"

## အများတကာ အားကိုးရာ

သိက္ခာသုံးပါးဖြည့်ကျင့်လို့ရှိရင် အများတကာ အားကိုးရာလည်း ဖြစ်တယ်၊ ကိုယ့်အရိပ်ကို သူများအတွက်လဲ ပေးလို့ရတယ်၊ ကိုယ့်မှာ စွမ်းအားပြည့်ရင် ကိုယ့်အရိပ်ကို ကိုယ် ကောင်းကောင်း ခိုလို့ရတယ်၊ ဘဝကူးကြောက်စရာမလိုဘူး၊ သံသရာခရီးနိဗ္ဗာန်ကူး တဲ့အခါ ဘယ်လောက်ရှည်ပါစေ၊ ကြမ်းပါစေ၊ အန္တရာယ်ပေါပါစေ၊ အဆင်းအတက်များပါစေ၊ သူ့မှာ အင်အားပါသွားတာမို့လို့ ကြောက်စရာမလိုဘူးတဲ့၊ ဒါကြောင့် သိက္ခာသုံးပါးဖြည့်ကျင့်လို့ရှိရင် ကိုယ့်အရိပ်ကို သူများအတွက်ရော မိမိအတွက်ပါ အကုန်ပေးလို့ ရတယ်။

"သိက္ခာသုံးပါး၊ ဖြည့်ကျင့်ငြားက၊ အများတကာ၊
အားကိုးရာ၊ ကိုယ့်မှာစွမ်းအားပြည့်၊
ကြီးလေလှလေ၊ အေးမြပေ၊ လူတွေ ချစ်ကြ၏ " တဲ့။

## ကြီးလေလှလေ ခန့်ငြားလေ

သိက္ခာသုံးပါးကလည်း ကြီးလေ လှလေ၊ ကြီးလေ ခန့်ငြားလေ၊ ကြီးလေ ထယ်ဝါလေ၊ ကြီးလေ ကျက်သရေရှိလေပဲ၊ လောကစိန်ရွှေ စတဲ့ ရတနာတွေက သူ့အရွယ်နဲ့သူ သူ့နေရာနဲ့သူသာ ဆင်လို့ရတာကိုး၊ အသက်ကြီးလာတဲ့အခါ အဲဒါတွေ ဆင်လိုက်တဲ့ အခါ ဘယ်သူကမှ အကောင်းမမြင်ကြပါဘူး၊ ဟောဒီ သိက္ခာသုံးပါး ဆိုတဲ့ အလှတန်ဆာတွေကတော့ အခါမရွေး၊ နေရာမရွေး၊ အရွယ်မရွေး၊ အခါခပ်သိမ်းလှတယ်တဲ့၊ ကြီးရင်ပိုပေါင် လှတယ်၊

အကျင့်သိက္ခာ မပါဘဲနဲ့ အသက်ကြီးသွားရင်တော့ အဖိုးကြီး အဖွားကြီးပဲ၊ ကြီးတာပဲဆိုတာပဲ ရှိတယ်၊ ဘာမှ အင်အားမပါဘူး။

## ကြီးတာက နှစ်မျိုး

ကြီးတာက နှစ်မျိုးရှိတယ်။

(၁) အကျင့်အားဖြင့် ကြီးခြင်း၊

(၂) အရွယ်အားဖြင့် ကြီးခြင်း၊

အရွယ်အားဖြင့် ကြီးတာက ဘမင်အားထုတ်နေရတာမှ မဟုတ်ဘဲ၊ ဇရာက သူဟာသူ အလုပ်လုပ်သွားတာပဲ။

အကျင့်အားဖြင့် ကြီးတာကတော့ တမင်ကို အစီအစဉ်နှင့် အကွက်ချ အားထုတ်တော့မှ ရနိုင်တဲ့ စွမ်းအား ဖြစ်တယ်။ ဒါကြောင့် သိက္ခာသုံးပါးဆိုတာ တမင်အားထုတ်လို့ ရလာသော အလှ၊ အကျင့်အားဖြင့် ကြီးသွားတာဖြစ်လို့ အိုတာ မဟုတ်ပါဘူးတဲ့၊ ခန့်ငြားနေတာပါ၊ လှနေတာပါတဲ့-

"ကြီးလေ လှလေ၊ အေးမြပေ၊ လူတွေ ချစ်ကြ၏"

## သိက္ခာသုံးပါး လူ့စွမ်းအား

အေးမြတာပေါ့၊ အင်အားတွေရနေတာကိုး၊ လူတွေချစ်ကြ၏။ လူတွေကလည်း ချစ်လိုက်ကြတာ လူထင်ဘယ်ကလို့လဲ နတ်တွေလည်း ချစ်ကြတာပေါ့၊ အားလုံးချစ်ကြတာပေါ့၊ ကိုယ့်ဟာ ကိုယ်တောင် ပြန်ချစ်ရတာပဲ၊ ဒါကြောင့် သိက္ခာသုံးပါးဟာ လူရဲ့စွမ်းအားပါတဲ့၊ အဲဒါလဲ လိုက်ဆိုကြ-

- ခည်းကပ်းလိုက်နာ၊ စူးစိုက်ကာ၊ ရှိတာပြင်အောင်ကြည့်။
  အကျဉ်းချုပ်မှာ၊ ကျင့်စရာ၊ သိက္ခာသုံးပါးရှိ။
  သိက္ခာသုံးပါး၊ ပြည့်ကျင်းငြားက၊ အများတကာ၊
  အားကိုးရာ၊ ကိုယ့်မှာ စွမ်းအားပြည့်။
- ကြီးလေ လှလေ၊ အေးမြပေ၊ လူတွေချစ်ကြ၏။

အဲဒါလူစွမ်းအားအစစ်ဆိုတော့ ကိုယ့်ဟာကိုယ်လည်း ချစ်ရတယ်၊ ပတ်ဝန်းကျင်ကလည်း ချစ်ရတယ်တဲ့၊ အင်မတန် အရိပ်ကောင်းပါတယ်။

## ကျွန်းမလေးမပြည့်စုံ

ဒါကြောင့် အဲလိုသိက္ခာသုံးပါး လူစွမ်းအားဟာ အဖိုတန်လှပြီဖြစ်သောကြောင့် အဲဒီ သိက္ခာသုံးပါး လူစွမ်းအားတရားမြတ်ကို မြတ်စွာဘုရား ရာဇဂြိုဟ်မြို့မှာ သီတင်းသုံးတော်မူစဉ် ဟောပြီးတော့ ပေးတော်မူခဲ့ပါတယ်။

မြတ်စွာဘုရား ရာဇဂြိုဟ်မြို့ ဂိဇ္ဈကုဋ်တောင်မှာ သီတင်းတော်မူစဉ်တုံးက ရာဇဂြိုဟ်မြို့အတွင်းမှာ ရာဇဂြိုဟ်သူဋ္ဌေးအိမ်မှာ ပုဏ္ဏာအမည် ရှိတဲ့ ကျွန်မလေးတစ်ယောက်ရှိတယ်။ ပုဏ္ဏာဆိုတာ မြန်မာလိုတော့ "မပြည့်စုံ"ပေါ့၊ "မပြည့်စုံ"တဲ့ နာမည်ကသာ မပြည့်စုံပြောရတာ၊ စားဝတ်နေရေး ဘာမှ မပြည့်စုံပါဘူး၊ သူများအိမ်မှာ ကျွန်အလုပ်လုပ် နေရတာ၊ ရာဇဂြိုဟ်သူဋ္ဌေးအိမ်မှာ ကျွန်အလုပ်လုပ်နေရတာမို့လို့ နာမည်ကတစ်ခြား၊ ရှိတာက တစ်ခြားပါ။ သူ့မှာ တစ်ခုအားတက် စရာကောင်းတာက

သဒ္ဓါတရားရှိတယ်၊ သဒ္ဓါတရားရှိသူကို သူဆင်းရဲ လူမွဲလို့ ခေါ်လို့ရတာမှ မဟုတ်ဘဲ။

ပစ္စည်းတွေ ဘယ်လောက်ပဲ ပြည့်စုံကြွယ်ဝပေမယ့်၊ သဒ္ဓါတရား မရှိရင် လူမွဲပဲ၊ လူဆင်းရဲပဲ၊ တရားအနေက ဒီအတိုင်းပဲ သတ်မှတ်ထားပါတယ်။ ပစ္စည်းဘဏ္ဍာ သန်းပဲ ကြွယ်ဝပါစေ၊ ကိုယ့်ဟာကိုယ်တောင်မှ မယုံဘူးဆိုရင် တရားစွမ်းအားကိုတောင်မှ မယုံဘူးဆိုရင် သဒ္ဓါတရားမရှိဘူးဆိုရင် လူမွဲတွေတဲ့၊ လူဆင်းရဲတွေ စိတ်ချမ်းသာမဲ့အလုပ်ကို လုပ်မှမလုပ်ဘဲ။

ပစ္စည်းမွဲပါစေ၊ ဆင်းရဲပါစေ၊ သဒ္ဓါတရားသာရှိမယ်ဆိုလို့ရှိရင် အဲဒါ လူမွဲလူဆင်းရဲမဟုတ်ဘူးတဲ့ လူချမ်းသာလို့ပဲ ခေါ်ရတယ်၊ ဒါကြောင့် လောကအနေကြည့်မယ်ဆိုရင် မပြည့်စုံဆိုတဲ့ ကျွန်မကလေး ဟာ သူများအိမ်မှာ အစေအပါးကျွန်မဘဝနဲ့ နေရသော်လဲပဲ သဒ္ဓါတရားဆိုတဲ့ အဖိုးတန်ရတနာရှိနေသောကြောင့်မို့လို့ သူဟာ တရားအလုပ်ကို စိတ်ဝင်စားတယ်တဲ့။

စိတ်ဝင်စားတော့ ရာဇဂြိုဟ် သူဌေးအိမ်မှာ ဆောင်ရွက်စရာ ကိစ္စမှန်သမျှ လုပ်တဲ့အခါ ဝတ်ကျေတန်းကျေ ဘယ်တော့မှ မလုပ်ဘူး၊ သဒ္ဓါတရားရှိတာကိုး အသိဉာဏ်ကလည်း အတိုက် အလျှောက်ရှိတာကိုး၊ တရားဗဟုသုတကလည်း တရားကို ရံဖန် ရံခါ နာထားတာမို့လို့ တရားသိတာကိုး၊ အဲတာကြောင့်မို့လို့ ပြီးစလွယ်မလုပ်ဘူး။

သူများအလုပ်ကို လုပ်ခြင်းသည်ပင်လျှင် ငါ့အလုပ်ကို လုပ်နေတာပဲတဲ့၊ သူများကို ကောင်းစေချင်မှ ငါလည်း ကောင်းမှာပေါ့၊ ဒါကြောင့် သူများရဲ့ ကိစ္စတွေကို အကောင်းဆုံးဖြစ်အောင်

ငါလုပ်ပေးမှ ငါ့အလုပ်ကိုလည်း ကောင်းမွန်စွာ အကောင်းဆုံးဖြစ်အောင် လုပ်ပေးရာရောက်မှာပေါ့လို့ မေတ္တာ၊ စေတနာ၊ သဒ္ဓါတရား သန့်သန့်လေးထားပြီးတော့ ကြိုးကြိုးစားစား ရိုးရိုးသားသား အင်မတန် ကြိုးစားတယ်၊ မသမာမှုတစ်ခုမှ မလုပ်ဘူးတဲ့။

ရိုးရိုးသားသား ကြိုးကြိုးစားစား နိုးနိုးကြားကြားနဲ့ အင်မတန်မှ တက်တက်ကြွကြွ ဆောင်ရွက်တတ်တယ်။ "အဲလေ ငါဟာ ဆင်းရဲသူမလေးဖြစ်ပေမယ့်လို့လည်းပဲ သဒ္ဓါတရားရှိတယ်ဆိုတော့ သူများတွေလို စိန်တွေ ရွှေတွေ တောက်ပြောင်နေအောင် အလှ မဆင်နိုင်ပေမယ့် ရတနာသုံးပါးနှင့် ငါ့ခန္ဓာကိုယ်ကို ငါ့စိတ်နှလုံးကို အလှဆင်နိုင်သားပဲ၊ ဒါကြောင့် ငါဘာမှ အားငယ်စရာမလို"တဲ့၊

မပြည့်စုံလေ ကိုယ့်ဟာကိုယ် အားပေးတတ်လိုက်တာ၊ သူများတွေလို စိန်တွေ ရွှေတွေနဲ့ တောက်ပြောင်အောင်အလှဆင်နိုင်ပေမယ့်၊ ငါ့မှာ သဒ္ဓါတရားပစ္စည်း ရှိနေတဲ့အတွက် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးနဲ့ ငါ့စိတ်နှလုံး ခန္ဓာအစဉ်ကို ခန့်ငြားအောင်၊ ထယ်ဝါအောင်၊ ကြက်သရေရှိအောင် ငါအလှ ဆင်နိုင်သားပဲ၊ ဒါကြောင့် ငါ ဘာမှ အားငယ်စရာမလိုတဲ့၊ ရတနာသုံးပါး ငါ့စိတ် နှလုံးအစဉ်မှာ အမြဲတမ်းကိန်း၍ နေတာဖြစ်သောကြောင့် ငါ့ခန္ဓာကိုယ်၊ စိတ်ရဲ့အစဉ်မှာ ရတနာသုံးပါးဂုဏ်ဖြင့် လွှမ်းခြုံတာဖြစ်၍နေသောကြောင့် ရတနာသုံးပါးကိန်းတဲ့စေတီကြီးလို ဖြစ်နေတယ်၊ စေတီကြီး အိမ်ကြီးလို ဖြစ်နေတယ်၊ ငါ့ခန္ဓာ ငါ့စိတ်နှလုံးအစဉ်မှာ ရတနာသုံးပါးကိန်းနေတော့ ငါ ဘာမှပူစရာလည်း မလိုပါဘူးလေ၊ အားငယ်စရာလည်း မလိုပါဘူးတဲ့၊ ကိုယ့်ဟာကိုယ် အားပေးတတ်လိုက်တာ။

တစ်ခါ သဒ္ဓါတရားပစ္စည်းဥစ္စာ ရှိနေတော့ သူများတွေလို စိန်တွေ ရွှေတွေ အဖိုးတန်တွေနဲ့ အလှအပ မဆင်နိုင်ပေမယ့်၊ ငါးပါးသီလအလှနဲ့ ငါ့ခန္ဓာကိုယ်ကြီး လှအောင်ဆင်မှာပေါ့တဲ့၊ **"သီလဟာ အလှဆုံးတန်ဆာ"** လို့ ဘုရားကဟောထားတာပဲ၊ မည်မျှပင် အဖိုးတန်ပစ္စည်းတွေနဲ့ အလှဆင်ထားပေမယ့် အကျင့်စာရိတ္တမကောင်းတော့ အလကားပဲ၊ အပြင်ဘက်သာကြည့်ကောင်းအောင်လုပ်တာ အတွင်းမှာ ဘာမှ မရှိပါဘူးတဲ့။

မပြည့်စုံလေးက ဟောဒီလို မဟုတ်ဘူး၊ အပြင်ဘက်က တောက်ပြောင်တာတွေ မဝတ်နိုင်ပေမယ့် သဒ္ဓါတရားပစ္စည်းဥစ္စာနှင့် ငါးပါးသီလ၊ ကိုယ်ကျင့်သီလတရားကို မိမိခန္ဓာကိုယ်မှာ အလှဆင်ပြီးတော့မှ မြင့်တင်ပြီးမှ နေနိုင်တာဖြစ်သောကြောင့် ငါ ဘာမှ အားငယ်စရာ မလိုဘူးတဲ့၊ ငါးပါးသီလလည်း လုံခြုံအောင်ထိန်းသိမ်းပါတယ်၊ ပြီးတော့ မေတ္တာတရားလည်း ထားတယ်၊ မိမိရဲ့ အရှင်သခင်ဖြစ်တဲ့ ရာဇဂြိုဟ်သူဌေးအပါအဝင် မိသားစုတွေ အိမ်သူအိမ်သားတွေအပေါ်မှာလည်း အမြဲတမ်းမေတ္တာထားလို့ မြို့သူမြို့သားတွေအပေါ်မှာ မေတ္တာပွားလို့၊ သတ္တဝါအကုန်လုံးအပေါ်မှာ မေတ္တာလွှမ်းခြုံလို့ ဟောဒီလို မေတ္တာကိုလည်း ထားပြီးတော့မှ သမာဓိသိက္ခာကိုလည်း ဖြည့်ကျင့်လို့ နေပါတယ်။

တစ်ခါ တရားဗဟုသုတလည်း အထိုက်အလျောက်ရှိတော့ အသိဉာဏ်ပညာနဲ့လည်း ဦးတည်ပြီးတော့မှ လုပ်တယ်၊ သူများအိမ်မှာ အစေအပါးအလုပ်ကို လုပ်ရပေမယ့် ဝတ်ကျေတန်းကျေမဟုတ်ဘဲ ကုသိုလ်ဖြစ်လုပ်တတ်တယ်၊ ဆင်းရဲမှုကို အခြခံပြီးတော့မှ ချမ်းသာမဲ့ လမ်းစဉ်နောက်ကို သူ လိုက်တတ်တာပဲ။

ဆင်းရဲခြင်းနောက်မှာ ချမ်းသာရှိပါတယ်။

သူ အဲလိုမြင်ထားတယ်၊ အတိတ်က ငါ ဒါန နည်းခဲ့လို့သာ လူမွဲဖြစ်ပြီးတော့ သူများအိမ်မှာ အစေအပါး ကျွန်မဘဝနဲ့ နေရတာလေ၊ အဲလိုဆိုရင် ပိုပြီးတော့ သတိသံဝေဂ ရှေ့ထားပြီးတော့ ဉာဏ်ဦးစီးပြီး လုပ်ကိုင်သမျှ အကောင်းဖြစ်အောင် လုပ်ရမှာပေါ့၊ ဆင်းရဲတဲ့ နေရာကနေ ဆင်းရဲတဲ့နေရာပြန်ပြီးတော့ သွားလို့ကတော့ ဘယ်ဖြစ်မလဲ၊ စိတ်ဆင်းရဲတာကို အခြေခံပြီးတော့ ချမ်းသာတဲ့ လမ်းကို ငါလိုက်မှ ဖြစ်မှာပေါ့။

အမြင်ရှင်းလိုက်တဲ့ အမျိုးသမီးပဲ၊ ဆင်းရဲနောက်မှာ ချမ်းသာ ရှိတယ်တဲ့။

"ချမ်းသာကိုစွန့် နောက်မတွန့်ဘဲ၊
ရဲဝံ့ပြင်းထန်၊ လမ်းမှန်အလုပ်၊
စွမ်းအားထုတ်က၊ ဒုက္ခအများ၊
တွေ့ရငြားလည်း၊ ဆင်းရဲနောက်မှာ၊
မြတ်ချမ်းသာ၊ စောင့်ကာကြိုလျက်ရှိ" တဲ့၊

ချမ်းသာကို စွန့်တယ်ဆိုတာ တချို့ အပါးခိုတာ သက်သာ ခိုတာတွေ၊ အားထုတ်ပြီး လုပ်ရမှာ ကြောက်ပြီးတော့ သက်သာခို ပြီးတော့ နေတာမျိုး၊ ကာမသုခလ္လိကာနုယောဂလမ်းစဉ်နောက် မျှောချနေတာမျိုး၊ အဲဒါမျိုးကို စွန့်ရဲတယ်တဲ့၊ မပြည့်စုံလေးက စွန့်ရဲတာ၊ သက်သာလည်း ခိုမနေဘူးတဲ့။

"ချမ်းသာကိုစွန့်၊ မကြောက်ရွံ့ဘဲ၊
ရဲဝံ့ပြင်းထန်၊ လမ်းမှန်အလုပ်၊
စွမ်းအားထုတ်က၊ ဒုက္ခအများ၊

တွေ့သရကြားလည်း၊ ဆင်းရဲနောက်မှာ၊
မြတ်ချမ်းသာ၊ ခေါင့်ကာကြိုချက်ရှိ" တဲ့၊

မရှိမပဋိပဒါလမ်းစဉ်နဲ့ အလုပ်လုပ်တယ်ဆိုတာက အတ္တကိလမထ နုယောဂလမ်းစဉ် ဆင်းရဲတာမျိုးလိုတော့ ပရမ်းပတာ ဆင်းရဲတာမျိုး မဟုတ်ပါဘူး။

အစီအစဉ်နဲ့ ဆင်းရဲတာ၊ ခုနကပြောတဲ့ သတိပါတယ်၊ သမာဓိပါတယ်၊ အဲဒါကြောင့်မို့လို့ ဆင်းရဲပေမယ့်လည်း သူက ပရမ်းပတာဆင်းရဲတာ မဟုတ်ဘူး၊ အစီအစဉ်နဲ့သွားတာမို့ ဟို–နောက်မှာ ပန်းတိုင်က အောင်ပန်းကို လှမ်းကိုင်ယူနေတယ်၊ လာခဲ့၊ လာခဲ့၊ လာခဲ့ နီးနေပြီ၊ နီးနေပြီ၊ တစ်လှမ်းချင်း တိုးခဲ့၊ တစ်လှမ်းချင်း တိုးခဲ့လို့ ပန်းတိုင်ချမ်းသာတွေက မိမိကို လက်ကမ်း ကြိုနေသလို အသိပညာက ဒီအတိုင်းပဲ မြင်ရတော့ အားထုတ်ရတာ အားရှိတာပေါ့တဲ့၊ ဒါကြောင့် ချမ်းသာကိုစွန့်၍ သက်သာခိုမှုနဲ့ လုပ်လို့မနေဘဲ ကာမ ပြည့်စုံအောင် ဒီတိုင်းဘဲ သဘောားတယ်။ ဒါကြောင့် "ချမ်းသာကင်းပျောက်၊ ဆင်းရဲရောက်မူ၊ အပူမပွား၊ မငြီးထွားဘဲ၊ အင်အားတင်းကာ၊ နည်းလမ်းရှာ၊ ချမ်းသာရအောင် ကြိုးစားကြည့်"

ချမ်းသာလေးတွေ လွတ်လွတ်သွားတဲ့အခါ ဆင်းရဲရောက်လာတဲ့ အခါကာလမှာလဲ အပူမပွား၊ မညီးထွားဘဲ၊ အပူနောက်ထပ် မပွား ပါစေနဲ့တဲ့၊ အချိန်တွေ သိပ်ကုန်သွားမှာစိုးလို့တဲ့၊ "အပူမပွား၊ မငြီးထွားဘဲ၊ စိတ်အားတင်းကာ၊ နည်းလမ်းရှာ၊ ချမ်းသာရအောင်၊ ကြိုးစားကြည့်" စိတ်ကို အားတင်းပေးလိုက် လုံ့လဝီရိယပြောတာ၊ လုံ့လဝီရိယနဲ့ စိတ်ကို အားတင်းပြီးတော့ နည်းလမ်းရှာတဲ့၊

သာသနာတော်ထဲမှာ နည်းလမ်းရှာရတာလဲ အင်မတန် လွယ်တာဆဲ့၊ မရှိမပငိုပဒါ သိက္ခာသုံးရပ် အကျင့်မြတ်ဆိုတဲ့ နည်းလမ်းကို ရှာ၍ ချမ်းသာရအောင် ကြိုးစားကြည့်၊ ကိုယ့်ကိုယ်ကိုယုံတဲ့ သဒ္ဓါတရားရှိမယ်ဆိုရင် လမ်းကောင်းလမ်းမှန်အတိုင်း ကျင့်ကြံ ကြိုးကုတ် အားထုတ်လိုက်တဲ့အခါမှာ စားဝတ်နေရေး၊ လူမှုရေး လုပ်ငန်းတွေကို လုပ်ရင်းနဲ့တောင်မှ စိတ်ချမ်းသာမှုတွေ စွမ်းအားတွေ ဆိုတာဟာ အဲလိုရပါတယ်တဲ့၊ "လမ်းမှန်ကြိုးစား၊ စိတ်တင်းထား၊ လူသားဇာနည်ပီသ၏။" ကျွန်မလေး ဖြစ်ပေမယ့် နည်းနည်းမှ စိတ်ဓာတကျမနေဘူး၊ စိတ်ကိုတင်းပြီးတော့ "လုပ်လိုဖြစ်တဲ့ နေ့ရက်က ငါလုပ်မယ်လေ"ဆိုပြီးတော့ အဲလိုပဲ စနစ်တကျ လုပ်တတ်တယ်၊ အဲဒါလဲ လိုက်ဆိုကြ–

– ချမ်းသာကိုစွန့်၊ မကြောက်ရွံ့ဘဲ၊
ရဲဝံ့ပြင်းထန်၊ လမ်းမှန်အလုပ်၊
စွမ်းအားထုတ်က၊ ဒုက္ခအများ၊
ဘေ့ရခြားလည်း၊ ဆင်းရဲနောက်မှာ၊
မြတ်ချမ်းသာ၊ ဆောင်ကာကြိုလျက်ရှိ။
– ချမ်းသာကင်းပျောက်၊ ဆင်းရဲရောက်မူ၊
အမူမပွား၊ မငြီးထွားဘဲ၊ စိတ်အားတင်းကာ၊
နည်းလမ်းရှာ၊ ချမ်းသာရအောင် ကြိုးစားကြည့်၊
– လမ်းမှန်ကြိုးစား၊ စိတ်တင်းထား၊ လူသားဇာနည်
ပီသ၏ ။

ဘာမှမဟုတ်တဲ့ ဆင်းရဲဒုက္ခလေးတွေတွေ့တာ၊ အဲဒါတွေကို ကြည့်ပြီးတော့ စိတ်ဓာတ်ကျနေတာမျိုးတွေ၊ ချုသ်ပါအောင် ညည်းနေ

တာမျိုးတွေ အပူတွေပွားနေတာမျိုးတွေ၊ ဒါမျိုးက လူသားဇာနည် မဟုတ်ပါဘူးတဲ့၊ လူသားဇာနည်ဟာ တွေ့တဲ့ ဆင်းရဲကို အခြေခံပြီးတော့ ချမ်းသာဘက် ဦးတည်ပြီး နည်းလမ်းရှာကြိုးစားပါတဲ့၊ အဲဒါလူသားဇာနည်ခေါ်တယ်။

မပြည့်စုံခေါ်တဲ့ ကျွန်မလေးကလည်းပဲ ဆင်းရဲမှုကို အခြေခံပြီးတော့မှ သာသနာကျင့်စဉ်လမ်းကြောင်းဖြစ်တဲ့ လမ်းကြောင်းအတိုင်း ချမ်းသာမှုကို ဦးတည်ပြီးတော့မှ စိတ်ကောင်း စိတ်မြတ်တွေထားပြီးတော့မှ ဟောလို အလုပ်လုပ်တယ်တဲ့။

တစ်နေ့ကျတော့ စပါးတွေကို ထောင်းစရာ ထုစရာအလုပ်တွေက တစ်နေ့လုံး လုပ်ရ၊ တစ်ညလုံး မီးထွန်းပြီးလုပ်ရ၊ အများကြီး အလုပ်လုပ်ရတယ်၊ တစ်ညလုံး ထောင်းထုလို့ ဘယ်လိုမှ မပြီးနိုင် အောင်ရှိနေတော့ အင်မတန် ပင်ပန်းတော့ ညပိုင်းမှာ ညသန်းခေါ် ကျော်လောက်မှာ အိမ်ပြင်ဖက် ထွက်ပြီးတော့မှ အမောဖြေရင်းနဲ့၊ ဂိဇ္ဈကုဋ်တောင်ဘက်ကို မျက်နှာမူပြီးတော့ ကြည့်လိုက်တဲ့အခါ ဂိဇ္ဈကုဋ်တောင်မှာက အရှင်ဒဗ္ဗဆိုတာက ရဟန္တာပေါ့၊ သံဃာတော်များရဲ့ ကျောင်းအိပ်ရာ နေရာများကို ခင်းပြီးတော့ပေးရတဲ့ အရှင်ဒဗ္ဗ၊ ခုနစ်နှစ်သားလေးက ရဟန္တာဖြစ်တဲ့ ပုဂ္ဂိုလ်ထူးပါ၊ သူက မီးရောင်မရှိပေမယ့် လက်ညှိုးမှာ တန်ခိုးနဲ့ မီးထွန်းပြီးတော့ အလင်းရောင်ညှိထွန်းပေးနိုင်တယ်၊ ဘယ်လောက်မှောင်နေပါစေ သူက လက်ညှိုးမှာ တန်ခိုးနဲ့မီးထွန်းပြီးတော့ အရောင်ကောက်အောင် လုပ်ပေးနိုင်တယ်။

အဲဒါနဲ့ မပြည့်စုံလေးက တောင်ဘက်ကို လှည့်ပြီးတော့ တောင်ပေါ်ကို လှမ်းကြည့်လိုက်တဲ့အခါမှာ လက်ညှိုးမှာ မီးရောင်တွေနဲ့

ထွန်းပြီးတော့ အလင်းရောင်ထွန်းပြီးတော့ သံဃာတော်များအတွက် လမ်းတွေပြလို့၊ ကျောင်းတွေကို ပို့နေတာတွေ၊ တရားနာပြီးတော့ သူ့ကျောင်းကိုယ်ကျောင်းပြန်တဲ့ ဥစ္စာကို လက်ညှိုး မီးထွန်းပြီး အလင်းရောင်တွေပေးပြီးတော့ လိုက်ပို့နေတာ၊ အဲဒါကို မပြည့်စုံ လေးက အဓေးကြီးကလှမ်းမြင်တာဆိုတော့ ဘယ်အကြောင်းသိမလဲ၊ အော် . . .ငါ့ဖြင့် အလုပ်တွေပင်ပန်းလွန်းလို့ ခုအထိ သန်းခေါင် ကျော်တဲ့အထိ ငါ မအိပ်ရသေးဘူး၊ ဟောဟိုက တောင်ပေါ်မှာလဲ သံဃာတော်အရှင်မြတ်တွေ မီးရောင်တွေ တဝင်းဝင်းနဲ့ သူတို့လည်း ဒုက္ခရောက်နေလို့များ မအိပ်ဘဲနေကြတာလား မသိဘူး၊ ဒုက္ခများခံနေ ကြရသလား၊ မကျန်းမမာများဖြစ်နေကြသလား၊ သူတို့လည်း မကျိန်းရသေးပါလား၊ မအိပ်ရသေးပါလား၊ အဲလို တွေးနေသတဲ့။

အဲဒါနဲ့ တစ်ညလုံး ထောင်းထု မနက်လင်းတော့ ဆန်ကွဲများ ဆန်ကြမ်းများကို အမှုန့်ဖြစ်အောင် ထောင်းထု ရေနှင့်ရော နယ်၊ မုန့်ဖြစ်အောင်ကြော်တယ်ပေါ့၊ မုန့်ဖြစ်အောင် ကြော်ပြီး တဲ့အခါ ဆန်ကွဲမုန့် ဆန်ကြမ်းမုန့်များ ကိုယ့်အတွက်ရတဲ့ ဝေစုကို ယူ၍ "မြစ်ဆိပ်ကျမှ ငါ စားမယ်လေ" ဆိုပြီးတော့ ဆန်ကွဲမုန့်၊ ဆန်ကြမ်းမုန့်များကို ယူပြီးတော့ ရေခပ်ဖို့ ရေအိုးကို ယူပြီး မြစ်ဆိပ် ရေခပ်ဆိပ်ကို သွားတယ်တဲ့။

အဲဒီနေ့ မနက်ပိုင်းမှာပဲ ဂိဇ္ဈကုဋ်တောင်မှာ သီတင်းသုံးနေတော် မူတဲ့ ဘုရားလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားဟာ လောက အတွင်းမှာ ဉာဏ်ကို ဖြန့်ပြီးတော့ ကြည့်တော်မူလိုက်တဲ့အခါမှာ ဉာဏ်တော်ထဲမှာ မပြည့်စုံလေး ထင်လာတယ်၊ ထင်လာတော့ ဉာဏ်နှင့် ဆင်ခြင်တော် မူလိုက်တော့ "အမြင်စုတ်ပေမယ့်

ရွှေထုပ်တဲ့ မြပဝါ”တဲ့၊ ဒီသဘောကို မြင်ရတယ်၊ မြင်ရတော့ ကျွန်မလေးလို့ မြင်ရတယ်၊ ဒါပေမယ့် မင်္ဂဖိုလ်ရကြောင်း အတိတ်ကောင်းတွေလည်း သူ့မှာ ပါသားပဲ၊ ပစ္စုပ္ပန်ဘဝမှာလဲ သဒ္ဓါတရားရှိတယ်၊ စိတ်ကောင်း ထားတတ်တယ်၊ သူများအလုပ်ကို လုပ်နေတာတောင် ကိုယ့်အလုပ်လို သဘောထားပြီးတော့ ကောင်းကောင်းမွန်မွန် အကောင်းဆုံးလုပ် ပေးတတ်တယ်၊ တကယ့်အမျိုးသမီးလေးပါလား၊ မြတ်စွာဘုရား မြင်တော်မူတော့ သဒ္ဓါတရားကောင်းသူကို ဘုရားရှင်များ သူတော် ကောင်းများ ချီးမြှင့်မြှောက်စားမြဲပါ။

အဲဒါကြောင့် မြတ်စွာဘုရားကလည်းပဲ အရှင်အာနန္ဒာနှင့်တကွ ရာဇဂြိုဟ်မြို့တွင်း ဆွမ်းခံကြွတော်မူတယ်၊ မပြည့်စုံလေးကလည်း အိမ်က ထွက်ပြီးတော့ ရေခပ်ဆိပ်ကို ရေခပ်မလို့ သွားတယ်၊ လက်ထဲမှာလည်း မုန့်ပါလာတယ်၊ မြတ်စွာဘုရားက သူ့ကို ချီးမြှောက်ဖို့ကြွတာဆိုတော့ သူသွားတဲ့လမ်းအတိုင်း ခရီးရင်ဆိုင် ကြွတော်မူလာပါတယ်၊ အဲဒါကို မပြည့်စုံလေးက မြင်တော့ အော် ဟိုမှာ မြတ်စွာဘုရားနဲ့ တွေ့ရပေမယ့် ငါမှာ လှူစရာမပါလို့ ဒါနလည်းမမြောက်ခဲ့၊ ရံဖန်ရံခါ ငါ့လက်ထဲမှာ အကောင်းအမွန်လို့ မဟုတ်ပေမယ့် မုန့်စတဲ့ ပစ္စည်းလေးများရှိပေမယ့် မြတ်စွာဘုရားနဲ့ မတွေ့ခဲ့ရလို့ ဒါနမမြောက်ခဲ့၊ ဒီနေ့မှာတော့ ယောဟိုမှာ မြတ်စွာဘုရား နှင့်လည်း တွေ့နေရပြီ၊ ငါ့လက်ထဲမှာ အကောင်းအမွန်မဟုတ်ပေမယ့် အပ်အပ်ရာရာ စင်စင်ကြယ်ကြယ် မိမိရဲ့ ကိုယ်ပိုင်လုံ့လဝီရိယ စွမ်းအားကို ထုတ်ပြီးတော့မှ ရထားတဲ့၊ ဆန်ကွဲမုန့်၊ ဆန် ကြမ်းမုန့်တွေပါတယ်၊ တကယ်လို့များ မြတ်စွာဘုရားက ချီးမြှောက်

သောအားဖြင့် အလှူခံမယ်ဆိုရင်တော့ ငါ လှူဒါန်းချင်ပါဘိ၊ အကုန်လုံးလှူဒါန်းချင်ပါဘိ၊ တစ်နပ်တလေငတ်တာ ဘာဖြစ်တာ မှတ်လို့ ငါ အငတ်ခံလိုက်မှာပေါ့။

သဒ္ဓါတရားက ဟောဒီလောက်ထိအောင် တက်နေတယ်၊ အဲဒါနဲ့ ရှေ့ဆက်သွားလိုက်တဲ့အခါ မြတ်စွာဘုရားနဲ့တွေ့၊ မြတ်စွာဘုရားနဲ့ တွေ့တဲ့အခါ မြတ်စွာဘုရားကို လျှောက်တယ်၊ "မြတ်စွာဘုရား၊ ဘုရားတပည့်တော်ဟာ ဆင်းရဲသူမကလေးပါ ဘုရား၊ ဘုရားတပည့်တော်မကို ချီးမြှောက်သောအားဖြင့် သနားသောအားဖြင့် ဘုရားတပည့်တော်မ ကိုယ်တိုင်ထောင်းထုပြီးတော့ ကိုယ်တိုင်ပင်ပင်ပန်းပန်း ကြော်ပြီးတော့ထားတဲ့ ဟောဒီဆန်ကြမ်းမုန့်၊ ဆန်ကွဲမုန့်တွေ အကောင်းအမွန်ပင် မဟုတ်သော်လည်းပဲ စင်ကြယ်ပါတယ်ဘုရား၊ ကိုယ်တိုင်ပင်ပင်ပန်းပန်းနဲ့ အားထုတ်လို့ရထားတဲ့ မုန့်ပါဘုရား၊ တပည့်တော်မကို ဆင်းရဲသူမလေးဖြစ်တဲ့ တပည့်တော်မကို သနားသောအားဖြင့် ဟောဒီဆန်မုန့်ကြမ်းကို အလှူခံတော်မူပါဘုရား" လို့ လျှောက်တော့ မြတ်စွာဘုရားကလည်း သူ့အတွက် ကြွလာတာပဲ၊ အလှူခံပါတယ်။

အလှူခံတော့သူက တရားဗဟုသုတမနည်းဘူး၊ ကံထိန်းခလုတ် တပ်တတ်တယ်၊ ကံထိန်းခလုတ်တပ်တယ်ဆိုတာ အဲဒီ ဉာဏ်ပြောတာ၊ ခုနက သိက္ခာသုံးရပ် အကျင့်မြတ်လမ်းကြောင်းအတိုင်းပဲ သွားရတယ်၊ ကံထိန်းခလုတ်မှ မပါရင် ကံပိုတွေ ပါတတ်တယ်၊ ကံပိုဆိုတာ အကုသိုလ်တွေပေါ့၊ မလိုအပ်တဲ့ ကံပိုတွေ မပါအောင် မပါရအောင် ကံထိန်းခလုတ်က ဖယ်ရှားပေးရတယ်၊ ယူရမယ့် ကံတရားကိုလည်း သန့်စင်အောင် ဆေးကြောပေးရတယ်၊ ဦးတည်ချက်ကိုလည်း ပန်းတိုင်အထိ

နိဗ္ဗာန်အထိ ရှင်းရှင်းလေးမြင်အောင် ဟောလို ရှင်းပြီးတော့မှ ဦးတည်ချက်ထားရတယ်၊ ဒါကိုပဲ ကံထိန်းခလုတ် တပ်တယ်လို့ ခေါ်ပါတယ်။

ဒါကြောင့် ကံထိန်းခလုတ် အသိဉာဏ်ဦးစီးပြီးတော့ မပြည့်စုံလေးက မြတ်စွာဘုရားသပိတ်ထဲမှာ သူကိုယ်တိုင်ကြော်ထားတဲ့ ဆန်ကွဲမုန့်၊ ဆန်ကြမ်းမုန့်ကို လောင်းလှူလိုက်တယ်၊ သေသေချာချာ ရှိခိုးပြီးမှ လောင်းလှူတာပါ၊ လောင်းလှူပြီးတော့ သူတောင်းလိုက်တဲ့ ဆုကလေးက–

ဘန္တေ၊ မြတ်စွာဘုရား။ တုမှေဟိ၊ ရှင်တော်မြတ်ဘုရားတို့သည်။ ဒိဋ္ဌဓမ္မော ယော၀၊ ထိုးထွင်းသိမြင်အပ်သော တရားသည်သာလျှင်။ မေ၊ တပည့်တော်မအတွက်။ သမိဇ္ဈတု၊ ပြီးပြည့်စုံရပါလို၏၊ ပြီးပြည့်စုံရပါစေသား၊ ပြီးပြည့်စုံပါစေသတည်း။ ကုတိ၊ ဤသို့။ အာဟ၊ ရှိသေညွတ်တွား သဒ္ဓါပွား၍ လျှောက်ထားရှာလေတော့သတည်း။

တပည့်တော်မ ဆင်းရဲသူမကလေးပါ ဘုရား၊ ဒီမုန့်ကို လှူဒါန်းရတဲ့ ကုသိုလ်ကောင်းမှုကြောင့် ပစ္စည်းပေါပါရစေလို့ တပည့်တော်မ မတောင်းလိုပါဘူး ဘုရား၊ အဆင့်မြင့်သူဌေးကြီး ဖြစ်ပါရစေ၊ ဘယ်လို လောကီစည်းစိမ်ချမ်းသာတွေ ရပါရစေလို့ တပည့်တော်မ ဘာမှ မတောင်းလိုပါ ဘုရား၊ ဘ၀သံသရာမှာ အသိဉာဏ်မရှိဘဲနဲ့ သွားရတာဟာ အလွန်တရာ ကြောက်စရာကောင်းလွန်းလို့၊ ဘုရားတပည့်တော်မ လိုချင်တာက မြတ်စွာဘုရားတို့ ထိုးထွင်းသိတဲ့ အသိဉာဏ်၊ အဲဒီ အသိဉာဏ်တရား၊ မြတ်စွာဘုရားတို့မြင်ထားတဲ့ သစ္စာလေးပါးအမှန်တရားကို ဉာဏ်ဖြင့် ထိုးထွင်း

ပြီးတော့ သိလိုပါတယ်ဘုရား၊ မြတ်စွာဘုရားတို့ သိမြင်ပြီးတဲ့ တရားသည်သာလျှင် တပည့်တော်မအတွက် ဖြစ်ချင်ပါတယ် ဘုရား။ မြတ်စွာဘုရားတို့ ထိုးထွင်း၍ သိမြင်ထားတဲ့ တရားကိုသာ တပည့်တော်မဉာဏ်နဲ့ သိလိုပါတယ် ဘုရား။

တောင်းလိုက်တဲ့ ဆုကလည်း လူနှင့်မတန်ဘူး၊ ဒါကြောင့် "အမြင်စုတ်ပေမယ့် ရွှေထုပ်တဲ့ မြပုပါ" အပြင်ဘက်ကကြည့်တော့ ဘာမှ မဟုတ်တဲ့ ကျွန်မ၊ အသိဉာဏ်က ဘယ်နည်းလို့လဲ၊ တောင်းလိုက်တဲ့ဆုက အင်မတန် တိကျတာ။

မြတ်စွာဘုရားကလည်း "ဧဝံ ဟောတု = သင်တောင်းတဲ့ ဆုအတိုင်း ပြည့်စုံပါစေ" ဆုတောင်းတဲ့ ပုဂ္ဂိုလ်က စနစ်မကျရင် ပညာရှိသူတော်ကောင်းတွေက ပြင်ပေးရတယ်။ စနစ်ကျပြီး မှန်ပြီဆို ပြင်ဖို့ မလိုဘူး၊ "ဧဝံ ဟောတု=သင်တောင်းတဲ့အတိုင်း၊ ပြည့်စုံစေ" လုပ်လိုက်ရတာပဲ၊ အဲဒါနဲ့ မြတ်စွာဘုရားကလည်းပဲ၊ "ဧဝံ ဟောတု" လို့ပဲ အနုမောဒနာပြုလိုက်ပါတယ်၊ ဒါကြောင့် သူ့ ဆွမ်းကို လှူနေတာပေါ့၊ မုန့်ဆွမ်းလှူတာ။

ဆွမ်းလှူတယ်ဆိုတာ အသက်လှူရာရောက်တယ်၊ ပညာနဲ့ ဦးဆောင်လိုက်တော့ တရားအသက်ပါရအောင် မိမိက နိဗ္ဗာန် ဦးတည်သွားတဲ့အခါ ခန္ဓာရသမျှ တရားအသက်ပါသွင်းနိုင်အောင် ဦးဆောင်ရမယ်။

အဆင်းကို လှူရာရောက်တယ်၊ မိမိက တရားကြက်သရေပါ တွဲနိုင်အောင် ပညာနဲ့ဦးဆောင်ရမယ်။

ချမ်းသာကိုပေးလှူရာရောက်တော့ မိမိက တရားချမ်းသာ လောကုတ္တရာ ချမ်းသာကိုပါရအောင် ပညာနဲ့ဦးဆောင်ရမယ်၊ ကံထိန်းခလုတ်တပ်ပေးရမယ်။

ခွန်းအားကို လှူရာရောက်တော့ မိမိက တရားခွန်အား ဆင်းရဲမှုတရားခံ ကိလေသာတွေကို အပြတ်တွန်းလှန်ဖြိုခွဲနိုင်တဲ့ တရားခွန်အား၊ နိဗ္ဗာန်မရောက်မီ သံသရာတစ်လျှောက်လုံး ခန္ဓာဝန် ထမ်းပြီးတော့ သွားရတဲ့အခါကာလမှာလည်း မလွဲသာမရှောင်သာ တွေ့ကြုံရတဲ့ လောကဓံ မုန်တိုင်းတွေနဲ့ တိုးတဲ့အခါမှာ အပြုံးမပျက် တည်တည်ငြိမ်ငြိမ် ရင့်ရင့်ကျက်ကျက် ဣန္ဒြေရရခုခံနိုင်စွမ်းရှိတဲ့ တရားခွန်အား၊ အဲဒါ ရဖို့ရာ ပညာနဲ့ဦးဆောင်ရမယ်၊ ကံထိန်း ခလုတ်တပ်ရမယ်။

ဉာဏ်ကို ပေးလှူရာရောက်တဲ့ မိမိက တရားပညာ နှစ်ဖက်စလုံးမြင်နိုင်တဲ့ တရားပညာကံအရှိ၊ ခန္ဓာအရှိ၊ ရုပ်နာမ်အရှိ၊ သံသရာအရှိ၊ သစ္စာအရှိကို အမှန်အတိုင်း မြင်အောင် ကြည့် နိုင်တဲ့ အသိပညာတွေ ရပါစေလို့ ပညာနှင့်ဦးဆောင်ပြီးတော့ ကံထိန်းခလုတ်တပ်ရမယ်၊ မပြည့်စုံကလည်း ဒီလိုပဲ သူ လုပ်နေ ပါတယ်။

အဲဒါနဲ့ မြတ်စွာဘုရား သပိတ်ထဲ လောင်းလှူလိုက်တဲ့အခါ မြတ်စွာဘုရားက အလှူခံလို့ ဝမ်းသာလိုက်တာ၊ အော် . . . မြတ်စွာဘုရားဟာ ငါကဲ့သို့သော ဆင်းရဲတဲ့ အမျိုးသမီးတစ်ယောက်ရဲ့ ဆွမ်းကို အလှူခံသွားပဲ၊ ငါ့ကို အရေအတွက်ထားသွားပဲလို့ ဝမ်းသာလိုက်တာ မပြောတတ်အောင် ဝမ်းသာတယ်။

အဲဒါနဲ့ မြတ်စွာဘုရားက အလှူခံသွားတော့ နည်းနည်းလေး ကြာသွားတော့၊ နည်းနည်းလေး အလှမ်းဝေးသွားတော့ သူ့မှာ စိတ်ကူးတစ်ခုပေါ်လာပြန်တယ်၊ မြတ်စွာဘုရားက ငါ့ကို အားနာ လို့သာ အလှူခံတာပါလေ၊ ဘုဉ်းပေးမှာလည်း မဟုတ်ပါဘူး၊ ကျီးတို့ ခွေးတို့ ကျွေးပစ်မှာနဲ့ တူပါတယ်။ မြတ်စွာဘုရားက

မင်းတွေ၊ မင်းသားတွေ၊ သူဌေးတွေ လှူတဲ့ဆွမ်းကောင်းပဲ ဘုဉ်းပေးမှာနဲ့တူပါတယ်၊ အဲလိုဖြစ်နေပြန်တော့ မြတ်စွာဘုရားက ဆင်ခြင်တော်မူလိုက်တယ်၊ သူ့စိတ်အကြံသိတော့ ဘုရားက သူ့ကို ချီးမြှောက်ချင်လို့ ကြွခဲ့တာဆိုတော့ ကျွတ်တိုက်တဲ့ပုဂ္ဂိုလ်များ မြတ်စွာဘုရား ဘယ်လောက်လိုက်လျှောရသလဲ၊ ဒါကြောင့်လည်း အားကိုးစရာကောင်းတာပေါ့။

အဲဒါနဲ့ မြို့အပြင်ဘက်ရောက်တော့ အရှင်အာနန္ဒာခင်းထားတဲ့ လျှောက်ပတ်တဲ့နေရာမှာ ထိုင်ပြီးတော့ မပြည့်စုံ လှူလိုက်တဲ့ မုန့်ဆွမ်းဘုန်းပေးပြရအုံးမှာ၊ ကျွတ်ထိုက်တဲ့ ပုဂ္ဂိုလ်အား အဲလောက်ထိ လိုက်လျှောနေရတယ်။ မပြည့်စုံလေးကလည်း လိုက်သွား၊ အဲဒါနဲ့ မြတ်စွာဘုရားက မုန့်ဆွမ်းကို ဘုဉ်းပေးဖို့လို့ အဲဒီလိုနေရာမှာ သီတင်းသုံးပြီးတော့နေတဲ့အခါမှာ နတ်တွေကလည်း နတ်သြဇာ ထည့်ပေးတယ်ဆိုတာပါပဲ၊ အဲဒါနဲ့ မြတ်စွာဘုရားက ဘုဉ်းပေးတယ်၊ ဘုဉ်းပေးတော့ မပြည့်စုံလေးက သွားပြီးတော့ လက်အုပ်ချီပြီးတော့မှ အဲလိုနေသတဲ့၊ ဝမ်းသာလိုက်တာ၊ ဝမ်းသာလိုက်တာ၊ သိပ်ဝမ်းသာ တယ်ပေါ့၊ အော် . . . ငါ လှူဒါန်းလိုက်တဲ့ မုန့်ဆွမ်းကို အကောင်းပင် မဟုတ်သော်လည်း မြတ်စွာဘုရားက မေတ္တာ၊ ကရုဏာတရားနှင့် ငါ့ကို ချီးမြှောက်သောအားဖြင့် ဘုဉ်းပေးတော် မူသားပဲလို့ အင်မတန် ကျေနပ်သွားပါတယ်၊ ကျေနပ်မှုသည် စိတ်ချမ်းသာမှုကို ဖြစ်စေတယ်၊ စိတ်ချမ်းသာမှုက သမာဓိကိုဖြစ်စေ တာပါ။

ဒါကြောင့်မို့လို့ မြတ်စွာဘုရားက ဘုဉ်းပေးခြင်းကိစ္စပြီးတဲ့အခါ မပြည့်စုံကိုမေးတယ်၊ "ချစ်သမီး ဘာဖြစ်လို့ ရဟန်းတွေကို အထင်သေးရတာလဲ"

မြတ်စွာဘုရား၊ တပည့်တော်မ ရဟန်းတွေကို အထင်မသေးပါဘုရား။

ညတုန်းက သင်ချစ်သမီး ဟိုဂိဏ္ဍကုဋ် တောင်ဘက်လှည်ပြီးတော့ ဘာတွေ ဘာတွေ တွေးနေတုန်း။

မှန်လှပါဘုရား၊ တပည့်တော်မ စိတ်ထဲမှာ ဖြစ်နေတာက ရဟန်းတော်များ တောင်ဆေါ်မှာ မီးရောင်တဝင်းဝင်းနဲ့ အဲဒီဖြစ်နေတော့ အော် အရှင်မြတ်များ မကျန်းမမာများဖြစ်နေကြသလား၊ မြွေကိုက်များ ခံနေရသလား၊ ဘာအန္တရာယ်များဖြစ်နေကြသလဲ၊ ငါ့မှာတော့ တစ်ညလုံး အလုပ်တွေများလို့ တစ်ညလုံးမအိပ်ရဘူး၊ အရှင်မြတ်တွေ တစ်ညလုံး မကျိန်းစက်ဘဲ နေကြတာက မြွေများကိုက်သလား၊ မကျန်းမမာများဖြစ်နေသလား၊ အဲလိုတော့ စဉ်းစားမိပါတယ်ဘုရား၊ ရဟန်းတော်များကို အထင်သေးလို့ မဟုတ်ကြောင်းပါဘုရားလို့ လျှောက်တော့—

ချစ်သမီး၊ သင်ချစ်သမီး တစ်ညလုံး မအိပ်ရတာကတော့ တကယ်ကို အလုပ်တွေများ ပင်ပန်းလို့ မအိပ်ရတာ မှန်ပါတယ် ချစ်သမီး၊ ငါဘုရားရဲ့ တပည့်ဖြစ်တဲ့ ရဟန်းတော် အရှင်မြတ်များ တစ်ညလုံး မကျိန်းစက်ရတာကတော့ အလုပ်ပင်ပန်းလို့ မဟုတ်ဘူး၊ သိက္ခာသုံးရပ် အကျင့်မြတ်လမ်းစဉ်ဖြင့် နိုးနိုးကြားကြား ကြိုးကြိုးစားစားနဲ့ အားထုတ်နေတဲ့အတွက် မအိပ်တာတဲ့၊ တရားအလုပ်နဲ့ နိုးကြားနေလို့ကို တစ်ညလုံးမအိပ်ဘဲနဲ့ အားထုတ်နိုင်ကြတာပါလို့ မြတ်စွာဘုရား မိန့်ကြားပြီးတော့ ခုနကပြောတဲ့ သိက္ခာသုံးပါးလုံး စွမ်းအားတရားကို ဟောကြားတော်မူပါတယ်။

**သဒါ ဇာဂရမာနာနံ၊ အဟောရတ္တာနုသိက္ခိနံ။**
**နိဗ္ဗာနံ အဓိမုတ္တာနံ၊ အတ္ထံ ဂစ္ဆန္တိ အာသဝါ။**

သဒ္ဒါ၊ နေ့ရောညပါ အခါခပ်သိမ်း၊ ဇာဂရမာနာန်၊ ကောင်းစွာနိုးကြား ကြိုးစား၍ နေကြကုန်သော။ အဟောရတ္တံ၊ နေညမစဲ အမြဲမပြတ် အခါခပ်သိမ်း။ အနုသိက္ခနာ၊ သိက္ခာသုံးရပ် အကျင့်မြတ်ကို မပြတ်ဖြည့်ကာ ကောင်းစွာမသွေ ကျင့်၍ နေကြပါပေကုန်သော။ နိဗ္ဗာနံ၊ ဘဝခန္ဓာ လောင်စာခပ်သိမ်း လွတ်ငြိမ်းရာမှန် နိဗ္ဗာန်ချမ်းသာသို့၊ အဓိမုတ္တာနံ၊ သမ္မာဆန္ဒ ထက်သန်လှသဖြင့် တက်ကြွမသွေ ညွှတ်၍နေကြပေကုန်သော သူတော်ကောင်းပုဂ္ဂိုလ်တို့အတွက်။ အာသဝါ၊ ဆင်းရဲမှုတရားခံဖြစ်ကုန်သော အာသဝေါတရား လေးပါးတို့သည်။ အတ္ထံ၊ ကုန်ဆုံး ချုပ်ပျောက် ပျက်စီးခြင်းသို့။ ဂစ္ဆန္တိ၊ မုချမသွေ ရောက်ရပါပေကုန်တော့သတည်း။

ချစ်သမီး–တဲ့၊ ဟုတ်တယ် ရဟန်းတော်များ တစ်ညလုံး မအိပ်မနေ ကြိုးစားနေကြတာက ပင်ပန်းလို့ မအိပ်မနေဖြစ်နေကြတာ မအိပ်မနေဘဲ နေနိုင်ကြတာက မအိပ်ဘဲ နေနိုင်ကြတာက သိက္ခာသုံးရပ် အကျင့်မြတ်ကို နိုးနိုးကြားကြားအားထုတ်နေကြလို့ပါ ချစ်သမီးတဲ့၊ ပင်ပန်းလို့၊ ဆင်းရဲဒုက္ခရောက်နေလို့၊ မကျန်းမမာလို့ မဟုတ်ပါဘူး၊ သိက္ခာသုံးရပ် အကျင့်မြတ်ကို နိဗ္ဗာန်ကို ဦးတည်နေမယ်ဆိုရင် တရားခံဖြစ်တဲ့ အာသဝတရား လေးပါးတို့ဆိုတာ ကုန်ဆုံးပြီးတော့မှ သွားကြပါတယ်တဲ့၊ အာသဝ လို့ပြောရင် ကိလေသာတွေကုန်တယ်ပေါ့၊ ကိလေသာဆိုတာ သူ့ဟာသူ အရွယ်ကြီးရုံနဲ့ ကုန်ကြတာမဟုတ်ဘူး၊ အချိန်ကုန်ရုံနဲ့ ကုန်ကြတာမဟုတ်ဘဲ၊ သိက္ခာသုံးရပ်အကျင့်မြတ်လို့ခေါ်တဲ့ သိက္ခာသုံးပါး လူစွမ်းအားလို့ခေါ်တဲ့ တရားတွေဖြင့် ရှင်းပြီးတော့ ပစ်နိုင်မှ သူတို့က နောက်ဆုတ်ကြ၊ ကုန်ကြတယ်။

အဲလိုမြတ်စွာ ဘုရားက သိက္ခာသုံးပါး၊ သီလ၊ သမာဓိ၊ ပညာဆိုတဲ့ သိက္ခာသုံးပါး အကျင့်တရားကို ဝိပဿနာဉာဏ်တွေ ပြပြီးတော့ မြတ်စွာဘုရား ဟောပြနေပါတယ်။

ကိုယ်နဲ့နှုတ်နှစ်ပါးကို ထိန်းသိမ်းရတဲ့ **သီလသိက္ခာ၊**
စိတ်ကို ထိန်းသိမ်းရတဲ့ **သမာဓိသိက္ခာ၊**

ခန္ဓာအရှိ၊ ရုပ်နာမ်အရှိကို မြင်အောင်ကြည့်ရတဲ့ ဝိပဿနာ ပညာခေါ်တဲ့ **ပညာသိက္ခာ၊**

မြတ်စွာဘုရားက အဲဒီဂါထာလေးဟောရင်းနဲ့ ဉာဏ်မျက်စိ ဖွင့်နိုင်အောင် မပြည့်စုံလေးအတွက် ဟောပေးနေတယ်၊ တရားနာ ပရိသတ်က တစ်ယောက်ပဲရှိပါတယ်၊ အဲ မပြည့်စုံလေးတစ်ယောက် တည်း ရှိပါတယ်၊ ဟောပြီးတော့ ပြတော့ မပြည့်စုံလေး တရားနာနေတာကလည်းပဲ ဒီနေ့တရားမယ့်၊ နက်ဖြန်မှ အလုပ် လုပ်မယ်၊ ဒီလို မဟုတ်ဘူး၊ အနာဂတ်ကို ငါမပိုင်ဘူး၊ နက်ဖြန်ကို ငါမပိုင်ဘူး၊ ဒီအရွယ် တရားနာမယ်၊ တတိယအရွယ်ကျမှ အားထုတ်မယ် ဒီလိုလည်း မဟုတ်ဘူး၊ တတိယအရွယ်လည်း ငါပိုင်တာမှ မဟုတ်ဘဲ၊ ပိုင်တဲ့အချိန်ဟာ ပစ္စုပ္ပန်တစ်ချိန်တည်း ရှိတာလေ၊ ဒါကြောင့် ငါပိုင်တဲ့ အလုပ်၊ ငါပိုင်တဲ့ အချိန်အတွင်းမှာပဲ လုပ်တာ ကောင်းပါတယ်ဆိုပြီးတော့ မြတ်စွာဘုရားဟောတဲ့ ဒေသနာ နောက်လိုက်ပြီးတော့ လက်တွေ့အလုပ်လုပ်ရင်းနဲ့ တရားနာသတဲ့၊ တရားနာတော့ ပညာသိက္ခာတွေအထိ မြင့်ပြီးတော့ မြတ်စွာဘုရားက ဟောတော့ ဒုက္ခသစ္စာအထုပ်ကြီးဖြေကြည့်နေတယ်ပေါ့၊ သမုဒယ ကြိုးကြီးနဲ့ သမုဒယသစ္စာကြိုးနဲ့ တင်းကျပ်စွာချည်နှောင်ထားတဲ့ ဒုက္ခသစ္စာ အထုပ်ကြီးကို ဖြေကြည့်လိုက်တဲ့အခါမှာ ဉာဏ်မျက်စိနဲ့ ဖြေကြည့်လိုက်တဲ့အခါမှာ ဇာတိ၊ ဇရာ၊ မရဏ၊ သောက၊

ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿစတဲ့ ဆူးတွေ၊ အနိစ္စဆူးတွေ၊ ဒုက္ခ ဆူးတွေ၊ အနတ္တဆူးတွေတဲ့ ဆူးတွေထုပ်ထားတဲ့ ဆူးထုပ်ကြီး ဖြေကြည့်တော့ ဆူးပဲတွေ့တာပေါ့။

အဲဒါကို ဉာဏ်မျက်စိနဲ့ ကြည့်လိုက်တဲ့အခါကာလမှာ သမုဒယသစ္စာသည် ကြာလေ နောက်ဆုတ်လေ၊ ကြာလေ နောက်ကို ဆုတ်လေနဲ့ အဲလိုဖြစ်ပြီးတော့မှ ဉာဏ်တွေ တစ်စတစ်စ တက် တက်ပြီးတော့ သွားလိုက်တာ၊ အဲဒီ ဒေသနာဂါထာလည်းပြီး ရော တစ်ခါတည်း ဝိပဿနာဉာဏ်တွေ ရင့်ပြီးတော့ သောတာပန် ဖြစ်သွားသတဲ့။

ဒေသနာဝသာနေ၊ ဒေသနာ၏ အဆုံး၌။ ဒေသနာပရိယော ဘာနေ၊ ဒေသနာ၏အဆုံး၌။ ပုဏ္ဏာ၊ "မပြည့်စုံ" လို့ အမည်ရတဲ့ ကျွန်မကလေးသည်။ သောတာပတ္တိဖလေ၊ သောတာပတ္တိဖိုလ်၌။ ပတိဋ္ဌဟိ၊ ကောင်းစွာမသွေ တည်ခဲ့ပါပေသတည်း။

## ရဲရင့်စွန့်စား မိန်းမသား

ကျွန်မလေး သောတာပန်ဖြစ်သွားတယ်။ ရဲရင့်စွန့်စား မိန်းမသားဖြစ်အောင် လက်တွေ့အလုပ်လုပ်ပြလိုက်တယ်၊ "ရဲရင့်စွန့်စား မိန်းမသား" ဆိုတဲ့ အကြောင်းအရာကို ဘုရားလက်ထက်တုန်းက သောမာထေရီ ဆိုတဲ့ ဘိက္ခုနီက ဟောခဲ့ပါတယ်၊ သူဒွေးမ သောမာထေရီဟာ ဆိတ်ငြိမ်ရာအရပ်မှာ တစ်ပါးတည်း တရားအလုပ် လုပ်နေတဲ့အချိန်ပေါ့၊ အဲဒီအချိန်မှာ မာရ်နတ်ရောက်လာတယ်၊ မာရ်နတ်ရဲ့ပုံကိုတော့၊ အရုပ်ကိုတော့ မမြင်ရဘူး၊ အသံပဲ သူက ဖော်ပြတယ်၊ အသံနဲ့ပဲ ပြောတယ်၊ ဘာပြောသလဲဆိုတော့ အမျိုးသမီးတွေ မိန်းမတွေကို ချိုးနှိမ်တဲ့ စကားတစ်ခွန်းလာပြောတယ်။

ယံတံ ဣသီဟိ ပတ္တဗ္ဗံ၊ ဌာနံ ဒုရဘိသမ္ဘဝံ။
နတံ ဒွင်္ဂုလပညာယ၊ သက္ကာ ပပ္ပေါတု မိတ္ထိယာ။

တရားအလုပ်ဆိုတာ မိန်းမတွေအလုပ် မဟုတ်ဘူးတဲ့၊ မိန်းမအသိဉာဏ်ဟာ လက်နှစ်သစ်ပဲ ရှိတယ်တဲ့၊ လက်နှစ်သစ် လောက်ရှိတဲ့ ဉာဏ်နည်းနည်းလေးနဲ့များ ဘယ်တရားအလုပ် လုပ်လို့ဖြစ်မလဲ၊ လုပ်မနေနဲ့ပေါ့၊ အဲလို ချိုးနှိမ်တဲ့စကားပြောတော့ သောမာထေရီက ဘယ်လိုပြန်ပြောလဲဆိုတော့–

ဣတ္ထိဘာဝေါ နော ကိံ ကယိရာ၊
စိတ္တမှိ သုသမာဟိတေ။
ဉာဏမှိ ဝတ္တမာနမှိ၊
သမ္မာ ဓမ္မံ ဝိပဿတော။

ဒကာ မာရ်နတ်၊ မိန်းမမိန်းမဆိုတာ အပြင်ဘက်က ရုပ်ပိုင်းဆိုင်ရာ ခန္ဓာတည်ဆောက်မှုကို ကြည့်ပြီးတော့ ပညတ်ထားတဲ့ ပညတ်စကားပါ။ အတွင်းစိတ်ကို ကြည့်ပညတ်တဲ့ ပညတ်စကား မဟုတ်ပါဘူး။ စိတ်ကို အထင်မသေးပါနဲ့၊ မိန်းမတွေလည်းပဲ ကြိုးစားအားထုတ်ရင် ဖြစ်ပါတယ်။ သမာဓိရအောင် အားထုတ် တဲ့ အမျိုးသမီးတွေ တကယ် သမာဓိရနေကြပါတယ်။ ပညာသိက္ခာ တွေမြှင့် ကြိုးစားတဲ့ အမျိုးသမီးတွေ ပညာမြင့်နေကြပါတယ်။ ပိဋကတ်သုံးပုံဆောင် အမျိုးသမီးတွေ ရှိပါတယ်။ ဇာတဒါရ် အမျိုးသမီးတွေရှိပါတယ်။ တကယ်အားထုတ်တော့ ရုပ်နာမ်ခန္ဓာ အရှိမြင်အောင် ကြည့်နိုင်တဲ့ အမျိုးသမီးတွေ တကယ်ရှိပါတယ်။ ရှိတာကလည်း သူများတွေ တစ်ဆင့်ကြား သူများပြောတာနဲ့

တစ်ဆင့်ပြောတာလည်း မဟုတ်ဘူး။ အထင်နဲ့ပြောတာလည်း မဟုတ်ဘူး။ လက်တွေ့မို့လို့ ပြောတာပါ။ ကျွန်ုပ်ကိုယ်တိုင်က အားထုတ်လို့ လက်တွေ့ရနေတာပဲ။ ဒီပြင်ရနေတာကိုလည်း မြင်နေရတာပဲ၊ သောမာထေရီက ပြောတယ်၊ သူပြောတဲ့ စကားလုံးလေးက–

"သိက္ခာသုံးပါ၊ မြတ်တရား၊ ယောကျ်ား မိန်းပ မခွဲပါ"

သိက္ခာသုံးပါးဟာ ဒါက ယောကျ်ားကျင့်ရမယ့်သိက္ခာ၊ ဒါက မိန်းမကျင့်ရမယ့်သိက္ခာလို့ ခွဲမထားပါဘူးတဲ့။

"သိက္ခာသုံးပါး မြတ်တရား ယောကျ်ားမိန်းမ မခွဲပါ။ စိတ်ဓါတ်ကိုမြှင့်၊ ကြိုးစားခွင့်၊ လမ်းဖွင့်ထားတဲ့သာသနာ"

စိတ်သာပဓာနပါ၊ ရုပ်ခွန်အားက ပဓာနမဟုတ်ဘူး၊ စိတ်ခွန်အားက ပဓာနပါ၊ စိတ်ဓါတ်ကိုမြှင့်ပြီးတော့ သဒ္ဓါဝီရိယ အားကောင်းကောင်းနဲ့ ကြိုးစားမယ်ဆိုရင် ယောကျ်ားသော မိန်းမသော မဟုတ်ပါဘူး၊ မည်သူမဆို အားထုတ်ပါလို့ လမ်းဖွင့်ထားပါတယ်တဲ့။

"ကြိုးစားလိုက်လျှင်၊ စွမ်းအားထင်၊ မျက်မြင်ကိုယ်တွေ့ပါ"

ကြိုးစားလိုက်ရင် လက်တွေ့စွမ်းအားရတယ်ဆိုတာဟာ တစ်ဆင့်ကြားနဲ့ ပြောနေတာလည်း မဟုတ်ဘူး၊ အထင်နဲ့ပြောနေတာလည်း မဟုတ်ဘူး၊ လက်တွေ့မို့လို့ ပြောတာ ဒကာမာရ်ရှင်နတ်၊ သောမာထေရီက ပြောနေတာပါ။ ယခု "ပုဏ္ဏာ–မပြည့်စုံ" ကလည်း လက်တွေ့ ပြနေပြီပဲ။

"ယောကျ်ားဖြစ်ရုံ၊ အားမစုံငြား၊ မကြိုးစားက၊ စွမ်းအားကျ၊ ဘာမှမရပါ"

ယောကျ်ားပင်ဖြစ်သော်လည်း သဒ္ဓါ,ဝီရိယ စတဲ့ စိတ်ခွန်အား မရှိရင် ရုပ်ခွန်အား ဘယ်လောက်ကောင်းပါစေတဲ့၊ တစ်ဘဝလုံး ဗလာဖြစ်သွားတဲ့ ယောကျ်ားတွေ အများကြီးပါတဲ့၊ စွမ်းအားကျ ပြီးတော့ ဘာမှ မရပါ၊ သိက္ခာသုံးရပ် အကျင့်မြတ်နဲ့ ပတ်သက် ပြီးတော့ ဘာအင်အားမှမရဘဲ ဗလာနဲ့ ကုန်ဆုံးသွားတဲ့ ယောကျ်ား တွေလည်း အများကြီးပါ ဒကာမာရ်နတ်တဲ့။ သောမာထေရီက မာရ်နတ်ကို ပြောနေတာ။

"ယောကျ်ားဖြစ်ရုံ၊ အားမစုံငြား၊ မကြိုးစားက၊ စွမ်းအားကျ၊ ဘာမှမရပါ။ မိန်းမသော်လည်း၊ အားကုန်ခဲ၍၊ စိတ်ဖွဲ့ထက်သန်၊ ကြိုးစားပြန်၊ ဧကန်ထူးခြားလာ"

မိန်းမပင်ဖြစ်သော်လည်း သဒ္ဓါ,ဝီရိယ စိတ်ခွန်အားက ကောင်းမယ်ဆိုရင် တကယ်တန်း ကြိုးစားရင် တကယ်တန်း ထူးချွန်တဲ့ အမျိုးသမီးတွေ အများကြီးပါ။ လက်တွေ့မို့လို့ ပြောနေတာပါ။ မာရ်နတ်ကို သောမာထေရီက ပြောတယ်။ ယခု ပုဏ္ဏားခေါ်တဲ့ မပြည့်စုံကလည်း ဘုရားရှေ့မှာ လက်တွေ့ တရားနာရင်း လက်တွေ့ လက်တွေ့ အလုပ်လုပ်ပြလိုက်တာ တစ်ခါတည်း သောတာပန်ကို ဖြစ်သွားတယ်။

နိဗ္ဗာန်ကို တိုက်ရိုက်မျက်မှောက်ပြုနိုင်တဲ့ အာဇာနည်အမျိုးသမီး ဖြစ်သွားတယ်။ နာမည်နဲ့ကိုက်သွားပြီ၊ "ပြည့်စုံ" ဆိုတဲ့အတိုင်း

သဒ္ဓါတရား ပြည့်စုံတယ်၊ နောက်ပိုင်းမှာ ပစ္စည်းတွေလည်း ပြည့်စုံသွားပါတယ်။ အဲဒါတွေ လိုက်ဆိုကြ–

- သိက္ခာသုံးပါး၊ မြတ်တရား၊ ယောက်ျားမိန်းမ မခွဲပါ။
- စိတ်ဓါတ်ကိုမြင့်၊ ကြိုးစားခွင့်၊ လမ်းဖွင့်ထားတဲ့သာသနာ။
- ကြိုးစားလိုက်လျှင်၊ စွမ်းအားတင်၊ မျက်မြင်ကိုယ်တွေ့ပါ။
- ယောက်ျားဖြစ်ရုံ၊ အားမစုံဘြား၊ မကြိုးစားက၊ စွမ်းအားကျ ဘာမှ မရပါ။
- မိန်းမသော်လည်း၊ အားကုန်ခဲ၍၊ စိတ်ဇွဲထက်သန်၊ ကြိုးစားပြန်၊ ကောန် ထူးခြားလာ။

ဒါကြောင့် မပြည့်စုံဆိုတဲ့ ကျွန်မလေးကလည်းပဲ သဒ္ဓါတရား အားကောင်းကောင်းနဲ့ လက်တွေ့ သိက္ခာသုံးပါးကို နာကြားရင်းနဲ့ လက်တွေ့ပွားများ အားထုတ်လိုက်တာ သောတာပန်ဖြစ်သွားတယ်။ နောက်ပိုင်း ပစ္စည်းလည်း ပြည့်စုံသွားတာပါပဲ။ နာမည်နဲ့ လိုက်လျောသွားပါတယ်။ သဒ္ဓါတရားနဲ့ မြင့်လိုက်တာ၊ အဲဒီလိုဆို မိမိတို့တစ်တွေ ဒကာ ဒကာမအပေါင်း သူတော်ကောင်းတို့တစ်တွေလည်း ယခု သာသနာ့နုဂ္ဂဟ သာသနာ့ပူဇာ ဆွမ်းဆန်အလှူပွဲကြီးလုပ်နေတဲ့အခါ သိက္ခာသုံးရပ်၊ အကျင့်မြတ်ကို ရှေ့တန်းတင်ပြီးတော့ အဲဒီလမ်းကြောင်းအတိုင်းပဲ လုပ်နေကြရတာပေါ့။ ဒါမှ နိဗ္ဗာန်ရောက်ကြောင်းတရားကောင်း အစစ်ဖြစ်မယ်။

ဝေမဟာဒ္ဓိကာ သော၊ ယဒိဒံ မုညသဗ္ဗဒါ။
တသ္မာ ဓိရာ ပသံသန္တိ၊ ပဏ္ဍိတာ ဂတပုညတံ။

ယဒိဒံယာအယံပုညသမ္ပဒါ-အကြင်ကောင်းမှုတရား၏ ပြီးစီး ပြည့်စုံခြင်းသည်၊ အတ္ထိ-ရှိ၏။ ဧသာပုညသမ္ပဒါ-ဤကောင်းမှု တရား၏ ပြီးပြည့်စုံခြင်းသည်၊ ဧဝံမဟဒ္ဓိကာ-ဤသို့ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်အထိ ကြီးကျယ်များပြားသော အကျိုးရှိသည်၊ ဟောတိ-မုချမသွေ ဖြစ်ရပါပေ၏။ တသ္မာ-ထိုသို့ ကောင်းမှု တရား၏ ကြီးကျယ်များပြားသော အကျိုးရှိသည်၏ အဖြစ် ကြောင့်၊ ဂတပုညတံ-သဒ္ဓါထုံမွှမ်း စိတ်အစွမ်းကြောင့် ချီးမွမ်းဖွယ်ရာ ပေါ်ထွန်းလာတဲ့ သိက္ခာသုံးပါးဆိုတဲ့ စွမ်းအားကို၊ ဂတပုညတံ- မေတ္တာထုံမွှမ်း စိတ်အစွမ်းကြောင့်၊ ချီးမွမ်းဖွယ်ရာ ပေါ်ထွက်၍လာတဲ့ သိက္ခာသုံးမျိုး မြတ်ရွှေအိုးကို၊ ဂတပုညတံ-ကံကို ထိန်းချုပ် ဉာဏ်တည်းဟူသော စိတ်ခလုတ်ကို တပ်ဆင်၍ ကောင်းမွန်စွာ ပြုလုပ်အားထုတ်အပ်တဲ့ သိက္ခာသုံးပါး လူ့စွမ်းအားကို၊ ဓီရာ-တည် ကြည်ငြိမ်သက်ကြကုန်သော၊ ပဏ္ဍိတာ-ဘုရားအစရှိကုန်သော ပညာရှိ သူတော်ကောင်းတို့သည်။ ပသံသန္တိ-ကောင်းစွာမသွေ ချီးမွမ်းတော် မူကြလေကုန်သတည်း။

ဤသို့လျှင် သိက္ခာသုံးပါး လူ့စွမ်းအားဖြင့် တရားကို ကြားနာရခြင်းတည်းဟူသော ဓမ္မဿဝန မင်္ဂလာကောင်းမှုကုသိုလ် စေတနာ၊ ကျင့်သုံးရတဲ့ သရဏဂုံ သီလကုသိုလ်စေတနာ၊ ပွား များရတဲ့ ဘာဝနာကုသိုလ်ကံစေတနာ၊ သာသနာတော်မြတ်ကြီးကို ပစ္စယ ဓမ္မ နှစ်ဌာနတို့ဖြင့် ချီးမြှောက်ပူဇော်ကြတဲ့ သာသနာ နုဂ္ဂဟ သာသနပူဇာ ကောင်းမှု မြတ်စွမ်းအား မြတ်တရားတွေ ကြောင့် တရားနာပရိသတ်အပေါင်း သူတော်ကောင်းတွေနှင့်တကွ ဤရပ်ကွက်အတွင်း နေထိုင်ကြတဲ့ သူတော်စင်အားလုံးတို့သည်

အတွင်းအပ ဘေးရန်အန္တရာယ် အနှောင့်အယှက်၊ အတားအဆီး၊ အချုပ်အချယ်၊ အရှုပ်အထွေး အပူခပ်သိမ်း၊ ထိတ်လန့်တုန်လှုပ်ဖွယ် ခပ်သိမ်းတို့မှ လွတ်ငြိမ်းကြပါစေကုန်သတည်း။

ကောင်းကျိုးချမ်းသာ ကျက်သရေမင်္ဂလာ အကြံအစည်ကောင်းမှန်သမျှတို့ ပြီးစီးထမြောက် အောင်မြင်ကြပါစေကုန်သတည်း။

ကျန်းကျန်းမာမာ၊ ချမ်းချမ်းသာသာ ပျော်ပျော်ရွှင်ရွှင်နဲ့ သူတော်ကောင်းတရားတွေ တိုးပွားအောင် အားထုတ်နိုင်လွယ်ကြ၍ ဆင်းရဲခပ်သိမ်း လွတ်ငြိမ်းရာ အသခ်ံတခါတ် နိဗ္ဗာန်မြတ်ကို လွယ်ကူသောအကျင့်၊ လျင်မြန်စွာ အရဟတ္တဖိုလ်ပေါက် မျက်မှောက်ပြုလွယ် ရလွယ်နိုင်ကြပါစေကုန်သတည်း။

- သိက္ခာသုံးပါး၊ မြတ်တရား၊ ယောကျ်ားမိန်းမ မခွဲပါ။
- စိတ်ဓါတ်ကိုမြင့်၊ ကြိုးစားခွင့်၊ လမ်းဖွင့်ထားတဲ့သာသနာ။
- ကြိုးစားလိုက်လျှင်၊ စွမ်းအားထင်၊ မျက်မြင်ကိုယ်တွေ့ပါ။
- ယောကျ်ားဖြစ်ရုံ၊ အားမစုံပြား၊ မကြိုးစားက၊ စွမ်းအားကျဘာမှမရပါ။
- မိန်းမသော်လည်း၊ အားကုန်ခဲ၍၊ စိတ်ဓါတ်သန်၊ ကြိုးစားပြန်၊ ကောန် ထူးခြားလာ။

✷ ✷ ✷

# ခိတ်အေးခရာလူချမ်းသာတရားတော်

ဒီနေ့ ၁၃၅၈–ခုနှစ်၊ နတ်တော်လပြည့်ကျော် (၁၀)ရက် (၁၉၉၇–ခု၊ ဇန်နဝါရီလ(၄)ရက်) စနေနေ့နံနက်ခင်းအချိန်မှာ မကွေးမြို့၊ ပွဲကြိုရပ်၊ အစ်မကြီးဖြစ်တဲ့ ဒေါ်သန်းသန်းကို အမှူး ထားပြီးတော့ ဦးရွှေဘော်၊ ဒေါ်ရီရီငွေး သားသမီး မိသားစုများ



နေအိမ်မှာ သံဃာတော်အရှင်မြတ်တို့အား ဆွမ်းခဲဘွယ်ဘောဇဉ်တွေ လှူဒါန်းတယ်။ သံဃာ့ဂုဏ်၊ တရားဂုဏ်တွေကို အာရုံပြုပြီးတော့ သင်္ကန်းစတဲ့ လှူဒန်းဖွယ်မျိုးစုံကို လှူဒါန်းတယ်။ ရန်ကုန်မြို့၊ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်အတွက် ဆီမိဿာ(၅၀)



လျှို့ဒါန်းတယ် စတဲ့ ကုသိုလ်ကောင်းမှုတွေ ပြုလုပ်အားထုတ်ကြတဲ့အခါမှာ "စိတ်အေးစရာ လူ့ချမ်းသာ" ဆိုတဲ့ တရားလေး အတိုချုပ် အာရုံပြုရအောင် စိတ်အေးစရာ လူ့ချမ်းသာ၊ စာထဲမှာ ပြထားတာက လူ နတ် နိဗ္ဗာန် သုံးတန်းချမ်းသာ၊ လူလည်းချမ်းသာပဲ၊ နတ်လည်းချမ်းသာပဲ၊ နတ်ပြောရင် ဗြဟ္မာလည်းပါသွားပြီ။ နိဗ္ဗာန်လည်းချမ်းသာပဲ၊ လူနတ်နိဗ္ဗာန် သုံးတန်ချမ်းသာလို့ အဲဒီလို ပြတယ်။

## တကယ်တော့ တရားမပါရင်

သို့သော်လည်း လူချမ်းသာဆိုတာကတော့ တရားမပါဘဲနဲ့ ရနိုင်တဲ့ ချမ်းသာမဟုတ်ဘူး။ တရားစွမ်းအားပါ ရအောင်ယူနိုင်မှ ချမ်းသာအောင်နေတတ်မှ ရအောင်ယူနိုင်တဲ့ ချမ်းသာမျိုးဖြစ်တယ်။ အပါယ်လေးဘုံနဲ့စာရင်သာ သက်သာခွင့်ရတဲ့အတွက်ကြောင့် ချမ်းသာလို့ အားရှိအောင် အားပေးတဲ့စကားမျှသာဖြစ်တယ်။ တကယ်တော့ တရားမပါရင် လူချမ်းသာဆိုတာ မရပါဘူး။ နတ်ဗြဟ္မာလည်း ထို့အတူပဲပေါ့။ ချမ်းသာအောင် ယူတတ်မှ ချမ်းသာမှာ၊ ဗြဟ္မာတွေကတော့ ဈာန်ချမ်းသာနဲ့ လောလောဆယ် ချမ်းသာအောင် နေနိုင်ပါတယ်။ နတ်တွေကျတော့ တရားစွမ်းအား လွတ်ရင်လွတ်သလို သူတို့လည်း ပင်ပန်းတာပဲ။ ဆင်းရဲတာပဲ။

ဒါကြောင့် ချမ်းသာဆိုတာ တရားပါယူနိုင်မှ ချမ်းသာတယ်။ နိဗ္ဗာန်ဆိုတာကတော့ ချမ်းသာအစစ်ပေါ့။ လူနှင့်နတ်ဆိုတာကတော့ အပါယ်ဘုံနှင့်စာရင် သက်သာခွင့်ရတဲ့အတွက်ကြောင့် အားပေးတဲ့ အနေနဲ့ ချမ်းသာလို့ပြောတာ၊ ရုပ်နာမ်ခန္ဓာနှင့် ဆက်စပ်နေရင်တော့ ချမ်းသာအစစ်ရယ်လို့တော့ မရှိဘူးပေါ့။ တရားတန်ခိုးနဲ့ ချမ်းသာ

အောင် နေတတ်ရင်တော့ ချမ်းသာပါတယ်။ "စိတ်အေးစရာ လူချမ်းသာ"ကို မြတ်စွာဘုရားက အနာထပိဏ်သူဌေးကို ဟောထား တယ်။

လူဆိုတာ နံပါတ်(၁)ရှိသင့်တာရှိအောင် လုပ်ရမယ်။ ရှိသင့် တာက ပစ္စည်းလည်း ရှိသင့်တာပဲ၊ ခန္ဓာကရှိတော့ ပစ္စည်းမပါဘဲ ခန္ဓာကသုံးမှ မဖြစ်ဘဲနဲ့ ခန္ဓာက လိုသလိုသုံးဖို့အတွက် ပစ္စည်းတွေ တရားသောနည်းလမ်းနဲ့ရမယ်ဆိုရင် အခြေအနေပေးသမျှ ကြိုးစား ရှာဖွေစုဆောင်းရတယ်။ တချို့က ပစ္စည်းရှာရင် လောဘနဲ့ရှာတယ် ချည်း ထင်ကြတယ်။ မဟုတ်ပါဘူး။ သဒ္ဓါ၊ ပညာ၊ မေတ္တာနဲ့ စီးပွားရှာသူတွေလည်း အများကြီးရှိယတ်။ သာသနာနဲ့တွေ့ကြုံတဲ့ ပုဂ္ဂိုလ်များ၏ တရားနှလုံးပြည့်ဝတဲ့ ပုဂ္ဂိုလ်များ၊ စီးပွားရှာတာ လောဘနဲ့ ပူလောင်ချောက်ချားစွာ ဒရွတ်တိုက်ကြီးရှာတာ မဟုတ်ပါ ဘူး။ ဉာဏ်အမြင်လေးနဲ့ ယှဉ်ယှဉ်ပြီးတော့ လူချမ်းသာကို လိုချင်လို့ကို ရှာတာ၊ လူချမ်းသာရအောင်ရှာရင် လူချမ်းသာရအောင် ယူရမှာပေါ့။ ဒါကြောင့် ပစ္စည်းလည်းပဲရှိအောင် လုပ်ရမယ်။ သဒ္ဓါ၊ ပညာ၊ မေတ္တာနဲ့ အေးချမ်းစွာ ရအောင်ရှာရမယ်။

## ဘေးရန်လည်းလုံ၊ အပူလည်းငြိမ်းအောင်

ပစ္စည်းရှိဖို့ လိုသလို တရားစွမ်းအားလည်း ရှိဖို့လိုတယ်။ **တရားဆိုတာ အားလုံးခြုံပြောရင် ဒါနရယ်၊ သီလရယ်၊ သမာဓိ ရယ်၊ ဝိပဿနာပညာရယ်ပေါ့။** ဒါတွေလည်း ရှိအောင်လုပ်ရမှာပဲ။ ပစ္စည်းဥစ္စာကို ဘေးရန်ပေါတဲ့ ပစ္စည်းဥစ္စာ ဘေးရန်လုံအောင်၊ အပူပေါတဲ့ ဘဝခန္ဓာပစ္စည်းတွေကို အပူငြိမ်းအောင် လုပ်ပေးနိုင်တာက တရားပဲ ရှိတယ်။ ဒါဆို တရားလည်း ရှိအောင်လုပ်ရမယ်။

တရားကလည်း ယခုလို သာသနာတွင်းကာလမှာ ချွေချွေ တာတာလေး ရှာရမယ့် ဥစ္စာမျိုး မဟုတ်ဘူး၊ ပဒေသာပင်ကြီး လိုပဲ အချိန်မရွေး လိုတဲ့နေရာ လှမ်းယူလိုက်၊ မီးဖိုချောင်ထဲမှာလည်း တရားက ပုံလို့၊ ထမင်းစားဝိုင်းမှာလည်း တရားက ပုံလို့၊ လမ်းသွားရင်းလည်း တရားက နည်းတာမှ မဟုတ်ဘဲ၊ ဘယ် နေရာမဆို မယူဖြစ်ရင်သာ နေရောပေါ့။ တရားတွေ လက်တကမ်းမှာ ကြိုက်တာလှမ်းယူပါဆိုပြီးတော့ ကိုယ့်အတွက် ကြိုဆိုပြီးနေ ကြတဲ့ အင်အားတွေဟာ အများကြီးရှိတယ်။

ဒါကြောင့် သာသနာတွင်းမှာ တရားရှာကြ၊ ကုသိုလ်လုပ် ကြတာဟာ ချွေချွေတာတာလုပ်ရမှာမျိုး မဟုတ်ပါဘူး။ ရသလောက် ကို သိမ်းကျုံးပြီးတော့ ယူရမှာ၊ လောကမှာ ချွေတာတယ်ဆိုတာက ရှားပါးတဲ့အခါမျိုး ချွေတာကြရတာပေါ့။

ယခုအခါ ကုသိုလ်က ရှားပါးတဲ့ခေတ်မှ မဟုတ်ဘဲ။ သာသနာနဲ့တွေ့နေတဲ့ပုဂ္ဂိုလ်အတွက် ပဒေသာပင်နဲ့ တွေ့နေတာမို့လို့ ကြိုက်တာယူ လိုတဲ့အခါယူ၊ လိုသလောက်ယူနိုင်တာဖြစ်တဲ့ အတွက် ကြောင့် တရားလည်း ရသလောက် ကြိုးစားပြီးတော့ ရှာရဖွေရ စုဆောင်းကြရမှာပဲ။ ဒီတစ်ဘဝအတွက်သာမက၊ နောက် ဒုတိယဘဝ အတွက်သာမက၊ သံသရာအတွက်သာမက၊ နောက်ဆုံးသံသရာ လွတ်မြောက်ရေး လောကုတ္တရာအထိရအောင် တရားပဲ ရှာရမယ်။

## နေရာတိုင်းမှာ တရားရှိတယ်

ဒါကြောင့် နံပါတ်(၁)က ပစ္စည်းလည်းရှိရမယ်။ တရားလည်း ရှိရမယ်။ ပစ္စည်းဆိုတာကတော့ ကံ၊ ဉာဏ်၊ ဝီရိယအင်အား

ရှိသလောက်ပဲ ရမှာပေါ့။ ရှိချင်တိုင်းလည်း ရှိချင်မှရှိမှာပေါ့။ ကိုယ်ရှိချင်တဲ့ အတိုင်းအတာအထိ ပစ္စည်းကတော့ ရောက်ချင်မှ ရောက်လိမ့်မယ်။

တရားကတော့ စိတ်ကြိုက်ရှာလို့ ရပါတယ်။ တရားစီးပွား ကတော့ ကိုယ့်ရဲ့ သဒ္ဓါဓါတ်၊ ဝီရိယဓါတ်၊ အသိတရားဓါတ် အားကောင်းရင် အားကောင်းသလောက် ခုနကပြောသလို မီးဖို ချောင်ထဲမှာလည်း ရှိတယ်၊ ထမင်းစားပွဲမှာလည်း ရှိတယ်၊ လမ်းသွားရင်းလည်း ရှိတယ်၊ လုပ်ငန်းခွင်မှာလည်း ရှိတယ်။ နေရာတိုင်းမှာ ကုသိုလ်ရှိတယ်။ သာသနာနဲ့ နေရသူ၊ ရတနာနဲ့ နေရသူဟာ ကုသိုလ်ကလည်း လက်တကမ်းမှာ အဆင်သင့်ချည်းပဲ။ ဒါကြောင့် ကုသိုလ်လည်းပဲ ရအောင်ရှာ။

ဒုတိယ နံပါတ်(၂)က အသုံးချပုံ အကွက်စေ့ရမယ်။ ကိုယ့်လက်ထဲ ပစ္စည်းတွေရောက်လာတော့ ပစ္စည်းက တစ်မျိုးတည်း ရှာထားတာ မဟုတ်။ တရားပါတွဲရှာထားတာ ဆိုတော့ အသုံးချတဲ့ အပိုင်းကျတော့လည်း အလေအလွင့်မပါရအောင် သုံးတတ်ရမှာ။

## ကုန်တဲ့အထဲက မကုန်တဲ့တရားကျန်ခဲ့ရမယ်

ကိုယ့်ရဲ့အတွက် စားဝတ်နေရေးအတွက် သုံးပြန်တော့လည်း သာသနာနဲ့ မတွေ့ခင်ကလို လောဘနဲ့ ဒရွတ်တိုက် အပြိုင်အဆိုင် စိတ်တွေနဲ့ ရှုပ်ရှက်ခတ် ရည်ရွယ်ချက်ကင်းမဲ့စွာနဲ့ မသွားတော့ပါဘူး။ ပစ္စည်းကုန်သွားတဲ့အထဲက မကုန်တဲ့တရားတွေ ကျန်ပြီးတော့ နေခဲ့အောင် လိမ္မာပါးနပ်စွာ သုံးတတ်တယ်။ ပစ္စည်းဆိုတာ လက်ထဲရောက်ရင် တစ်နည်းမဟုတ် တစ်နည်းတော့ ကုန်မှာပေါ့။

အဲဒီကုန်တဲ့ထဲက မကုန်တဲ့တရားကျန်ခဲ့ရမယ်။ ဒါမှ အသုံးချပုံ အကွက်စေ့တယ်။ ပစ္စည်းတန်ဖိုးတက်တယ်။ စိတ်အေးစရာ အင်အားရတယ်လို့ခေါ်တယ်။

တစ်သိန်းရလာတယ်။ တစ်သိန်းကို ဘာမှ ရည်ရွယ်ချက် မပါဘဲနဲ့ ဒီအတိုင်းအသုံးချလိုက်တယ်။ ဘာမှ စိတ်အေးစရာမပါတော့ ဘူး။ ငွေတစ်သိန်းကုန်သွားတာပဲရှိတယ်။

အသုံးချပုံ အကွက်စေ့တာကျတော့ အဲဒီလို မလုပ်ပါဘူး။ ဒါနရင်လည်း ကျန်ခဲ့ရမယ်။ သီလရင်လည်း ကိုယ့်လက်ထဲ ကျန်ခဲ့ရမယ်။ သမာဓိရင်လည်း ကျန်ခဲ့ရမယ်။ ဝိပဿနာရင်လည်း ကျန်ခဲ့ရမယ်။ တရားတစ်ခုခုတော့ ကျန်ကိုကျန်ခဲ့ရမယ်။ ပစ္စည်း ကြောင့် တရားအမြတ် ကိုယ့်လက်ထဲကျန်ခဲ့ရမယ်။ ဒါမှ စိတ်အေး စရာ ရမယ်။ ပစ္စည်းကြောင့် စိတ်အေးရတယ်ဆိုတာ မကုန်တဲ့တရား တွေကျန်ခဲ့မှ စိတ်အေးရမှာပေါ့။ အသုံးချပုံအကွက်စေ့တယ်ဆိုတာ–

(၁) ခန္ဓာကိုယ်ကြီးကို သုံးမယ်။

အမှန်တော့ စားဝတ်နေရေး အတွက်ပြောတာ။ သာသနာနဲ့ တွေ့တဲ့ပုဂ္ဂိုလ်ရဲ့ စားဝတ်နေရေးဟာ တပန်းသာသွားပြီ၊ ဝန်ထုပ် ကြီး တစ်ဝက်မက ပေါ့သွားပြီ။ တစ်ဝက်မက အမောပြေသွားပြီ၊ လက်ထဲမှာ ကုသိုလ်ထုပ်ကြီးတွေ ဆုပ်ကိုင်မိပြီးသား ဖြစ်သွားပြီ။ သူ့စားဝတ်နေရေးဟာ အဓိပ္ပါယ်ကင်းမဲ့တဲ့ စားဝတ်နေရေး မဟုတ် တော့ဘူး။ ခန္ဓာကိုယ်ကြီးကို သုံးချင်လို့ စားဝတ်နေရေးအတွက် လုပ်တာ။ ခန္ဓာကိုယ်ကြီးက သုံးလို့ဖြစ်တဲ့ ခန္ဓာရထားတော့ ကျန်းမာဖို့၊ အသက်ရှည်ဖို့၊ ခွန်အားတိုးဖို့၊ ဉာဏ်ပညာပွားဖို့ လိုလာတယ်။ ဒီလိုဆို စားဝတ်နေရေး ပြည့်စုံမှ။ အဲလို အမြင်လေးရှင်းလိုက်။

လောကမှာ မော်တော်ကားတို့ဆိုတာ စက် ဘယ်လောက်ပဲ ကောင်းကောင်း ဓါတ်ဆီတို့ စက်ဆီတို့ လုံလောက်အောင်ထည့်မှ မောင်းဖြစ်တာ။ စက်ဆီ ဓါတ်ဆီ လုံလောက်အောင် ထည့်မပေးရင် ဘယ်လောက်ပဲ စက်ကောင်းကောင်း မောင်းမဖြစ်ဘူး။

အဲဒါမျိုးလိုပေါ့ နေ့စဉ် စားစရာ ထည့်ပေးတယ်။ ဝယ်စရာ တွေပေးတယ်။ နေစရာတွေ ပေးတယ်။ ဆေးဝါးတွေ ပေးတယ်။ ဒီခန္ဓာကိုယ်ကြီးကို နေ့တိုင်းပေးနေရတာ။ အဲဒါကို ဓါတ်ဆီ စက်ဆီထည့်တယ်လို့ သဘောထား။

တစ်နေ့တာ တစ်နေ့တာ ဒီခန္ဓာကိုယ် မော်တော်ကား ကြီး မိမိ,သူတစ်ပါး၊ လောက,သာသနာ၊ လောကီ,လောကုတ္တရာ ကောင်းကျိုးစွမ်းအင်သတ္တိတွေ ပေါ်လာအောင် ခရီးတွင်အောင် ငါ မောင်းမယ်ဆိုတဲ့ အသိလေး ပေါ်လာတာနဲ့ စားဝတ်နေရေးဟာ နိဗ္ဗာန်ရောက်ကြောင်းဖြစ်သွားပြီ။ ဘယ်လောက် အားတက်ဖို့ ကောင်းလဲ။

တရားနဲ့ မတွေ့ခင်တုန်းကတော့ အင်မတန် ပူလောင်ရှုပ်ထွေး တဲ့ ဝန်ထုပ်ကြီးပဲ။ တရားနဲ့ တွေ့သွားတဲ့အခါ တရားအသိလေး ပေါ်လာတဲ့အခါ အင်မတန်ပေါ့တဲ့ ဝန်ထုပ်ကြီး ဖြစ်သွားပြီ။ ကိုယ့်ကို အပေါ်ကို တင်ပေးတဲ့ အင်အားတွေချည်းပဲ။ စားဝတ်နေရေး ဟာ ပူလောင်ရှုပ်ထွေးတဲ့ အလုပ်မဟုတ်တော့ဘဲ တရားအလုပ်ဖြစ် သွားတယ်။ ဒါကြောင့် ကိုယ့်အတွက် ကျွေးတာလည်းပဲ နိဗ္ဗာန် ရောက်ကြောင်းပါပဲ။ စားဝတ်နေရေးဟာ ပူလောင်ရှုပ်ထွေးတဲ့ အလုပ် မဟုတ်တော့ဘူး။

ဒါကြောင့် ခန္ဓာကိုယ်ကြီးကို သုံးမယ်ဆိုတဲ့ အမြင်ပြောင်းလဲတာနဲ့ စားဝတ်နေရေးဟာ ပူဖို့ မလိုတော့ပါဘူး။ နိဗ္ဗာန်ရောက်ကြောင်း၊ ဒီသဘောတွေ နားမလည်ရင် "တပည့်တော်တို့ တရား အဖိုးတန်မှန်းတော့ သိသားပဲ။ အဲ ဒါပေမယ့် စားဝတ်နေရေး၊ လူမှုရေး၊ စီးပွားရေးတွေနဲ့ လုံးလည်ချာလည်လိုက်နေအောင် ဖတ်ဖတ်မောနေအောင် လိုက်နေရတော့ ဘယ်အချိန်သွားပြီးတော့ ကုသိုလ်လုပ်မလဲ"လို့ တချို့အားငယ်လို့ ပြောကြတယ်။ ဒါက သာသနာနဲ့ မတွေ့လို့ပြောတာကိုး။

သာသနာနဲ့တွေ့ရင် စီးပွားရေးနှင့် တရား တစ်သားတည်း ပေါင်းထားလို့ ရတယ်။ စားဝတ်နေရေးနှင့် တရား တစ်သားတည်း ပေါင်းထားလို့ ရတယ်။ လူမှုရေးနှင့် တရားအလုပ် တစ်သားတည်း ပေါင်းထားလို့ ရတယ်။ နေ့စဉ် ခန္ဓာဝန် ထမ်းဆောင်တဲ့ အလုပ်တွေက တရားအသိပါလာရင် တရားချည်းပဲ ဖြစ်သွားတယ်။ ဒါကြောင့် မိမိရဲ့ စားဝတ်နေရေးဟာလည်းပဲ စိတ်အေးစရာ လူချမ်းသာပါပဲတဲ့။ ချမ်းသာဘက်ကို ဦးတည်တတ်တယ်။

(၂) က ကျွေးဟောင်းဆပ်မယ်။

မိဘဆရာသမား စတဲ့ ကျေးဇူးရှင်များအတွက် ပေးမယ်။ ပစ္စည်းရှာကတည်းက ခွဲတမ်းလေးပါပြီးသား သဒ္ဓါ၊ ပညာ၊ မေတ္တာနဲ့ ခွဲတမ်းလေးပါတော့ စကတည်းက ကုသိုလ်တွေ ဖြစ်နေပြီ။ ပေးပြန်တော့လည်း ဒါန၊ သီလ၊ မေတ္တာစတဲ့ သမာဓိအင်အားတွေ ပေါ်အောင် ပေးတယ်။ ပစ္စည်းတော့ လက်ထဲက လွတ်သွားတယ်။ လက်ထဲမှာ မကုန်တဲ့ တရားတွေ အထုပ်အပိုးလိုက် ကျန်ခဲ့တယ်။ ဒါမှ စိတ်အေးရမှာပေါ့။

(၃) စောစောက သားသမီးစတဲ့ ပုဂ္ဂိုလ်များအတွက် မေတ္တာနဲ့ အရိပ် ပေးမယ်။ ကျွေးသစ်ချမယ်ပေါ့။

အဲဒါလည်း သံယောဇဉ်စိတ်နဲ့ မသွားဘူး။ သဒ္ဓါနဲ့ ပညာနဲ့ မေတ္တာနဲ့ တွေ့ခိုက်ကြုံခိုက် သူတို့ အကျိုးရှိအောင် ငါကူညီမယ်။ သူတို့ကိုလည်း တတ်နိုင်တဲ့ဘက်က စွမ်းအားတွေနဲ့ မြှင့်တင်ပေးမယ်။

အဲဒီအသိနဲ့ ဒါနပေါ်အောင် သီလကျန်ခဲ့အောင် မေတ္တာစတဲ့ သမာဓိလေးတွေ ကျန်ခဲ့အောင် ပေးတတ်တယ်။ ဒီတော့ သားသမီး တာဝန်ကလည်း အမြင်ရှင်းသွားတော့ နိဗ္ဗာန်ရောက်ကြောင်း ဖြစ်တယ်။ တရားမျက်လုံးတပ်ကြည့်ရင် ချမ်းသာကြောင်းပဲ ဖြစ်တယ်။ စိတ်အေးစရာ လူချမ်းသာပဲ ရတယ်။

သာသနာက အသိပဲ တောင်းတာကိုး။ စိတ်ကောင်းပဲ တောင်းတာ၊ စိတ်ကောင်းရှိရင် ကိုယ့်လက်ထဲ ကိုင်ထားတာဟာ တန်ခိုးတွေချည်းပဲ။ စိတ်ကောင်းမရှိရင် အကုန်ရန်သူတွေချည်းပဲ ဖြစ်နေတော့တာပဲ။

ဒါကြောင့် သားသမီးတွေ ကျွေးတာလည်းပဲ ကိုယ့်အရိပ်ခို နေတဲ့ သူတွေကို ပေးတာလည်းပဲ ပစ္စည်းသာ လက်ထဲက ကုန်သွားတာ၊ မကုန်တဲ့ ဒါန ကျန်ခဲ့တယ်။ မကုန်တဲ့ သီလ ကျန်ခဲ့တယ်။ မကုန်တဲ့ မေတ္တာစတဲ့ သမာဓိတွေ ကျန်ခဲ့တယ်။

ဒီထက် မြှင့်တွက်ရင် ဝိပဿနာတောင် ကျန်ခဲ့တယ်။ ပစ္စည်းရဲ့ မခိုင်မြဲမှု၊ ကုန်ဆုံးမှု၊ ပျက်ပြုန်းမှုတွေကို ဉာဏ်နဲ့ ကြည့်ရင် ဝိပဿနာတောင် ကျန်ခဲ့တယ်။ ဒါလည်း စိတ်အေးစရာ လူချမ်းသာပဲ။ အများတကာ ပူလောင်ရှုပ်ထွေးစွာ သွားတဲ့နေရာမှာ

မိမိက ကြည်လင်အေးမြအေးချမ်းစွာ တရားတန်ခိုးလေးတွေ ထုပ်ပြီးတော့ သွားတတ်တယ်။

(၄) က အရည်လောင်းမယ်။

ဆွေမျိုးမိတ်ဆွေ စတဲ့ ပုဂ္ဂိုလ်များအတွက် အခါအားလျော်စွာ ပေးမယ်။ သူလည်းပဲ ဒါနပေါ်အောင်၊ သီလပေါ်အောင်၊ မေတ္တာသမာဓိပေါ်အောင် ပေးနိုင်တယ်။ ပစ္စည်းတော့ လက်ထဲက ကုန်သွားတယ်။ မကုန်တဲ့တရား လက်ထဲကျန်ခဲ့တယ်။ အဲဒီ ကျန်ခဲ့တာကြောင့် စိတ်အေးတာပဲ။ ဟိုမှာ ကုန်သွားလို့ စိတ်အေးတာ မဟုတ်ဘူး။ ကုန်တာက ပကတိ ပသာဒမျက်စေ့နှင့် ကြည့်ရင် ကုန်တယ်လို့မြင်လိုက်တယ်။ ဉာဏ်ကတွက်လိုက်တာက ရတယ်လို့ တွက်တယ်။ ဒါကြောင့် စိတ်ထဲမှာ ကြည်နူးတာပေါ့။ စိတ်အေးစရာ လှူချမ်းသာအင်အားရတာ။

(၅) က မျိုးစေ့စိုက်ပျိုးမယ်။

ယခုလို သီးခြားအလှူလုပ်တာကို မျိုးစေ့စိုက်ပျိုးတယ်လို့ ခေါ်တယ်။ သာသနာ့ဘဏ်တိုက်မှာ အပ်တယ်လို့လည်း ခေါ်နိုင်တယ် ပေါ့။ သာသနာမြေကောင်း ရေကောင်း ယာကောင်းထဲမှာ မိမိ တရားသဖြင့် ရှာထားတဲ့ပစ္စည်းကို စိုက်ပျိုးတယ်လို့လည်း ခေါ် နိုင်တယ်။

စိုက်ပျိုးတဲ့အလုပ်ပဲ။ မျိုးစေ့စိုက်တယ်ဆိုရင် မျိုးစေ့အောင်မြင် တယ်၊ ရေမြေကောင်းတယ် စသည်ဖြင့် မျိုးစေ့က အင်အားရှိရင် အပင်ပေါက်မယ်၊ ပေါက်ရင် သီးမယ်၊ သီးတော့ အတိုးနဲ့ သီးမယ်၊ အတိုးနဲ့သီးတော့ ရလာတော့ အတိုးနဲ့ရမယ်၊ တစ်တင်း စိုက်ရင် တင်းပေါင်းများစွာ ပြန်ရမယ်။ အဲဒီ သဘောမျိုးပေါ့။

သာသနာ့မြေကောင်း ရေကောင်း ယာကောင်းမှာ စိုက်ပျိုးရတာကလည်း မိမိက သဒ္ဓါစိတ်တွေ၊ ပညာစိတ်တွေ၊ မေတ္တာစိတ်တွေပါတော့ မိမိရဲ့စိတ်သတ္တိကလည်း ကောင်း၊ သာသနာ့လယ်ယာကြီးကလည်း အင်မတန်ကောင်းဆိုတော့ ကောင်းမှု စွမ်းအားအပင်တွေ ပေါက်ပေးနိုင်တယ်။ ချမ်းသာအပင်တွေ ပေါက်ပေးနိုင်တယ်။ ချမ်းသာအသီးတွေ သီးပေးနိုင်တယ်။ လောကုတ္တရာ ချမ်းသာရသည်အထိ ဆောင်ရွက်ပေးနိုင်မယ်။

ဒါနက ပစ္စုပ္ပန် စီးပွားရေးကိုလည်း တိုက်ရိုက် ကျေးဇူးပြုနိုင်တယ်။ သီလ၊ သမာဓိ၊ ပညာစွမ်းအားကိုလည်း အကွက်စေ့အောင် ကျေးဇူးပြုတယ်။ ဘယ်နေရာမဆို ဒါနဟာ လိုအပ်တာပေါ့။ ဒါကြောင့် ဒါနဆိုတာက မျိုးစေ့စိုက်တာ။

အဲဒီ (၅)ခု အကွက်စေ့အောင်လုပ်ရင် စိတ်အေးစရာ လူချမ်းသာ၊ ပစ္စည်းကြောင့် မမောတော့ပါဘူး။ ပစ္စည်းကြောင့် စိတ်ထဲမှာ တရားစွမ်းအားတွေသာ ရလို့ ပျော်ရွှင်ချမ်းမြေ့ကြည်နူးအားတက်လာတယ်။ ဒါလည်း စိတ်အေးစရာ လူချမ်းသာတစ်ခု။

တစ်ခါ **တတိယလူချမ်းသာက** လူဆိုတာ ကြွေးပေးရမယ်တဲ့။ ကြွေးပေးရအောင် ပစ္စည်းကိုလည်း ကြိုးစားရှာ၊ ရှာလို့ရတဲ့ပစ္စည်းကိုလည်း ချိုးခြိုချွေတာပြီးတော့သုံး၊ မလိုအပ်တဲ့နေရာမှာ မသုံးဘဲ လိုအပ်တဲ့နေရာမှာ အကွက်စေ့အောင်သုံး စသည်ဖြင့် ပစ္စည်းကြွေးကင်းအောင်လည်းနေမှ လူချမ်းသာ ဆိုတာရတယ်။

ပစ္စည်းကြွေးကင်းဖို့ လိုသလို တရားကြွေးလည်း ကင်းဖို့လိုမှာပေါ့။ ဒီနေ့လုပ်ရမယ့် ဒါန နောက်နေ့ရွှေ့လိုက်ရင် ဒါနကြွေး ဒီနေ့တင်သွားမယ်။ ဒီနေ့ သီလလုံခြုံအောင် စောင့်ထိန်းနိုင်ရက်သားနဲ့

နောက်တစ်ပတ် ရွှေ့လိုက်ရင် သီလကြွေး တင်သွားမယ်။ ဒီနေ့ ဘာဝနာတရား ဆင်ခြင်ပွားများအားထုတ်ဖို့ အခွင့်အရေးပေးရက်သားနဲ့ နောက်နေ့ နောက်လ ရွှေ့ဆိုင်းရင် ဒီနေ့ ဘာဝနာကြွေးတင်သွားမယ်။

ပစ္စည်းကြွေးတင်ရင် ပူရသလို တရားကြွေးတင်ရင်လည်း ပူရတာပဲ။ ကိုယ့်လက်ထဲ ကိုင်ထားတာ ကုသိုလ်ထုပ်ကြီးဖြစ်ရက်သားနဲ့ နောက်ကို ရွှေ့ရွှေ့ချလိုက်တော့ ကြွေးတွေ တင်တင်သွားတယ်။ ဒါကြောင့် တရားကြွေးတင်ရင်လည်း တစ်နေ့တာ တစ်နေ့တာ နည်းနည်း နည်းနည်း တစ်ပါတည်းရအောင် ယူသွားနိုင်မှ စိတ်အေးရမယ်။ ကုသိုလ်အချိန်နဲ့ တရားအချိန် မခွဲရတော့ဘဲ နေ့စဉ် စားဝတ်နေရေး လုပ်ငန်းစဉ်တွေထဲမှာပဲ တရားစွမ်းအား ထည့်ပေးလိုက်တော့ တစ်ပါတည်းပါသွားလို့ စိတ်အေးရတယ်။

**စတုဗ္ဗိဓလူချမ်းသာက** လူဆိုတာဟာ အပြစ်ကင်းအောင် နေတတ်ရမယ်။ သီလစည်းကမ်းကို ထိန်းသိမ်းပြီးတော့ အပြစ်ကင်းအောင် နေတတ်ရမယ်။ ရတနာသုံးပါး စွမ်းအားနဲ့ စိတ်အစဉ်ကို ထိန်း၍ စိတ်အပူကင်းအောင် နေတတ်ရမယ်။ စိတ်အပူငြိမ်းမှ ကိုယ်နှုတ်နှစ်ပါး အပြစ်ကင်းမယ်။ အဲဒါမှ လူဆိုတာ ချမ်းသာရမယ်လို့ မြတ်စွာဘုရားက အနာထပိဏ်သူဌေးကြီးကို ဟောထားတာရှိတယ်။

ဒါကြောင့် ယခုလည်း အဲဒီအတိုင်းပေါ့။ **ဒကာမကြီး ဒေါ်သန်းသန်းတို့၊ ဦးရွှေဘော်–ဒေါ်ရီရီဌေးတို့ မိသားစုတစ်တွေ** ရတနာသုံးပါး ဦးထိပ်ထားပြီးတော့ ကုသိုလ်လုပ်လိုက်ကြတာ ကုသိုလ်တွေ အများကြီးရကြတယ်။ စိတ်အေးစရာ လူချမ်းသာ စွမ်းအားတွေ ရကြတယ်။ ပစ္စုပ္ပန်မှာတောင် ချမ်းသာအောင်

နေနည်းလေးတွေရအောင် ယူတတ်ကြတယ်။ နောင်ရေးစိတ်အေးစရာ တွေရအောင် ယူတတ်ကြတယ်၊ လောကုတ္တရာချမ်းသာရစေနိုင်သော စွမ်းအားတွေရတယ်။ မိမိတို့ စိတ်ကောင်းကြောင့် သာသနာ့ဝန်ထမ်း ရဟန်းတွေ ချမ်းသာကြရတယ်။ မိမိတို့ တရားစွမ်းအားသည် နှလုံးသား သဒ္ဓါ၊ ပညာ၊ မေတ္တာဓါတ်တွေ သာသနာ ရစ်မသွားအောင် ထိန်းနိုင်တယ်။ သာသနာ အဆက်ပြတ်မသွား ရအောင် ဆက်စပ်ပေးထားနိုင်တယ်။ အင်အားတွေ အပြည့်ပါပါ တယ်။ ဆင်းရဲခပ်သိမ်းလွတ်ငြိမ်းရာ နိဗ္ဗာန်အထိလည်း ဦးတည်ပြီး ရအောင်ယူကြရမှာပေါ့။ အဲဒီ (၄)ခုကို လိုက်ဆိုကြ-

- ရှိသင့်သမျှ စုထားမှ၊ မုချ ချမ်းသာမည်။
- အသုံးချပုံ၊ အကွက်စုံ၊ လူ့ဘုံ ချမ်းသာပည်။
- ကြွေးပေးစရာ၊ ကင်းမှသာ၊ လူ့ရွာ ချမ်းသာမည်။
- အပြစ်ကင်းမှု၊ စိတ်ထားဖြူ၊ ထိုလူ ချမ်းသာမည်။
- ချမ်းသာလေးရပ်၊ ပြည့်စုံလတ်၊ ကောင်းမြတ် လူခေါ် သည်။

အဲဒီလိုဆိုတော့ ထိုက်တန်တဲ့ စိတ်ကောင်းတွေထားနိုင်လို့ စွမ်းအားတွေရတာ၊ ရတနာသုံးပါး လက်ခံနိုင်ဖို့ ရတနာသုံးပါးနှင့် ထိုက်တန်အောင် စိတ်ကောင်းထားနိုင်ရတယ်။ ရတနာသုံးပါးနှင့် ထိုက်တန်အောင် စိတ်ကောင်းထားနိုင်သူဟာ ရတနာသုံးပါးနဲ့ တွေ့တာပဲ။ သဘာဝမျက်လုံးနဲ့ တွေ့နေပေမယ့် ရတနာသုံးပါးနှင့် ထိုက်တန်တဲ့ စိတ်ကောင်း၊ စေတနာကောင်း၊ သဒ္ဓါ ပညာဓါတ် တွေ မထားနိုင်ရင် ရတနာနဲ့ တွေ့ကို မတွေ့ရပါဘူး။

ဒါနနဲ့ ထိုက်တန်အောင် စိတ်ကောင်းထားနိုင်မှ ဒါနပေါ်လာ တယ်။ သီလနဲ့ ထိုက်တန်အောင် စိတ်ကောင်းထားနိုင်မှ

သီလပေါ်လာတယ်။ သမာဓိ,ပညာခေါ်တဲ့ ဘာဝနာနဲ့ ထိုက်တန်အောင် စိတ်ကောင်းထားနိုင်မှ ဘာဝနာဓါတ်တွေဆိုတာ ရတတ်တယ်။ ဒါကြောင့် မိသားစုတွေရဲ့ စင်ကြယ်မြင့်မြတ်တဲ့ သဒ္ဓါ ပညာ မေတ္တာဓါတ်အရင်းခံတဲ့ ထိုက်တန်တဲ့ အဆင့်မြင့်စွမ်းအားတွေကြောင့် ယခု သံဃာတော်တွေမှာလည်း ချမ်းသာကြရ သာသနာအတွက်လည်း အကျိုးများ၊ မိမိတို့လည်း စိတ်အေးစရာတွေ အများကြီးရကြတယ်။ ဒါကြောင့် ဆင်းရဲခပ်သိမ်း လွတ်ငြိမ်းရာနိဗ္ဗာန် အထိ ဦးတည်ပြီးတော့ ရေစက်ချ ဆုတောင်းအမျှပေးကြရအောင်–

နံပါတ်(၁)က သဒ္ဓါတရားနဲ့ ဝမ်းမြောက်ဝမ်းသာ ကုသိုလ်ထုပ်တွေ ကောက်တယ်၊ အထုပ်လို့သာ ပြောရတယ်လေ၊ ဒါလဲ တစ်ထုပ်မှ မပါဘူး။ အထုပ်ကြီးက ကြီးလေပေါ့လေ။ ကြီးလေများလေ၊ ကြီးလေအားရှိလေပဲ။

(၂)က ပညာနဲ့ ကုသိုလ်ကို လမ်းရှင်း၊ ဆုတောင်း၊ အသုံးချမယ်။ ကုသိုလ်ကံမှာ မိမိဖြစ်လိုတဲ့ ဆန္ဒကို ပညာနဲ့တွဲပြီးတော့ တင်ပြမယ်။

(၃)ကတော့ အဖိုးတန် ကောင်းမှုကုသိုလ်များကို မိဘ ဆရာသမား နတ်မြတ် နတ်ကောင်းများ အပါအဝင် အားလုံးအမျှယူကြပါလို့ မေတ္တာနဲ့ ပေးမယ်။ ဒါကြောင့် အားလုံး လိုက်ဆိုကြ–

အရိယာနွယ်ဝင် သံဃာတော် အရှင်မြတ်တို့ဘုရား၊ တပည့်တော်များသည် ကံကိုလည်းကောင်း၊ ကံ၏အကျိုးတရားကိုလည်းကောင်း၊ ရတနာသုံးပါးကိုလည်းကောင်း၊ ရတနာသုံးပါး၏ စွမ်းရည်သတ္တိ ဂုဏ်ကျေးဇူးကိုလည်းကောင်း၊ သာသနာတော်

မြတ်ကြီး၏ အံ့ဩဖွယ်ကောင်းလှသော စွမ်းရည်သတ္တိ အမျိုးမျိုး ကိုလည်းကောင်း၊ ယုံကြည်မြတ်နိုး အားကိုးကြ၍ နိဗ္ဗာန်ချမ်းသာ ကို မျက်မှောက်ပြုလိုသောကြောင့်လည်းကောင်း၊ ဘေးရန်အန္တရာယ် အမျိုးမျိုးတို့မှ ကင်းလွတ်၍ ကောင်းကျိုးချမ်းသာ အမျိုးမျိုးတို့ နှင့် ပြည့်စုံကြီးပွားတိုးတက်လိုသောကြောင့်လည်းကောင်း၊ ဘဝ ခန္ဓာ, ပစ္စည်းဝတ္ထု၏ အနှစ်သာရကို ထုတ်ယူလိုသောကြောင့် လည်းကောင်း၊ သာသနာတော်မြတ်ကြီးကို ချီးမြှောက်ပူဇော်လိုသော ကြောင့်လည်းကောင်း၊ သံဃာတော် အရှင်မြတ်တို့ကို ဤနေအိမ်သို့ ရိုရိုသေသေ ပင့်ဆောင်ကြ၍ နေ့ရာထိုင်ခင်း အလှူများကို ယာယီစံကျောင်းအဖြစ်ဖြင့် ပေးလှူကြပြီးလျှင် သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသီလကို ကျင့်သုံးဆောက်တည်ပြီး၍ အန္တရာယ်ကင်း ကြောင်း၊ ကျန်းမာကြောင်း၊ ချမ်းသာကြောင်းဖြစ်သော ပရိတ်တရား တော်များကို ရိုရိုသေသေ ယုံယုံကြည်ကြည် နာယူကြပါကုန်၏ အရှင်ဘုရား။

သံဃာတော် အရှင်မြတ်တို့အား သံဃာ့ဂုဏ်၊ တရားဂုဏ်၊ သာသနာ့ဂုဏ်ကို အာရုံပြု၍ မွန်မြတ်သော ဆွမ်း ခဲဘွယ်ဘောဇဉ် တို့ကို စေတနာသုံးတန်ခြံရံလျက် ရွှင်လန်းဝမ်းမြောက်စွာ မဂ်ဖိုလ် နိဗ္ဗာန်ကို ရည်မှန်း၍ လှူဒါန်းဆက်ကပ်ပူဇော်ကြပါကုန်၏ အရှင်ဘုရား။

သံဃာ့ဂုဏ်၊ တရားဂုဏ်ကို အာရုံပြု၍ မွန်မြတ်သော သင်္ကန်းတို့ကို စေတနာသုံးတန်ခြံရံလျက် ရွှင်လန်းဝမ်းမြောက်စွာ မဂ်ဖိုလ်နိဗ္ဗာန်ကို ရည်မှန်း၍ လှူဒါန်းဆက်ကပ် ပူဇော်ကြပါကုန်၏ အရှင်ဘုရား။

သာသနာတော်မြတ်ကြီးကို ချီးမြှောက်ပူဇော်သောအားဖြင့် ရန်ကုန်မြို့၊ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်အတွင်း၌ သီတင်းသုံးတော်မူကြသော စာချစာသင် သာသနာ့ဝန်ဆောင် သံဃာတော်အရှင်မြတ်များ၏ ဆွမ်းဟင်းလျာအတွက် မွန်မြတ်သော ပိဿာ(၅၀)သော ဆီတို့ကို စေတနာသုံးတန် ခြံရံလျက် ရွှင်လန်းဝမ်းမြောက်စွာ မဂ်ဖိုလ်နိဗ္ဗာန်ကို ရည်မှန်း၍ လှူဒါန်းပူဇော်ကြပါကုန်၏ အရှင်ဘုရား။

ဝေယျာဝစ္စ ကောင်းမှုများကိုလည်း ပျော်ပျော်ရွှင်ရွှင် ကြည်ကြည်လင်လင် ဆောင်ရွက်အားထုတ်ကြပါကုန်၏ အရှင်ဘုရား။

ယနေ့ယခု ဝမ်းမြောက်ဝမ်းသာ ကြည်ကြည်လင်လင် အောင်အောင်မြင်မြင် ပြုလုပ်အပ်သော ကုသိုလ်ကောင်းမှုအစုစုကြောင့် ဆင်းရဲခပ်သိမ်း လွတ်ငြိမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာ တရားတော် မြတ်ကို လွယ်ကူသောအကျင့် လျင်မြန်သောအသိဉာဏ်ဖြင့် လွယ်လွယ်ကူကူ မျက်မှောက်ပြုရပါလိုကုန်၏။

ယခုဘဝမှာလည်း ဤကောင်းမှုကြောင့် ဘေးရန်အန္တရာယ် အနှောင့်အယှက်၊ အတားအဆီး၊ အချုပ်အချယ်၊ အရှုပ်အထွေး၊ ရောဂါဝေဒနာ၊ ထိတ်လန့်စရာ၊ တုန်လှုပ်စရာ အမျိုးမျိုးတို့မှ ကင်းလွတ်၍ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်း၊ ဉာဏ်ပညာတိုးပွားခြင်း၊ အကြံအစည်အောင်မြင်ခြင်း၊ အသက်ရှည်ခြင်း၊ အေးအေးချမ်းချမ်းနေရခြင်း အစရှိသော ကောင်းကျိုးချမ်းသာ အမျိုးမျိုးတို့နှင့် ပြည့်စုံကြီးပွားတိုးတက်ရပါလိုကုန်၏။

ဤကောင်းမှုကြောင့် စိတ်ချမ်းသာကြောင်း၊ တိုးတက်ကြောင်းဖြစ်သော ပညာရှိသူတော်ကောင်းတို့နှင့်သာလျှင် တွေ့ကြုံပေါင်းသင်း ဆက်ဆံရပါလိုကုန်၏။

ဤကောင်းမှုကြောင့် ထူးချွန်သော၊ ထက်မြက်သော၊ နက်နဲသော၊ ဆန်းကြယ်သော၊ ကြီးမားသော၊ ဉာဏ်ပညာ အထူးတို့နှင့် ဘဝတိုင်းပြည့်စုံ၍ လောကီ လောကုတ္တရာ အတတ်ပညာအမျိုးမျိုးတို့ကို လွယ်လွယ်ကူကူ၊ လျင်လျင်မြန်မြန်၊ လိုလိုချင်ချင်၊ ကျန်းကျန်းမာမာ၊ ပြည့်ပြည့်စုံစုံ၊ ထူးထူးချွန်ချွန် တတ်မြောက်အောင်မြင်ရပါလိုကုန်၏။

ဤကောင်းမှုကြောင့် ဘဝခန္ဓာကို အလိုရှိသလို အသုံးပြုနိုင်ရန် မရှိလျှင် မဖြစ်သော ပစ္စည်းဥစ္စာ ရတနာအမျိုးမျိုးတို့နှင့် ဘဝတိုင်း ပြည့်စုံ၍ ရန်သူမျိုးငါးတို့မှ ဘဝတိုင်း ကင်းလွတ်ရပါလိုကုန်၏။

ဤကောင်းမှုကြောင့် အနာရောဂါ အမျိုးမျိုးတို့မှလည်းကောင်း၊ အနှောင့်အယှက် အမျိုးမျိုးတို့မှလည်းကောင်း၊ စိတ်ညစ်ရာ၊ စိတ်ရှုပ်စရာ၊ စိတ်ပျက်စရာ၊ စိတ်ပူစရာ အမျိုးမျိုးတို့မှလည်းကောင်း ဘဝတိုင်း ကင်းလွတ်ရပါလိုကုန်၏။ နိဗ္ဗာန်မရောက်မီ ခန္ဓာရှိနေသမျှ မလွှဲသာမရှောင်သာ တွေ့ကြုံရမြဲဖြစ်သော သခၤါရဒုက္ခနှင့် အကြောင်းအားလျော်စွာ တွေ့ကြုံလာတတ်သော လောကဓံအတွက် မတုန်မလှုပ် အေးအေးမြမြ၊ ကြည်ကြည်လင်လင်၊ ရှင်းရှင်းလင်းလင်း၊ တည်တည်ငြိမ်ငြိမ်၊ ဓမ္မဓနရှိသောတရားဖြင့် စိတ်ကိုထိမ်း၍ အဖိုးတန်အောင် အသုံးချ၍ နေထိုင်တတ်သော ပညာရှိသူတော်ကောင်းသာလျှင် ဘဝတိုင်း ဖြစ်ရပါလိုကုန်၏။ နိဗ္ဗာန်ရောက်ကြောင်း ပါရမီကောင်းမှု အစုစုတို့ကို ယခုဘဝမှစ၍ တစ်နေ့ထက်တစ်နေ့ တစ်ဘဝထက် တစ်ဘဝ ရင့်ကျက်၍ မြင့်တက်လာအောင် မမေ့မလျော့ အဆက်မပြတ် ကြိုးစားဖြည့်ကျင့် အားထုတ်နိုင်ရပါလိုကုန်၏။

ယနေ့ယခု ဝမ်းမြောက်ဝမ်းသာ ကြည်ကြည်လင်လင် အောင်အောင်မြင်မြင် ပြုလုပ်အပ်သော ကုသိုလ်ကောင်းမှု အစုစု၏ အဖို့ဘာဂကို အမိအဖ ဆရာသမား နတ်ကောင်းနတ်မြတ်များနှင့် ရောက်ရှိလာကြသော ပရိသတ်အပေါင်း သူတော်ကောင်းတို့ကို အမှူးထား၍ သုံးဆယ့်တစ်ဘုံ ကျင်လည်ကုန်သော သတ္တဝါအပေါင်း တို့အား အမျှအမျှ ပေးဝေပေပါကုန်၏၊ အမျှရ၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာအေးမြ ကြပါစေကုန်သတည်း။

* * *

# မေတ္တာကိုင်ခွဲအောင်ရမြဲတရားတော်

၁၃၅၈–ခုနှစ်၊ နတ်တော်လပြည့်ကျော် (၅)ရက် (၁၉၉၆–ခုနှစ်၊ ဒီဇင်ဘာလ(၃၀)ရက်) တနင်္လာနေ့ ညအချိန် ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့၊ (၁၄)ရပ်ကွက်၊ ဥက္ကလာပစေတီတော်ဝင်း



မဟာမုနိဓမ္မာရုံကြီးအတွင်း၌ ဗုဒ္ဓပူဇာမင်္ဂလာကောင်မှု အကြောင်း ပြု၍ ကောင်းမှုတရား ကြိုးစားပြုလုပ် အားထုတ်ကြတဲ့အခါမှာ ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာအဖြစ်ဖြင့် အမှတ်ရဖွယ်အဖြစ်ဖြင့် ဟောကြား အပ်သော–



"မေတ္တာကိုင်စွဲ အောင်ရမြဲတရားတော်"

မြတ်စွာဘုရားက နာဠာဂီရိ ဆင်မိုက်ဆင်ဆိုးကြီးကို မေတ္တာတရားဖြင့် အောင်မြင်ပုံကို အခြေခံပြီးတော့ "မေတ္တာကိုင်စွဲ အောင်ရမြဲဆိုတဲ့" တရားကို အာရုံပြုကြရအောင်ပါ။

ဘုရားကိုလည်း ပူဇော်ရာရောက်၊ မိမိတို့အတွက်လည်း လက်တွေ့ အလုပ်လုပ်စရာ စွမ်းအားတွေရလို့ နှလုံးသွင်းရင်း ဆင်ခြင်ရင်း ပွားများရင်းပေါ့။ တစ်သက်တာလုံး အသုံးချစရာ တရားတွေရအောင် ယူပြီးတော့မှ "မေတ္တာကိုင်စွဲ အောင်ရမြဲတရား" ကို အာရုံပြုကြရအောင်ပါ။

ဒဏ္ဍေနေကေ ဒမယန္တိ၊ အင်္ကုသေဟိ ကသာဟိစ။
အဒဏ္ဍေန အသတ္ထေန၊ နာဂေါ ဒန္တော မဟေသိနာ။

ဧကေ၊ အချို့ကုန်သောပုဂ္ဂိုလ်တို့သည်။ ဟတ္ထာဒိကေ၊ ဆင်အစရှိကုန်သော သတ္တဝါတို့ကို။ ဒဏ္ဍေနစ၊ ဒုတ်ဖြင့်လည်းကောင်း။ အင်္ကုသေဟိစ၊ ချွန်းတို့ဖြင့်လည်းကောင်း။ ကသာဟိစ၊ ကြိမ်လုံးတို့ဖြင့်လည်းကောင်း။ ဒမယန္တိ၊ ရိုက်နှက်ထိုးဆွ ဆုံးမတတ်ကြ လေကုန်၏။ မဟေသိနာ၊ သီလက္ခန္ဓစသည်ကျေးဇူး ဂုဏ်အထူးကို ချီးကျူးမပြတ် ရှာမှီးတော်မူတတ်တဲ့ သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားကတော့။ နာဂေါ၊ နာဠာဂီရိ နာမကျော်ဟီး ဆင်ဆိုးကြီးကို။ အဒဏ္ဍေန၊ ဒုတ်လည်း မကိုင်ပါဘဲလျက်။ အသတ္ထေန၊ လက်နက်လည်း မကိုင်ပါပဲလျက်။ ဒန္တော၊ မေတ္တာ ရေအေး တိုက်ကာကျွေး၍ လိမ္မာယဉ်ကျေးအောင် ဆုံးမတော်မူအပ်ပေ သတည်း။

လောကမှာ အချို့အချို့သော ပုဂ္ဂိုလ်တွေ ဆင်စတဲ့ သတ္တဝါတွေကို ဆုံးမကြတဲ့အခါ တချို့က ဒုတ်ကိုင်ဒုတ်နဲ့ ရိုက်ပြီးဆုံးမကြ၊ တချို့ကချွန်းနဲ့အုပ်ဆုံးမ၊ တချို့က ကြိမ်လုံးတွေနဲ့ရိုက်ဆုံးမ၊ ဆုံးမတော့ကော အားလုံး လိမ္မာကြသလား၊ ယဉ်ကျေးကြသလားဆိုတော့ ဒုတ်ကြောက်လို့သာ သွားကြရ၊ ရန်းကြရ၊ ပြေးကြရတာပါ။ တကယ်တော့ လိမ္မာယဉ်ကျေးတဲ့အဆင့်ကို ရောက်ချင်မှရောက်မှာပါ။

သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာ ဘုရားကတော့ နာဠာဂီရိလို့ဆိုတဲ့ လူပေါင်းများစွာကို မိုက်မိုက်ကန်းကန်း ရမ်းရမ်းကားကား သတ်ဖြတ်ပြီးတော့နေတဲ့ ရက်စက်ကြမ်းကြုတ်လှတဲ့ ဆင်ဆိုးကြီးတို့လို သတ္တဝါတွေကိုတောင်မှ လိမ္မာယဉ်ကျေးအောင် ဆုံးမတော်မူတဲ့အခါမှာ ဒုတ်လည်းမကိုင် လက်နက်လည်း မကိုင်ဘဲနဲ့ ဆန်းကျယ်မြင့်မြတ်အေးချမ်းလှတဲ့ မေတ္တာဓါတ်ပက်ဖျန်းပြီးတော့ လိမ္မာယဉ်ကျေးအောင် ဆိုဆုံးမတော်မူတယ်။ မြတ်စွာဘုရားရဲ့ တရားတွေဟာ စင်ကြယ်အေးချမ်းတဲ့ နှလုံးသားထဲက မေတ္တာဓါတ်၊ ကရုဏာဓါတ် အရင်းခံနဲ့ပေါ်ပြီးတော့ လာတာဆိုတော့ အကုန်လုံး ချမ်းသာတာချည်းပါပဲ။ လတ်တွေ့ ကျင့်တာ မဟုတ်သေးပါဘူး။ မြတ်စွာဘုရားဟောကြားတဲ့ တရားတော်တွေဆိုတာ သဒ္ဓါတရားနဲ့ ယုံယုံကြည်ကြည်နဲ့ နာလိုက်ရရင်တောင်မှ စိတ်ထဲမှာ ပူလောင်မှုတွေ ငြိမ်းပြီးတော့ အေးချမ်းသွားစေနိုင်တဲ့ သတ္တိ ပါပါတယ်။

အဲဒီစကားလေး အာရုံပြုလိုက်တော့ ဒုတ်လက်နက် လှံလက်နက် မပါဘဲ မေတ္တာဖြင့်သာ ဆုံးမသည်။ ဘုရားရှင်ရဲ့ သာသနာဟာ မေတ္တာသာသနာတော်ကြီးပါ။ ဒုတ်လက်နက်၊ လှံလက်နက်လည်း မပါ မေတ္တာတရားနဲ့ ငြိမ်းအေးစွာ ဆုံးမတော်မူတယ်။ "မေတ္တာ

စွမ်းအား၊ မြတ်တရားကြောင့်၊ အများလိမ္မာ၊ ငြိမ်းအေးကာ၊ ချမ်းသာကြလေသည်” သာသနာနဲ့ မတွေ့ရသေးရင်သာ နေရောပေါ့။ သာသနာနဲ့ တွေ့ကြုံကြရတဲ့ ပုဂ္ဂိုလ်တွေ မြတ်စွာဘုရားရဲ့ လမ်းညွှန်ချက်တရားတော်တွေ နာကြားခွင့်ရသွားတဲ့ ပုဂ္ဂိုလ်တွေ၊ နာကြားရုံမျှသာမက အသိစိတ်နှင့် တရားထိ တွေ့ခွင့်ရ၍ လက်တွေ့ ကျင့်ကြံကြိုးကုတ် အားထုတ်ခွင့်ရသွားတဲ့ ပုဂ္ဂိုလ်တွေဟာ လိမ္မာကြလို့၊ ယဉ်ကျေးကြလို့၊ ငြိမ်းအေးကြလို့ ချမ်းသာကိုရကြတယ်။

“ဆင်မိုက်ကြီးပင်၊ စိတ်ကောင်းဝင်ကာ၊ ငြိမ်းအေးပါ၊ လိမ္မာ ယဉ်ကျေးသည်”

ဆင်မိုက်ကြီးတောင်မှ မေတ္တာစွမ်းအားကြောင့်မို့လို့ ငြိမ်းအေးပြီးတော့ လိမ္မာယဉ်ကျေးသွားရပါတယ်။ အင်္ဂုလိမာလတို့လို ကမ္ဘာကျော် လူဆိုးကြီးတွေ မြတ်စွာဘုရားရဲ့ အရိပ်အာဝါသအောက်ကို ရောက်သွားတဲ့အခါမှာ တကယ့်ကို လိမ္မာယဉ်ကျေးတဲ့ လူကောင်းကြီးဖြစ်သွားရတယ်။ အာဠဝကတို့လို အမိုက်အကြမ်း အရမ်းကောင်းကြီးတွေတောင်မှ မြတ်စွာဘုရားရဲ့ အရိပ်အောက်ကို ရောက်သွားတဲ့အခါမှာ လိမ္မာယဉ်ကျေးသွားကြရတယ်။

“ဆင်မိုက်ကြီးပင်၊ စိတ်ကောင်းဝင်ကာ၊ ငြိမ်းအေးပါ၊ လိမ္မာယဉ်ကျေးသည်” ဒါလေးကို လိုက်ဆိုကြ-

- ဒုတ်လည်းမဖက်၊ လက်နက်မပါ၊ ငြိမ်းအေးစွာ မေတ္တာဖြင့်သာ ဆုံးမသည်။
- မေတ္တာစွမ်းအား၊ မြတ်တရားကြောင့်၊ အများလိမ္မာ၊ ငြိမ်းအေးစွာ၊ ချမ်းသာကြလေသည်။

ဆင်မိုက်ကြီးပင်၊ စိတ်ကောင်းဝင်ကာ၊ ငြိမ်းအေးပါ၊ ငါ့မှာ
ယဉ်ကျေးသည်။

အဲဒါကြောင့် မေတ္တာစွမ်းအားဟာ အလွန်တရာမှ ထိရောက်တဲ့ စွမ်းအားကြီးဖြစ်ပါတယ်။ မြတ်စွာဘုရားရဲ့ တရားလမ်းညွှန်ချက်မှန်သမျှဟာ မေတ္တာနှလုံးသားက ပေါ်လာတဲ့ တရားတွေပဲဖြစ်ပါတယ်။ အဲလို စစ်မှန်သန့်စင်လို့ ရည်ရွယ်ချက်ကောင်းလွန်းလို့လည်း ဒီနေ့အထိ ရိုးသွားတယ်၊ ဟောင်းသွားတယ်၊ ခေတ်နောက်ကျသွားတယ်လို့ မရှိဘူး။ လက်တွေ့ ကျင့်ကြံကြိုးကုတ်အားထုတ်နိုင်သလောက် ချမ်းသာရနေကြတာပါ။

## အရှင်ဒေဝဒတ်နှင့် ဘုရင်အဇာတသတ်

ဒါကြောင့် "မေတ္တာကိုင်စွဲ အောင်ရမြဲ" ဆိုတဲ့ အကြောင်းအရာ ဇာတ်လိုက်ကတော့ အရှင်ဒေဝဒတ်နှင့် ဘုရင် အဇာတသတ်တို့ပါ။ ဤဒေသနာ အကြောင်းအရာမှာ လူနဲ့ တိရစ္ဆာန်အချင်းချင်း အပြန်အလှန် စိတ်သဘောထားချင်း လဲလှယ်ကြပုံ အကြောင်းအရာကိုလည်း ပြပါတယ်။ လူတွေက တိရစ္ဆာန်စိတ်တွေပေါက်ပြီးတော့ တိရစ္ဆာန်ကတော့ တရားနာရလို့ လူစိတ်ပေါက်သွားတဲ့ သဘောကို ပြတယ်။ တရားမှ မနာရရင် လူတောင် တိရစ္ဆာန်စိတ်ပေါက်တယ်။ ဒါကိုပြတယ်။ တရားကိုနာရရင် တိရစ္ဆာန်တောင် လူစိတ်ပေါက်သွားတာ။ အဲဒါကိုလည်းပြပါတယ်။ ပြီးတော့ လူ့ရဲ့ ကိုယ်ခံစွမ်းအားနှစ်ခုလို့ ခေါ်ဆိုရတဲ့ ဗုဒ္ဓါနုဿတိနှင့် မေတ္တာစွမ်းအားနှစ်ခုကိုလည်း ဤဒေသနာမှာ ဖော်ပြပါတယ်။

ပြီးတော့ လူချမ်းသာရဲ့ အဆိပ်ဖြေဆေးလို့ ခေါ်ဆိုရတဲ့ သတိနှင့် မေတ္တာစွမ်းအား နှစ်ရပ်ကိုလည်း ဤဒေသနာမှာ

ဖော်ပြပါတယ်။ လူချမ်းသာဆိုတာ ချမ်းသာအစစ်မှ မဟုတ်ဘဲ။ အဆိပ်တွေရောနေတာ။ အဲဒါကို အဆိပ်ဖြေဆေးဖြစ်တဲ့ အဆိပ်ဖြေဆေးနှင့် ဖြေပြီးတော့ပေးမှ လူချမ်းသာဆိုတာ ရနိုင်ကြပါတယ်။

"သတိ, မေတ္တာ၊ ဉာဏ်နှစ်ပြာ၊ လူ့ရွာ အဆိပ်ဖြေ"

သတိနဲ့မေတ္တာဟာ လူ့လောကမှာ အဆိပ်ဖြေဆေးပါ။ သတိဆိုတာက အမှန်မြင်မှသာလျှင် ရနိုင်တယ်။ ကိုယ်တစ်ယောက်တည်း တည့်အောင် နေနည်းကိုလည်း ပြတယ်။ တစ်ယောက်တည်း မတည့်လို့ ဒုက္ခရောက်ရတာလည်း အများကြီး။ သတိဆိုတာ အမှန်မြင်မှပေါ်လာတယ်။ ကိုယ်တစ်ယောက်တည်း နေနည်းကို ပြတယ်။ မေတ္တာဆိုတာ ခန္တီအားကောင်းမှ ရနိုင်တယ်။ အများနှင့် ဆက်ဆံတဲ့အခါ အများနှင့် တည့်အောင် နေနည်းကို ပြတယ်။ ကိုယ်တစ်ယောက်တည်းလည်း တည့်မယ်ဆိုရင် အများနှင့်ဆက်ဆံတဲ့ အခါမှာ အများနှင့်လည်းတည့်မယ် အဆင်ပြေမယ်ဆိုရင် စွမ်းအားဆိုတာ ရရောပေါ့။ တည်ငြိမ်ရင့်ကျက်အေးချမ်းပျော်ရွှင်စွာ လောကကြီးအတွင်းမှာ နေနိုင်ကြမှာပါ။ ပစ္စုပ္ပန်တည်ငြိမ်တော့ နောင်ရေးအတွက်လည်း စိတ်အေးရပြီးသားပါ။

ဒါကြောင့်–

"အမှန်မြင်ကာ၊ သတိပါ၊ ရွှင်ပျော်အားတက်ပေ"

သတိဆိုတဲ့ အချိန်ထိန်းကိရိယာ၊ အာရုံထိန်းကိရိယာ၊ စိတ်ထိန်းကိရိယာတွေရဖို့ကျတော့ အမှန်မြင် ဖို့လိုတယ်။ စောစောပိုင်းတော့ ခပ်ကြဲကြဲပေါ့။ စားတယ်၊ သောက်တယ်၊ နေတယ်၊ ထိုင်တယ်၊ သွားတယ်၊ လာတယ်၊ မြင်တယ်၊ ကြားတယ် စတဲ့ ကိစ္စခပ်သိမ်းမှာ သတိအမှတ်ကလေးနဲ့ အကွက်ချပြီးတော့သွား

တော့ မှတ်ဖန်များတော့ နောက်ပိုင်း ရှေ့နှင့်နောက် ဆက်စပ်မိသွားမှာ ပါ။ သတိတွေဟာ အားကောင်းသွားမှာပါ။ သတိဆိုတဲ့ အဆိပ်ဖြေဆေး ပိုင်ပြီးတော့ သွားမှာပါ။

"ခန္တီနိုင်မှ၊ မေတ္တာရ၊ မုချအေးချမ်းမှာ"

သည်းခံတဲ့၊ ခွင့်လွှတ်တဲ့၊ သဘောထားကြီးတဲ့၊ အနစ်နာခံတဲ့၊ စွန့်လွှတ်တတ်ပါတယ်ခေါ်တဲ့ ခန္တီဆိုတဲ့ အမာခံအားကောင်းမှ မေတ္တာဆိုတဲ့ အဆိပ်ဖြေဆေး လက်ကိုင်သုံးနိုင်မှာ။ "သတိကိုကိုင် ကိုယ့်ကိုနိုင် ကြံခိုင်စွမ်းအားပြည့်ဝမည်" သတိကို ကိုင်မှ ကိုယ့်ကို နိုင်မယ်။ ကိုယ့်ကိုယ်ကို အရှုံးပေးရတာ နည်းမှ မနည်းတော့ဘဲ။ အဲဒီ သတိဆိုတဲ့ အဆိပ်ဖြေဆေးလေးကို ကိုင်ထားတဲ့အခါမှာ ကိုယ့်ကိုယ်ကို နိုင်လာတယ်၊ ကြံခိုင်တယ်၊ စွမ်းအားတွေ ပြည့်ဝတယ်။ အများတကာ ခလုတ်တိုက်ချော်လဲပြီးတော့မှ ထွန့်ထွန့်ပျက်စွာ သွားနေရတဲ့လမ်းမှာ တည်ငြိမ်ရင့်ကျက် အေးချမ်းစွာနှင့် ခလုပ်မထိ၊ ဆောမထိဘဲနှင့် ရှင်းရှင်းလင်းလင်း စွမ်းအားအပြည့်နဲ့ သွားနိုင်တယ်။

"မေတ္တာကိုပိုင် သူ့ကိုနိုင် ကြံ့ခိုင်အေးမြ"တဲ့၊ မေတ္တာကို ကိုင်တော့ သူ့ကို နိုင်တယ်။ သတိကို ကိုင်တော့ ကိုယ့်ကို နိုင်တယ်။ မေတ္တာကို ကိုင်တော့ သူ့ကို နိုင်တယ်။ သူဆိုတာက တစ်ပါးသော သက်ရှိ ပုဂ္ဂိုလ်သတ္တဝါတွေအားလုံး သူတွေချည်းပဲပေါ့။ မိမိရှာဖွေစုဆောင်းထားတဲ့ ပစ္စည်းအကုန်လုံး သူတွေချည်းပဲပေါ့။ အဲဒီသူ အကုန်လုံးကို မေတ္တာက နိုင်တယ်။ ပစ္စည်းကို အသုံးချတော့လည်း မေတ္တာပုံစံလေးနဲ့။ ဒါန၊ သီလ၊ ဘာဝနာစွမ်းအား အမြတ်တွေကျန်အောင် အသုံးချတဲ့အတွက် လက်ထဲက ပစ္စည်းကုန်သွားပေမယ့် မကုန်တဲ့တရားကျန်အောင် သုံးတတ်ပါတယ်။

"မေတ္တာကိုပိုင် သူ့ကိုနိုင် ကြံ့ခိုင်အေးမြပေ။ တစ်ယောက်တည်းပင် စွမ်းအင်အပြည့် တည့်လိုဘိ သတိဖြင့်သာနေ"

တစ်ယောက်တည်း ပျော်ပျော်နဲ့ စွမ်းအားအပြည့်နဲ့ တစ်ယောက်တည်း တည့်တည့်ရှိက်ရှိက်နေချင်ရင် တစ်ယောက်တည်း တည့်ချင်ရင် တစ်ယောက်တည်း စွမ်းအားအပြည့်နဲ့ ပျော်ပျော်နေချင်ရင် သတိကို လက်မလွှတ်ပါစေနဲ့။

"တစ်ယောက်တည်းပင် စွမ်းအင်အပြည့် တည့်လိုဘိ၊ သတိဖြင့်သာနေ၊ အများတကာ ဆက်ဆံရာ မေတ္တာပါမှ အဆင်ပြေ"

ပတ်ဝန်းကျင်နှင့် ဘယ်သူမှ မကင်းနိုင်ကြဘူး။ မေတ္တာသာ မပါဘူးဆိုရင် လောကအတွင်းမှာ "မတဲ့အတူနေ" ဆိုတဲ့အတိုင်း မလွဲသာလို့သာ ဆက်ဆံရမယ်။ အေးချမ်းမှုရကြမှာမဟုတ်ပါဘူး။

ဒါကြောင့် မေတ္တာဆိုတဲ့ အဆိပ်ဖြေဆေးလေး လက်ခံသုံးစွဲလိုက်မယ်ဆိုရင် အများနဲ့ ဆက်ဆံတဲ့နေရာမှာ အကုန်လုံး အဆင်ပြေတယ်။ စွမ်းအားတွေရတယ်။ တည်ငြိမ်ရင့်ကျက်အေးချမ်းစွာ ဘဝခရီးသွားနိုင်မယ်။ ဒါလေးလည်း လိုက်ဆိုကြပေါ့-

- သတိ, မေတ္တာ၊ ဤနှစ်ဖြာ၊ လူ့ရွာအဆိပ်ဖြေ။
- အမှတ်မြဲသော်၊ သတိပေါ်၊ ရွှင်ပျော်အားတက်ပေ။
- ခန္တီခိုင်မှ၊ မေတ္တာရ၊ မုချအေးချမ်းပေ။
- သတိကိုကိုင်၊ ကိုယ့်ကိုနိုင်၊ ကြံ့ခိုင်စွမ်းအားပြည့်ဝပေ။
- မေတ္တာကိုပိုင်၊ သူ့ကိုနိုင်၊ ကြံ့ခိုင် အေးမြပေ။
- တစ်ယောက်တည်းပင်၊ စွမ်းအင်အပြည့်၊ တည့်လိုဘိ၊ သတိဖြင့်သာနေ။

အများတကာ၊ ဆက်ဆံရာ၊ မေတ္တာ၊ ပါမှ အဆင်ပြေ။

ဒါကြောင့် သတိ,မေတ္တာစတဲ့ အဆိပ်ဖြေဆေး စွမ်းအားကို လည်း ဤအကြောင်းအရာမှာ ဖော်ပြတယ်။

## တိဟိတ်ပုဂ္ဂိုလ်တွေ

ဇာတ်လိုက်ကတော့ အရှင်ဒေဝဒတ်နှင့် ဘုရင် အဇာတသတ် ဆရာတပည့်နှစ်ဦးပါ။ အရှင်ဒေဝဒတ်နှင့် ဘုရင် အဇာတသတ်ဟာ တကယ်တော့ သာမန် ပုဂ္ဂိုလ်တွေမဟုတ်ပါဘူး။ တိဟိတ်ပုဂ္ဂိုလ်တွေ၊ တိဟိတ်ဆိုတာ ဒီဘဝမှာ မဂ်ဖိုလ်ရနိုင်တဲ့ အင်အားပါတဲ့ အရည် အချင်း ပြည့်သူများပါ။

ဘာဖြစ်လို့ တိဟိတ်လို့ သိရလဲဆိုတော့ အရှင် ဒေဝဒတ်ဟာ လည်း ရဟန်းပြုပြီးလို့ မကြာခင်မှာဘဲ တရားအလုပ် အားထုတ် လိုက်တာ ဈာန်အဘိညာဉ် တန်ခိုးတွေရသွားတယ်။ ဒါကြောင့် တိဟိတ်မှန်းသိရတာပါ။

ဘုရင် အဇာတသတ်ဟာလည်း အဖေကိုသတ်ပြီးတဲ့နောက်ပိုင်း မှာ စိတ်တွေ ပူလောင် ချောက်ချားလွန်းလို့ မနေတတ် မထိုင်တတ်ဖြစ်လို့ အားကိုးရှာလိုက်တော့ ဘုရားထံ တရားနာ၊ အင်မတန် အေးချမ်း ခဲ့ပါတယ်။ တရားနာတဲ့အဆုံးမှာ တကယ်လို့ အဖေကို မသတ်ခဲ့ဘူးဆိုရင် အဖေကို မသတ်ခင်များ တရားနာမိမယ် ဆိုရင် တရားအဆုံးမှာ သူ သောတာပန်ဖြစ်လောက်ပါတယ်။ သောတာပန် ဖြစ်လောက်အောင် သူ့မှာ အရည်အချင်းပါနေပြီးသားပါ။ အဲဒါ ထောက်သောအားဖြင့် ဘုရင် အဇာတသတ်ဟာလည်းပဲ တိဟိတ်လို့ သိရပါတယ်။

တိဟိတ်ဆိုတော့ လောကပြောနဲ့ ပြောရရင် တောက်မယ့် မီးခဲရဲရဲပေါ့။ လောကမှာ တောက်မယ့်မီးခဲဟာ ရဲရဲဖြစ်နေသော် လည်း မှုတ်တတ်ဖို့၊ မှုတ်ဖြစ်ဖို့၊ မှုတ်နိုင်ဖို့လိုတယ်။ မမှုတ်ဖြစ်ရင် တော့ မီးငြိမ်းပြီးတော့ မီးသွေးခဲကြီးပဲ ဖြစ်သွားတတ်တယ်။ တစ်ခါတစ်ရံ အကုန်အစင်လောင်ပြီးတော့ ပြာကျလို့လည်း သွားတတ်တယ်။

ငါ တိဟိတ်ပဲကွဆိုပြီးတော့ ခြေဖျားထောက်လို့တော့ မရသေးဘူး။ အချိန်မီ မှုတ်တတ်ဖို့၊ မှုတ်နိုင်ဖို့၊ မှုတ်ဖြစ်ဖို့လိုတယ်။ ဒီအတိုင်း ပစ္စလက်ခတ်ထားလိုက်မယ်ဆိုရင် တောက်မယ့်မီးခဲဟာ ရဲရဲလေးဖြစ်နေသော်လည်းပဲ မီးငြိမ်းပြီးတော့မှ မီးသွေးခဲကြီးပဲ ဖြစ်သွားတတ်တယ်။ အရှင်ဒေဝဒတ်တို့ ဘုရင် အဇာတသတ်တို့ ဆရာတပည့် အကြောင်းအရာတွေဟာ ဒီသဘောကို ပြနေတာ။

တိဟိတ်ဆိုတော့ အရည်အသွေးက မနည်းလှဘူး။ အရည် အသွေးရှိတယ်။ ဒါကြောင့် သူတို့ဟာ တိဟိတ်ပင်ဖြစ်သော်လည်းပဲ မမှုတ်ဖြစ်ကြလို့ အချိန်မီ မမှုတ်နိုင်ကြလို့ မီးသွေးခဲကြီးတွေဖြစ် ကြရမှာပေါ့။

အရှင်ဒေဝဒတ်ဆိုတာက ရဟန်းပဲ။ ရဟန်းဆိုရင် ပျံတော်မူရ မှာပေါ့။ နိဗ္ဗာန်မရောက်သေးရင်တော့ ပျံကိုပျံတော်မူရမှာ။ ဒါပေမယ့် သူဟာ သာသနာတွင် တော်လှန်ပုန်ကန်မှုကြီး လုပ်မိတဲ့အတွက် ကြောင့်မို့လို့ ပျံတော်မမူရဘဲ အဝီစိကို လျှိုးတော်မူရရှာတယ်။ ဘုန်းကြီးဆို ပျံတော်မူရမှာ ပျံတော်မမူဘဲနဲ့ လျှိုးတော် မူသွားရတယ်။

ထို့အတူပဲ ဘုရင် အဇာတသတ်ဆိုတာလည်း ဘုရင်ဆိုတော့ နတ်ရွာစံရမှာ နတ်ရွာစံရမှာဖြစ်သော်လည်းပဲ ဖအေကို သတ်မိတဲ့

အတွက်ကြောင့်မို့လို့ တရားက နောက်ကျသွားတယ်။ အကုသိုလ်က လက်ဦးသွားတယ်။ လက်လွန်သွားတာ လက်ဦးသွားတာအတွက် ကြောင့်မို့လို့ နတ်ရွာမစံလိုက်ရဘဲ ငရဲကိုသာ စံရရှာတယ်။

ဘုန်းကြီးဆို ပျံတော်မူရမှာ ပျံတော်မမူဘဲ လျှိုးတော်မူတယ်၊ ဘုရင်ဆိုရင် နတ်ရွာစံရမှာ၊ နတ်ရွာမစံလိုက်ရဘဲ ငရဲကိုစံရရှာတယ်။ အဲဒီအကြောင်းအရာတွေ ယူတတ်ရင် သင်ခန်းစာတွေ အများကြီးပါပဲ။

အရှင်ဒေဝဒတ်မှာ တစ်သက်လုံး သာသနာဘက်ကကြည့်မယ် ဆိုရင် သာဓုခေါ်စရာနှစ်ခုတော့ရှိပါတယ်။ ခုနက ပြောပြီးတဲ့အတိုင်း ရဟန်းဖြစ်ပြီးခါစက တရားအလုပ်ကို ဘုရား လမ်းညွှန်ချက်အတိုင်း ကောင်းမွန်စွာ ကျင့်ကြံကြိုးကုတ် အားထုတ်လိုက်တဲ့အတွက် ကြောင့် ဈာန်တန်ခိုးအဘိညာဉ်ရလာခြင်း၊ ကောင်းတာ ရလာတယ်။ ကောင်းတာရကတည်းက ကောင်းတဲ့ အလုပ်လုပ်လို့ပေါ့။ ဘုရား အဆုံးအမအတိုင်း ကောင်းမွန်စွာကျင့် ကြံကြိုးကုတ် အားထုတ် လိုက်တဲ့အတွက် ဈာန်တန်ခိုး အဘိညာဉ်ကို ရလာတဲ့အတွက် သာဓုခေါ်စရာကတစ်ချက်။

နောက်ပိုင်းမှာ မြေမျိုခံရတဲ့အချိန်ကတော့ ငါမြေမျိုခံရမယ့် အတူတူ လေဆိုပြီးတော့ ကိုယ့်ရဲ့ခန္ဓာကိုယ်ရဲ့အရိုး ကိုယ့်ရဲ့အသက်ဖြင့် မြတ်စွာဘုရားကို ပူဇော်ခဲ့တယ်။ "ဒီအရိုး ဒီအသက် ဒီခန္ဓာဖြင့် နောင်တော်ကြီး ဘုရားကို ပူဇော်ခဲ့ပါတယ်ဘုရား" ဆိုပြီးတော့ ယုံယုံကြည်ကြည် သဒ္ဓါတရားနဲ့ မြတ်စွာဘုရားကို မြေမျိုရာက နေပြီးတော့ လှိုက်လှိုက်လှဲလှဲနှင့် ပူဇော်ခဲ့တယ်။ အဲဒါလည်း သာဓုခေါ်စရာတစ်ချက်ပဲ။

သာသနာဘက်က ကြည့်ရင်တော့ သူ့အတွက် တစ်သက်လုံး သာခုခေါ်စရာ ဒီနှစ်ခုပဲတွေ့ရတယ်။

ဒီပြင်လူတွေအတွက် ကောင်းတာလည်း ရှိချင်ရှိလိမ့်မယ်ပေါ့။ ဒါကြောင့်မို့လို့ သူတို့ ဆရာ,တပည့်နှစ်ဦးရဲ့ အကြောင်းအရာကို အခြေခံပြီးတော့ ပေါ်လာတဲ့ "မေတ္တာကိုင်စွဲ အောင်ရမြဲ" အရှင်ဒေဝဒတ်ဟာ ဘုရားဖြစ်ချင်တဲ့ ဆန္ဒ ပြင်းပြနေတယ်၊ ခုနကပြောတဲ့ ဈာန်တန်ခိုးအဘိညာဉ်တွေ ရလာတဲ့အခါကျတော့ မာနတွေဝင်လာတယ်။ ငါလည်း မညံ့ဘူးဟဲ့။ ငါလည်း အားထုတ်ရင် ဖြစ်သား။ ဂေါတမသိဒ္ဓတ္ထလည်းပဲ သာကီဝင်မင်းမျိုး၊ ငါလည်း သာကီဝင်မင်းမျိုး သိဒ္ဓတ္ထလောက်တော့ ငါလည်း လုပ်ရင်ဖြစ်ရမှာပေါ့လို့ ပြိုင်ဆိုင်ချင်တဲ့စိတ်တွေ ဖြစ်နိုင်တာ မဖြစ်နိုင်တာ ဘာမှ စဉ်းစားတာ မဟုတ်ဘူး။ ဖြစ်ချင်တာတစ်ခုကိုပဲ စဉ်းစားတယ်။ အဲဒါနဲ့ ဘုရား တက်ကြွတော့တာပေါ့။ ဘုရားဖြစ်ချင်၊ ဘုရား လုပ်ချင်လာတယ်။ တစ်နေ့တော့ သံဃာပရိသတ်များစွာခြံရံပြီး သီတင်းသုံးနေတဲ့ ဘုရားရှင်ကို လျှောက်တယ်။

"နောင်တော်ကြီးဘုရား၊ နောင်တော်ကြီး အသက်ကြီးပါပြီ။ သံဃာ့ပရိသတ်ကို ဘုရားတပည့်တော်လက်ထဲ အကုန်လွှဲအပ်ပါ ဘုရား" သူပဲ ဘုရားလုပ်တော့မယ်ပေါ့။ အဲလို လျှောက်တော့ မြတ်စွာဘုရားက စကားတစ်ခွန်းတည်း နာအောင် ပြောချလိုက်တယ်။ "ခေဠာသက" ဆိုတဲ့ စကားတစ်လုံး၊ ခေဠာသကဟာ မြန်မာလိုတော့ "တံတွေးတွေကောက်စားနေတဲ့သူ" တဲ့။ ဆိုလိုတာကတော့ အသုံးမကျတဲ့လူပေါ့။ "တံတွေးကောက်စားနေတဲ့လူ၊ တံတွေးစား" လို့ ပြောချလိုက်တယ်။

"တံတွေးစား" ရဲ့အဓိပ္ပါယ်က လာဘသက္ကာရ လာဘ်လာဘ၊ လောကအသုံးအဆောင်တွေကို လောဘနှင့် မက်မောပြီး တွယ်တာငြိကပ်နေတာကို ဆိုလိုရင်းပါ။ လာဘသက္ကာရဆိုတာ အရိယာသူတော်ကောင်းတွေက စွန့်ပယ်ထားတဲ့ ဥစ္စာတွေ၊ လောဘနဲ့တပ်မက်မှု လုံးဝမရှိ၊ စွန့်ပယ်ပြီးတော့ထားတဲ့ ဥစ္စာကို အရှင်ဒေဝဒတ်က လောဘနဲ့ လိုက်ကောက်နေတယ်။ အဲဒါတွေကို တွယ်တာပြီးတော့နေတယ်။ အဲဒါကို ရည်ရွယ်ပြီးတော့ မင်းတံတွေးစားလို့ ဘုရားက ပရိသတ်အလယ် ပြောချလိုက်တာ၊ "သာရိပုတ္တရာတို့လို မောဂ္ဂလာန်တို့လို အရည်အချင်းရှိတဲ့ တပည့်ကြီးတွေလက်ထဲမှာတောင်မှ သံဃာ့ပရိသတ်ကို မအပ်ဘူးကွ၊ မင်းလို တံတွေးတွေ ကောက်စားနေတဲ့ အလကားလူလက်ထဲငါက သံဃာ့ပရိသတ်ကို ဘယ်လိုလုပ်အပ်နိုင်မှာတုန်း" နာအောင်ပြောချလိုက်တယ်။

အဲဒီစကားတစ်ခွန်းနဲ့ နာလိုက်တာ နာလိုက်တာ အရှင်ဒေဝဒတ် တစ်ခါတည်း ဘုရားအပေါ်မှာ အကြီးအကျယ် ရန်ငြိုးဖွဲ့သွားတယ်။ ငါ့ကို ပရိသတ်အလယ် အရှက်ခွဲရကောင်းလား၊ တံတွေးစားလို့ အလကားလူဖြစ်အောင် ပြောရကောင်းလားဆိုပြီးတော့ စိတ်ထဲမှာ နာကျည်းသွားတယ်။

အဲဒီကစပြီး ဘုရားကို တော်လှန်ပုန်ကန်ဖို့ စတော့တာပဲ။ သာသနာတွင်း တော်လှန်ပုန်ကန်မှုတွေ စတော့တာပဲ။ ရှေးဦးစွာ လူသတ်သမားတွေကို မြတ်စွာဘုရားထံလွှတ်၊ ကဲ . . . ရဟန်းဂေါတမကို သေအောင်သတ်ကြ၊ တိရစ္ဆာန်စိတ်တွေ ပေါက်နေတယ်ပေါ့။ လူသတ်သမားတွေကိုလည်း တိရစ္ဆာန်စိတ်သွင်းပြီးတော့

လွှတ်လိုက်တာ။ "မင်းတို့ ရဟန်းဂေါတမကို သေအောင်သတ်ကြ"လို့ လွှတ်လိုက်တဲ့လူတွေက စောစောကတော့ တိရစ္ဆာန်စိတ်နဲ့ သွားကြတာ ဘုရားနားရောက်တော့ ဘုရားရဲ့မေတ္တာဓါတ်ကြောင့်ဟယ် ဘုရားက တို့ကို ဘယ်လိုမှလည်း မလုပ်ပဲနဲ့ တို့က သတ်ရမယ်ဆိုတော့ သဘာဝမကျလိုက်တာဟယ်။ ဘုရားက ရုပ်အဆင်းကလည်း ကြည်လို့၊ မေတ္တာဓါတ်ကလည်း ပြည့်ဝ၊ ကြည်ညိုစရာကလည်းကောင်း၊ သူတော်ကောင်းကြီးကို တို့က ဘယ်လိုလုပ်သတ်နိုင်မှာတုန်း၊ ကြည်ညိုတဲ့စိတ်တွေသာ ပေါ်လာတယ်။ ဘုရားအနားချဉ်းကပ်၊ ဘုရားထံက တရားနာ၊ မဂ်ဖိုလ်ပဲ ရသွားကြတယ်။ လွှတ်လိုက်တာတော့ ဘုရားကို အသတ်ခိုင်းတာ၊ သေသွားတာက ဘုရားမသေဘူး။ လူသတ်သမားတွေရဲ့ ကိလေသာပဲ သေသွားတယ်။

တစ်ခါ နောက်တစ်သုတ်လွှတ်၊ နောက်တစ်သုတ်လွှတ်တော့လည်း ဘုရားထံရောက်၊ တရားနာ အရိယာတွေဖြစ်၊ မဂ်ဖိုလ်တွေရ၊

တစ်ခါ နောက်တစ်သုတ်လည်း ဒီအတိုင်းပဲ၊ ဘုရားထံရောက်၊ ဘုရားထံက တရားနာ မဂ်ဖိုလ်တွေရ၊ လွှတ်လိုက်တော့ ဘုရားကို အသတ်ခိုင်းတာ။ ဒါပေမယ့် ဘုရားကို မသတ်နိုင်၊ ဘုရားကို သတ်ဖို့လိုသွားတဲ့ လူသတ်သမားတွေရဲ့ သန္တာန်မှာ စွဲကပ်နေတဲ့ ကိလေသာဓါတ်တွေသာ ဘုရား တရားတွေကြောင့် သေပြီးတော့ မဂ်ဖိုလ်တွေသာ ရသွားကြတယ်။

အဲလိုဆိုတော့ အရှင်ဒေဝဒတ် လက်မှိုင်ချရတယ်။ ဘယ်သူ့လွှတ်လွှတ် မထူးပါဘူးတဲ့။ ရဟန်းဂေါတမ ပရိသတ် တိုးအောင် ငါလုပ်ပေးသလိုသာ ဖြစ်နေတယ်။ ငါ အရာမရောက်ပါဘူး။ ဒီလိုဖြစ်သွားတယ်။

တစ်ခါ နောက်တစ်ခုလုပ်ပြန်တယ်။ သူကိုယ်တိုင်ပဲ သတ်တော့မယ်။ ဘယ်သူ့ကိုခိုင်းလို့မှ မယုံရဘူးဆိုပြီးတော့ တစ်ချိန်မြတ်စွာဘုရား ဂိဇ္ဈကုဋ်တောင်မှာ စင်္ကြံကြွနေချိန် သူက ဂိဇ္ဈကုဋ်တောင်ပေါ်တက်၊ ကျောက်မောင်းကြီး ဆင်ပြီးတော့ ကျောက်တုံးကြီးကို ဘုရားအပေါ်တည့်တည့်က တစ်ခါတည်း လှိမ့်ချလိုက်တယ်။ တစ်ခါတည်း အသေသတ် တာပါပဲ။ ဘုရားအပေါ်မှာ ကျောက်တုံးကြီးကို လှိမ့်ချလိုက်တယ်။ ရဟန်းဂေါတမကြီး ဒီတစ်ခါတော့ ပိပြားပြီးတော့ သေရော့ဟယ် ဆိုပြီးတော့ လှိမ့်ချလိုက်တယ်။ ကြံစည်ရဲတယ်ပေါ့။

သူများတွေမှာဖြင့် ကြည်ညိုလို့ မဆုံးနိုင်၊ အားကိုးလို့ မဆုံးနိုင်၊ တရားနာလို့ မဆုံးနိုင်၊ သူ့မှာဖြင့် အပူခါတ်တွေနဲ့ ပူလောင်ချောက်ချားစွာနှင့် မဟုတ်တာတွေ လျှောက်လုပ်နေတယ်။ လှိမ့်ချလိုက်တဲ့အခါ ဘုရားရဲ့တန်ခိုးတော်ကြောင့် တောင်ထွဋ်ကြီးတစ်ခုက အဲဒီ ကျောက်တုံးကြီးကို လာခံလိုက်တယ်။ ကျောက်လွှာလေးတစ်ခုက ပဲ့ပြီးတော့မှ လွင့်စင်ပြီး ဘုရားရဲ့ခြေမတော်ကို သွားထိတယ်။ ပေါက်တော့ မပေါက်ပါဘူး။ သွေးခြေလေး အုသွားတာပဲ။ ဒီလောက်ပဲ သူတတ်နိုင်ပါတယ်။

အဲလိုဆိုတော့ ရှင်ဒေဝဒတ်က ဟယ် ငါကိုယ်တိုင် သတ်လို့ကလည်း မတတ်နိုင်တော့ဘူး။ ငါ တစ်နည်းတော့ ကြံဦးမှ လျှော့တော့ မလျှော့သေးပါဘူး။ ရဟန်းဂေါတမက ရပ်ကချောတော့ သူများတွေခိုင်းရတာ သနားကြပုံပေါ်တယ်။ ငါကိုယ်တိုင် သတ်လို့လည်း ဘယ်လိုမှ မတတ်နိုင်။ လူတွေခိုင်းရတာ စိတ်မချဘူး။ ရဟန်းဂေါတမကို သနားကြတာနဲ့ မသတ်ဖြစ်ကြဘူး၊ မသတ်ရက် ကြဘူး။

ဒီတစ်ခါတော့ တိရစ္ဆာန်ကို အသတ်ခိုင်း၊ ဒါ ငါ့စီမံဦးမှ။ ဘုရင် အဇာတသတ်ထံမှာ နှစ်ပေါင်းများစွာ မိုက်မိုက်ကန်းကန်း ရိုင်းရိုင်းစိုင်းစိုင်း လိုက်သတ်နေတဲ့ နာဠာဂီရိဆိုတဲ့ ဆင်ဆိုးကြီးရှိတယ်။ အဲဒီဆင်ဆိုးကြီးနဲ့ ရဟန်းဂေါတမကို နင်းပြီးတော့ သတ်ခိုင်းလိုက်ရရင်တော့ ရဟန်းဂေါတမ သေသွားမှာ။

ဘုရားကို သေစေချင်တယ်ဆိုတဲ့ စိတ်ပဲရှိတယ်။ သဒ္ဓါတရားရှိတဲ့ ပုဂ္ဂိုလ်တွေ အသိပညာရှိတဲ့ပုဂ္ဂိုလ်တွေ ရတနာနဲ့ထိုက်တန်တဲ့ ပုဂ္ဂိုလ်တွေမှာကတော့ ဘုရားရတနာနဲ့တွေ့တော့ ရွှင်ပြုံးလိုက်ကြရတာတွေ အားရှိလိုက်ကြရတာတွေ သဒ္ဓါတရားခေါင်းပါးတဲ့ ပုဂ္ဂိုလ်တွေမှာတော့ ဘုရားကို သေစေချင်သတဲ့။ ဘုရားကို လောကကြီးမှာ ပျောက်ကွယ်သွားစေချင်သတဲ့။

အဲဒါနဲ့ ဘုရင် အဇာတသတ်ထံသွားတယ်။ စောစောက ဘုရင် အဇာတသတ်ကို သူက တန်ခိုးရစဉ်တုန်းက တန်ခိုးပြထားခဲ့တာလေးရှိတယ်။ အဲဒီတန်ခိုးပြထားပြီးကတည်းက စပြီးတော့ အဇာတသတ်က အရှင်ဒေဝဒတ်ကို အသည်းစွဲ ကြည်ညိုခဲ့ပြီးသား ဒေဝဒတ်မှ ဒေဝဒတ်၊ ဒေဝဒတ်လိုတတ်တဲ့ လူ ဘယ်သူမှ မရှိတော့ဘူးဆိုပြီးတော့ ဒေဝဒတ်ကို ဘုရားဆိုပြီး ကိုးကွယ်ထားတာ။

ဒါပေမယ့် သူရထားတဲ့ တန်ခိုးက ဘုရားကို တော်လှန်ပုန်ကန်တဲ့ အချိန်ကစပြီး ကွယ်ပျောက်သွားခဲ့ပြီးပြီ။ အဲဒီ ကွယ်ပျောက်သွားတာကို အဇာတသတ်က မသိဘူး။ အရင်တုန်းကလိုပဲ အောက်မေ့နေတယ်။

အဲဒါနဲ့ နန်းတော်ကြွသွားတယ်။ ဘုရင် အဇာတသတ်နဲ့ တွေ့တယ်။ ဒေဝဒတ်ကပြောတယ်။ "ဘုရင်မင်းတရား၊ အကူအညီ တစ်ခုပေးပါဦး"

"မှန်ပါ။ ဘာအကူအညီပေးရမှာလဲဘုရား"

"ဘုရင်မင်းတရားကြီးရဲ့ နာဠာဂီရိ ဆင်ဆိုးကြီးကိုလေ၊ နောက်နေ့မနက် ရဟန်းဂေါတမနဲ့ သံဃာတွေ ရာဇဂြိုဟ်မြို့ထဲ ဆွမ်းခံကြွချိန်မှာ အဲဒီရေ့တည့်တည့်က နေပြီးတော့ ဆင်ကြီးကို လွှတ်ပြီးတော့ အနင်းခိုင်းပါဦး။ အသတ် ခိုင်းပါဦး။"

"အာ . . . ဖြစ်နိုင်ပါတယ် အရှင်ဘုရား"

ဘုရင်အဇာတသတ်၊ ဒီအချိန်မှာ မြတ်စွာဘုရား ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းတော်မှာ သီတင်းသုံးတော်မူတယ်။ ရာဇဂြိုဟ် ဝေဠုဝန်ကျောင်းဆိုတာ ဗိမ္ဗိသာရမင်းကြီးရဲ့ ကျောင်းပါ။ ကျောင်း ဒကာက ဗိမ္ဗိသာရမင်းကြီး၊ ဗိမ္ဗိသာရမင်းကြီး ဆောက်လုပ်တဲ့ ဝေဠုဝန်ကျောင်းမှာ သီတင်းသုံးနေတော်မူတဲ့ မြတ်စွာဘုရားကို တော်လှန်ပုန်ကန်နေတဲ့ ဒေဝဒတ်ကို အကူအညီပေးနေတာက ကျောင်းဒကာရဲ့သားဖြစ်တဲ့ ဘုရင်အဇာတသတ်၊ တော်လှန်ပုန်ကန်မှုမှာ အားပေးနေတာက ကျောင်းဒကာရဲ့သားပါလား။

"ကောင်းပါပြီ။ ကောင်းပါပြီ အရှင်ဘုရား" ကူညီပါ့မယ်ပေါ့၊ ဖြစ်အောင်လုပ်ပေးပါ့မယ်ပေါ့။

အဲဒါနဲ့ ဘုရင်အဇာတသတ်က တာဝန်ရှိတဲ့ ဆင်သမားတွေ ဆင်ထိန်းတွေ ခေါ်လိုက်တယ်။

"ကဲ . . . မင်းတို့ ဟောဒီက ဆရာတော် အရှင် ဒေဝဒတ်ပြောတဲ့အတိုင်း မင်းတို့ လုပ်ကြစမ်း၊ နက်ဖန်မနက်

ရောက်တော့ ရဟန်းဂေါတမနဲ့ သံဃာတွေ ရာဇဂြိုဟ်မြို့တွင်း ဆွမ်းခံကြွနေ တဲ့အချိန်မှာ နာဠာဂီရိ ဆင်ဆိုးကြီးကို လွှတ်ပြီးတော့ နင်းသတ် ခိုင်းစမ်းနော်”

“ကောင်းပါပြီ ဘုရင်မင်းတရား”

ဆင်ထိန်းတွေ ဆင်သမားတွေ အကုန်လုံး တိရစ္ဆာန်စိတ် ပေါက်ကုန်ကြပြီ။

အဲဒါနဲ့ ဘုရင်အဇာတသတ်က ဆင်ထိန်းတွေ ဆင်သမား တွေကို ပြောတယ်။ “အရင့်အရင်နေ့တွေက နာဠာဂီရိ ဆင် ကြီးကို အရက်ဘယ်နှစ်အိုးလောက် တိုက်ရလဲကွ”

“ရှစ်အိုး ရှစ်အိုးတိုက်ရတယ်ဘုရား။ တစ်နေ့ တစ်နေ့မှာ ရှစ်အိုးတိုက်ရတယ် ဘုရား”

“မနက်ဖြန်တော့ တန်ခိုးအလွန်ကြီးတဲ့ ရဟန်းဂေါတမကို သတ်ရမယ့်နေ့ဆိုတော့ ရှစ်အိုးနဲ့တော့ မလောက်ဘူးထင်တယ်ကွ၊ ၁၆–အိုး၊ ၂–ဆထက်ပြီး တိုက်တာပေါ့ကွ”

“ကောင်းပါပြီ ဘုရင်မင်းတရား” အမိန့်တော်ကို နာခံသွား ပြီပေါ့။

အဲဒါနဲ့ ဆင်သမားတွေ ဆင်ထိန်းတွေ ဆင်တင်းကုတ်ကို ပြန်သွား၊ အရှင်ဒေဝဒတ်က သေချာအောင်ဆိုပြီးတော့ အဲဒီတာဝန်ရှိသူ တွေနောက် လိုက်သွားတယ်။ လိုက်ပြီးတော့ နောက်က လိုက် ပြောတယ်။

“ဒကာတို့ ကျုပ်က မင်းဆရာနော်။ မင်းဆရာဆိုတာ ရာထူးနိမ့်သူတွေ ရာထူးမြင့်အောင် တိုးပေးနိုင်တယ်။ ဒီတော့

ခုနက ဘုရင်မင်းတရား ပြောလိုက်တဲ့အတိုင်း တသဝေမတိမ်း အတိအကျ လုပ်ကြနော်။" "ကောင်းပါပြီ အရှင်ဘုရား၊" သေချာသွားပြီလေ၊ ဘုရင့်အမိန့်ရော၊ မင်းဆရာအမိန့်ရော သေချာသွားပြီ။

အဲလိုဆိုတော့ သူတို့ နောက်နေ့အတွက် အစီအစဉ်လုပ်ကြတော့တာပေါ့။ အရှင်ဒေဝဒတ်လည်း ပြန်သွားပြီ၊ မကြာခင်ဘဲ ဘုရင်အဇာတသတ်က ရာဇဂြိုဟ်မြို့အတွင်းမှာ ကြေညာချက်ထုတ်ပြန်လိုက်တယ်။ နောက်နေ့မနက်မှာ နာဠာဂီရိ ဆင်ဆိုးကြီးကို အရက်တိုက်ပြီးတော့ ရာဇဂြိုဟ်မြို့အတွင်းမှာ လွှတ်မှာဖြစ်တဲ့အတွက် မြို့အတွင်းလမ်းပေါ်မှာ လူအသွားအလာ လုံးဝမရှိစေရလို့ အမိန့်ထုတ်ပြန်လိုက်တယ်။

အဲဒီ အမိန့်ထုတ်ပြန်တဲ့ အသံကို ရတနာသုံးပါး အလွန်ကြည်ညိုနေကြတဲ့ သဒ္ဓါတရား အလွန်အားကောင်းကြတဲ့ ဒကာဒကာမတွေက ကြားကြတော့ ကျောင်းကို ချက်ချင်းပြေးလာကြတယ်။ ဝေဠုဝန်ကျောင်းကို ချက်ချင်းပြေးလာကြပြီးတော့ ဘုရားကို လျှောက်ကြတယ်။

"မြတ်စွာဘုရား၊ နက်ဖြန်မနက်တော့ ရာဇဂြိုဟ်မြို့တွင်း နာဠာဂီရိဆင်ဆိုးကြီးကို အရက်တိုက်ပြီး လွှတ်မှာတဲ့ဘုရား၊ ဆင်ကြီးက တကယ်ဆိုးတာ ဘုရား၊ အရက်မမူးဘဲနဲ့တောင် ပင်ကိုယ်က တကယ်ဆိုးတာဘုရား၊ အရက်မူးရင် ပိုဆိုးတယ်ဘုရား၊ တွေ့တဲ့လူတွေ အကုန်ထိုးသတ်၊ နင်းသတ်တာ ဘုရား။ ဒါကြောင့် နက်ဖြန်မနက် မြတ်စွာဘုရားနဲ့တကွ သံဃာတော် အရှင်မြတ်တွေ ရာဇဂြိုဟ်မြို့အတွင်း ဆွမ်းခံကြွတော်မမူကြပါနဲ့ ဘုရား၊ ဘုရားတပည့်တော်၊

ဘုရားတည့်တော်မတို့ ကျောင်းအရောက် ဆွမ်းလာပို့ပါမယ်ဘုရား။ နက်ဖြန်မနက် ဘုရားနှင့်တကွ သံဃာတော် အရှင်သူမြတ်တွေအတွက် အကုန်လုံး ဆွမ်းတာဝန်ယူပြီးတော့ ဆက်ကပ်ကြမှာပါဘုရား” ဆိုတော့ မြတ်စွာဘုရားက သင်တို့ လှူဒါန်းတဲ့ဆွမ်းကို အလှူခံမယ် ဆိုတဲ့အနေနဲ့ တိတ်တိတ်နေသောအားဖြင့် လက်ခံလိုက်ပါတယ်။ ဒါပေမယ့် မြို့ထဲကို မကြွဘူးလို့တော့ မမိန့်ပါဘူး။

အဲဒါနဲ့ ညပိုင်းရောက်၊ ညသန်းခေါင်ကျော် မနက် လင်းခါနီးတော့ မြတ်စွာဘုရား နေ့စဉ်နေ့စဉ် လုပ်နေကျကိစ္စကို ဆောင်ရွက် ရင်းနှင့် လောကအတွင်း ဉာဏ်မျက်လုံးကို ဖွင့်ပြီးတော့ ကြည့်လိုက်တော်မူတဲ့အခါမှာ ဉာဏ်တော်ထဲမှာ နာဠာဂီရိဆင်ဆိုး ကြီးထင်လာတယ်။ ဘုရား ကျေးဇူးပြုခံရမယ့် ပုဂ္ဂိုလ်ဟာ ဘယ်လောက်ဝေးဝေး ဉာဏ်တော်ထဲဝင်လာတာပဲ၊ ဘုရား ကျေးဇူး ပြုမခံထိုက်တဲ့ပုဂ္ဂိုလ်ဟာ ဘုရားအနား ထိုင်နေပေမယ့် ဉာဏ် ထဲပေါ်မလာဘူးတဲ့။ ဉာဏ်တော်ထဲမှာ နာဠာဂီရိ ဆင်ဆိုးကြီး ပေါ်လာတယ်။ နာဠာဂီရိ ဆင်ဆိုးကြီးဟာ ငါဘုရားဟောတဲ့ တရားကို နာကြားရတဲ့အခါ လူစိတ်တွေပေါက်ပြီးတော့ လိမ္မာ ယဉ်ကျေးသွားမယ့် သဘောတွေကိုလည်း မြင်တော်မူတယ်။ ဆင်ဆိုး ကြီးကို တရားဟောတဲ့အခါမှာ လူပေါင်း ရှစ်သောင်းလေးထောင် လည်းပဲ မဂ်ဖိုလ်ရကြမယ်လို့ မြင်တော်မူတယ်။ ဆင်ကြီးကို ဆုံးမတာနဲ့ လူပေါင်း ရှစ်သောင်းလေးထောင် မဂ်ဖိုလ်ရကြမှာ နည်းတာမှမဟုတ်ဘဲ၊ ဘုရားကျေးဇူးပြုခံရမယ့် ပုဂ္ဂိုလ်တွေ အများ ကြီး၊ အဲဒါ မြင်တော်မူတယ်။

မနက်လင်းတော့ မြတ်စွာဘုရားက အရှင်အာနန္ဒာကို မိန့်ကြားတော်မူတယ်။ “ကဲ အာနန္ဒာ ရာဇဂြိုဟ်မြို့ထဲ

ကျောင်းတိုက်ကြီး ဆယ့်ရှစ်တိုက်အတွင်းမှာ သီတင်းသုံးနေထိုင်ကြတဲ့ သံဃာတော် အကုန်လုံး ချက်ချင်းလာခဲ့ကြ၊ ငါဘုရားနဲ့ အတူတကွ ရာဇဂြိုဟ်မြို့အတွင်းကို ဆွမ်းခံလိုက်ရမယ်လို့ သွားပြောချေ။" "ကောင်းပါပြီ အရှင်ဘုရား" ဆိုပြီးတော့ တာဝန်ယူဝန်ခံပြီးတော့ ကျောင်းတိုက်ကြီး (၁၈)တိုက်အတွင်း သီတင်းသုံးတော်မူကြတဲ့ သံဃာတော်အကုန်လုံးကို ဘုရားနှင့် အတူတကွ ဆွမ်းခံကြွဖို့ သွားပြီးတော့ လျှောက်ထားတယ်။

ချက်ချင်းပဲ သံဃာတွေလည်းပဲ သင်္ကန်းရုံ သပိတ်ယူပြီးတော့ ကြွလာကြ၊ မနက်ပိုင်း မြတ်စွာဘုရားက ရှေ့ဆုံးက နောက်က သံဃာတွေ နည်းတာမှမဟုတ်ဘဲ။ ကျောင်းတိုက်ကြီး(၁၈)တိုက်က သံဃာတွေ အကုန်လုံး နောက်က တန်းစီပြီးတော့ ကြွလိုက်ကြတာ သဒ္ဒါတရားကောင်းတဲ့ ပုဂ္ဂိုလ်တွေ ဖူးလို့ မဝနိုင်၊ ကြည်နူးဖို့ အလွန်ကောင်းတယ်ပေါ့။

ဟိုဖက်မှာ လုပ်ကြံမှုကြီး ကြံစည်နေတဲ့ ပုဂ္ဂိုလ်တွေကတော့ ဒေါသတွေနဲ့ မာနတွေနဲ့ အကုသိုလ်စိတ်တွေနဲ့ပေါ့။ ဘုရားက ရှေ့ဆုံးက သံဃာတော် မြောက်မြားစွာက နောက်က တန်းစီပြီးတော့ ကြွနေကြပါတယ်။ မနက်ပိုင်း ကြွလို့သာ ဆွမ်းခံကြွတယ်လို့ ဆိုရတာကို၊ အမှန်က ဆွမ်းအတွက် ကြွတာ မဟုတ်ပါဘူး။ မနေ့ညနေပိုင်းက ဒကာ ဒကာမတွေ လာကပ်တဲ့ ဆွမ်းကို အလှူခံမယ်လို့ မြတ်စွာဘုရားက လက်ခံလိုက်ပြီးသားပါ။ တရားဒေသနာကိစ္စရှိလို့သာ ကြွတော်မူခြင်းပါ။ မနက်ခင်းကြွလို့သာ ဆွမ်းခံကြွတယ်လို့ ပြောရတာပါ။ အမှန်တော့ ဆွမ်းအတွက် ကြွတာမဟုတ်ပါဘူး။

အဲလို ကြွတော်မူတော့ တာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေ ချိန်းချက်ထားတဲ့ အတိုင်းပေါ့။ နာဠာဂီရိ ဆင်ကြီးကို အရက်တွေ (၁၆)အိုးတိုက်၊ နဂိုကမှ ဆိုးနေရတဲ့အထဲ အရက်ကိုတိုက်ထားတော့ မူးရူးနေတာပေါ့။ ဘုရင် အဇာတသတ်တို့ အရှင်ဒေဝဒတ်တို့က အရက်ကို တန်ခိုးလို့ ထင်နေကြတာကိုး။ အရက်ကို တန်ခိုးလို့ ထင်နေကြတော့ အရက်ကို တိုးတိုက်ခိုင်းတာ လူ့လောကကြီးမှာလည်း အရက်ကို တန်ခိုးလို့ထင်နေကြတဲ့လူတွေ အများကြီး ရှိနေကြတယ်။ အဲဒါနဲ့ အရက်(၁၆)အိုး တိုက်ပြီးတော့မှ တာဝန်ရှိသူတွေက ပြောတယ်။ ဟော့ နာဠာဂီရိဆင်ကြီး၊ ဟောဟိုမှာ ရဟန်းဂေါတမနဲ့ သံဃာတော်တွေ လာနေကြပြီ၊ မင်း အဲဒီကို တည့်တည့်ကြီးပြေးနော်။ ရှေ့ဆုံးက ရဟန်းဂေါတမကစပြီးတော့ထိုး၊ ပြီးတော့ တစ်ခါတည်း သတ်ချလိုက်စမ်း၊ တိရစ္ဆာန်စိတ်တွေ ပေါက်ကုန်ပြီ။ လူစင်စစ်က တိရစ္ဆာန်စိတ်တွေ ပေါက်ကုန်ကြပြီ။ ရှေ့ဆုံးက ရဟန်းဂေါတမက စပြီးတော့ နောက်က သံဃာတွေပါအထိ အကုန်လုံးနင်း၊ ကြိတ်ချေပြီး သတ်ပစ်လိုက်စမ်းဆိုပြီးတော့ တစ်ခါတည်း လွှတ်ချလိုက်တာ ဆင်ကြီးကလည်း နဂိုကမှ မိုက်ရတဲ့အထဲ အရက်က မူးတော့ ပိုဆိုးနေတော့တာပေါ့။

တစ်ခါတည်း အမြီးကြီးကို ထောင်၊ နားမောင်းကြီးကို မြှောက်၊ နားရွက်ကြီး တဝင့်ဝင့်နဲ့ တောင်ကြီးလိမ့်လိုက်သလိုပဲ တစ်ခါတည်း လူးလိမ့်ပြီးတော့ ပြေးလာ၊ အဲဒီ လူးလိမ့်ပြီးတော့ ပြေးလာတဲ့ဥစ္စာကို ဘုရားရဲ့ နောက်တော်ပါးက ပါလာတဲ့ သံဃာတွေထဲမှာ ကိလေသာ မကင်းကြသေးတဲ့ ရာဂဒေါသမကင်းကြသေးတဲ့ ပုထုဇဉ်တို့၊ သောတာပန်တို့၊ သကဒါဂါမ်တို့၊

သူတို့က ရာဂဒေါသ မကင်း သေးတော့ ကြောက်တာပေါ့။ အနာဂါမ်နှင့် ရဟန္တာကတော့ ရာဂဒေါသကင်းပြီးသားမို့လို့ မကြောက်ပါဘူး။ ဘုရားကို ဝိုင်းလျှောက် ကြတယ်။

“မြတ်စွာဘုရား၊ ဆင်ဆိုးကြီးလာနေပြီ ဘုရား၊ ဆင်ဆိုးကြီးလာနေပြီ ဘုရား၊ မြတ်စွာဘုရား လမ်းဖယ်ပေးရင် ကောင်းမယ်ထင်တယ်ဘုရား။ ဒီပြင်လမ်း ပြောင်းပြီးကြွရင် ကောင်းမယ်ထင်တယ်ဘုရား။”

“ချစ်သားတို့၊ မကြောက်ကြနဲ့၊ မကြောက်ကြနဲ့၊ ငါဘုရားကို ဘယ်သူမှ အန္တရာယ်မလုပ်နိုင်ဘူး။ ဘုရားဆိုတာ သူများသတ်လို့ သေတာဆိုတာ ဘယ်တော့မှ ထုံးစံမရှိပါဘူး။ ဂင်္ဂါဝါဠုသဲစုမက ရှေးရှေးသော အတိတ်ကာလက ပွင့်ခဲ့တဲ့ ဘုရားအဆူဆူလည်း သူများသတ်လို့ သေခဲ့တဲ့ ဘုရားတစ်ဆူမှ မရှိပါဘူး။ နောင်အနာဂါတ်မှာ ပွင့်တော်မူကြမယ့် ဘုရားအဆူဆူတွေဟာလည်း သူများသတ်လို့ သေမယ့် ဘုရားတစ်ဆူမှ ပွင့်မှာ မဟုတ်ပါဘူး။ ဘုရားဆိုတာ သူများသတ်လို့ သေတာလည်း ထုံးစံမရှိပါဘူး။ ဘယ်သူမှ အန္တရာယ်မလုပ်နိုင်ပါဘူး၊ ချစ်သားတို့ ရဲရဲသာလာကြ၊ ငါဘုရားပါနေမှတော့ သင်ချစ်သားတို့ ဘာအန္တရာယ်မှ မရှိဘူး စိတ်သာချ ရဲရဲသာလာကြ”ဆိုပြီးတော့ မြတ်စွာဘုရား မိန့်။

အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော၊
ယံ ပရူပက္ကမေန တထာဂတံ
ဇီဝိတာ ဝေါရောပေယျ။
အနုပက္ကမေန ဘိက္ခဝေ တထာဂတာ ပရိနိဗ္ဗာယန္တိ။

အဲဒီစကားလေး မြတ်စွာဘုရား မိန့်ကြားတယ်။ ဘုရားကိုတဲ့၊ သူများက လုံ့လပယောဂနှင့် သတ်နိုင်တယ်ဆိုတာ ထုံးစံမရှိပါဘူး။ သတ်နိုင်တဲ့ နည်းလမ်း၊ သတ်နိုင်တဲ့ အခွင့်အလမ်း မရှိပါဘူး။ ဘုရားဆိုတာ အချိန်ကျမှ သဘာဝအားဖြင့် ဘဝခန္ဓာ လောင်စာခပ်သိမ်း ငြိမ်းပြီးတော့ ပရိနိဗ္ဗာန် စံတော်မူရစမြဲပါ။ ဘုရားဟာ ကန့်သတ်ချိန် မပြည့်ဘဲ ဘယ်သူ့ပယောဂနဲ့မှ ပရိနိဗ္ဗာန် စံရိုးထုံးစံမရှိ၊ သေရိုးထုံးစံမရှိ၊ အချိန်ကျမှသာ သဘာဝအတိုင်း သက်တမ်းစေ့မှ ပရိနိဗ္ဗာန်ဝင်စံရစမြဲပါ။ အဲဒီလို မိန့်ကြားတယ်။

လူခပ်များများရဲ့ နှုတ်ထဲမှာလည်း ရနေကြပါတယ်။ အဲဒါလေးကို သစ္စာလေးပါ ထည့်ပြီးတော့ ဆိုရင်လည်း ပိုပြီးတော့ အစွမ်းထက်တယ်ပေါ့။ အဲဒီစကားလေးရဲ့ ဆိုလိုရင်းကို အာရုံပြုလိုက်တဲ့အခါ–

"မြတ်စွာဗုဒ္ဓ၊ မည်သူမျှ၊ လုံ့ဝ သတ်မသေ"

ဘုရားဆိုတာ မည်သူသတ်လို့မှ သေတယ်လို့ ထုံးစံမရှိဘူး။ "မြတ်စွာဗုဒ္ဓ၊ မည်သူမျှ၊ လုံ့ဝသတ်မသေ။ အချိန်ကျမှ၊ သဘာဝ၊ ငြိမ်းရ ဧကန်ပေ။" သက်တန်းစေ့မှ အချိန်ကျမှသာ သဘာဝအတိုင်း ငြိမ်းတော်မူကြတယ်။ ဘဝခန္ဓာ လောင်စာခပ်သိမ်း လွတ်ငြိမ်းလို့ ပရိနိဗ္ဗာန် စံတော်မူကြတယ်။ အဲဒီထဲမှာ သစ္စာလေးထည့်ရုံပေါ့။ "ဤသို့ ပြောကြား၊ မှန်စကားကြောင့်၊ ငါ့အား နှောင့်ယှက်၊ အသက်အန္တရာယ်၊ ဘေးကိုဖယ်၊ ပျက်ပြယ်ကြပါစေ။"

အဲလို မှန်တဲ့စကားကြောင့် ငါ့ကို နှောင့်ယှက်မည့် အသက်အန္တရာယ်မှန်သမျှ ပျောက်ပျက်ကြပါစေ။ ငါ ချမ်းသာရပါလို၏။

ငါ ဘေးရန်လွတ်ရပါလို၏လို့ သစ္စာဆိုလိုက်တော့ အန္တရာယ် ကင်းသွားတာပေါ့။ မြတ်စွာဘုရားကတော့ တရားစွမ်းအားနှင့် အန္တရာယ်ကင်းပြီးသားပါ။ ဒီပြင် ပုဂ္ဂိုလ်တွေအတွက် ပြောတာပါ။ နှလုံးသားတရားတည်တဲ့ စွမ်းအားလည်း ဖြစ်သွားတာပေါ့။ ဒါလေးလဲ လိုက်ဆိုကြ–

- မြတ်စွာဗုဒ္ဓ၊ ခုည်သူမျှ၊ လုံး၀ သတ်မသေ၊
- အချိန်ကျမှ၊ သဘာ၀၊ ငြိမ်းရ စေနိပေ၊
- ဤသို့ပြောကြား၊ မှန်စကားကြောင့်၊
  ငါ့အားနှောင့်ယှက်၊ အသက်အန္တရာယ်၊
  ဘေးကိုဖယ်၊ ပျက်ပြယ်ကြပါစေ။

ဒါကြောင့် မြတ်စွာဘုရားက အန္တရာယ်မပြုနိုင်ပါဘူးကွာ။ လာသာလာကြပါဆိုပြီးတော့ ရှေ့ဆက်ကြွတော်မူတယ်။ ရှေ့ဆက် ကြွတဲ့အချိန်မှာပဲ လူတွေကလည်းလေ တစ်ခါတည်း လမ်းပေါ် မထွက်ရဘူးလို့ အမိန့်ထုတ်ထားတာ လမ်းပေါ်တော့ မသွား ကြ မထွက်ကြဘူး။ အိမ်ခေါင်မိုးပေါ်တွေ တက်ကြတယ်၊ သစ်ပင်ပေါ်တွေတက်ကြတယ်။ မြင့်တဲ့နေရာတွေတက်၊ နည်းတာ မဟုတ်ဘူး။ လူတွေ လမ်းဘက်ကြည့်နေလိုက်ကြတာ။

ကြည့်နေကြတာက ဘုရားစွမ်းအား မယုံတဲ့ ပုဂ္ဂိုလ်တွေက တော့ အော် ရဟန်းဂေါတမတော့ နာဠာဂီရိ ဆင်ဆိုးကြီး ထိုးသတ်ခံရတော့ မယ်လို့ သနားလို့ ကြည့်ကြတာပါတဲ့။

ဘုရားစွမ်းအားကို ယုံကြည်တဲ့ပုဂ္ဂိုလ်တွေကတော့ မကောင်းမှု ကင်းတဲ့ ဆင်မင်းကြီးလို့ ခေါ်ဆိုရမယ့် စွမ်းအားပိုင်ရှင်ကြီးက

နေပြီးတော့ နာဠာဂီရိ ဆင်ဆိုး ဆင်မိုက်ကြီးကို မေတ္တာနဲ့ လွှမ်းခြုံဆုံးမလို့ လိမ္မာယဉ်ကျေးအောင် စွမ်းအားကို မြှင့်တင်ပေးတော်မူနိုင်မှာ။ ဆင်ဆိုးကြီးကို လိမ္မာအောင် ဆိုဆုံးမတော်မူမှာလို့ ဝမ်းသာအားရ ယုံကြည်စွာနှင့် ကြည့်ကြပါတယ်။

လမ်းပေါ်တော့ မလာကြဘူး။ အိမ်ဝင်းထဲမှာပဲ ခေါင်မိုးပေါ်တွေတက်၊ သစ်ပင်ပေါ်တွေတက်၊ ဝိုင်းပြီးကြည့်နေကြတယ်။ ဘုရားလည်း ရှေ့ဆက်ကြွသွားတော့ ဆင်ကြီးနှင့်လည်း ကြာလေနီးလေ ကြာလေနီးလေပေါ့လေ။ မြတ်စွာဘုရား နောက်တော်ပါးက ကပ်ပါလာတာက အရှင်သာရိပုတ္တရာ။ အရှင်သာရိပုတ္တရာက ဘုရားကို လျှောက်တယ်။

“မြတ်စွာဘုရား၊ အဖရဲ့တာဝန် သားကြီး ထမ်းဆောင်ရစမြဲမို့ အဖဘုရားရဲ့တာဝန်ကို သားကြီးဖြစ်တဲ့ တပည့်တော် တာဝန်ယူပါရစေဘုရား။ ဒီဆင်မိုက်ကြီးကို တပည့်တော် ဆုံးမပါရစေဘုရား”

“အသာနေပါ သာရိပုတ္တရာ”

တစ်ခါ အရှင်မဟာမောဂ္ဂလာန်က “မြတ်စွာဘုရား၊ တပည့်တော် တန်ခိုး ဒီနေရာမသုံး ဘယ်နေရာသုံးမတုံး ဘုရား၊ တပည့်တော် တန်ခိုးနဲ့ ဒီဆင်မိုက်ဆင်ဆိုးကြီးကို ဆုံးမပါရစေဘုရား”

“အသာနေပါ မောဂ္ဂလာန်”

လက်မခံဘူး။ ရှစ်ကျိပ်သော မဟာသာဝကတွေ တစ်ပါးပြီး တစ်ပါး လျှောက်လိုက်ကြတာ တစ်ပါးမှ ဘုရားက လက်မခံ။ အဲလိုချည်း ငြင်းပယ်နေတော့ ဟိုနောက်နားက ပါလာတာက အရှင်အာနန္ဒာ၊ အရှင်အာနန္ဒာက မနေနိုင်တော့ဘူး။ ငါက

အဂ္ဂသာဝကတွေ၊ မဟာသာဝကတွေကို အားကိုးရမလားလို့ ဒီအတိုင်းကြည့်နေတာလေ။ အခုတော့ နောင်တော်ကြီး ဘုရားက အဂ္ဂသာဝကတွေ၊ မဟာသာဝကတွေ တင်ပြချက်ကို အကုန်လုံး ငြင်းပယ် ပယ်ချတော်မူတယ်။ ဒီတစ်ခါတော့ ငါ့အလှည့်ပဲရှိတော့ တယ်။ ငါတော့ နောင်တော်ကြီးဘုရားကို တင်ပြနေဖို့လည်း မလိုဘူး။ ခွင့်တောင်းနေဖို့လည်း မလိုဘူး။ ခွင့်တောင်းလည်း ပယ်ချမှာပဲ။ ဒီတော့ ပယ်ချမယ့်အတူတူတော့ ငါခွင့်တောင်းမနေတော့ ဘူး ဆိုပြီးတော့ ကဗျာကယာ ပြေးလာတယ်။ မြတ်စွာဘုရား ရှေ့တည့်တည့်က ရပ်နေတော့တာ။ ဆင်ဆိုးကြီး သတ်ချင်ရင် ငါ့ကို သတ်သွားကွ၊ နောင်တော်ကြီးဘုရားကိုတော့ မသတ်ပါနဲ့၊ နောင်တော်ကြီးဘုရားကိုတော့ အသက်ချမ်းသာခွင့်ပေးပါ။ သတ်ချင် ငါ့သာသတ်သွား။ ဘုရားကို ချစ်လွန်းလို့ ဘုရားအပေါ် သံယောဇဉ် ကြီးလွန်းလို့ ငါသာ အသေခံမယ်ဆိုပြီးတော့ ဘုရားရှေ့တည့်တည့် ကြီးက ဒီအတိုင်းရပ်နေတာ။

မြတ်စွာဘုရားက အာနန္ဒာ ဖယ်ပေးကွယ်၊ မရဘူး၊ ပြောမရဘူး၊ ဒုတိယအကြိမ် အဖယ်ခိုင်းလည်း ဖယ်မပေးဘူး၊ တတိယအကြိမ် အဖယ်ခိုင်းလည်း မဖယ်ပေးဘူး၊ ငါသာ အသေခံ တော့မယ်။ ဆင်ကြီးသတ်ချင်လည်း ငါ့ကိုသာ သတ်သွား။ နောင်တော်ကြီး ဘုရားကိုတော့ အသက်ချမ်းသာခွင့်ပေး၊ နောင်တော် ကြီးဘုရားကို မသတ်ပါနဲ့၊ ဘုရားအပေါ် ချစ်လွန်းလို့၊ သံယောဇဉ် ကြီးလွန်းလို့ ဘယ်လိုမှ အဖယ်ခိုင်းလို့ မရဘူး။

အဲဒါနဲ့ မြတ်စွာဘုရား တန်ခိုးသုံးလိုက်ရတယ်။ တန်ခိုးနဲ့ ဖယ်ရှားတော့ ဟို . . သံဃာရဲအစွန် နောက်ဆုံးကို ပို့ထားလိုက်ရ တယ်။ အဲဒါနဲ့ မြတ်စွာဘုရား ရှေ့ကိုဆက်ပြီး ကြွတော်မူတယ်။

ဒီအချိန်မှာပဲ အမျိုးသမီးတစ်ယောက် ကလေးလေးချီပြီးတော့ အမှတ်တမဲ့ လမ်းပေါ်ထွက်လာတယ်။ လမ်းပေါ်ထွက်လာချိန်မှာ ဆင်ဆိုးကြီးကလည်း နီးလာ၊ လှမ်းကြည့်တယ်ဆိုရင် ဆင်ဆိုးကြီးမြင်တော့ ကြောက်အားလန့်အားနှင့် အဲဒီအမျိုးသမီးက ဘာလုပ်ရမှန်းမသိ ပျာယာခတ်နေ၊ ပျာယာခတ်နေချိန်မှာ ဟို ခပ်လှမ်းလှမ်းကြည့်လိုက်တော့ မြတ်စွာဘုရားကို ဖူးမြင်ရတော့ ဘုရားကို အားကိုလွန်းလို့ ဟယ် ငါ့ကို ဆင်ဆိုးကြီး ထိုးသတ်ချင်သတ်ပါစေ တော့၊ ငါ့သားလေးတော့ ဘုရားရဲ့ တန်ခိုး၊ ဘုရားရဲ့ စွမ်းအား၊ ဘုရားရဲ့ အရှိန်အဝါနဲ့ ဘေးမှလွတ်ပါစေလို့ လမ်းပေါ်မှာ ကလေးလေး ချထားခဲ့ပြီး သူက ပြေးတော့တာပဲ။

အဲဒီအမျိုးသမီး ပြေးတဲ့နောက်ကို ဆင်ဆိုးကြီးက လိုက်သွား၊ မမှီပါဘူး။ မမှီတော့ ဆင်ဆိုးကြီးက လမ်းဘေးမှာ သိပ်ထားတဲ့ ကလေးလေးဘက်ကို ဦးတည်သွားတယ်။ သတ်မယ်ပေါ့၊ နင်းသတ်ဖို့ ကလေးလေး အိပ်နေတဲ့ဘက်ကိုသွားတော့ မြတ်စွာဘုရားက လှမ်းပြီးတော့ မိန့်တော်မူလိုက်တယ်။ "ချစ်သား နာဠာဂိရိ၊ မင်းကို အရက်(၁၆)အိုးတိုက်ပြီး လွှတ်တာက ဒီကလေးလေးကိုသတ်ဖို့ မဟုတ်ပါဘူး၊ ငါ ဘုရားကို သတ်ဖို့ပါ၊ ချစ်သား သတ္တိရှိရင် ဒီကိုလာ၊ မဆီမဆိုင် အဲဒီ ကလေးလေးဘက်ကို မသွားပါနဲ့" အဲလို မိန့်ပြီးတော့ မေတ္တာဓါတ် ပို့လွှတ်တော်မူလိုက်တယ်။

အထဝေါ၊ နာဠာဂိရိ ဆင်ဆိုးကြီးလာရာ ထိုအခါ၌။ ဘဂဝါ၊ မေတ္တာစွမ်းအား မြတ်တရားကို ပွားများမြင့်တင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။ နာဠာဂိရိံ ဟတ္ထိံ၊ နာဠာဂိရိ မည်ရှိ ကျော်ဟီး ဆင်ဆိုးကြီးကို၊ မေတ္တာနုစိတ္တေန၊ မေတ္တာစိတ်မြတ်

အအေးဓါတ်ဖြင့်။ ဖရို၊ ကောင်းစွာမသေ့ ပို့လွှတ်လိုက်ပါပေသတည်း။

တစ်လောကလုံး ဖြန့်ပြီးမှ ပို့ရမယ့် မေတ္တာကို နာဠာဂီရိ တစ်ကောင်တည်းပေါ်မှာ စိုက်ပြီးတော့မှ ပို့လွှတ်လိုက်တဲ့ မနောကံ မေတ္တာအပြည့် သုံးလိုက်တယ်။ မေတ္တာပို့လိုက်တော့ မေတ္တာဓါတ် အရိပ်အောက်ကို ရောက်သွားတာနဲ့ တစ်ပြိုင်နက် နာဠာဂီရိ ဆင်ဆိုးကြီး တစ်ခါတည်း အမူးပြေသွားသတဲ့။ စိတ်ထဲမှာလည်း ကြည်လာတယ်။ ကြည်လာပြီးတော့ မြတ်စွာဘုရားကို အားကိုးလွန်းလို့ မြတ်စွာဘုရား ရှေ့နားလာပြီးတော့ မြတ်စွာဘုရားရှေ့နားမှာ ထောင်သွားတဲ့ အမြီးကြီး အောက်ကိုချ၊ ထောင်ထားမြှောက်ထားတဲ့ နှာမောင်းကြီး အောက်ချ၊ လှုပ်နေတဲ့ နားရွက်ကြီးလည်း ငြိမ်လို့ ဘုရားနား မတ်တတ်ရပ်ပြီးတော့နေတယ်။ အေးချမ်းလိုက်တာ၊ အေးချမ်းလိုက်တာဆိုတဲ့ သဘောပေါ့။ မေတ္တာစွမ်းအားကြောင့်မို့လို့ စိတ်တွေ အေးချမ်းလာတယ်။

အဲဒါနဲ့ မြတ်စွာဘုရားက မနောကံ မေတ္တာနဲ့သာမက ကာယကံမေတ္တာ၊ ဝစီကံမေတ္တာကိုပါ ဆက်ပြီးတော့ သုံးတော်မူတယ်။ ကာယကံမေတ္တာက လက်ယာလက်တော်ဖြင့် နာဠာဂီရိ ဆင်ကြီးရဲ့ ဦးခေါင်းကို ကိုင်ပြီးတော့မှ နှုတ်တော်ကလည်းပဲ မေတ္တာဓါတ် အပြည့်ပါတဲ့ စကားနဲ့ တရားစကား မိန့်ကြားတော်မူတယ်။

ဆင်ကြီး ဘုရားရှေ့ရောက်ပြီလည်းဆိုတော့ လူတွေက မကြောက်ကြတော့ဘူး။ အိမ်ခေါင်မိုးပေါ်မှာ ရောက်နေတဲ့ လူတွေ၊ သစ်ပင်ပေါ်တက်နေတဲ့ လူတွေ တစ်ခါတည်း ဆင်းပြေးပြီးတော့

ဘုရားရှိရာ လမ်းဘက် အတင်းပြေးလာခဲ့ကြတယ်။ မကြောက်တော့ဘူး။ ဆင်ကြီးဟာ ဘုရားရှေ့မှာ ရပ်ပြီးတော့ ငြိမ်သွားတဲ့အချိန်ကျတော့ ဝိုင်းလာကြတဲ့လူတွေ နည်းတာမဟုတ်ဘူးတဲ့။

အဲဒီလိုဆိုတော့ မြတ်စွာဘုရားက ဆင်အတွက်သာမက လူတွေအတွက်ပါ အကျိုးဝင်အောင် တိုက်ဆိုင်သွားအောင် လူတွေအတွက်ပါ နားကြားသွားရအောင် တရားဟောကြားတော်မူတယ်။ ဆင်ကြီးကိုလည်း ဆုံးမရာရောက်၊ လူတွေအတွက်လည်း တရားဟောရာရောက်အောင် ဆုံးမတော်မူတဲ့

မာ ကုဉ္ဇရ နာဂမာသဒေါ၊
ဒုက္ခံ ဟိ ကုဉ္ဇရ နာဂမာသဒေါ။
န ဟိ နာဂဟတဿ ကုဉ္ဇရ၊
သုဂတိ ဟောတိ ဣတော ပရံ ယတော။

ကုဉ္ဇရ။ အို နာဠာဂီရိဆင်။ နာဂံ၊ မကောင်းမှုကင်းငါကဲ့သို့သော ဘုရားဆိုတဲ့ ဆင်မင်းသို့။ မာအာသဒေါ၊ ညှဉ်းဆဲလိုတဲ့စိတ်နဲ့ မချဉ်းကပ်လေနဲ့။ ကုဉ္ဇရ၊ အိုနာဠာဂီရိဆင်။ နာဂံ၊ မကောင်းမှုကင်း ငါဘုရားကဲ့သို့သော ဆင်မင်းသို့။ အာသဒေါ၊ ညှဉ်းဆဲလိုတဲ့စိတ်နဲ့ ချဉ်းကပ်ခြင်းသည်။ ဒုက္ခံဟိ၊ ဆင်းရဲခြင်း၏ အကြောင်းသာဖြစ်ပါပေ၏။ ကုဉ္ဇရ၊ အို နာဠာဂီရိဆင်။ နာဂဟတဿ၊ မကောင်းမှုကင်း ငါဘုရားကဲ့သို့သော ဆင်မင်းကို ညှဉ်းဆဲနှိပ်စက်လိုသော ပုဂ္ဂိုလ်အတွက်။ ဣတော၊ ဤဘဝမှ။ ပရံ၊ တမလွန်ဘဝသို့။ ယတော၊ သွားရသည်ရှိသော်။ သုဂတိ၊ ကောင်းသောဘဝသို့ ရောက်နိုင်ခြင်းသည်။ နဟိ ဟောတိ၊ မဖြစ်နိုင်သည်သာလျှင်တည်း။ ဣတိ၊ ဤသို့။ ဘဂဝါ၊ မြတ်စွာ

စွမ်းအား မြတ်တရားကို ပွားများမြင့်တင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးက။ အဇ္ဈတ္တသိ၊ ကရဏာတရား မေတ္တာထား၍ မိန့်ကြားတော်မူလိုက်ပါပေသတည်း။

ချစ်သားရယ်၊ ရှုးလှချည်လား၊ မှုးလှချည်လား၊ မိုက်လှချည်လား၊ ချစ်သားကို ငါဘုရားက ဘယ်နှယ့်များ အနှောင့်အယှက် ပေးလို့လဲကွယ်။ ချစ်သားကို ငါဘုရားက ဘာမှ ဒုက္ခမပေးခဲ့ပါဘူးကွဲ့၊ ဘယ်နှယ့်ကွယ် ထိုးတော့မလိုလို သတ်တော့မလိုလိုနဲ့ မင်းရှူးလှချည်လား၊ မှုးလှချည်လားကွ၊ ပညာရှိသူတော်ကောင်းကို ညှဉ်းဆဲလိုတဲ့ ပုဂ္ဂိုလ်ဆိုတာ ဆင်းရဲဒုက္ခရောက်ဟတ်တယ်နော်။ တကယ်နှိပ်စက်တာမဟုတ်သေးဘူး။ နှိပ်စက်လိုတဲ့ စိတ်ကလေး ပေါ်လာရင်တောင်မှ အကုသိုလ်စိတ် ဖြစ်ပြီကွယ်။ ဒုက္ခရောက်တတ်တယ်။ ဆင်းရဲတတ်တယ်။ ဆင်းရဲကြောင်းသာ ဖြစ်တယ်။ ပညာရှိ သူတော်ကောင်းကို ညှဉ်းဆဲနှိပ်စက်လိုတဲ့ ပုဂ္ဂိုလ်ဆိုတော့ ဒီဘဝက စုတေပျောက်ကွယ်၊ ကွယ်လွန်သွားတဲ့အခါမှာ ဘဝကောင်း မရနိုင်ဘူးကွဲ့။ ဘဝကောင်း ဆုံးရှုံးရတတ်တယ်။

- သူတော်ကောင်းကို၊ ညှဉ်းဆဲလို့၊ ငြင်ပြုဆင်းရဲရ၊
- ဘဝကောင်းတွေ၊ လက်လွှတ်ချေ၊ ရှုံးလေ ဖြတ်သုခ။

သူတော်ကောင်းကို ညှဉ်းဆဲရင်၊ ငြိုငြင်တတ်တယ်။ ပင်ပန်းတတ်တယ်၊ ဆင်းရဲတတ်တယ်၊ ဒုက္ခရောက်တတ်တယ်။ ဒါကြောင့် စိတ်ကောင်းထားပြီးတော့ နေစမ်းကွယ်။ ငါ တိရစ္ဆာန်ပဲဆိုပြီးတော့ စိတ်အားမယုတ်ပါနဲ့ကွယ်။ ပညာရှိ သူတော်ကောင်းတွေနဲ့ တွေ့ကြုံခွင့်ရရင် ရှေ့ကို တက်ဖို့ လမ်းပွင့်သွားပါပြီလို့ မြတ်စွာဘုရားက ဟောပေးတယ်။ တစ်ခါ-

မာ စ မဒေါ မာ စ ပမာဒေါ၊
န ဟိ ပမာဒံ သုဂတိံ ဝဇန္တိ တေ။
တွဒ္ဓေဝ တထာ ကရိဿသိ၊
ယေန တံ သုဂတိံ ဂမိဿသိ။

ကုဋ္ဌိရ၊ အို–နာဋ္ဌဂီရိဆင်။ မာစ မဒေါ၊ မယစ်မူးလိုက်ပါနဲ့ကွယ်။ မာစပမာဒေါ၊ ကောင်းမှုကုသိုလ်တရားတွေကို မမေ့မလျော့ မပေ့ါဆလိုက်ပါနဲ့ကွယ်။ ဟိ၊ မှန်လှပါပေ၏။ ပမာဒါ၊ ကောင်းမှုကုသိုလ်တို့၌ မေ့လျော့ပေါ့ဆကြကုန်သော။ တေ၊ ထိုပုဂ္ဂိုလ်တို့သည်။ သုဂတိံ၊ ကောင်းသောဘဝသို့။ နဟိ ဝဇန္တိ၊ မရောက်နိုင်ကြလေကုန်။ ကုဋ္ဌိရ၊ အို နာဋ္ဌဂီရိဆင်၊ ယေန၊ အကြင် ကောင်းမှုဖြင့်၊ သုဂတိံ၊ သုဂတိ ဘဝသို့။ တွဒ္ဓေဝ၊ သင့်သည်သာလျှင်။ ဂမိဿသိ၊ လာရောက်ရလတ္တံ့။ တထာ–တံပုည်၊ ထိုကောင်းမှုကုသိုလ်တရားကို။ တွဒ္ဓေဝ၊ သင်သည်သာလျှင်။ ကရိဿသိ၊ ပြုရပေလိမ့်မည်။ ဣတိ၊ ဤသို့။ ဘဂဝါ၊ မေတ္တာစွမ်းအား မြတ်တရားကို ပွားများမြှင့်တင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ အဇ္ဈဘာသိ၊ ကရုဏာတရား၊ မေတ္တာထား၍ဟောကြားတော်မူလိုက်ပါပေသတည်း။

လူတွေအတွက်ပါ သက်ဆိုင်သွားအောင်လို့ အပ္ပမာဒတရားကို မြတ်စွာဘုရားက ဟောထားတာပါ။ မမေ့ပါနဲ့၊ မလျော့ပါနဲ့၊ မေ့လျော့ပေါ့ဆတဲ့ ပုဂ္ဂိုလ်ဟာ သုဂတိဘဝ၊ ဘဝကောင်းမရနိုင်၊ မရောက်နိုင်ပါ၊ ကိုယ့်ရဲ့ ကောင်းရာရောက်ကြောင်း ကောင်းမှုကို ကိုယ်ကိုယ်တိုင်သာ လုပ်ရမှာ၊ မိဘရဲ့ ကုသိုလ်တရားနဲ့ သားသမီး သုဂတိဘဝ မရောက်နိုင်ဘူးကွဲ့။ သားသမီးတွေ ပြုလုပ်တဲ့

ကုသိုလ်တရားနဲ့ မိဘတွေမှာ သုဂတိဘဝ ရောက်နိုင်မှာ မဟုတ်ဘူး ကွယ့်။ ကိုယ်လုပ်တဲ့ ကုသိုလ်နဲ့ပဲ ကိုယ့်ဟာကိုယ် သွားရမှာ။

ဒါကြောင့် ကိုယ့်လမ်းကိုယ်ရှင်းပြီး ကိုယ့်ကုသိုလ် ကိုယ်အားထုတ်ပါကွယ်။ စိတ်ကောင်းလေးထားပြီးတော့ ကြိုးစားပါလို့ ဆင်ကြီးကိုလည်း ဆုံးမရာရောက်အောင် ပတ်ဝန်းကျင်မှာရှိနေကြတဲ့ လူများစွာတို့အတွက်လည်း သက်ဆိုင်သွားအောင် ဝိပဿနာတရားတွေပြ၊ အပ္ပမာဒကို အခြေခံပြီးတော့ ဟောလိုက်တာ ပတ်ဝန်းကျင်က လူတွေ ရှစ်သောင်းနဲ့လေးထောင် မဂ်ဖိုလ်ကို ရလိုက်ကြတာ၊ နည်းတာမှမဟုတ်တာ။

ဆင်ကြီးက လိမ္မာပြီးတော့ သွားလိုက်တာ နှာမောင်းနဲ့ မြတ်စွာဘုရားရဲ့ ခြေတော်က ဖုံတွေကို ယူ၊ ခေါင်းပေါ်ကြဲချ၊

အဲဒီအမူအရာမြင်တော့ လူတွေက ဆင်ကြီးကို ကြည်ညိုလွန်းလို့ ဆုချလိုက်ကြတာ ကိုယ့်မှာပါလာတဲ့ လက်ဝတ် ရတနာတွေတောင် ဆင်ကြီးကို ဆုချလိုက်ကြတာ ဆင်ကြီးတစ်ကိုယ်လုံး ဖုံးမတတ်ပဲတဲ့။ ကြည်ညိုလွန်းလို့သာ ဆုချတာ၊ ဒီ ရတနာတွေကို ဆင်ကြီးက ဘာလုပ်မှာမှတ်လို့။ အဲဒါနဲ့ မြတ်စွာဘုရားက မိန့်လိုက်တယ်။ ဆင်ကြီးမှာရောက်နေတဲ့ ရတနာအားလုံး ပိုင်ရှင်လူတွေရဲ့လက်ထဲ ပင်ကိုယ်အတိုင်း ချက်ချင်းရောက်သွားပါစေလို့ မိန့်လိုက်တာ ရတနာတွေဟာ အသီးသီး ပိုင်ရှင်ထံ ပြန်ရောက်သွားပါသတဲ့။

ဆင်ကြီးလည်း လိမ္မာပြီးတော့ နောက်ဆုတ် နောက်ဆုတ်နဲ့ ဘုရားကို ကျောပေး မသွားပါဘူး။ ကြည်ညိုလွန်းလို့ လိမ္မာသွားပြီလေ။ လူစိတ်ပေါက်သွားပြီ၊ နောက်ဆုတ် နောက်ဆုတ်နဲ့

သွားပြီးတော့ ဘုရားမျက်ကွယ်ရောက်ခါမှ ဟိုဘက်ကို လှည့်ပြီးတော့ ဆင်ထိန်းဘက်ကို ပြန်သွားသတဲ့။

အဲဒီနေ့ကစ ငါးပါးသီလလုံသွားသတဲ့။ လူလည်း မသတ်တော့ဘူး။ ဘယ်သူ့ကိုမှလည်း မသတ်တော့ဘူး။ အရက်ဘယ်လောက် တိုက်တိုက် ရိုက်တိုက်လည်း မသောက်တော့ဘူးတဲ့။ လူစိတ်ပေါက် သွားပြီ။ ငါဟာ လမ်းပေါ်မှာ ရမ်းကားရမယ့် အဆင့်မဟုတ်တော့ ဘူးလို့ ဒီလိုအသိနဲ့ ယှဉ်ပေးတယ်။

အဲဒီအကြောင်းအရာတွေကို လူတွေက စုံစမ်းလိုက်တော့ အာ ဒေဝဒတ်လက်ချက်တဲ့။ ဒေဝဒတ်ကို ဘုရင်အဇာတသတ်က ကူညီသတဲ့ဆိုပြီးတော့ ဘုရင်အဇာတသတ် နန်းတော်ကို ဝိုင်းဆန္ဒပြတော့တာပဲ။ အရှင်ဒေဝဒတ်ကို နှင်ထုတ်ပေးပါ။ အဆက်အသွယ်ဖြတ်ပေးပါပေါ့။ တောင်းဆိုလာတော့ အဆက်ဖြတ်လိုက်ရတယ်။

အရှင်ဒေဝဒတ်လည်း အဲဒီကစပြီး တစ်စတစ်စ လာဘ်လာဘတွေ ရှား၊ အောက် တစ်စတစ်စကျသွားလိုက်တာ အဝီစိထိသွားလေတော့တာပေါ့။

အဲလိုဆိုတော့ လူတွေက တိရစ္ဆာန်စိတ်ပေါက်တယ်။ တိရစ္ဆာန်က တရားစွမ်းအားကြောင့် လူစိတ်ပေါက်တယ်ပေါ့။ အဓိကအားဖြင့်တော့ မေတ္တာကိုင်စွဲ အောင်ရမြဲတဲ့။ အဲဒီတော့ မိမိတို့တစ်တွေလည်း ခုနက ပြောသလို ဗုဒ္ဓါနုဿတိ မေတ္တာစွမ်းအားကို အမြဲလက်ကိုင်ပြုရမယ်။ သတိနဲ့မေတ္တာ အဆိပ်ဖြေဆေးနှစ်ပါး လက်သုံးပြုရမယ်။ တရားဆိုတာ ချက်ချင်းအသုံးချရမယ့် စွမ်းအားတွေဖြစ်လို့ နိဗ္ဗာန်ဦးတည်ပြီး ကြိုးစားကြရမှာပေါ့။ ဒါကြောင့်–

ကတပုညတံ၊ ပြုအပ်ပြီးသော ကောင်းမှုရှိသည့်၏ အဖြစ်ကို။ ကတပုညတံ၊ မေတ္တာကိုင်စွဲ အောင်ရမြဲကြောင့် ထူးကဲလှစွာ ကောင်းစွာပွားတိုး လူတန်ခိုးကို။ ပဏ္ဍိတာ၊ ဘုရားအစရှိကုန်သော သူတော်ကောင်းတို့သည်။ ပသံသန္တိ၊ ကောင်းစွာမသွေ ချီးမွမ်းတော်မူကြလေကုန်သတည်း။

# အင်္ဂုလိမာလသုတ္တန်တရားတော်
## (ပထမပိုင်း)

ကောဇာသက္ကရာဇ် ၁၃၄၉–ခု၊ သာသနာတော်နှစ် ၂၅၃၁–ခု၊ ပြာသိုလဆန်း(၁)ရက်၊ တနင်္ဂနွေနေ့ည (၈)နာရီ(၁၀)မိနစ်အချိန် ရန်ကုန်တိုင်း၊ လှိုင်မြို့နယ် (၁၅)ရပ်ကွက်၊ အောင်သုခလမ်း



တရားမဏ္ဍပ်အတွင်း၌ လှိုင်မြို့နယ် (၁၄)ရပ်ကွက်၊ (၁၅)ရပ်ကွက် မလွန်ဆန်လှူသင်းထောက်ရဲ့ ဆွမ်းဆန်တော် အလှူပွဲ သာသနာနုဂ္ဂဟ သာသနပူဇာတရားပွဲအတွက် ဓမ္မသဘင်အတွက် ဟောကြားအပ်



သော သာသနာ့စွမ်းရည်ပြ အင်္ဂုလိမာလသုတ္တန်တရားတော်လို့ သုတ္တန်တစ်ခု အာရုံပြု ကြည်ညိုကြရအောင် . . .။

သာသနာတော်ကြီးဟာ အလွန်တရာမှ အံ့ဩစရာကောင်းတယ်။ အင်္ဂုလိမာလလို ကမ္ဘာကျော်လူဆိုးကြီးတစ်ယောက်ကိုသော်မှလည်း သာသနာ့ပန်းတိုင်အရောက် သယ်ဆောင်ပေးနိုင်တယ်။ လမ်းဖွင့်ပေးနိုင်တယ်။ ဒီလို အံ့ဩစရာကောင်းတဲ့အတွက်ကြောင့်လည်းပဲ သာသနာတော်မြတ်ကြီးဆိုတာက လောကထဲမှာ တစ်ခါတလေလေးမှ ပေါ်ပေါက်လာတာပါ။ ပေါ်ပေါက်လာပြီဆိုလို့ရှိရင်လည်းပဲ သာသနာကို ကြည်ညိုတဲ့ များပြားတဲ့ ပုဂ္ဂိုလ်တွေ၊ သာသနာကို အသုံးပြုနေကြတဲ့ ပုဂ္ဂိုလ်တွေ မြောက်မြားစွာ ပူပန်နေကြရတဲ့ ဒုက္ခအပူအမျိုးမျိုးမှ လွတ်မြောက်ခွင့်ရကြတယ်။ ပစ္စုပ္ပန်ဘဝမှာလည်း အပူအမျိုးမျိုးမှ ကင်းလွန်ခွင့်ရကြသလို သံသရာမှာလည်းပဲ အပါယ်ဒုက္ခစတဲ့ ဆင်းရဲဒုက္ခအမျိုးမျိုးမှ ကင်းလွတ်ခွင့်ရကြတယ်။ အိုဘေးတွေ၊ နာဘေးတွေ၊ သေဘေးတွေ၊ အပူဘေးတွေ အမျိုးမျိုးမှ ကင်းလွတ်ခွင့်ရကြတယ်။

သာသနာဆိုတာကလည်း ဒုက္ခအပူ အမျိုးမျိုးတွေ ရှိနေလို့သာ ပေါ်လာရတာပါ။ ဒုက္ခအပူ ဘာမှ မရှိဘဲနဲ့ ကိုယ်ဖြစ်ချင်သလိုသာ ဖြစ်နေကြမယ်ဆိုရင် သာသနာပေါ်လာဖို့ မလိုပါဘူး။ တရားအလုပ်ကို လုပ်နေဖို့လည်း မလိုပါဘူး။ အခုလို တရားတွေကို နာနေဖို့လည်း မလိုပါဘူး။ အခုတော့ ကိုယ်ဖြစ်ချင်သလို ဖြစ်တာ မဟုတ်ဘူးတဲ့။ အိုဘေးတွေ၊ နာဘေးတွေ၊ သေဘေးတွေ၊ အပူဘေးကြီး စတဲ့ ဘေးရန်အန္တရာယ်တွေက အများကြီး။ အဲဒီဘေးတွေက လွတ်မြောက်

ဖို့ရန်အတွက်၊ မလွတ်ခင် မလွတ်မီမှာလည်း ခံနိုင်ရည်ရှိဖို့ ရှိနိုင်ဖို့ရန်အတွက် အဲဒီလိုစတဲ့ ကောင်းကျိုးများရဖို့ဆိုပြီးတော့ လောကအတွင်းမှာ သာသနာပေါ်လာရတယ်။

သာသနာဟာ အနည်းဆုံး လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း အုတ်မြစ်ချပြီးကာမှ ပေါ်လာရတာ၊ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ပြီးကာမှ ပေါ်လာတဲ့ သာသနာ။ ဒါပေမယ့်လည်း ကမ္ဘာအတွင်း ရောက်လာတဲ့ သာသနာဆိုတာက ဘာမှမကြာ လိုက်ဘူး။ သာသနာတော်ကြီးကို တည်ထောင်တော်မူတဲ့ သုံးလောက ထွဋ်ထား သဗ္ဗညုမြတ်စွာဘုရား ဆိုတာကလည်းပဲ ဘုရားအဖြစ်နဲ့ နေသွားရတာက ၄၅-နှစ်ထဲရယ်။ သာသနာတော်ကြီးကို ထားခဲ့ ပြန်တော့လည်း သာသနာရဲ့ နှစ်ပေါင်းဆိုတာက ငါးထောင်၊ နှစ်ပေါင်း ငါးထောင်ဆိုတာက လူရဲ့ အရေအတွက်နဲ့ပြောတာ၊ နတ်ရဲ့ အရေအတွက်နဲ့သာ ပြောမယ်ဆိုလို့ရှိရင် ဘုရားရဲ့ ၄၅-နှစ်ဆိုတာက ဘာမှ ဘာမှ မကြာဘူး။ တစ်ရက်ကောင် မရှိဘူး။ မိနစ်ပိုင်းလေး အချိန်မျှသာ ရှိတယ်။ သာသနာတော် နှစ်ပေါင်း ငါးထောင်ဆိုတဲ့ ဥစ္စာကလည်း နတ်တွေ ဗြဟ္မာတွေအနေနဲ့ ရေတွက်ကြည့်မယ်ဆိုရင် တကယ့်ရက်ပိုင်းလေးမျှ၊ လပိုင်းလေးမျှသာ ရှိပါယ်။ တစ်ခါတလေမှ ပေါ်လာတဲ့ သာသနာကလည်း လောက အတွင်း ရောက်လာပြန်တော့လည်း ဘာမှ မကြာဘူးတဲ့။ အဲဒီလို ဘာမှ မကြာတဲ့ တစ်ခါတစ်ရံမှ ပေါ်လာတဲ့ သာသနာရဲ့တန်ဖိုးကို သိကြတဲ့ ပုဂ္ဂိုလ်များကတော့ တို့ရဲ့ အဖိုးထိုက်တန်တဲ့ သာသနာတော် ကြီးကို တို့ ထိုက်ထိုက်တန်တန် သိမ်းဖြစ်အောင် သိမ်းမယ်။ ချီးမြှောက်ဖြစ်အောင် ချီးမြှောက်မယ်လို့ အသိအလိမ္မာ ဉာဏ်

ပညာ သဒ္ဓါတရားရှိတဲ့ ပုဂ္ဂိုလ်များကတော့ ပါးနပ်လိမ္မာစွာ ဖြတ်လတ်စွာနဲ့ သာသနာကို အမှီပြုပြီးတော့ ကောင်းကျိုးများရအောင် ဖော်ထုတ်တတ်ကြပါတယ်။ ဖော်ထုတ်နိုင်ကြပါတယ်။

ဒါကြောင့် လှိုင်မြို့နယ်၊ (၁၄)ရပ်ကွက်၊ (၁၅)ရပ်ကွက် ဒကာ၊ ဒကာမ အပေါင်း သူတော်ကောင်းတွေကလည်းပဲ ကြုံကြိုက်တွေ့ခဲလှတဲ့ သာသနာ၊ ပေါ်ပေါက်ခဲလှတဲ့ သာသနာတော်ကြီးကို ချီးမြှောက်ကြမှာပါ၊ ချီးမြှောက်နေကြတာပါ။ သာသနာ အဖိုးတန်လွန်းလို့ အင်္ဂလိမာလတို့လို အကြမ်းကောင်၊ အရိုင်းကောင်၊ အမိုက်ကောင်ကိုသော်မှလည်းပဲ သာသနာအရောက် ဆင်းရဲဒုက္ခ အကုန်လုံး လွတ်မြောက်ပြီးတဲ့အထိ သယ်ဆောင်ဖေးမပေးနိုင်တဲ့ အံ့ဩစရာကောင်းတဲ့ သာသနာတော်မြတ်ကြီးကို ချီးမြှောက်ပြီးတော့ နေကြပါတယ်။

ဒန္တော သော ဘဂဝါ ဒမ္မတ္ထာယ ဓမ္မံ ဒေသေတိ။

သော ဘဂဝါ၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူကြသော သဗ္ဗညုမြတ်စွာဘုရားသည်။ ဒန္တော၊ မိမိကိုယ်တော်တိုင်ကလည်း ဒွါရခြောက်ဖုံ အလုံးစုံ လိမ္မာယဉ်ကျေးတော်မူခဲ့ပြီးသည်ဖြစ်၍။ ဒမ္မတ္ထာယ၊ အင်္ဂုလိမာလတို့လို ပွက်ပွက်ဆူလောင် အရိုင်းကောင်ကြီးတို့ကိုသော်မှလည်း လိမ္မာယဉ်ကျေးစေခြင်းအကျိုးငှာ။ ဓမ္မံ၊ လိမ္မာယဉ်ကျေးကြောင်းဖြစ်တဲ့ တရားတော်အပေါင်းကို။ ဒေသေတိ၊ ကရုဏာတရား မေတ္တာထား၍ ဟောကြားဆုံးမတော်မူတတ်ပါပေသတည်း။

သာဓု . . . သာဓု . . . သာဓုပါဘုရား။

သန္တော သော ဘဂဝါ သမ္မတ္တာယ ဓမ္မံ ဒေသေတိ။

သော ဘဂဝါ၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူငြား ထိုမြတ်စွာဘုရားသည်။ သန္တော၊ မိမိကိုယ်တော်တိုင်ကလည်း အလုံးစုံ ငြိမ်သက်တော်မူပြီးသည်ဖြစ်၍ သမ္မတ္တာယ၊ အင်္ဂုလိမာလ တို့လို ပွက်ပွက်ဆူလောင် အရှုပ်ကောင်ကြီးတို့ကိုသော်မှလည်းပဲ။ ဓမ္မံ၊ ငြိမ်သက်ကြောင်းဖြစ်သော တရားတော်အပေါင်းကို၊ ဒေသေတိ၊ ကရုဏာတရား မေတ္တာထား၍ ဟောကြားဆုံးမတော်မူတတ်ပါပေ သတည်း။

သာဓု . . . သာဓု . . . သာဓုပါဘုရား။

ပရိနိဗ္ဗုတော သော ဘဂဝါ ပရိနိဗ္ဗာနာယ ဓမ္မံ ဒေသေတိ။

သော ဘဂဝါ၊ ဘုန်းတော်ခြောက်ဆူ အောင်လံထူသည့် သယမ္ဘူထွဋ်ထား ထိုသဗ္ဗညု မြတ်စွာဘုရားသည်။ ပရိနိဗ္ဗုတော၊ မိမိ ကိုယ်တော်တိုင်ကလည်း အလုံးစုံ ငြိမ်ဆိမ်အေးမြ ငြိမ်းအေးတော်မူပြီးဖြစ်၍။ ပရိနိဗ္ဗာနာယ၊ အင်္ဂုလိမာလတို့လို ပွက်ပွက်ဆူလောင် အပူကောင်ကြီးတို့ကိုသော်မှလည်းပဲ ငြိမ်ဆိမ်အေးမြ ငြိမ်းအေးစေခြင်းအကျိုးငှာ။ ဓမ္မံ၊ ငြိမ်းအေးကြောင်းဖြစ်သော တရားတော်အပေါင်းကို။ ဒေသေတိ၊ ကရုဏာတရား မေတ္တာထား၍ ဟောကြားဆုံးမတော်မူတတ်ပါပေ၏။

ဣတိ၊ ဤသို့။ ဓမ္မံ၊ ငြိမ်သက် ယဉ်ကျေးငြိမ်းအေးကြောင်းဖြစ်တဲ့ တရားတော်အပေါင်းကို ဒေသေန္တံ၊ တရားဓမ္မသဘာဝကို ကျနသေချာ ကောင်းမွန်စွာ ဟောကြားတော်မူတတ်ပါပေသော။ ဘဂဝန္တံ၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်

မူသော သဗ္ဗညုမြတ်စွာဘုရားကို။ ဝန္ဒာမိ၊ ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ မြတ်စွာဘုရား။

သာဓု . . . သာဓု . . . သာဓု . . .။

ဒီ အင်္ဂုလိမာလသုတ္တန်တရား ဒေသနာတော်နှင့် လိုက်လျောညီထွေဖြစ်သော သုတ္တန်ပိဋကတ် ဒေသနာတရားတော်လာ မြတ်စွာဘုရား၏ ဒေသနာစကားဖြင့် မြတ်စွာဘုရားရဲ့ ဂုဏ်ကျေးဇူးတော် အပေါင်းကို အာရုံပြုပြီးမှ ရှိခိုးပူဇော်လိုက်ပါတယ်။

## စိတ်စွမ်းရည်ထုတ်လုပ်တဲ့စက်ရုံကြီး

အင်္ဂုလိမာလသုတ္တန်တရား၊ သာသနာစွမ်းရည်ကို ဖော်ပြတဲ့ အင်္ဂုလိမာလသုတ္တန်တရား၊ သာသနာဆိုတာက စိတ်စွမ်းရည် ထုတ်လုပ်တဲ့ စက်ရုံကြီးနှင့် တူတယ်။ မိမိတို့ရဲ့ စိတ်ဆိုတာက ကုန်ကြမ်းပစ္စည်းနှင့် တူတယ်။ မိမိတို့ရဲ့ ကုန်ကြမ်းဖြစ်တဲ့ စိတ်ကို သာသနာ့စက်ရုံထဲထည့်ပြီးတော့မှ တစ်ဘဝလုံး သုံးလို့ မကုန်အောင် တစ်သံသရာလုံး သုံးလို့ မကုန်အောင် အိုဘေးတွေ၊ နာဘေးတွေ၊ သေဘေးတွေ၊ ဒုက္ခအဖုံဖုံ အမျိုးမျိုးတွေမှ လွတ်မြောက်ပြီးတော့ သွားစေနိုင်တဲ့ အင်အားမျိုး ပေါ်လာအောင် သာသနာ့စက်ရုံထဲ ထည့်ပြီးတော့ ထုတ်လုပ်လိုက်ပါက အင်္ဂုလိမာလသုတ္တန်ဆိုတာ လည်းပဲ အဲဒီလို မိမိတို့ စိတ်ရိုင်းစိတ်မိုက်ကို သာသနာ့စက်ရုံ ထဲထည့်လိုက်တဲ့အတွက် စိတ်စွမ်းရည်ပေါ်ပေါက်လာပုံကိုပြတဲ့ သုတ္တန် တရားဖြစ်ပါတယ်။

**ကော် သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထ ပိဏ္ဍိကဿ အာရာမေ။**

ဧကံသမယံ၊ အခါတစ်ပါး၌။ ဘဂဝါ၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည်။ သာဝတ္ထိယံ၊ သာဝတ္ထိမြို့၌။ အနာထ ပိဏ္ဍိကဿ၊ အနာထပိဏ် သူဌေး၏။ အာရာမေ၊ အရာမ်ဖြစ်သော။ ဇေတဝနေ၊ ဇေတဝန် အမည်ရှိ ကျောင်းတိုက်ကြီး၌။ ဝိဟရတိ၊ ဣရိယာပထ, မျှတ ရွှင်ပြုး, သီတင်းသုံးနေတော်မူလေသတည်း။

သာဓု . . . သာဓု . . . သာဓုပါဘုရား။

သာသနာ့စွမ်းရည်ပြ အင်္ဂုလိမာလသုတ္တန် တရားဒေသနာတော် မြတ်ကို သုံးလောကထွဋ်ထား သဗ္ဗညုမြတ်စွာဘုရားသည် သာဝတ္ထိ ပြည် မွန်ဇေတဝန်ကျောင်းတော်၌ ကိန်းအောင်းမွေ့လျော် စံနေတော် မူစဉ် ဟောကြားတော်မူခဲ့ပါသည်။

အင်္ဂုလိမာလလို ဆိုရုံမတ္တမျှပင်လျှင် ကြားဖူးကြဟာများ ပါတယ်။ ကြားဖူးကြတာကလည်းပဲ နာမည်ကြီးတာကိုး။ နာမည် ကြီးတာကလည်း ကောင်းတဲ့ဘက်က နာမည်ကြီးတာ မဟုတ်ပါဘူး။ မိုက်သဖြင့် မကောင်းတဲ့ဘက်က နာမည်ကြီးတာပါ။ ဘယ်လောက်ပဲ မိုက်ပါစေ၊ ဘယ်လောက်ပဲ ရိုင်းပါစေ၊ ဘယ်လောက်ပဲ ကြမ်း ပါစေ၊ ဘယ်လောက်ပဲ ရမ်းပါစေ၊ သာသနာစက်ရုံကြီးကို တွေ့လိုက်တဲ့အခါကာလကျတော့ သူ့ရဲ့ စိတ်တွေဟာ နောက်ပိုင်းမှာ အလွန်တရာ လိမ္မာယဉ်ကျေးပြီးတော့မှ တည်ငြိမ်ရင့်ကျက်တဲ့ အထက်တန်းစား ပုဂ္ဂိုလ်ကြီး ဖြစ်သွားခဲ့ရပါတယ်။ သာသနာရဲ့ ကျေးဇူးကြောင့်ပါ။ သူတော်ကောင်းတရား ကျေးဇူးတွေကြောင့် နောက်ပိုင်းမှာ အလွန်တရာ လိမ္မာယဉ်ကျေးတဲ့ အဆင့်အတန်းမြင့်မား တဲ့ ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်ကြီးဖြစ်ပြီးတော့ သွားရပါတယ်။

သူ့အကြောင်းကို အာရုံပြုကြည့်ရင် ရှေ့ပိုင်းမှာတော့ "ကမ္ဘာ ကြေသော်လည်း ဥဒါန်း မကြေနိုင်ဘူး" လို့ဆိုတဲ့ စကားအတိုင်းပေါ့။ ဘယ်လိုမှ ဖျောက်ဖျက်မရလောက်အောင် အမဲစက်ကြီးတွေရတဲ့နောက်၊ နောက်ပိုင်းမှာတော့ သာသနာတော်ကြီးကို အမှီပြုပြီးတဲ့နောက်၊ အံ့ဩစရာ၊ ကြည်ညိုစရာ၊ လေးစားစရာကောင်းလောက်အောင် သူ့ရဲ့ ဓမ္မအင်အား ပေါ်ပေါက်လာပုံ၊ ဘဝအဆင့်အတန်း မြင့်မား သွားပုံတွေကို အာရုံပြုတွေ့ရှိရလိမ့်မယ်။

ဒန္တေ ဧကေ ဒမယန္တိ၊
အင်္ကုသေဟိ ကသာဟိ စ။
အဒဏ္ဍေန အသတ္ထေန၊
အဟံ ဒန္တောမှိ တာဒိနာ။

ဤစကားက အင်္ဂုလိမာလဆိုတဲ့ ကမ္ဘာကျော်လူဆိုးကြီးဘဝက လွတ်မြောက်သွားတဲ့အခါမှာ သာသနာတော်တွင်းကို ဝင်ရောက် ပြီး ရဟန်းပြုပြီးတဲ့အခါမှာ တရားဓမ္မအလုပ်တွေ အားထုတ်လို့ ရဟန္တာအဖြစ်ကို ရောက်သွားတဲ့ အခါကာလကျတော့ ဘုရားရဲ့ ဂုဏ်ရည်တွေ၊ သာသနာတော်မြတ်ကြီးရဲ့ ဂုဏ်ရည်တွေကို အားရ လွန်းလို့ အရှင်အင်္ဂုလိမာလမထေရ်သူမြတ်ဘဝကို ရောက်သွား တဲ့အခါမှာ ဝမ်းသာလွန်းလို့ ကျူးရင့်တဲ့စကားပါ။

ဧကေ၊ အချို့ကုန်သော ပုဂ္ဂိုလ်တို့သည်။ ဟတ္ထာဒိကေ၊ ဆင် အစရှိသော သတ္တဝါတို့ကို။ ဒဏ္ဍေနစ၊ တုတ်ဖြင့်လည်းကောင်း၊ အင်္ကုသေဟိစ၊ ချွန်းတို့ဖြင့်လည်းကောင်း။ ကသာဟိစ၊ ကြိမ်လုံး တို့ဖြင့်လည်းကောင်း။ ဒမယန္တိ၊ လိမ္မာယဉ်ကျေးအောင် ဆုံးမတတ် ကြပေကုန်၏။ တာဒိနာ . . စသည် အပြား အာရုံများကြောင့်

လှုပ်ရှားမတုံ့ တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကတော့။ အဟံ၊ အင်္ဂုလိမာလ နာမသမုတ် အကျွန်ုပ်ကို။ အဟံ၊ အင်္ဂုလိမာလ နာမကျော်ဟီး ငါကဲ့သို့သော ကမ္ဘာကျော် လူဆိုးကြီးကို။ အဒဏ္ဍေန၊ တုတ်လည်း မကိုင်ပါပဲလျက်၊ အသတ္ထေန၊ လက်နက်လည်း မကိုင်ပါပဲလျက်၊ ဒန္တော၊ တရားရေအေး တိုက်ကာကျွေးကာ လိမ္မာယဉ်ကျေးအောင် ဆုံးမတော်မူအပ်ပြီးသည်။ အမို၊ ကောင်းစွာမသွေ ဖြစ်ခဲ့ပါပြီတကား။

သာဓု . . . သာဓု . . . သာဓုပါဘုရား။

တချို့တချို့ပုဂ္ဂိုလ်များ ဆုံးမကြတာ၊ တချို့က တုတ်နဲ့ရိုက်ဆုံးမကြတယ်။ တချို့က ချွန်းနဲ့ အုပ် ဆုံးမကြတယ်။ တချို့က ကြိမ်လုံးတွေနဲ့ ရိုက်ပြီးမှ ဆုံးမကြတယ်၊ လက်နက်တွေပြပြီးတော့ ခြိမ်းချောက်ဆုံးမကြတယ်။ အဲဒါတောင်မှ လိမ္မာယဉ်ကျေးအောင် ဆုံးမခြင်းငှာ မစွမ်းနိုင်ကြပါဘူး။

သုံးလောကထွဋ်ထား သဗ္ဗညုမြတ်စွာဘုရားကတော့ ငါကဲ့သို့သော ကမ္ဘာကျော် လူဆိုးကြီးတစ်ယောက်ကို လိမ္မာယဉ်ကျေးအောင် ဆုံးမသွားတာ တုတ်လည်း မပါ၊ လက်နက်လည်း မကိုင်၊ မေတ္တာရေအေး၊ တရားရေအေးတို့ကို တိုက်ကျွေးပြီးတော့ကာ လိမ္မာသွားအောင် ဆုံးမလိုက်တာများတော့ အံ့ဩစရာကြီးပါလို့ ဘုရားရဲ့ စွမ်းရည်၊ တရားရဲ့ စွမ်းရည်၊ သာသနာတော်မြတ်ကြီးရဲ့ စွမ်းရည်တွေကို အံ့ဩလွန်းလို့၊ အားရလွန်းလို့၊ ဝမ်းသာလွန်းလို့၊ လက်တစ်လုံးခြားလေး သာသနာက ကယ်လိုက်ပေလို့ပေါ့၊ ဘုရားက ကယ်လိုက်ပေလို့ပေါ့၊ တရားက ကယ်လိုက်ပေလို့ပေါ့။ အဲဒါတွေကို ဝမ်းသာလွန်းလို့ ကျူးရင့်တဲ့ ဥဒါန်းစကားဖြစ်ပါတယ်။

## အရှင်အင်္ဂုလိမာလ၏ ဘဝရှေ့ပိုင်း

ဒါဖြင့်ရင် သူ့ရဲ့ ဘဝရှေ့ပိုင်း အမဲစက်ကြီးက ဘယ်လိုများ ပေါ်လာသလဲဆိုတာကို အာရုံပြုကြရအောင်။ အဲဒီ အမဲစက်ကြီးက ဘယ်လိုများ အဖြူဘဝရောက်သွားရသလဲဆိုတာကိုလည်း ကြည်ညိုကြရအောင်။ သုံးလောကထွဋ်ထား သဗ္ဗညုမြတ်စွာဘုရား၊ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ ကိန်းအောင်းမွေ့လျော် သီတင်းသုံးနေတော်မူစဉ်တုန်းက ကောသလတိုင်းကို အုပ်ချုပ်ရတဲ့ ကောသလမင်းဆိုတာ ရှိတယ်။ သာဝတ္ထိပြည်မှာပေါ့။ သာဝတ္ထိမြို့မှာ ထီးနန်းစိုက်တဲ့ ကောသလမင်းဆိုတာရှိတယ်။

### မွေးဖွားစဉ်က

အဲဒီ ကောသလမင်းကြီးမှာ ဆရာပုဏ္ဏားဆိုတာက ဘဂ္ဂဝပုဏ္ဏားကြီး၊ ဇနီးက မန္တာဏီ ပုဏ္ဏေးမကြီး၊ အဲဒီ ဘဂ္ဂဝပုဏ္ဏားကြီးနှင့် မန္တာဏီ ပုဏ္ဏေးမကြီးနှစ်ဦးကို အကြောင်းပြု၍ သားရတနာ တစ်ဦး ထွန်းကားခဲ့တယ်။ သားရတနာလေး ပဋိသန္ဓေနေပြီး အချိန်စေ့လို့ လစေ့လို့ လပြည့်လာတဲ့ အခါကာလကျတော့ ခုလို လအခါကြီးမှာ သားလေး မွေးဖွားတယ်။ သားလေးကို မွေးဖွားတဲ့အခါကာလမှာ အာကာသကောင်းကင်ထက်မှာက လူဆိုးနက္ခတ်နဲ့ ယှဉ်နေတယ်။ အဲ လူဆိုးနက္ခတ်နဲ့ယှဉ်တော့ ဘာဖြစ်သလဲ ဆိုရင် သာဝတ္ထိပြည် တစ်မြို့လုံးမှာရှိနေတဲ့ လက်နက်တွေ၊ ဓါးတွေ၊ လှံတွေ၊ သံလျက်တွေ အစရှိတဲ့ လက်နက်အမျိုးမျိုးတွေ အကုန်လုံး အရောင်တပြောင်ပြောင် တောက်ရတယ်။ အရောင် တပြောင်ပြောင်တောက်ပြီးနေတော့ ဘဂ္ဂဝပုဏ္ဏားကြီးက ဇာဒင်နက္ခတ် နားလည်ထားတော့ အိမ်အပြင်ဘက်ထွက်ပြီး ကောင်းကင် မော့

ကြည့်လိုက်တော့ "အော် . . . လူဆိုးနက္ခတ်နဲ့ယှဉ်ပြီး မွေးလာမလို့ လက်နက်တွေ အရောင်တပြောင်ပြောင် တောက်နေပါကလား"လို့ သူကတော့ အဖြေမှန်သိသွားတယ်။

ကောသလမင်းကြီးရဲ့ နန်းတော်ထက်မှာကလည်းပဲ ကြက်သရေတိုက်ခန်းထဲမှာ ထားတဲ့ မင်္ဂလာလက်နက်တွေ၊ မင်္ဂလာသန်လျက်တွေ အဲဒီလက်နက်တွေကလည်း အရောင်တပြောင်ပြောင် တောက်ပြီးတော့ နေလိုက်တာတဲ့။ ကောသလမင်းကြီးကတော့ အဖြေကို နားမလည် ဘူး။ ဘာကြောင့် အရောင်တောက်သလဲဆိုတာ နားမလည်ဘူး။ အဲဒါကြောင့်မို့လို့ သူ့စိတ်ထဲမှာတော့ အတွေးတွေ လွှန်နေတယ်ပေါ့။ ငါ့ရဲ့လက်နက်တွေ အရောင်တပြောင်ပြောင် တောက်ပြီး နေလိုက်တာ၊ ငါ့ရဲ့ ထီးနန်းကိုများ အန္တရာယ်ပြုတော့မှာလား၊ ငါ့ရဲ့ တိုင်းပြည်ကိုများ အန္တရာယ်ပြုတော့မှာလား၊ ငါ့ရဲ့ အသက်ကိုများ အန္တရာယ်ပြုတော့မှာ လားလို့ ပူလိုက်တာ၊ ကြောင့်ကြလိုက်တာ၊ ပူဆွေးလိုက်တာတဲ့၊ ဟုတ်တာပေါ့။ ပစ္စည်းဆိုတာ တစ်ကျပ်ရှိရင် တစ်ကျပ်တန်အောင် ပူရတာပဲ၊ တစ်ရာရှိရင် တစ်ရာတန်အောင် ပူရတာပဲ၊ တစ်သိန်းရှိရင် တစ်သိန်းတန်အောင် ပူရတာပဲ၊ တစ်တိုင်းပြည်လုံးကို အုပ်ချုပ်နေရတဲ့ ရှင်ဘုရင်ဆိုတော့ တစ်တိုင်းပြည်လုံးအတွက် ပူရတာပေါ့။ ဒါကြောင့်မို့လို့ တစ်ညလုံး အတွေးတွေလွှန်ပြီး တစ်မှေးမှ အိပ်လို့မရဘူးတဲ့။

မနက်မိုးလင်းတော့ မင်းဆရာပုဏ္ဏားကြီးက နန်းတော်ကို အခစားလာပြီး ကောသလမင်းကြီးကို လျှောက်ထားတယ်ပေါ့။

"ဘုရင်မင်းတရားကြီး၊ ညတုန်းက ချမ်းချမ်းသာသာ ကျိန်းစက်တော်မူရပါရဲ့လားဘုရား"

"ဆရာပုဏ္ဏားကြီး၊ ညတုန်းက တစ်မှေးမှ အိပ်လို့မရဘူး၊ ဟောဒီ မင်္ဂလာတိုက်ခန်းမှာထားတဲ့ မင်္ဂလာလက်နက်တွေ အရောင်တပြောင် တောက်နေလို့ စိုးရိမ်ပူဆွေးတဲ့ စိတ်တွေ၊ ကြောက်ရွံ့ထိတ်လန့်တဲ့ စိတ်တွေ ဖြစ်ပြီးတော့မှ ငါ့ရဲ့ ထီးနန်းကိုများ အန္တရာယ်ပြုတော့မှာလား၊ ငါ့ရဲ့ တိုင်းပြည်ကိုများ အန္တရာယ်ပြုတော့မှာလား၊ ငါ့ရဲ့ အသက်ကိုများ အန္တရာယ်ပြုတော့မှာလားလို့၊ အဲဒီလို အတွေးတွေလွန်ပြီးမှ တစ်ညလုံး အိပ်မပျော်ဘူး" လို့ ပြောတော့ ဘဂ္ဂဝပုဏ္ဏားကြီးက–

"ဒီကိစ္စနဲ့ ပတ်သက်လို့တော့ ဘာမျှ ပူဆွေးတော်မမူပါနဲ့၊ စိုးရိမ်တော် မမူပါနဲ့ဘုရား၊ ညတုန်းက ကျွန်တော်မျိုးအိမ်မှာ သားယောက်ျားလေးတစ်ဦး မွေးဖွားပါတယ်။ အဲဒီလို မွေးဖွားစဉ်အခါကာလမှာ အဇ္ဈောကောင်းကင်ထက်မှာ လူဆိုးနက္ခတ်နဲ့ ယှဉ်ပြီးတော့ မွေးပါတယ်။ လက်နက်တွေ အရောင်တပြောင်ပြောင် အရောင်တောက်တယ်ဆိုတာက ဘုရင်မင်းတရားရဲ့ နန်းတော်ထဲမှာသာ တောက်တာ မဟုတ်ပါဘူး၊ သာဝတ္ထိမြို့တစ်မြို့လုံးမှာရှိတဲ့ လက်နက်တွေအားလုံး အရောင်တပြောင်ပြောင် တောက်ရတာပဲ။"

"ဒီလိုဆိုရင် ဆရာပုဏ္ဏားကြီး ဘာဖြစ်မှာတုန်း"

"လူဆိုးနက္ခတ်နဲ့ယှဉ်ပြီးတော့ မွေးတာဆိုတော့ ကျွန်တော်မျိုးရဲ့သား ကြီးလာတော့ လူဆိုးဖြစ်မှာပေါ့ဘုရား" လို့။

"ကောင်းပြီ၊ လူဆိုးဖြစ်မယ်ဆိုရင် လူဆိုးကြီးဖြစ်မှာလား၊ လူဆိုးလေးဖြစ်မှာလား" လို့။

ကောသလမင်းကြီးကမေးတော့ မိဘဆိုတာ ကိုယ့်သားသမီးတော့ ချစ်ကြတာချည်းပဲ။ ဒါကြောင့် ဘဂ္ဂဝပုဏ္ဏားကြီးကလည်း

သူ့ရဲ့သားလေးကို ချစ်တော့ လျှောက်ပြောရတယ်။ "လူဆိုးလေးဖြစ်မှာပါဘုရား" တဲ့။ ပြီးတော့ သူက စကားလှအောင် ဆိုပြီးတော့ ပြောလိုက်တယ်။ "ဘုရင်မင်းတရား၊ လူဆိုးဆိုတာ လူဆိုးလေးပဲ ဖြစ်ဖြစ်၊ လူဆိုးကြီးပဲ ဖြစ်ဖြစ် ဘယ်သူ့ကိုမှ ကောင်းကျိုးပြုတာ မဟုတ်တဲ့အတွက်ကြောင့်မို့လို့ ယခုလို ငယ်ငယ်ရွယ်ရွယ်လေးမှာပဲ ကျွန်တော်မျိုးရဲ့ သားကို သတ်ပစ်တာပေါ့ဘုရား" လို့၊ ဒါက စကားလှအောင် လျှောက်ပြောတာ။

အဲဒီလိုပြောတော့ ကောသလမင်းကြီးကလည်း "ဆရာပုရောဟိတ်ရယ်၊ လူဆိုးလေးဆိုတော့ ကိစ္စမရှိပါဘူး၊ ကြီးအောင်သာ စောင့်ရှောက်ပါတော့။" အဲလို ခွင့်ပြုလိုက်တယ်။

## ငယ်နာမည်က အဟိံသက

ခွင့်ပြုလိုက်တဲ့အခါကျတော့မှပဲ ဘဂ္ဂဝပုဏ္ဏားကြီးလည်း ကိုယ့်ရဲ့ သားကို ချစ်တယ်ဆိုတာ ဝမ်းသာအားရနဲ့ အိမ်ကိုပဲ ပြန်သွားတာပေါ့။ ချစ်လှစွာသောသားလေး၊ အဲဒီသားလေးကို နာမည်ပေးမယ့် နေ့ကျတော့ ဘာနာမည်ပေးကြသလဲဆိုရင် မိဘတွေဆိုတာ မိမိတို့ရဲ့ သားလေးတွေ သမီးလေးတွေကို နာမည်လှလှလေးတွေ တယ်ပြီးတော့ ပေးချင်ကြတာပဲ။

ပုဏ္ဏားကြီးနဲ့ မန္တာဏီပုဏ္ဏေးမကြီးတို့ကလည်း မိမိတို့ရဲ့ ချစ်လှစွာသော သားလေးကို နာမည်ပေးမယ်လို့ နာမည်ရွေးကြတယ်။ နာမည်ရွေးနေစဉ်မှာ ရည်ရွယ်ချက်ရှိသလိုပဲ နိမိတ်တစ်ခုက လည်း ပေါ်လာတယ်။ ဘာနိမိတ်ပေါ်လာသလဲဆိုရင် အိပ်ရာအပေါ်မှာ အမှတ်တမဲ့ထားတဲ့ သန်လျက်အရိုးရယ်၊ ဟိုအမိုးမှာ ထိုးထားတဲ့ မြှားရယ်၊ ပြီးတော့ ဝါဂွမ်းအစုအပုံမှာ တင်ထားတဲ့ ထန်းရွက်နဲ့

လုပ်ထားတဲ့ လက်နက်ရယ်၊ အဲဒီသုံးမျိုးဟာ နာမည်ပေးတော့မယ်လို့ ကြံစည်နေတဲ့အချိန်မှာ အရောင်တဖိတ်ဖိတ်တောက်တယ်။ အရောင်တဖိတ်ဖိတ်တောက်ပေမယ့် ဘာအန္တရာယ်မှ မဖြစ်ဘူးတဲ့။ အဲဒီလိုတိုက်ဆိုင်လာတယ်။ အမေအဖေတွေက မိမိတို့သားလေးကို ချစ်ရတာကလည်း လူဆိုးနက္ခတ်နဲ့ ယှဉ်လို့ မွေးခါမှ မွေးတော့ မိမိတို့ သားလေးကို မမိုက်စေချင်ဘူး၊ လိမ္မာစေချင်တယ်၊ သူတော်ကောင်းလေးပဲ ဖြစ်စေချင်တယ်။ အဲဒါကြောင့်မို့ နိမိတ်ကလည်း ပေးလာတော့ကာ မိမိတို့ရဲ့ ဖြစ်စေချင်တဲ့ ဆန္ဒနဲ့လည်း ညီသွားပြီဆိုတော့ မိမိတို့ရဲ့ သားကို နာမည်ရွေးလိုက်တယ်။ ရွေးပြီးတော့ ပေးလိုက်တယ်။ "အဟိံသက" တဲ့။

"အဟိံသက" ဆိုတာ ဘယ်ပုဂ္ဂိုလ်ကိုမှ မညှဉ်းဆဲတတ်ပါဘူး၊ ဘယ်သူ့ကိုမှ မနှောင့်ယှက်တတ်ပါဘူး၊ စိတ်ကောင်းရှိတယ်၊ သူတော်ကောင်းလေးပေါ့၊ မောင်သူတော်ဆိုတဲ့ အဓိပ္ပါယ်ရတယ်။ အဟိံသကဆိုတဲ့ နာမည်ကို ပေးလိုက်ကြတယ်။ ချစ်လွန်းလို့ပါ။ ကိုယ့်သားလေး မိုက်တာတော့ မမြင်ချင်ဘူးတဲ့။ လိမ္မာတာကိုပဲ မြင်ချင်တယ်၊ အဆင့်အတန်းမြင့်မားပြီးတော့ သွားတာကိုပဲ မြင်ချင်တယ်။ အဲဒါကြောင့်မို့လို့ မောင်သူတော်လို့ အဓိပ္ပါယ်ရတဲ့ အဟိံသကဆိုတဲ့ နာမည်ကို ပေးလိုက်ကြတယ်။

ပညာသင်ရမယ့်အရွယ်ကို ရောက်လာတဲ့အခါ မိဘများက စဉ်းစားကြရတယ်။ တို့သားလေးဟာ မွေးဖွားစဉ်ကာလတုန်းက လူဆိုးနက္ခတ်နဲ့ ယှဉ်ပြီးတော့ မွေးခဲ့တာဆိုတော့ ကြီးလာတော့ လူဆိုးဖြစ်မှာ သေချာတယ်။ ဒါပေမယ့် ဆရာကောင်းသမားကောင်းထံ ချဉ်းကပ်ပြီးတော့မှ အတတ်ပညာတွေ သင်ရတဲ့အခါမှာ ပစ္စုပ္ပန်

အကျိုးစီးပွားအကြောင်းအရာရယ်၊ သံသရာ တမလွန် အကျိုးစီးပွား အကြောင်းအရာတွေကို ကျကျနန တတ်မြောက်အောင် သင်ရရင်တော့ ဒီအကြောင်းအရာတွေကို ကောင်းမွန်စွာ နားလည်ပြီးတဲ့အခါမှာတော့ လိမ္မာချင်ရင်လည်း လိမ္မာအုံးမှာပါလို့ အဲလို မျှော်လင့်တော်တာ ရည်ရွယ်ထားတဲ့အတိုင်း ပညာရေးလောကမှာ အလွန်တရာနာမည်ကြီးလှတဲ့ တက္ကသိုလ်ပြည် ဒိသာပါမောက္ခဆရာကြီးထံမှာ အပ်နှံပြီး ပညာသင်ကြားစေကြတယ်။ သားလေး လိမ္မာစေချင်လွန်းလို့တဲ့။ မိဘတိုင်း မိဘတိုင်း ကိုယ့်သားသမီးများကို လိမ္မာတာသာလျှင် မြင်ချင်ကြတယ်။ အဆင့်အတန်းမြင့်မားတာကိုသာ မြင်ချင်ကြတယ်။

## တက္ကသိုလ်ကျောင်းသားဘဝ

ဒါကြောင့် ဘဂ္ဂဝပုဏ္ဏားကြီးနဲ့ မန္တာဏီ ပုဏ္ဏေးမကြီးတို့ကလည်းပဲ မိမိတို့သားလေး အဟိံသကကို လိမ္မာစေချင်လွန်းလို့ တက္ကသိုလ်ပြည် ဒိသာပါမောက္ခဆရာကြီးထံမှာ ပညာသင်ကြားဖို့ ဆိုပြီးတော့ အပ်နှံလိုက်ကြတယ်။ အပ်နှံလိုက်ကြတော့ အဟိံသကလေးဟာ အမျိုးမှန်သော ပုဂ္ဂိုလ်လေးဖြစ်ပါတယ်။ အမျိုးမှန်သော ပုဂ္ဂိုလ်လေးပီပီ ဤတက္ကသိုလ်ကျောင်းကို ရောက်လာတဲ့အခါကာလကျတော့ ပညာကို သိပ်ကြိုးစားတာပဲတဲ့။ ဆရာသမားက တစ်ခွန်းမှ မပြောရဘူးတဲ့။ ဆရာသမားတွေက သင်ပြပေးသမျှ သခ်ျန်းစာ၊ အတတ်ပညာ အမျိုးမျိုးတွေကို တစ်ရက်မှ ကြွေးအတင်မခံဘူးတဲ့။ တစ်နေ့သင်တဲ့ ပညာကို တစ်နေ့နှင့် ပြီးအောင် ကြိုးစားတယ်၊ သင်ယူတယ်။ သိပ်ကြိုးစားတာပဲ။ တစ်ခွန်းမှ မပြောရဘူးတဲ့၊ ပညာရေးနှင့် ပတ်သက်လို့ကတော့။

ထိမ်းတတ်ရင်တော့ တော်တယ်။ ကိုယ့် ကိုယ်ကို မထိမ်းတတ်ဘူး ဆိုရင်တော့ "အိုးနင်းခွက်နင်း"ဆိုတာမျိုးလို တိမ်းတတ်၊ မှောက်တတ်၊ ချော်တတ်ပါတယ်။ အဲ တက္ကသိုလ်ကျောင်းမှာလည်း လူရည်ချွန်ရွေးလိုက်တာ။ ဆရာကလည်း ရွေးတတ်လို့ရွေးလိုက်တယ်၊ တပည့်ကလည်း အရွေးခံထိုက်လို့ အရွေးခံလိုက်ရပေတယ်။ အကွက်ကျနေတာပဲ။

ဒါပေမယ့် ပတ်ဝန်းကျင် ကျောင်းသားတွေကတော့ လုံးဝ မကျေနပ်ကြတော့ဘူးတဲ့။ လုံးဝ ကြည့်လို့ မရကြတော့ဘူးတဲ့။ သူတော်ကောင်းဓါတ်တွေ လျော့ကုန်ကြပြီး စိတ်ရဲ့ အပူ အခိုးအငွေ့ ကိလေသာဓါတ်ငွေ့တွေ လွှမ်းပြီးတော့ သွားကုန်ကြပြီ။ တကယ်ဆို ဝမ်းသာရမယ့်အရာပါ။ စိတ်ကောင်းရှိတဲ့ ပုဂ္ဂိုလ်တွေဆိုရင် ဝမ်းသာရမယ့်ဟာပါ။ "ချီးမြှောက်ခံထိုက်လို့ ချီးမြှောက်လိုက်ရပေတယ်" လို့ အားလုံးဝိုင်းပြီး ချီးကျူးကြရမှာ။ သူ့လို တို့လည်းပဲ တော်အောင် ကြိုးစားမယ်။ သူ့လို တို့လည်းပဲ ထူးချွန်အောင် ကြိုးစားမယ်။ ကောင်းအောင်ကြိုးစားမယ်လို့ အတုယူရမှာပါ။ စိတ်ကောင်းရှိတယ် ဆိုရင်တော့ အဲဒီလိုပဲ ဖြစ်ရမှာပါ။

အခုတော့ အဲလိုမဟုတ်ဘူးတဲ့။ ကျောင်းသားတွေက မခံနိုင်ကြတော့ဘူး။ ကျောင်းသားတွေ အကုန်လုံး တစ်ကျောင်းလုံး အစည်းအဝေးထိုင်ကြသတဲ့။ တို့ ဆရာကြီးလုပ်ပုံ မတရားဘူးကွာ။ တို့လို အရင်ရောက်တဲ့ ကျောင်းသားကြီးတွေကိုတော့ လူရည်ချွန် မရွေးဘဲနဲ့ နောက်မှရောက်တဲ့ အဟိံသကလေးကိုတော့ လူရည်ချွန် ရွေးတယ်။ အဲဒါ မတရားဘူးတဲ့။

ဣဿာတရားတွေ လွှမ်းနေကြပြီ။ မိမိရဲ့ စိတ်နှလုံးအစဉ်ကို မိမိတို့ကိုယ်တိုင် မီးရှို့နေကြပြီ။ တကယ်ဆို တက်အောင်

ကြိုးစားရမှာပါပဲ။ သူ့လိုဖြစ်အောင် ကြိုးစားမယ်။ သူ့လိုပဲ ကောင်းအောင် ကြိုးစားမယ်ဆိုရင် မှန်ကန်သော နှလုံးသွင်းပဲ။ အခု နှလုံးသွင်းမှားကုန်ကြပြီ။

ဒီတော့ ကွဲအောင် ဘယ်လိုလုပ်ကြမလဲ။ ဒီအဟိံသကလေး စာကို မကြိုးစားဘူးဆိုရင်လည်း ဆရာက ယုံမှာ မဟုတ်ဘူး။ တစ်ကျောင်းလုံး အတော်ဆုံး ဖြစ်နေတယ်။ အကျင့်စာရိတ္တ မကောင်းပါဘူး၊ စည်းကမ်းကို မလိုက်နာပါဘူးလို့ ဂုံးတိုက်ရင်လည်းပဲ ဆရာက ယုံမှာ မဟုတ်ဘူး။ အကျင့်စာရိတ္တ ကောင်းတယ်ဆိုတာ လည်း တစ်ကျောင်းလုံး သိနေကြတယ်။ အမျိုးဇာတ်အားဖြင့် ယုတ်ညံ့ပါတယ်လို့ ဂုံးတိုက်ရင်လည်း ယုံမှာ မဟုတ်ဘူး။ ပုဏ္ဏားဇာတ်၊ ကောသလမင်းကြီးရဲ့ ဆရာ ပုရောဟိတ်ဖြစ်တဲ့ ဘဂ္ဂဝပုဏ္ဏားကြီးရဲ့ သားဆိုတာဟာ သိနေ။ ဒါဆိုတော့ အဲဒီလိုလည်း ဂုံးတိုက်လို့ရမှာ မဟုတ်ဘူး။ လောကမှာ အချစ်ဆုံးကို ထိခိုက် လာတယ်ဆိုရင် ခံပြင်းကြစမြဲပါပဲ။ စိတ်ဆိုး တတ်ကြစမြဲပါပဲ။ ဒါကြောင့် တို့တစ်တွေ အချစ်ဆုံးဖြစ်တဲ့ အရာနဲ့ ထိခိုက်အောင် ဂုံးတိုက်ကြစို့လို့ အဲလို အများသဘောတူ ဆုံးဖြတ်ပြီးမှ ကျောင်းသား အဖွဲ့ သုံးဖွဲ့ ခွဲကြတယ်။

## ဂုံးတိုက်ကြပြီ

ပထမဆုံးအဖွဲ့ကနေပြီးတော့ ဆရာကြီးထံ ဝင်ကြတယ်ပေါ့။ ငါတပည့်တို့ များလှချည်လားကွ၊ ဘာကိစ္စနဲ့ လာကြတာလဲ။ ဆရာကြီးရယ်၊ ဆရာကြီးရဲ့ အိမ်တွင်းရေးမှာ စကားတစ်ခွန်းတော့ ကြားနေရတယ်။ စကားတစ်မျိုး ကြားနေရတယ်။ သတင်းတစ်ခု ကြားနေရတယ်။ ဘာစကားတုန်းကွ၊ ပြောတော့ပြောချင်ပါရဲ့

ဆရာကြီးရာ၊ ပြောရမှာတော့လည်း အားနာတယ်။ ဟာ . . . မင်းတို့စကားကလည်း တယ်ထူးဆန်းပါလားကွ၊ ပြောမှာဆိုလည်း ပြောလိုက်ပေါ့၊ မပြောချင်လည်း မပြောနဲ့ပေါ့။ ဆရာကြီး၊ ဆရာကြီးက အဟိံသကလေးကို အဟုတ်မှတ်နေတာကိုး၊ ဟ ဘာဖြစ်လို့တုန်းကွ၊ ဆရာကြီးနှင့် ဆရာကတော်တို့ရဲ့ အကြား အိမ်တွင်းရေးမှာ ဝင်ရောက်ပြီးတော့မှ ဖျက်ဆီးနေတယ်။ အဲလို အရဲစွန့်ပြီးတော့ ပြောချလိုက်ကြတယ်။ အဲဒီလိုပြောတော့ ဆရာကြီးက မဖြစ်နိုင်ပါဘူးကွာ၊ ဒီ အဟိံသကလေးကို လူရည်ချွန်ရွေးတာ ဟာ သူများပြောလို့ ငါရွေးတာ မဟုတ်ပါဘူး၊ စိတ်ထင်နဲ့ ငါရွေးတာလည်း မဟုတ်ဘူး၊ လပေါင်းများစွာ၊ ရက်ပေါင်းများစွာ ငါဟာ သေသေချာချာ အကဲခတ်ပြီးတော့မှ သူ့အကြောင်းကို ကောင်းကောင်းသိတာ။ သိတာနဲ့မို့လို့ ငါကိုယ်တိုင် သဘောကျလို့ ရွေးချယ်ထားတာပါကွာ။ ဒါမျိုးတော့ ငါ့တပည့်လေး လုပ်နိုင်စရာ အကြောင်းမရှိပါဘူး။ အင်မတန် စိတ်ကောင်းရှိတဲ့ ပုဂ္ဂိုလ်လေးပါ။ သူတော်ကောင်းပီသတဲ့ ပုဂ္ဂိုလ်လေးပါ။ တော်လည်း တော်ပါတယ်၊ ကောင်းလည်း ကောင်းပါတယ်။ မဖြစ်နိုင်ပါဘူးကွာ၊ မင်းတို့လည်း သူ့လိုတော်အောင် ကြိုးစားကြမှာပေါ့။ အဲဒီလို ကွဲအောင် ဂုံးမတိုက်ကောင်းဘူးကွ။ သွားသွား ငါ့တပည့်တို့ သွားကြ၊ ကြိုးစားကြပေါ့ကွ၊ ကိုယ်လည်း တော်အောင် ကောင်းအောင် ကြိုးစားကြပေါ့ကွလို့ အဲဒီလို ပြန်လွှတ်လိုက်တယ်။

တစ်ခါ ဒုတိယကျောင်းသားအဖွဲ့က ဝင်လာကြပြန်တယ်။ ဒီလေသံအတိုင်းပဲ ပြောကြပြန်တယ်။ ဒီလိုပြောတော့ ဆရာကြီးကလည်း အရင်အတိုင်းပဲ ပြန်ပြီးတော့ လွှတ်လိုက်ပြန်တယ်။

တတိယကျောင်းသားအဖွဲ့က လာကြပြန်တယ်။ ဒီအတိုင်းပဲ ဒီလေသံအတိုင်းပဲ ပြောကြပြန်တယ်။

## တိုက်ပါများတော့နဲ့

ဒီတစ်ခါတော့ ဆရာကြီးက ထိုးနှက်မှုက သုံးချက်တောင် ထိသွားပြီဆိုတော့ စဉ်းစားလာသတဲ့။ အဲ သူယုတ်မာရဲ့ ခါတ်တွေ၊ သူယုတ်မာရဲ့ ခါတ်တွေ၊ သူယုတ်မာရဲ့ ခါတ်တွေ လောင်ဖန်များလာတော့ ထိုးနှက်မှုများလာတော့ သူများတွေကို ပညာသင်ပေးတဲ့ စိတ်နှလုံးအစဉ်ကိုပင် ကူးစက်၍ သွားရပေတော့မယ်။ စဉ်းစားလာပြီးတဲ့၊ ဟာ . . ကျောင်းသားအဖွဲ့ သုံးဖွဲ့ ပြောလိုက်တာ လေသံက တစ်သံတည်းဖြစ်နေတယ်။ ငါ့ရဲ့ တပည့်လေး အဟိံသကတော့ ဟုတ်နေပြီနဲ့ တူတယ်တဲ့ဗျာ။ နှိုင်းနှိုင်းချိန်ချိန် သုခမိန်ဆိုတဲ့ ဆင်ခြင်ရမည့် ဥစ္စာကိုလည်း သူ သတိမရတော့ဘူးဗျ၊ အဲဒါနဲ့ စဉ်းစားပြီးတော့ နေလိုက်တာ ငါ့တပည့် အဟိံသကလေးကတော့ ဟုတ်နေပြီနဲ့ တူတယ်။ ငါ့မှာဖြင့် သူ့ကို အထင်ကြီးပြီးတော့မှ ချီးမြှောက်လိုက်ရတာ၊ လူရည်ချွန်ရွေးလိုက်ရတာ၊ တွေးရင်းတွေးရင်းနဲ့ ဒေါသတွေက တိုးတိုးလာသတဲ့။ ဒေါသတွေ တိုး၍ တိုး၍ လာတဲ့အခါကျတော့၊ အော် ငါ့တပည့် အဟိံသက ငါ့မျက်နှာကို မထောက်ဘူးတဲ့။ အဲ "သားရေပေါ်တက်အိပ်ပြီးတော့ သားရေနားစား" နေတဲ့ ဘာမှ ကျေးဇူးမသိတဲ့ အကောင်းလေးပဲဆိုပြီးတော့ တွေးရင်း တွေးရင်းနဲ့ ဒေါသတွေ ဖြစ်လာတယ်။ ဒေါသဖြစ်တာမှ ဒေါသက နောက်မဆုတ်ဘူး။ သတိဆိုတဲ့ စိတ်ထိန်းကိရိယာက ဝင်ထိန်းရမှာ သတိမရတော့ဘူး၊ စိတ်ထိန်းကိရိယာ သတိက ပြုတ်ထွက်နေတော့ ဒေါသမီးတွေက ကြာလေ တိုးလေ၊ ကြာလေ

တိုးလေ တိုးတိုးလာလိုက်တာ ဘယ်လောက်ထိ စိတ်ဆိုးလာသလဲ ဆိုတော့ သတ်ပစ်ချင်လောက်အောင် စိတ်ဆိုးလာတယ်တဲ့၊ တစ်ကျောင်းလုံးမှာ အတော်ဆုံးပါပဲလို့ စင်တော်ကကောက်ပြီးမှ ချီးမြှောက်ထားတဲ့ ကိုယ်ရဲ့ တပည့်လေးကိုသော်မှ သတ်ပစ်ချင်သတဲ့။ ဘာလို့လဲဆိုတော့ ကိလေသာ ဓါတ်ငွေ့တွေ၊ အနုမြူကိလေသာ ဓါတ်ငွေ့တွေ၊ တကယ်ကြောက်စရာကောင်းတာက ကိလေသာဓါတ်ငွေ့ တွေပါ။ သူတော်ကောင်း သူတော်ကောင်းဆိုတာ ကိလေသာဓါတ်ငွေ့ တွေကို ထိန်းနိုင်သလောက်သာ သူတော်ကောင်းလို့ ခေါ်ရတယ်။ ကိလေသာဓါတ်ငွေ့တွေ စိတ်အစဉ်မှာ လွှမ်းခြုံလာတဲ့အခါ သူတော်ကောင်း ဂုဏ်ရည်တွေ ပျက်ပြီး သွားရစမြဲပါ။ သူတော်ကောင်း ရာထူးက ဖြုတ်ချ၊ ဒါက ဟောဒီက ကိလေသာတွေ၊ ငါ သူတော်ကောင်းပါပဲ၊ ငါ ပညာရှိပါပဲ၊ ငါဟာ သူများတွေကို ပညာသင်ပေးနေတဲ့ ပုဂ္ဂိုလ်ပါပဲ၊ သူများတွေကို သင်ပြပေးနေတဲ့ ပုဂ္ဂိုလ်ပါပဲ။ သူများတွေကို သင်ကြားပေးနေတဲ့ ပုဂ္ဂိုလ်ပါပဲ။ သူများတွေကို ဟောပြော နည်းညွှန်လမ်းညွှန်ပြနေတဲ့ ပုဂ္ဂိုလ်ပါပဲလို့ ဘယ်လိုပင် ပြောပြီးမှ ဝင့်ကြွားစေကာမူ၊ ဝင့်ကြွားနိုင်စေကာမူ ဟောဒီ ကိလေသာအနုမြူ ဓါတ်ငွေ့တွေကနေပြီးတော့ အဲဒီ ဝင့်ကြွားတာတွေ၊ ရာထူးတွေကို အကုန်လုံး ဖြုတ်ချနိုင်တယ်ဗျာ၊ အခု တက္ကသိုလ်ပြည်၊ ဒိသာပါမောက္ခ ဆရာကြီးက တပည့်တွေ ပြောတဲ့ စကားကို အဟုတ်မှတ်နေပြီ။ ဟုတ်သလား၊ မဟုတ်သလား ခေါ်မေးရမှာလည်း သတိမရတော့ဘူး၊ ဒေါသတွေ လောင်ပြီးတော့ လာနေပြီ။ သူတော်ကောင်းဂုဏ်ရည်တွေ ပျက်ကုန်ပြီ။ ဆရာသမားရဲ့ ဂုဏ်တွေ ပျက်ကုန်ပြီ။ အဲဒါတွေ စိတ်ဆိုးလွန်းလို့၊ စိတ်ဆိုးလွန်းလို့ ဒီ အ[illegible]ကလေးကိုတော့ ငါသတ်ပစ်တာ ကောင်းပါတယ်တဲ့။

ငါ့ရဲ့ အိမ်တွင်းရေးကို လာဖျက်ဆီးနေတဲ့ အကောင်၊ ဘာကျေးဇူးမှ မသိဘူး။

အဲဒါနဲ့ နည်းနည်းစဉ်းစားလိုက်ပြန်တယ်။ နည်းနည်း သတိလေး ဝင်လာတယ်၊ ငါကိုယ်တိုင် သတ်လို့တော့ မဖြစ်ဘူး။ ဘာလို့လဲဆိုတော့ ငါဟာ နာမည်ကြီး တက္ကသိုလ်ဆရာကြီး လုပ်နေပြီးတော့ ကိုယ့်ထံလာပြီး ပညာသင်နေတဲ့ တပည့်တွေကို သတ်ပစ်တယ်ဆိုရင် ကျော်မကောင်းကြားမကောင်း ဖြစ်ပြီးတော့ ငါ့ထံကို တပည့်တွေ နောက်ထပ်လာကြမှာ မဟုတ်တော့ဘူး။ အဲလိုဆိုရင် အခြံအရံပရိသတ် လာဘ်လာဘတွေ အကုန်လုံး လျော့ကျကုန်လိမ့်မယ်။ ဒါကြောင့် ငါကိုယ်တိုင် သတ်လို့တော့ မဖြစ်ဘူး။ တစ်မျိုးတော့ ကြံမှ ဖြစ်မယ်။ သူ့ကို ပရိယာယ်တစ်မျိုးနဲ့ ပြောမယ်ပေါ့၊ ဘယ်လိုလဲဆိုရင် သူ့ကို အခုချီးမြှောက်ထားတဲ့ အချိန်လည်းဖြစ်နေတယ်။ ချီးမြှောက်ထားတဲ့ အချိန်လည်းဖြစ်နေတယ်ဆိုတော့ ချီးမြှောက်လက်စနဲ့ ပရိယာယ်စကားနဲ့ ပြောမယ်ပေါ့။ မင်း လူတစ်ထောင်ပြည့်အောင် သတ်ပါ။ လူတစ်ထောင်ပြည့်အောင် သတ်ရင် မင်းရဲ့ ပညာစွမ်းရည်ဟာ အဆတစ်ထောင်တက်လာပြီးတော့မှ ချက်ချင်း ပန်းတိုင်ကိုရောက်မယ်။ အဲဒီလို ငါ ပရိယာယ်စကားနဲ့ ပြောမယ်၊ အဲဒီလို ပြောတဲ့အခါ သူက လူကို သတ်မယ်ဆိုရင် အသတ်ခံရတဲ့ ပုဂ္ဂိုလ်များက မခံမရပ်နိုင်ဖြစ်ပြီးတော့ ဒီကောင်လေးကို သတ် ကြလိမ့်မယ်။

ရက်ရက်စက်စက် ကိုယ့်တပည့်အပေါ်မှာ မကြံစည်သင့် မကြံစည်ထိုက်တာတွေကို ကြံစည်လိုက်ပြီ။ စောစောတုန်းကတော့ ချစ်လှပါတယ်၊ သဘောကျလှပါတယ်။ အဲဒီလိုဆိုပြီး ချီးမြှောက်ထား

တဲ့ တပည့်လေးဗျ၊ မေတ္တာတရားနဲ့ မုဒိတာတရားနဲ့ ချီးမြှောက်ထား ပဲ့ တပည့်လေး၊ ကိလေသာဓါတ်ငွေ့တွေ စိတ်အစဉ်မှာ လွှမ်းဖုံးလို့ လာတဲ့အခါကျတော့ ကိုယ့်တပည့်လေးကိုပင် သတ်ပစ်ချင်သတဲ့။ ဒီလောက်ထိအောင် စိတ်တွေက ယုတ်မာပြီးတော့ လာတယ်။

## အဖြူကို အမဲရောင်ဆိုး

အဲဒါနဲ့ မကြာဘူး၊ သူ့တပည့် အဟိံသကလေးကို ခေါ်လိုက်တယ်။ "ဟေး . .ငါ့တပည့် အဟိံသက လာခဲ့စမ်းကွ"

"လာပါပြီဆရာ"

ဟိုကလည်း ဆရာကို သိပ်လေးစားတယ်၊ အဟိံသကလေးက ချက်ချင်းပေါ်လာတယ်။ ပေါ်လာတော့ ဒီလို ဒီလိုပဲ ကြားရတယ်ကွ၊ ဟုတ်သလား မဟုတ်သလား မေးရမှာ သတိမရဘူး၊ သူ့အနေနဲ့တော့ ဟုတ်တယ်လို့ တွက်ထားပြီးသား၊ ဒါကြောင့် မေးလည်း မမေးတော့ဘူး၊ မမေးဘဲနဲ့ သူက ဘာပြောသလဲဆိုတော့ ဆရာကြီးက-

"ငါ့တပည့်ရယ်၊ ငါ့တပည့်ကို တစ်ကျောင်းလုံး အတော်ဆုံး၊ အကောင်းဆုံးပါပဲလို့ လူရည်ချွန်ရွေးထားတာ ငါ့တပည့် သိတယ် မဟုတ်လား။"

"သိပါတယ်ဆရာ"

"အေး . .ဆရာက တပည့်ကို အားကိုးလွန်းလို့ ဆရာ့ တပည့်ကို သဘောကျလွန်းလို့ ချီးမြှောက်ထားတာကွယ်၊ ချီးမြှောက်ထားတော့ တပည့်အပေါ်မှာ ဒီလောက် ချီးမြှောက်ရုံနဲ့ အားမရသေးဘူးကွယ်၊ ဆရာက တပည့်ဟာ တော်လွန်းလို့၊ ကောင်းလွန်းလို့ ပန်းတိုင်ကို မြန်မြန် ရောက်စေချင်တယ်၊

ဒါကြောင့် ဆရာက ဆက်ပြီးတော့ ချီးမြှောက်ချင်သေးတယ်။ ဆရာပြောတာကို နားထောင်မလား"

"ဆရာရယ်၊ ဆရာ့ကို အားကိုးလို့ လာခဲ့တာဆိုတော့ ဆရာပြောတာကိုမှ နားမထောင်ဘူးဆိုရင် ဘယ်သူပြောတာကို နားထောင်မှာလဲ ပြောပါ၊ ပြောပါ၊ ဆရာပြောသမျှ အကုန်လုံး လိုက်နာပါ့မယ်၊ နားထောင်ပါ့မယ်"

ဒီအချိန်မှာတော့ ဆရာကြီးက မရိုးတော့ဘူးဗျာ၊ မေတ္တာအစစ်၊ ကရုဏာအစစ်၊ မုဒိတာအစစ်နဲ့ ပြောတဲ့စကားမဟုတ်တော့ဘူး။ ဒေါသအရင်းခံပြီးမှ ပရိယာယ်နဲ့ပြောတဲ့ စကားတွေဖြစ်နေတယ်။ အဲဒါနဲ့ ဆရာကြီးက ပြောတယ်ပေါ့။ "ကဲ . . ချီးမြှောက်ချင်တယ်ကွာ၊ ငါ တကယ် ပညာရေးကို မြန်မြန်ပြီးစေချင်တယ်။ ဒါကြောင့် ငါ့တပည့်ရယ် လူတစ်ထောင်ပြည့်အောင်သတ်ပါလားကွယ်" တဲ့။

ပရိယာယ်တွေ ဘာတွေနဲ့ သွယ်ဝိုက်ပြီး ပြောရမှာတောင် သတိမရတော့ဘူး။ ဒဲ့ဒိုးချည်းပဲ ပြောလိုက်တယ်။

"ငါ့တပည့် လူတစ်ထောင်ကို သတ်တယ်ဆိုရင် ရဲစွမ်းသတ္တိ တစ်ဆင့်တက်တယ်ကွယ့်၊ လူဆယ်ယောက်သတ်တယ်ဆိုရင် ရဲစွမ်းသတ္တိ ဆယ်ဆတက်တယ်၊ လူတစ်ထောင်သတ်တယ်ဆိုရင် ရဲစွမ်းသတ္တိ အဆတစ်ထောင်တက်တယ်ကွယ့်။ ဒါကြောင့် ငါ့တပည့် လူတစ်ထောင် ပြည့်အောင်သတ်ပါကွယ့်၊ အတတ်ပညာတွေ ချက်ချင်းပန်းတိုင်ကို ရောက်ပြီးတော့မှ ငါ့တပည့်ဟာ လောကအထဲမှာ အမြင့်မြတ်ဆုံး၊ အထက်တန်းအကျဆုံး၊ အထူးချွန်ဆုံးဖြစ်တဲ့

ပညာချွန် ပုဂ္ဂိုလ်ဖြစ်ပြီးတော့သွားမှာ သေချာပါတယ် ငါ့တပည့်။ ငါပြောတဲ့အတိုင်း နာ:ထောင်ပါကွယ်။”

အဲလိုပြောတော့ အဟိံသကလေးက တိတ်တိတ်လေး နား ထောင်နေတာဆိုတော့ အဲလိုလည်း ဆရာကြီးက ပြောလိုက်ကရော အဟိံသကလေးက ဘာပြောသလဲ။

“ဆရာ ကျွန်တော့်နာမည်က အဟိံသကပါဗျာ၊ အဖေတွေ အမေတွေ ပေးလိုက်တာက အဟိံသကပါ၊ ဘယ်သူ့ကိုမှ မညှဉ်းဆဲ တတ်ပါဘူး၊ ‘ဘယ်သူ့ကိုမှ မနှိပ်စက်တတ်ပါဘူး၊ ဘယ်သူ့ကိုမှ မနှောက်ယှက် တတ်ပါဘူး၊ သတ္တဝါမြင်တိုင်း အကုန်လုံးကို ချစ်တတ်ပါတယ်၊ မြတ်နိုးတတ်ပါတယ်၊ ကိုယ်ချင်းစာတတ်ပါတယ်၊ ကူညီတတ်ပါတယ်၊ စောင့်ရှောက်တတ်ပါတယ်’ လို့ သူတော်ကောင်း ဖြစ်စေချင်လွန်းလို့ အမေတွေ အဖေတွေက ပေးလိုက်တဲ့နာမည် လေးက အဟိံသကပါ။ အမေတွေ အဖေတွေပေးလိုက်တဲ့ အဟိံသကဆိုတဲ့ နာမည်ကိုတော့ ဘာမဟုတ်တဲ့ လူသတ်တဲ့ အပြစ်က အရုပ်ဆိုးတဲ့ လုပ်ငန်းကြီးဖြင့် မိမိရဲ့နာမည်လေးကို အကျည်းတန် အရုပ်ဆိုးပြီး တော့သွားအောင် မလုပ်ပါရစေနဲ့ဆရာတဲ့။ ဒီပြင်ဟာကို ခိုင်းချင်ခိုင်းပါ ဘာပဲခိုင်းခိုင်း လုပ်ပါ့မယ်။ လူသတ်တော့ မခိုင်းပါနဲ့။ အဖေတွေအမေတွေပေးလိုက်တဲ့ အဟိံသကဆိုတဲ့ နာမည်လေး အကျည်းတန် အရုပ်ဆိုးလို့သွားမှာ စိုးတဲ့အတွက် ကြောင့်မို့လို့ ကိုယ့်နာမည်ကလေးကို ထိန်းသိမ်းချင်လို့ပါဆရာ။ လူသတ်တဲ့အလုပ်ကိုတော့ မခိုင်းပါနဲ့” လို့ အဲဒီလို သူက ငြင်းရှာပါတယ်။

ငြင်းတော့ ဆရာကြီးက စိတ်ဆိုးလာတယ်ဗျာ။ “ငါ့တပည့် ခုနတုန်းကပြောတော့ ဆရာပြောတာ အကုန်လုံးနာ:ထောင်မယ်လို့

မင်းပြောတယ်၊ ငါတကယ်ပြောတော့လည်း မင်းက မလုပ်နိုင်ဘူးလို့ ငြင်းတယ်၊ ဒီတော့ ဘယ်တုန်းကမှ ငါပြောတာကို မင်းက တစ်ခွန်းမှ မငြင်းခဲ့ဘူး။ ဒီနေ့ကျမှ ငါပြောတာကို ငြင်းတာ။"

ငြင်းမှာပေါ့၊ သူပြောတာ ဟုတ်မှ မဟုတ်ဘဲနဲ့၊ဟုတ်မှ မဟုတ်တာ၊ မဟုတ်တာ လျှောက်ပြောတော့ သူက ငြင်းမှာပေါ့။

"အဲဒီတော့ မင်း ငါပြောတာကိုငြင်းတယ်၊ ဒါကြောင့်မို့ မင်းကို ငါချီးမြှောက် မပေးနိုင်တော့ဘူး၊ ပညာကို ပြီးအောင် သင်မပေးနိုင်တော့ဘူး။ သွားတော့" တဲ့။

ဒေါသကလည်း တစ်ခါတည်း မေတ္တာတွေကို အရည်ပျော်အောင် လုပ်ပစ်လိုက်တယ်။ ဆရာနဲ့တပည့်တို့ အရည်ပျော်ပြီး ကွဲကွာသွားအောင် ကွာဟသွားအောင် လုပ်လိုက်တယ်။

အဲလိုဆိုတော့ အဟိံသကလေးက ပြန်စဉ်းစားသတဲ့ဗျ၊ သူ့ဆရာက တင်းတင်းပြောလိုက်၊ မာမပြောလိုက်တော့ သူက ပြန်စဉ်းစားသတဲ့၊ ဟုတ်သားပဲ၊ ငါဟာ တစ်ကျောင်းလုံး ရာပေါင်း ထောင်ပေါင်းများစွာသော တပည့်များထဲမှ လူရည်ချွန်တစ်ယောက်တည်း အရွေးခံရတာ ငါဟုတ်သားပဲ၊ ဆရာကြီးက ငါ့ကို ချီးမြှောက်ထားတာ၊ အဲဒီတော့ တိုက်ဆိုင်နေတာကိုး၊ ချီးမြှောက်ထားတာဆိုတော့လည်း သူပြောတဲ့ စကားကလည်း ငါ့ကို တကယ်ပဲ ကြီးပွားတိုးတက်စေချင်လို့ ပြောတာပဲ ဖြစ်မှာပါတဲ့။ အဲ သူ့ရဲ့ လူရည်ချွန်ရာထူး ရုပ်သိမ်းသွားမှာကိုလည်း စိုးရိမ်မိတာကိုး။ အဲဒါကြောင့်မို့ သူက ပြန်စဉ်းစားတာက ငါ့ဆရာပြောတဲ့စကားက ငါ့ကို ကောင်းစေချင်လို့၊ တိုးတက်စေချင်လို့ ပြောတာနဲ့

တူပါရဲ့။ ဒါကြောင့် သူ့စကား လက်ခံလိုက်မှ ဖြစ်မယ်နဲ့ တူပါတယ်လို့ စဉ်းစားပြီးတော့ ပြန်ပြောလိုက်တယ်။

"ကောင်းပါပြီဆရာ၊ ဆရာပြောတဲ့အတိုင်း နားထောင်ပါမယ်၊ လိုက်နာပါ့မယ်၊ ခိုင်းချင်တာကိုသာ ခိုင်းပါ။"

အဲလိုပြောတော့ "အဲ ဒါမှ ငါ့တပည့်ကွ၊ အဲဒါမှ ဆရာ့တပည့်ကွ" ဆိုပြီးတော့ ဒိသာပါမောက္ခဆရာကြီးက ကောင်းချီးပေးပေမယ့်လည်း ဆရာကြီးက ခိုင်းတာကလည်းပဲ အကုသိုလ်နဲ့ ခိုင်းတာ၊ အဲဒီက တပည့်ကလည်း မသိမလိမ္မာတဲ့ အကုသိုလ်စိတ်နဲ့ပဲ လက်ခံနေတာ။ ပညာရေးလောက အကြည်းတန် အရုပ်ဆိုးလိုက်တာ၊ ဒါနဲ့ မေတ္တာ၊ ကရုဏာ၊ မုဒိတာတရားနဲ့ ပညာရောင်ကိုသာ ပေးတတ်တဲ့ ဆရာကြီးကလည်းပဲ ဒေါသအမှောင်လုံးတွေကို တပည့်ရဲ့ စိတ်အစဉ်မှာ ထည့်သွင်းပေးနေတယ်။ "တော်လှပါတယ်။ ကောင်းလှပါတယ်" လို့ တစ်ကျောင်းလုံးက ချီးမြှောက်ခံရလောက်အောင် တစ်ကျောင်းလုံးက စင်ပေါ်က ကောက်ပြီးတော့ ချီးမြှောက်ခံရအောင် တော်လှကောင်းလှတဲ့ အဟိံသကလို လူရည်ချွန်လေးကလည်းပဲ ဆရာက မိမိအား ဒေါသအငွေ့တွေ၊ မောဟအငွေ့တွေ စိတ်နှလုံးအစဉ်ထဲ ဖုံးလွှမ်းလိုက်တဲ့အခါကာလကျတော့လည်း မဆင်မခြင် မစဉ်းမစား လက်ခံလိုက်ရှာပါပေတယ်။ ပညာရေးတွေ အမှောင်ထုကျကုန်ကြပြီ။ ပညာအလင်းရောင်တွေ ကင်းကွာကုန်ကြပြီ။

ဆရာဆိုတာက တပည့်ကို မကောင်းတာလုပ်ရင်တောင်မှ တားရဦးမှာ။ အမောင်တို့ ဟောဒီလို မလုပ်ကောင်းဘူးကွ၊ ဟောဒီလို မပြောကောင်းဘူးကွ၊ ဟောဒီလိုလုပ်ရတယ်ကွ၊ ဟောဒီလို

ပြောရတယ်ကွ၊ ဟောဒီလိုနေထိုင်ရတယ် အစရှိသည်ဖြင့် ကိုယ့်တပည့်ကို ဟောဒီလိုကို မကောင်းတာမြင်ရင် တားရဦးမှာ၊ မကောင်းတာကြားရင် တားရဦးမှာ၊ ကောင်းတာကို သွန်သင်ပြရဦးမှာ။ ယခုတော့ ဆရာကိုယ်တိုင်ကနေပြီးတော့ မကောင်းတာတွေကို သင်ပြပေးနေပြီ။ အဲဒီလို ကောင်းချီးပေးပြီးတော့မှ လက်နက်တွေထုတ်ပေးနေပြီ။ ဆရာကြီးက လက်နက်တွေ ထုတ်ပေးသတဲ့။ ငါ့တပည့် အဟိံသက ဟောဒါက လူသတ်တဲ့ လက်နက်တွေကွ၊ ဟောဒါနဲ့ ခုတ်သတ်ကွ၊ ဟောဒါနဲ့ ထိုးသတ်ကွ၊ ဟောဒါနဲ့ ပိုင်းဖြတ်ပြီးတော့ သတ်ကွလို့ လူသတ်တဲ့ လက်နက်တွေကို အဟိံသက လက်ထဲမှာ ထိုးအပ်လိုက်ပြီ။

ဒီတော့ ပညာအလင်းရောင်ကိုသာပေးတတ်တဲ့ ဆရာကြီးက လူသတ်တဲ့ လက်နက်တွေ ထုတ်ပေးနေပြီ။ လူသတ်တဲ့ လက်နက်တွေကို ထုတ်ပေးတဲ့အပြင် အဟိံသကကလည်းပဲ ကျောင်းသားလေးကလည်းပဲ အဲဒီ လူသတ်တဲ့ လက်နက်တွေကို ယူသွားပြီပေါ့။ မိုက်တယ်ဆိုတာ လွယ်ပါတယ်ကွာတဲ့၊ လောကထဲမှာ မိုက်တာ ခက်တာမှတ်လို့ပေါ့၊ အဟိံသကလေးကလည်း... စောစောတုန်းကတော့ တစ်ကျောင်းလုံးက မော်ကြည့်ရလောက်အောင် အတော်ဆုံး၊ အကောင်းဆုံး၊ အလိမ္မာဆုံးလို့ ချီးမွမ်းခံရတဲ့ ကျောင်းသားလေးပါ။ ယခုတော့ မိုက်တယ်ဆိုတာ လွယ်ပါတယ်တဲ့၊ ခက်တာမဟုတ်ပါဘူး။ ဆရာကြီးက ရှေ့ကဦးဆောင်ပြီး မိုက်နေ အုံးမှတော့ ငါက မိုက်တာ ဘာဖြစ်တာမှတ်လို့ဆိုတဲ့ ဒီသဘောမျိုး အနေနဲ့ ဆရာကြီးက ပေးလိုက်တဲ့ လူသတ်တဲ့လက်နက်တွေကို ယူပြီးတော့ခါ လူသတ်ဖို့ဆိုပြီးတော့ လူသတ်ခရီးထွက်လာပြီး

တက္ကသိုလ်ဆရာကြီးက ခိုင်းတဲ့အတွက် တက္ကသိုလ်ကျောင်းသား လေးကလည်း လူသတ်ခရီးထွက်လာပြီး ပညာရေးလောက အကျည်း တန် အရုပ်ဆိုးလိုက်တာပေါ့။

အေး . . ဒါကြောင့်မို့လို့ ဒေါသ၊ မောဟ စတဲ့ တရားတွေက ဒီလောက် လောကီပညာလေးလောက်တော့ အသာလေးပါတဲ့။ လွှမ်းနိုင်ပါတယ်။ ဒီလောကီပညာ တတ်ရုံကလေးနဲ့တော့ လောဘတို့၊ ဒေါသတို့၊ မောဟတို့ စတဲ့ ကိလေသာအမှောင်ထုတွေက အသာလေး လွှမ်းပြီးတော့ ပစ်နိုင်တယ်။ ဒီသင်ခန်းစာတွေကို ပေးတယ်။ အေး . . ဒါကြောင့်မို့ ဒီပညာ အလင်းရောင်လေး လောက်တော့ ဒီကိလေသာအမှောင်ထုတွေက အသာလေး လွှမ်းပစ် နိုင်တယ်။ အေး . . ဒါကြောင့်မို့လို့ ဆရာရော တပည့်ရော ပညာရှိတွေ မပီလိုက်တာ။

## အဟိံသက တောခိုသွားပြီ

အဲဒါနဲ့ အဟိံသကလေးကလည်း လူသတ်လက်နက်တွေ ယူပြီးတော့ တောခိုသွားပြီ။ လူသတ်မယ်ဆိုတော့ မြို့ထဲရွာထဲသွား လို့တော့ မဖြစ်ဘူးပေါ့။ တောထဲကို သွားရမယ်။ တောထဲကို သွားပြီး တောထဲကို ရောက်လာတဲ့ သူတွေ၊ တွေ့သမျှ အကုန်သတ်တယ်။ စာထဲမှာ ပါလို့သာ ပြောရတာပါ။ နောက်ထပ် အဖြူကို ကူးသွား တော့လည်း ပေါ်အောင် သူ့ရဲ့ အမဲစက် ဘယ်လောက်ထိမဲတယ်လို့ သိရုံသာ ပြောရတာပါ။ စာထဲမှာ ရှိလို့သာ ပြောရတာပါ။ ပါးစပ်ထဲမှာ ထည့်လို့ ပြောလို့ကောင်းတဲ့ စကားတွေ မဟုတ်ပါဘူး။ ကြက်သရေရှိတဲ့ စကားတွေလည်း မဟုတ်ပါဘူး။ တရားရဲ့ စွမ်းရည်တွေ ပေးစေချင်လွန်းလို့

အမဲက အဖြူကို ကူးပုံကလေး ပေါ်စေချင်လွန်းလို့သာ ပြောရတာပါ။ အေး ဒါကြောင့်မို့လို့ တောထဲကို လာတဲ့လူတွေကို သတ်တော့တာပဲ။ အားကလည်း သိပ်ကောင်းတာတဲ့။ မြန်ကလည်း သိပ်မြန်တဲ့။ ဘယ်လိုအကျိုးပေးမှန်းလည်း မသိဘူး။ ဖမ်းလိုက်တယ်၊ သူ့လက်ထဲ ရောက်သွားတယ်ဆိုရင် သေလမ်းတစ်လမ်းပဲ ရှိတော့သတဲ့။ ဘယ်လိုမှ ရုန်းကန်လို့လည်းမရ၊ ဘယ်လိုမှ တောင်းပန်လို့လည်းမရ။

ဒုက္ခတော့မို--ကျွန်တော်၊ ကျွန်မတို့မှာ ဆင်းရဲသားပါ၊ ခွင့်လွှတ်ပါ၊ အသက်ဆားမှ ချမ်းသာပေးပါ၊ ဘယ်လိုမှ တောင်းပန်လို့မရဘူး။ သတ်တာပဲ။ ကျွန်တော်၊ ကျွန်မတို့မှာ သားလေးတွေ သမီးလေးတွေက ငယ်သေးလို့ပါ။ ကြီးအောင်စောင့်ပါဦး၊ ဘယ်လိုမှ တောင်းပန်လို့မရဘူး။ သတ်တာပဲ၊ ရက်ရက်စက်စက်သတ်တာပဲ။ သတ်ပြီးတော့မှ လူတွေ ဘယ်နှစ်ယောက်ရှိတယ်ဆိုတာ ရေတွက်သတဲ့။ စောစောတုန်းကတော့ စိတ်နဲ့ ရေတယ်။

နောက်ပိုင်းမှာတော့ ပါဏာတိပါတ အကုသိုလ်ကံကြောင့် စိတ်အစဉ်မှာ အကုသိုလ်စိတ်တွေ၊ အကုသိုလ်ကံတွေ လွှမ်းပြီးတော့ လာတဲ့အခါကျတော့ စိတ်နဲ့ ရေလို့ မရတော့ဘူး။ ဉာဏ်ကောင်းလဲ့ တက္ကသိုလ် ကျောင်းသားလေး ဉာဏ်ထိုင်းလာပြီ၊ ဉာဏ်အလွန်တရာ ထူးချွန်ထက်မြက်လှတဲ့ တက္ကသိုလ်ကျောင်းသားလေး ပါဏာတိပါတ အကုသိုလ်ကံကြောင့် ဉာဏ်တွေလေးပြီးတော့လာပြီ။ အမှတ်တွေ ဘာမှ မရှိတော့ဘူး။ ဒါကြောင့်မို့လို့ နောက်ပိုင်း စိတ်နဲ့ ဘယ်လိုမှ မှတ်လို့မရတော့ဘူး။

မှတ်လို့ မရတော့ ဘာလုပ်လဲဆိုတော့ လူတစ်ယောက်သတ်၊ လက်ညှိုးတစ်ချောင်းဖြတ်၊ လူတစ်ယောက်သတ်၊ လက်ညှိုးတစ်ချောင်း

ဖြတ်၊ ခန္ဓာကိုယ်မှာပါတဲ့ ရတနာတွေ၊ အဝတ်အစားတွေ ဘာတစ်ခုမှ မယူဘူးတဲ့။ သူယူတာ လက်ညှိုးတစ်ချောင်းပဲ၊ လက်ညှိုးတစ်ချောင်း ယူတာကလည်း လူဘယ်နှစ်ယောက် ရှိပြီဆိုတာ ရေတွက်လို့ ဖြစ်ရုံပဲယူတာ။ ဒီတော့ သူဟာ လူတွေသတ်ပြီးတော့ လက်ညှိုးတွေ ဖြတ်၊ အဲဒီ လက်ညှိုးတွေဖြတ်ပြီးတဲ့အခါလည်းပဲ လက်ညှိုးတွေကို သစ်ပင်ပေါ်မှာ တင်ထားတယ်၊ ခြုံပေါ်မှာ တင်ထားတယ်၊ ဆွဲ ထားတယ်၊ နောက်ကျတော့ အဲဒါတွေကို ကျီးကန်းက ချီသွားလိုက်၊ ခွေးက ချီသွားလိုက် ပျောက်ပြန်တယ်။

## "အင်္ဂုလိမာလ"အမည်ရ

နောက်တော့လည်း လက်ညှိုးတွေကို ဖောက်ဖောက်ပြီးတော့မှ ကြိုးနဲ့ သီပြီးတော့ ပန်းကုံးကြီးလို ဝတ်ထားတယ်။ အဲဒီအချိန်ကစပြီး သူ့နာမည် "အင်္ဂုလိမာလ" လို့ နာမည်တွင်သွားတယ်။ အဟိံသက ဆိုတဲ့နာမည် ပျောက်သွားတယ်။ အင်္ဂုလိမာလဆိုတဲ့ နာမည်က ဆရာကပေးတဲ့ နာမည်လည်း မဟုတ်ဘူး၊ မိဘကပေးတဲ့ နာမည် လည်း မဟုတ်ဘူး၊ မိမိကိုယ်တိုင် ပညာသင်ပြီးမှ ပေးတဲ့ နာမည် လည်း မဟုတ်ဘူး၊ မကောင်းတဲ့ အလုပ်ကြောင့် ရလာတဲ့ နာမည်။ အဲလို အင်္ဂုလိမာလလို့ လက်ညှိုးပန်းကုံးကြီးဆောင်ထားတဲ့ လူဆိုးကြီး၊ လက်ညှိုးပန်းကုံးကြီး ဝတ်ဆင်ထားတဲ့ လူဆိုးကြီး လို့ အမိပ္ပါယ်ရတဲ့ "အင်္ဂုလိမာလ" လို့ တွင်သွားတယ်။

အေး အဲဒီလိုနဲ့ နေ့အခါမှာ တောထဲလာတဲ့ လူတွေကို သတ်၊ ညအခါကျတော့ မြို့ထဲကိုတော့ မသွားရဲဘူး။ တောရွာတွေကို သွားတယ်။ တောရွာတွေကို သွားတဲ့အခါ မြန်ကလည်း မြန်၊ အားကလည်း သန်၊ ရွာတံခါးတွေ၊ အိမ်တံခါးတွေ ဘယ်လောက်ပဲ

ပိတ်ပိတ် ခြေထောက်နဲ့ ကန်ဖွင့်လိုက်ရင် ပွင့်သွားတာပဲတဲ့။ အိမ်ထဲဝင် တွေ့သမျှလူ အကုန်သတ်၊ ထွက်ပြေးတဲ့ လူတွေလည်း ထွက်ပြေး၊ ကလေးလေးတွေ ချီပြီးတော့ အော်ဟစ်၊ အထိတ်တလန့် အကုန်လုံး ထွက်ပြေး၊ မိတဲ့ ပုဂ္ဂိုလ် အကုန် သတ်၊ နောက်နေ့ကျ အဲဒီရွာ မရှိတော့ဘူး။ အကုန်လုံး မြို့ပေါ်ပြောင်းပြီးတော့ သွားကုန်ကြတယ်။ တွေ့သမျှ အကုန် သတ်၊ ကျန်တဲ့ပုဂ္ဂိုလ်တွေလည်း မြို့ထဲ အကုန်ပြောင်းတယ်။ တစ်ရွာလုံး ဆိတ်သုဉ်းပြီး ပျက်စီးသွားတာပဲ။ အဲဒီလိုနဲ့ နေ့အခါမှာ တောထဲမှာလာတဲ့ လူတွေ တွေ့သမျှ အကုန် သတ်၊ ညအခါမှာ ရွာထဲဝင် သတ်၊ သတ်လိုက်တာ သာဝတ္ထိမြို့ အထက် သုံးယူဇနာ ဝန်းကျင်မှာ ရွာတွေဟာ တစ်ရွာမှ မရှိတော့ဘူး။ မြို့ပေါ် အကုန် ပြောင်းကုန်ကြတယ်။ တွေ့သမျှ အကုန် သတ်၊ ကျန်တဲ့လူတွေကလည်း ပြန်မနေရဲတော့ဘူး။ ကလေးတွေကို ချီပြီးမှ မြို့ထဲကို အကုန်ပြောင်းကုန်ကြတယ်။

တိုင်းပြည်အုပ်ချုပ် မင်းလုပ်တဲ့ ရှင်ဘုရင်က စစ်တပ်တွေ လွှတ်လိုက်ပေမယ့်လို့လည်းပဲ စစ်တပ်တွေကလည်း သူ့အနားကို ရောက်တယ်ဆိုရင် "ငါ အင်္ဂုလိမာလတဲ့ဟေ့" လို့ ကြိမ်းဝါးလိုက်တာနဲ့ အကုန်လုံး ပြန်ပြေးရတာပဲ။ မိသမျှအကုန်လိုက် သတ်တာပဲ။ တိုင်းပြည်အုပ်ချုပ် မင်းလုပ်တဲ့ ရှင်ဘုရင်က လွှတ်လိုက်တဲ့ စစ်သားဆိုတာကလည်း လူ တစ်ထောင်ပြည့်အောင် ဖြည့်ပေးရသာဖြစ်တယ်။ ဘာမှ အရာမရောက်ဘူး။ အေး အဲလိုနဲ့ တစ်ခါတည်း လွှတ်သမျှ နန်းတော်ကို ပြန်လာတယ်လို့ မရှိဘူး။ အသက်ခံရလို့ သေကုန်တာပဲ။ ဆင်တွေ၊ မြင်းတွေဘိုဘာကလည်းပဲ တောထဲကို

ဦးတည်ရာ လျှောက်ပြေး၊ တောဆင်၊ တောမြင်းတွေ အကုန်ဖြစ်၊ ဘယ်သူမှ လိုက်မဖမ်းရဲကြဘူး။

အဲဒီလိုနဲ့ တော်တော် ကြာသွားတယ်။ တုန်လှုပ် ချောက်ချား စရာကောင်းတဲ့ အချင်းအရာတွေ ဖြစ်တယ်။ ပြီးတော့ ရှင်ဘုရင် ကလည်း ဘာမှ မတတ်နိုင်ဘူး။ အဲဒီလိုနဲ့ လူတွေ သတ်လာ လိုက်တာ၊ သတ်လာလိုက်တာ သူ့ခန္ဓာကိုယ်မှာ ဝတ်ဆင်ထားတဲ့ လက်ညှိုး ပန်းကုံးကြီးကို ရေတွက်လိုက်တဲ့အခါကာလကျတော့ အရင်သတ်ထားတဲ့ ဥစ္စာတွေနဲ့ ပေါင်းပြီးတော့ ရေတွက်လိုက်တဲ့ အခါမှာ လူပေါင်း ကိုးရာကိုးဆယ့်ကိုးယောက်တောင် ရှိလာပြီတဲ့ဗျာ။ ကိလေသာအပူမီး ကိန်းအောင်းနေရာ ပုဂ္ဂိုလ်သတ္တဝါကို အကြောင်း ပြုပြီး ပုဂ္ဂိုလ်သတ္တဝါ မြောက်မြားစွာ ဒုက္ခရောက်ကြရတယ်။ ကိလေသာအပူမီးကင်းတဲ့ ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ် တစ်ယောက်ပေါ် လာလို့ရှိရင်လည်းပဲ အဲဒီပုဂ္ဂိုလ်ကို အကြောင်းပြုပြီးတော့ ပုဂ္ဂိုလ် သတ္တဝါတွေ မြောက်မြားစွာ ချမ်းသာသုခ ရကြရတယ်။ ကိလေသာ ကိန်းအောင်းနေတဲ့၊ အပူကိန်းအောင်းနေတဲ့၊ ဆိုးသွမ်းယုတ်မာတဲ့ ပုဂ္ဂိုလ်များကို အကြောင်းပြုပြီးတော့ သတ္တဝါပေါင်း မြောက်မြားစွာ ဆင်းရဲဒုက္ခရောက်ကြရတယ်။ လူပေါင်း ကိုးရာကိုးဆယ့်ကိုးယောက် ရှိလာပြီ။

## အင်္ဂုလိမာလရဲ့ နောက်ဆုံးနေ့

အင်္ဂုလိမာလရဲ့ နောက်ဆုံးနေ့ကိုပဲ ရောက်ကြပါစို့။ အင်္ဂုလိ မာလရဲ့ နောက်ဆုံးနေ့ကို ရောက်လာတဲ့အခါမှာ နေရာသုံးခုခွဲပြီးမှ အာရုံပြု ကြည့်မယ်၊ ပထမနေရာက အင်္ဂုလိမာလ နေထိုင်ရာဖြစ်တဲ့

တောအုပ်ကြီးတဲ့၊ နေ့အခါ သူက တောထဲမှာပင် နေတာပဲ။ အဲဒီ တောအုပ်ကြီးအတွင်းမှာ မနက်လင်းလာတော့ မနက်ပိုင်းရောက်လာတော့ အင်္ဂုလိမာလက ပျော်နေသတဲ့။ ငါ ခုတော့ ကိုးရာကိုးဆယ့်ကိုးယောက်တောင် သတ်ပြီးပြီ၊ နောက်တစ်ယောက်ပဲလိုတော့တယ်။ ဒီတစ်ယောက်တည်းကိုတော့ ငါ ဒီနေ့ သတ်လိုက်မှာဆိုတော့ ဒီကနေ့ပဲ တစ်ထောင်ပြည့်မယ်ပေါ့။ ဒါကြောင့်မို့လို့ ငါ ပန်းတိုင်ရောက်တော့မှာ၊ ပညာရေးလမ်းစဉ် ပြီးဆုံးမှုရောက်တော့မှာ၊ လောကထဲမှာ ပညာရေးအရာမှာတော့ ငါ အသာဆုံးဖြစ်တော့မှာဆိုပြီး ပျော်နေသတဲ့။ သူ့ရဲ့ပျော်ခြင်းသည် ကောင်းသောပျော်ခြင်းမဟုတ်ပါ။ ဆရာက ပရိယာယ်နှင့် လှည့်စားလိုက်တာ။ အဲဒါကို ခုထက်ထိ နားမလည်ရှာသေးဘူး။ အကုသိုလ်အကျိုးတက်ကြောင့် ဆင်းရဲ ဒုက္ခရောက်ကြောင်းဖြစ်တဲ့ အတွက်ကြောင့်မို့ သူ့ရဲ့ ပျော်ရွှင်ခြင်းသည် ကောင်းသောပျော်ရွှင်ခြင်းမဟုတ်၊ မိဘလာရင်လည်း သူသတ်မှာပဲ။

နောက်တစ်နေ့ရာကို ကြည့်လိုက်ပြန်တော့ ပသေနဒီကောသလမင်းရဲ့ နန်းတော်မှာ ဟိုအရင်နေ့တုန်းကပေါ့။ အင်္ဂုလိမာလ ပျော်နေတဲ့နေ့ရဲ့ ဟိုအရင်နေ့ နေ့လယ်မှာ ဘဂ္ဂဝပုဏ္ဏားကြီးက နန်းတော်ကို သွားတဲ့အခါ နန်းတော်ရဲ့ရင်ပြင်မှာ တောကပြေးလာတဲ့ တိုင်းသူပြည်သားတွေက အငိုငိုအယိုယိုနဲ့ တောင်းဆိုနေကြတယ်။ ဘုရင်မင်းတရားရဲ့ တိုင်းပြည်ထဲမှာတော့ အင်္ဂုလိမာလကမ္ဘာကျော်လူဆိုးကြီး သောင်းကျန်းနေပါတယ်ဘုရား။ ဒီလူဆိုးကြီးတစ်ယောက်တည်းကိုသော်မှ နိုင်အောင် မဖမ်းနိုင်ဘူးလားဘုရား။ ကစ်ယောက်တည်းမို့လို့သာ ဘောင်ဘောတယ်။ ဒီလို လူဆိုးမျိုး

တစ်ရာ၊ ကိုးဆယ်သာဆိုရင်တော့ အကုန်လုံး မှုန့်မှုန့်ညက်ညက် ကျေကုန်လိမ့်မယ်။ ဒီတစ်ယောက်တည်းကိုပဲ နိုင်အောင် မဖမ်းဆီး နိုင်ဘူးလား။ ဖမ်းဆီးပေးပါလို့ အဲဒီလို အမျိုးမျိုး အငိုငိုအယိုယိုနဲ့ တောင်းဆိုကြတဲ့ အသံတွေကို ဘဂ္ဂဝပုဏ္ဏားကြီးက နန်းတော်ကို လာရင်းနဲ့ ကြားသွားတယ်။

ကြားသွားတော့ အိမ်ကို ပြန်သွားတော့ သူ့ရဲ့ဇနီး မန္တာဏီ ပုဏ္ဏေးမကြီးနှင့် တိုင်ပင်သတဲ့။ ရှင်မရေ နန်းတော်ကို သွားတုန်းက ပေါ့ကွယ်၊ တိုင်းသူပြည်သား လူအများတွေက အင်္ဂုလိမာလ ကမ္ဘာကျော်လူဆိုးကြီး သောင်းကျန်းနေတယ်၊ နှိမ်နင်းပေးပါ၊ တားဆီးပေးပါလို့ အဲလို အငိုငိုအယိုယိုနဲ့ တောင်းပန်နေကြတယ်။ တောင်းဆိုနေကြတယ်။ ဒီလောက်မိုက်တဲ့ လူဆိုးဆိုရင်တော့ကွာ ငါ့အထင်တော့ သူများမဟုတ်နိုင်ဘူး၊ တို့ရဲ့သား အဟိံသကပဲ ဖြစ်ရမယ်။ တက္ကသိုလ်ကိုသွားပြီးတော့ စုံစမ်းတော့လည်း ငါတို့ရဲ့သား အဟိံသက မရှိတော့ဘူးလို့ ကြားခဲ့ရတယ်။ ဒီလောက်တောင် မိုက်ရိုင်း ကြမ်းတမ်းပြီးတော့ ဆိုးသွမ်းသောင်းကျန်းနေတဲ့ လူဆိုးဆို လို့ရှိရင်တော့ တို့တစ်တွေရဲ့သားဖြစ်တဲ့ အဟိံသကပဲ ဖြစ်ရမယ်။ ဘယ်လိုလုပ်မလဲ၊ ရှင်ဘုရင်ကတော့ ဖမ်းတော့မှာ ထင်တယ်။ အဖမ်းသာခံရရင်တော့ တို့ရဲ့သားလေး အဟိံသက အသတ်ခံရမှာ တော့ သေချာနေပြီ။ ရှင်မရေ ဘယ်လိုလုပ်မတုန်းလို့ သူ့ရဲ့ဇနီးနဲ့ တိုင်ပင်တော့ မန္တာဏီပုဏ္ဏေးမကြီးက တိုက်တွန်းတယ်ပေါ့၊ ပြော တယ်ပေါ့၊ အဖေသွားခေါ်လိုက်၊ ငါတို့ရဲ့သားလေးကို ရှင်ဘုရင် ဖမ်းမိရင်တော့ အသတ်ခံရလိမ့်မယ်။ ချက်ချင်းသွားခေါ်လိုက်ပါ။ အိမ်ကိုရောက်တော့ လိမ်မာအောင် ဆုံးမတာပေါ့လို့ အဲလိုပြောတော့

ဘဂ္ဂဝပုဏ္ဏားကြီးက ရှင်မရေ ဆိုးသွမ်းနေတဲ့ အချိန်မှာတော့ လူဆိုးဆိုတာ ဆိုးနေစဉ်အခါကာလမှာ ဘယ်လိုမှ အနားကို သွားဖို့ မတော်ဘူးကွဲ၊ ဆိုးနေစဉ်ကာလမှာ ငါသွားရင် ငါ့ကိုတောင် သတ်မှာပဲ။ အဲ . . ငါလည်း မသွားရဲဘူးကွာတဲ့။

အဖေကလည်း သားကို ကြောက်ရတာပဲ။ ဖအေက သားကို ကြောက်ရတယ်ဆိုတာက သားရဲ့ စိတ်နှလုံးအစဉ်မှာ ကိန်းဝပ်နေတဲ့ ကိလေသာခါတ်အငွေ့တွေ၊ ကိလေသာမိုင်းမုံးတွေ ထောင်ထားလို့ပါ၊ ကိလေသာမိုင်းမုံးတွေ ထောင်ထားတယ်၊ ကိလေသာခါတ်ငွေ့တွေ ကိန်းနေတယ်ဆိုတော့ ဖအေကလည်း သားကို ကြောက်ပြီးနေရပါတယ်။ ရှင်မရေ ငါ သားဆီကိုတော့ မသွားရဲဘူးကွာ။ ငယ်ငယ်တုန်းက သားလေးကို ချစ်ပါတယ်။ ဒါပေမယ့် ခုလို ဆိုးသွမ်းပြီးတော့ မိုက်ရိုင်းနေတဲ့အခါမှာတော့ သားဆီကို မသွားရဲဘူး။ ငါသွားရင်လည်း ငါ့ကိုမြင်ရင် ငါ့ကို သတ်ဦးမှာပဲ။ ဒါကြောင့် ငါလည်း မသွားရဲဘူး။ တစ်ခုတော့ ရှိပါတယ်ကွယ်။ မိခင်ဆိုတာက မိမိရဲ့သားတွေ သမီးတွေကို ဝမ်းနဲ့လွယ်ပြီးမှ နို့ချိုတိုက်ကျွေးပြီး ရင်အုပ်မကွာ စောင့်ရှောက်ခဲ့၊ မွေးမြူခဲ့တာ ဆိုတော့ မိခင်ကလည်း သားသမီးအပေါ်မှာ စိတ်ခါတ်နူးညံ့တတ်ပါကယ်။ သားသမီးကလည်း မိခင်အပေါ်မှာ စိတ်ခါတ်နူးညံ့တတ်ပါတယ်။ ဒါကြောင့်မို့ မိခင်ကိုယ်တိုင် သွားခေါ် လို့ရှိရင်တော့ သားလေး အဟိံသက ရနိုင်စရာအကြောင်းရှိပါတယ်။ မိခင်ပဲ သွားခေါ်ပါ။

အဲလိုပြောတော့ မန္တာဏီပုဏ္ဏေးမကြီးက ငြင်းသလားဆိုတော့ မငြင်းပါဘူးဗျ။ ဝမ်းနဲ့လွယ်ပြီးတော့မှ နို့ချိုတိုက်ကျွေးပြီးမှ မွေးမြူခဲ့ရတဲ့

သားလေး အပေါ်သကအပေါ်မှာ ချစ်ခဲ့ရတဲ့ မေတ္တာကိုတော့ တစ်ပြားသားမှ မလျှော့နိုင်ဘူးတဲ့ဗျ။ မိခင်များ သားသမီးအပေါ်မှာ တူးတူး၊ ရူးရူး၊ မိုက်မိုက်၊ ရိုင်းရိုင်း ဘယ်လိုဖြစ်ဖြစ် ချစ်တာ ချစ်တာပါပဲတဲ့။ သားအပေါ်မှာ ချစ်ခဲ့ရတဲ့ မေတ္တာကိုတော့ တစ်ပြားသားမှ လျှော့မပေးနိုင်ဘူး၊ သွားခေါ်မယ် ဆုံးဖြတ်လိုက်တယ်။ မိခင်က သတ္တိရှိရှိနဲ့ ပြတ်ပြတ်သားသား ဆုံးဖြတ်လိုက်တော့တယ်။ အဲဒါနဲ့ မနက်ပိုင်းကိုရောက်တော့ အစောကြီး အိပ်ရာထပြီးတော့မှ သူ့ရဲ့ သားဆောနဲ့ အိပ်ရာမှထပြီးတော့မှ သားရောက်နေလိမ့်မယ်လို့ ထင်တဲ့ နေရာကို ဦးတည်ပြီးတော့ မန္တာဏီပုဏ္ဏေးမကြီး မြို့က ထွက်လာခဲ့တယ်။ သားထံကို သွားနေပြီ၊ သားကို ချစ်လွန်းလို့ပါတဲ့။

ချစ်လွန်းလို့ပါတဲ့။ သူ့ရဲ့အိမ်မှ ထွက်လာခြင်း၊ မြို့မှ ထွက်လာခြင်းဟာလည်း ကောင်းသော ထွက်လာခြင်း မဟုတ်ပါ။ ဘာလို့လဲ ဆိုတော့ သားမိုက်က သူ့ကို မြင်ရင် သူ့ကိုလည်း သတ်အုံးမှာပဲ။ အဲဒီအချိန်မှာပဲ မြတ်စွာဘုရားဟာ လောကကို အာသယာနုသယဉာဏ်၊ ဣန္ဒြိယပရောပရိယတ္တိဉာဏ်ဆိုတဲ့ ဗုဒ္ဓစက္ခု မျက်လုံးတော်ကိုဖွင့်ပြီး ကြည့်လိုက်တဲ့အခါ ကာလကျတော့ မြတ်စွာ ဘုရားရဲ့ ဉာဏ်တော်ထဲမှာ အင်္ဂုလိမာလကြီး ပေါ်လာတယ်။ ကျွတ်ထိုက်တဲ့ပုဂ္ဂိုလ်များဆိုတာ ဘယ်လောက်ပဲဝေးဝေး ဉာဏ်ထဲ မှာ ပေါ်လာတယ်။ ငါးရှိတဲ့ မြစ်ထဲမှာ ကွန်ကိုပစ်လိုက်တော့ ကွန်ထဲမှာ ငါးများမိလာသလိုပဲ။ မြတ်စွာဘုရားရဲ့ ဉာဏ်တော်ကွန်ယက် အတွင်းမှာ အင်္ဂုလိမာလကြီး ပေါ်လာတယ်။

ပေါ်လာတော့ မြတ်စွာဘုရားက မြင်တော်မူလိုက်တော့၊ အော် အမိုက်ကောင်ကြီး လူသတ်လာလိုက်တာ ကိုးရာကိုးဆယ့်

ကိုးယောက်တောင် ရှိနေပြီကော၊ ငါဘုရားမှတစ်ပါး သူ့မှာ ဆောက်တည်ရာမရှိ တော့ဘူး။ သူ့အမေကလည်း သားကို ချစ်၍ ချစ်လွန်းလို့ သားကို ခေါ်ဖို့ဆိုပြီးတော့ မြို့က ထွက်နေပြီ၊ မအေမေတ္တာ၊ သားမိုက်က မအေကို သတ်တော့မယ်။ မအေကိုသာ သတ်လိုက်ရင်တော့ သားအမိ နှစ်ယောက်စလုံး အကြီးအကျယ်ဆုံးရှုံး ကြရတော့မယ်။ ဒါကြောင့် ငါဘုရား သွားမှဖြစ်မယ်။ ငါဘုရားက လွဲ၍ အားကိုးစရာမရှိတော့ဘူး။ ငါဘုရား သွားလို့ရှိရင်တော့ကာဖြင့် အင်္ဂုလိမာလ ချမ်းသာခွင့်ရလိမ့်မယ်။ သူ့ရဲ့ မိခင်လည်း အသက် ချမ်းသာခွင့်ရလိမ့်မယ်။ အဲဒီနောက် ငါဘုရားထံမှ လေးပါဒရှိသော ဂါထာစကားကို ကြားနာရတဲ့အခါမှာ ငါဘုရားထံမှာ ရဟန်းအဖြစ်ကို တောင်းလိမ့်မယ်။ ငါဘုရားအထံမှာ ရဟန်းအဖြစ်ကို တောင်းပြီးတော့ မှ တရားဘာဝနာအလုပ်တွေကို ပွားများအားထုတ်လိုက်တဲ့အခါမှာ ပဋိသမ္ဘိဒါနှင့်တကွ ရဟန္တာအဖြစ်ကို ရောက်လိမ့်မယ်။ ငါဘုရား သွားမှ ဖြစ်မယ်။ ကိုးရာကိုးဆယ့်ကိုးယောက် သတ်ထားပေမယ့်လို့ လည်း ကံကြီးထိုက်တာက တစ်ယောက်မှ မရှိသေးဘူးတဲ့။ ဒါပေမယ့် မအေကတော့ မြို့က ထွက်လာပြီ၊ မအေကိုသာ အရင်တွေ့လိုက်ရင် တော့ မအေကိုတော့ သတ်တော့မယ်။ မအေကို သတ်လိုက်ရင် တော့ ကံကြီးထိုက်ပြီဆိုတော့ ငါဘုရားလည်း ဘာမှ တတ်နိုင်မှာ မဟုတ်တော့ဘူး။ သာသနာမှာတော့ မဂ်လမ်း၊ ဖိုလ်လမ်း ပိတ် ရတော့မယ်။ ဒါကြောင့်မို့လို့ ငါဘုရား ကြွသွားမှ ဖြစ်မှာပဲလို့ ဆုံးဖြတ်တော်မူပြီးတော့ နံနက်ပိုင်း ဆွမ်းများခံ၊ ဆွမ်းများဘုဉ်း ပေး၊ အားလုံးကိစ္စပြီးပြီဆိုတဲ့အခါကာလမှာ ဇေတဝန်ကျောင်းတော် မှ နေပြီးတော့ အင်္ဂုလိမာလကြီး နေထိုင်ရာ တောအုပ်ဘက်ကို ဦးတည်ပြီးမှ ကြွသွားတော်မူတယ်။ ကြွသွားတော်မူတာက

အင်္ဂုလိမာလကပင့်လို့ ကြွရတာမဟုတ်ဘူး၊ သနားလွန်းလို့ အလိုက် ဂါသိနှင့် ကြွတော်မူရတာ။

## အင်္ဂုလိမာလတရားပွဲ

အင်္ဂုလိမာလ တရားပွဲဆိုတာက ယနေ့ ဒကာ၊ ဒကာမ အပေါင်း သူတော်ကောင်းတို့ရဲ့ တရားပွဲလို မဟုတ်ဘူးဗျ။ ပင့်လို့ ကြွရတာလည်း မဟုတ်ဘူး၊ သွားပြီးတော့ ဟောတော့လည်း ရိုရိုသေသေ လေးလေးစားစားနဲ့ နာကြားတာ မဟုတ်ဘူး၊ မနည်းချော့ပြီးမှ ဟောရမှာ။ ယနေ့ ဒကာ၊ ဒကာမအပေါင်း သူတော်ကောင်းတွေက တော့ တပည့်တော်တို့ရဲ့ တရားမဏ္ဍပ်ကို ကြွပြီးတော့ တရားဟောပေး ပါ။ နောက်ပြီးတော့လည်း ရိုရိုသေသေ ပင့်ကြ၊ လျှောက်ကြတယ်၊ အဲဒီလို ရိုရိုသေသေ ငြိမ်ငြိမ်သက်သက်နဲ့ လေးလေးစားစား နာကြားကြတယ်။ အင်္ဂုလိမာလ တရားပွဲက အဲလို မဟုတ်ဘူး။ ဒါဖြင့် မြတ်စွာဘုရားက အင်္ဂုလိမာလကို တရားဟောဖို့ ကြွတော်မူတော့ မြို့ရဲ့အပြင်ကို ရောက်တော့လည်း ဘယ်သူတွေက မြင်ကြသလဲဆိုတော့ မြတ်စွာဘုရားဟာ အင်္ဂုလိမာလ နေထိုင်ရာ တောအုပ်ဘက်ကို ဦးတည်ပြီးမှ သွားနေတော့ နွားကျောင်းသားတွေ၊ ဆိတ်ကျောင်းသားတွေ၊ ခရီးသွားတွေ၊ လယ်သမားတွေ၊ အလုပ်သမားတွေက ဘုရားကို မြင်ကြတော့ ဘုရားမှန်း မသိဘူး။ သာမန် ရဟန်းတစ်ပါးအသွင်နဲ့ သွားတာ ဆိုတော့ ဘုရားမှန်း မသိ။ တစ်ပါးတည်းလည်း သွားနေတာဆိုတော့ မြတ်စွာဘုရားကို သူတို့က ဝိုင်းတားကြတယ်။

ရဟန်းကြီး၊ ဒီလမ်းကို မသွားနဲ့ဗျ။ ဒီလမ်းမှာ ဟိုတောအုပ် ကြီးကို ရောက်တဲ့အခါမှာ အင်္ဂုလိမာလ ကမ္ဘာကျော် လူဆိုး

ကြီးရှိတယ်။ အဲဒီ ကမ္ဘာကျော်လူဆိုးကြီးဟာ အလွန်တရာမှ ရက်စက်ကြမ်းကြုတ်တယ်၊ သတ်ဖြတ်ညှဉ်းဆဲမှုအလုပ်ကို အလွန် တရာမှ စိတ်ဝင်စားတယ်။ သွေးစွန်းတဲ့ လက်နှင့် နေတယ်။ သူဟာ တွေ့သမျှ ရွာ၊ နိဂုံး ဇနပုဒ်တွေကို အကုန်လုံး ဖျက်ဆီးပစ်နေတယ်။ တွေ့သမျှလူတွေကို သတ်ပြီးတော့ လက်ညှိုး တွေကို ပန်းကုံးကြီးလို ဝတ်ဆင်ပြီးနေတဲ့ ကြောက်စရာလူဆိုး ကြီးပါ။ အဲဒီလမ်းကို သွားတဲ့အခါ တစ်ယောက်တည်း ဘယ်သူမှ မသွားရဲပါဘူး။ တစ်ဆယ်၊ နှစ်ဆယ်၊ သုံးဆယ်၊ လေး~ယ်၊ ငါးဆယ် စုရုံးပြီး ချိန်းချက်ပြီးမှ သွားကြရတယ်။ အဲဒါတောင်မှ အင်္ဂုလိမာလထံ ရောက်သွားတဲ့အခါ တစ်ယောက်မှ ပြန်မလာ ကြတော့ဘူး။ အကုန်လုံး အင်္ဂုလိမာလ သတ်တာနဲ့ပဲ အကုန်လုံး သေကုန်ကြတယ်။ ဒါကြောင့် ရဟန်းကြီး မသွားနဲ့၊ အန္တရာယ် ကြီးတယ်။

အဲလို ဝိုင်းတားတော့ မြတ်စွာဘုရားက ဘာမှ အမိန့်မရှိဘူး။ တိတ်တိတ်ပဲနေတယ်။ ဆက်ကြွမြဲကြွတယ်။ သုံးကြိမ်အထိ ဝိုင်း တားကြတယ်။ မြတ်စွာဘုရားက တိတ်တိတ်ပဲနေတယ်။ ဆက်ပြီး တော့ ကြွတယ်။ ကြွတော့ အင်္ဂုလိမာလနေထိုင်ရာ တောအုပ် ကြီးအနီးကို ရောက်သွားတဲ့အခါကာလမှာ အင်္ဂုလိမာလက တောအုပ် ကြီးအတွင်းမှာ လူမျှော်ပြီးတော့နေတာ၊ တစ်မနက်စာလုံး လူမျှော် နေတာ၊ မအေကတော့ မိန်းမသားဆိုတော့ ဖြည်းဖြည်း ဖြည်းဖြည်း လာတာ မရောက်သေးဘူးပေါ့။

မြတ်စွာဘုရားက အရင်ရောက်ပြီးတော့ သွားတယ်။ မြတ်စွာ ဘုရားက အရင်ရောက်သွားတဲ့ ကာလတွင် အင်္ဂုလိမာလက

မြတ်စွာဘုရားကို အဝေးကပင် လှမ်းပြီးတော့ မြင်ရတယ်၊ မြင်တော့ သူ့စိတ်ထဲမှာ အံ့သြနေသတဲ့။ တစ်ယောက်တည်းလာရဲ တာကို အံ့သြတာပါ။

ဟာ ဟိုမှာ ရဟန်းကြီးတစ်ပါးလာနေတယ်။ အံ့သြစရာ ကောင်းလိုက်တာ၊ ဒီလမ်းကို တစ်ယောက်တည်း ဘယ်သူမှ မလာရဲပါဘူး၊ အများကြီး စုရုံးချိန်းချက်ပြီးမှ လာကြရတာ၊ ဒီရဟန်းကြီးတစ်ပါးတည်းလာရဲတာ အံ့သြပါရဲ့၊ ဒါပေမယ့် သူ့ ကြည့်ရတာ တစ်ယောက်တည်းလို့သာ ပြောတယ် ကြောက်လန့်တဲ့ အမူအရာလည်း တစ်စက်မှမရှိဘူး၊ ရဲရဲကြီးလာနေတယ်။ အဲလို ရဲရဲကြီးလာနေတယ်ဆိုတော့ ငါ့ကို ညှဉ်းဆဲ၊ နှိပ်စက် ဖမ်းယူဖို့ လာတာများလားမသိပါဘူး။ ဟာ မဖြစ်ဘူး၊ ငါတော့ လက်ဦးအောင် သတ်မှ ဖြစ်မှာပဲ။ အတော်ပဲ ငါ့ကလည်း လူတစ်ယောက်တည်း လိုနေတာ၊ သူက တစ်ပါးတည်းလာနေတာဆိုတော့ အတော်ပဲ။

ငါက လက်ဦးအောင် သတ်မယ်ဆိုပြီးတော့မှ "အဟံ အရေ အင်္ဂုလိမာလလော=ငါ အင်္ဂုလိမာလတဲ့ဟေ့"လို့ကြုံးဝါးပြီးတော့ တစ်ခါတည်း ဘုရားနောက်ကို သတ်မလို့ လိုက်တော့တာပဲဗျ၊ ဘုရားကို သတ်မလို့တဲ့၊ သူ့ကို တရားဟောမလို့လာတဲ့ ဓမ္မကထိက ကို သတ်မလို့တဲ့၊ ဘုရားမှန်း မသိဘူး၊ ရတနာမှန်း မသိဘူး။

ဒါကြောင့် "မရှိတာထက် မသိတာကခက်တယ်၊ ရှိရက် သားနဲ့ မသိတာက ခက်တယ်" တဲ့၊ ဘုရားရတနာကြီးက မျက်မှောက်ကို ရောက်နေပါလျက်နဲ့ ဘုရားမှန်း မသိဘူး။ ဘုရားကို သတ်မလို့ လက်နက်ကြီးနဲ့ လိုက်နေတယ်။ မြတ်စွာဘုရား က သူ့အပေါ်မှာ မေတ္တာဓါတ်တွေ အပြည့်အဝထားပြီးမှ လှမ်းခြံပြီးမှ

သူတော်ကောင်းရဲ့ အအေးဓါတ်တွေကို ပို့လွှတ်ပြီးတော့ ပေးနေပါတယ်။

## သူတော်ကောင်းဆိုတာ

သူတော်ကောင်း၊ သူတော်ကောင်းဆိုတာ သူတော်အောင်ကိုယ်က ကောင်းနိုင်မှ သူတော်ကောင်းလို့ခေါ်တယ်။ သူတော်မှ ကိုယ်ကောင်းမယ်ဆိုရင် သူတော်ကောင်းအစစ်မဟုတ်ဘူး။ အင်္ဂုလိမာလ ကမ္ဘာကျော်လူဆိုးကြီး တော်ပြီးတော့သွားအောင် မြတ်စွာဘုရားက မေတ္တာနဲ့ ခန္တီနဲ့ ပေါင်းပြီးတော့ ပေးနေရတယ်။ ဟိုကတော့ လက်နက်ကြီးနဲ့ သတ်မလို့ လိုက်နေပြီ။ ရတနာကို ရတနာမှန်း မသိလို့ လိုက်နေတာပါ။ သူတော်ကောင်းဆိုတာ နံ့သာလိုပဲ၊ နံ့သာဟာ လောဘစိတ်နဲ့ မီးရှို့ရင်လည်း မွှေးတာပဲ၊ ဒေါသစိတ်နဲ့ မီးရှို့ရင်လည်း မွှေးတာပဲ။ သဒ္ဓါစိတ်နဲ့ မီးရှို့ရင်လည်း မွှေးတာပဲ။

ဒီအတိုင်းပဲ သူတော်ကောင်းရဲ့ မေတ္တာဓါတ်ဆိုတာက မသိမလိမ္မာ မိုက်မဲတဲ့ပုဂ္ဂိုလ်တွေ ဘယ်လိုပင် နှောက်ယှက်စော်ကားပေမယ်လို့ ဘယ်တော့မှ မေတ္တာအမွှေးနံ့ဟာ လျော့မသွားပါဘူး။ အင်္ဂုလိမာလလို အမိုက်ကောင်၊ အကြမ်းကောင်၊ အရိုင်းကောင်ကြီးက ဘယ်လိုပင် နှောက်ယှက်နေသော်လည်းပဲ မြတ်စွာဘုရားရဲ့ မေတ္တာအမွှေးဓါတ်၊ အအေးဓါတ်ကတော့ ပြယ်ပြီးတော့မသွားပါဘူး။

## ခန္တီ၊ မေတ္တာနဲ့ တန်ခိုးတော်

အဲဒါနဲ့ အင်္ဂုလိမာလက သတ်မလို့ လက်နက်ကြီးတွေနဲ့ လိုက်နေတဲ့အခါကာလမှာ မြတ်စွာဘုရားက ခန္တီနဲ့ မေတ္တာကို အသုံးပြုပြီးတော့မှ တန်ခိုးကိုလည်း အသုံးပြုလိုက်တယ်။ အသုံးပြု

သိုက်တာက အင်္ဂုလိမာလက နောက်က အစွမ်းကုန်ရှိသမျှအားကို ထုတ်ပြီးမှလိုက်တယ်။ မြတ်စွာဘုရားက ရှေ့က ပကတိ ဖြည်းဖြည်း ချင်း၊ ဖြည်းဖြည်းချင်းသာ ကြွသွားတယ်။ ဒါပေမယ့် ဘယ်လို လိုက်လို့မှ မမီနိုင်အောင် ဘုရားက တန်ခိုးကို သုံးလိုက်တယ်။ ခန္တီနဲ့ မေတ္တာကိုလည်း အသုံးပြုနေတယ်။ တန်ခိုးကိုလည်း အသုံးပြုနေတယ်။ မေတ္တာတွေနဲ့ လွှမ်းခြုံပြီးထားတယ်။ အဲလို လိုက်လာတဲ့အခါကာလမှာတော့ မြတ်စွာဘုရားက တန်ခိုးသုံးတာ၊

ပထမဆုံး သူပြေးနေတဲ့လမ်းကြီးကို မြေပြင်ကြီးကို လှိုင်းထ အောင် ဖန်ဆင်းလိုက်တယ်။ လှိုင်းထအောင် ဖန်ဆင်းလိုက်တော့ လှိုင်းပေါ်မှာ တက်လိုက်ဆင်းလိုက်နဲ့ အင်္ဂုလိမာလ ဖတ်ဖတ်ကို မောနေတယ်။

တစ်ခါ မြတ်စွာဘုရားက မြောင်းကြီးကို ဖန်ဆင်းပေးလိုက် တယ်။ မြောင်းထဲကို တက်လိုက်ဆင်းလိုက် တက်လိုက်ဆင်းလိုက်နဲ့ အင်္ဂုလိမာလ ဖတ်ဖတ်မောနေတယ်။

တောင်ကုန်းကြီးတွေကို ဖန်ဆင်းပေးလိုက်ပြန်တော့ တောင် ကုန်းပေါ် တက်လိုက်ဆင်းလက်၊ တက်လိုက်ဆင်းလိုက်နဲ့ ဖတ်ဖတ် မောနေတယ်။

မြေပြင်လို မြေကြီးတွေကို ဖန်တီးပေးလိုက်ပြန်တော့ မီတော့ မလိုလို၊ မီတော့မလိုလိုနဲ့ လိုက်ပြန်တော့ လိုက်လေ ဝေးလေ၊ လိုက်လေ ဝေးလေသာ ဖြစ်နေတယ်။ ကြာလေ ဝေးလေသာ ဖြစ်တယ်။

တစ်ခါ နီးလာတဲ့အခါ မှီတော့မလိုလို၊ မှီတော့မလိုလိုနဲ့ ချာလည်ချာလည်နဲ့ မမှီနိုင်တော့ဘူး။ ရှိသမျှအားကို အစွမ်းကုန်ထုတ် ပြီးမှ လိုက်တာ အင်္ဂုလိမာလ။

ဒါပေမယ့် မြတ်စွာဘုရားကလည်း ရှေ့ကနေ ဣန္ဒြေမပျက် တည်တည်ငြိမ်ငြိမ် အေးအေးမြမြပဲ၊ ပကတိ ကြွသွားခြင်းဖြင့် ကြွသွားနေတာ။ ဘယ်လိုလိုက်လို့မှ မမှီဘူးတဲ့။

မမှီတော့ အင်္ဂုလိမာလက အံ့ဩနေတယ်။ ငါ အရင်နေ့တွေ တုန်းက ဆင်တပ်တွေ၊ မြင်းတပ်တွေ၊ ရထားတပ်တွေ ဘယ်လိုပဲ လျင်မြန်စွာပြေးပေမယ့် ငါ မှီအောင်လိုက်နိုင်တယ်။ တောတွင်း မှာ သားကောင် သမင်ကောင် အမျိုးမျိုးတွေကိုလည်း ငါ မှီ အောင် လိုက်ဖမ်းနိုင်တယ်။ ဘယ်လောက်ပဲမြန်မြန် မှီအောင် လိုက်ဖမ်းနိုင်တယ်။ ဒီနေ့တော့ ရှေ့က ဖြည်းဖြည်းချင်း၊ ဖြည်းဖြည်း ချင်း သွားနေတဲ့ ရဟန်းကြီးကို ငါအစွမ်းကုန် အမြန်ဆုံးနှုန်းနဲ့ လိုက်ပေမယ့်လည်း ငါမမှီတော့ဘူး။ ငါ ဘယ်လိုများဖြစ်နေပါလိမ့်လို့ အံ့ဩတဲ့စိတ်တွေ ဖြစ်နေသလို၊ မလိုက်နိုင်လောက်အောင်လည်း ဖတ်ဖတ်မောပြီးမှ နေတယ်။ မောလွန်းလို့ မလိုက်နိုင်လောက် အောင် မောလွန်းလို့ ရပ်ပြီးမှ မြတ်စွာဘုရားကို ပြောလိုက်တယ်။ မြတ်စွာဘုရားကလည်းပဲ သုံးယူဇနာခရီးအထိ သူ့ကို အေးအေးလေး ခေါ်သွားမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ သုံးယူဇနာခရီးကိုရောက်မှ သူ့ကို ဆုံးမမယ်ဆိုပြီးတော့ မြတ်စွာဘုရားက ရှေ့က ကြွမြဲ ကြွနေတယ်။ သူကတော့ မလိုက်နိုင်တော့ဘူး၊ မောလွန်းလို့ ရပ်ပြီးတော့ ဘုရားကို ပြောလိုက်တယ်။

ဌိတော ယေဝ ဘဂဝန္တံ ဧတ ဒဝေါစ "တိဋ္ဌ တိဋ္ဌ သမဏာ" တိ၊

"ရဟန်းကြီး ရပ်၊ ရပ်၊ ရပ်" ဆိုပြီးတော့ သူကနေ အဲလို ပြောလိုက်တယ်။

ပြောလိုက်တော့ မြတ်စွာဘုရားက–

ဌိတော အဟံ အင်္ဂုလိမာလ တွံ့ စ တိဋ္ဌ။

အင်္ဂုလိမာလ၊ ချစ်သား အင်္ဂုလိမာလ။ အဟံ၊ ငါဘုရားသည်။ ဌိတော၊ ရပ်တည်၍နေသည်။ အမှိ၊ ဖြစ်ပါ၏။ တွံစ၊ သင်ချစ်သား သည်သာလျှင်။ တိဋ္ဌ၊ ရပ်လိုက်ပါကွယ်။ ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညုဘုရားရှင်သည်။ အဝေါစ၊ ကရုဏာတရား မေတ္တာထား၍ မိန့်ကြားတော်မူလိုက် ပါပေသတည်း။

ချစ်သားရယ်၊ ငါဘုရား ရပ်နေပါတယ်။ ရပ်ရမှာက သင်ချစ်သားပါ၊ သင်ချစ်သားပဲ ရပ်ပေးပါ။

အဲလိုပြောတော့ အင်္ဂုလိမာလ အံ့ဩသွားတယ်။ ဟယ် ငါက မလိုက်နိုင်လို့၊ မောလို့ ရပ်နေပါတယ်ဆိုကာမှ ငါ့ကို အရပ်ခိုင်းနေတယ်။ သူကတော့ ရှေ့က မရပ်မနား ဖြည်းဖြည်းချင်း၊ ဖြည်းဖြည်းချင်း တသွားတည်း သွားနေပါလျက်သားနဲ့ သူက ရပ်နေသယ်လို့ ပြောနေတယ်။ စကားကလည်း ပြောင်းပြန်ကြီးပါလား၊ သူ့စိတ်ထဲမှာ အံ့ဩသွားတယ်။ အံ့ဩတာနဲ့ ငါမေးအုံးမှ ဖြစ်မှာပဲ ဆိုပြီးတော့ ဘုရားနဲ့ စကားပြောတော့မယ်ပေါ့။ ဘုရားနဲ့ စကား ပြောတော့မယ်၊ ဘုရားက ရှေ့က မရပ်မနားသွားနေပါလျက်သားနဲ့ "ငါဘုရားတော့ ရပ်တယ်" လို့ပြောတယ်၊ ဒါကို သူနားမလည်ဘူး၊ သူကတော့ မလိုက်နိုင်လို့ ဖတ်ဖတ်မောလို့ ရပ်နေပါလျက်သားနဲ့ "မင်း ရပ်ပါကွယ်" လို့ သူ့ပြောတာကိုလည်း သူနားမလည်ဘူး၊ နားမလည်လို့ သူမေးလိမ့်မယ်။

ဂစ္ဆံ ဝဒေသိ သမဏ ဌိတောမှိ၊
မမဉ္စ ဗြူသိ ဌိတမဋ္ဌိတောတိ။
ပုစ္ဆာမိ တံ သမဏ ဧတမတ္ထံ၊
ကထံ ဌိတော တွံ အဟာမဋ္ဌိတောမှိ။

သမဏ၊ အို ရဟန်းကြီး။ တွံ၊ သင်ရဟန်းကြီးသည်။ ဂစ္ဆံ–ဂစ္ဆန္တော၊ မရပ်မနား ရှေ့ကသွားနေပါလျက်။ အဟံ၊ ငါဘုရားသည်။ ဌိတော၊ ရပ်တည်၍နေသည်။ အမှိ၊ ဖြစ်ပါ၏။ ဣတိ၊ ဤသို့။ ဝဒေသိ၊ ပြောဆို၍နေဘိ၏။ ဌိတံ၊ မလိုက်နိုင်သဖြင့် ဖတ်ဖတ်မောကာ ရပ်တည်၍ နေသော။ မမဉ္စ၊ အကျွန်ုပ်ကိုကား။ အဋ္ဌိတောတိ၊ မရပ်မနား ပြေး၍ သွားနေသော ပုဂ္ဂိုလ်ဟူ၍။ ဗြူသိ၊ ပြောဆို၍နေဘိ၏။ သမဏ၊ အို ရဟန်းကြီး။ တံ၊ သင်ရဟန်းကြီးကို။ ဧတမတ္ထံ၊ ဤအကြောင်းအရာကို။ ပုစ္ဆာမိ၊ မေးစမ်းပါရစေ။ တွံ၊ သင်ရဟန်းကြီးသည်။ ကထံ၊ အဘယ် အခြင်းအရာအားဖြင့်၊ ဘယ်အကြောင်းကြောင့်။ ဌိတော၊ ရပ်တည်၍ နေသည်။ အသိ၊ ဖြစ်ပါသနည်း။ အဟံ၊ အကျွန်ုပ်ကတော့။ ကထံ၊ အဘယ်အခြင်းအရာအားဖြင့်၊ ဘယ်အကြောင်းကြောင့်။ အဋ္ဌိတော၊ မရပ်ဘဲ ပြေးလွှားနေသောပုဂ္ဂိုလ်သည်။ အမှိ၊ ဖြစ်ပါ သနည်း။ ဣတိ၊ ဤသို့။ အင်္ဂုလိမာလော၊ အင်္ဂုလိမာလ နာမည်ကျော်ဟီး ကမ္ဘာကျော်လူဆိုးကြီးသည်။ ဘဂဝန္တံ၊ ဘုန်းတော် ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူကြား သဗ္ဗညုမြတ်စွာဘုရားကို။ အပုစ္ဆိ၊ သိလိုရေးဖြင့် မေးလျှောက်ရာလေတော့သတည်း။

သာဓု . . . သာဓု . . . သာဓုပါဘုရား။

ရဟန်းကြီး၊ မသိလို့ မေးစမ်းပါရစေ၊ သင်ရဟန်းကြီးက ရှေ့က မရပ်မနားသွားနေပါလျက်သားနဲ့ "ငါတော့ ရပ်တယ်" လို့ ပြောတယ်။ အဲဒါလဲ နားမလည်ပါဘူး။ ကျွန်ုပ်ကတော့ မလိုက်နိုင်လို့ ဖတ်ဖတ်မောလွန်းလို့ ရပ်နေပါလျက်သားနဲ့ "မင်းပဲ ရပ်ပါ" လို့ပြောနေတယ်။ မင်းက မရပ်ဘဲ ပြေးနေတယ်။ ဒါကြောင့် "မင်းပဲ ရပ်ပါ" လို့ ပြောနေတယ်။ အဲဒါကိုလည်း နားမလည်ဘူး။ ဒါကြောင့်မို့ အဖြေပေးစမ်းပါ။ မသိလို့ မေးစမ်းပါရစေ။ သင် ရဟန်းကြီးကတော့ ဘာကြောင့် ရပ်တယ်လို့ ပြောနိုင်ရသလဲ။ ကျွန်ုပ်ကတော့ မရပ်ဘဲ ပြေးနေတဲ့ပုဂ္ဂိုလ်လို့ ဘာကြောင့် ပြောနိုင်ရတာလဲ။ အဲဒါကို အဖြေပေးပါ။

ဟန်ကျသွားပြီပေါ့။ တရားဟောစရာအကွက် ပေါ်လာပြီ။ သူ့ကို တရားဟောဖို့လို့သွားတာ သူက မေးနေပြီဆိုတော့ သူ့ရဲ့ အမေးကိုလည်း ဖြေရာရောက်အောင် တရားကိုလည်း ဟောရာ ရောက်အောင် မြတ်စွာဘုရားက ဓမ္မစကားဖြင့် ဟောကြား၊ ဖြေ ကြားတော်မူလိမ့်မယ်။ အရည်အသွေးပါတဲ့ ပုဂ္ဂိုလ်ရဲ့စကားဆိုတာ တစ်ခွန်းတည်းနဲ့လည်း ခရီးရောက်တယ်။ မေတ္တာရေအေးအပြည့်အဝ နှင့် မြတ်စွာဘုရားက ဖြေကြားတော်မူလိမ့်မယ်။

ဌိတော အဟံ အင်္ဂုလိမာလ သဗ္ဗဒါ၊
သဗ္ဗေသု ဘူတေသု နိဓါယ ဒဏ္ဍံ။
တုဝဉ္စ ပါဏေသု အသညတောသိ၊
တသ္မာ ဌိတော အဟံ တုဝ မဋ္ဌိတောသိ။

အင်္ဂုလိမာလ၊ ချစ်သား အင်္ဂုလိမာလ။ အဟံ၊ ငါဘုရားသည်။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ သဗ္ဗေသု၊ ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်

သော။ ဘူတေသု၊ သတ္တဝါတို့၌။ ဒယံ၊ သတ်ဖြတ်ညှဉ်းဆဲခြင်း ဆိုတဲ့ ဒဏ်ကို။ နိဓါယ၊ ပယ်စွန့်ချထားခဲ့ပြီးသည်ဖြစ်ရကား။ အဟံ၊ ငါဘုရားသည်။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ ဌိတော၊ ရပ်တည်၍နေသည်။ အမှိ၊ ဖြစ်ပါပေ၏။ တုဝဥ္စ၊ သင်ချစ်သားကတော့။ ပါဏေသု၊ သတ္တဝါတို့၌။ အသညတော၊ စောင့်စည်း ထိန်းချုပ်ခြင်းမရှိသည်။ အသိ၊ ဖြစ်ပါပေ၏။ တသ္မာ၊ တို့ ကြောင့်။ တသ္မာ၊ ထို့ရကား။ အဟံ၊ သုံးလောကထွဋ်ထား သဗ္ဗညု ငါဘုရားသည်။ ဌိတော၊ ရပ်တည်၍နေသည်။ အမှိ၊ ဖြစ်ပါပေ၏။ တုဝံ၊ သင်ချစ်သားကတော့။ အဌိတော၊ မရပ်ဘဲ ပြေး၍သွားနေသော ပုဂ္ဂိုလ်သည်။ အသိ၊ ဖြစ်ပါပေ၏။ ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံ တော်မူငြား သဗ္ဗညုမြတ်စွာဘုရားသည်။ ဝိသဇ္ဇေသိ၊ ကရုဏာ တရား မေတ္တာထား၍ ဖြေကြားတော်မူလိုက်ပါပေသတည်း။

ချစ်သားရယ်၊ ငါဘုရား ရပ်နေတယ်ဆိုတာက ဣရိယာပုထ် အနေနဲ့ ရပ်တာကို ပြောတာမဟုတ်ဘူးကွယ့်။ တရားအနေနဲ့ ရပ်တာကို ပြောတာ၊ သင်ချစ်သား ဣရိယာပုထ်အနေနဲ့ ဖတ်ဖတ် မောလို့ ရပ်နေပေမယ့်လည်းပဲ တရားသဘောအနေနှင့် ပြေးနေတဲ့ ပုဂ္ဂိုလ်ပါကွယ်။ “ငါဘုရား ရပ်နေတယ်” လို့ ဟောရတာက ငါဘုရားသည် ဘယ်သတ္တဝါကိုမှ ညှဉ်းဆဲ၊ သတ်ဖြတ်၊ နှိပ်စက် ခြင်း ဘာတစ်ခုမှမပြုပါ။ မေတ္တာ၊ ခန္တီ စတဲ့ သူတော်ကောင်းရဲ့ တရားတွေအပေါ်မှာ ငါရပ်တည်ပြီးတော့နေပါတယ်။

ပြီးတော့လည်းပဲ ငါဘုရားဟာ ဘဝသံသရာ လမ်းဆုံးဖြစ်တဲ့ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကို ငါဘုရားရောက်ခဲ့ပါပြီကွယ်။

အဲဒါကြောင့်မို့လို့ တရားသဘောအနေနဲ့ ရပ်နေတာကို "ငါဘုရား ရပ်တယ်"လို့ ပြောတာပါ။ သတ္တဝါတွေအပေါ်မှာ ညှဉ်းဆဲ သတ်ဖြတ်ခြင်းစတဲ့ နှိပ်စက်မှုတွေ ဘာတစ်ခုမှ မပြုတော့ဘဲနဲ့ မေတ္တာ၊ ခန္တီ စတဲ့ တရားတွေအပေါ်မှာ တည်ပြီးတဲ့အပြင် ဘဝသံသရာ လမ်းဆုံးကို ငါဘုရား ရောက်နေပြီဖြစ်တဲ့အတွက် ကြောင့်မို့လို့ "ငါဘုရား ရပ်နေတယ်"လို့ ပြောရတာ။ ဣရိယာ ပုထ်အနေနဲ့ ရပ်တာကို ပြောတာမဟုတ်ဘူး။

သင်ချစ်သားကတော့ မလိုက်နိုင်လို့ ဖတ်ဖတ်မောပြီးတော့မှ ဣရိယာပုထ်အနေနဲ့ရပ်ပြီး နေငြားသော်လည်း သင်လုပ်တဲ့ အလုပ် တွေက သံသရာပြေးကြောင်း၊ အပါယ်လေးပါးမှာ ပြေးကြောင်းဖြစ်တဲ့ အလုပ်တွေကို လုပ်နေတာမို့ သင်လုပ်တဲ့ အလုပ်တွေက တရား သဘောအားဖြင့် ပြေးနေတဲ့ အလုပ်တွေပါကွယ်။

## အကုသိုလ်ဆိုတာ ကြွေးယူခြင်းပါ

ချစ်သား၊ အကုသိုလ်ဆိုတာ ကြွေးဆပ်ရမယ်။ ကြွေးယူတာ ချစ်သား၊ ကြွေးယူတာ ပြန်ဆပ်ရမယ်ကွဲ၊ အကြွေး သဘောဆိုတာ အတိုးနဲ့ဆပ်ရမယ်။ သင်လွန်ကျူးခဲ့တဲ့ မကောင်းမှု ဒုစရိုက်၊ ပါဏာတိပါတ အကုသိုလ်ကံဆိုတာ အတိုးနဲ့သာ ဆပ်ရမယ်ဆိုရင် တော့ သွားရော မဆုံးနိုင်အောင် ဆပ်ရတော့မယ်။ ဒါကြောင့် မို့လို့ သင်ဟာ ဒုက္ခတွေနဲ့ ပူဆွေးစွာ ပင်ပန်းစွာ ပြေးသွား ကြောင်း၊ မကောင်းမှု အကုသိုလ်ဒုစရိုက်တွေကို လုပ်ထားတာမို့လို့ ဣရိယာပုထ်အနေနဲ့ ရပ်ပြီးတော့ နေပါသော်လည်း သံသရာပြေး ကြောင်း၊ အပါယ်ဆင်းရဲတွေမှာ ပြေးသွားကြောင်းဖြစ်လို့ သင်ဟာ မရပ်ဘဲ ပြေးလွှားနေတဲ့ ပုဂ္ဂိုလ်ဖြစ်တယ်။

ဒါကြောင့် သံသရာပြေးကြောင်း အပါယ်ဒုဂ္ဂတိမှာ ပြေးကြောင်းဖြစ်တဲ့ မကောင်းမှု အကုသိုလ် ဒုစရိုက်မှုတွေကို ရပ်တန်းက ရပ်လိုက်ပါကွယ်လို့ ငါဘုရားက အဲဒီလို ရည်ရွယ်ချက်နဲ့ ပြောတာ။ သင့်ကို ဣရိယာပုထ်အနေနဲ့ ရပ်ခိုင်းတာ မဟုတ်ဘူး။ တရားသဘောအနေနဲ့ မင်းလုပ်တာ ဘာတစ်ခုမှ မဟုတ်တဲ့အတွက် အဲဒီ မဟုတ်တဲ့ ပါဏာတိပါတ အကုသိုလ်ကံကြီးကို ရပ်တန်းက ရပ်လိုက်ပါကွယ်။ ဒီလို ရည်ရွယ်ချက်ဖြင့် သင့်ကို ရပ်ခိုင်းတာကွယ့်လို့ အဲဒီလိုပြောပြီးတော့မှ သင်ကတော့ သတ္တဝါတွေကို တွေ့သမျှ အကုန်သတ်ပြီးတော့မှ စောင့်စည်း ထိန်းချုပ်ပြီး ဘာတစ်ခုမှမရှိ။ ငါဘုရားကတော့ သတ္တဝါမှန်သမျှ အကုန်ချစ်ခင်တယ်၊ သနားတယ်၊ ကိုယ်ချင်းစာတယ်၊ မေတ္တာ ခန္တီစတဲ့ သူတော်ကောင်းတရားတွေ အပေါ်မှာ ရပ်တည်တယ်၊ သင်ကတော့ ငါဘုရားနှင့် ဆန့်ကျင်ဘက် လိုက်နေတယ်။ ဒါကြောင့် တရားသဘောအနေနဲ့ ငါဘုရားဟာ ရပ်တည် ပြီးတော့နေတဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်။ သူတော်ကောင်းတရားမှာ တည်ပြီးတဲ့အပြင် ဘဝသံသရာလမ်းဆုံးကို ရောက်ပြီးဖြစ်တဲ့အတွက် သံသရာမှာ နောက်ထပ် ပြေးစရာမလိုတော့ဘူး။ အဲဒီလို ရည်ရွယ်ချက်နဲ့ ငါဘုရားရပ်တယ်လို့ ပြောရတာပါ။ သင်ချစ်သားကတော့ ဣရိယာပုထ်အနေနဲ့ မောလွန်းလို့ ရပ်နေပေမယ်လို့ လုပ်တဲ့အလုပ်တွေက သံသရာပြေးကြောင်းအလုပ်တွေ ဖြစ်ခြင်းကြောင့်မို့လို့ သင်က ပြေးနေတဲ့ပုဂ္ဂိုလ်။ ဒါကြောင့်မို့လို့ ပြေးကြောင်းအလုပ်တွေကို ရပ်လိုက်ပါ။ အဲလို ရည်ရွယ်ချက်အနေနဲ့ ပြောတာပါကွယ်လို့။

မြတ်စွာဘုရားက ပြောကြားလိုက်တော့ ဒီပုဂ္ဂိုလ်လေးဟာ အမျိုးမှန်တဲ့ ပုဂ္ဂိုလ်လေးပီပီပေါ့။ အပေါင်းအသင်း လွဲသွားလို့သာ

အတ္တသမ္မာပဏိဓိစက် ပြတ်သွားတာကိုး ဗျ၊ အခြေခံက အလွန်ကောင်းတဲ့ ပုဂ္ဂိုလ်လေးပါ။ ဒါကြောင့်မို့ မြတ်စွာဘုရားက အဲဒီလို ပြောလိုက်တယ်ဆိုရင်ပဲ သူက စဉ်းစားသတဲ့။

ဟာ စကားကလည်း သိပ်ပြီး အရည်အသွေးပါတာပဲ။ စကားကလည်း အလွန်တစ်ရာမှ ပြောင်မြောက်တာပဲ၊ သိပ်အဖိုးတန်တဲ့စကား၊ ဒီစကားက သာမန်ပုဂ္ဂိုလ်ရဲ့ စကားတော့ မဖြစ်နိုင်ဘူး။ မဟာမာယာရဲ့ သားဖြစ်တဲ့ သိဒ္ဓတ္ထ ရဟန်းမင်းရဲ့ စကားဖြစ်နိုင်တယ်။ သိဒ္ဓတ္ထ ရဟန်းမင်းလို့ သူကပြောတယ်။ ဘုရားလို့ မပြောသေးဘူး။ သိဒ္ဓတ္ထရဟန်းမင်းရဲ့ စကားဖြစ်နိုင်တယ်။ ဟာ ဟုတ်ပါပြီ၊ ဟုတ်လောက်ပါပြီ၊ သေသေချာချာ အကဲခက်လိုက်တော့ ဟုတ်ပြီ၊ ဟုတ်ပြီ သိဒ္ဓတ္ထရဟန်းမင်းပဲဖြစ်ရမယ်။ အော် ငါ့အကြောင်းကို သိလို့သာ လာခဲ့တာနဲ့တူပါရဲ့၊ ဉာဏ်အမြင်စူးရှိ ထက်မြက်လွန်းလို့ ငါ့အကြောင်းကိုသိလို့ ငါ့အတွက်လာခဲ့တာနဲ့ တူပါရဲ့လို့ စဉ်းစားရင်း စဉ်းစားရင်းနဲ့ သူ့စိတ်ထဲမှာ အမြင်မှန်တွေ ပေါ်လာတယ်။

ဟုတ်တယ် ငါဟာ ငါချမ်းသာချင် တာနဲ့ လူပေါင်းများစွာကို ငါသတ်ခဲ့လှပြီ၊ ငါမှားပြီ။ ငါလုပ်တဲ့အလုပ်တွေဟာ သံသရာပြေးကြောင်း အလုပ်တွေဆိုတာ ဟုတ်နေပြီ။ အပါယ်ဒုဂ္ဂတိမှာ ပြေးကြောင်းဖြစ်တဲ့ အလုပ်တွေဆိုတာ ဟုတ်နေပြီ။ မြတ်စွာဘုရားက ထောက်ပြတော့မှ ငါမြင်တော့တယ်။

မြတ်စွာဘုရားက တရားမှန်ကိုတောင် ပြလိုက်တော့ မြင်ပြီပေါ့၊ မင်းမျက်နှာမှာ ဘာတွေရှိတယ်ဆိုတာ ကြည့်စမ်းပါဦးကွယ်လို့ တရားမှန်ကို ထောင်ပြလိုက်တော့ တရားမှန်ထဲမှာ မိမိရဲ့ မျက်နှာ

ရိပ်နဲ့ အလားတူတဲ့ မကောင်းမှုဒုစရိုက် အကုသိုလ်ကံတရားတွေကို ကြည့်လိုက်တဲ့အခါကာလတော့ အကျည်းတန်အရုပ်ဆိုးလိုက်တာ၊ ရက်ရက်စက်စက် အခြောက်တိုက်ကြီး မိုက်ခဲ့တာ၊ အခြောက်တိုက်ကြီးမိုက်ခဲ့တဲ့ ပါဏာတိပါတ အကုသိုလ်ကံတရားတွေကို မြင်လိုက်တော့ကာ၊ သူ့ဟာသူ အမြင်မှန်ရလာပြီ။ ငါမှားပြီပေါ့။

ငါမှားပြီ၊ ဆရာမိုက်ကြီး ပြောလိုက်တဲ့စကားကို မစဉ်းမစား၊ မဆင်မခြင် ငါဟာ အခြောက်တိုက်ကြီး မှားခဲ့တာ ငါမှားပြီ။ သံသရာပြေးကြောင်းဖြစ်တဲ့ အလုပ်တွေကိုငါလုပ်ခဲ့ပြီ။ ငါကြွေးယူထားတာဆိုတော့ မဆုံးနိုင်အောင် မပြီးနိုင်အောင် ဆပ်ရတော့မှာပဲ။

စိတ်ထဲမှာလည်း အဲလိုဖြစ်လာတယ်။ အဲလိုဖြစ်ပြီး တော့မှ ဘုရားကို ကြည့်ရင်း ကြည့်ရင်း ကြည့်ရင်းနှင့် စိတ်ထဲမှာလည်း တစ်ခါတည်း ဘုရားအပေါ်မှာ သက်ဝင်ယုံ ကြည်တဲ့စိတ်တွေ၊ အဲဒီလို ဖြစ်လာတယ်။ တရားနာလိုက်ရတဲ့ အကျိုးတွေပေါ့။ ဘုရားကလည်း တရားမှန်ကြီးထောင်ပြီးတော့ သူ့အမှားတွေကို ထောက်ပြလိုက်တဲ့အခါမှာ သူ့အမှားကို အမှား မှန်းသူသိလာတယ်။ အမှားမှန်းသိလာတဲ့အခါကျတော့ မြတ်စွာဘုရား သူ့ထံကိုလာတဲ့ ရည်ရွယ်ချက်ရယ်၊ အဲဒါကိုလည်း သူ့ဟာသူနေပြီးတော့ သူ့ဟာသူ စဉ်းစားလိမ့်မယ်။ ပြီးတော့ မြတ်စွာဘုရားကို တိုက်ရိုက်လျှောက် လိမ့်မယ်။

စိရဿံ ဝတ မေ မဟိတော မဟေသီ၊
မဟာဝနံ ပါပုဏိ သစ္စဝါဒီ။
သောဟံ စရိဿာမိ ပဟာယ ပါပံ၊
သုတွာန ဂါထံ တဝ ဓမ္မယုတ္တံ။

မဟေသိ၊ လူနတ်ပြဟ္မာ သတ္တဝါအားလုံးတို့၏ သီလစသော ဂုဏ်ကျေးဇူးကို ရှာမှီတော်မူတတ်ပါပေသော။ မဟိတော၊ လူနတ်ပြဟ္မာ သတ္တဝါအားလုံး၏ ပစ္စည်းပူဇော်အထူးကို ခံတော်မူထိုက်ပါပေသော၊ သစ္စဝါဒီ၊ အမှန်တရားကိုသာ ပြောကြားတော်မူတတ်တဲ့ သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားသည်။ မေ၊ အင်္ဂုလိမာလ နာမကျော်ဟီး ငါကဲ့သို့သော ကမ္ဘာကျော်လူဆိုးကြီးအတွက်။ မဟာဝနံ၊ ဟောဒီ ငါနေထိုင်ရာဖြစ်တဲ့ တောအုပ်ကြီးအတွင်းသို့။ စိရဿံ၊ ကြာမြင့်သောအခါကာလမှ။ ပါပုဏိဝတ၊ ကောင်းစွာမသွေ ကြွရောက်တော်မူလာခဲ့ပါပြီတကား။ ဘန္တေ၊ သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရား၊ သောအဟံ၊ အင်္ဂုလိမာလ နာမကျော်ဟီး ထိုဘုရားတပည့်တော် ကမ္ဘာကျော်လူဆိုးကြီးသည်။ တဝ၊ ရှင်တော်မြတ်ဘုရား၏။ ဓမ္မယုတ္တံ၊ တရားနှင့်စပ်ယှဉ်သော။ ဂါထံ၊ လေးပါဒရှိသော ဂါထာစကားကို။ သုတွာန၊ ကြားနာခဲ့ရပြီဖြစ်ပါသောကြောင့်။ ပါပံ မကောင်းမှုအကုသိုလ် ဒုစရိုက်မှန်သမျှကို။ ပဟာယ၊ ပယ်စွန့်ပြီးလျှင်။ စရိဿာမိ၊ သိက္ခာသုံးဆင့် မြတ်အကျင့်ကို ဖြည့်ကျင့်အားထုတ်ပါတော့မည် အရှင်ဘုရား။

သာဓု . . . သာဓု . . . သာဓုပါဘုရား။

အော် မြတ်စွာဘုရားက ငါ့အတွက် ဒီတောအုပ်ထဲကို လာခဲ့တာကိုး။ ကြာမှပဲ ကြွလာသကိုး။ အခုမှ စဉ်းစားလိုက်တော့မှ မြတ်စွာဘုရား ကြွလာတာ နောက်ကျတယ်တောင် ထင်နေသေးတယ်။ သဒ္ဓါတရား တံခါးပွင့်လာပြီကိုး။ သဒ္ဓါတရား တံခါးပွင့်လာတော့ မြတ်စွာဘုရား ကြွလာတာ နောက်ကျတယ်လို့တောင်

ထင်လိုက်သေးတယ်။ ငါ့အတွက် ကြွလာပါတကားလို့ အမြင်မှန်ပေါ်သွားတော့ မြတ်စွာဘုရားကို တိုက်ရိုက်လျှောက်လိုက်တာက-

မြတ်စွာဘုရား၊ မြတ်စွာဘုရားရဲ့ တရားအနှစ်ပါတဲ့ တရားနဲ့ယှဉ်တဲ့ အနှစ်သာရရှိတဲ့ ဂါထာစကားကို ဘုရားတပည့်တော် ကြားနာလိုက်ရတဲ့အတွက် အမြင်မှန်ရပါပြီ ဘုရား။ ဘုရားတပည့်တော် အမှားကို အမှားမှန်းသိပါပြီဘုရား။ ဒီအမှားကို ချက်ချင်းပြင်ပြီးတော့မှ နောက်ထပ် မကောင်းမှု အကုသိုလ်ဒုစရိုက်မှန်သမျှကို ဘာတစ်ခုမှ မလုပ်တော့ဘဲနဲ့ စွန့်ပစ်ပြီးလျှင် မြတ်စွာဘုရားထံပါးမှာ သိက္ခာသုံးဆင့် မြတ်အကျင့်ကို အားထုတ်ပါရစေဘုရား၊ အမှားကို အမှားမှန်သိပါပြီ ဘုရား၊ ပြင်လိုက်ပါပြီဘုရား၊ စွန့်လိုက်ပါပြီဘုရား၊ နောက်ထပ် ဘုရားတပည့်တော် အဲဒီမိုက်ရိုင်းတဲ့ အလုပ်မှန်သမျှကို ဘာတစ်ခုမှ မလုပ်တော့ပါဘူးဘုရား။ သိက္ခာသုံးဆင့် မြတ်အကျင့်ကိုသာ ဘုရားတပည့်တော် ကျင့်ကြံကြိုးကုတ် အားထုတ်ပါတော့မယ် ဘုရားတဲ့။

## အမှားကိုမြင် အမှန်ပြင်

အမြင်မှန် ရသွားပြီပေါ့။ တရားမှန်ထောင်ပြလိုက်တော့ တရားမှန်ထဲမှာ မိမိရဲ့ မျက်နှာရိပ်နှင့်တူတဲ့ ကံတရားတွေကို ကြည့်လိုက် တဲ့အခါမှာ အမဲစက်တွေကိုမြင်တော့ ဒီအမဲတွေဟာ အမှားပဲ၊ မကောင်းဘူး၊ တပည့်တော် ပြင်လိုက်ပါပြီတဲ့။

အမှားကိုပင် အမှန်ထင်နေရင်လည်း ကြောက်စရာ၊ အမှားကို အမှန်ထင်နေသေးသမျှကာလပတ်လုံး ကြောက်စရာကြီး၊ တက်လမ်းမရှိဘူးတဲ့။ "အမှားကိုမြင်၊ အမှန်ပြင်၊ လူတွင်မနှောင်းပါ"

အမှားကို အမှားပါပဲလို့ သိလိုက်တာနဲ့ တစ်ပြိုင်နက် သိသည်နက် တစ်ပြိုင်နက်တည်း ပြင်လိုက်ပါ။ အမှားကို ပြုပြင်ခြင်းသည် အချိန်နှောင်းသည်၊ နောက်ကျသည် ဟူ၍ မရှိပါ။ သိသည်နှင့် တစ်ပြိုင်နက် ပြင်လိုက်ပါလို့ သင်ခန်းစာပေးတာပါ။ သူ့လောက်မှားတဲ့ ပုဂ္ဂိုလ် လောကမှာ ရှားပါလိမ့်မယ်။

အဲ ဒါပေမယ့်လို့ မှားတာကို မှားမှန်းသိသည်နက် တစ်ပြိုင်နက် သူပြင်လိုက်တော့မှာပါတဲ့၊ ပြင်လိုက်ပါပြီ၊ ပြင်တော့မှာပါလို့ အဲဒီလို သူကလျှောက်ထားနေတာ အမှားကို အမှားမှန်းသိရင် ဒီအမှားကို စွန့်ပြီးတော့မှ အမှန်လမ်းစဉ်ကိုပဲ ဖြောင့်ဖြောင့်တန်းတန်း လိုက်ပါတော့မယ်၊ ကျင့်ကြံကြိုးကုတ် အားထုတ်ပါတော့မယ်လို့ ဘုရားကို လျှောက်ထားပြီးတဲ့အခါကာလကျတော့ ဘာဆက်လုပ် သလဲဆိုရင်–

ဣတွေဝ စောရော အသိမာဝုဓစ္ဆ၊
သောဗ္ဘေ ပပါတေ နရကေ အကိရိ။
အဝန္ဒိ စောရော သုဂတဿ ပါဒေ၊
တတ္ထေဝ နံ ပဗ္ဗဇ္ဇံ အယာစိ။

ဣတွေဝ၊ ဤသို့ လျှောက်ထားပြောဆိုပြီးတဲ့အခါတွင်ပင်၊ စောရော၊ အင်္ဂုလိမာလ နာမကျော်ဟိုး ကမ္ဘာကျော်လူဆိုးကြီးသည်။ အသိံစ၊ သန်လျက်ကိုလည်းကောင်း။ အာဝုဓဉ္စ၊ လူသတ်လက်နက်ကိုလည်းကောင်း။ သောဗ္ဘေ၊ ဟင်းလင်းအပေါက်အခေါင်းလည်း ရှိပါပေသော။ ပပါတေ၊ ကမ်းပါးပြတ်လည်းရှိပါပေသော။ နရကေ၊ ချောက်ကြား၌။ အကိရိ၊ ပစ်ချလိုက်လေပြီ။ စောရော၊ အင်္ဂုလိမာလ နာမကျော်ဟိုး ကမ္ဘာကျော်လူဆိုးကြီးသည်။ သုဂတဿ၊

သုံးလောက ထွန်းထား သဗ္ဗညုမြတ်စွာဘုရား၏။ ပါဒေ၊ ခြေတော်အစုံ ကြာပဒုံတို့ကို။ အဝန္ဒိ၊ ရှိခိုး၍ ထိုင်နေလေပြီ။ တတ္ထေဝ၊ ထို ထိုင်နေရာဖြစ်သောအရပ်၌ပင်လျှင်။ နံ၊ ထိုသုံးလောကထွက်ထား သဗ္ဗညုမြတ်စွာဘုရားကို။ ပဗ္ဗဇ္ဇံ၊ ရှင်ရဟန်းအဖြစ်ကို။ အယာစိ၊ ရှိသေညွှတ်တွား သဒ္ဒါပွား၍ လျှောက်ထားတောင်းပန်ရှာလေတော့သတည်း။

သာဓု . . . သာဓု . . . သာဓုပါဘုရား။

## အင်္ဂုလိမာလလက်နက်ချ

မြတ်စွာဘုရားထံ သူလျှောက်ထားတာကတော့ သိက္ခာသုံးဆင့် မြတ်အကျင့်ကို ကျင့်ပါတော့မယ်ဘုရား။ အမှားကို ပြင်ပါတော့မယ်ဘုရားလို့ လျှောက်ထားတယ်။ လျှောက်ထားပြီးတော့ သူ့ကိုသူ ပြန်ကြည့်လိုက်သတဲ့။ သူ့ကိုယ်သူ ပြန်ကြည့်လိုက်တဲ့အခါမှာ လူသတ်တဲ့ လက်နက်တွေက လက်မှာ ကိုင်တုန်းပဲရှိသေးတယ်။ လူသေကောင်ရဲ့ လက်ညှိုးပန်းကုံးကြီးကလည်း ဝတ်တုန်းပဲရှိသေးတယ်။ အဲ သတိက ဝင်လာတော့ အော် . . ဒီလူသတ်တဲ့ လက်နက်တွေက ဘယ်တုန်းက ရောက်နေမှန်းလည်း မသိဘူး။ အို ဘယ်တုန်းက ဘယ်သူက တပ်ဆင်လိုက်တာလည်း မသိဘူး။ အို ဒီလူသေကောင်ရဲ့ လက်ညှိုးပန်းကုံးတွေကလည်းပဲ အကျည်းတန်အရုပ်ဆိုးလိုက်တာ၊ ဘယ်တုန်းက ရောက်နေမှန်းလည်း မသိဘူး ဆိုပြီးတော့ အကုန်လုံး လွှင့်ပစ်လိုက်တယ်။ လက်နက်တွေ အကုန်လွှင့်ပစ်လိုက်တယ်။ လက်နက်ချလိုက်ပြီပေါ့။ လက်နက်ချလိုက်ပြီးတော့မှ မြတ်စွာဘုရားရဲ့ ခြေတော်အစုံ ကြာပဒုံကို

ရှိရှိသေသေ ရှိခိုးပြီးမှ ထိုင်နေတယ်။ ထိုင်နေပြီးတဲ့ အချိန်ကာလ ကျပြီးတော့မှ မြတ်စွာဘုရားထံမှာ ရှင်ရဟန်းအဖြစ်ကို တောင်းခဲ့တယ်။

မြတ်စွာဘုရား . .ဘုရားတပည့်တော် အမိုက်ကြီးကို ကယ်တော်မူပါဘုရား၊ ကယ်တော်မူပါဘုရား။ တက္ကသိုလ်ကျောင်းသားတုန်းက တပည့်တော် ဆရာကြီး ဒိသာပါမောက္ခဆရာကြီးကနေပြီးတော့ ပညာအလင်းရောင်မပေးဘဲနဲ့ မှောင်ထုကြီးထဲ ပုတ်ချလိုက်လို့ တပည့်တော်မှာ အမှောင်ထဲကို ရောက်နေပါပြီ ဘုရား။ တပည့်တော်အား ကယ်တော်မူပါဘုရား။ တက္ကသိုလ် ဒိသာပါမောက္ခဆရာကြီးက ပညာအလင်းရောင်တွေကို မပေးဘဲနဲ့ ကိလေသာမှောင်ထုထဲကို တွန်းချလိုက်လို့ ဘုရားတပည့်တော်မှာ ထောက်တည်ရာမရှိတော့ပါဘုရား။ ကယ်တော်မူပါဘုရား။ သူတော်ကောင်းမှတ်ပြီးတော့ ပေါင်းလိုက်တာ ဘုရားတပည့်တော် အပေါင်းလွဲသွားလို့ပါဘုရား။ အပေါင်းလွဲသွားလို့ ဘုရားတပည့်တော်မှာ မဟုတ်တာတွေကို မိုက်ပြီးရင်းမိုက်ရင်းနဲ့ ရက်ရက်စက်စက် မညှာမတာ ပါဏာတိပါတ အကုသိုလ်ကံကြီးကို လုပ်ခဲ့တာ ဘုရားတပည့်တော် မှားခဲ့ပါပြီ ဘုရား၊ ဘုရားတပည့်တော် အမိုက်ကြီးကို ကယ်တော်မူပါဘုရားလို့ .သေသေချာချာလျှောက်ထားပြီးတော့မှ မြတ်စွာဘုရားရဲ့ ခြေတော်အစုံ ကြာပဒုံကို သေသေချာချာ ရှိခိုးပြီးတဲ့အခါမှာ ရဟန်းပြုပေးတော်မူပါဘုရားလို့ ဘုရားထံမှာ တောင်းပန်တယ်။ တောထဲမှာ မိုက်ရိုင်း ကြမ်းတမ်းနေတဲ့ . လူဆိုးကြီးကနေပြီးတော့ ရဟန်းပြုချင်ပါတယ်လို့ အဲလို တောင်းပန်နေပြီ။ တောင်းပန်နေတော့ မြတ်စွာဘုရားက ဘာလုပ်မလဲ။

ဗုဒ္ဓေါ စ ခေါ ကာရုဏိကော မဟေသိ၊
ယော သတ္ထာ လောကဿ သဒေဝကဿ။
တမေဟိ ဘိက္ခူတိ တဒါ အဝေါစ၊
ဧသေဝ တဿ အဟု ဘိက္ခုဘာဝေါ။

ကာရုဏိကော၊ ကရုဏာရှင် ဖြစ်တော်မူသော။ မဟေသိ၊ လူနတ်ပြဟ္မာ သတ္တဝါအားလုံးတို့ရဲ့ သီလစသော ဂုဏ်အထူးကို ရှာတော်မူတတ်ပါပေသော။ သဒေဝကဿ၊ နတ်နှင့်တကွသော" လောကဿ၊ သတ္တလောက၏။ သတ္ထာ၊ ဆရာဖြစ်ေ◌ာ်မူပါပေ သော။ ယောဗုဒ္ဓေါ၊ အကြင်မြတ်စွာဘုရားသည်။ အတ္ထိ၊ ရှိတော် မူပါပေ၏။ သတ္ထာ၊ လူနတ်ပြဟ္မာတို့၏ ဆရာဖြစ်တော်မူပါပေသော။ သောဗုဒ္ဓေါ၊ ထိုမြတ်စွာဘုရားသည်။ တဒါ၊ အင်္ဂုလိမာလ ရဟန်း အဖြစ်ကို တောင်းခံရာ ထိုအခါ၌။ တံ၊ ထို အင်္ဂုလိမာလ နာမကျော်ကြား အမျိုးသားကို။ ဧဟိဘိက္ခူတိ၊ ဧဟိဘိက္ခုဟူ၍ (ဝါ) ရဟန်းလာလော့ဟူ၍။ အဝေါစ၊ မိန့်တော်မူ၏။ ဧသေဝ၊ ဤသို့ ဧဟိဘိက္ခုဟူ၍ ခေါ်ဆိုလိုက်ခြင်းသည်ပင်လျှင်။ တဿ၊ ထို အင်္ဂုလိမာလ နာမကျော်ကြား အမျိုးသား၏။ ဘိက္ခုဘာဝေါ၊ ရဟန်းပဉ္စင်း၏အဖြစ်သည်။ အဟု၊ ကောင်းစွာမ‌ေ◌ ဖြစ်ခဲ့ပါပေ တော့သတည်း။

သာဓု . . . သာဓု . . . သာဓုပါဘုရား။

ဧဟိဘိက္ခုရဟန်း

ရဟန်းအဖြစ်ကိုတောင်းတော့ မြတ်စွာဘုရားကလည်း ရဟန်း ပြုပေးလိုက်တယ်ပေါ့။ ဟိုအရင်တစ်ချိန်တုန်းက သီလရှိတဲ့ ရဟန်း

သံဃာတော်မြတ်အပေါင်းအား သင်္ကန်း၊ သပိတ်၊ ပရိက္ခရာ လှူဒါန်းခဲ့ဖူးတဲ့ အတိတ်ကောင်းမှုတွေကို မြင်လိုက်တော့ ဧဟိဘိက္ခု ခေါ်ထိုက်တယ်ဆိုတာ မြတ်စွာဘုရားက မြင်တော်မူတော့ ဧဟိဘိက္ခု ခေါ်လိုက်တယ်ပေါ့။ ကံမပါရင် ဘုရားလည်း ဘာမှ မတတ်နိုင်ပါဘူး။ ကံပါမှ ဘုရားက ကူညီပေးနိုင်တာပါ။ ဧဟိဘိက္ခု ခေါ်ထိုက်တဲ့ ကံတရားတွေ ပါခဲ့ပုံကို မြတ်စွာဘုရားက မြင်တော်မူတော့ လက်ျာလက်တော်ကို ဆန့်တန်းပြီးတော့မှ။

ဧဟိဘိက္ခု၊ ချစ်သား ရဟန်းလာခဲ့ပါကွယ်။ သွာက္ခာတော ဓမ္မော၊ ငါဘုရား သာသနာမှာ အစ၊ အလယ်၊ အဆုံး သုံးပါးလုံး ကောင်းခြင်းနှင့် ပြည့်စုံတဲ့ တရားတွေကို ဟော ကြားပြီးထားပါပြီကွယ်။ စရ ဗြဟ္မစရိယံ၊ အဲဒီလို ဟော ကြားပြီးတော့ထားတဲ့ တရားအကုန်လုံးကို သေသေချာချာ ကောင်း ကောင်းမွန်မွန်လာပြီးတော့ ကျင့်လှည့်စမ်းပါကွယ်၊ သမ္မာ ဒုက္ခဿ အန္တကိရိယာယ၊ ဘာကြောင့်လဲဆိုတော့ အိုလို့လည်းမပြီး၊ နာလို့ လည်းမပြီး၊ သေလို့လည်းမပြီး၊ ပူဆွေးငိုကြွေးလို့လည်းမပြီးနိုင်တဲ့ သံသရာဝဋ်မီးတွေက တဟုန်းဟုန်း တောက်လောင်နေတဲ့ သံသရာ ဝဋ်ဒုက္ခ လောင်စာခပ်သိမ်းမှ လမ်းဆုံးပြီးတော့ လွတ်မြောက်သွားဖို့လို့ ပါကွယ်လို့ မြတ်စွာဘုရားက "ဧဟိဘိက္ခု" ခေါ်တော်မူလိုက်တယ်။

ခေါ်လိုက်တော့လေ ကံတရားက သူ့ကို ချက်ချင်း အကျိုးပေးလိုက်တယ်ဗျ၊ ဘယ်သူကမှ ခေါင်းမရိတ်ရဘဲနဲ့ ခေါင်းက လူဆိုးရဲဆံပင်တွေ အကုန်ပျောက်သွားတယ်။ သင်္ကန်းတွေ ပေါ်လာ တယ်။ ခေါင်းတုံးပြီးသား သင်္ကန်းဝတ်ပြီးသား၊ သပိတ်ကလည်း လွယ်ပြီးသား၊ ကံက ပေးလိုက်တာပါ။ ကံမပါဘဲနဲ့ ဘုရားလည်း ဘာမှ မတတ်နိုင်ပါဘူး။

အဲဒါနဲ့ ဖေဟိဘိက္ခုခေါ်လိုက်တဲ့အခါ ကာလကျတော့ ရဟန်းရဲ့ အသွင် ချက်ချင်းပေါ်လာပြီးတော့ ဝါတော် ခြောက်ဆယ်ရတဲ့ မထေရ်မြတ်ကြီးလို ဣန္ဒြေတည်ငြိမ်ရင့်ကျက်စွာနဲ့ ရဟန်းတော် အရှင်အင်္ဂုလိမာလမထေရ်လို့ အမဲကနေ အဖြူကို ကူးသွားပြီပေါ့။

သူတော်ကောင်းနဲ့တွေ့ရတာ အဖိုးတန်လိုက်တာ။ သူတော်ကောင်းတရားကို နာရတာ အဖိုးတန်လိုက်တာ၊ ဟောဒီ သာသနာတော်ကြီးကလည်း အံ့ဩစရာကောင်းလိုက်တာ၊ အဖိုးတန်လိုက်တာ၊ မိုက်ရိုင်းကြမ်းတမ်းလှတဲ့ လူမိုက်ကြီးကနေပြီးတော့ ယခုအခါမှာ သူတော်ကောင်းအအေးဓါတ်တွေနဲ့ တွေ့ရလို့ သာသနာတော်ကို ဝင်ရောက်လာပြီ။ မြတ်စွာဘုရားနဲ့တွေ့ရလို့ သူတော်ကောင်းတရားကို အပြည့်အဝဖြည့်ကျင့်ချင်လို့ သာသနာဘက် ရောက်လာပြီး မြတ်စွာဘုရားကလည်း အင်္ဂုလိမာလကို ဆုံးမခြင်း၊ ကိစ္စပြီးပြီဖြစ်တဲ့ အတွက် အင်္ဂုလိမာလကို နောက်ပါ တပည့်အနေနဲ့ ခေါ်ပြီးတော့မှ သာဝတ္ထိပြည် မွန်ဇေတဝန်ကျောင်းတော်သို့ ဆက်ပြီးတော့ ကြွသွားတော်မူတယ်။

**တတြ သုဒံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ၊ ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။**

တတြ သာဝတ္ထိယံ၊ ထိုသာဝတ္ထိမြို့၌။ ဘဂဝါ၊ ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော ဘုရားရှင်သည်။ အနာထပိဏ္ဍိကဿ၊ အနာထပိဏ် သူဌေး၏။ အာရာမေ၊ အရာမ်ဖြစ်ပေသော။ ဇေတဝနေ၊ ဇေတဝန်မည်ဟိုး ကျောင်းတိုက်ကြီး၌။ ဝိဟရတိ၊ ဣရိယာပထ မျှတစွင်ပြုး သီတင်းသုံးနေတော်မူလေ သတည်း။

သာဓု . . . သာဓု . . . သာဓုပါဘုရား။

အင်္ဂုလိမာလကို နောက်ပါရဟန်းအဖြစ်နဲ့ခေါ်ပြီးတော့ မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်ကို ပြန်ကြွတော်မူပြီး ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးတော်မူပြီ။

အဲဒီအချိန်မှာပဲ အင်္ဂုလိမာလ ရဲ့ မိခင်က တောထဲမှာ သားကိုရှာနေသတဲ့။ မိခင်နှင့် မတွေ့ လိုက်ပါဘူးဗျ၊ မိခင်နှင့် အင်္ဂုလိမာလ မတွေ့ပါဘူး။ တချို့ ဇာတ်ထုတ်တွေမှာ ပြထားတာ မိခင်နှင့် အင်္ဂုလိမာလတွေတဲ့ သဘော၊ မတွေ့ပါဘူး။ မတွေ့တော့ မိခင်က တောထဲမှာ လိုက်ရှာနေလိုက်တာ နေရာအားဖြင့်တော့ သူနေတဲ့ နေရာနဲ့ ရှစ်ဥဿဘလောက်တော့ ခြားတယ်၊ ဝေးတယ်၊ ဒီလောက်တော့ ဆိုပါတယ်။

သားကို လိုက်ပြီး ရှာလိုက်တာ ငါ့သား အဟိံသကလေး ဘယ်မှာနေသလဲကွယ်။ အမေ့အသံ ကြားတဲ့နေရာက မြန်မြန် လာခဲ့ကွယ်၊ ရှင်ဘုရင်ကတော့ သားကို ဖမ်းတော့မယ်၊ သားကို သတ်တော့မယ်၊ အော် . . . အမေ့အသံကြားတဲ့နေရာ မြန်မြန် လာခဲ့ကွယ်။ သား ဘယ်နားမှာ နေသလဲကွဲ့၊ အသံပေးပါကွဲ့၊ ကြားတဲ့နေရာက လာခဲ့ပါကွဲ့လို့ တောထဲမှာ လိုက်ပြီးမှရှာ၊ ဘယ်လိုမှ ရှာလို့မတွေ့တော့ဘူး။ ကဲလေ မတွေ့ရင်လည်း သူ့ကံပဲဆိုပြီးတော့မှ သူ့ရဲ့မိခင်လည်းပဲ အိမ်ကို ပြန်သွားခဲ့ပါပြီ။

## လူဆိုးကြီးဖမ်းဆီးရန် ဘုရင်ကြီးထွက်ခွာ

အဲဒီအချိန်မှာပဲ သာဝတ္ထိမြို့မှာပေါ့၊ ပသေ နဒီ ကောသလ မင်းကြီးရဲ့ နန်းတော်မှာ အထူးအားဖြင့် တောရွာက ပြောင်းလာ ကြတဲ့ တိုင်းသူပြည်သား လူအများတွေကတော့ အပြင်းအထန်

တောင်းဆိုနေကြပြီ။ အင်္ဂုလိမာလ ကမ္ဘာကျော် လူဆိုးကြီးကို ဖမ်းဆီးပေးပါ။ ဖမ်းဆီးပေးပါလို့ အပြင်းအထန် တောင်းဆိုနေကြပြီ။ တောင်းဆိုလွန်းတော့ ပသေ နဒီ ကောသလမင်းကြီးကလည်း မနေနိုင်တော့ဘူး။ အရင့်အရင်နေ့တုန်းက စစ်တပ်တွေ လွှတ်လိုက်တော့လည်း စစ်တပ်တွေက ပြန်မလာကြတော့ဘူး။ အင်္ဂုလိမာလ သတ်တာနဲ့ပဲ အကုန်သေကုန်ကြတယ်။ ဒါကြောင့် ဒီနေ့တော့ မဖြစ်တော့ဘူး၊ တိုင်းသူပြည်သားတွေက အစွမ်းကုန် တောင်းဆိုနေကြပြီ။ ငါမသွားလို့ မဖြစ်တော့ဘူး၊ ငါကိုယ်တိုင် သွားမှဖြစ်မယ် ဆိုပြီးတော့မှ မြင်းပေါင်းငါးရာနှင့်တကွ အခြံအရံ ပရိသတ် စစ်တပ်ပေါင်းမြောက်မြားစွာနဲ့ နေ့လည်ကြောင်တောင် အချိန်ကြီးမှာ ပသေ နဒီ ကောသလမင်းကြီးဟာ နန်းတော်က ထွက်လာတယ်။ အင်္ဂုလိမာလကို ဒီနေ့တော့ ငါကိုယ်တိုင်သွားဖမ်းမယ် ဆိုပြီးတော့ ထွက်လာတယ်။

ထွက်လာတဲ့အခါမှာ မြို့တံခါးဝကို ရောက်လာတော့ စဉ်းစား ပြန်သတဲ့။ ဟုတ်ပြီ၊ ငါက အင်္ဂုလိမာလကို ဖမ်းဖို့သွားတာတော့ ဟုတ်ပြီ၊ ငါကကော ဘာမို့လိုလဲ၊ ဟော ဘာမို့ပုံ့လလို့ မေးရတာက ငါက သူ့ကိုသွားဖမ်းတဲ့ အခါကာလမှာ အင်္ဂုလိမာလက လက်ဦးရင်လည်း ငါ့ကို သတ်ဦးမှာလို့ အင်္ဂုလိမာလကို ကြောက်တဲ့စိတ်တွေ ပေါ်လာတယ်။ အင်္ဂုလိမာလကို ရှင်ဘုရင်က လည်း ကြောက်ရတာပဲ။ ရှင်ဘုရင်က ကြောက်တယ်ဆိုတာက သူ့ရဲ့ စိတ်အစဉ်မှာ မြှုပ်နှံထားတဲ့ ကိလေသာဓါတ်ငွေ့တွေ ကြောင့် ကြောက်နေရတာပါ။ ကိလေသာ လက်နက်တွေ ကြောင့်၊ ကိလေသာမိုင်းဗုံးတွေကြောင့် ကြောက်နေရတာပါ။

အဲလို ကြောက်တဲ့စိတ်တွေ ပေါ်လာတဲ့အခါကာလကျတော့လေ မသွားချင်ပြန်တော့ဘူးတဲ့။ မသွားပြန်တော့လည်း တိုင်းသူပြည်သားတွေက ကဲ့ရဲ့ကြ၊ ဆူပူကြတော့မှာ။ သွားပြန်ရင်လည်း အသတ်ခံရမှာ ကြောက်နေပြန်တယ်။

## ဘုရားကျောင်းတော်ဝင်

အဲဒါနဲ့ပဲ သွားရကောင်းမလား၊ မသွားဘဲ နန်းတော်ပဲ လှည့်ပြန်သွားရကောင်းမလား၊ ချီတုံချတုံ၊ ချီတုံချတုံနဲ့ အဲလို စဉ်းစားနေတုန်းမှာ အကြံတစ်ခုပေါ်လာတယ်။ မြတ်စွာဘုရားထံသွားရင်တော့ ကောင်းမှာ။ ဗေဒင်ဆရာမေးတဲ့ သဘောမျိုးပါပဲ။ မြတ်စွာဘုရားထံကို သွားတဲ့အခါကာလမှာ မြတ်စွာဘုရားက မေးလိမ့်မယ်။ ပရိသတ်အများကြီးနဲ့ ဘယ်ကို သွားမလဲလို့ မေးလိမ့်မယ်။ အဲဒီအခါမှာ ငါက အင်္ဂုလိမာလကို ဖမ်းဖို့သွားမယ်လို့ ပြောမယ်။ အဲဒီအချိန်မှာ မြတ်စွာဘုရားက နေပြီးတော့ တကယ်လို့ ငါက အင်္ဂုလိမာလကို နိုင်မယ်ဆိုရင် မြတ်စွာဘုရားက တိတ်တိတ်နေလိမ့်မယ်။ တကယ်လို့ ငါက အင်္ဂုလိမာလကို မနိုင်ဘဲ ရှုံးမယ်ဆိုရင် မြတ်စွာဘုရားက မသွားပါနဲ့လို့ တားလိမ့်မယ်။ ဒါကြောင့် ငါသွားလိုက်ဦးမယ်။ တကယ်လို့များ မြတ်စွာဘုရားက ဒကာကြီး မသွားပါနဲ့လို့များ တားလိုက် ရင်ကောင်းမှာလို့ အဲဒီလိုပဲ တောင့်တနေသတဲ့။ ကောသလမင်းကြီးဟာ အင်္ဂုလိမာလကို ဖမ်းဖို့သွားသားပဲ။ "မြတ်စွာဘုရားက မသွားနဲ့"ဆိုလို့ မသွားဘူးတဲ့ ဆိုတော့ သူ့မှာက ပြောလို့ ကောင်းသွားတာပေါ့။

အဲဒါနဲ့ပဲ သာဝတ္ထိမြို့မှာရှိတဲ့ ဇေတဝန်ကျောင်းတော်သို့ ပရိသတ်နှင့်တကွ သွားတာ။ သွားတဲ့အခါမှာ မြင်းတွေကို

ကျောင်းရဲ့အပြင်ဖက်မှာ ထားခဲ့၊ စစ်တပ်ဗိုလ်ပါ မှူးမတ်အခြံအရံတွေနဲ့ တကွ ကျောင်းပေါ်ကို တက်ပြီးမှ မြတ်စွာဘုရားအနီးကို ရောက်တဲ့ အခါ သေသေချာချာ ရိုရိုသေသေ ပရိသတ်နှင့်တကွ ရှိခိုး၊ သင့်တော်တဲ့ နေရာများမှာ နေပြီးတော့ အဲဒီလိုနေကြတယ်။ အဲဒီအချိန်မှာ အရှင် အင်္ဂုလိမာလကလည်း မြတ်စွာဘုရားရဲ့ မနီးမဝေးမှာ၊ တစ်နေရာမှာ ဂူနွေကြီးနဲ့ ထိုင်လို့တဲ့ဗျာ။ ဖြစ်ပုံက "ထန်းသီးကြွေခိုက်၊ ကျီးနင်းခိုက်" တဲ့၊ လောကမှာ ဖြစ်တတ်တယ်။ ပသေနဒီ ကောသလမင်းကြီး သွားတာက အင်္ဂုလိမာလကို ကြောက်တာနဲ့ အင်္ဂုလိမာလကို ရှောင်မလို့ သွားတာ။ ပက်ပင်း အင်္ဂုလိမာလနှင့် သွားတွေ့ နေတယ်။ အခု အဲဒီတော့ မြတ်စွာဘုရား မနီးမဝေးမှာ အင်္ဂုလိမာလက ရဟန်းဝတ်နဲ့ ထိုင်လို့ရှိနေတယ်။ ပသေနဒီ ကောသလမင်းကြီးက အခြံအရံ ပရိသတ်နဲ့ မြတ်စွာဘုရားအနားမှာ ရှိနေပြီးတော့မှ ထိုင်နေတြတယ်။

အဲဒီအချိန်မှာ မြတ်စွာဘုရားက မေးတယ်။ ဒကာတော် မင်းကြီး ပရိသတ်တွေ များလှချည်လား။ ဗိမ္ဗိသာရမင်းကြီးကို စစ်တိုက်သွား မလို့လား၊ ဝေသာလီပြည် လိစ္ဆဝီမင်းသားတွေကို စစ်တိုက်သွား မလို့လား၊ ဒီပြင်ရန်သူမင်းတွေကို စစ်တိုက်ဖို့ သွားမလို့လားလို့ မြတ်စွာဘုရားက မေးတော့ တပည့်တော် ရန်သူမင်းတွေကို စစ်တိုက်ဖို့ သွားတာ မဟုတ်ပါဘူးဘုရား၊ တိုင်းပြည်အတွင်းမှာ အင်္ဂုလိမာလ ကမ္ဘာကျော်လူဆိုးကြီး သောင်း ကျန်းနေတဲ့အတွက် အင်္ဂုလိမာလဆိုတဲ့ လူဆိုးကြီးကို ဖမ်းမလို့ သွားတာပါဘုရားလို့ အဲလိုလျှောက်ထားတော့ မြတ်စွာဘုရားက သူ့ကို မေးတယ်။

ဒကာတော်မင်းကြီး ခုနကပြောတဲ့ အင်္ဂုလိမာလဟာလေ တကယ်လို့များ ခုနေအခါမျိုးမှာ ရဟန်းများပြုသွားမယ် ဆိုလို့ရှိရင် ရဟန်းပြုပြီးတော့ ရဟန်းများရဲ့ ကျင့်ဝတ် သိက္ခာတွေကို ဖြည့်ကျင့်ပြီးတော့မှ သူတော်ကောင်းပုံစံနဲ့သာ နေသွားမယ်ဆိုရင် သူတော်ကောင်းအလုပ်တွေကိုများ လုပ်နေမယ်ဆိုရင် အဲဒီ အင်္ဂုလိမာလကို ဒကာတော်မင်းကြီး ဘယ့်နှယ့်လုပ်မလဲ။

အဲဒီလိုမေးတော့ ကောသလမင်းကြီးက ဒကာတော် အလိုရှိနေတဲ့ အင်္ဂုလိမာလဟာ တကယ်လို့များ မြတ်စွာဘုရား၊ အင်္ဂုလိမာလသာ ရဟန်းပြုသွားရင်တော့ ရှိခိုးမှာပါဘုရား၊ ခရီးဦးကြိုပြုမှာပါဘုရား၊ ပူဇော်မှာပါဘုရား၊ ပစ္စည်းလေးပါးနဲ့ လိုလေသေးမရှိ ဖိတ်မံပြီးတော့ လှူဒါန်းမှာပါဘုရား၊ ရဟန်းတော်များနှင့် ထိုက်တန်တဲ့ အစောင့်အရှောက်များကိုလည်း လိုလေသေးမရှိ ပေးမှာပါဘုရား။ အင်္ဂုလိ မာလသာ ရဟန်းပြုသွားမယ်ဆိုရင် ဘုရားတပည့်တော် အတိုင်းထက်အလွန် ဝမ်းသာကြောင်းပါ ဘုရားလို့ လျှောက်ထားပြီးတော့ တရေးစကားအတွက် တွန့်လိုက်ပြန်တယ်။

**ကုတော ပနဿ ဘန္တေ ဒုဿီလဿ ပါပဓမ္မဿ ဧဝရူပေါ သီလသံယမော ဘဝိဿတိ**

မြတ်စွာဘုရား ဒီလောက် ကမ္ဘာကျော်အောင် မိုက်လှတဲ့ လူရာပေါင်းများစွာ သတ်နေတဲ့ ကမ္ဘာကျော်လူဆိုးကြီး အင်္ဂုလိမာလဟာ ရဟန်းပြုဖို့ဆိုတာတော့ မဖြစ်နိုင်ပါဘုရား၊ ရဟန်းပြုပြီးတော့ ရဟန်းများရဲ့ ကျင့်ဝတ် သီလ သိက္ခာကို ကျင့်ကြံအားထုတ်နေတဲ့ သူတော်ကောင်းဖြစ်ဖို့ ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘုရား။

သူက အဲလိုလျှောက်တယ်။ အဲလိုလျှောက်နေတဲ့အချိန်မှာပဲ အရှင် အင်္ဂုလိမာလဟာ မြတ်စွာဘုရားရဲ့ မနီးမဝေးအရပ်မှာ ထိုင်လို့ရှိနေတော့ မြတ်စွာဘုရားက လက်ျာလက်ကို ဆန့်တန်းပြီးတော့မှ အင်္ဂုလိမာလ နေတဲ့ဘက်ကို လက်ညှိုးထိုးပြီးမှ ပြောလိုက်တယ်။

## အင်္ဂုလိမာလကြောက်လို့ ကျောင်းလာကာမှ

ဧသော မဟာရာဇ အင်္ဂုလိမာလော။

ခုန ဒကာတော်မင်းကြီးပြောနေတဲ့ အင်္ဂုလိမာလ, အင်္ဂုလိမာလ ဆိုတာ ဟိုမှာ ထိုင်နေကဲ့ ပုဂ္ဂိုလ်ပဲလို့ လက်ညှိုးထိုးပြလိုက်တယ်။ အဲလို လက်ညှိုးထိုးပြတော့ ဘာတွေဖြစ်ကုန်သလဲဆိုရင် ရှင်ဘုရင် နောက်က ထိုင်နေတဲ့ ပရိသတ်တွေက အများကြီး၊ အဲဒီပရိသတ်တွေ ကလေ ဒါဟာ အင်္ဂုလိမာလပါပဲလို့လည်း သိရော အကုန်လုံး ဦးတည့်ရာ ထပြေးကုန်တယ်။ တစ်ယောက်မှ မကျန်ဘူး။ အကုန်ဆင်းပြေးကုန်တော့တာပဲ။ ဦးတည့်ရာ အကုန်ပြေး၊ ငါတို့ ကံဆိုးလိုက်တာဟယ်၊ အင်္ဂုလိမာလကို ကြောက်လို့ ကျောင်းကို လာတယ်ဆိုခါမှ ဘယ့်နှယ့် အင်္ဂုလိမာလနဲ့ လာတိုးနေရပါလိမ့်၊ တယ် ကံဆိုးတာပဲဆိုပြီးတော့ ကျောင်းပေါ်က ဆင်းအတင်းပြေးကုန် ကြတော့တာပဲ။ ကျောင်းဝိုင်းထဲကို မနေရဲတော့ဘူး။ တစ်ခါတည်း မြို့ထဲကိုဝင်၊ တံခါးတွေပိတ်၊ ကျန်ရစ်တာက ပသေ နဒီ ကောသလမင်းကြီးတစ်ယောက်တည်း၊ တစ်ယောက်တည်းကျန်တာ ကလည်း သတ္တိကောင်းလို့လား မဟုတ်ဘူးတဲ့။

ထပြေးရမှာ မတော်လို့ ဦးတည်ပြီးတော့ ရှေ့သွားခေါင်းဆောင် အနေနဲ့ လာခဲ့တာဆိုတော့ သူက ရှေ့ကနေ ထပြေးရမယ်ဆိုတာက

မတော်လွန်းလို့ ကျန်ရစ်တာ။ တစ်ယောက်တည်း ကျန်ရစ်တာ၊ တစ်ယောက်တည်း ကျန်ရစ်ပေမယ့် ဟန်ဆောင်လို့ မရတော့ဘူးတဲ့ဗျ၊ တစ်ကိုယ်လုံး ဆတ်ဆတ်တုန် တစ်ခါတည်း ကြောက်လိုက်တာ၊ ကြောက်လိုက်တာ၊ ဩော် ငါ့ကံဆိုးလိုက်တာ၊ အင်္ဂုလိမာလကို ကြောက်လွန်းလို့ ကျောင်းကိုလာလိုက်ခါမှပဲ အင်္ဂုလိမာလနဲ့ လာတိုး ရတယ်။ ဖြစ်မှ ဖြစ်ရလေခြင်းဆိုပြီးတော့မှ ကြောက်လိုက်တာ၊ ကြောက်လိုက်တာ၊ ကြောက်တဲ့စိတ်တွေ တစ်ကိုယ်လုံး ဆတ်ဆတ် တုန်ပြီးတော့ ကြက်သီးမွေးညှင်း တဖြန်းဖြန်း ထပြီးတော့ ကြောက်လိုက်တာတဲ့။

ဒီတော့ ဒီအချိန်မှာ အရှင်အင်္ဂုလိမာလကို တွေ့နေရတာ ရဟန်းဝတ်နဲ့ တွေ့နေရတာပါ။ သူတော်ကောင်း ပုံစံနဲ့ တွေ့နေရ တာပါ။ အရှိန်အဝါနဲ့သာ ကြောက်နေကြတာပါ။ တကယ် လို့များ တောထဲမှာပေါ့ လက်နက်ကြီး၊ သန်လျက်ကြီး တဝင်းဝင်းနဲ့ "အဟံ အရေ အင်္ဂုလိမာလော = ငါ အင်္ဂုလိမာလတဲ့ဟေ့" လို့ ကြုံးဝါးပြီး လူဆိုးကြီးပုံစံနဲ့သာ တွေ့ရရင်တော့ ဒီလူတွေ အကုန် အသက်ထွက်ကုန်မှာ၊ မလွယ်ဘူး၊ အရှိန်အဝါ သိပ်ကြီးတာ။

အဲဒါနဲ့ ပသေ နဒီ ကောသလမင်းကြီးက နောက်လှည့် ကြည့်တော့လည်း ပရိသတ်ကလည်း တစ်ယောက်မှမရှိ။ ရှေ့ကို ကြည့်လိုက်တော့လည်း အင်္ဂုလိမာလကို မြင်နေရ၊ ဟာ ကြောက်လိုက်တာလည်း တစ်ခါတည်း ဘယ်လိုမှ ထိမ်းလို့ သိမ်းလို့မရအောင် ဖြစ်နေတော့ မြတ်စွာဘုရားက သိတော်မူတယ်။ အော် ပသေ နဒီ ကောသလမင်းကြီး ဆောက်တည်ရာမရအောင် အလွန်တရာမှ ကြောက်ရွံ့တုန်လှုပ်နေတယ်။ သူ့ပရိသတ်တွေကလည်း

တစ်ယောက်မှမရှိတော့ဘူး။ ငါဘုရားက နှစ်သိမ့်စကားမပြောရင်တော့ ဒီဘုရင်ကြီးတော့ မလွယ်တော့ဘူး။ ငါဘုရား နှစ်သိမ့်စကားပြောဦးမှ ဖြစ်မယ်ဆိုပြီးတော့ မြတ်စွာဘုရားက နှစ်သိမ့်စကား မြွက်ကြားတော်မူပါတယ်။

မာဘာယိ မဟာရာဇ နတ္ထိ တေ ဣတော ဘယံ

မဟာရာဇ၊ ဒါယကာမင်းမြတ်။ မာဘာယိ၊ အင်္ဂုလိမာလကို မကြောက်ပါနဲ့တော့။ ဣတော၊ ဤအင်္ဂုလိမာလမှ။ ဣတော၊ ဤ အင်္ဂုလိမာလ ကြောင့်။ တေ၊ သင် ဒါယကာမင်းအတွက်။ ဘယံ၊ ကြောက်စရာဖြစ်တဲ့ ဘေးရန်အန္တရာယ် အမျိုးမျိုးသည်။ နတ္ထိ၊ မရှိတော့ပါဘူး။ ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါး သခင် ဘုရားရှင်ကိုယ်တော်မြတ်သည်။ အဝေါစ၊ ကရုဏာတရား မေတ္တာထား၍ မိန့်ကြားတော်မူလိုက်ပါပေသတည်း။

သာဓု . . . သာဓု . . . သာဓုပါဘုရား။

ဒကာတော်မင်းကြီး မကြောက်ပါနဲ့တော့၊ လူတစ်ယောက်ကို ကြောက်ရတယ်ဆိုတာက အဲဒီလူရဲ့ စိတ်နှလုံးအစဉ်မှာ ကိန်းဝပ်နေတဲ့ မကောင်းမှုဒုစရိုက် အကုသိုလ်တရားတွေကြောင့် ကြောက်ရတာပါ။ အဲဒီပုဂ္ဂိုလ်ရဲ့ စိတ်နှလုံးအစဉ်မှာ အေးမြလှတဲ့ သူတော်ကောင်းတရား တွေ ကိန်းဝပ်သွားပြီဆိုလို့ရှိရင်တော့ အဲဒီပုဂ္ဂိုလ်ဟာ ဘာအန္တရာယ်ကိုမှ ပြုမှာ မဟုတ်တော့ပါဘူး။ ဘာမှ ကြောက်စရာ မလိုတော့ပါဘူး။ ဤအင်္ဂုလိမာလရဲ့ စိတ်နှလုံးအစဉ်မှာ သူတော်ကောင်းတရားတွေ ကိန်းဝပ်လို့သွားပါပြီ။ သီလ၊ သမာဓိကောင်းတဲ့ တရားတွေ၊ သူတော်ကောင်းတရားတွေ ကိန်းဝပ်လို့သွားကြပါပြီ။ သူများအသက်ကို သတ်မှာလည်းမဟုတ်တော့ပါဘူး။ သူတော်ကောင်းတရားတွေ ကိန်းဝပ်

သွားပြီဖြစ်တဲ့အတွက်ကြောင့်မို့ ဘာမှ မကြောက်ပါနဲ့တော့။ အဲဒီလို မိန့်ကြားတော်မူတော့မှ ပသေ နဒီ ကောသလမင်းကြီးက အကြောက်ပြေသွားတယ်။ အကြောက်ပြေသွားတဲ့အခါကျတော့ ပသေ နဒီ ကောသလမင်းကြီးက ဒီလောက်တောင် နာမည်ကြီးတဲ့ကိုယ်တော် ငါ အနားသွားပြီး စကားပြောဦးမယ်ဆိုပြီးတော့ နေရာကထ ထပြီးတော့ အရှင်အင်္ဂုလိမာလ ထိုင်နေရာနားသွားပြီးတော့ သူက စ,စကားပြောတယ်။

အယျော နော ဘန္တေ အင်္ဂုလိမာလော။

အရှင်ဘုရား၊ အရှင်ဘုရား သတင်းကြားရတာတော့ ကြက်သီး တွေထတယ်ဘုရား၊ တပည့်တော်ကြားခဲ့ရတာ ကမ္ဘာကျော်လူဆိုး ကြီး အင်္ဂုလိမာလ၊ ကမ္ဘာကျော်လူဆိုးကြီး အင်္ဂုလိမာလလို့ ကြားခဲ့ရတာ တပည့်တော် ကြားဖူးတဲ့ ကမ္ဘာကျော်လူဆိုးကြီး အင်္ဂုလိမာလဆိုတာ အရှင်ဘုရားလားလို့ မေးတယ်။

မေးတော့ အရှင် အင်္ဂုလိမာလကလည်း "ဧဝံ မဟာရာဇ" ဟုတ်ပါတယ်ဒကာကြီး၊ ဒကာကြီး ကြားဖူးတဲ့ ကမ္ဘာကျော်လူဆိုး ကြီး အင်္ဂုလိမာလဆိုတာဟာ ကျုန်ုပ်ပါပဲ။

အဲလိုပြောတယ်၊ အဲလိုပြောတော့ စဉ်းစားကြည့်ပေါ့။ သူတို့နှစ်ဦး တောတွင်းမှာများ သူတို့နှစ်ဦး တွေ့ကြရင်တော့ အင်္ဂုလိမာလ လက်ဦးရင်လည်း အင်္ဂုလိမာလက ပသေ နဒီ ကောသလမင်း ကြီးကို အရင်သတ်လိုက်မှာပဲ။ ပသေ နဒီ ကောသလမင်း ကြီးက လက်ဦးရင်လည်း ပသေ နဒီ ကောသလမင်းကြီးက အင်္ဂုလိမာလကို အရင်သတ်လိုက်မှာပဲ။ ယခုတော့ သူတော်ကောင်းရဲ့ အရိပ်တွေ၊ ဘုရားရဲ့ အရိပ်တွေ၊ သာသနာရဲ့ အရိပ်တွေ၊

အေးမြလှတဲ့ သူတော်ကောင်း ရဲ့အရိပ်အာဝါသအောက်ကို ရောက်နေကြတော့ အချင်းချင်း တစ်ဦးနဲ့တစ်ဦး ဘာအန္တရာယ်မှ မပြုကြတော့ပဲနဲ့ ရင်းရင်းနှီးနှီးနဲ့ စကားပြောနေကြတယ်။ စကားပြောပြီးတော့ နေကြတဲ့အခါမှာ ပသေယ နဒီ ကောသလမင်းကြီးက ဆက်ပြီးတော့မေးတယ်။

ကထံ ဂေါတ္တော အယျသ ပိတာ ကထံ ဂေါတ္တာ

မာတာ—

အရှင်ဘုရား၊ အရှင်ဘုရားရဲ့ ခမည်းတော်က ဘယ်အမျိုးအနွယ်ပါလဲဘုရား။ အရှင်ဘုရားရဲ့ မယ်တော်က ဘယ်အမျိုးအနွယ်ပါလဲဘုရား။

ဘာကြောင့်မေးရတာလဲဆိုတော့ အင်္ဂုလိမာလဆိုတဲ့ စကားကို မသုံးချင်တော့ဘူးတဲ့။ ကျက်သရေတုန်းလွန်းလို့၊ ကောင်းတဲ့အလုပ်ကြောင့် ရလာတဲ့ နာမည်မဟုတ်ဘဲ မကောင်းတဲ့အလုပ်ကြောင့် ရလာတဲ့ လူသေကောင်၊ လူသေကောင်ရဲ့ လက်ညှိုးပန်းကုံးကြီးကို ဝတ်ဆင်ထားတဲ့ ကမ္ဘာကျော်လူဆိုးကြီးလို့ အဓိပ္ပါယ်ရတဲ့ အင်္ဂုလိမာလ နာမည်ကို မသုံးချင်တော့ဘူး။ ပြီးတော့ လေးစားထိုက်တဲ့ ရဟန်းတော်အရှင်မြတ်ကို မကောင်းတာလုပ်လို့ရလာတဲ့ နာမည်နဲ့ သုံးနှုန်းပြီးတော့ မပြောချင်ဘူး။ အမျိုးအနွယ်နဲ့ ယဉ်ယဉ်ကျေးကျေးနဲ့ ပြောချင်တယ်။ ဒါကြောင့်မို့လို့ မိဘအမျိုးအနွယ်တွေကို မေးရတာပါ။ မေးတဲ့အခါမှာ အရှင်အင်္ဂုလိမာလက—

ဂဂ္ဂေါ မဟာရာဇ ပိတာ၊ မန္တာဏီ မာတာ—

ဒကာတော်မင်းကြီး ကျွန်ုပ်ရဲ့မည်းတော်က ဒကာတော်မင်းကြီးရဲ့ ဆရာပေါ့။ ဒကာတော်မင်းကြီးရဲ့ ပုရောဟိတ်ပုဏ္ဏားကြီးဖြစ်တဲ့ ဘဂ္ဂဝပုဏ္ဏားကြီးပေါ့။ ဂဂ္ဂ အမျိုးအနွယ်ဖြစ်တဲ့ ဘဂ္ဂဝပုဏ္ဏားကြီးပေါ့။ မယ်တော်က မန္တာဏီ အမျိုးအနွယ်ဖြစ်တဲ့ မန္တာဏီပုဏ္ဏေးမကြီးပေါ့။ အဲလိုပြောတော့ ပသေ နဒီ ကောသလမင်းကြီးက–

**အဘိရမတု ဘန္တေ အယျော ဂဂ္ဂေါ မန္တာဏီ ပုတ္တော–**

အရှင်ဘုရား၊ ရိုးရာအမျိုးအနွယ်ကောင်းဖြစ်တဲ့ မန္တာဏီပုဏ္ဏေးမကြီးရဲ့ သားဖြစ်တဲ့ အရှင်ဘုရားဟာ သာသနာမှာ ပျော်ပျော်ကြီး သီတင်းသုံးတော်မူပါဘုရား။ ပြန်လို့တော့ မထွက်တော့ပါနဲ့ဘုရား။ ကြောက်လွန်းလို့ပါဘုရား၊ ကြောက်လွန်းလို့ပါဘုရား၊ အရှင်ဘုရား သတင်းကြားခဲ့ရတာ တပည့်တော်မှာ ကြက်သီးဖြန်းဖြန်းထလောက်အောင် ကြောက်ခဲ့ရပါတယ် ဘုရား။ ပြန်လို့တော့ လူမထွက်လိုက်ပါနဲ့ဘုရား။

**အဟမယျဿ ဂဂ္ဂဿ မန္တာဏိပုတ္တဿ ဥဿုက္ကံ ကရိဿာမိ၊ စီဝရ ပိဏ္ဍပါတ သေနာသန ဂိလာနပစ္စယ ဘေသဇ္ဇပရိက္ခာ ရာနံ–**

အဟံ၊ ဘုရားတပည့်တော်သည်။ ဂဂ္ဂဿ၊ ဂဂ္ဂ အမျိုးအနွယ်ဖြစ်သော။ မန္တာဏိပုတ္တဿ၊ မန္တာဏီပုဏ္ဏေးမ၏ သားဖြစ်သော။ အယျဿ၊ အရှင်ဘုရားအား။ စီဝရ ပိဏ္ဍပါတ သေနာသန ဂိလာန ပစ္စယ ဘေသဇ္ဇပရိက္ခာရာနံ။ သင်္ကန်း၊ ဆွမ်း ကျောင်းဆေး လို့ဆိုတဲ့ ပစ္စည်းလေးပါးတို့ဖြင့်။ ဥဿုက္ကံ၊ ကြောင့်ကြမှုပြု လျှုဒါန်း

အားထုတ်မှုကို။ ကရိသာမိ၊ သဒ္ဒါကြည်ဖြူ ပေးလှူပြုလုပ် ပါတော့အံ့ဘုရား။ ဣတိ၊ ဤသို့။ ရာဇာ၊ ပသေ နဒီ ကောသလမင်းကြီးသည်။ အာယသ္မန္တံ အင်္ဂုလိမာလံ၊ အင်္ဂုလိမာလ နာမကျော်ဟိး ရဟန်းတော် အရှင်မြတ်ကြီးကို။ အဝေါစ၊ ရှိသေညွတ်တွား၊ သဒ္ဒါပွား၍ လျှောက်ထားရာလေတော့သတည်း။

သာဓု . . . သာဓု . . . သာဓုပါဘုရား။

အရှင်ဘုရား၊ ဂဂ္ဂ အမျိုးအနွယ်ဖြစ်တဲ့ မန္တာဏီပုဏ္ဏေးမရဲ့ သားဖြစ်တဲ့ အရှင်ဘုရား ဘာမှ အားမငယ်နဲ့ဘုရား။ ပစ္စည်း လေးပါး တပည့်တော် အကုန်လုံး တာဝန်ယူတယ်။ ပစ္စည်းလေး ပါးဖြင့် လိုလေသေးမရှိအောင် တပည့်တော် ကြောင့်ကြတစ်ခု အားထုတ်ပြီးတော့ ပြုလုပ်လှူဒါန်းပါမယ်ဘုရားလို့ အဲလို လျှောက် ထားလိုက်တယ်။

ပသေနဒီ ကောသလမင်းကြီးနဲ့ အရှင်အင်္ဂုလိမာလ၊ အရှင် အင်္ဂုလိမာလနဲ့ ပသေ နဒီ ကောသလမင်းကြီးတို့ လမ်းဖြောင့်သွားပုံ လေးကို အာရုံပြုကြည့်စမ်းပါ။ အင်္ဂုလိမာလကလည်း ဒီနေ့တော့ ငါ လူတစ်ထောင်ပြည့်တော့မယ်။ လူတစ်ထောင်ပြည့်အောင် သတ်မယ်လို့ ရည်ရွယ်ထားတာ။ ဒါပေမယ့် သူဟာ လူတစ်ထောင် ပြည့်အောင် မသတ်လိုက်ရတော့ပဲနဲ့ ယခု ရဟန်းဖြစ်လာပြီ၊ ပသေနဒီ ကောသလမင်းကြီးကလည်း ဒီနေ့တော့ ငါ အင်္ဂုလိ မာလကို သွားဖမ်းမယ်လို့ ရည်ရွယ်ပြီးတော့ နန်းတော်က ထွက်လာတာ။ ဒါပေမယ့် အင်္ဂုလိမာလကို ရှိခိုးပြီးမှ အဲလိုသာ ပြန်ရလိမ့်မယ်။ အင်္ဂုလိမာလကို ရှိခိုးလို့သာ နှုတ်ဆက်လို့နေရတယ်။

သူတို့ လမ်းကြောင်းပြောင်းသွားကြတယ်။ အင်္ဂုလိမာလကလည်း ဒီနေ့ လူတစ်ထောင်ပြည့်အောင် သတ်မယ်။ တစ်ယောက်တည်းသာ လိုတော့တယ်။ လာချင်တဲ့ပုဂ္ဂိုလ် လာပါစေ ငါသတ်မယ်လို့ ရည်ရွယ်တယ် ဆိုပေမယ့် သူ့ရဲ့ရည်ရွယ်ချက်ကြီးဟာ မအောင်မြင်ဘူး။ လမ်းကြောင်းပြောင်းပြီးတော့မှ သာသနာတော်ထဲမှာ ရဟန်းအဖြစ်နဲ့ ရောက်နေခဲ့တယ်။ ပသေနဒီ ကောသလမင်းကြီးကလည်း ဒီကနေ့ တော့ ကမ္ဘာကျော်လူဆိုးကြီး အင်္ဂုလိမာလကို မိအောင်ဖမ်းမယ်လို့ နန်းတော်က ထွက်လာခဲ့တယ်။ ဒါပေမယ့် သူ့ရဲ့ရည်ရွယ်ချက်ဟာ လည်း မအောင်မြင်ဘူး။ ဤကဲ့သို့ မအောင်မြင်ခြင်းသည် ကောင်းသော လမ်းလွဲခြင်းဖြစ်ပါတယ်။ ကောင်းသော အောင် မြင်ခြင်း၊ ကောင်းသောလမ်းလွဲခြင်းဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ သူတို့ရည်ရွယ်ချက်ဟာ ရည်ရွယ်တဲ့အတိုင်း ဖြစ်မလာဘဲ လမ်းကြောင်းပြောင်းပြီးမှ သွားကြရတယ်။ ချစ်ချစ်ခင်ခင်၊ ကြည်ကြည်ညိုညို၊ လေးလေးစားစားနဲ့ တစ်ဦးနဲ့တစ်ဦး ဆက်ဆံပြီးမှ စကားပြောနေကြတယ်။ ပသေနဒီ ကောသလမင်းကြီးက အရှင်အင်္ဂုလိမာလကို ပစ္စည်းလေးပါးနှင့် ဖိတ်ပြီးတဲ့အခါမှာ လော ကွတ် ပြောရရောက်မှာစိုးလို့ မိမိခန္ဓာကိုယ်မှာ သိုင်းခြုံပြီးတော့ ပါလာတဲ့ သိုင်းခြုံထားတဲ့ အဝတ်တစ်ထည်ကို ချက်ချင်းချပြီးတော့မှ အရှင် အင်္ဂုလိမာလခြေရင်းမှာ ချပြီးတော့မှ လှူလိုက်တယ်။ "အရှင်ဘုရား ဟောဒါ သင်္ကန်းလျာအတွက် ဒီအဝတ်ကို အလှူ ခံတော်မူပါဘုရား" လို့ လှူလိုက်တယ်။

လှူလိုက်တော့ အရှင်အင်္ဂုလိမာလက ရဟန်းဖြစ်တဲ့နေ့ကစပြီး တော့ သင်္ကန်းသုံးထည်ကလွဲရင် အပိုကို မထားဘူး။ ဟော်ဘိက္ခု

အဖြစ်နဲ့ ရဟန်းဖြစ်တဲ့အချိန်ကစပြီး သပိတ်တစ်လုံး၊ သင်္ကန်းသုံးထည် ကကပေးလို့ ရခဲ့ပြီးသား။ ဒါကြောင့်–

**အလံ မဟာရာဇ ပရိပုဏ္ဏံ မေ စီဝရံ။**

ဒကာတော်မင်းကြီး သင်္ကန်းပြည့်စုံပါတယ်။ ပြန်ယူသွားပါတဲ့။

အလှူမခံပါဘူး၊ ပြန်ပေးပါတယ်။ အဲဒီလိုဆိုတော့ ပသေနဒီ ကောသလမင်းကြီးကလည်း ပြန်ယူသွားတယ်။ ပြန်ယူပြီးတော့ သွားတဲ့အခါကာလမှာ ထပြီးတော့ မြတ်စွာဘုရားအနားကို သွားပြီး တော့ ဘုရားကို အားရပါးရလျှောက်တယ်။ သာသနာစွမ်းရည် အားရလွန်းလို့ ဘုရား၊ သာသနာရဲ့ စွမ်းရည်အားရလို့ ဒီလောက် တောင် ကမ္ဘာကျော်အောင် မိုက်ရိုင်းပြီးတော့လာဝဲ့ အင်္ဂုလိမာလ ကမ္ဘာကျော်လူဆိုးကြီးကို ရဟန်းအဖြစ်ရောက်အောင် ယဉ်ကျေးအောင် ဆုံးမခဲ့တာများ အံ့သြလွန်းလို့ သွားပြီးတော့ အားရပါးရလျှောက်တယ်။

**အစ္ဆရိယံ ဘန္တေ အဗ္ဘုတံဘန္တေ၊**

မြတ်စွာဘုရား၊ အံ့သြစရာကောင်းလိုက်တာ ဘုရား၊ ထူးဆန်း လိုက်တာဘုရား။

**ယာဝဉ္စိဒံ ဘန္တေ ဘဂဝါ အဒန္တာနံ ဒမေတာ၊ အသန္တာနံ သမေတာ၊ အပရိနိဗ္ဗုတာနံ ပရိနိဗ္ဗာပေတာ။**

မြတ်စွာဘုရားဟာ အင်္ဂုလိမာလတို့လို ကမ္ဘာကျော်လူဆိုး ကြီးကိုလည်း လိမ္မာယဉ်ကျေးအောင် ဆုံးမတော်မူနိုင်ပါပေစွ၊ မြတ်စွာဘုရား အင်္ဂုလိမာလတို့လို ပွက်ပွက်ဆူအောင် အရိုင်း ကြီးကိုလည်း လိမ္မာယဉ်ကျေးအောင် ဆုံးမတော်မူ တတ်ပါပေစွ။ အင်္ဂုလိမာလတို့လို ပွက်ပွက်ဆူအောင် အပူကောင်ကြီးကိုသော်မှလည်း

ငြိမ်သက်အောင် ဆုံးမတော်မူနိုင်ပေစွ။ မြတ်စွာဘုရား အင်္ဂုလိမာတို့လို ပွက်ပွက်ဆူလောင်တဲ့ အရှုပ်ကောင်ကြီးကိုသော်မှလည်း ငြိမ်သက်ရှင်းလင်းသွားအောင် ဆုံးမတော်မူနိုင်ပါပေစွ မြတ်စွာဘုရား။

**ယံ ဟိ မယံ ဘန္တေ နာသက္ခိမှာ ဒဏ္ဍေနပိ သတ္ထေနပိ ဒမေတုံ။**

ဟောဒီ အင်္ဂုလိမာလဆိုတဲ့ ကမ္ဘာကျော်လူဆိုးကြီးကို ဘုရားတပည့်တော် လက်နက်တွေ၊ ဒုတ်တွေအမျိုးမျိုးနဲ့ စစ်တပ်တွေထောက်လှမ်းရေးတွေ အမျိုးမျိုးလွှတ်ပြီးတော့ ဖမ်းဆီးဖို့ ဆုံးမဖို့အမျိုးမျိုး ကြိုးစားခဲ့တယ်ဘုရား။ တပည့်တော်ကသာ လက်မြှောက်ခဲ့ရတာ ဘုရား။ တပည့်တော်ကသာ အရှုံးပေးခဲ့ရတယ်ဘုရား။

**သော ဘဂဝါ အဒဏ္ဍေန အသတ္ထေနေဝ ဒန္တော။**

သော၊ ထိုဘုရားတပည့်တော်က အရှုံးပေးရပါတယ်ဆိုတဲ့ အင်္ဂုလိမာလ နာမကျော်ဟီး ကမ္ဘာကျော်လူဆိုးကြီးကို။ ဘဂဝတော၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူငြား သဗ္ဗညုမြတ်စွာဘုရားကတော့။ အဒဏ္ဍေန၊ ဒုတ်လည်းမကိုင်ပါပဲလျက်၊ အသတ္ထေနေဝ၊ လက်နက်လည်းမကိုင်ပါဘဲလျက်။ ဒန္တော၊ တရားရေအေးတိုက်ခါကျွေး၍ လိမ္မာယဉ်ကျေးအောင် ဆုံးမအပ်ပါသည်အရှင်ဘုရား။

သာဓု . . . သာဓု . . . သာဓုပါဘုရား။

တပည့်တော်ကတော့ လက်နက်တွေ အမျိုးမျိုးနဲ့ဖမ်းပြီး ဆုံးမဖို့ ကြိုးစားခဲ့ပါတယ်။ ဒါပေမယ့် တပည့်တော်ကပဲ လက်မြှောက်အရှုံးပေးခဲ့ရပါတယ် ဘုရား၊ အဲ တပည့်တော်က လက်မြှောက်

အရှုံးပေးခဲ့ရတဲ့ အင်္ဂုလိမာလဆိုတဲ့ ကမ္ဘာကျော်လူဆိုးကြီးကို မြတ်စွာဘုရားကတော့ ဒုတ်လည်းမကိုင်၊ လက်နက်လည်းမကိုင်ဘဲနဲ့ မေတ္တာရေအေးလေးတွေ တရားရေအေးလေးတွေ တိုက်ကျွေးပြီးတော့မှ လိမ္မာယဉ်ကျေးအောင် ဆုံးမလိုက်တာများတော့ အံ့ဩစရာကြီးပါဘုရား။ အားလုံး ဘုရားရဲ့ စွမ်းရည်တွေ၊ တရားရဲ့ စွမ်းရည်တွေ၊ သာသနာတော်ရဲ့စွမ်းရည်တွေကို အားရလွန်းလို့ ရှိရှိသေသေ ချီးမွမ်းစကား လျှောက်ထားပြီးတဲ့အခါမှာ ပသေနဒီ ကောသလမင်းကြီးက နေရာမှထ ဘုရားကို ရှိခိုးပြီးတော့မှ နန်းတော်ကို ပြန်သွားတယ်။ ကျောင်းကအထွက်တော့ တစ်ယောက်တည်းပေါ့။ မြို့တံခါးပေါက်ကနေပြီးတော့ သူ့ရဲ့ အခြံအရံတွေက စောင့်နေကြတယ်။ အဲဒီကနေ နန်းတော်ကို ဆက်ပြန်သွားပြီ။

အေး ဒါကြောင့်မို့ အရှင်အင်္ဂုလိမာလရယ်လို့ သာသနာကျက်သရေဆောင် ပုဂ္ဂိုလ်ကြီးဖြစ်သွားပြီ၊ အရိယာတော့ မဖြစ်သေးပါဘူး။ အရိယာဖြစ်အောင် တရားအားထုတ်ရလိမ့်အုံးမယ်၊ တရားအားထုတ်တဲ့အခါမှာ ဘယ်လိုအခက်အခဲတွေ တွေ့ရတယ်၊ ဒီအခက်အခဲတွေကို ဘယ်လိုကျော်လွှန်ခဲ့တယ်၊ သာသနာ့ပန်းတိုင်ကို ဘယ်လိုရောက်ရှိခဲ့တယ်။ ဘယ်လောက်စွန့်စားခဲ့ရတယ်ဆိုတဲ့ ဥစ္စာကိုတော့ မနက်ဖြန်မှ ဆက်ပြီးတော့ အာရုံပြုကြရအောင် နှစ်နာရီလည်းပြည့်သွားပြီ။

ဤသို့လျှင် အင်္ဂုလိမာလ သုတ္တန်တရားကို ကြားနာရခြင်းတည်းဟူသော ဓမ္မသဝန မင်္ဂလာကောင်းမှု ကုသိုလ်ကံစေတနာ၊ ကျင့်သုံးဆောက်တည်ကြရသော သရဏဂုံ သီလကောင်းမှုကုသိုလ်ကံစေတနာ၊ ပွားများနှလုံးသွင်းကြသော ဘာဝနာကုသိုလ်ကံ စေတနာ

တွေရဲ့ စွမ်းရည်သတ္တိတွေကြောင့်လည်းကောင်း၊ သာသနာတော်မြတ်ကြီးရဲ့ စွမ်းရည်ကို အားရလွန်းလို့၊ ကြည်ညိုလွန်းလို့ သာသနာတော်မြတ်ကြီးကို ချီးမြှောက် ပူဇော်လှူဒါန်းကြတဲ့ သာသနာနုဂ္ဂဟ သာသနပူဇာကောင်းမှုတွေရဲ့ စွမ်းရည်သတ္တိတွေကြောင့်လည်းကောင်း၊ တစ်သျှပလုံး အားထုတ်ခဲ့ကြတဲ့ ဒါန၊ သီလ၊ ဘာဝနာကောင်းမှုတွေရဲ့ စွမ်းရည်သတ္တိတွေကြောင့်လည်းကောင်း၊ သံဃာတော် အရှင်မြတ်များရဲ့ အေးမြကြည်လင် ဖြူစင်သန့်ရှင်းတဲ့ မေတ္တာစေတ်စွမ်းရည်သတ္တိတွေကြောင့်လည်းကောင်း၊ တရားနာပရိသတ်အပေါင်း သူတော်ကောင်းတွေနဲ့တကွ ဤလမ်းအတွင်း၊ ဤရပ်ကွက်အတွင်း၊ ဤမြို့နယ်အတွင်းမှာ နေထိုင်ကြတဲ့ သူတော်စင်အပေါင်းတို့သည် ဘေးရန်အန္တရာယ်၊ အနှောင့်အယှက်၊ အတားအဆီး၊ အချုပ်အချယ်၊ အရှုပ်အထွေး၊ အပူခပ်သိမ်းကင်း၊ ထိတ်လန့်တုန်လှုပ်ဖွယ် ခပ်သိမ်းတို့မှ လွတ်ငြိမ်းကြပါစေကုန်သတည်း။

ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်း၊ အကြံအစည်အောင်မြင်ခြင်း၊ ဉာဏ်ပညာကြီးမားတိုးတက်ခြင်း၊ အသက်ရှည်ခြင်းစသော ကောင်းကျိုးချမ်းသာ ကျက်သရေမင်္ဂလာ အမျိုးမျိုးတို့နှင့် ပြည့်စုံကြီး မားတိုးတက်ကြပါစေကုန်သတည်း။

ကျန်းကျန်းမာမာ၊ ချမ်းချမ်းသာသာ၊ ပျော်ပျော်ရွှင်ရွှင်နဲ့ မိမိရဲ့ အားကိုးစရာဖြစ်သော ကောင်းမှုတရားတွေကို သာသနာအလင်းရောင်ကောင်းတုန်း အင်္ဂုလိမာလတို့လို ကမ္ဘာကျော် လူဆိုးကြီးကိုပင်လျှင် ပန်းတိုင်အရောက် သယ်ဆောင်သွားနိုင်တဲ့ အံ့ဩစရာကောင်းတဲ့ သာသနာ့အလင်းရောင်ကောင်းတုန်း ရတနာသုံးပါးအမှီကောင်းရတုန်း၊ သူတော်ကောင်းတွေနဲ့ တွေ့ရတုန်း မိမိတို့ကလည်း

မိမိတို့ရဲ့ ဘဝခန္ဓာကို ပိုင်နိုင်စွာ ထိန်းသိမ်းနိုင်တဲ့ အတ္တသမ္မာပဏိဓိ စက်နှင့် ပြည့်စုံတဲ့ သူတော်ကောင်းတွေဖြစ်ကြတုန်း၊ အခွင့်ကောင်းကို လက်လွှတ်မခံဘဲ တစ်နေ့ထက်တစ်နေ့ ရင့်ကျက်၍ မြင့်တက်အောင် ဖြည့်ကျင့် ဆည်းပူး ပွားများအားထုတ် ပြုလုပ်စုဆောင်းနိုင်လွယ် ကြပါစေကုန်သတည်း။

စုဆောင်းနိုင်လွယ်ကြ၍ အို၍မပြီး၊ နာ၍မပြီး၊ သေ၍မပြီး၊ ပူဆွေးငိုကြွေး၍မပြီးနိုင်တဲ့ သံသရာဝဋ်မီးတွေ တဟုန်းဟုန်း တောက်လောင်နေတဲ့ သံသရာဝဋ်ဒုက္ခ လောင်စာခပ်သိမ်းတို့မှ လျှင်မြန်စွာ လွတ်ငြိမ်းကြပါစေကုန်သတည်း။

လွတ်ငြိမ်းကြ၍ ဘုရားအစရှိသော အရိယာသူတော်စင်တို့ ဝင်စံရာ ဆင်းရဲဒုက္ခ အစုစုတို့မှ လွတ်မြောက်ရာ အသင်္ခတဓါတ် နိဗ္ဗာန်မြတ်ကို လွယ်ကူသောအကျင့် လျင်မြန်သောအသိဉာဏ်ဖြင့် အရဟတ္တဖိုလ်ပေါက် မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

သာဓု . . . သာဓု . . . သာဓုပါဘုရား။

* * *

# အင်္ဂုလိမာလသုတ္တန်တရားတော်
## (ဒုတိယပိုင်း)

ဒီသုတ္တန်ကို ပြီးဆုံးသည်အထိ အာရုံပြုကြရအောင် . .

အဟိံသကောတိ မေ နာမံ၊
ဟိံသကဿ ပုရေ သတော။



အဇ္ဈာဟံ သစ္စာနာမောမှိ၊
န နံ ဟိံသာပိ ကိဉ္စိ နံ။

မေ၊ အင်္ဂုလိမာလ နာမသမုတ် အကျွန်ုပ်သည်။ ပုရေ၊ ရှေးအခါကာလတုန်းက။ ဟိံသကဿ၊ တွေ့သမျှလူတွေကို



သတ်ဖြတ်ညှဉ်းဆဲခဲ့ပါလျက်။ ဟိံသကဿ၊ တွေ့သမျှသောသူကို သတ်ဖြတ်ညှဉ်းဆဲခဲ့သည့် သဘောရှိသည်ဖြစ်ပါလျက်။ မေ၊ အင်္ဂုလိမာလ နာမသမုတ် အကျွန်ုပ်၏။ အဟိံသကောတိနာမံ၊ အဟိံသက ဟူသောအမည်သည်။ အဟု၊ ရှက်စရာအနေ ဖြစ်ခဲ့ပါလေပြီ၊ အဇ္ဇ၊ ယနေ့အခါကာလမှာတော့။ အဟံ၊ အင်္ဂုလိမာလ နာမသမုတ် အကျွန်ုပ်သည်။ ကိဉ္စိ၊ တစ်စုံတစ်ခုသော သတ္တဝါကိုမျှ။ ကိဉ္စိ၊ တစ်စုံတစ်ယောက်သော သတ္တဝါကိုမျှ။ နဟိံသာမိ၊ မညှဉ်းဆဲ မသတ်ဖြတ်ခဲ့ပါ။ တသ္မာ၊ သို့ရကား။ အဟံ၊ အင်္ဂုလိမာလ နာမသမုတ်၊ အကျွန်ုပ်သည်။ သစ္စနာမော၊ အဟိံသကဟူသော မှန်ကန်သော အမည်ရှိသည်။ အဟု၊ ကောင်းစွာမသွေ ဖြစ်ခဲ့ ပါလေပြီတကား။

ကိုယ့်ကိုယ်ကို ပြန်ပြီးတော့မှ နောက်ပိုင်းမှ ကျူးရင့်တဲ့ စကားပါ။ အရင်တုန်းကတော့ပေါ့။ အဖေတွေ၊ အမေတွေပေးထားတဲ့ နာမည်က အဟိံသကတဲ့၊ ဘယ်သူ့ကိုမှ မညှဉ်းဆဲတတ်ပါဘူးလို့ သူတော်ကောင်းဆိုတဲ့ နာမည်လေးကို ယူပြီးတော့မှ နာမည်ပေးထားခဲ့တယ်။ ဒါပေမယ့်လို့လည်းပဲ ဆရာမိုက်ကြီးရဲ့ မကောင်းသော ညွှန်ပြချက်ကြောင့်မို့လို့ အတ္တသမ္မာပဏိဓိ စက်ကြီးပျက်ပြီးတော့မှ သန်လျက်လက်နက်ကိုင်ဆွဲပြီးတော့မှ တွေ့သမျှလူတွေကို သတ်ဖြတ်ညှဉ်းဆဲပြီးတော့ နေခဲ့တယ်။ အဲဒီလို တွေ့သမျှလူတွေကို သတ်ဖြတ်ညှဉ်းဆဲပြီးတော့ နေတဲ့အခါကာလတုန်းကဆိုရင်တော့ သူ့နာမည် ဘယ်လိုခေါ်သလဲလို့ သူများက မေးလိုက်မယ်ဆိုရင် ကျွန်တော့်နာမည် အဟိံသကပါလို့ ပြောလိုက်ရမှာတောင် ရှက်စရာကြီးတဲ့။ နာမည်နဲ့အလုပ်နဲ့ မကိုက်

လွန်းလို့ နာမည်ပေးထားက ဘယ်သူ့ကိုမှ မညှဉ်းဆဲတတ်ပါဘူး။ ဘယ်သူ့ကိုမှ မနှိပ်စက်တတ်ပါဘူး။ သူတော်ကောင်းလေးလို့ နာမည်ကိုတော့ ပေးထားတယ်။

ဒါပေမယ့်လည်းပဲ အမှုအရာတွေက တွေ့သမျှလူတွေကို လျှောက်ပြီးတော့မှ ညှဉ်းဆဲသတ်ဖြတ်နေတယ်ဆိုတော့ "အဟိံသက" နာမည်က မလိုက်လျောလွန်းလို့ မင်း နာမည် ဘယ်လိုခေါ်သလဲလို့ မေးလိုက်မယ်ဆိုရင် ကျွန်တော့်နာမည် "အဟိံသက" ပါလို့ ပြောလိုက်ရမှာတောင် ရှက်စရာကြီး။ ယနေ့ အခါကာလမှာတော့ သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားတည်းဟူသော သူတော်ကောင်းကြီးကို အမှီးပြု၍ သူတော်ကောင်းအမှီကို ရပြီဖြစ်တဲ့အတွက် ကြောင့်မို့လို့ ဒီနေ့မှာဆိုရင်တော့ ဘယ်သူ့ကိုမှ ဘယ်သတ္တဝါကိုမှ မညှဉ်းဆဲ၊ မသတ်ဖြတ်၊ မနှိပ်စက်တော့ပါဘူး။

ဒါကြောင့်မို့လို့ အမေ၊ အဖေတွေပေးခဲ့တဲ့ "အဟိံသက" နာမည်ကလည်းပဲ ခုအခါကာလရောက်တော့မှပဲ အမှန်ဖြစ်တော့တယ်။ ဘာကြောင့်လည်းဆိုရင် ယခုနေအခါကာလမှာတော့ ဘယ်သူ့ကိုမှ သတ်ဖြတ်ညှဉ်းဆဲတဲ့ အလုပ်ကို မလုပ်တော့တဲ့အတွက် သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားရဲ့ အဆုံးအမအတိုင်း ကောင်းမွန်စွာ ကျင့်ကြံအားထုတ်လို့နေပြီဖြစ်တဲ့အတွက် အဟိံသက ဆိုတဲ့နာမည်ဟာလည်းပဲ ခုမှ အလုပ်နဲ့နာမည်နဲ့ လိုက်လျောတော့ တယ်လို့ ကျူးရင့်တာပါ။

အေး ဒါကြောင့်မို့လို့ အရှင်အင်္ဂုလိမာလ မထေရ် သူမြတ် ယခုအခါမှာ ရဟန်းအဖြစ်ကို ရောက်လို့နေပါပြီ။ စောစောတုန်းက တော့ဖြင့် သူတော်ကောင်းလေးလို့ ခေါ်ရလောက်အောင် လူရည်ချွန်

တောင် အရွေးခံခဲ့ရသေးတယ်။ အဲဒီ လူ့ရည်ချွန်ရာထူးကို ဘယ်သူက ဖြုတ်ချလိုက်တာလဲဆိုတော့ ကိလေသာတွေက ရာထူးဖြုတ်ချလိုက်တာ၊ သူ့ရဲ့ ဆရာကြီးတွေနဲ့ ဆရာသမားရဲ့ ဂုဏ်တွေ ပျက်စီးပြီးတော့သွားအောင် ကိလေသာတရားတွေက ရာထူးဖြုတ်ချလိုက်တာ။ အခုတော့ ရာထူးပြန်ရသွားပြီ။ ရတာက တက်တောင်သွားသေးတယ်။ ရာထူးတက်သွားပြီပေါ့။ တရားရာထူး တက်သွားပြီ။ နောက်မဆုတ်တော့ဘူး၊ ဒနောက်မဆုတ်သော တက်ခြင်းဖြစ်တယ်။ အေး ဒါကြောင့် ယခုအခါကာလမှာ တော့ဖြင့် နာမည်နဲ့ အလုပ်နဲ့ လိုက်လျောနေပါပြီတဲ့။ ဒီတော့ ရဟန်းဖြစ်ပြီဆိုတော့ ရဟန်းအလုပ်လုပ်ရလိမ့်မယ်ပေါ့။ သမ္ပတ္တိလေးပါး ဆိုတာရှိတယ်။ ဟိုယခင်အခါကာလတုန်းက လုပ်ခဲ့တဲ့ ကောင်းမှု ကုသိုလ်တရားတွေဆိုတာ ရှိခဲ့ကြတယ်။

## သမ္ပတ္တိလေးမျိုးလိုတယ်

အဲဒီကောင်းမှုကုသိုလ် တရားတွေ ဖြောင့်ဖြောင့်တန်းတန်း ကြီး မြင့်မားစွာ အကျိုးပေးဖို့ဆိုရင် သမ္ပတ္တိလေးမျိုးဆိုတာလိုတယ်။

ဂတိသမ္ပတ္တိ၊ ဥပဓိသမ္ပတ္တိ၊ ကာလသမ္ပတ္တိ၊ ပယောဂသမ္ပတ္တိ ရယ်လို့ သမ္ပတ္တိလေးမျိုးလိုတယ်။

ဟိုအရင်အခါကာလတုန်းက ပုထုဇဉ်တို့ရဲ့ သဘာဝ မောဟ မကင်းသေးလို့ မှားခဲ့တဲ့အမှားတွေဆိုတာလည်း ရှိခဲ့ကြတယ်၊ အဲဒီအမှားတွေ လွင့်ပျောက်သွားအောင်ဆိုလို့ရှိရင်လည်း အဲဒီ သမ္ပတ္တိစက်လေးချက်ဆိုတာလိုတယ်။ အရင်ကလုပ်ခဲ့တဲ့ ကုသိုလ် ကောင်းမှုတွေ မြန်မြန်အကျိုးပေးဖို့ဆိုတာ သမ္ပတ္တိလေးမျိုးလိုတယ်။

အရင်ကမှားခဲ့တဲ့ အမှားတွေ ပျောက်ဖို့ဆိုတာကလည်း သမ္မတ္တိ လေးမျိုးလိုတယ်။

## ဗုဒ္ဓဝါဒလမ်းစဉ်ဆိုတာ

ဗုဒ္ဓဝါဒလမ်းစဉ်ဆိုတာက စေရာသွား ထားရာနေဆိုတဲ့ ဖန်ဆင်းရှင်ဝါဒလည်း မဟုတ်ဘူး၊ ကြိုက်သလို နေကြ၊ အချိန် တန်ရင် တန်ခိုးရှင်၊ ကယ်တင်ရှင်ပုဂ္ဂိုလ်များက လာပြီးတော့ ကယ်လိမ့်မယ်လို့ ဝန်ခံသွားတဲ့၊ တာဝန်ယူထားတဲ့ ကယ်တင်ရှင်ဝါဒ လည်း မဟုတ်ဘူး၊ ကိုယ့်အားကိုယ်ကိုး၊ ကိုယ်ထူကိုယ်ထ၊ ကိုယ်ရကိုယ်ယူဆိုတဲ့ ကမ္မဿကတာဝါဒသာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ယခုအချိန် အင်္ဂုလိမာလမထေရ် သူမြတ်ဟာ လည်းပဲ-

ဂတိသမ္ပတ္တိ=သုဂတိဘုံဝဘဝ လူ့ဘဝကို ရရုံသာမကဘဲ ရဟန်းအဖြစ်ကိုပင် ရခဲ့ပြီးဖြစ်တဲ့အတွက် ဂတိအားဖြင့်လည်း ပြည့်စုံနေပါပြီ။

ဥပဓိ သမ္ပတ္တိ=တရားယဉ် လက်ခံနိုင်လောက်အောင် ရဟန်းအဖြစ်ကို အရယူနိုင်လောက်အောင် ဥပဓိ ကိုယ်အင်္ဂါအားဖြင့် ပြည့်စုံတဲ့ ဥပဓိသမ္ပတ္တိကိုလည်း ရနေပါပြီ။

ကာလသမ္ပတ္တိ= သူတော်ကောင်း တရားတွေကိုလည်းပဲ ဒီလောက် ဖြည့်ကျင့်အားထုတ် နိုင်ခွင့်ရှိတဲ့ သာသနာတော် ကြီးနဲ့ တွေ့ကြုံနေတာဖြင့် သူတော်ကောင်း တရားထွန်းကားတဲ့ ခေတ်ကာလမှာ လာပြီး ကြုံနေရတာဖြစ်ခြင်းကြောင့် ကာလသမ္ပတ္တိက လည်း တွေ့ကြုံလို့နေပါပြီ။

လိုသေးတာက ဘာလဲဆိုတော့ ပယောဂသမ္ပတ္တိ၊ ဟိုအရင် အရင် ဘဝတုန်းက လုပ်ခဲ့တဲ့ ကောင်းမှုကုသိုလ် ပါရမီတွေက သူ့ကို ရဟန္တာဖြစ်သည်အထိ ပို့ဆောင်ပေးနိုင်တဲ့ ကောင်းမှုကုသိုလ် ပါရမီတွေ ဆိုတာကလည်း အများကြီးပါ။ အဲဒီတုန်းကများတဲ့အပြင် ယခု ပစ္စုပ္ပန်ဘဝမှာလည်း မကောင်းမှုအကုသိုလ်တွေ ရက်ရက် စက်စက် အခြောက်တိုက်ကြီး မိုက်ပြီးတော့မှ ရမ်းကားခဲ့တဲ့ အမှားတွေကလည်း မရေမတွက်နိုင်အောင် အများကြီး။ အဲဒီလိုဆိုရင် သူ့ကို ကောင်းမှုကုသိုလ် ပါရမီတွေနှင့် မကောင်းမှု၊ ရမ်းကားမှု အမှားတွေ နှစ်ခုကလည်း သူ့ကို လုနေကြလိမ့်မယ်။ လုကြ တော့မှာပဲ။

အကုသိုလ်ကလည်း ဒီလောက်မိုက်တဲ့ ပုဂ္ဂိုလ်ကို ပြင်းပြင်းထန် ဒဏ်ပေးရမယ်လို့ အကုသိုလ်တွေကလည်း အကျိုးပေးရမယ့် အခွင့်ကို စောင့်နေကြတယ်။ အတိတ်ဘဝများစွာက ပြုလုပ်အားထုတ် ခဲ့တဲ့ ကောင်းမှုကုသိုလ်ကံ ပါရမီတရားတွေကလည်း ဒီလောက်တောင် စုဆောင်းထားခဲ့တဲ့ ပါရမီကုသိုလ်တရားတွေဟာ ဒီအချိန်မှာတော့ အကျိုးပေးလို့ အကောင်းဆုံးပဲလို့ သူတို့ကလည်း နေရာယူပြီးတော့ လုနေကြတယ်။ လုနေကြတော့ ဘယ်သူကများ နိုင်ကြမလဲ။

## ကုသိုလ်ကံက အနိုင်ရအောင်

အကုသိုလ်ကလည်း အများကြီးတဲ့၊ ကုသိုလ်ကလည်း အများကြီး၊ ဒီအများကြီးတွေထဲမှာ ကောင်းတဲ့ ကုသိုလ်ကံတရားက အနိုင်ရအောင်ဆိုရင် ပယောဂသမ္ပတ္တိစက်ကလေးကိုတော့ နာနာ သုံးရလိမ့်မယ်။ အမှားတွေကင်းပျောက်ဖို့ဆိုတာကလည်းပဲ ပယောဂ သမ္ပတ္တိဆိုတဲ့ စက်ကလေးကို နာနာနှိုးပြီးမှ ဘေးမှကာတဲ့

အများတွေဆိုတာ ကင်းပျောက်လို့သွားကြပေလိမ့်မယ်။ ပုထုဇဉ် သဘာဝ မမှားရဘူးလို့တော့ မဆိုလိုပါဘူးတဲ့။ အနည်းနဲ့အများ မှားတော့မှားတတ်ကြတာချည်းပါပဲ။ ဒါပေမယ့်လို့လည်းပဲ ငါမှား လိုက်လေခြင်းလို့ ထိုင်တော့ ညည်းမနေနဲ့။ ပယောဂသမ္ပတ္တိစက် ကလေးကို နှိုးပြီးတော့မှ အမှားကိုလည်း ပျောက်အောင် ကုစား နိုင်ပါတယ်။ ကောင်းတဲ့အင်အားတွေကကို အစားထိုးနိုင်ပါတယ်။ သာသနာ့သမ္ပတ္တိ ခေတ်ကာလနှင့် ကြုံရတာကလည်း အလွန်တရာ မှ အခွင့်အရေးသာပါတယ်။ အေး ဒါကြောင့်မို့လို့ ပယောဂ သမ္ပတ္တိလိုသေးတယ်။

အလွန်တရာ နာမည်ကြီးလှတဲ့ အဇာတသတ်တို့ ဆိုတာ လည်းပဲ မှားသွားကြတာပဲ။ မှားပေမယ့်လို့ သူဟာ မှိုင်ပြီးတော့ မနေဘူး၊ သာသနာတော်ကို အမှီပြုပြီးတော့မှ ပယောဂသမ္ပတ္တိကို အသုံးချခဲ့ ပါတယ်။ သူလည်းပဲ ရှေ့က သုံးပါး အကုန်ပြည့်စုံတယ်။ ဂတိသမ္ပတ္တိ ပြည့်စုံတယ်။ ရှင်ဘုရင်တောင်မှ ဖြစ်ရတော့ ဥပဓိသမ္ပတ္တိ ပြည့်စုံတယ်။ ကာလသမ္ပတ္တိ–သာသနာထွန်းကားတဲ့ သာသနာ ပေါ်ပေါက်တဲ့ ခေတ်ကာလမှာ ဖြစ်ရတာမို့လို့ ကာလသမ္ပတ္တိလည်း ပြည့်စုံတယ်။ ဒါပေမယ့် သူက ပယောဂဝိပ္ပတ္တိကြောင့် ဖအေကို သတ်သည်အထိ ဆိုက်ခဲ့ရတယ်။ ဒါပေမယ့်လို့ပဲ နောက်ပိုင်းမှာ ပယောဂသမ္ပတ္တိစက်ကြီးကို ချက်ချင်း ပြန်ပြင်လိုက်တယ်။

### အမှားကိုမြင် အမှန်ပြင်

"အမှားကိုပင် အမှန်ထင် လူတွင်ကြောက်ခရာ"

"အမှားကိုမြင် အမှန်ပြင် လူ့ဘွင်မနှောင်းပါ"

အမှားကို အမှားမှန်းသိတာနဲ့တစ်ပြိုင်နက် ပြင်လိုက်တယ်။ ပြင်လိုက်တာနဲ့မို့လို အဇာတသတ်ဟာ သူ့အမှားဒဏ်ချက်တွေ ရာခိုင်နှုန်း ကိုးဆယ်ဝန်းကျင်လောက် သက်သာခွင့်ရသွားတယ်ပေါ့။ ဆယ်ရာခိုင်နှုန်း ဝန်းကျင်လောက်တော့ ပြစ်ဒဏ်ကို ခံရတော့တယ်။ ဘယ်လိုလဲ ဆိုတော့ ပယောဂသမ္ပတ္တိစက်ကို နာနာနှိုးပြီးတော့ အားထုတ်ပစ်လိုက်တာ၊ ရတနာသုံးပါးကို အသက်နဲ့လဲပြီးတော့ တစ်ခါတည်း ကိုးကွယ်ဆည်းကပ်တယ်။ ကောင်းမှုတရားတွေကို ရသမျှ အချိန်ကို ယူပြီးတော့ ကောင်းမှုတွေကို အစွမ်းကုန် အားထုတ်တယ်၊ သာသနာတော်ကြီးကို အစွမ်းကုန် ချီးမြှောက် အားပေးတဲ့နောက်ပိုင်းမှ ပယောဂသမ္ပတ္တိကောင်းလွန်းလို့ သူဟာ အများကြီး သက်သာခွင့်ရခဲ့တယ်။ အဝီစိကိုရောက်ရမယ့် အဇာတသတ်ဟာ အဝီစိမှ ကွင်းလုံးကျွတ် လွတ်သွားခဲ့ရတယ်။

ငရဲအသေးစား လောဟကုမ္ဘီ ငရဲမှာသာ ရောက်ပြီးတော့မှ နှစ်ပေါင်း ခြောက်သောင်းစေ့ရင် ပြန်လွတ်လာလိမ့်မယ်။ ပြန်လွတ်လာတဲ့အခါမှာလည်း ဗျာဒိတ်ရသွားပြီ။ ပါရမီ ဆက်ဖြည့်ပြီးတော့မှ “ဝိဇိတာဝီ” မည်သော ပစ္စေကဗုဒ္ဓါအဖြစ်နဲ့ အဇာတသတ်ဟာ ပရိနိဗ္ဗာန် စံရတော့မှာပါတဲ့၊ ဒါဘာလဲဆိုတော့ ပယောဂသမ္ပတ္တိ ကူးပေးတာ၊ အများကြီးအမှားကို လျော့သွားအောင် ဆိုရင် ပယောဂသမ္ပတ္တိလိုတယ်။ နည်းနည်းပါးပါးမှားတာတွေ လုံးဝကင်း ပျောက်သွားအောင်ဆိုရင်လည်း ဟောဒီပယောဂသမ္ပတ္တိလိုတယ်။ အရင်လုပ်ခဲ့တဲ့ ကောင်းမှုကုသိုလ်တွေ မြန်မြန်ကြီး များများ ကြီး အဆက်မပြတ် အကျိုးပေးခွင့် ရအောင်ဆိုရင်လည်းပဲ အဲဒီ ပယောဂသမ္ပတ္တိလိုတယ်။ အသိ, သတိ အထိမ်းပါတဲ့ အားထုတ်ခြင်းဆိုတဲ့ ပယောဂသမ္ပတ္တိလိုအပ်တယ်။

## ဆက်သွယ်ရေးကိရိယာဆိုတာက သဒ္ဓါတရား

အဲဒီ ပယောဂသမ္ပတ္တိလိုအပ်တဲ့အခါကာလကျတော့ အရေးကြီးတာကဘာလဲဆိုတော့ ဆက်သွယ်ရေးကိရိယာ၊ ဆက်သွယ်ရေးကိရိယာတဲ့၊ အဲဒီ ဆက်သွယ်ရေးကိရိယာဆိုတာက သဒ္ဓါတရားကို ပြောတာ၊ ဒါနနဲ့ ဆက်သွယ်ပေးတယ်၊ သီလနဲ့ဆက်သွယ်ပေးတယ်၊ သမထနဲ့ဆက်သွယ်ပေးတယ်၊ ဝိပဿနာနဲ့ ဆက်သွယ်ပေးတယ်။ အဲဒီကောင်းမှု ကုသိုလ်လမ်းကြောင်းနှင့် ဆက်သွယ်ပေးတဲ့ မဂ်ဖိုလ် နိဗ္ဗာန်ဆိုတဲ့ ပန်းတိုင်အထိ ဆက်သွယ်ပေးတယ်။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးနှင့် ဆက်သွယ်ပေးတယ်။ ဟောဒီ အံ့ဩစရာကောင်းတဲ့ သာသနာတော်မြတ်ကြီးနဲ့ ဆက်သွယ်ပေးတယ်။ သဒ္ဓါဆိုတာ ဆက်သွယ်ရေးကိရိယာပါတဲ့။

အဲဒီ အရှင်အင်္ဂုလိမာလ အရှင်သူမြတ်ကြီးကိုလည်းပဲ သဒ္ဓါဆိုတဲ့ ဆက်သွယ်ရေးကိရိယာ တပ်ဆင်ပေးနေပြီ၊ တပ်ဆင်ပေးလို့ လမ်းကြောင်းသို့ ရောက်နေပြီပေါ့၊ နောက်က ခါတ်ကြိုးတွေ၊ လျှပ်စစ်မီး လုပ်မယ့် အခါမှာ ဓါတ်ကြိုးဆိုတာလည်း ရှိရတယ်။ အနားမှာ မီးခလုတ် ဆိုတာကလည်း ရှိရတယ်။ ပင်မဗဟိုခလုတ်ဆိုတာကလည်း ရှိရတယ်။ အဲဒါမှလည်း မီးက လင်းတယ်။ ဓါတ်ကြိုး ပြတ်သွားရင်လည်း မီးက မှောင်သွားတာပဲ။ ဓါတ်ကြိုးရှိနေပေမယ့် အနားက မီးခလုတ်ပိတ်လိုက်ရင် မီးက မှောင်သွားတာပဲ။ ဓါတ်ကြိုးရှိနေပေမယ့် အနားက မီးခလုတ်ဖွင့်ထားပေမယ့် ပင်မခလုတ်ကို ပိတ်ထားရင်လည်း မီးဟာ မှောင်သွားတာပဲ။ ပင်မ ခလုတ်ကိုလည်း ဖွင့်ထားပါမှ အနားက မီးခလုတ်ကိုလည်း

ဖွင့်ထားပါမှ ဓါတ်ကြိုးလည်း မပြတ်ဘဲ ဆက်ပြီးတော့နေပါမှသာလျှင် မှောင်ထုကြီးကို ခွင်းပြီးတော့ ခုလို ညမှောင်ကြီးမှာ မီးရောင်တွေ လင်းပြီးတော့ လာရတာဟာ အဲဒါကြောင့်မို့လို့ပါ။

## သဒ္ဓါတရားဆိုတာက ဓါတ်ကြိုးလိုပဲ

ဒီအတိုင်းပဲ ပယောဂသမ္ပတ္တိဆိုတာကလည်းပဲ သဒ္ဓါဆိုတာက ဓါတ်ကြိုးလိုပဲ ဆက်သွယ်ပေးရတဲ့ တရား၊ ဖြစ်သင့်ဖြစ်ထိုက်တာ ဖြစ်စေချင်ရင် လုပ်သင့်လုပ်ထိုက်တာလည်း လုပ်ပေးရမယ်လို့ ဆက်သွယ်ပေးရသေးတယ်။ လုပ်သင့်လုပ်ထိုက်တာ လုပ်လို့ရှိရင်တော့ ဖြစ်သင့်ဖြစ်ထိုက်တာ ကေန် ဖြစ်စေရမယ်လို့ ဆက်သွယ်ပေးတယ်။ ရဲရဲသာလုပ်ပါတဲ့ တာဝန်ယူပါတယ်။ ကောင်းမှုကုသိုလ် အလုပ်ကို လုပ်တဲ့အခါမှာ ရဲရဲကြီးသာ အားထုတ်ပါ၊ လုပ်သင့်လုပ်ထိုက်တာ ဖြစ်စေရမယ်လို့ ဆက်သွယ်ပေးတာက သဒ္ဓါတရား။ ဆက်သွယ်ရေးကိစ္စရိယာခေါ်တယ်။ ဓါတ်ကြိုးနဲ့ အလားတူတယ်။

## သဒ္ဓါတရားဓါတ်ကြိုးပြတ်သွားရင်

သဒ္ဓါတရား ဓါတ်ကြိုးပြတ်သွားရင် သဒ္ဓါတရား ဆက်သွယ်ရေးပြတ်သွားရင် လုပ်ငန်းအကုန်လုံး ရပ်သွားတယ်။ ဆက်သွယ်မှုလုပ်ငန်းတွေဟာ အကုန်လုံး ရပ်သွားတယ်၊ သဒ္ဓါတရားက ဆက်သွယ်ပေးတဲ့အခါ ဝီရိယဆိုတာက အနားမှာရှိတဲ့ ခလုတ်နဲ့တူတယ်။ မီးက ခလုတ်ပိတ်သွားရင်လည်းပဲ စွမ်းအားတွေဆိုတာ ပေါ်ပြီးတော့ မလာကြဘူး၊ ဝီရိယဆိုတဲ့ ခလုတ်ကလေးကိုလည်း နှိပ်ရတယ်၊ မကြာမကြာ နှိပ်ပေးရတယ်၊ ဝီရိယခလုတ်ကို

နှိပ်တဲ့အခါမှာလည်းပဲ အသိလည်းပါရတယ်၊ သတိလည်းပါရတယ်။ အသိ၊ သတိမပါဘဲနဲ့ အရမ်းတော့ ခလုတ်ကို မနှိပ်နဲ့၊ ခလုတ် ကြွေသွားလိမ့်မယ်။

## ပင်မခလုတ်ဆိုတာက

ပင်မခလုတ်ဆိုတာက အပ္ပမာဒ သတိကို ပြောတာ၊ ဟောဒီ အပ္ပမာဒဆိုတဲ့ ပင်မခလုတ်ကိုလည်း သာသနာက နံပါတ်တစ် သုံးတဲ့အရာ။ အဲဒီ အပ္ပမာဒသတိဆိုတဲ့ ပင်မခလုတ် ကိုလည်း ဖွင့်ထားပါမှသာလျှင် အားထုတ်မှုဆိုတဲ့ လုံ့လဝီရိယလေး ဟာ အသိလည်းပါမယ်။ သတိလည်းပါမယ်၊ အသိနှင့်သတိ တွဲပေးမှ သာလျှင် ပန်းတိုင်ဆိုတာ ရောက်ကြမယ်။ အမှား ကြောင့် ရလာမယ့် ပြစ်ဒဏ်တွေ သက်သာခွင့်၊ လွတ်ငြိမ်းခွင့် ရလာလိမ့်မယ်။ ကောင်းတဲ့ အလုပ်တွေကို လုပ်ခဲ့ခြင်းကြောင့် ကောင်းမှုကုသိုလ် ရလဒ်တွေ၊ အမြတ်တွေ၊ အင်အားတွေဆိုတာလည်း တက်၍ တိုး၍ လာကြလိမ့်မယ်။

ဒါကြောင့် အရှင်အင်္ဂုလိမာလကြီးမှာလည်းပဲ ဆက်သွယ်ရေး တပ်ဆင်ထားပြီးနေပြီ၊ ဆက်သွယ်ရေးကောင်းသောကြောင့် သာသနာ တွင်း ရောက်နေပြီ၊ တရားလမ်းကြောင်းပေါ်ကို ရောက်ခဲ့လေပြီ။ အေး ဒါကြောင့် ပယောဂသမ္ပတ္တိ၊ ကိုလုပ်မှကိုယ်ရမယ်၊ ကိုယ့် အပူကို ကိုယ်ရှက်ရမယ်၊ ကိုယ့်ကိစ္စကိုယ်လုပ်ရမယ်၊ ကိုယ့်ငြိမ်း အေးမှု ကိုယ်တိုင်ရအောင် ယူရမည်။ သူတော်ကောင်းတွေဆိုတာက ညွှန်ပြရုံသာ ပြနိုင်တယ်။ ကိုယ့်အလုပ်ကို ကိုယ်ပဲလုပ်ကြရ၊ အားထုတ်ကြရမှာပဲဖြစ်တယ်။

## ဖြစ်ချင်ရုံလေးနဲ့တော့ ဖြစ်လာမှာမဟုတ်ဘူး

ဒါကြောင့် အရှင်အင်္ဂုလိမာလမထေရ် သူမြတ်ကလည်းပဲ ပယောဂ သမ္ပတ္တိအလုပ်ကို စရတော့မယ်ပေါ့။ ကိုယ်ဖြစ်ချင်တိုင်း ဖြစ်တာ မဟုတ်ဘူးတဲ့၊ ကိုယ့်မှာ ရှိသလောက်သာ ဖြစ်လာတာ၊ ကိုယ့်မှာ အကြောင်းရှိသလောက်သာ ကိုယ့်မှာ ဖြစ်လို့လာကြတာ၊ ကိုယ်ဖြစ်ချင်တိုင်း ဖြစ်လို့လာတာ မဟုတ်ဘူး။ ဖြစ်ချင်တယ်ဆိုလို့ရှိရင် ဖြစ်နိုင်လောက်တဲ့အကြောင်းဆိုတာ ရအောင်စုကြရတယ်။ ဖြစ်နိုင် လောက်တဲ့အကြောင်း မစုံဘဲနဲ့ အရမ်းဖြစ်ချင်တိုင်း ဖြစ်လာမှာ မဟုတ်ဘူး။ ဖြစ်ချင်ရုံကလေးနဲ့တော့ ဖြစ်လို့လာမှာ မဟုတ်ဘူး၊ ဖြစ်ချင်တဲ့ဥစ္စာ ဖြစ်နိုင်လောက်အောင် အကြောင်းတွေ စုံအောင် စုဆောင်းပေးပါမှသာလျှင် ဖြစ်ချင်တယ်ဆိုတဲ့ ဥစ္စာ ဖြစ်လာလိမ့်မယ်။ အေး ဒါကြောင့်မို့လို့ ဖြစ်ချင်တယ်။။ ဖြစ်ချင်တယ် ဆိုတဲ့ထိအောင် လုပ်ရတော့မှာပေါ့။ အဲဒီတော့ အရှင် အင်္ဂုလိမာလ မထေရ် သူမြတ်လည်း ပယောဂသမ္ပတ္တိကို အသုံးပြုချင်နေပြီဆိုပါ တော့၊ အသုံးချတဲ့အခါကာလကျတော့ သူ့မှာတော့ အခက်အခဲမျိုးစုံ အကြီးအကျယ် ရင်ဆိုင်နေရတယ်။

## ဆုပေး၊ ဒဏ်ပေးစနစ်

ဘာကြောင့်လဲဆိုတော့ သူ့ရဲ့ စေတနာတွေက ဒဏ်တပ်နေ တာဗျ။ စေတနာဆိုတာ ဆုပေးတဲ့ စနစ်ကိုလည်း သုံးတယ်၊ ဒဏ်ပေးတဲ့ စနစ်ကိုလည်း သုံးတယ်။ စေတနာ အထားမှားမှားပြီး တော့ သွားတယ်ဆိုလို့ရှိရင် စေတနာက ချက်ချင်းဒဏ်တပ်တယ်။ မင်း စိတ်ညစ်ကွ၊ စိတ်ရှုပ်ကွ၊ စိတ်ပျက်ကွ၊ ငိုစမ်းကွ၊ ပူစမ်းကွ

ဆိုပြီးတော့ စေတနာ အထားများပြီးတော့ သွားမယ်ဆိုရင် စေတနာက ချက်ချင်း ဒဏ်တပ်ပေးလိုက်တယ်။

## ကမ္မသတ္တိဆိုတာက ခါတ်ပုံရိုက်ပေးတာ

ချက်ချင်း ဒဏ်တပ်ရုံတင်မကဘူး ကမ္မသတ္တိဆိုတဲ့ ဥစ္စာများကို လည်း စုထားလိုက်တယ်။ ကမ္မသတ္တိဆိုတာက ခါတ်ပုံရိုက်ပေးတာဗျ။ မိမိကသာ မကောင်းမှုအကုသိုလ်ကို သူများသိမှာ မဟုတ်ပါဘူး လေ ဆိုပြီးတော့ တိတ်တိတ်ကလေးလုပ်လိုက်တာ၊ ဒါပေမယ့် စေတနာက ထောက်လှမ်းပြီးသားဗျ၊ တိတ်တိတ်ကလေးဖျတ်ဆို ခါတ်ပုံရိုက်ထားလိုက်တယ်။ ကမ္မသတ္တိကို ပြောတာ၊ ကမ္မသတ္တိပြပုံကို ဖျတ်ခနဲရိုက်ပြီးတဲ့ အခါကာလတော့ နောင်အလှည့်ကျတဲ့အခါ ကျကျနန အဲဒီတော့ ဒဏ်တပ်အုံးမှာ၊ ဒဏ်တပ်အုံးမှာ၊ စေတနာ ကတော့ မှန်ရင်လည်း ချက်ချင်းဆုပေးတယ်။ မင်း စိတ်ကြည် ကြည်လင်လင်ဖြစ်ပါစေ၊ အေးအေးမြမြနေနိုင်ပါစေ ဆိုပြီးတော့မှ ချက်ချင်း စေတနာက ဆုပေးတယ်။ တစ်ခါကောင်းတဲ့ ကမ္မသတ္တိ တွေကိုလည်း မြှုပ်နှံပြီးသကာလ ကမ္မသတ္တိခါတ်ပုံကြီးကို ရိုက် ပြီးတော့မှ နောင် အနာဂါတ်ကာလမှာလည်း ဆုတွေ ထိုက်ထိုက် တန်တန်ပေးတယ်။

## သူ့စေတနာတွေက သူ့ဒဏ်တပ်

အေး ယခုလည်းပဲ အရှင်အင်္ဂုလိမာလမထေရ် သူမြတ် ကြီးကို သူ့စေတနာတွေက ဒဏ်တပ်နေတယ်။ မင်း ဒီလောက် တောင် မိုက်ခဲ့တာတွေ၊ ရိုင်းခဲ့တာတွေ၊ ကြမ်းခဲ့တာတွေ၊ မင်းကို ထိုက်ထိုက် တန်တန် ဒဏ်တပ်ရဦးမယ်ဆိုပြီးတော့ စေတနာတွေက

သူ့ကို ဒဏ်တပ်နေတယ်၊ ဒဏ်တပ် ဒဏ်ပေးနေတဲ့ အတွက်ကြောင့်မို့လို့ သူ့မှာ အခက်အခဲ အကြီးအကျယ် ရင်ဆိုင်ပြီးတော့ နေရတယ်။ ဘာအခက်အခဲလည်းဆိုတော့ ရဟန်းပြုပြီးတဲ့ အခါကျတော့ ရဟန်းရဲ့လုပ်ငန်းဖြစ်တဲ့ ဆွမ်းခံခြင်းအလုပ်ကို ဆောင်ရွက်တယ်။ ဆွမ်းခံကြွတယ်ပေါ့။

မြို့ထဲကို ဆွမ်းခံကြွတဲ့အခါကျတော့ သူ့ကို ဆွမ်းလောင်းဖို့ နေနေသာသာ ဘယ်သူမှ အတွေ့မခံဘူးတဲ့၊ နာမည်ပျက်က ရှိထားလို့၊ နာမည်ပျက်က ရှိထားတယ်။ သူ့ရဲ့စေတနာတွေက ဒဏ်ခတ်ထားတယ်ဆိုတော့ မြို့ထဲကို ဆွမ်းခံကြွတဲ့အခါကာလမှာ သူ့ကို ဘယ်သူမှ ဆွမ်းမလောင်းကြဘူး။ ဒါ အင်္ဂုလိမာလတဲ့၊ ကမ္ဘာကျော်လူဆိုးကြီး အင်္ဂုလိမာလတဲ့၊ လူပေါင်းများစွာကို သတ်ဖြတ်လာခဲ့တဲ့ ကမ္ဘာကျော် လူဆိုးကြီး အင်္ဂုလိမာလတဲ့လို့ ကြားလိုက်တာနဲ့တစ်ပြိုင်နက် လူတွေဟာ တစ်ခါတည်း ဦးတည်ရာ ပြေးကြတယ်။ ဦးတည်ရာ ပြေးကြတယ်။ အိမ်ထဲကို ဝင်ပြီးတော့ ပြေးကြတယ်၊ အိမ်တံခါးတွေကို ပိတ်ကြတယ်။ ဘယ်လိုမှ မပြေးသာတဲ့ ပုဂ္ဂိုလ်များကလည်း သူ့ကို ကျောပေးပြီးမှ နေကြတယ်။ ဘယ်သူမှ မျက်နှာချင်းတောင် အဆုံမခံကြဘူး။ ဆွမ်းလောင်းဖို့နေနေသာသာ မျက်နှာချင်းတောင် အဆုံမခံဘူးတဲ့၊ ဘုရားရဲ့အရိပ်ကြောင့်သာပေါ့ကွာတဲ့။ ဘုရား အရိပ်သာ မရှိရင်တော့ မင်းကို မှုန့်မှုန့်ညက်ညက်ကို တို့က သတ်ဖြတ်ပစ်မှာ။ ဒီလောက်တောင် သူ့ကို နာကျည်းနေကြတာ။ ဘုရားအရိပ်ကြောင့်သာပေါ့၊ ရဟန်းဘဝရောက်နေလို့သာပေါ့၊ ဘုရား အရိပ်သာ မရှိဘူးဆိုရင် ရဟန်းဝတ်အနေနဲ့သာ မဟုတ်ဘူးဆိုရင်တော့ သင့်ကိုတော့

တို့တစ်တွေ မှန့်မှုန့်ညက်ညက် ခုတ်ဖြတ် ဖျက်ဆီးပစ်လိုက်မှာပေါ့တဲ့။ ဒီလောက်တောင် သူ့ကို နာကျည်းပြီးတော့ နေကြတယ်၊ ထိတ်လန့်ကြောက်ရွံ့ပြီးတော့ နေကြတယ်။ အမှန်ကတော့ သူ့စေတနာက ဒဏ်တပ်နေတာပါ။

အဲဒီလိုနဲ့ မြို့တွင်းကို ဆွမ်းခံကြွတဲ့အခါမှာ ဘယ်သူမှ ဆွမ်းမလောင်းကြဘူးတဲ့၊ အဲဒီတော့ ဆွမ်းအတွက် သိပ်ပင်ပန်းနေတယ်။ တစ်နေ့မှ ဆွမ်းပြည့်စုံအောင် ရတဲ့ရက် တစ်ရက်မှမရှိ၊ အေး ခန္ဓာကိုယ်အားဖြင့် သိပ်ပြီး ပင်ပန်းနေတယ်။ တယ်ပြီးမှ စိတ်ညစ်စရာကောင်းတာက ဘာလဲဆိုရင် တရား အားထုတ်လို့မရတာပါ။ ဆရာသမားများကနေပြီးတော့ တရား အားထုတ်နည်း၊ တရားရှုနည်းတွေ သင်ပြီးတော့မှ ကမ္မဋ္ဌာန်းကျောင်းကို သွားပြီးတော့မှ တရားရှုမှတ်တဲ့အခါကာလမှာ မျက်စေ့ကို မှိတ်ပြီးတော့မှ တရားတွေ ရှုလိုက်တဲ့အခါကာလကျတော့ ဘာတွေ ပေါ်လာသလဲဆိုတော့ ထောက်လှမ်းရေးပေါ့။

## ကမ္မသတ္တိခါတ်ပုံတွေက

သူ့ရဲ့စေတနာက ရိုက်ထားတဲ့ ကမ္မသတ္တိ ခါတ်ပုံဟွေက သူ့ကို လာပြီးတော့ ဒဏ်ပေးကြတာပါ။ ရုပ်ရှင်များရိုက်ပြီးတော့ ပြန်ပြသလိုပဲ။ တောထဲမှာ အင်္ဂုလိမာလ ကမ္ဘာကျော်လူဆိုးကြီး တစ်ရွာလုံးမှာ သောင်းကျန်းခဲ့တဲ့ အမူအရာတွေ၊ စိတ်ထဲမှာ တစ်သီတစ်တန်းကြီး ပေါ်လာတယ်။ တစ်သီတစ်တန်းကြီး ပေါ်ပြီးတော့လာတယ်။ ကျွန်မကို အသက်ချမ်းသာပေးပါ၊ ကျွန်တော့်ကို အသက်ချမ်းသာပေးပါ၊ ကျွန်တော် ကျွန်မတို့မှာ သားသမီးတွေ ငယ်ပါသေးတယ်၊ ကျွန်တော် ကျွန်မတို့မှာ ဆင်းရဲသားကွေပါ၊

အသက်ချမ်းသာပေးပါလို့ အော်ဟစ်တောင်းပန်တဲ့ အသံတွေ၊ တောင်းပန်တဲ့ အမူအရာတွေ၊ ခြေကားယား၊ လက်ကားယား သွေးရဲရဲ သံရဲရဲတွေ သူ့ရဲ့စိတ်ထဲမှာ တစ်သီကြီး ပေါ်လာတယ်။

တစ်သီကြီးပေါ်လာတဲ့ အခါကျတော့ တစ်ခါတည်း စိတ်တွေ ထိတ်လန့်ပြီးတော့မှ ခဏကသမာဓိလေးရအောင်တောင် အားမထုတ် နိုင်တော့ဘူး၊ လန့်ဖြန့်ပြီးတော့မှ ထထပြေးနေရတယ်တဲ့၊ တရားကို ရှုမှတ်မယ်လို့ မျက်စေ့လေးကို မှိတ်လိုက်ပြန်ပြီ သူ့ရဲ့အမှားတွေက တစ်သီကြီး ပေါ်လာကြပြန်ပြီ၊ လန့်လို့ထပြေးရပြန်ပြီ၊ တရားကို ရှုမှတ်မယ်လို့ မျက်စေ့ကို မှိတ်လိုက်ပြန်ပြီ။ ကမ္မဋ္ဌာန်းတရား ဘက်ကို ဦးတည်လိုက်ပြန်ပြီ၊ စိတ်ထဲမှာက သူလွန်ကျူးခဲ့တဲ့ အရာတွေက ပေါ်လာကြပြန်ပြီဆိုတော့ ထိတ်စရာတွေ၊ လန့်စရာ တွေ၊ ကြောက်စရာတွေ၊ လန့်စရာတွေ အမျိုးမျိုးပေါ်ပြီးတော့ လာတော့ လန့်လန့်ပြီးတော့ ထထပြေးနေရတယ်၊ ကမ္မဋ္ဌာန်းကို လုံးဝအားထုတ်လို့မရဖြစ်နေတယ်။ အမှန်တော့ စေတနာက ဒဏ် တပ်နေတာ။ ဒီလောက်တောင် ကြမ်းခဲ့တဲ့၊ ဒီလောက်တောင် ရိုင်းခဲ့ပဲ့၊ ဒီလောက်တောင် မိုက်ခဲ့တဲ့၊ ဒီလောက်တောင် ရိုင်း ခဲ့တဲ့ကောင် မင်းကိုတော့ ထိုက်ထိုက်တန်တန် ဒဏ်တပ်ရမယ်လို့ စေတနာတွေကနေ ဒဏ်တပ်ရမယ်လို့ စေတနာတွေကနေ ဒဏ် တပ်နေကြတာ။

အဲလိုနဲ့ ဆွမ်းလောင်းတဲ့ ပုဂ္ဂိုလ်မရှိတဲ့အတွက် ဆွမ်းဆင်းရဲတဲ့ ဒုက္ခကတစ်မျိုး၊ ရဟန်းဘဝကိုရောက်တယ်ဆိုရင် တရားအလုပ်ကို အားထုတ်ရမှာဖြစ်ခြင်းကြောင့် တရားအလုပ်ကို အားထုတ်တဲ့အခါ ကာလကျပြန်တော့လည်း တရားအားထုတ်လို့ ရှုမှတ်လို့ မရလောက်

အောင် စိတ်အစဉ်မှာ ထိတ်လန့်စရာတွေ တုန်လှုပ်စရာတွေ အမျိုးမျိုး တစ်သီတစ်တန်းကြီး ပေါ်နေတဲ့အတွက်ကြောင့် စိတ်ဆင်းရဲတာကတစ်မျိုး၊ အခက်အခဲတွေ အကြီးအကျယ် ရင်ဆိုင်နေရတယ်၊ ဘယ်သူက လာလုပ်တာတုန်းဆိုတော့ "ဘယ်သူမပြု မိမိမှု" ဆိုတဲ့အတိုင်း ကိုယ်လုပ်တဲ့ အကုသိုလ်တွေက ကိုယ့်ကို ဒဏ်ပေးနေကြတာပါ။ ဘယ်သူကမှ ပေးကြတာ မဟုတ်ပါဘူး။

အဲဒီလိုနဲ့ အခက်အခဲတွေ အကြီးအကျယ်ရင်ဆိုင်ပြီးတော့ နေတယ်။ နေရပေမယ့်လို့လည်း လုံ့လဝီရိယဆိုတာ နောက်မဆုတ်ပါဘူးတဲ့။ ပယောဂသမ္ပတ္တိစက်ကိုတော့ နှိုးလျက် နှိုးလျက်ပါပဲ။ စိတ်ထိန်းကိရိယာလေးလုပ်ပြီးတော့ သွားနေတဲ့အချိန်မှာဆိုလို့ရှိရင် သောကတွေ ထိတ်လန့်စရာတွေ တုန်လှုပ်စရာတွေ အမျိုးမျိုး တစ်သီကြီး၊ တစ်တန်းကြီး ပေါ်ပြီးတော့လာတယ်။ စိတ်ထိန်းကိရိယာနဲ့ ထိန်းထိန်းပေးနေပေမယ့်လို့လည်း လွတ်လွတ်၊ လွတ်လွတ်ပြီးတော့သွားနေသတဲ့။ အေး သူ့ရဲ့ အကုသိုလ်တွေ တစ်သီကြီး၊ တစ်တန်းကြီး စီတန်းပြီးတော့ လာနေကြတယ်၊ အဲဒီလိုနဲ့ တော်တော်လေးကြာတော့ တစ်နေ့ကျတော့ မြို့ထဲကို ဆွမ်းခံကြွတယ်။

အထခေါ အာယသ္မာ အင်္ဂုလိမာလော ပုဗ္ဗဏှသမယံ နိဝါသေတွာ ပတ္တစီဝရမာဒါယ ပိဏ္ဍာယ သာဝတ္ထိံ ပါဝိသိ။

အထခေါ၊ ထိုအခါ၌။ အာယ္သ္မာ အင်္ဂုလိမာလော။ အရှင် အင်္ဂုလိမာလမထေရ်သည်မြတ်သည်။ ပုဗ္ဗဏှသမယံ၊ နံနက်အခါကာလ၌။ နိဝါသေတွာ၊ သင်္ကန်းကို ကောင်းစွာဝတ်ရုံ၍။ ပတ္တစီဝရံ၊ သပိတ် သင်္ကန်းကို။ အာဒါယ၊ ကောင်းမွန်စွာယူ၍၊ သာဝတ္ထိ၊

သာဝတ္ထိ မြို့အတွင်းသို့။ ပိဏ္ဍာယ၊ ဆွမ်းခံခြင်းအလို့ငှာ။ ပါဝိသိ၊ ကောင်းစွာမသွေ ကြွတော်မူခဲ့ပါပေသတည်း။

သာဓု . . . သာဓု . . . သာဓုပါဘုရား။

သာဝတ္ထိမြို့ထဲကို ဆွမ်းခံကြွတော့ လောင်းချင်လည်းလောင်း မလောင်းချင်လည်းနေ၊ ရဟန်းဖြစ်မှတော့ ဆွမ်းခံရမှာပဲ။ ဘယ်သူမှ မလောင်းဘူးဆိုလို့ရှိရင်လည်းပဲ သီတင်းသုံးဘော်တွေထံမှ မျှတရုံကလေး ယူဘုဉ်းပေးတော့မယ်ပေါ့။ ဒါပေမယ့်လို့ပဲ နောက်မဆုတ်ဘူး။ ကြွတာပဲ၊ ကြွပေမယ့်လည်းလို့လည်း ဘယ်သူကမှ မလောင်းဘူး၊ လောင်းချင်လည်းလောင်း၊ မလောင်းချင်လည်းနေ၊ ရဟန်းအလုပ်ကိုတော့ လုပ်ရမှာပဲလို့ ဝိရိယဆိုတာ နောက်မဆုတ်ပါဘူး၊ ကြွတော်မူပါတယ်။

အဲဒီလို မြို့ထဲကို ဆွမ်းခံကြွတော့ အိမ်စဉ်အတိုင်း တစ်အိမ်မှ မကျော်ဘဲ ကြွတယ်၊ တစ်အိမ်မှမကျော်ဘဲ မြို့ထဲကို ဆွမ်းခံကြွတဲ့အခါကာလမှာ အိမ်တစ်အိမ်ရောက်တော့ ဘာသွားတွေ့သလဲဆိုရင် သားမဖွားနိုင်လို့ ကြီးကျယ်စွာ ဒုက္ခရောက်နေတဲ့ အမျိုးသမီး တစ်ဦးကို သွားတွေ့ရတယ်။ အော်ဟစ် ညည်းပြီး ကယ်ပါယူပါ တစာစာနဲ့ ပြင်းထန်စွာ ဝေဒနာနှိပ်စက်နေတဲ့ သားမဖွားနိုင်တဲ့ ပြင်းစွာ ဒုက္ခရောက်ပြီးတော့ခါ အော်ဟစ်ညည်းညူနေတဲ့ အမျိုးသမီး တစ်ဦးကို သွားတွေ့ရတယ်။ အိမ်တစ်အိမ်မှာ အဲဒီလိုသွားတွေ့ရတယ်။ သွားတွေ့ရတော့ သနားလိုက်တာတဲ့။

**ကိလိဿန္တိ ဝတ ဘော သတ္တာ၊ ကိလိဿန္တိ ဝတ ဘော သတ္တာ။**

အော် သတ္တဝါတွေ ပူလောင်ညစ်နွမ်း ပင်ပန်းကြပါတကား၊ သတ္တဝါတွေ ပူလောင်ညစ်နွမ်း ပင်ပန်းကြပါတကား။ သတ္တဝါတွေ ဒုက္ခ တယ်ကြီးပါလားလို့။

အဲဒီ အမျိုးသမီးကို မြင်လိုက်တယ်ဆိုရင် သနားတဲ့စိတ်တွေ တဖွားဖွားဖြစ်ပြီးတော့မှ ဖြစ်နိုင်ရင်တော့ အဲဒီဒုက္ခမှ ချက်ချင်း လွတ်သွားအောင် ကယ်တင်ပေးလိုက်ချင်သတဲ့။

ဟိုအရင်တုန်းက လူတွေမြင်ရင် မသနားဘဲနဲ့ ရက်ရက် စက်စက် သတ်ခဲ့ပါလျက်သားနဲ့ ခုမှ ဘာဖြစ်လို့ ဒီလောက်တောင် သနားနေ ရတာလဲဆိုတော့ ရဟန်းဘဝရဲ့ စွမ်းရည်၊ မြတ်စွာဘုရား ဟော ကြားတဲ့ တရားရဲ့စွမ်းရည်၊ အဲဒီစွမ်းရည်တွေကြောင့်မို့လို့ ဆင်းရဲဒုက္ခ ရောက်နေတဲ့ အမျိုးသမီးကိုမြင်တော့ သနားခြင်း ကြီးစွာ ဖြစ်ပေါ်ပြီးတော့ နေရတာပါ။ သနားတဲ့စိတ်တွေ သိပ်ဖြစ် နေတယ်တဲ့။

အဲဒါနဲ့ အဲဒီအိမ်ကို မှတ်ထားခဲ့တယ်။ ဆွမ်းခံပြန်ချိန် ရောက်လာတဲ့အခါ ကျောင်းကိုပြန်ကြွတယ်။ ကျောင်းကို ပြန် ကြွပြီးတဲ့အခါကာလ မှာကျတော့ မြတ်စွာဘုရားထံသွားပြီးတော့ မြတ်စွာဘုရားရှင်ကို အကြိမ်ကြိမ်ရှိခိုး၊ သင့်တင့်တဲ့နေရာမှာ ထိုင်နေပြီးတော့ မြတ်စွာဘုရားကို လျှောက်ထားတယ်။ မြတ်စွာဘုရား ဘုရားတပည့်တော် ဒီကနေ့မနက် သာဝတ္ထိမြို့တွင် အိမ်စဉ်လျှောက် ပြီးတော့ ဆွမ်းခံ သွားတဲ့အခါမှာ အိမ်တစ်အိမ်မှာ သားမဖွားနိုင်လို့ ကြီးစွာ ဒုက္ခရောက်နေတဲ့ အမျိုးသမီးတစ်ဦး တွေ့ခဲ့ရပါတယ်ဘုရား၊ သိခဲ့ရ မြင်ခဲ့ရတော့-

**ဒိသွာန မယှံ ဓောဒဟောသိ "ကိလိဿန္တိ ဝတ ဘော သတ္တာ၊ ကိလိဿန္တိ ဝတ ဘော သတ္တာ" တိ၊**

ဒိသွာန၊ အဲဒီအမျိုးသမီးကို တပည့်တော် မြင်တွေ့ခဲ့ရခြင်းကြောင့်။ ဘော၊ အို အချင်းတို့။ သတ္တာ၊ သတ္တဝါတို့သည် ကိလိဿန္တိဝတ၊ ပူလောင်ညစ်နွမ်းကြပါပေသည်တကား။ သတ္တာ၊ သတ္တဝါတို့သည်။ ကိလိဿန္တိဝတ၊ ပူလောင်ညစ်နွမ်းကြပေစွတကား။ ဣတိ၊ ဤသို့။ မယှံ၊ ဘုရားတပည့်တော်မှာ။ ဓတံ၊ ဤသို့ စိတ်ကူးကြံစည်မှုသည်။ အဟောသိ၊ ကောင်းစွာမသွေ ဖြစ်ခဲ့ပါတော့သည် အရှင်ဘုရား။

အဲဒီအမျိုးသမီးတွေ့ခဲ့ရတော့ ဘုရားတပည့်တော် သနားလိုက်တာ ဘုရား၊ သနားလိုက်တာ ဘုရားလို့ လျှောက်တော့ မြတ်စွာဘုရားက–

## အင်္ဂုလိမာလပရိတ်ဖြစ်ပေါ်လာ

**တေန ဟိ တွံ အင်္ဂုလိမာလ ယေန သာ ဣတ္ထီ တေနုပ သင်္ကမ၊**

ချစ်သားရယ် ဒီလောက်တောင်မှပဲ သနားတယ်ဆိုရင် သွားချေပါ၊ အဲဒီအမျိုးသမီးရဲ့အိမ်ကို သွားပြီးတော့မှ–

**ဥပသင်္ကမိတွာ တံ ဣတ္ထိံ ဧဝံ ဝဒေဟိ။**

အဲဒီအိမ်ကိုသွားပြီးတော့ သစ္စာဆိုတဲ့အနေနဲ့ အဲဒီ အမျိုးသမီးကို အဲလိုပြောကြည့်ပါကွယ်လို့ ပရိတ်ကြီး (၁၁)သုတ်ထဲမှာရှိတဲ့ "အင်္ဂုလိမာလပရိတ်" ကို မြတ်စွာဘုရားက သင်ပေးတော်မူလိုက်တယ်။

အင်္ဂုလိမာလပရိတ်ကို သင်ကြားပြီးတဲ့အခါကျတော့ ကာလမှာ ပထမဆုံးအနေနဲ့ "အရိယာယ ဇာတိယာ" ဆိုတဲ့ စကားမပါသေးပါဘူး။ အဲဒီစကားကို မြတ်စွာဘုရားက တရား မပေါ်ပေါ်အောင် ဆိုပြီးတော့ တမင်ချိန်ထားတယ်။ ဒီလို ဆိုရင်လည်းပဲကွယ် အဲဒီအမျိုးသမီးရှိတဲ့ အိမ်ကိုသွားပြီးတော့ သစ္စာဆိုတဲ့အနေနဲ့ ဟောဒီလို ပြောဆိုကြည့်ကွယ်၊ သစ္စာဆိုကြည့်၊ ဘယ်လိုဆိုရမလဲ။

"ယတောဟံ ဘဂိနိ ဇာတိယာ ဇာတော။ ဇာတိယာမှာ အရိယာယ မပါသေးဘူး။

"ယတောဟံ ဘဂိနိ ဇာတိယာ ဇာတော နာဘိဇာနာမိ သဉ္စိစ္စ ပါဏံ ဇီဝိတာပေါရောပေတာ၊ တေန သစ္စေန သောတ္ထိ တေ ဟောတု သောတ္ထိ ဂဗ္ဘဿ" လို့ အင်္ဂုလိမာလပရိတ်ကို သင်ပေးလိုက်တယ်။

ယတောဟံ ဘဂိနိ ဇာတိယာ ဇာတော–ငါ ဖြစ်တဲ့နေ့ကစပြီးတော့။ နာဘိဇာနာမိ သဉ္စိစ္စပါဏံ ဇီဝိတာပေါရောပေတာ–သတ္တဝါကို သေစေလိုတဲ့ စိတ်ထားနဲ့ ဘယ်သတ္တဝါကိုမှ မသတ်ဖူးပါဘူး။ တေန သစ္စေန သောတ္ထိ တေ ဟောတု– အဲဒီ မှန်ကန်သော သစ္စာစကားကြောင့် သင် အမျိုးသမီးအား ချမ်းသာပါစေ၊ သောတ္ထိဂဗ္ဘဿ– သင် အမျိုးသမီးရဲ့ ကိုယ်ဝန် သားငယ်ကလေးလည်း ချမ်းသာပါစေ၊ မိခင်နှင့်ကလေးပါ ချမ်းသာပါစေလို့ ဟောဒီလို သစ္စာဆိုချေကွယ်လို့ "အင်္ဂုလိမာလပရိတ်" ကို သင်ပေးလိုက်တယ်။

သင်ပေးလိုက်တော့ အရှင်အင်္ဂုလိမာလက အဲဒီအထဲမှာ ယတောဟံ ဘဂိနိ ဇာတိယာ ဇာတော–ဖြစ်တဲ့နေ့ကစ၍ ဆိုတဲ့

စကားလေးကို သူ့စိတ်ထဲမှာက "မွေးဖွားတဲ့နေ့က စပြီးတော့"လို့ အဲဒီလို အဓိပ္ပါယ် ယူဆနေတယ်။

မြတ်စွာဘုရား ရည်ရွယ်ချက်ကတော့ "ရဟန်းဖြစ်တဲ့နေ့က စ၍"လို့ အဲဒီလို ဆိုလိုရင်းပါ။ ဒါပေမယ့် အရှင် အင်္ဂုလိမာလ မထေရ်ကတော့ "မွေးဖွားတဲ့နေ့ကစပြီးတော့"လို့ အဲဒီလို အဓိပ္ပါယ် ယူနေတယ်။ မြတ်စွာဘုရားရဲ့ "ဖြစ်တဲ့နေ့ကစ၍" ဆိုတဲ့စကားကို ကြားတော့ နေ့စဉ်နေ့တိုင်း တရားအားထုတ်နေခဲ့တာ တရားအားထုတ် လို့ မရလောက်အောင် သူ့ရဲ့ လွန်ကျူးခဲ့တဲ့ ပါဏာတိပါတ အကုသိုလ် ကံတွေက စိတ်ထဲမှာ တစ်သီတစ်တန်းကြီး ပေါ်၍ပေါ်၍ နေခဲ့တယ်။ အဲဒီလို တစ်သီတစ်တန်းကြီး ပေါ်၍နေခဲ့တာမို့လို့ နေ့တိုင်းနေ့တိုင်း စိတ်ဆင်းရဲခဲ့ရတယ်။

ဘုရားက "ဖြစ်တဲ့နေ့ကစပြီးတော့ကာ သတ္တဝါကို မသတ်ဖူး ပါဘူး" အစရှိသည်ဖြင့် အင်္ဂုလိမာလသုတ်ကို သင်ပေးလိုက်ပြန်တော့ "ဖြစ်"ဆိုတဲ့ စကားလေးကို သူက မွေးဖွားတဲ့နေ့ကို ယူနေတော့ မြတ်စွာဘုရား ဒီစကားကို ပြောလိုက်တယ်ဆိုရင် သူ တစ်ဘဝလုံး လွန်ကျူးခဲ့တဲ့ တောတွင်းမှာ သောင်းကျန်းသူကြီးဘဝနဲ့ လွန်ကျူးခဲ့တဲ့ အကုသိုလ်ကံတွေ ထင်ပြီး ပေါ်ပြီးတော့ လာကြပြန်ပြီ။ လာတော့ မြတ်စွာဘုရားကို ဖြောင့်ချက်ပေးပြီဗျ။

**သော ဟံ နုန မေ ဘန္တေ သမ္ပဇာနမုသာဝါဒေါ ဘဝိဿတိ၊**

မြတ်စွာဘုရား၊ ဟောဒီသစ္စာစကားကို ဘုရားတပည့်တော် မဆိုရဲပါဘူးဘုရား။ ဒီသစ္စာစကားကိုသာ သွားပြီးတော့ ဆိုလိုက်မယ် ဆိုရင် ဘုရားတပည့်တော်ရဲ့ သစ္စာဟာ သစ္စာမဟုတ်ဘဲနဲ့ လိမ်ရာ

ရောက်သွားတော့မှာပေါ့ဘုရား။ ဘုရားတပည့်တော်ရဲ့ စကားဟာ လိမ်ပြောရာရောက်တော့မှာပေါ့ဘုရား။

ဘာဖြစ်လို့လည်းဆိုရင်–

**မယာ ဟိ ဘန္တေ ဗဟူ သဉ္စိစ္စ ပါဏာ ဇီဝိတာ ဝေါရောပေတာ။**

တပည့်တော် တောထဲမှာ လူရာပေါင်းများစွာကို ရက်ရက်စက်စက် အခြောက်တိုက် မိုက်ရိုင်းစွာနဲ့ အများကြီး သတ်ခဲ့ပါတယ် ဘုရား တဲ့။

ဘုရားရှေ့မှာ ဖြောင့်ချက်ပေးနေပြီ၊ ဘုရားတပည့်တော် လူရာပေါင်းများစွာကို ရက်ရက်စက်စက် မြောက်မြားစွာ သတ်ဖြတ်ပြီးတော့ လာခဲ့တာဖြစ်တဲ့အတွက်ကြောင့် မြတ်စွာဘုရား သင်ပေးတဲ့ သစ္စာစကားကို ဘုရားတပည့်တော် မဆိုရဲပါဘူး ဘုရား။ သစ္စာမဟုတ်ဘဲ လိမ်ပြောရာရောက်မှာ ဖြစ်တဲ့အတွက် ကြောင့် ဘုရားတပည့်တော် ဒီသစ္စာကို မဆိုရဲပါဘုရားလို့ ဟောဒီလို လျှောက်ထားတော့–

မြတ်စွာဘုရားက နောက်ထပ် "အရိယာယ ဇာတိယာ"ဆိုတဲ့ စကားနှစ်လုံးကို ဖြည့်ပြီးတော့ ပေးတော်မူတယ်။ အဲဒီလိုဆိုရင်လည်း ချစ်သား ဒီလောက်တောင်ပဲ သံသယဖြစ်နေတယ်ဆိုလို့ရှိရင်လည်းပဲ "အရိယာယ ဇာတိယာ" ဆိုတဲ့ စကားလေးနှစ်လုံး နောက်ထပ်ထည့် ပြီးတော့ အဲဒီလို ထားပြီးတော့ သစ္စာဆိုချေကွယ်။

## အင်္ဂုလိမာလပရိတ်တော်

ယတောဟံ ဘဂိနိ အရိယာယ ဇာတိယာ ဇာတော၊ နာဘိဇာနာမိ သဉ္စိစ္စ ပါဏံ ဇီဝိတာ ဝေါရောပေတာ၊ တေန သစ္စေန သောတ္ထိ တေ ဟောတု သောတ္ထိ ဂဗ္ဘဿ။

အရိယာယဇာတိယာဆိုတာက အရိယာဖြစ်တာကို ပြောတာ မဟုတ်ဘူး။ မြင့်မြတ်သော အမျိုးဇာတ်တဲ့၊ ရဟန်းဘဝကိုပြောတာပါ။ "ငါဟာ မြင့်မြတ်တဲ့ ရဟန်းဘဝကို ရောက်တဲ့ နေ့ကစပြီးတော့ သတ္တဝါကို သေစေလိုတဲ့ စိတ်ထားနဲ့ ငါ မသတ်ခဲ့ပါဘူး။ ဤမှန်ကန်သော သစ္စာစကားကြောင့် သင်အမျိုးသမီး ချမ်းသာပါစေ၊ သင်အမျိုးသမီးရဲ့ ကိုယ်ဝန်သားလေးလည်း ချမ်းသာပါစေ၊ မိခင်ရော ကလေးပါ ချမ်းသာပါစေ"လို့ ဟောဒီလို သွားပြီးတော့ သစ္စာဆို ချေကွယ်လို့ မြတ်စွာဘုရားက သင်ပေးလိုက်တယ်။ နောက်ထပ် နှစ်လုံးဖြည့်ပြီးမှ သင်ပေးလိုက်တယ်။ သင်ပေးလိုက်တယ်ဆိုရင် အရှင်အင်္ဂုလိမာလမထေရ်သူမြတ်ကလည်း "ကောင်းပါပြီ မြတ်စွာ ဘုရား"လို့ ရိုရိုသေသေ လျှောက်ထားပြီးတော့ အင်္ဂုလိမာလ ပရိတ်တော်ကို သေသေချာချာ ကျကျနန သင်ယူပြီးတဲ့အခါကာလမှာ နေ့လယ်ပိုင်းရောက်တော့ အဲဒီ သားမဖွားနိုင်လို့ ကြီးစွာ ဒုက္ခ ရောက်နေတဲ့ အမျိုးသမီးရှိရာ အိမ်ကိုကြွသွားတယ်။ သနားလွန်း လို့ဗျာ၊ သိပ်သနားလွန်းလို့၊ သနားလွန်းလို့ အဲဒီအိမ်ကို ကြွ ပြီးတော့မှ အိမ်ဝိုင်းထဲကို ရောက်တယ်ဆိုရင် ဆွေမျိုးတွေက အသိပေးရတယ်ပေါ့။

အရှင်အင်္ဂုလိမာလ ကြွလာပါတယ်။ သားမဖွားနိုင်လို့ ကြီးစွာ ဒုက္ခရောက်နေတဲ့ အမျိုးသမီးကို သစ္စာဆိုပြီးတော့ ဒုက္ခမှ လွတ်အောင် ကယ်တင်ပေးမလို့ပါ။ သစ္စာဆိုနိုင်အောင် စီစဉ်ပေးကြပါလို့ အသိပေးလိုက်တော့ ဆွေမျိုးများကလည်း ဆင်းရဲဒုက္ခ လွတ်ချင်လွန်းလို့ အမျိုးသမီးကို တစ်နေရာမှာ သေသေချာချာထားပြီးတော့ ကန့်လန့်ကာများကာ၊ ကန့်လန့်ကာ ကာပြီးတော့ ကန့်လန့်ကာ အပြင်ဘက်ကနေပြီးတော့ အရှင်အင်္ဂုလိ

မာလ ထိုင်ဖို့ ဆိုပြီးတော့ ကုလားထိုင်များခင်းပြီးတော့ အားလုံး ကိစ္စပြီးပြီ ဆိုတဲ့အခါ အရှင်ဘုရား ကြွတော်မူပါဘုရားလို့ မိသားစုများကနေပြီတော့ အဲလိုပင့်ပြီးတဲ့အခါကာလမှာ အရှင်အင်္ဂုလိမာလက ခင်းထားတဲ့နေရာမှာထိုင်တယ်၊ သားမဖွားနိုင်လို့ ကြီးစွာ ဒုက္ခရောက်နေပြီး ညည်းညူနေတဲ့ အမျိုးသမီးက ကန့်လန့်ကာရဲ့အတွင်းဘက်မှာ ရှိတယ်။

## သစ္စာနှင့်မေတ္တာ

အရှင်အင်္ဂုလိမာလက ကန့်လန့်ကာရဲ့အပြင်ဘက်မှာ ကုလားထိုင်ပေါ်မှာ ထိုင်ပြီးတော့မှ နေတယ်။ နေပြီးတဲ့အခါကာလမှာ အရှင်အင်္ဂုလိမာလက သစ္စာနဲ့မေတ္တာကို ပေါင်းစပ်မယ်။ မေတ္တာက လည်း မှန်တယ်။ သစ္စာကလည်း မှန်တယ်။ ဟို လူဝတ် ကြောင်ဘဝတုန်းကသာ လူတွေကို သတ်ခဲ့တာ၊ ယခု ရဟန်း ပြုတဲ့ နေ့ကစပြီးတော့ ဘယ်သူ့ကိုမှ မသတ်ခဲ့တော့ဘူး။ သစ္စာ ကလည်း မှန်တယ်၊ ဒုက္ခရောက်နေတာကို တကယ် ဒုက္ခမှ လွတ်မြောက်စေချင်တဲ့ ကရုဏာမေတ္တာကလည်း မှန်တယ်။ မေတ္တာနဲ့ သစ္စာကိုပေါင်းပြီးတော့ကာ အဲဒီလို ဒုက္ခမှ လွန်မြောက်အောင် သူက ဆောင်ရွက်လိမ့်မယ်။

ယတောဟံ ဘဂိနိ . အရိယာယ ဇာတိယာ ဇာတော၊ နာဘိဇာနာမိ သဉ္စိစ္စ ပါဏံ ဇီဝိတာ ဝေါရောပေတာ၊ တေနသစ္စေန သောတ္ထိ တေ ဟောတု သောတ္ထိ ဂဗ္ဘဿ။

“ငါသည် မြင့်မြတ်တဲ့ ရဟန်းဖြစ်တဲ့နေ့ကစပြီးတော့ သတ္တဝါတွေကို သေစေလိုတဲ့စိတ်ထားနဲ့ ဘယ်သတ္တဝါကိုမှ မသတ်ဖူးပါဘူး။ အဲဒီ မှန်ကန်သော သစ္စာစကားကြောင့် သင် အမျိုးသမီးအား

ချမ်းသာပါစေ၊ သင် အမျိုးသမီးရဲ့ ကိုယ်ဝန်သားငယ်ကလေးလည်း ချမ်းသာပါစေ၊ မိခင်ရောကလေးပါ ချမ်းသာပါစေ" လို့။

သစ္စာစကားကို တစ်ခေါက်သာ ရွတ်လိုက်ရတယ်၊ သားမဖွား နိုင်လို့ ပင်ပန်းကြီးစွာ အော်ဟစ်ညည်းညူပြီးတော့နေတဲ့ အမျိုး သမီးဟာ ချက်ချင်း သက်သာခွင့်ရ ချမ်းသာခွင့်ရပြီးတော့ သားရတနာလေးကို ချက်ချင်း ဘာအခက်အခဲမှ မရှိဘဲနဲ့ လွယ်လွယ်ကူကူ မွေးဖွားနိုင်တယ်။ ဘာအခက်အခဲမှ မရှိဘူး။ ဘာမှ ပင်ပန်းခြင်း၊ ဆင်းရဲခြင်း မရှိဘူး။ စောစောတုန်းက ညည်းညူအော်ဟစ်နေတာ၊ အရှင်အင်္ဂုလိမာလရဲ့ သစ္စာစကားလည်း ပြီးရော တစ်ခါတည်း သစ္စာကလည်းမှန်၊ မေတ္တာကလည်းမှန်၊ ကရုဏာကလည်းမှန်၊ အမှန်ချင်းပေါင်းစပ်လိုက်တော့ ချမ်းသာသုခ ရလာဒ်ဆိုတာ ချက်ချင်းပေါ်လာရတယ်။

အထခွဲသော ဣတ္ထိယာ သောတ္ထိ အဟောသိ၊ သောတ္ထိ ဂဗ္ဘဿ။

အထခေါ၊ အရှင်အင်္ဂုလိမာလ သစ္စာစကားကို မိန့်ကြား တော်မူ ပြီးရာ ထိုအခါ၌။ အဿာဣတ္ထိယာ၊ ထိုသားမဖွားနိုင်သဖြင့် ကြီးစွာ ဒုက္ခရောက်၍နေသော ထိုအမျိုးသမီးအား။ သောတ္ထိ၊ ကိုယ်စိတ်နှစ်ဖြာ ဘေးရန်ကွာ၍ ပူဆာလွတ်ကင်း ချမ်းသာခြင်း ရှိသည်။ အဟောသိ၊ ဖြစ်ခဲ့ပါချေပြီ။ ဂဗ္ဘဿ၊ ကိုယ်ဝန်သားငယ် ကလေးအား။ သောတ္ထိ၊ ကိုယ်စိတ်နှစ်ဖြာ ဘေးရန်ကွာ၍ ပူဆာ လွတ်ကင်း ချမ်းသာခြင်းရှိသည်။ အဟောသိ၊ ကောင်းစွာမသွေ ဖြစ်ခဲ့ပါပေသတည်း။

သာဓု . . . သာဓု . . . သာဓုပါဘုရား။

အမှန်တရားတွေ ပေါင်းစပ်လိုက်တဲ့အခါကာလကျတော့ အကျိုးရလဒ် ချမ်းသာဆိုတာ ပေါ်လာရတယ်။ သစ္စရသော၊ အာင်္ဂုဝကသုတ္တန်မှာလာတဲ့ တရားဒေသနာအတိုင်းပဲ အရသာ ဒီထဲမှာ သစ္စာသည် အရသာအရှိဆုံးပါ။ အဲဒီ အရသာအရှိဆုံး ဖြစ်တဲ့ သစ္စာကို အရှင်အင်္ဂုလိမာလက အသုံးပြုပြီးတော့မှ သစ္စာနဲ့ မေတ္တာပေါင်းစပ်ပြီးတော့ ဒုက္ခရောက်နေတဲ့ အမျိုးသမီး ကို ဒုက္ခကင်းလွတ်သွားအောင် ကယ်တင်ပေးလိုက်တာပါ။ သစ္စာက ဘာသစ္စာလဲ။

## သစ္စာသုံးမျိုးတွင်

(၁) ပရမတ္ထသစ္စာ၊

(၂) ဝိရတီသစ္စာ၊

(၃) ဝစီသစ္စာ

သုံးမျိုးတို့တွင် အရှင်အင်္ဂုလိမာလ ဆောင်ရွက်နေတာက ဝိရတီသစ္စာနှင့် ဝစီသစ္စာပါ။

နိဗ္ဗာန်ကိုတော့ သူက မျက်မှောက်မပြုရသေးပါဘူး။ ယခုမှ ပုထုဇဉ်ပဲ ရှိပါသေးတယ်။ တရားကို အားထုတ်လို့ မရသေးပါဘူး။ ဝိရတီသစ္စာ၊ ဝစီသစ္စာဆိုတဲ့ သစ္စာအမှန်ကြီးကို လက်ကိုင်ပြုပြီးတော့မှ မေတ္တာနှင့် သစ္စာကို ပေါင်းစပ်ပေးလိုက်တာပါ။

ဝိရတီသစ္စာဆိုတာက ဘာလဲဆိုရင် အဓိကအားဖြင့်ဆိုရင်တော့ မုသာဝါဒ ဝိရတီပေါ့။ အမှန်စကားပြောတဲ့ မုသာဝါဒ ဝိရတီ၊ သူ့အတွက်ဆိုရင် ပါဏာတိပါတ ဝိရတီ၊ သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်တယ်။ ဟိုအရင်တုန်းက သူများအသက်ကို သတ်ခဲ့တယ်၊

ရဟန်းဖြစ်တဲ့ နေ့ကစပြီးတော့ သတ္တဝါကို ဘယ်တော့မှ မသတ်ခဲ့တော့ဘူးဆိုတဲ့ ဝိရတိသစ္စာ။ သစ္စာအားဖြင့် မှန်တယ်။

အဲဒါကို ဝစီသစ္စာ–အမှန်အတိုင်းသစ္စာဆိုခြင်းဆိုတာက ကိုယ့်ရဲ့သီလကို ပြန်ပြီးတော့ ဆင်ခြင်ပြီးတော့မှ ကိုယ့်ရဲ့ သီလတွေကို ပြန်ပြီး ဆင်ခြင်ပြီးတော့မှ အဲဒါကို သစ္စာဆိုလိုက်တာ၊ သစ္စာဆိုပြီးတော့မှ လိုအပ်တဲ့ အကျိုးရလဒ်ကို တောင်းလိုက်တာ၊ ဆုတောင်းလိုက်တာပါပဲ။

## သစ္စာဆိုသည့်အခါဝယ်

(တစ်) ကိုယ်ကျင့်ထားတာကလည်း မှန်ရမယ်။

(နှစ်) ကိုယ်ကျင့်ထားတဲ့အတိုင်း ပါးစပ်ကလည်း အမှန်အတိုင်း ပြောရမယ်၊ လိမ်မပြောရဘူး။

(သုံး) ပါးစပ်က ပြောလိုက်တဲ့အတိုင်း ရလဒ်ကိုလည်း ကိုယ်လိုတဲ့အတိုင်း ဦးတည်ပြီးတော့ မေတ္တာနဲ့ ပေါင်းစပ်ပြီးတော့ တောင်းဆိုရမယ်။

အဲဒါကြောင့် အဲလိုဆိုလို့ရှိရင် ရလဒ်ပေါ်လာရတာပဲ။

ဝိရတိသစ္စာ၊ ပါဏာတိပါတကံမှ ရှောင်ကြဉ်တယ်တဲ့၊ ဝိရတိသစ္စာကလည်း မှန်နေတယ်။

အမှန်အတိုင်းပြောတဲ့ ဝစီသစ္စာကလည်း မှန်နေတယ်၊

မေတ္တာကလည်းပဲ အဲဒီအမျိုးသမီး ဒုက္ခလွတ်စေချင်တဲ့ မေတ္တာ၊ ကရုဏာ၊ အကျိုးလိုလားတဲ့ မေတ္တာ၊ ဆင်းရဲဒုက္ခလွတ်စေချင်တဲ့ ကရုဏာကလည်း မှန်တယ်။

အမှန်တွေပေါင်းစပ်လိုက်တဲ့အတွက်ကြောင့်မို့လို့ ဒုက္ခမှ ချက်ချင်း လွတ်သွားရတယ်။ သစ္စာဟာ အရေးအရသာအရှိဆုံးတဲ့။

ဒီ အင်္ဂုလိမာလသုတ္တန်ဟာ အလွန် အစွမ်းထက်မြက်တဲ့ အကြောင်း မှတ်တမ်းတင်ထားပါတယ်။ အင်္ဂုလိမာလသုတ်ဆိုတာဟာ နှစ်ကြောင်းသုံးကြောင်းလောက်ပဲ ရှိတယ်။ တိုတိုလေးပါ။ တိုတိုလေး ပဲ အားလုံးကျက်နိုင်ပါတယ်။ အစွမ်းထက်မြက်တဲ့အကြောင်းကို မှတ်တမ်းတင်ထားတယ်။ ဘယ်ဘေးရန်အန္တရာယ်မဆို တားဆီး နိုင်တဲ့ ဗွမ်းရည်သတ္တိရှိတယ်။ အရှင်အင်္ဂုလိမာလနေထိုင်တဲ့ ကုလား ထိုင်သာမဟုတ်၊ ယခုကာလဆိုရင် အင်္ဂုလိမာလသုတ္တန်ကို ရွတ် တဲ့ပုဂ္ဂိုလ်ရဲ့ နေထိုင်တဲ့နေရာ၊ အဲဒီနေရာကိုတဲ့ လူမပြောပါနဲ့ဦး၊ သားမဖွားနိုင်တဲ့ တိရစ္ဆာန်မများကိုသော်မှလည်း အဲဒီနေရာမှာ သိပ်ပြီးတော့ ထားလိုက်ရင် သက်သက်သာသာ လွယ်လွယ်ကူကူ လေးနဲ့ သားဖွားနိုင်ပါတယ်၊ တကယ်လို့ အားနည်းပြီးတော့ ဘယ်လိုမှ ကြံဆောင်လို့ မရဘူးဆိုလို့ရှိရင်လည်းပဲ အဲဒီ သစ္စာဆိုတဲ့ နေရာကို ဆေးကြောတဲ့ ရေ၊ အဲဒီရေကို ယူပြီးတော့ ခေါင်းကို လောင်းပေးလို့ရှိရင် သက်သက်သာသာနဲ့ သားဖွားနိုင်ပါတယ်။ ဒီပြင် ရောဂါများကိုလည်း အင်္ဂုလိမာလပရိတ်ဟာ တားဆီးနိုင်တဲ့၊ ပယ်ဖျောက်ပေးနိုင်တဲ့ စွမ်းရည်သတ္တိတွေ ပါပါတယ်လို့ အဲလိုဆိုတယ်။

## ကပ်ကမ္ဘာဆုံးသည့်တိုင်

ကပ်ကမ္ဘာကုန်ဆုံးသည်အထိ စွမ်းရည်ဟာ ထက်မြက်ပြီးတော့ နေမှာပါလို့ အဲဒီလို မှတ်တမ်းတင်ထားတယ်။ ဒါကြောင့် တရား တရားဆိုသည်မှာ နာကြားသော ပုဂ္ဂိုလ်များအတွက် လောကီအကျိုး၊ လောကုတ္တရာအကျိုးဆိုတဲ့ ကောင်းကျိုးကို ရဖို့

နာကြားကြတာဖြစ်တော့ အင်္ဂုလိမာလပရိတ် ဆိုတာကလည်း အသုံးပြုကြရလိမ့်မယ်။ အင်္ဂုလိမာလပရိတ်ဟာ ရှည်တာလည်း မဟုတ်ဘူး။ နှစ်ကြောင်းသုံးကြောင်းလောက်ပဲရှိတယ်။ စာအုပ် သေးသေးနဲ့ ဆိုရင် သုံးလေးကြောင်းလောက်ပဲရှိတယ်။ ဘာမှ များတာလည်း မဟုတ်ဘူး။ အဲဒါကို လူတိုင်းလူတိုင်း ဆောင် ထားရမယ်။ ဆောင်ထားရမယ်ဆိုတာ ခုနပြောတဲ့ သုံးချက် သတိပြုရမယ်ပေါ့။ သုံးချက်သတိပြုရမယ်။ တစ်သက်လုံး ပါဏာတိ ပါတ မရှောင်နိုင်တာဘဲ ထားအုံး၊ သားဖွားခါနီး အမျိုးသမီးအတွက် ဆိုလို့ရှိရင် အေး ရက်ပိုင်း၊ လပိုင်း မှတ်ထားရမယ်။ ဒါမှ မဟုတ်ရင် ကိုယ်ဝန်ဆောင်တဲ့အခါကာလကစပြီးတော့ မှတ်ထား ရမယ်။ မှတ်ထားရမယ်ဆိုတာ ငါးပါးသီလမြဲရမှာကို ပြောတာ။ ငါးပါးသီလမြဲတယ်ဆိုရင် ပါဏာတိပါတ ဝိရတီပါသွားပြီ။ အဓိက အားဖြင့် အထူးအားဖြင့် ပါဏာတိပါတကံကို ရှောင်ရမယ်။ ခြင်ကလေးကိုသော်မှ မှက်ကလေးကိုသော်မှ ကြမ်းပိုးလေးကိုသော် မှ အမှတ်တမဲ့ မသတ်မိစေရဘူးဗျ။ ပါဏာတိပါတ ရှောင် ကြဉ်ပြီးတော့ နေရမယ်။ အဲလိုဆိုရင် ဘာဖြစ်သွားမလဲ၊ ဝိရတီ သစ္စာဖြစ်သွားပြီ၊ ဝိရတီသစ္စာဖြစ်သွားပြီဆိုလို့ရှိရင် ငါးပါးသီလ လုံနေပြီဆိုရင် ခုမှ အင်္ဂုလိမာလပြောတဲ့ အရိယာယဇာတိယာနဲ့ အကျုံးဝင်သွားတယ်ဗျ၊ ဘာလို့တုန်းဆိုရင် ငါးပါးသီလဆိုတာ အရိယာသူတော်စင်များ အသက်နဲ့လဲပြီးမှ စောင့်ထိန်းတဲ့ သီလ ဖြစ်တယ်။

## ငါးပါးသီလလုံနေချိန်

အဲဒါကြောင့်မို့လို့ ငါးပါးသီလ လုံနေချိန်အခါကာလမှာ အရိယာယ ဇာတိယာ- အရိယာနွယ်ဝင် သူတော်စင်ပုဂ္ဂိုလ်ထဲမှာ

ပါသွားပြီ။ ဒါကြောင့် မိမိဟာ ရက်ပိုင်း၊ လပိုင်း အဲဒီလောက်မှာ တစ်သက်လုံး လုံရင်တော့ အကောင်းဆုံးပေါ့။ တစ်သက်လုံး မလုံပေမယ့်လို့လည်း ကိုယ်ဝန်ဆောင်တဲ့အချိန်အခါကာလကစလို့ပဲ ဖြစ်စေ၊ လပြည့်ခါနီး,စေ့ခါနီးမှာ ကာလမှာပဲ ဖြစ်စေ၊ ရက်ပိုင်း လပိုင်းမှာ အမှတ်တရဖြစ်နေအောင် ငါးပါးသီလ အနည်းဆုံး အဓိက ပါဏာတိပါတ ဝိရတီကို မကျိုးမပေါက် မပြောက် မကျားရအောင် စောင့်ထိန်းနေရမယ်။ ထို့အတူ သူ့အပေါ် သစ္စာဆိုပေးမယ့် အမျိုးသားကပဲ ဖြစ်စေ၊ အမျိုးသမီးကပဲ ဖြစ်စေ၊ ရဟန်း၊ ရှင်လူ မည်သူမဆိုပေါ့၊ သစ္စာဆိုမယ့်ပုဂ္ဂိုလ်ကလည်း ငါးပါးသီလတော့ အနည်းဆုံးလုံရလိမ့်မယ်။ အထူးအားဖြင့် ပါဏာတိပါတ ဝိရတီကိုတော့ဖြင့် လုံရလိမ့်မယ်။ ကိုယ်တိုင် သစ္စာဆိုရင် လည်းပဲ ထို့အတူပဲ သူများအပေါ် သစ္စာဆိုပေးတဲ့ ရဟန်းရှင်လူ မည်သူမဆို ပုဂ္ဂိုလ်ကလည်းပဲ သီလနဲ့တော့ ပြည့်စုံရလိမ့်မယ်။ အဓိကအားဖြင့် ပါဏာတိပါတ ဝိရတီသီလနှင့် ပြည့်စုံရလိမ့်မယ်။

(နှစ်)နံပါတ်က အဲဒီ မိမိရရှိထားတဲ့ ဝိရတီသစ္စာကို သစ္စာဆိုတာ၊ သစ္စာအနေနဲ့ အသုံးပြုလိုက်တာပေါ့။ "ငါဟာ မြင့်မြတ်သော အရိယာနွယ်ဝင် သူတော်စင်ဂိုဏ်းဝင်ဖြစ်တဲ့ ငါးပါးသီလကို စောင့်ထိန်းပြီး သူတော်ကောင်းအသွင်ကို ယူတဲ့နေ့က စပြီးတော့ သူတစ်ပါးကို သေစေလိုတဲ့ စိတ်ထားနဲ့ ဘယ်သတ္တဝါကိုမှ မသတ်ဖူးပါဘူး။ အဲဒီ မှန်ကန်သော သစ္စာစကားကြောင့် သင် အမျိုးသမီးအား ချမ်းသာပါစေ၊ သင်အမျိုးသမီးရဲ့ ကိုယ်ဝန်သားငယ် ကလေးလည်း ချမ်းသာပါစေ"လို့ သစ္စာဆိုပေးပါ။ ရဟန်းများသာ

ဆိုပေးရုံတင် မဟုတ်ပါဘူး၊ လူလည်း ဆိုကောင်းပါတယ်၊ လူလည်းပဲ ဆိုပေး ကောင်းပါတယ်။

ဒါကြောင့် အဲလို သစ္စာဆိုပါတဲ့။ မှန်ကန်သော သစ္စာစကား ဖြစ်အောင် သစ္စာအဖြစ်ဖြင့် အသုံးပြုပါ။ ငါဟာ ဘယ်နေ့ ဘယ်ကာလကစပြီးတော့ တစ်လလုံး၊ သို့မဟုတ် ဆယ်လလုံး၊ သို့မဟုတ် ခုနစ်ရက်ပတ်လုံး သူများရဲ့ အသက်ကို သေစေချင်တဲ့ စိတ်ထားနဲ့ ဘယ်သတ္တဝါကိုမှ မသတ်ခဲ့ပါဘူး။ ငါးပါးသီလကို မကျိုးမပေါက်၊ မပြောက်မကျားအောင် ထိန်းသိမ်းစောင့်ရှောက်ပြီးတော့ နေခဲ့ပါတယ်။ အဲဒီ မကျိုးမပေါက်၊ မပြောက်မကျားအောင် ထိန်းသိမ်းစောင့်ရှောက်တဲ့နေ့က စပြီးတော့ သတ္တဝါကို သေစေလိုတဲ့ စိတ်ထားနှင့် ဘယ်သတ္တဝါကိုမှ မသတ်ခဲ့ပါဘူး။ ငါးပါးသီလကို မကျိုးမပေါက်၊ မပြောက်မကျားအောင် ထိန်းသိမ်းစောင့်ရှောက်တဲ့ နေ့ကစပြီးတော့ သတ္တဝါကို သေစေလိုတဲ့ စိတ်ထားနှင့် ဘယ် သတ္တဝါကိုမှ မသတ်ခဲ့ဖူးပါဘူး။ အဲဒီ မှန်ကန်သော သစ္စာစကား ကြောင့် သင်အမျိုးသမီးအား ချမ်းသာပါစေ၊ သင်အမျိုးသမီးရဲ့ ကိုယ်ဝန်သားငယ်ကလေးလည်း ချမ်းသာပါစေလို့ သစ္စာဆိုပြီးတော့ မေတ္တာလည်း တကယ်ထားရမှာ မေတ္တာလည်း တကယ်ထားရမယ်။

## ကိုယ့်အတွက် ဆိုသောသစ္စာ

ကိုယ့်အတွက် သစ္စာဆိုရင်လည်းပဲ "ငါသည် ခုနက်လ ပတ်လုံး၊ ရှစ်လပတ်လုံး၊ ဆယ်လပတ်လုံး၊ ခုနစ်ရက်ပတ်လုံး အစရှိသည်ဖြင့် ငါးပါးသီလယူပြီးတော့ နေခဲ့ပါတယ်။ အဲဒီ ငါးပါးသီလကို ယူပြီးတော့မှ မကျိုးမပေါက်၊ မပြောက်မကျားရအောင် စောင့် ထိန်းနေခဲ့ပါတယ်။ အရိယာအသွင်ယူပြီး နေခဲ့ပါတယ်။

အရိယာ များ ချစ်မြတ်နိုးတဲ့ သီလကို စောင့်ထိန်းပြီး နေခဲ့ပါတယ်။ အဲဒီ အရိယာအသွင်ကို ယူပြီးနေခဲ့တဲ့ အချိန်ကစပြီးတော့ သတ္တဝါကို သေစေလိုသော စိတ်ထားနှင့် မသတ်ခဲ့ဖူးပါဘူး။ ဤမှန်ကန်သော သစ္စာစကားကြောင့် ငါ့အား ချမ်းသာပါစေ၊ ငါ့ရဲ့ ကိုယ်ဝန်သားငယ်ကလေးလည်း ချမ်းသာပါစေ"လို့ ယောဒီလို ကိုယ့်ဟာကိုယ်လည်း သစ္စာဆိုလို့ ယောဒီလို ကိုယ့်ဟာကိုယ်လည်း သစ္စာဆိုလို့ရတယ်ဗျ၊

## ယုံကြည်ချက်တော့လိုတယ်

သစ္စာနဲ့ မေတ္တာပေါင်းစပ်တာ အဓိကတော့ ယုံကြည်ချက်တော့ လိုတယ်ပေါ့။ ဟုတ်မယ်မထင်ပါဘူးဆိုရင် ဟုတ်ကိုမဟုတ်ဘူး၊ ဘယ်သူပဲဖြစ်ဖြစ် တရားအလုပ်ဆိုတာ တကယ်ယုံမှသာ တကယ်ကောင်းကျိုးကိုရပါတယ်။ ဟုတ်မယ်လို့ မထင်ပါဘူးလို့ ဆိုရင်တော့ ဟုတ်ကိုမဟုတ်တတ်ဘူး။ အဲဒါကြောင့်မို့လို့တဲ့ တကယ်အစွမ်းထက်ပါတယ်လို့ မှတ်တမ်းတင်ထားပါတယ်။ မှတ်တမ်းတင်ထားတာဖြစ်ခြင်းကြောင့် မိမိတို့ အနေနဲ့ကလည်းပဲ ဒါ သုံးသင့်သုံးထိုက်သော စွမ်းအင်ထက်မြက်သော ပရိတ်တရား ရှည်လည်းရှည်တာ မဟုတ်၊ တိုတိုလေးဆိုတော့ သုံးသင့်တယ်ပေါ့၊ ရဟန်းရှင်လူ မည်သူမဆို သုံးသင့်တယ်။ မိမိရဲ့ မိသားစုတွေ မည်သူမဆို သုံးသင့်တယ်။ တရားဆိုတာ အကျိုးရလဒ် ဖြစ်စေတတ်တယ်ဆိုလို့ရှိရင် သုံးနိုင်သလောက် မိမိတို့မှာ ကောင်းကျိုးရလာပါလိမ့်မယ်။

အဲ အခုလည်းပဲ အင်္ဂုလိမာလမထေရ်သူမြတ်ကနေပြီးတော့ မေတ္တာနဲ့သစ္စာကို ပေါင်းပြီးတော့မှ သစ္စာဆိုလိုက်တဲ့အခါမှာ အမျိုးသမီးမှာ သားမဖွားနိုင်လို့ ကြီးကျယ်စွာ ဒုက္ခရောက်နေတဲ့

အမျိုးသမီးမှာ လွယ်လွယ်ကူကူလေးနဲ့ သက်သက်သာသာလေးနဲ့ မွေးဖွားနိုင်တယ်။

ဒါကြောင့်မို့လို့ ဒီသုတ္တန်ကို ဒီ အင်္ဂုလိမာလပရိတ်တော်ကို အသုံးချတဲ့အခါကာလမှာ ပင်ပန်းကြီးစွာ ဒုက္ခရောက်နေကာမှ ရွတ်ရမှာမဟုတ်ပါဘူး။ ပင်ပန်းကြီးစွာ ဒုက္ခမရောက်ခင်ကတည်းက စပြီးတော့ ကြိုပြီးတော့မှ ရွတ်နေရမှာပဲ။ နေ့တိုင်းနေ့တိုင်း တစ်နေ့ တစ်ခေါက်၊ နှစ်ခေါက်၊ ဆယ်ခေါက်၊ ကိုးခေါက်၊ အခေါက်နှစ်ဆယ်၊ သက်စေ့ စသည်ဖြင့် တိုတိုလေးဆိုတော့ နမောတဿ သာသာ၊ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ သာသာ၊ ဒီလောက်ဝန်းကျင်လေးရှိတာဆိုတော့ မရွတ်နိုင်စရာလည်း ဘာမှအကြောင်းမရှိပါဘူး။

အဲဒါကြောင့် ယုံယုံကြည်ကြည်နဲ့ အဲဒီ အင်္ဂုလိမာလပရိတ်ကလေးကို တိုတိုကလေးဆိုတော့ ကျက်ပြီးမှ အသုံးချလိုက်မယ်ဆိုရင်တဲ့ ဘေးရန်အမျိုးမျိုးကိုလည်း တားဆီးနိုင်တဲ့ဉစ္စာက ပါခြင်းကြောင့် အစွမ်းကလည်း သိပ်ပြီးတော့ ထက်မြက်တာဖြစ်ခြင်းကြောင့် အသုံးပြုသင့်ကြပါတယ်။ မြတ်စွာဘုရားက ဘာဖြစ်လို့ ဒီ "အရိယာယ ဇာတိယာ" ဆိုတဲ့ စကားလုံးပါတဲ့ အင်္ဂုလိမာလပရိတ်ကို ချီးမြှင့်လိုက်ရတာလည်းဆိုရင် ရည်ရွယ်ချက် နှစ်မျိုးပါ။

## အခက်အခဲနှစ်မျိုး

ရည်ရွယ်ချက်နှစ်မျိုးဆိုတဲ့ နေရာမှာလည်း အရှင်အင်္ဂုလိမာလတွေ့နေရတဲ့ အခက်အခဲကလည်း နှစ်မျိုးပါ။ ဆွမ်းလောင်းမယ့်ပုဂ္ဂိုလ်မရှိခြင်းကြောင့် ဆွမ်းအခက်အခဲနဲ့ တွေ့နေရတာက တစ်မျိုး၊ တရားအားထုတ်လို့မရလောက်အောင် စိတ်ထဲမှာ သူလွန်ကျူးခဲ့တဲ့

ပါဏာတိပါတ အကုသိုလ်ကံတရား တစ်သိတစ်တန်းကြီး ပေါ်နေတဲ့ အတွက် စိတ်ဆင်းရဲနေရတာက တစ်မျိုး၊ အခက်အခဲကနှစ်မျိုးပါ။

အဲဒီ အခက်အခဲနှစ်မျိုးကို လွန်မြောက်သွားစေချင်တဲ့အတွက် မြတ်စွာဘုရားက "အရိယာယ ဇာတိယာ" စကားနှစ်လုံးပါတဲ့ အင်္ဂုလိမာလပရိတ်ကို သင်ပြီးပေးလိုက်ရတာပါ။ ဒါဖြင့်ရင် ဒီအခက်အခဲနှစ်မျိုးကို ဘယ်လိုများ လွန်မြောက်သွားသလဲ၊ ဆွမ်းလောင်းတဲ့ ပုဂ္ဂိုလ် မရှိတဲ့အတွက်ကြောင့်မို့လို့ အရှင်အင်္ဂုလိမာလ မထေရ် သူမြတ်အား အင်္ဂုလိမာလပရိတ်ကို သင်ပေးပြီးတော့ ခုနကပြောတဲ့ အမျိုးသမီးအား သစ္စာဆိုပြီးတော့ ဒုက္ခက လွတ်အောင် ဆောင် ရွက်ပေးခဲ့တဲ့ အချိန်ကစပြီးတော့ အရှင်အင်္ဂုလိမာလကို ချဉ်းကပ်တဲ့ ပုဂ္ဂိုလ်တွေ၊ လှူဒါန်းတဲ့ ပုဂ္ဂိုလ်တွေ၊ ယုံကြည်စိတ်ချတဲ့ပုဂ္ဂိုလ်တွေ၊ ဒီလို ဖြစ်လာကြတယ်၊ ပေါ်လာကြတယ်၊ မြတ်စွာဘုရားကလည်း ဒီရည်ရွယ်ချက်ပါတယ်။ သူ့ကို သနားတယ်၊ သနားတဲ့အတွက် ကြောင့် အဲဒီ အင်္ဂုလိမာလပရိတ်ကို ချီးမြှောက်ပေးလိုက်တယ်။ ချီးမြှောက်တော့ ဟိုတုန်းကသာ မိုက်တာပါတဲ့။ အခုတော့ သူတော်ကောင်းတရားတွေ ကျင့်ကြံကြိုးကုတ် အားထုတ်ပြီးတော့မှ ဆင်းရဲဒုက္ခရောက်နေတဲ့ ပုဂ္ဂိုလ်များကို ဆင်းရဲဒုက္ခမှ လွတ်အောင် သစ္စာဆိုပြီးတော့မှ ဆောင်ရွက်ပေးတဲ့ သူတော်ကောင်းကြီးပါပဲလို့ လူအများက သူ့ကို အသိအမှတ်ပြုကြတယ်၊ ယုံကြည်ကြတယ်၊ စိတ်ချကြတယ်၊ အားကိုးကြတယ်၊ ချဉ်းကပ်ထိုက်တဲ့ပုဂ္ဂိုလ်၊ ပူဇော်ထိုက်တဲ့ပုဂ္ဂိုလ်ပဲလို့ အသိအမှတ်ပြုပြီးတော့ အဲဒီ အင်္ဂုလိမာလ ပရိတ်ကို သင်ပြီးတော့ သစ္စာဆိုပြီးတဲ့ အချိန်ကာလကစပြီးတော့ သူ့ကို ဆွမ်းလောင်းတဲ့ ပုဂ္ဂိုလ်တွေ ပေါ်လာကြပါပြီတဲ့။

ဟိုတုန်းက မိုက်တာဟာ မိုက်တာပဲ၊ ယခုတော့ သူတော်ကောင်းပါပဲလို့ အသိအမှတ်ပြုလာကြပြီ။ ဒါကြောင့် ဆွမ်းအခက်အခဲဟာလည်း ဘာမှ မတွေ့ရတော့ဘဲ အခက်အခဲကို ကျော်လွန်သွားပါတယ်တဲ့။ တရားအားထုတ်လို့မရတဲ့ အခက်အခဲကို ဘယ်လိုများကျော်လွန်သွားပါသလဲဆိုရင် "အရိယာယ ဇာတိယာ" ဆိုတဲ့စကားနှစ်လုံးထည့်လိုက်ခြင်းဖြင့် အဓိပ္ပါယ်က ဘယ်လိုရောက်လာသလဲ။

## အတိတ်ကအမှား အတိတ်မှာပဲထား

ချစ်သားရယ်၊ ဟိုအရင်တုန်းက မှားခဲ့တဲ့ အမှားတွေကို ပြန်ပြီးတော့ တွေးမနေပါနဲ့တော့ကွယ်၊ သင်ချစ်သား လူသတ်ခဲ့တာက လူဝတ်ကြောင်ဘဝက သတ်ခဲ့တာပါကွယ်၊ ယခုအခါကာလမှာတော့ ငါ့ချစ်သားဟာ လူသတ်သမားကြီး မဟုတ်တော့ပါဘူးကွယ်၊ ငါဘုရား သာသနာတော်တွင်းသို့ လာပြီးတော့ ရဟန်းအဖြစ်နဲ့ မြင့်မြတ်တဲ့ ရဟန်းအဖြစ်ကို အရယူပြီးတော့နေတဲ့ သူတော်ကောင်းကြီး ဖြစ်၍ နေခဲ့ပါပြီ ချစ်သား၊ အတိတ်ကို အတိတ်မှာပင်ထားခဲ့ပါတော့၊ ပစ္စုပ္ပန်ကို ပစ္စုပ္ပန်မှာပင် ထားပါတော့၊ အတိတ်နှင့် ပစ္စုပ္ပန်ကို ရောပြီးတော့မှ အဲဒီလို ရှုပ်ရှုပ်ထွေးထွေး မထားလိုက်ပါနဲ့ ချစ်သားရယ်။ ဘဝခြားခဲ့ပါပြီကွဲ့တဲ့။ အတိတ်က မှားခဲ့တဲ့ အမှားတွေကို အတိတ်မှာပဲ ထားခဲ့ပါတော့။

## ပစ္စုပ္ပန်တည့်တည့်

ပစ္စုပ္ပန်မှာ လုပ်ရမယ့် အလုပ်ကို ပစ္စုပ္ပန်မှာ စူးစူးစိုက်စိုက် လုပ်ပါတော့ ချစ်သား။ သင်ချစ်သားဟာ ယခု လူသတ်သမား

ကြီး မဟုတ်တော့ပါဘူး၊ မြင့်မြတ်တဲ့ သူတော်ကောင်းဖြစ်တဲ့ ရဟန်းဘဝကို ရနေပါပြီကွယ်။ ဒါကြောင့်မို့လို့ လုပ်ရမယ့် အလုပ်ကိုသာ စိတ်ရှင်းရှင်းကလေး ထားပြီးတော့မှ စိတ်ထိန်းတဲ့ ကိရိယာ သတိလေးကို တပ်ဆင်ပြီးတော့မှ ရှင်းရှင်းလင်းလင်း အားထုတ်ပါချစ်သား။ သင်ချစ်သားက လူရာပေါင်းများစွာ သတ်ခဲ့တာ မှန်သော်လည်းပဲ ကံကြီးထိုက်တာ တစ်ယောက်မှ မပါသေးပါဘူး။ အဓိပ္ပါယ်အားဖြင့် ရောက်လာတာ ပြောတာ။ လူရာပေါင်းများစွာ သတ်ခဲ့ပေမယ့်လို့လည်း ကံကြီးထိုက်တာ တစ်ခုမှ မပါသေးတဲ့ အတွက် သာသနာမှာ မဂ်လမ်း၊ ဖိုလ်လမ်း မပိတ်သေးပါဘူးတဲ့။

## ကံကြီးထိုက်တယ်

ခုနကပြောခဲ့တဲ့ အဇာတသတ်မှာတော့ သူ့ဖအေတစ်ယောက် တည်းကိုသာ သတ်လိုက်ရပေမယ့် အသတ်ခံရတာက တစ်ယောက် တည်းလို့ ဆိုရပေမယ့် ကံကြီးထိုက်သွားတယ်။ ကံကြီးထိုက်တဲ့ အတွက် သူဟာ ဘယ်လောက် တရားအားထုတ်ပေမယ့် မဂ်လမ်း၊ ဖိုလ်လမ်း လုံးဝပိတ်သွားပြီဗျ။ သတ်သာခွင့်သာ ရသွားတယ်။ ပြစ်ဒဏ်လျော့သွားတာပဲရှိတယ်။ မဂ်လမ်း၊ ဖိုလ်လမ်းကတော့ လုံးဝပိတ်သွားပြီ။ ကံကြီးထိုက်သွားလို့။

(၁) **အမေကို သတ်တာရယ်၊**
(၂) **အဖေကို သတ်တာရယ်၊**
(၃) **ရဟန္တာကို သတ်တာရယ်၊**
(၄) **ဘုရားကို သွေးစိမ်းတည်အောင် လုပ်တာရယ်၊**
(၅) **သံဃာကို ကွဲအောင် ခွဲတာရယ်၊**

အဲဒီငါးမျိုးကို လွန်ကျူးရင် ကံကြီးထိုက်တယ်။ အဲဒီငါးမျိုးကို လွန်ကျူးတဲ့ ပုဂ္ဂိုလ်များဟာ ငါးမျိုးအနက် တစ်မျိုးမျိုးကိုပဲ ဖြစ်စေ၊ အကုန်လုံးကိုပဲဖြစ်စေ၊ လွန်ကျူးတဲ့ ပုဂ္ဂိုလ်များဟာ ဘယ်လိုပဲ အားထုတ်ပေမယ့် ဒီဘဝမှာ ဘယ်နည်းနဲ့မှ မဂ်ဖိုလ်မရနိုင်တော့ဘူး။ မဂ်လမ်း၊ ဖိုလ်လမ်း ပိတ်သွားပြီ။

အရှင်အင်္ဂုလိမာလကတော့ လူသတ်သမားဘဝက သတ်ခဲ့တဲ့ လူတွေဟာ ရာပေါင်းများစွာ ကိုးရာကိုးဆယ့်ကိုးယောက်လို့ အရေအတွက်အားဖြင့် များပေမယ်လို့လည်းပဲ အသတ်ခံရတဲ့ပုဂ္ဂိုလ်တွေထဲမှာ ကံကြီးထိုက်သင့်တဲ့ပုဂ္ဂိုလ် တစ်ယောက်မှ မပါတဲ့အတွက် မဂ်လမ်း၊ ဖိုလ်လမ်း မပိတ်သေးပါဘူးတဲ့။ သာသနာက ဒီလောက်တော့ ကယ်နိုင်ပါသေးတယ်။ အားသာထုတ်ပါတဲ့။ ပယောဂ သမ္ပတ္တိကို အသုံးပြုပြီးတော့ အားသာထုတ်ပါ။ တကယ် အားထုတ်လို့ရှိရင် တကယ် မဂ်လမ်း၊ ဖိုလ်လမ်း ပွင့်ပြီးတော့မှ ပန်းတိုင်ကို ရောက်သွားနိုင်ပါတယ်။

## အတိတ်နှင့်ပစ္စုပ္ပန် အရောမခံနဲ့

အဲဒါကြောင့် ချစ်သား အတိတ်ကို အတိတ်မှာပဲ ထားခဲ့ပါ။ ပစ္စုပ္ပန်ကို ပစ္စုပ္ပန်မှာပဲ ထားပြီးတော့မှ ရှင်းရှင်းလင်းလင်း အားထုတ်ပါတော့ ချစ်သား။ ဒီစကားက မကောင်းမှုကို အားပေးတဲ့စကား မဟုတ်ဘူး။ ဘယ်လောက်ပဲ ပုထုဇဉ်တို့ သဘာဝ မိုက်မှားခဲ့ပေမယ့်လို့လည်း သာသနာကို အမှီပြုပြီးတော့ ကောင်းမှုတရားတွေကို အားထုတ်လို့ရှိရင် ဒီမကောင်းမှု အကုသိုလ်တွေ အကျိုးပေးခွင့်မရတော့ပဲနဲ့ သာသနာရဲ့ အနှစ်သာရဖြစ်တဲ့ တရား

ပန်းတိုင်ကို ရောက်နိုင်တယ်ဆိုတဲ့ဥစ္စာကိုသာ ပြောတာပါ။ မကောင်းမှုကို အားပေးတဲ့ စကားမဟုတ်ပါဘူး။ အေး ဒါကြောင့် မြတ်စွာဘုရားက "အရိယာယ ဇာတိယာ" ဆိုတဲ့ စကားပါတဲ့ အင်္ဂုလိမာလပရိတ်ကို သင်ပေးလိုက်တဲ့အခါကာလ မြတ်စွာဘုရားက အဲလို အဓိပ္ပါယ်ပါတဲ့ စကားကို မိန့်ကြားတော်မူတဲ့အခါ အရှင်အင်္ဂုလိမလာက ဟုတ်သားပဲ။ ငါ ယခု လူသတ်သမားမဟုတ်တော့ဘူး။ ဒါဟာ ဘဝခြားခဲ့ပြီ။ ဟို ငါအရင် လူ့ဘဝတုန်းက သတ်ခဲ့တဲ့ဥစ္စာ၊ အခု လူသတ်သမားမဟုတ်တော့ဘူး။ ငါ ရဟန်းဘဝရောက်နေပြီ။ သီလ၊ သမာဓိ၊ ပညာ၊ အကျင့်သိက္ခာတွေကို ကောင်းစွာ ကျင့်ကြံကြိုးကုတ် အားထုတ်ပြီးတော့နေတဲ့ ရဟန်းဘဝကို ရောက်၍နေပြီ။ အေး ဒါကြောင့် ငါ အတိတ်ကို အတိတ်မှာပဲ ထားခဲ့တော့မယ်။ ပစ္စုပ္ပန်ကို ပစ္စုပ္ပန်မှာပဲ ထားတော့မယ်။ အတိတ်နဲ့ပစ္စုပ္ပန်ကို ငါ အရောမခံတော့ဘူးလို့ အသိဆိုတဲ့ စိတ်ထိန်းတဲ့ ကိရိယာကို ကောင်းကောင်းမွန်မွန်၊ ကျကျနန အသုံးပြုပြီးတော့ မိမိရဲ့ စိတ်အစဉ်မှာ သတိတပ်ဆင်ပေးလိုက်တယ်ပေါ့။ သတိ တပ်ဆင်ပေးလိုက်တဲ့ အခါကာလမှာ တရားဘာဝနာအလုပ်ကို ကျကျနန စွမ်းစွမ်းတမံ အားထုတ်တော့မယ်တဲ့ဗျ။ အားထုတ်တော့မယ်ပေါ့။

သပ္ပုရိသူပနိဿယ စက်ကြီးကြောင့်မို့ အခက်အခဲတွေကျော်လွှန်ခဲ့ပါပြီ။ သပ္ပုရိသူပနိဿယစက်ကြီးကောင်းတော့ အတ္တသမ္မာပဏိဓိစက်ကြီးကလည်း ကောင်းလာလေပြီ။ အတ္တသမ္မာပဏိဓိစက်ဆိုတာ မိမိ၏ ကိုယ်စိတ်ကို ထိန်းသိမ်းထားသိုတတ်တဲ့၊ စိတ်အစဉ်ကို ထိန်းတတ်၊ သိမ်းတတ်၊ ထားတတ်၊ သိုတတ်

အရည်အသွေးတွေနဲ့ ပြည့်စုံပြီးတော့မှ အခက်အခဲမျိုးကို ကျော်လွန်ပြီးတော့ လာခဲ့တာ ခု ဘာဆက်လုပ်ရမလဲဆိုရင် ဆွမ်းအခက်အခဲ ပြေလည်ခဲ့ပြီ။ တရားအားထုတ်လို့ မရတဲ့ အခက်အခဲကိုတော့ ခုပြေလည်ဖို့ အားထုတ်ရတော့မယ်ပေါ့။

## ရွှေတောင်နားတော့ရွှေကျီး

အထခေါ အာယသ္မာ အင်္ဂုလိမာလော ဧကော ဥပကဋ္ဌော အပ္ပမတ္တော အာတာပီ ပဟိတတ္တော ဝိဟရန္တော၊

အထခေါ၊ ထိုအခါ၌။ အာယသ္မာ အင်္ဂုလိမာလော၊ အင်္ဂုလိမာလ နာမကျော်လတ် ရဟန်းတော် အရှင်သူမြတ်သည်။ ရွှေတောင်ကို လာနားတော့ ရွှေကျီးလို့ပဲ ခေါ်ရမယ်ပေါ့။ ဟိုအရင်တုန်းကဆိုလို့ရှိရင် အင်္ဂုလိမာလ နာမကျော်ဟီး ကမ္ဘာကျော်လူဆိုးကြီးလို့ ဟောဒီလို ကြက်သရေမရှိတဲ့ နာမည်ကြီးနဲ့ သူ့ကို ခေါ်ခဲ့ရတယ်။ ယခုမှာတော့ အင်္ဂုလိမာလ နာမကျော်လတ် ရဟန်းတော် အရှင်မြတ်သည် ရွှေတောင်ကို လာနားပြီဆိုတော့ ရွှေကျီးလို့ပဲ ခေါ်ရမယ်။ သာသနာတော်တည်းဟူသော ရွှေတောင်ကြီးကို လာနားတော့ ရွှေကျီးလို့ပဲ ခေါ်ရတော့မယ်ပေါ့။ အာယသ္မာအင်္ဂုလိမာလော၊ အင်္ဂုလိမာလ နာမကျော်လတ် ရဟန်းတော် အရှင်မြတ်သည်။ ဧကော၊ အဖော်မပါဘဲ တစ်ပါးထီးတည်း။ ဥပကဋ္ဌော၊ ဆိတ်ငြိမ်ရာအရပ်သို့ ချဉ်းကပ်သည်။ အပ္ပမတ္တော၊ မမေ့မလျော့ မမေ့မတန် ထက်သန်သောသတိဖြင့် ရှုမှတ်တတ်သည်။ အာတာပီ၊ ကိလေသာတွေကို လောင်ကျွမ်းစေတတ်တဲ့ ဝီရိယသနာ လုံ့လလည်းရှိသည်။ ပဟိတတ္တော၊ ကိုယ်နှင့်အသက်ကို မငဲ့ကွက်

ဘဲ နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍။ ဝိဟာရတိ၊ လျောင်းထိုင်းရပ်သွား လေးပါးဣရိယာ မျှတစွာဖြင့် ကောင်းစွာ မသွေ ရှုမှတ်၍ နေပါပေတော့သတည်း။

သာဓု . . . သာဓု . . . သာဓုပါဘုရား။

## မဇ္ဈိမပဋိပဒါလမ်းစဉ်ဘက်

အေး တရားအလုပ်စပြီ၊ စောစောတုန်းကတော့ အားမထုတ်ဘူးလား၊ အားတော့ထုတ်သားပဲ၊ ဒါပေမယ့်လိုလည်း လမ်းကြောင်းပေါ်ကို မရောက်ဘူး။ မဇ္ဈိမပဋိပဒါ လမ်းကြောင်းကို မရောက်ဘဲနဲ့ အတ္တကိလမထာနုယောဂလမ်း၊ ပစ္စုပ္ပန်အာရုံမှာ စိတ်ကို ထားမရဘဲ အတိတ်အာရုံတွေပေါ်မှာ ပြေးပြီးမှ နေခဲ့တာ ဘာအကျိုးရလဒ်မှ မပေးဘူး။ ခဏိကသမာဓိလေးကိုမှ ရအောင် အားမထုတ်နိုင်ခဲ့ဘူး။ အခု မြတ်စွာဘုရား မိန့်ကြားတော်မူလိုက်တဲ့ အခါကာလကျတော့ အမြင်တွေရှင်းပြီးတော့မှ အတိတ်ကို အတိတ်မှာပဲ ထားခဲ့တော့မယ်။ ပစ္စုပ္ပန်ကို ပစ္စုပ္ပန်မှာပဲ ထားပြီးတော့မှ ပစ္စုပ္ပန်ကိုပဲ အသုံးချတော့မယ်လို့ ရဲရဲကြီး ကြည်ကြည်လင်လင်၊ ပြတ်ပြတ်သားသား ဒီလိုဆုံးဖြတ်ပြီးတော့ တရားအလုပ်စပြီပေါ့။ မဇ္ဈိမပဋိပဒါ လမ်းစဉ်ဘက်ကို လိုက်ပြီး တရားအလုပ်ကို လုပ်တော့ ဧကော–တစ်ယောက်တည်းပဲလုပ်တယ်။

## ဘာအဖော်မှ မလို

အဖော်ဆိုတာက တရားသင်တုန်းတော့ လိုအပ်တယ်ပေါ့၊ တရားသင်နေတုန်းမှာ တရားနာနေတုန်းမှာတော့ အဖော်လိုတယ်၊ တရားတကယ် တရားအလုပ်ကို လုပ်တယ်ဆိုတဲ့အခါမှာ လူအဖော်

လည်း မလိုတော့ဘူး။ ကိလေသာ အဖော်လည်း မလိုတော့ဘူး။ တရားအလုပ်ကို ဦးတည်ပြီးတော့မှ အားထုတ်နေတယ်။

## သတိဆိုတာ သာသနာရဲ့ အထိန်းအကွပ်

အပ္ပမတ္တော– မမေ့မလျော့ မပေါ့မတန် ထက်သန်သော သတိရှိသည်။ သတိနှင့် ရှုမှတ်တယ်။ သတိဆိုတာက သာသနာက နံပါတ်တစ် တောင်းတဲ့တရားပါ၊ တရားအလုပ်ကို လုပ်ပြီဆိုတော့ သတိဆိုတာက နံပါတ်တစ်တရားပါ။ သာသနာရဲ့ အထိန်းအကွပ် တရားလို့ ခေါ်ပါတယ်။ သာသနာရဲ့ အထိန်းအကွပ်တရား၊ "အပ္ပမာဒေန သမ္ပာဒေထ" ဆိုတာ မြတ်စွာဘုရား နောက်ဆုံး ဟောခဲ့တဲ့ တရားပါ။ နောက်ဆုံးဟောခဲ့တဲ့ တရားဆိုတာက သာသနာကို ကွပ်ပေးလိုက်တာ၊ ထိန်းပေးလိုက်တာ၊ လေးဆဲ့ငါးဝါ ပတ်လုံး ဟောခဲ့တဲ့ တရားတွေ၊ အဲဒီတရားတွေကို ဟောဒီ "အပ္ပမာဒ သော့လေး" နဲ့ ဖွင့်ပြီးမှ သုံးကြစမ်းပါကွယ်လို့ သော့လေး ပေးထားခဲ့တာ။ ဘုရားမြတ်စွာ ပရိနိဗ္ဗာန်စံကာနီးကျတော့ "အပ္ပမာဒေန သမ္ပာဒေထ" လို့ ဟောဒီနှစ်လုံးတည်းနှင့် အဆုံးသတ်ထားခဲ့တာက သော့ကလေး ပေးခဲ့တာ။ လေးဆယ့်ငါးဝါပတ်လုံး ဟောခဲ့တဲ့တရားတွေ၊ ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ်၊ အင်္ဂါကိုးတန်၊ ဓမ္မက္ခန်ပေါင်း ရှစ်သောင်းလေးထောင်ရယ်လို့ ကျင့်ကြံအားထုတ်စရာ တွေ အများကြီးပါကွယ်။ အဲဒီတရားတွေကို ဟောဒီ "အပ္ပမာဒ သော့လေး" နှင့် ဖွင့်ပြီးမှ လိုသလိုယူပြီးတော့ သုံးကြပါကွယ်။ အဲဒီလို သော့လေး ပေးခဲ့တာ။ အပ္ပမာဒ (သတိ)ကို သာသနာရဲ့ အထိန်းအကွပ်တရားလို့ အဲဒီလို ခေါ်တယ်။ သာသနာရဲ့ ပဓာန တရားလို့လည်း ခေါ်တယ်။

## စိတ်ထိန်း, အချိန်ထိန်းကိရိယာ

အရှင်အင်္ဂုလိမာလ မထေရ်သူမြတ်ဟာ ဟောဒီ အပ္ပမာဒ သတိကြီးကိုတော့ စိတ်ထိန်းကိရိယာအဖြစ် စိတ်အစဉ်မှာ တပ်ဆင်၍ ပေးနေပြီ။ စောစောတုန်းကလို အတိတ်ကို လည်ပြန်လှည့်ခွင့် မပေးတော့ဘူး။ မိမိရှုမှတ်ရမယ့် နေရာမှာ စိုက်ခနဲ စိုက်ခနဲ၊ ရှင်းခနဲ ရှင်းခနဲ ရှုမှတ်နေပြီ။ အပ္ပမာဒသတိ၊ အပ္ပမာဒသတိ ဆိုတာက စိတ်ထိန်းတဲ့ကိရိယာလို့ ခေါ်တယ်။ ဟောဒီ စိတ်တွေ အလေအလွင့် အဖိတ်အစင် မရှိရအောင် အပြည့်အဝ အတိအကျ အသုံးချဖို့ဆိုတာကတော့ ဟောဒီ အပ္ပမာဒသတိရှိမှ ရတယ်။ အပ္ပမာဒသတိလေးကို အချိန်ထိန်းတဲ့ကိရိယာလို့လည်း ခေါ်တယ်။ အချိန်ထိန်းသတိလေး ပျောက်သွားတဲ့အခါ၊ လွင့်သွားတဲ့အခါမှာ အချိန်တွေ အလေအလွင့် သိပ်ပြီးတော့များတယ်။ တစ်မိနစ်ကုန်လို့လည်း ဘာအင်အားမှ ပေါ်မလာဘူး။ တစ်နာရီကုန်သွားလို့လည်း ဘာအင်အားမှ ပေါ်မလာဘူး။ တစ်ရက်သာကုန်သွားပေမယ့် ဘာအင်အားမှ ပေါ်မလာဘူး။

## အချိန်သူခိုးတွေ မခိုးရလေအောင်

အချိန်ထိန်း သတိလွတ်နေတော့ အချိန်သူခိုးတွေ လိုမ့်ဝင်တာပဲ၊ အချိန်သူခိုးဆိုတာက ပမာဒ တံခါးပေါက်ကနေပြီးတော့ ကိလေသာတွေ ဝင်လာကြတယ်။ အဲ ကိလေသာဆိုတဲ့ တရားတွေကို အချိန်သူခိုးတွေလို့ ခေါ်တယ်။ အချိန်သူခိုး ခိုးသွားတဲ့ဥစ္စာကိုတော့ ဘယ်ပုံစံနဲ့မှ ရှာလို့မရတော့ဘူး။ လောက ပစ္စည်းဥစ္စာပျောက်တာက တစ်နည်းမဟုတ် တစ်နည်း ရှာရင် ရတတ်သေးတယ်။ အချိန်သူခိုး ခိုးတတ်တဲ့ အချိန်တွေကို ဘယ်ပုံစံနဲ့မှ ပြန်လည်ရှာလို့ မရတော့

ဘူးတဲ့။ ဒါကြောင့်မို့လို့ အချိန်သူခိုးတွေ မခိုးရလေအောင် အချိန်တိုင်း အချိန်တိုင်း အဖိုးတန်ရလေအောင် အချိန်ထိန်းတဲ့ သတိလေးကို တပ်ဆင်ပေးပါ။ တပ်ဆင်ပေးရမှာက ရိပ်သာကို သွားပြီးတော့မှ အချိန်များများယူပြီးတော့ တစ်နေ့လုံး ရှုမှတ်နိုင်ရင်တော့ အကောင်းဆုံးပဲ။ အဲဒီလောက်ထိအောင် အချိန်မပေးနိုင်သေးဘူးဆိုရင်တော့ အိမ်တွင်း သတိပဋ္ဌာန်ဆိုတာကိုတော့ ဧကန်လုပ်ရလိမ့်မယ်။ အခုအချိန် အင်္ဂလိမာလကလည်း ဂူရိယာပုထ်လေးမျိုးလုံးမှာ အကုန်လုံး သတိဆိုတဲ့ စိတ်ထိန်းကလေး အချိန်ထိန်းကလေးကို အမြဲတမ်း တပ်ဆင်ထားလိုက်တာ။

## သတိပဋ္ဌာန် ဘာဝနာဘောင်ထဲ

နေ့စဉ်နေ့စဉ် လုပ်နေတဲ့ အလုပ်တွေမှာ အချိန်ထိန်းကိရိယာ စိတ်ထိန်းကိရိယာ တပ်ဆင်ပေးနိုင်မယ်ဆိုရင် စားဝတ်နေရေး၊ လူမှုရေးအလုပ်တွေဆိုတာ တရားဘောင်ထဲကို ရောက်သွားတယ်။ စိတ်ကလေးသာ ပြောင်းပေးလိုက်တဲ့၊ တရားက "အားကြပါ" လို့ မပြောဘူး၊ ခန္ဓာဝန်ရှိနေသမျှ ဘယ်သူက အားလို့လဲ၊ ခန္ဓာရှိနေသမျှ ခန္ဓာဝန်ထမ်းကြရမှာပဲ။ အားတယ်လို့တော့ ဘယ်သူမှ မရှိကြဘူး။ အဲဒီတော့ ရှိကြပါလို့လည်း မပြောပါဘူး။ တရားက အရေးတကြီး ဘာတောင်းသလဲ။ ဟောဒီ အပ္ပမာဒသတိကို အရေးတကြီးတောင်းတယ်။ နေ့စဉ်လုပ်နေတဲ့ အလုပ်တွေထဲမှာ အပ္ပမာဒ သတိလေးကိုသာ တပ်ဆင်ပေးလိုက်။ ပိုက်ဆံတစ်ပြားမှ မကုန်ဘဲနဲ့ အမြတ်တွေ ထွက်လာလိမ့်မယ်။ နေ့စဉ် လုပ်နေတဲ့ ဥစ္စာတွေ၊ ထမင်းချက်တယ်၊ ရေခပ်တယ်၊ ဆန်ဆေးတယ်၊ ရုံးအလုပ်လုပ်တယ်၊ ကျောင်းအလုပ်လုပ်တယ်၊ နိုင်ငံတော်ရဲ့

တာဝန်ထမ်းဆောင်တယ်၊ လမ်းသွားတယ်၊ မြင်တယ်၊ စကားပြောတယ်၊ အစခပ်သိမ်း အိပ်တဲ့ မျက်စိကို ချန်ထား အကုန်လုံး လူ့ရဲ့ လှုပ်ရှားသမျှတွေထဲမှာ အဲဒီ အပ္ပမာဒသတိလေးကိုသာ တပ်ဆင်ပေးလိုက်ပါ။ မှတ်မိသလောက် အကုန်လုံး တရားချည်းပါပဲ။ သတိပဋ္ဌာန် ဘာဝနာဘောင်ထဲကို အလိုလိုရောက်သွားတယ်။

## အမှိုက်ပုံထဲက ရွှေထုပ်တွေ

အမှိုက်ပုံထဲက ရွှေထုပ်တွေ ကောက်တယ်လို့ ခေါ်ပါတယ်။ အမှိုက်ပုံထဲက အမှိုက်တွေ အလဟဿ မဖြစ်ရလေအောင် အမှိုက်ပုံထဲကနေပြီးတော့ ရွှေထုပ်တွေ အထုပ်လိုက် အထုပ်လိုက် ကောက်တတ်အောင် ဒီ အပ္ပမာဒသတိလေးကို တပ်ဆင်ပေးရမယ်။

## စိတ်ကို အကိုင်အတွယ် မတတ်ရင်

အပ္ပမာဒသတိလေးကို စိတ်ကို ကိုင်တွယ်တဲ့ ကိရိယာလို့လည်း ခေါ်တယ်။ လောကမှာ ကျကွဲတတ်တဲ့ ပန်းကန်ခွက်ယောက် အသုံးအဆောင်များဟာ အမှိုက်သဖွယ် ကိုင်မယ်ဆိုရင် လက်ထဲက လွတ်ကျကွဲတတ်တယ်။ သတိထားကိုင်မှသာ မကွဲဘဲနှင့် ကြာကြာကိုင်ရတယ်။ ဟောဒီစိတ်ကလည်းပဲ အပ္ပမာဒသတိ လွတ်ပြီးတော့ သွားတဲ့အခါမှာ စိတ်တွေဟာ ခဏခဏ ကျကွဲတယ်။ ငါ စိတ်ညစ်လိုက်တာ၊ စိတ်ဆိုးလိုက်တာ၊ စိတ်ပူလိုက်တာ၊ စိတ်ပျက်လိုက်တာဆိုတာ ဟောဒီစိတ်တွေ ကျကွဲတာ သတိလက်ထဲက လွတ်ပြီးမှ စိတ်တွေ ကျကျကွဲတာဗျ၊ စိတ်ကျကွဲတော့ နာလိုက်တာ၊ နာလိုက်တာ၊ နာတာက ပစ္စုပ္ပန်တင် နာတာ မဟုတ်ဘဲနဲ့ ကမ္ဘာသတ္တိနဲ့ ဓါတ်ပုံက ဖျက်ခနဲ ရိုက်ထားလိုက်တာဆိုတော့ အနာဂါတ်ကာလ ဒဏ်ပေးလေဦးမယ်၊ စိတ်ကို အကိုင်

အတွယ်မတာတ်တော့ ပစ္စုပ္ပန်ရယ်၊ သံသရာရယ်၊ ဆင်းရဲဒုက္ခရောက်ရ တယ်။ လောကီချမ်းသာရော၊ လောကုတ္တရာ ချမ်းသာတွေရော ချမ်းသာအမျိုးမျိုးမှ ဆုံးရှုံးရတယ်။ ဒါကြောင့် အပ္ပမာဒသတိဆိုတာ စိတ်ကို ကိုင်တွယ်ပေးတဲ့ ကိရိယာလို့ ခေါ်တယ်။

## ဒုက္ခတွေ အနှုတ်လက္ခဏာပြ

ထမင်းချက်ရင် ချက်တယ်လို့မှတ်၊ ဆန်ဆေးရင် ဆေးတယ်လို့ မှတ်၊ မြင်ရင် မြင်တယ်လို့မှတ်၊ ကြားရင် ကြားတယ်လို့မှတ်၊ လုပ်တဲ့အလုပ်တွေ အကုန်လုံး အစအလယ်အဆုံး အကုန်လုံး ဖျက်ခနဲ ဖျက်ခနဲ၊ တိခနဲ ရိုတ်ခနဲ တိခနဲ အဲဒီလို မှတ်နိုင်ပြီဆိုရင် သတိပဋ္ဌာန်ဘောင်ထဲကို ရောက်သွားပြီ။ နေ့စဉ်နေ့စဉ် လုပ်နေတဲ့ အလုပ်တွေ သတိလေးနဲ့ မှတ်နေရတာနဲ့ နောက်ကျသွားတော့မှာပဲ လို့တော့ မပူလိုက်နဲ့ ကြာကြာကြီး လုပ်ရမယ့်အလုပ် ခဏကလေးနဲ့ ပြီးသွားလိမ့်မယ်။ အမှားအယွင်း အတိမ်းအချွတ်တွေလည်း ကင်းလိမ့် မယ်။ ပြီးသမျှ အရည်အသွေးတွေ တောက်ပြောင်လိမ့်မယ်။ ပိုပြီး အားတက်စရာကောင်းတာက နေ့စဉ်နေ့စဉ် လုပ်နေတဲ့ အလုပ်တွေကို တစ်ခုမှလည်း မလျှော့ရဘဲနဲ့ ဒုက္ခတွေ အနှုတ် လက္ခဏာတွေ ပြသွားတယ်။ သုခတွေ အပေါင်းလက္ခဏာတွေ ပြလာတယ်။ သတိပဋ္ဌာန် ဘာဝနာဘောင်အတွင်း ရောက်ပြီးတော့ သွားတယ်ဆိုတာက ပိုပြီးတော့မှ အားတက်စရာကောင်းတယ်။ အလုပ်တွေကိုလည်း တစ်ခုမှ မလျှော့ရဘဲနဲ့ အော် နေ့စဉ်နေ့စဉ် လုပ်နေရတဲ့ အလုပ်တွေထဲကနေပြီး ဒုက္ခအနှုတ်လက္ခဏာ ပြသွား တာတွေ၊ သုခအပေါင်းလက္ခဏာတွေ ပြလာတာတွေက ပိုပြီးမှ အားတက်စရာကောင်းတယ်။

## မအားတဲ့အလုပ်တွေသည်ပင်

တရားက "အားကြပါ" လို့ မပြောပါဘူး။ တရားအလုပ်ဆိုတာ အားတဲ့ လူတွေရဲ့ အလုပ်လို့ မဟောပါဘူး။ ယူလည်းမယူဆရဘူး။ တရားအလုပ်ဆိုတာ ချမ်းသာချင်တဲ့ လူတွေရဲ့ အလုပ်ပါ။ ဒုက္ခ အပူတွေ ကြောက်တဲ့ ပုဂ္ဂိုလ်တွေရဲ့ အလုပ်ပါလို့ ယူဆမှ မှန်တယ်။ "အားကြပါ" လို့ မပြောဘူး။ တကယ်တော့ မအားတာ မဟုတ်ဘူး။ ရတဲ့အချိန်ကလေး မသုံးတတ်တာကိုပဲ မအားဘူးလို့ ပြောနေကြတာ။ အဲဒီ မအားတဲ့ အချိန်လေးထဲကဘဲ မအားတဲ့ အလုပ်ထဲကပဲ အပ္ပမာဒသတိလေးကို တတ်ဆင်ပေးလိုက်မယ်ဆိုရင် ဒီ မအားတဲ့ အလုပ်တွေပင်လျှင် တရားအလုပ်ပဲ။ နေ့စဉ် အိမ်အလုပ်တွေကို လုပ်နေရတာနဲ့ပင် ကုသိုလ်ဘာမှ မလုပ်ဖြစ်ဘူးလို့ ညည်းစရာမလိုဘူးတဲ့။ အဲဒီ မအားတဲ့အလုပ်တွေသည်ပင်လျှင် အပ္ပမာဒသတိလေး တပ်ဆင်ပေးတဲ့အခါမှာ အပ္ပမာဒသတိလေး ပါပြီဆိုရင် ဟောဒီ မအားဘဲနဲ့ လုပ်နေရတဲ့ အလုပ်သည်ပင်လျှင် ကုသိုလ်အလုပ်တွေချည်းပါ။ ဘာဝနာအလုပ်တွေချည်းပါ။ စိုက် စိုက်မတ်မတ်၊ စိတ်ပါလက်ပါ မှတ်၍ မှတ်၍ လုပ်ပါ။ နေ့စဉ် နေ့စဉ် လုပ်နေတဲ့ အလုပ်တွေ အကုန်လုံးဟာ တရားအလုပ်ဘောင် အတွင်းသို့ ရောက်သွားပါလိမ့်မယ်။

## အချိန်ကို မသုံးတတ်တာ

မအားတာ မဟုတ်ဘူး၊ ရတဲ့ အချိန်လေးကို မသုံးတတ်တာ။ အဲဒါကို မအားဘူးလို့ ပြောနေကြတာ၊ ရတဲ့ အချိန်ကို ရသလို သုံးတတ်တဲ့ ပုဂ္ဂိုလ်များဟာဖြင့် အချိန်တိုင်း အချိန်တိုင်းဟာ

မိမိကို ဆီးကြိုပြီးတော့ နေကြပါတယ်။ နေ့စဉ် နေ့စဉ် ကလေးထိန်းနေရတာနဲ့ ဟယ် ဘာကုသိုလ်မှ ငါ့မှာ မရဘူးလို့ ယောဒီလိုများတော့ ညည်းမနေနဲ့တဲ့၊ သတိလေးက ကျူပ်ရှိသားပဲဗျ၊ ကျူပ်ကို သုံးစမ်းပါလို့ မပြောသော်လည်း ပြောဘိသကဲ့သို့ အပ္ပမာဒသတိကနေပြီးတော့ သူ့ကိုသာ တပ်ဆင်ပေးတဲ့၊ ကလေးထိန်း တာလည်း တရားပဲတဲ့၊ ရှုမှတ်ရင်းနှင့် အလုပ်လုပ်တာ ဘယ်အလုပ် မဆို တရားအလုပ်ချည်းပဲ၊ ငါ စိတ်ပျက်ရင် စိတ်ပျက်တယ်၊ ငါ စိတ်ညစ်ရင် စိတ်ညစ်တယ်၊ ငါ စိတ်ပူရင် ပူတယ်လို့သာ မှတ်လိုက်၊ ငါ့စိတ်တွေ ချမ်းသာတယ်ဆိုရင် ချမ်းသာတယ်လို့ မှတ်လိုက်ပါ။

## ကိုယ့်အကြောင်းကိုသိဖို့ ပိုအရေးကြီး

တရားအလုပ်ဆိုတာ ကိုယ့်အကြောင်း ကိုယ်ကောင်းကောင်း သိအောင် လုပ်တာ။ ကိုယ့်အကြောင်း ကိုယ်သိအောင်လုပ်တာ သူများအကြောင်းကို သိဖို့ထက် ကိုယ့်အကြောင်းကိုယ် သိဖို့က ပိုအရေးကြီးတယ်။ အဲဒါကြောင့်မို့ နေ့စဉ် လုပ်နေတဲ့ အလုပ်တွေ အကုန်လုံးဟာ အပ္ပမာဒသတိလေး စိတ်ထိန်းတဲ့ ကိရိယာလေး၊ အချိန်ထိန်းတဲ့ ကိရိယာလေး တပ်ဆင်ပေးလိုက်မယ်ဆိုရင် နေ့စဉ် လုပ်နေတဲ့ အလုပ်တွေ အကုန်လုံး တရားအလုပ်တွေချည်းပါပဲ။ ဘာမှ အားမငယ်နဲ့၊ သာသနာဟာ အားရှိဖို့ ပွင့်လာတာ။

## ကမ္ဘာကျော် လူဆိုးကြီးကိုသော်မှ

အရှင် အင်္ဂုလိမာလတို့လို ကမ္ဘာကျော် လူဆိုးကြီးကိုသော်မှ လည်းပဲ ပန်းတိုင်အရောက် သယ်ဆောင်သွားနိုင်တဲ့ သာသနာ့လုပ်ငန်း

စဉ်တွေ သူ့လောက်မှ မမိုက်တဲ့ တို့တစ်တွေ နေ့စဉ် ထမင်းချက်ရင်း၊ ဟင်းချက်ရင်း၊ အိမ်အလုပ်လုပ်ရင်းနဲ့ ဘာပြုလို့ မရှုမှတ်နိုင်ရမှာလဲ၊ လူရာပေါင်းများစွာ သတ်လာခဲ့တဲ့ အမိုက်ကောင်၊ အရမ်းကောင်၊ အကြမ်းကောင်ကြီးကသော်မှ မိမိရဲ့ စိတ်ကို စနစ်တကျ နေရာတကျထားပြီးတော့ ရှုမှတ်နိုင်သေးတယ်ဆိုရင် သူ့လောက် အပြစ်မကြီးကြတဲ့သူ၊ မမိုက်ကြ၊ မရိုင်းကြ၊ မကြမ်းကြတဲ့ မရမ်းကြတဲ့ တို့တစ်တွေများ ဘာဖြစ်လို့ ဒီသာသနာ့လမ်းစဉ် လုပ်ငန်းကို မလုပ်နိုင်ဘဲ ရှိရမှာလဲလို့ ကိုယ့်စိတ်ကို မြှင့်တင်ပြီးတော့မှ ဟောဒီ အပ္ပမာဒသတိ အချိန်ထိန်းကိရိယာလေး တပ်ဆင်ပေးပါ။ အချိန်ထိန်းသတိလို့လည်း ခေါ်တယ်။ စိတ်ထိန်းတဲ့ ကိရိယာလို့လည်း ခေါ်တယ်။ ကိုင်တွယ်ပေးတဲ့ ကိရိယာလို့လည်း ခေါ်တယ်။

## ထိန်းသိမ်းထားသိုပေးတဲ့ကိရိယာ

ထိန်းသိမ်းထားသိုပေးတဲ့ ကိရိယာလို့လည်းခေါ်တယ်။ လောကမှာ စိန်၊ ရွှေ၊ ငွေ စတဲ့ ပစ္စည်းဥစ္စာတွေဟာ အထိန်းအသိမ်း အထားအသို မတတ်ရင် ပျောက်ပျက်တတ်တယ်။ သူခိုး ခိုးတတ်တယ်၊ မှန်မှန်ကန်ကန် ထိန်းတတ်၊ သိမ်းတတ်၊ ထားတတ်၊ သိုတတ်မှ သာလျှင် မပျောက်မပျက်ဘဲနဲ့ ကြာကြာသုံးရလိမ့်မယ်။ ထို့အတူပဲ မိမိရဲ့ စိတ်ကလေးကိုလည်း ဒီအတိုင်းပဲ မြင်ပါ။ စိတ်ဆိုတာလည်း တစ်ချက်ဆိုတာနဲ့ တန်ဖိုးနည်းတယ်လို့ မအောက်မေ့နဲ့တဲ့၊ မသုံး တတ်လို့ရှိရင်လည်း ဟောဒီ စိတ္တက္ခဏ တစ်ချက်လေးက သိပ်ပြီး ကြောက်စရာကောင်းတယ်။ စိတ္တက္ခဏ တစ်ချက်မှားလိုက်တယ်ဆိုရင် တစ်ချက်ကလေး

မှားတာနဲ့ တစ်ဘဝလုံး၊ တစ်သံသရာလုံး ဒုက္ခ ပေးတတ်တယ်။ စိတ္တက္ခဏ တစ်ချက်ကလေးကို စနစ်တကျ အပ္ပမာဒသတိလေးနဲ့ ထိန်းပြီးတော့ သုံးတတ်ပြီဆိုလို့ရှိရင်လည်းပဲ တစ်ဘဝလုံး၊ တစ်သံသရာလုံး သုံးလို့မကုန်နိုင်အောင် အင်အားစုတွေကို ရအောင် ဆောင်ရွက်ပြီးတော့ ပေးတတ်ပါတယ်။ စိတ်တိုင်း စိတ်တိုင်းဟာ သုံးတတ်ရင် ရတနာတွေချည်းပဲ၊ စိန်တွေ၊ ရွှေတွေ၊ ရတနာတွေနဲ့ လဲလှယ်လို့မရအောင် သိပ်ပြီးမှ အဖိုးတန်တယ်။ ဒါကြောင့် အဲဒီ စိတ်ကိုလေ အဖိုးတန်လှတဲ့ စိတ်ကို ကိလေသာ ဆိုတဲ့ အချိန်သူခိုးတွေ လာပြီးတော့ မခိုးရလေအောင် ဟောဒီ အပ္ပမာဒ သတိလေးနဲ့ လုံခြုံအောင် ထိန်းသိမ်းပြီးတော့ ထားပါ၊ ရှုမှတ်ရင်းနဲ့ အလုပ်လုပ်ပါ။ ဒါကို ပြောတယ်။ စိတ်ကို ထိန်းသိမ်းထားတာ လုံခြုံအောင် အထားအသိုတတ်တာဆိုတဲ့ အပ္ပမာဒ တရားလေးနဲ့ မိမိစိတ်ကို ရှုမှတ်ပြီးတော့ နေတဲ့ဥစ္စာ အဲဒါဟာ သတိနဲ့ ထိန်းသိမ်းထားသိုတာပဲ၊ အထိန်းအသိမ်း၊ အထားအသိုတတ်ရမယ်။

## စိတ်ကို ပွတ်တိုက်ပေးတဲ့ ကိရိယာ

ပြီးတော့ ဘာလဲ၊ စိတ်ကို ပွတ်တိုက်ပေးတဲ့ ကိရိယာ၊ လောကမှာ အိမ်သုံးပစ္စည်းတွေ လမ်းဘေးမှာ ပစ်စလက်ခတ်သာ ထားစမ်း၊ မကြာဘူး၊ ရက်ပိုင်း၊ လပိုင်းလောက်မှာ ဖုန်တွေ၊ မြူတွေ၊ အညစ်အကြေးတွေ ပေကျံညစ်နွမ်းပြီးတော့မှ မကြာခင်ဘဲ ဟောင်းနွမ်းသွားမှာ သေချာတယ်။ အိမ်မှာ သေသေချာချာထားပြီး တော့မှ သေသေချာချာ မကြာမကြာ ပွတ်တိုက်ပေးမယ်ဆိုရင်တော့ တောက်ပြောင်ပြီးတော့မှ ကြာကြာခံတယ်ပေါ့။ အဲဒီအတိုင်းပဲ မိမိတို့ရဲ့ စိတ်အစဉ်ကို အပ္ပမာဒဆိုတဲ့ စိတ်ထိန်းတဲ့ ကိရိယာ

မတပ်ဆင်ဘဲနဲ့ ဖြစ်ချင်ရာဖြစ်ပစေဆိုပြီး ပစ်စလက်ခက်ထားလိုက်စမ်း၊ မိမိရဲ့ စိတ်အစဉ်တွေ ဘာဖြစ်လာမလဲဆိုရင် ကိလေသာတည်းဟူသော ဖုန်တွေ၊ မြူတွေ၊ အညစ်အကြေးတွေ လိမ်းကျံပြီးတော့မှ တစ်ရက်ကုန်လို့လည်း ဘာအရည်အသွေးမှ တက်မလာ၊ တစ်လကုန်လို့လည်း ဘာအရည်အသွေးမှ တက်လို့မလာ၊ ဘာမှ အားကိုးစရာရယ်လို့ စိတ်ထဲမှာ ပေါ်မလာ၊ တစ်သက်သာ ကုန်သွားတယ်၊ စိတ်ထဲမှာ အားကိုးစရာရယ်လို့ ဘာအင်အားမှ ပေါ်မလာ။ ပစ်စလက်ခတ်ထားတာ၊ စိတ်ညစ်လိုက်တာ၊ စိတ်ပျက်လိုက်တာ၊ စိတ်ရှုပ်လိုက်တာ၊ စိတ်ပူလိုက်တာနဲ့ ဒီလိုသာ ညည်းပြီးတော့ နေရတယ်။ စိတ်ထဲက အင်အားရယ်လို့ ဘာအင်အားမှ ပေါ်မလာကြဘူး၊ ပစ်စလက်ခတ်ထားလို့ပါ။ အဲဒီစိတ်ကလေးကိုတဲ့ ခုနက အိမ်သုံးပစ္စည်းတွေကို အိမ်ထဲမှာ ထားပြီးတော့ မကြာမကြာ ပွတ်တိုက်ပေးရသလို စိတ်ကလေးကိုလည်း အပ္ပမာဒ သတိလေးနဲ့ ကိုင်တွယ်ပြီးတော့ သေသေချာချာ မကြာမကြာ ပွတ်တိုက်ပေးပါ။

ဒါနနဲ့ မကြာမကြာ ပွတ်တိုက်ပေးပါ။

သီလနဲ့ မကြာမကြာ ပွတ်တိုက်ပေးပါ။

သမထ ဘာဝနာ ပွားများခြင်းဖြင့် မကြာမကြာ ပွတ်တိုက်ပေးပါ။

ဝိပဿနာ လုပ်ငန်းစဉ်ဖြင့် မကြာမကြာ ပွတ်တိုက်ပေးပါ။

စိတ်ကလေး အရောင်အသွေးတွေ တောက်ပလာပါလိမ့်မယ်။ အရည်အသွေးတွေ မြင့်မားပြီးတော့ လာပါလိမ့်မယ်။ ငြိမ်သက်လာပါလိမ့်မယ်။ ငြိမ်းချမ်းပြီးတော့ လာပါလိမ့်မယ်။ တည်ငြိမ်လာပါလိမ့်မယ်။ ရင့်ကျက်လာပါလိမ့်မယ်။ စိတ်ကို တကယ်တန်း

လေ့ကျင့်ပြီးတော့ အရည်အသွေးတွေ မြင့်တက်ပြီးတော့လာအောင် မြှင့်တင်ပေးရမှာပါ။ အဲဒါကြောင့် သတိဟာ စိတ်ကို ပွတ်တိုက်ပေးတဲ့ ကိရိယာတဲ့။

အရှင် အင်္ဂုလိမာလ မထေရ်သူမြတ်ကလည်း မိမိရဲ့ စိတ်အစဉ်မှာ သတိလေးကို တပ်ဆင်ပြီးတော့မှ ပွတ်တိုက်နေပြီ။ ရှုမှတ်ခြင်း အလုပ်ဖြင့် ပွတ်တိုက်နေပြီ၊ ပွတ်တိုက်နေတဲ့ စိတ်ဟာ အရည်အသွေးတွေ တောက်ပြောင်ပြီးတော့ ဉာဏ်အင်အားတွေက တက်၍ တက်၍ မြင့်၍ မြင့်၍ လာကြတော့တယ်။ အပ္ပမာဒ သတိလေးကို စိတ်ရဲ့ အဲ . . ဘယ်အခမ်းအနားမဆို-

## စိတ်ရဲ့အခမ်းအနားမှူး

အခမ်းအနားမှူးပါမှသာလျှင် လိုအပ်တဲ့အချိန်မှာ လိုသလို ပြီးတယ်၊ လိုသလို အကောင်အထည်ပေါ်တယ်။ အခမ်းအနားမှူး မပါဘူးဆိုရင် အဲဒီ အခမ်းအနားဟာ မျောပြီးတော့ လိုအပ်သလို အကွက်ပေါ်လို့ မလာဘူး။ ဒီအတိုင်းပဲ ဟောဒီစိတ်ကလည်း အပ္ပမာဒသတိတည်းဟူသော အခမ်းအနားမှူး မပါဘဲနဲ့သာ ပစ်ထားလိုက်စမ်း၊ တစ်ရက်သာ ကုန်လို့ ဘာမှလည်း ပေါ်လို့မလာ၊ အချိန်တွေများစွာ ကုန်ဆုံးသွားကြလိမ့်မယ်။ မိမိမှာ ရလာတဲ့ အင်အားရယ်လို့ ဘာတစ်ခုမှလည်း ပေါ်မလာ၊ ပေါ်လို့မလာဘူး။ မျောသာသွားတယ်။ ဘာမှ အင်အားပေါ်မလာဘူး။ ပစ်စလက်ခတ် ထားလို့။ စိတ်ကို သတိနဲ့ အခမ်းအနားလေးနဲ့ အကွက်ချပေးရတယ်။

လောက အခမ်းအနားမှာ အခမ်းအနားမှူးကနေပြီးတော့ ဘယ်ပုဂ္ဂိုလ်ရဲ့ ဘယ်အလှည့်ရောက်လို့ လာပါပြီ။ ဘယ်ပုဂ္ဂိုလ်ရဲ့

ဘာအလှည့်က ပြီးသွားပါပြီ၊ နောက်ထပ် ဆက်ပြီးတော့ ဘာလုပ်ရမှာပါ စသည်ဖြင့် အခမ်းအနားမှူးက အကွက်ချပေးတဲ့အတိုင်း အစီအစဉ်ကို တစ်ခုပြီး တစ်ခု လိုအပ်တဲ့အချိန်မှာ လိုသလို ပြီးအောင် ဆောင်ရွက်ရသလိုပဲ ယောဒိစိတ်မှာလည်း အခမ်းအနားမှူး ရှိရမယ်ဗျ၊ အပ္ပမာဒသတိဆိုတာ စိတ်ရဲ့ အခမ်းအနားမှူးပါ။ သူက အကွက်မချရင် ဘာမှ မယူရဘူး။ ဘာမှ မလုပ်ရဘူး။ အကွက်ချပေးတာကိုသာ ယူရမယ်။ သတိက စိတ်ကိုပြောရတယ်။ မပြောသော်လည်း ပြောနေသကဲ့သို့ အဓိပ္ပါယ်ရောက်နေပါတယ်။

## အားရအောင် ထုကြထောင်းကြလိမ့်မယ်

စိတ်ရယ် ငါမပါဘဲနဲ့တော့ မင်း ဘယ်မှမသွားပါနဲ့ကွယ်လို့ သတိက ပြောတာပါ။ မင်းကို သနားလွန်းလို့ပါ။ လောဘ၊ ဒေါသ၊ မောဟ စတဲ့ ကိလေသာတွေက အယောင်ဆောင်ကောင်းလွန်းလို့ပါကွယ်။ သူတို့တွေက မင်းကို ခေါ်သွားမယ်ဆိုရင် မင်းကိုထောင်းပြီးမှ သွားကြလိမ့်မယ်၊ လောဘကလည်း ကောင်းကျိုးကို လိုသလိုလိုနဲ့ မင်းကို လာပြီးတော့ ခေါ်ကြလိမ့်မယ်။ အားရအောင် ထောင်းကြမှာပဲ၊ ဒေါသကလည်း မင်းကို အကျိုးလိုသလိုလိုနဲ့ မင်းကို ဆွဲခေါ်သွားလိမ့်မယ်။ ဒါပေမယ့် မင်းကို အားရအောင် ကန်ချလွှတ်လိုက်မယ်။ အဲဒါကြောင့် ကိလေသာရန်သူတွေက မင်းကို ခေါ်ပြီးတော့မှ အားရအောင် ထောင်းကြလိမ့်မယ်။ မင်းကို ပစ်ချလိမ့်မယ်၊ အဲတာကြောင့် ငါ မင်းကို သနားလွန်းလို့ မင်း ဘယ်ကိုမှ မသွားရဘူးလို့ ငါ မပြောလိုဘူး။ ဘယ်အာရုံကိုမှ မယူရဘူးလို့လည်း ငါ မပြောပါဘူးတဲ့။ ဒါပေမယ့် ငါပါမှ သွားပါနော်။ ဘယ်ကိုပဲ သွားသွား၊

ဘယ်အာရုံကိုပဲယူယူ ငါ့ကို အသိပေးပြီးမှ သွားပါ။ ငါ့ကို အသိပေးပြီးမှ သွားပါ။ ငါ့ကို အသိပေးပြီးမှ ယူပါလို့ သတိလေးက စိတ်ကို ပြောတဲ့သဘောဗျ။ ယူပါ။

မင်း ဘယ်အာရုံကိုပဲ ယူယူ၊ သို့သော် ငါ့ကို အသိပေးပါ။ ဘယ်ကိုပဲ သွားသွား၊ ငါ့ကို အသိပေးပါ။ ငါ့ကို အသိပေးပြီးမှ သွားပါ၊ ယူပါ၊ မင်းကို သနားလွန်းလို့ပါလို့ အပ္ပမာဒသတိလေးက အဲလို ပြောတယ်။ ဆိုလိုတာက အခမ်းအနားမှူးပေါ့။ သတိ အမိန့်မပါဘဲနဲ့ ဘာဆို–

ဘာမှ မလုပ်၊ လမ်းသွားတယ်၊ အကုန်လုံး သတိအမိန့်ပါမှ သတိက အကွက်ချပြီးခါမှသာလျှင် လုပ်တယ်၊ အဲ သတိက ဖျက်ခနဲ ဖျက်ခနဲ၊ တိခနဲ တိခနဲ၊ ရှိမ်းခနဲ ရှိမ်းခနဲ၊ အဲဒီလို အကွက်ချပြီးမှ တစ်ခုပြီးခါမှ နောက်တစ်ခုကို ဖျက်ခနဲ၊ ရှိမ်းခနဲ ဟောဒီလို ဆောင်ရွက်တယ်။

## အာရုံကို စာရင်းမဲ့အင်းမဲ့ လက်ခံနဲ့

အာရုံတွေဆိုတာကလေ၊ စိတ်ကိုသာ လွှတ်ထားမယ်ဆိုရင် ရှုပ်ယှက်ခပ်ပြီး အဲဒီလို ဝင်နေကြတာပဲ။ အာရုံတစ်ခုကို ယူနေတယ်။ သူကမှ မပြီးသေးဘူး၊ အာရုံတွေက ကျွန်တော့်ကိုလည်း ယူပါဦးဗျနဲ့ ဖျက်ခနဲ ဖျက်ခနဲ ဟိုကပေါ်လာလိုက် ဒီကပေါ်လာလိုက်နဲ့ အဲလို အမျိုးမျိုးပေါ်လာတော့ ဘယ်အာရုံမှ ဘယ်လုပ်ငန်းကိစ္စမှ ပီပီပြင်ပြင်ရယ်လို့ ပေါ်မလာကြဘူး။ အာရုံတွေ ရှုပ်ယှက်ခပ်ဖြစ်နေလို့ အဲဒါကို အပ္ပမာဒ သတိ အခမ်းအနားမှူးက အကွက်ချရမှာ၊ တစ်နည်းအားဖြင့် သူက စာရင်းလုပ်ရမှာ၊ အာရုံကို စာရင်းမဲ့

အင်းမဲ့၊ လက်မခံနဲ့၊ စာရင်းနဲ့ အင်းနဲ့သာ လက်ခံ အဲဒါဆိုလိုတာ၊ ဘာကိုမှ မလုပ်ရဘူးလို့ မဆိုလိုဘူး၊ အိမ်မှုကိစ္စ၊ ကိစ္စခပ်သိမ်းသော ကိစ္စတွေ မလုပ်ရဘူးလို့ မဆိုလိုဘူး၊ လုပ်ပါ။ သို့သော်လည်းပဲ စာရင်းနဲ့ အင်းနဲ့ အာရုံလုပ်ငန်းတွေကို လက်ခံပါ။ စာရင်းမဲ့၊ အင်းမဲ့၊ လက်မခံလိုက်ပါနဲ့။ အာရုံတစ်ခုကို လုပ်နေတုန်းမှာ ဒီပြင်အာရုံတွေ ရှုပ်ယှက်ခပ် မဝင်ပါစေနဲ့။

မိမိလုပ်ငန်းတစ်ခု လုပ်တဲ့အခါကာလမှာ အဲဒီအာရုံမှာ အစ၊ အလယ်၊ အဆုံး ဖျက်ခနဲ၊ တိခနဲ၊ ရှိန်းခနဲ ကျေနပ်လောက်အောင် ရလဒ်အင်အား ပေါ်လာပြီဆိုတဲ့အခါမှာ ဒီပြင်အာရုံကို လက်ခံ၊ ပထမအာရုံကို ပြတ်ပြတ်သားသား စာရင်းမရှင်းရသေးသမျှ ကာလ ပတ်လုံး ဒုတိယ အာရုံ ကြားဖြတ်ဝင်မယ့် တွန်းသာချလိုက် လက်မခံနဲ့တဲ့။ ပထမအာရုံ ပြတ်ပြတ်သားသားရှိမှ ယင်းကိစ္စ ရလဒ်တွေ ထုတ်နှုတ်ခြင်းကိစ္စ ဆောင်ရွက်ပြီးပြီဆိုကာမှ ဒီပြင် ဒုတိယအာရုံ စတဲ့ အာရုံများကို လက်ခံပါ။ အခမ်းအနားမှုမပါဘဲနဲ့ ဘာမှ မယူလိုက်ပါနဲ့တဲ့။ နေ့စဉ် နေ့စဉ် လုပ်တဲ့အလုပ်တွေ အကုန်လုံး တရားအလုပ်ဖြစ်လိမ့်မယ်။

## ပစ္စည်းရှိတိုင်း မချမ်းသာ

စိတ်ဆိုတဲ့ ပုတီးလုံးလေးတွေကို အပ္ပမာဒ သတိ ပုတီး ကြိုးလေးနဲ့ သီပြီးမှ အဲလိုထားပါ။ အဲလိုထားလို့ရှိရင် မိမိလုပ်တဲ့ အလုပ်တွေ အကုန်လုံးဟာ တရားအလုပ်တွေ ဖြစ်ပြီးတော့နေတယ်၊ နေ့တိုင်း စိတ်ဓါတ် ငြိမ်းအေးမှုတွေ၊ စိတ်ဓါတ် ချမ်းသာမှုတွေ၊ စိတ်ဓါတ်အရည်အသွေး မြင့်မားမှုတွေ အဲဒါတွေ တက်လာမှာ။

ပစ္စည်းရှိတိုင်းလည်း ချမ်းသာတာ မဟုတ်ဘူးတဲ့။ အပ္ပမာဒသတိလေး နဲ့ စိတ်ကို ထိန်းလို့ ချမ်းသာအောင် နေတတ်မှ ချမ်းသာတယ်။ ချမ်းသာအောင်နေနည်း၊ စိတ်စွမ်းရည်ထုတ်လုပ်နည်းတွေကို ဖော်ပြပြီးတော့ နေပါတယ်။

## ပစ္စုပ္ပန်အာရုံကိုသာရှုမှတ်

ဒါကြောင့် အရှင် အင်္ဂုလိမာလ မထေရ် အရှင်သူမြတ်က လည်းပဲ အပ္ပမာဒသတိလေးဆိုတဲ့ စိတ်ထိန်းတဲ့ ကိရိယာ၊ အချိန်ထိန်းတဲ့ ကိရိယာ အဲဒါကို စိတ်အစဉ်မှာ တပ်ဆင်ပြီးတော့ ဣရိယာပုထ်လေးပါးလုံး အကုန်လုံး ကိလေသာဆိုတဲ့ ကြောင့် ကြဝင်ခွင့် မပြုတော့ဘဲနဲ့ အဆက်မပြတ် ရေနဲ့နောက် စပ်မိအောင် ရှုမှတ်သွားပြီး တော့မှ အဲလိုနေတယ်။ အတိတ်ကိုလည်း မျှောခွင့် မပေးတော့ဘူး။ အနာဂါတ်ကိုလည်း မျှောခွင့် မပေးတော့ဘူး။ ပစ္စုပ္ပန်အာရုံကိုသာ စိုက်ပြီးတော့ ရှုမှတ်နေတယ်။ တရားအလုပ်ဆိုတာ ပစ္စုပ္ပန်မှာ အရေးအကြီးဆုံး၊ ပစ္စုပ္ပန်ရောက်ရာ အချိန်လေးကို ပြတ်ပြတ်သားသား အသုံးချတတ်မယ်ဆိုရင် စိတ်အင်အားတွေ စွမ်းရည်တွေ မြင့်မား စမြဲပါ။ အဲဒါကြောင့်မို့လို့ မမေ့မလျော့ မပေါ့မဆ ထက်သန်သော သတိတရားဖြင့် ရှုမှတ်ပြီးတော့နေပြီ။

## သတိလေးတပ်ဆင်ပေးရုံပဲ

ရှုမှတ်တာကတော့ဖြင့် ပိုက်ဆံရှိတာ မရှိတာ မဆိုင်တဲ့၊ အဲ အားတာမအားတာနဲ့လည်း မဆိုင်၊ မိမိလုပ်နေတဲ့ အလုပ်ကိုသာ သတိလေးတပ်ဆင်ပေးရုံပဲ။ အေး သတိတပ်ဆင်ပေးတော့ မိမိတို့ နေ့စဉ်လုပ်တဲ့ အလုပ်တွေဟာ တရားအလုပ်တွေချည်းပဲ၊ တမင်း

ချက်ရင် ချက်တယ်လို့မှတ်၊ အဲဒါ တရားဗျ။ အစ၊ အလယ်၊ အဆုံး အကုန်မှတ်၊ ထမင်းချက်ရင်းနဲ့ ရှုမှတ်နေရတယ်ဆိုတော့ သတိပဋ္ဌာန် ဘာဝနာလည်း ဖြစ်တယ်။ ရှုမှတ်ရင်းနဲ့ သတိပဋ္ဌာန် ဘာဝနာလည်းဖြစ်တယ်၊ အိမ်ကိုလည်း မီးမလောင်ဘူးပေါ့၊ အိမ်ကိုလည်း မီးမလောင်ဘူး၊ ရုပ်ကွက်ကိုလည်း မီးမလောင်ဘူးပေါ့။ သတိပဋ္ဌာန် ဘာဝနာလေးနဲ့ ရှုမှတ်ရင်းနဲ့ ချက်ရပြုတ်ရတာဆိုတော့ ထမင်းချက်ရင်းနဲ့ သတိပဋ္ဌာန် ဘာဝနာလေးလည်း ရလာသေးတယ်ဆိုတော့ အမြတ်တွေချည်းပါပဲ။

## သုံးတတ်တော့အမြတ်ထွက်

ခန္ဓာကြီးကလည်း သုံးတတ်တော့ အဖိုးတန်ပါတယ်။ အမြတ်တွေ ထွက်လာပါတယ်၊ မသုံးတတ်တော့ ခန္ဓာကြီးက အရှုံးချည်းသာ ထွက်နေတယ်။ အဲဒါကြောင့်မို့ တောင်းတာပါ။ အပ္ပမာဒသတိကို အရေးတကြီး တောင်းတယ်။

## အသိ, သတိအထိန်းပါရှိမှ

အဲဒီ အရေးတကြီးတောင်းတဲ့ အပ္ပမာဒသတိကို အရှင်အင်္ဂုလိမာလ တပ်ဆင်ပြီးတော့ အားထုက်နေပါပြီ။ အာတာပီတဲ့၊ ကိလေသာတွေကို လောင်ကျွမ်းပြီးတော့မှ ရှို့မြိုက်စေတတ်တဲ့၊ ကုန်ဆုံးစေတတ်တဲ့၊ ကြေမွပျက်စီးစေတတ်တဲ့ သမ္မပ္ပဓါန် လုံ့လကိုလည်းပဲ တင်းတင်းကျပ်ကျပ်၊ ပြတ်ပြတ်သားသား စိတ်အစဉ်မှာ တပ်ဆင်ပြီးတော့ ထားပါပြီ။ အားထုတ်တယ်၊ အားထုတ်တယ်ဆိုတာက အသိ၊ သတိတရား အထိန်းမပါဘဲနဲ့ သွားအားထုတ်ရင်တော့ လည်သွားလိမ့်မယ်။ အားထုတ်တယ်ဆိုတာကလည်း

အားထုတ်တိုင်း ချမ်းသာတာ မဟုတ်ဘူးတဲ့။ အသိ၊ သတိ အထိန်းပါပြီးတော့မှပဲ ချမ်းသာမယ်။ အားတော့ ထုတ်နေကြတယ်။ ဝီရိယကင်းတဲ့အလုပ် ဘာမှ မရှိဘူး။ အလုပ်မှန်သမျှ ဝီရိယပါတာပဲ၊ သို့သော် အသိ၊ သတိပါတာနဲ့ မပါတာ ဒါပဲကွာတယ်။ ထမင်းချက်တယ်ဆိုတဲ့ လုံ့လဟာ ဝီရိယပါတာပဲ။ သို့သော်လည်းပဲ အသိ၊ သတိ အထိမ်းမပါတော့ သတိပဋ္ဌာန် အလုပ်မဟုတ်ဘူး။ အသိ၊ သတိ အထိန်းတွေပါပြီးတော့ ရှုမှတ်ရင် ထမင်းချက်တယ်ဆိုရင် အဲဒါ သတိပဋ္ဌာန် ဘာဝနာပေါ်မှာ လုပ်ငန်းဖြစ်သွားတယ်။ ပါဏာတိပါတ စတဲ့ အကုသိုလ်ကံတွေ အားထုတ်တော့လည်းပဲ ဝီရိယပါသားပဲ။ သို့သော် အသိ၊ သတိ အထိန်းမပါတာမို့လို့ ဘာမှ စွမ်းအင်မပါ၊ ချမ်းသာကိုပေးနိုင်တဲ့ သတ္တိ ဘာမှ မပါ။ အဲဒါကြောင့် အားထုတ်တယ်ဆိုတာ အသိ၊ သတိ အထိန်းပါရမယ်တဲ့၊ ဝီရိယကိုလည်း ရှေ့နဲ့နောက် စပ်မိအောင် ကြိုးစားပြီး အရှင်အင်္ဂုလိမာလ အားထုတ်နေပြီ။

## ဆင်းရဲကြီးကြီးကိုကြောက်ရင်

ဝီရိယဆိုတာက ရသည့်ဆင်းရဲကို အံခဲ၍ အမြဲသည်းခံရသည့် သဘောပါ။ ပျင်းတယ်ဆိုတာက ဒုက္ခကို ကြောက်တယ်။ လောလောဆယ် အရင်းအနှီးစိုက်ထုတ်ရမှာလေးကို ကြောက်နေတယ်။ ဝီရိယရဲ့ သဘောဆိုတာက ဆင်းရဲကြီးကို ကြောက်တယ်ဆိုရင် ဆင်းရဲသေးသေးကို ရဲရဲကြီး သည်းခံနိုင်ရမယ်၊ ရဲရဲကြီး ခံနိုင်ရည်ရှိရမယ်။ ချမ်းသာကြီးကြီးကို လိုချင်တယ်ဆိုရင် ချမ်းသာသေးသေးလေးကို ရဲရဲကြီး စွန့်နိုင်ရမယ်။ အဲဒါကို ဝီရိယလို့ခေါ်တယ်။ ချမ်းသာကြီးကြီးကို လိုချင်တယ်ဆိုရင် ချမ်းသာသေးသေးလေးကိ

စွန့်ရဲရမယ်။ ဆင်းရဲကြီးကြီးကို ကြောက်တယ်ဆိုရင် ဆင်းရဲသေးသေးလေးကို ရဲရဲကြီး ခံနိုင်ရည် ရှိရမယ်။ အဲဒါမှ ဝီရိယဆိုတာ တက်လာလိမ့်မယ်။

လုံ့လဝီရိယတွေ တက်ပြီးတော့လာ တဲ့အခါကျတော့ ရှေ့နဲ့နောက် ကုသိုလ်အစဉ်တွေကို တဆက်တည်း စပ်မိသွားအောင် ရှုမှတ်နိုင်တော့တာပဲ၊ စိတ်ထိန်းတဲ့ ကိရိယာကလည်း ကောင်းတယ်၊ ဝီရိယဆိုတဲ့ တွန်းတဲ့ ကိရိယာကလည်း ကောင်းတယ်ဆိုရင်တော့ မိမိရဲ့ စိတ်အစဉ်ဟာ အာရုံတွေသာ ပြောင်းပြီးတော့ သွားမယ်။ ရှုမှတ်ပုံ အစဉ်ကတော့ ပြောင်းမသွားတော့ဘူး။ စီတန်းပြီးတော့မှ အင်အားတွေ၊ စွမ်းအင်တွေ၊ ရလဒ်တွေ တစ်ခုပြီးတစ်ခု မြင့်ခနဲ၊ ရှိမ်းခနဲ ဟောဒီလို တက်၍ တက်၍သာ လာလိမ့်မယ်။ အပ္ပမာဒသတိ စိတ်ထိန်းကိရိယာ တပ်ဆင်ထားတဲ့အပြင် နောက်ထပ် ဝီရိယကိုလည်း အစွမ်းကုန် မြှင့်လိုက်ပြီ၊ ခလုတ်ကိုလည်း နှိပ်ထားတယ်ပေါ့။

## ခန္ဓာထဲမှာ ဉာဏ်မီးရောင်လင်းလာအောင်

သဒ္ဓါခါတ်ကြိုးကလည်း တပ်ဆင်ထားတယ်။ မိန်းလို့ခေါ်တဲ့ ပင်မခလုတ် အပ္ပမာဒ ခလုတ်ကြီးကလည်း ဖွင့်ထားတယ်။ အနီးမှာရှိတဲ့ ခလုတ်နဲ့ အလားတူတဲ့ ဝီရိယခလုတ်ကိုလည်း နှိပ်ထားတယ်၊ ဖွင့်ထားတယ်ဆိုရင်တော့ အဲဒီခန္ဓာ အစဉ်ထဲမှာတော့ ဝိပဿနာ ဉာဏ်ပညာတည်းဟူသော မီးရောင်ဟာဖြင့် လင်းပြီးတော့ လာရတော့မယ်။ ဝိပဿနာဉာဏ်ရောင် မလင်းဘူးဆိုရင်တော့ အဲဒီ ခန္ဓာ ထဲမှာ အဝိဇ္ဇာ အမှောင်တုန်းကြီးက မှောင်ချထားတယ်။ မှောင်တော့ မှောင်ထဲမှာ သွားရတယ်ဆိုတော့ စမ်းတဝါးဝါး

လမ်းတွေ များပြီးတော့မှ ခလုတ်တွေ၊ ဆူးတွေ၊ ခြောင့်တွေ၊ ခဏခဏနင်းလို့ ဆင်းရဲလိုက်ကြတာတွေ၊ ဒုက္ခရောက်လိုက်ကြတာတွေ၊ ငိုလိုက်ကြရတာတွေ၊ ပူလိုက်ကြရတာတွေ၊ ဆွေးလိုက်ကြရတာတွေ၊ မှောင်ထဲရောက်နေတော့ တောနင်း တောင်နင်းဆိုတာ အနည်းငယ်များကြတာပေါ့။

အဲဒါကြောင့်မို့ ခန္ဓာထဲမှာ မီးရောင်တွေ လင်းလာအောင်ဆိုရင် အလင်းရောင်တွေရလာအောင်ဆိုရင် သဒ္ဓါတည်းဟူသော ဓါတ်ကြိုးလည်း မပြတ်ပါစေနဲ့၊ ဝီရိယတည်းဟူသော မီးခလုတ်ကလေးကိုလည်း နှိပ်ထားပါ။ မိန်းလို့ခေါ်တဲ့ ပင်မခလုတ်နဲ့တူတဲ့ အပ္ပမာဒသတိ ခလုတ်ကလေးကိုလည်း အမြဲဖွင့်ထားပါ။ အဲဒါဆိုရင် မိမိရဲ့ ရှုမှတ်ဖို့ လုပ်ငန်းစဉ်တွေဟာဖြင့် ပယောဂ သမ္ပတ္တိကြီး ဖြစ်နေပြီးတော့ကာ ဉာဏ်အလင်းရဖို့ဟာဖြင့် တစ်စတစ်စ နီးပြီးတော့မှ ဒင်အားတွေ အလင်းဓါတ်တွေ တစ်စတစ်စ ကိုးလာပါလိမ့်မယ်၊ မြင့်လာပါလိမ့်မယ်၊ ရင့်လာပါလိမ့်မယ်။

အဲဒါကြောင့် "အပ္ပမတ္တော အာတာပီ ပဟိတတ္တော၊" ပဟိတတ္တောဆိုတာက ဉာဏ်အလင်းရောင် ပေါ်လာရမယ့် သဘောပါ။

ပဟိတတ္တော- ကိုယ်နဲ့ အသက်မငဲ့ကွက်ဘဲ နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိသည်။ ဟုတွာ- ဖြစ်၍။ ဝိဟရန္တော- နေတယ်။

## ကြည့်တတ်မှမြင်

ယ္ကရိယာပုဒ်လေးပါးစလုံး အဆက်မပြတ် ဘာမှ မလွှတ်ရဘဲနဲ့ ရှုမှတ်ပြီးတော့နေပါတယ်။ ကိုယ်နဲ့ အသက်မငဲ့ကွက်ဘဲ

နိဗ္ဗာန်သို့ စေလွှတ်တယ်ဆိုတာ ဘာပြောတာလဲဆိုရင် ယောဂီခန္ဓာကိုယ်ပေါ်မှာ အသိဉာဏ်၊ ဝိပဿနာဉာဏ် ပေါ်လာအောင် အားထုတ်တာကို ပြောတာ။ အားထုတ်လာတဲ့အခါ ဟောဒီခန္ဓာကိုယ်ကြီးကို အရင်းအနှီးလုပ်ပြီးတော့မှ အားထုတ်လာတဲ့အခါကာလကျတော့ ခန္ဓာရဲ့ သဘောဆိုတာ မြင်လာရတယ်ပေါ့။ ခန္ဓာဟာ ကြည့်တတ်မှမြင်မယ်၊ မကြည့်တတ်ရင် မမြင်ပါဘူး။ ခန္ဓာဟာ မြင်အောင် ကြည့်ရမယ့်အရာပါ။

## အဝေးကြည့်နဲ့ကြည့်ရင်

ဟောဒီခန္ဓာကိုယ်ကြီးကို အဝေးကြည့်နဲ့ ကြည့်တာရှိတယ်၊ အနီးကြည့်နဲ့ကြည့်ကြတာရှိတယ်။ အဝေးကြီးနဲ့ ကြည့်ကြတယ်ဆိုတာက အမှန်မှာက ဒိဋ္ဌိနဲ့ကြည့်နေကြတာပါ။ ဟောဒီ လောကကြီးတစ်ခုလုံးကို အဝေးကြည့်နဲ့ ကြည့်မယ်ဆိုရင် ဝေါဟာရပညတ်အနေနဲ့ အများကြီးပေါ့၊ အရေအတွက်ကော အများကြီး။ အံ့သြစရာတွေ၊ ထူးဆန်းစရာတွေ၊ ထူးဆန်းတဲ့ ဝေါဟာရတွေ အမျိုးမျိုး မြောက်မြားစွာရှိကြပါတယ်။ အဝေးကြည့်နဲ့ကြည့်ရင် ဒီအတိုင်းပဲမြင်ရတယ်။ အဝေးကြည့်နဲ့ကြည့်တဲ့အခါကာလမှာ တဏှာ၊ မာန၊ ဒိဋ္ဌိတွေနဲ့ အကုန်လုံး ငြိတွယ်ပြီးတော့မှ ဘာမှ အင်အားတွေပေးလာအောင် မထုတ်နိုင်ကြဘူး။

## အနီးကြည့်နဲ့ကြည့်လိုက်တဲ့အခါ

အဲဒါကို အနီးကြည့်နဲ့ ကြည့်လိုက်တော့ ဝိပဿနာဉာဏ်ဘည်း ဟူသော မှန်ဘီဘူးကို တပ်ဆင်ပြီးတော့ ဒီခန္ဓာကိုယ်ကို အနီးကြည့်နဲ့ ကြည့်လိုက်တဲ့ အခါကာလမှာတော့ လောကကြီး

တစ်ခုလုံး အရေအတွက်အားဖြင့် ဘယ်လောက်ပင်များပြီး အံ့ဩစရာ ထူးဆန်း စရာတွေလို့ ထင်ရပေမယ့်လို့လည်း ဝိပဿနာ ဉာဏ် မှန်ဘီလူးကို တပ်ဆင်ပြီးတော့ အနီးကြည့် ကြည့်လိုက်တဲ့အခါမှာတော့ လောကကြီးတစ်ခုလုံးသည် ရုပ်နာမ်ဓမ္မ သင်္ခါရရယ်လို့ တစ်မျိုးတည်းသာရှိတယ်။ အဲဒီ ရုပ်နာမ်ဓမ္မ သင်္ခါရတွေဆိုတာလည်း အချိန်တန်ရင် ပျက်သွားကြမှာတွေချည်းပဲ။ အတိုချုပ်ကတော့ ဒါပါပဲ။

ခုနတုန်းက ဘုရားမြတ်စွာ ဆုံးမတဲ့ နောက်ဆုံးစကားမှာ "ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ"။ ဝယဓမ္မာ သင်္ခါရာ ဆိုတာက ဟောဒီ လောကကြီးတစ်ခုလုံးကို အကုန်လုံး ခြုံငုံသုံးသပ်လိုက်တဲ့အခါမှာ ရှုထောင့်အနေနဲ့ သုံးသပ်လိုက်တဲ့အခါမှာ တစ်လုံးတည်းနဲ့ထိအောင် ပြောလိုက်တာ၊ ဘာတွေ ဘယ်လောက်ပဲ အရေအတွက်များပါစေကွယ်။ နောက်ပိတ်ဆုံး အကျဉ်းချုံးလိုက်ရင်တော့ အဲဒီတရားတွေဟာ ရုပ်နာမ်ဓမ္မ သင်္ခါရ အစုသာ ဖြစ်ပါတယ်။

ဒီအစုတွေဟာလည်း ဝယဓမ္မာ– အချိန်တန်ရင်တော့ ပျက်ခြင်း သဘောရှိကြပါတယ်။ သင်္ခါရဆိုတာ အမြဲပြုပြင်နေရပါတယ်။ ပြုပြင်ပြီး ပေးနေရပါတယ်။ ပြုပြင်နေရလို့လည်း သင်္ခါရခေါ်တာပေါ့။ ဒီရုပ်နာမ်ဓမ္မ သင်္ခါရတွေဟာ မိုးပေါ်က အလိုလိုကျလာကြတာ မဟုတ်ဘူး။ အကြောင်းရှိလို့ ပေါ်လာကြတာတွေ၊ ဒီအကြောင်းတွေနဲ့ ပြုပြင်ပေးနေရတယ်။ ဆိုင်သလောက်တော့ ပြုပြင်ပေးနေရတာ၊ ကိုယ်ဆိုင်သလောက် ပြုပြင်နေရတာကလည်း သဒ္ဓါအား၊ ဉာဏ်အား၊ သတ္တိအားတွေ အကူအညီမပါဘဲနဲ့ ပြုပြင်ရင်တော့ဖြင့် ခန္ဓာဝန်ကြီး ထမ်းရတာ လေးတယ်။

အသိအင်အားတွေ၊ သတိအင်အားတွေ၊ ဉာဏ်အင်အားတွေ၊ ဝီရိယအင်အားတွေနဲ့ ထမ်းလိုက်တဲ့အခါ ထမ်းရတာ သက်သာတယ်။ ပြုပြင်ရတဲ့နေရာမှာလည်း သက်သာတယ်။ အမြတ်တွေထွက်တယ် ပေါ့။ ကိုယ်ဆိုင်သလောက်တော့ ပြုပြင်ရမှာပဲတဲ့။

## ဉာဏ်နဲ့မှီအောင်လိုက်

ကိုယ်ဆိုင်သလောက် ပြုပြင်တော့လည်းပဲ ဝယမ္မာ-ပျက်ရမှာပါတဲ့။ ကေန်ပျက်ရမှာပါ။ အချိန်တန်ရင် ပျက်ကြရမှာ ချည်းပဲ။ ဖြစ်ပျက် ဖြစ်ပျက်နဲ့ အမြဲတမ်း ပြောင်းလဲနေတာပဲ၊ အချိန်တန်ရင် ပျောက်ကွယ်သွားကြတာ။ အဲဒါကို မိမိက ဘာလုပ်ရမှာလဲ၊ ဉာဏ်နဲ့မှီအောင်လိုက်ပါတဲ့။ ခန္ဓာကတော့ ပျက်ကိုပျက်မှာပဲ။ ဘာလို့လဲ ပျက်မှာကို ကိုယ်ရထားတာ ကိုယ်က သဘောတူလည်း ပျက်မှာပဲ၊ သဘောမတူလည်း ပျက်မှာပဲ။ ကျေနပ်ရင်လည်း ပျက်မှာပဲ။ မကျေနပ်ရင်လည်း ပျက်မှာပဲ။ ကိုယ်က မြင်ထားတာက တဏှာ မာန ဒိဋ္ဌိတွေနဲ့ မြင်ထားတော့ ကိုယ်က ဒီလောက် ကြီးမြင်ထားရင် ကိုယ့်အပေါ် မပျက်စေချင်ဘူး။ တရားက ဟ . .မဟုတ်ဘူးကွ၊ ငါက ပျက်ရမှာ ရထားလို့ ပျက်တာ၊ သူက အဲလိုပဲ ပြောသွားတယ်။ ကိုယ်က မဟုတ်ဘူးကွ၊ ငါက ပြုပြင်ထားတာ တရားနဲ့ ရှုမှတ်တဲ့ ပုဂ္ဂိုလ်ရဲ့ အသိဉာဏ်က ကွာဟချက်က ဖြစ်နေတော့ မမှီဘဲဖြစ်နေတော့ဗျာ။ မမှီတော့ ရှေးက လူကြီးကနေ ခပ်မြန်မြန်သွားတဲ့အခါ နောက်က လမ်းသွား သင်ခါစကလေးက နောက်က မမှီ့တမှီနဲ့လိုက်တဲ့အခါ လူကြီးက ရှေ့က သွက်သွက်သွား၊ နောက်က ကလေးလေးက မမှီတော့ ငို၊ နေပါဦး၊ နေပါဦးအဖေ

အစရှိသည်ဖြင့် နောက်က ကလေးလေးက နောက်က လိုက်ငို၊ အဲဒီ သဘောမျိုးပဲ။ အဲဒီ ရုပ်နာမ်ဓမ္မ သင်္ခါရတွေ ဖြစ်ပျက် ဖြစ်ပျက်နဲ့ ရှေ့က တဟုန်ထိုး ပြေးပြီးတော့နေတဲ့ဥစ္စာကို မိမိရဲ့ ဉာဏ်က မှီအောင် မလိုက်နိုင်တော့ ငိုလိုက်ရတာ၊ ငါ့အလိုအတိုင်း မဖြစ်ဘူးတဲ့၊ ငါက ဒီလောက် ပြုပြင်နေလျက်သားနဲ့ ငါ့လက်ထဲက လွတ်လွတ်သွားတယ်။ ငါက ဒီလောက်တောင် ပြုပြင်နေပါလျက်သား နဲ့ ငါ့အလိုမှလည်း မလိုက်ဘူး။ မပျက်ပါနဲ့ ပြောတာကို ပျက်တယ်၊ မကွယ်ပျောက်ပါနဲ့ လို့ ပြောတာကို ကွယ်ပျောက်တယ်၊ ရုပ်နာမ်ဓမ္မ သင်္ခါရကလည်း သူ့အလုပ်ကို သူလုပ်နေတာ၊ သူ့လမ်းအတိုင်း သူသွားနေတာ၊ သူ့သဘောအတိုင် အကြောင်း ရှိလို့ ပေါ်လာ၊ အချိန်တန်ပျက်မှာပဲ၊ အကြောင်းရှိလည်း ပေါ်လာလည်း အချိန်တန်ပျက်မှာပဲ။

## တဏှာ, မာန, ဒိဋ္ဌိနဲ့ကြည့်ရင်တော့

ဒီက တဏှာ, မာန, ဒိဋ္ဌိနဲ့ကြည့်ရင်တော့ မမှီတော့ဘူး။ မမှီတော့ ငိုရတယ်။ သောကမီးတွေ၊ ဒုက္ခမီးတွေ၊ ဒေါမနဿမီးတွေ၊ ဥပါယာသမီးတွေ၊ ခန္ဓာကိုယ်မှာ တဟုန်းဟုန်း ထတောက်လာ ကြရတာက ဟောဒီ ဉာဏ်ကနေ ခန္ဓာကို မှီအောင် မလိုက်နိုင်လို့ ငိုကြရတာ။

## အနိုင်တိုက်နည်းကို သင်ပြနေ

တရားဆိုတာက အနိုင်တိုက်ရမယ်တဲ့။ အနိုင်တိုက်နည်းကို သင်ပြနေတဲ့ တရားတွေ။ ဒါကြောင့် ပဟိတတ္တောဆိုတာ ဟောဒီ ခန္ဓာနှင့် တဏှာ ခွာပေးနေတာကို ပြောတာ။ အကြောင်းရှိလို့

ပေါ်လာကြတယ်။ အချိန်တန်ရင် ပျောက်ကွယ်ပြီးတော့ သွား ကြတယ်။ ဒီသဘောကို ဉာဏ်နဲ့မှီအောင် လိုက်ပါ။ ဉာဏ်နဲ့ မှီအောင် လိုက်တဲ့အခါကာလမှာ ဖြစ်ပျက် ဖြစ်ပျက်တဲ့ သဘော ထရားကို ဒီသဘောတွေကို သဘောကျပြီးတော့နေအောင် မြင်လာတဲ့ အခါမှာ မြင်ရင် မြင်တန်သလောက်မြင်အောင် ကြည့်တတ်ရင် ကြည့်တတ်သလောက် ခန္ဓာနှင့် တဏှာ ခွာလို့ ပေးနိုင်ပါလိမ့်မယ်။ ခန္ဓာနှင့် တဏှာ ခွာပေးတဲ့ တရားလေ။ ခန္ဓာနဲ့ တဏှာ ခွာတယ်ဆိုတာ အပူနှင့်ခွာတယ်ဆိုတာလည်း ဟုတ်တာပဲ။ အပူနဲ့ ခွာတယ်၊ ဟောဒီ ခန္ဓာကိုယ်မှာ တဏှာတည်းဟူသော ရေနံဆီ၊ ဓါတ်ဆီတွေ လောင်းထားမယ်ဆိုရင် သောက,ပရိဒေဝစတဲ့ မီးတွေ ခန္ဓာကနေ တဟုန်းဟုန်း ထထောက်နေကြရတယ်တဲ့။

## မီးတွေငြိမ်းအောင်ဆိုရင်

အဲ ဟောဒီမီးတွေ ငြိမ်းအောင်ဆိုရင် ဟောဒီ ဝိပဿနာ ဉာဏ်နဲ့ နောက်က မှီအောင်လိုက်ပါ။ အကြောင်းရှိလို့ ပေါ်လာရပါ တယ်။ အချိန်တန်ရင်တော့ ပျောက်ကွယ်သွားရမှာပါ။ ကိုယ်ဆိုင် သလောက်သာ ပြုပြင်လို့ရတယ်။ ကိုယ်ဆိုင်တဲ့နယ်ကို ကျော်သွားရင် တော့ ဘယ်လိုမှမတတ်နိုင်။ ဘယ်လိုမှ မတတ်နိုင်တာနဲ့ အား မတန်လို့ မာန်ကိုလျှော့ပြီး မှိုင်နေရမှာ မဟုတ်ဘူး။ အရှုံးထဲက အမြတ်ကို ချက်ချင်းထုတ်၊ ချက်ချင်းထုတ်လိုက်ရင် ဉာဏ်ကမှီအောင် လိုက်ပြီဆိုရင် ဒါ မှီအောင်လိုက်ရင် လိုက်နိုင်သလောက်ဖြင့် အင်အားတွေပေါ်ပြီးတော့ လာကြတော့မှာပါပဲ။ အဲဒါဆိုရင် ကိုယ်နဲ့ အသက်မငဲ့ကွက်ဘဲ ဟောဒီ ခန္ဓာကိုယ်ပေါ်မှာ တဏှာနဲ့ တွယ်တာ ငဲ့ကွက်ခြင်းမရှိတော့တဲ့နဲ့ ဟောဒီ တရားတွေရှိနေလို့သာ အိုသားဆေ

နာဘေးတွေ၊ သေဘေးတွေ စတဲ့ ဘေးတွေ ဒုက္ခတွေ ရှိပြီးတော့ နေကြတာပဲ။ အဲဒီ ခန္ဓာဝန် သင်္ခါရတွေ လွတ်ငြိမ်းတဲ့ နိဗ္ဗာန် ဆိုရင်တော့ အဲဒီ ဒုက္ခ အကုန်လုံးလွတ်မှာပဲလို့ ဟောဒီလို ဝန်ထုပ်ကြီးကို ထမ်းနေရတာ လေးတယ်၊ ဟောဒီ လေးတယ်ဆိုတာ ကလည်း ဒီလို အကြောင်းတွေ အကြောင်းအကျိုး ဆက်သွယ်ပြီး တော့ ရုပ်နာမ်ဓမ္မသင်္ခါရတွေကို ဉာဏ်နဲ့ အသေအချာကြည့်ပြီးတော့ ရှုမှတ်လိုက်တဲ့, သုံးသပ်လိုက်တဲ့ အခါကာလကျတော့ ရုပ်နာမ် ဓမ္မသင်္ခါရ အပူလောင်မီးတွေ လွတ်ငြိမ်းတဲ့ နိဗ္ဗာန်ချမ်းသာဆိုတာ ကလည်းပဲ ဉာဏ်နဲ့လှည့်ပြီးမှ ပို့လို့ရတယ်ပေါ့။

## ခန္ဓာရဲ့အပြစ်ကိုမြင်မှ

ခန္ဓာရဲ့ အပြစ်ကို မမြင်သေးသမျှကာလပတ်လုံး နိဗ္ဗာန် အကြောင်း စိတ်ဝင်စားမှာ မဟုတ်ဘူးဗျ၊ ခန္ဓာရဲ့ အကြောင်းတွေကို နားလည်မှ ခန္ဓာရဲ့ သဘောတွေကို နားလည်မှသာလျှင် ခန္ဓာဝန် ထမ်းရတာ ဘယ်လောက် ပူလောင်တယ် စသည်ဖြင့် အဲလို ခန္ဓာရဲ့ အပြစ်ကို သိမှသာ လျှင် သင်္ခါရဒုက္ခတွေ လွတ်ငြိမ်းတဲ့ နိဗ္ဗာန်ချမ်းသာဆိုတာကို လိုချင်ကြလိမ့်မယ်။

အေး အင်္ဂုလိမာလမထေရ်သူမြတ်ကလည်းပဲ မိမိရဲ့ စိတ် အစဉ်မှာ အပ္ပမာဒသတိတည်းဟူသော စိတ်တွန်းတဲ့ ကိရိယာတွေနဲ့ တွန်းပြီး တော့ ပေးလိုက်တဲ့အခါမှာ သမာဓိဆိုတာက ပေါ်လာတယ်။ သမာဓိပေါ်လာတဲ့အခါမှာ ဝိပဿနာဉာဏ်မျက်စေ့ကို ဖွင့်ကြည့် ရုံပဲရှိတော့တယ်။ ဖွင့်မကြည့်ရင်တော့ မြင်မှာမဟုတ်ဘူးပေါ့။ [illegible]ရမယ်။ ဖွင့်ကြည့်တဲ့အခါကာလမှာ တစ်ခဏချင်း [illegible]င်း ပြောင်းလဲတဲ့သဘော၊ အဲဒီလို စိုက်ခနဲ ရှိန်းခနဲ

ရှိန်းခနဲ ပေါ်လာတယ်ပေါ့။ ပေါ်လာတဲ့အခါကာလ ကျတော့ နိဗ္ဗာန်ကို ဦးတည်ပြီးတော့မှ ဦးတည်ချက်ကတော့ နိဗ္ဗာန်ပဲ၊ သို့သော်လည်းပဲ သုံးသပ်နေရတာက ဒီခန္ဓာကိုယ်ကိုပဲ ရှုမှတ်ရင်း ရှုမှတ်ရင်းနဲ့ပဲ သုံးသပ်နေရတာပါ။ သုံးသပ်လိုက်တဲ့ အခါမှာ သင်္ခါရရဲ့ မမြဲမှုတွေဆိုတာ ပေါ်ပြီးတော့ လာကြရတယ်ပေါ့။ မမြဲမှုတွေ ထင်ထင်ရှားရှား တစ်ခါတည်း ရှင်းခနဲ၊ ပြတ်ခနဲ၊ တိခနဲ၊ မှတ်သိစိတ်ရော၊ မှတ်သိစရာ ရုပ်နာမ်အာရုံ တွေရော ဖျက်ခနဲ၊ တိခနဲ၊ ရှင်းခနဲ၊ မှတ်လိုက်တာ တစ်ခါတည်း ခန္ဓာနဲ့တဏှာကို တိခနဲ တိခနဲ ခွာလို့ရလာတာပဲ။ ခွာလို့ရလို့ အဲဒီလို စိုက်စိုက်မတ်မတ် နောက်ကို မဆုတ်တော့ဘဲနဲ့ မရှိမ ပဋိပဒါလမ်းစဉ်နဲ့ ရုပ်နာမ်ဓမ္မသင်္ခါရတွေကို ရှုမှတ်ပွားများပြီး တော့ အားထုတ်လိုက်တာ လိုရင်းပဲပြောကြစို့။ ဝိပဿနာ ဉာဏ် ရင့်သန်ပြီးတော့မှ ခန္ဓာရဲ့အပြစ်တွေ ကြာလေ မြင်လေ၊ ကြာလေ မြင်လေနဲ့ အမြတ်တွေသာ ဉာဏ်နဲ့ထုတ်ထုတ်ပြီးတော့ အရှုံးထဲက အမြတ်တွေရအောင် ယူတော့တာပဲ၊ ငိုရမယ့်နေရာမှာ အင်အားတွေပေါ်လာကြတယ်။ ဆင်းရဲပူဆွေးရမည့်နေရာမှာ အင်အား တွေ ဒုက္ခရဲ့ အနှုတ်လက္ခဏာတွေ သုခရဲ့ အပေါင်းလက္ခဏာ တွေ ပေါ်ပြီးတော့လာကြတယ်။

## သာသနာ့ဝန်းတိုင် အရောက်လှမ်းနိုင်ပြီ

အဲဒီလိုနဲ့ ဝိပဿနာဉာဏ်ရင့်သွားပြီပဲဆိုပါတော့၊ ဉာဏ်စဉ်တွေ ချဲ့ပြောရင်တော့ အချိန်ကုန်သွားလိမ့်မယ်။ ဝိပဿနာဉာဏ် ရင့်ကျက် ပြီးတော့မှ တရားထိုင်ရင်း ရှုမှတ်ရင်းနဲ့ ငါ နောက်မဆုတ်တော့ ဘူးလို့ ကြိုးစားအားထုတ်လိုက်တာ အရှင်အင်္ဂုလိမာလ မထေရ်

သူ့မြတ် ဝိပဿနာဉာဏ် ရင့်ကျက်ပြီးတော့ သောတာပတ္တိမဂ်ဖိုလ် သကဒါဂါမိမဂ်ဖိုလ်၊ အနာဂါမိမဂ်ဖိုလ်၊ အရဟတ္တမဂ်ဖိုလ်ရယ်လို့ သာသနာ့ပန်းတိုင်ကို ရောက်သွားခဲ့ရတယ်။ အတ္ထသမ္မာ ပဏ္ဍိစိစက် ပယောဂသမ္ပတ္တိကြီးကောင်းလိုက်တာ။

**အညတရော စေါ မနာယသ္မာ အင်္ဂုလိမာလော အရဟတံ အဟောသိ။**

အာယသ္မာ အင်္ဂုလိမာလော- အင်္ဂုလိမာလ နာမကျော်ဟီး ရဟန်းတော် အရှင်မြတ်ကြီးသည်၊ အရဟတံ- ကိလေသာကုန်ခန်းသော ရဟန္တာ အရှင်မြတ်တို့တွင်၊ အညတရော- တစ်ပါး အပါဝင်သည်၊ အဟောသိ- ကောင်းစွာမသွေ ဖြစ်ခဲ့ပါပေတော့ သတည်း။

အရှင် အင်္ဂုလိမာလမထေရ်ကြီး ရဟန္တာဖြစ်သွားခဲ့ပြီတဲ့ဗျာ၊ ရဟန္တာဖြစ်သွားပြီ။

## အံ့ဩစရာ သာသနာ

ဒီနေရာမှာ ရပ်ပြီးတော့ စဉ်းစားကြည့်ပေါ့၊ အင်္ဂုလိမာလ ကမ္ဘာကျော်လူဆိုးကြီးဘဝက နေပြီးတော့ ရဟန်းပြုခဲ့တာ အရှင် အင်္ဂုလိမာလ တရားအားထုတ်လိုက်တာ ရဟန္တာတောင် ဖြစ်သွားပြီတဲ့၊ သာသနာပန်းတိုင်ရောက်သွားပြီတဲ့ ဆိုတော့ ယှဉ်တမ်းပြောတာထင်ပါတယ်။ ပုံပြင်ပြောနေတာနဲ့ တူပါတယ်။ ဒဏ္ဍာရီများပြောနေသလား မသိပါဘူးလို့ ထင်စရာကြီးပါ။ ထင်စရာကြီးပဲပြောမယ်ဆိုလည်း ပြောစရာ၊ ထင်မယ်ဆိုလည်း ထင်စရာကြီးပဲ။ သူ့ရဲ့မိုက်မှားမှုကလည်း သိပ်ဆန်းနေတာကိုး၊ ပြီးတော့လည်း သူ့ရဲ့ မိုက်မှားချက်တွေ

ကြည့်လိုက်ပြန်တော့လည်း တစ်ခုမှ ခွင့်လွှတ်နိုင်စရာအကြောင်းမရှိဘူး။ အခြောက်တိုက်ကြီး မိုက်တာ၊ ပစ္စုပ္ပန်ဘဝမှာ လူ့ဝတ်ကြောင်ဘဝနဲ့ ရှင်ဘုရင်က အဖမ်းခံရရင်လည်း ဧကန်အသတ်ခံရမှာ၊ အသတ်ခံရလို့ သေသွားရင်လည်း ဒီလောက် မိုက်ရိုင်း၊ ကြမ်းတမ်းတဲ့ ပုဂ္ဂိုလ် ငရဲအသေးစားထဲ ရောက်မှာမဟုတ်ဘူး။ ငရဲအကြီးစား အဝီစိထဲ တန်းသွားရမှာ၊ ဘယ်ဘက်ကကမှ သူ့ကို ခွင့်လွှတ်နိုင်စရာ အကြောင်းမရှိဘူး။ ဒီလောက်မိုက်ရိုင်းတဲ့ပုဂ္ဂိုလ်ကြီး သာသနာမှာ တရားအားထုတ်လိုက်တာ ရဟန္တာများတောင် ဖြစ်သွားသတဲ့ဆိုရင် ယုံတမ်းလို့တောင် ထင်စရာကြီးပါ။ တကယ်တော့ ယုံတမ်းမဟုတ်ပါဘူး။ ပုံပြင်လည်း မဟုတ်ပါဘူး၊ အမှန်ပါပဲ၊ အဟုတ်ကိုပါပဲ၊ ပုံပြင်ပါပဲ၊ ဒဏ္ဍာရီပါပဲလို့ ယုံတမ်းပါပဲလို့ ထင်ရလောက်အောင်က လည်း သာသနာတော်ကြီးက အံ့သြစရာကောင်းပါတယ်။

ဧဝံ အစိန္တိယာ ဗုဒ္ဓါ၊ ဗုဒ္ဓဓမ္မာ အစိန္တိယာ။
အစိန္တိယေ ပသန္နာနံ၊ ဝိပါကော ဟောတိ အစိန္တိယော–

ဆိုတဲ့ အပါဒါန်ပါဠိတော်အတိုင်းပေါ့။

ဘုရားရဲ့ စွမ်းရည်တွေကလည်း အံ့သြစရာကောင်းတဲ့ သာသနာတော်ကြီးကို လာပြီးတော့ မှီခိုတယ်ဆိုတော့ သာသနာလမ်းစဉ်အတိုင်း အားထုတ်တယ်ဆိုတော့ ဖြစ်မှဖြစ်နိုင်ပါ့မလားလို့ တွေးရလောက်အောင် အံ့သြစရာကောင်းတဲ့ အကျိုးဆိုတာက ရပြီးတော့ လာရစမြဲပါ။ ဒါကြောင့် အံ့သြစရာကောင်းတဲ့ သာသနာတော်ထဲမှာ အံ့သြစရာကောင်းတဲ့ လုပ်ငန်းစဉ်တွေကို တိတိကျကျ လမ်းမှန်အတိုင်း အားထုတ်လိုက်တဲ့အတွက် အရှင်အင်္ဂုလိမာလ ရဟန္တာအဖြစ်သို့ ရောက်၍သွားခဲ့လေပြီ။ ရဟန္တာအဖြစ်ကို

ရောက်သွားခဲ့လေပြီ။ လက်တစ်လုံးကြားလေးပေါ့။ နည်းနည်းလေး၊ နည်းနည်းလေး၊ သွားတော့မလိုပေါ့။ ဘုရားနဲ့တွေ့လိုက်ပေလို့ပေါ့။ ဘုရားနဲ့သာ မတွေ့ရင်တော့ သူ့ဘဝဟာ ရှေ့ဆက်ပြီးတော့ မစဉ်းစားရဲစရာကြီး၊ မတွေးရဲစရာကြီး၊ ပစ္စုပ္ပန်အတွက်ရော သံသရာအတွက်ရော သူ့ရဲ့အကြောင်းအရာဟာ မတွေးရဲစရာကြီး။

## တို့များအတွက် အားတက်စရာ

ယခုတော့ ဘုရားကို အမှီပြုပြီးတော့ သာသနာကို အမှီပြုပြီးတော့ သူ့ရဲ့ဘဝကို တန်ဖိုးရှိအောင် အသုံးချသွားလိုက်တာ ဆားက ကြည့်နေရတဲ့ ပုဂ္ဂိုလ်တောင် ဘယ်လိုအားတက်သွားမှန်း မသိဘူး။ အဲဒီ လောက်တောင် ကမ္ဘာကျော်အောင် မိုက်ခဲ့တဲ့ ကမ္ဘာကျော်လူဆိုး ကြီးသော်မှလည်းပဲ သတိပဋ္ဌာန်ဘာဝနာ၊ မဇ္ဈိမပဋိပဒါ လမ်းစဉ်တွေ အားထုတ်လိုက်တာ သာသနာပန်းတိုင် ရဟန္တာဖြစ်သွားသတဲ့ ဆိုလို့ရှိရင် သူ့လောက်မမိုက်တဲ့ တို့တစ်တွေများ တော့ အားထုတ်လိုက်ရင် ဘာလို့မဖြစ်ရမှာလဲ။ အားတက်ရမှာပဲ။ မိမိတို့အတွက် သင်ခန်းစာပေးတာပါ။ ငါမှားမိပြီ၊ မိုက်မိပြီလို့ မှိုင်ပြီးတော့ ငေးမနေနဲ့၊ တွေးမနေနဲ့ ပယောဂ သမ္ပတ္တိ၊ အတ္တသမ္မာ ပဏိဓိ လုပ်ငန်းစဉ်ရဲ့ အမှားတွေကိုလည်း ဖယ်ရှား ပေးနိုင်တယ်၊ ငြိမ်းအေးကြောင်း၊ မြင့်မားကြောင်း၊ တိုးတက် ကြောင်းတွေကိုလည်း ဆောင်ရွက်ပြီးတော့ ပေးနိုင်တယ်။ အရှင် အင်္ဂုလိမာလ ရဟန္တာဖြစ်သွားပြီ၊ ရဟန္တာဖြစ်ပြီးတဲ့အခါမှာ သူ့အတွက် လုပ်ခဲ့တဲ့ အကုသိုလ်တွေက သူ့မှာ အများကြီးဖြစ်နေတယ်။ အကုသိုလ်ရဲ့ သဘောဆိုတာ ကြွေးယူရတာဆိုရင် ကြွေးသဘောဟာ

ပြန်ဆပ်ရတယ်။ ဆပ်တဲ့အခါ အတိုးနဲ့ဆပ်ရမယ်၊ သူလွန်ကျူးခဲ့တဲ့ လူရာပေါင်းများစွာ သတ်ခဲ့တဲ့ အကုသိုလ်ကံတွေကလည်း အတိုးနဲ့သာ ဆပ်ရမယ်ဆိုရင်တော့ မဆုံးနိုင်အောင် ဆပ်ရလိမ့်မယ်။

## အကုသိုလ်ကံသုံးမျိုးရှိ

ဒီတော့ သူလုပ်တဲ့အကုသိုလ်ကံကို အာရုံပြုကြည့်မယ်ဆိုရင် အဘိဓမ္မာသဘောအရ အကုသိုလ်က သုံးမျိုးရှိတယ်။ အကုသိုလ်ပဲ လုပ်လုပ်, ကုသိုလ်ပဲလုပ်လုပ် ဇောခုနစ်ကြိမ်ဆိုတာ အဘိဓမ္မာ လေ့လာဖူးသူတိုင်း သိကြတယ်။ ဇောခုနစ်ကြိမ်ဇောတယ်တဲ့။

အဲဒီဇောခုနစ်ကြိမ်ထဲမှာ ပထမဇောစေတနာနှင့် ယှဉ်တဲ့ စေတနာမှ ချုပ်ပျောက်သွားတဲ့ ကံတရားကို ဒိဋ္ဌဓမ္မ ဝေဒနီယကံလို့ ခေါ်တယ်၊ ပစ္စုပ္ပန်ဘဝမှာပဲ အကျိုးပေးနိုင်တယ်။

သတ္တမဇောနဲ့ယှဉ်တဲ့ စေတနာမှ ချုပ်ပျောက်သွားတဲ့ ကံတရားကိုတော့ ဥပပဇ္ဇဝေဒနီယကံလို့ ခေါ်တယ်။ ဒုတိယဘဝမှာ ဧကန် အကျိုးပေးနိုင်တယ်။

အလယ်ဇောငါးချက်နဲ့ ယှဉ်တဲ့ စေတနာမှ ချုပ်ပျောက်သွားတဲ့ ကံတရားကိုတော့ အပရာပရိယဝေဒနီယကံလို့ ခေါ်တယ်။ တတိယ ဘဝကစပြီးတော့ သံသရာတစ်လျှောက်လုံး အကြောင်းညီတိုင်း အကျိုးပေးနိုင်တယ်။

အရှင်အင်္ဂုလိမာလဟာလည်း အင်္ဂုလိမာလဆိုတဲ့ ကမ္ဘာကျော် လူဆိုးကြီးဘဝတုန်းက မိုက်ခဲ့တဲ့ အကုသိုလ်ကံတွေ အများကြီးဗျ၊ ဒိဋ္ဌဓမ္မဝေဒနီယကံတွေလည်း အများကြီး၊ ဥပပဇ္ဇဝေဒနီယ ကံတွေလည်း အများကြီးပါကြတယ်။

## ဘဝသံသရာရဲ့လက်သယ်

အဲဒီသုံးမျိုးတို့တွင် အဲ ယခုအခါကာလမှာ အရှင် အင်္ဂုလိမာလဟာ ရဟန္တာဖြစ်သွားပြီဖြစ်တဲ့အတွက် ဒုတိယဘဝကို သူဆက်ရမှာ မဟုတ်တော့ဘူး၊ ဘဝသံသရာရဲ့ လက်သယ်ဖြစ်တဲ့ အဝိဇ္ဇာ,တဏှာကိုလည်း အကုန်လုံး အပြတ်ရှင်းလိုက်ပြီ။ ခန္ဓာရဲ့ လက်သယ်တွေ၊ ဒုက္ခရဲ့လက်သယ်တွေ၊ ဘဝရဲ့လက်သယ်တွေဖြစ်တဲ့ အဝိဇ္ဇာ,တဏှာကို အပြတ်ရှင်းလိုက်ပြီဆိုတော့ ဒုတိယဘဝ မကူးရတော့ဘူးတဲ့။ ငြိမ်းအေးလွတ်မြောက်သွားပြီ၊ ဒီလိုဆိုတော့ ဥပပဇ္ဇဝေဒနီယကံတွေက လက်မြှောက်လိုက်ကြပြီ။ အင်္ဂုလိမာလကြီးကို နှိပ်စက်မလို့ ကျုပ်တို့က စောင့်နေတာပါ၊ ချောင်းနေတာပါဗျ၊ ဒီအမိုက်ကောင်ကြီးကိုတော့ နှိပ်စက်လိုက်မယ်ဟေ့ ဆိုပြီးတော့ ချောင်းနေတာ၊ ယခုတော့ သာသနာက နိုင်သွားပြီ၊ တရားက နိုင်သွားပြီ၊ တို့တော့ လက်မြှောက်အရှုံးပေးလိုက်ပြီတဲ့ဗျာ၊ ဥပပဇ္ဇဝေဒနီယကံတွေက အကျိုးပေးလို့ မရတော့ဘူး၊ လက်မြှောက်အရှုံးပေးလိုက်ကြပြီ၊ ဒုတိယဘဝမှာ အကျိုးပေးမယ့် ဥပပဇ္ဇဝေဒနီယကံက လက်မြှောက်အရှုံးပေးလိုက်ပြီဆိုရင် တတိယဘဝကစပြီး အကျိုးပေးရမယ့် အပရာပရိယဝေဒနီယကံတွေကလည်း အရှုံးပေးလို့ လက်မြှောက်လိုက်ကြပြီ။

## ရဟန္တာလည်းပေးမှာပဲ

ဘာပဲကျန်သေးသလဲဆိုတော့ ဒိဋ္ဌဓမ္မ ဝေဒနီယကံပဲ ကျန်တော့တယ်၊ အဲဒါက ရဟန္တာလည်း ပေးမှာပဲ။ စေတနာတွေက ဒဏ်တပ်ကြတော့မယ်တဲ့ဗျ၊ ဥပပဇ္ဇဝေဒနီယကံတွေက ဒဏ်တပ်

ကြတော့မယ်တဲ့။ အဲဒါကြောင့် အရှင်အင်္ဂုလိမာလ ရဟန္တာ ဖြစ်ပြီးလို့ နောက်နေ့မှာပဲ မြို့ထဲကို ဆွမ်းခံကြွတယ်ဆိုရင် ဘာတွေဖြစ်နေသလဲဆိုတော့ အင်္ဂုလိမာလရဲ့ ခေါင်းတော်မှာ ကျောက်ခဲတွေ တစ်ခဲပြီးတစ်ခဲ ဒေါက်ခနဲ ဒေါက်ခနဲ ကျလိုက်တာ တုတ်တွေကလည်း တစ်ချောင်းပြီးတစ်ချောင်း၊ တစ်ချောင်းပြီး တစ်ချောင်း ခန္ဓာပေါ်မှာ ကျလိုက်တာတွေ၊ ကျောက်စရစ်ခဲလေး တွေကလည်း ဟိုကကျ ဒီကကျ ကျလိုက်တာတွေ၊ နောက်ကမှ ကုသိုလ်ကံကောင်းလို့ရှိရင်လည်း သူများကိုပေးတဲ့ ချမ်းသာ ကိုယ့် ဆီကို ရောက်လာတတ်တယ်။ အကုသိုလ်ကံ သိပ်ဆိုးနေတဲ့အခါ မှာလည်း သူများကိုပေးတဲ့ အန္တရာယ် အနှောင့်အယှက် ကိုယ့် ဆီကို အကုန်ဝိုင်းလာတတ်တယ်။ ဒီအချိန်မှာ အရှင်အင်္ဂုလိမာလ ဟာ အကုသိုလ်ကံ အများဆုံးဖြစ်နေတယ်။ နောက်ပြီးတော့လည်း အကျိုးပေးလို့မရတော့ဘူးဆိုတော့ အကုသိုလ်ကံက ပစ္စုပ္ပန်မှာပဲ အတိုးနဲ့ ပေးတော့မှာဗျ။

ကျိုးကန်းကို ပစ်လိုက်တဲ့ ကျောက်ခဲတွေ၊ တုတ်တွေ အင်္ဂုလိမာလခေါင်းကို လာမှန်တယ်။

ခွေးတွေ၊ ဝက်တွေ စသည်ကို ပစ်လိုက်တဲ့ ကျောက်ခဲတွေ၊ တုတ်တွေ အကုန်လုံး အင်္ဂုလိမာလခေါင်းကို အကုန်လာမှန်တယ်။

တစ်ခါတည်း တုတ်တွေကလည်း တစ်ချောင်းပြီးတစ်ချောင်း ကျ၊ ခဲတွေကလည်း ခေါင်းပေါ် တစ်လုံးပြီးတစ်လုံးကျ၊ သပိတ် တွေပေါ်ကိုလည်း ကျောက်ခဲတွေကကျ။

ဆွမ်းခံကြွတော့ သပိတ်ထဲမှာ ဆွမ်းတော့ ရတော့ရတယ်။ ဒါပေမယ့်လို့ပဲ အဲ အဲဒီလို ခဲတွေက တစ်လုံးပြီး တစ်လုံး

ကျလာတော့ကာ သပိတ်တွေကလည်း ကျကွဲတွယ်။ မြေသပိတ်ဆိုတော့ ကျကွဲတယ်၊ ဆွမ်းတွေ အကုန်ဖိတ်၊ ခေါင်းပေါ်ကို ခဲတွေက တစ်လုံးပြီးတစ်လုံး၊ တစ်လုံးပြီးတစ်လုံး ကျလိုက်တာ ထိပ်ပေါက်၊ ခေါင်းကွဲ၊ တစ်ကိုယ်လုံး သွေးတွေရဲလို့၊ ဒုတ်တွေက ကျဖန်များလာတော့လည်းပဲ သက်န်းတွေက စုတ်လို့၊ ပြဲလို့၊ လက်တွေ၊ မျက်နှာတွေမှာ ပွန်းရာ၊ ထိရာ၊ ပဲ့ရာ၊ ရှရာ၊ ဒဏ်ရာတွေကလည်း ပြင်းထန်လိုက်တာ တစ်ကိုယ်လုံး သွေးတွေရဲပြီးတော့ နေတာဖြစ်လို့ သနားစရာဖြစ်နေတယ်။ ရုပ် ပျက်ဆင်းပျက်၊ အဲဒီလို အကုသိုလ်က ဒဏ်ပေးပြီးတော့ နေလိုက်ကြတာ တစ်ကိုယ်လုံး သွေးရဲရဲ၊ သံရဲရဲနဲ့ သင်္ကန်းတွေလည်း စုပ်လို့၊ ပြဲလို့၊ ထိပ်ပေါက်၊ ခေါင်းကွဲ၊ သပိတ်ကလည်း ကျကွဲပြီးတော့မှ အဲဒီလိုနေတယ်။

## ဘုရားရှင်၏ နှစ်သိမ့်စကား

အဲဒါနဲ့ အရှင်အင်္ဂုလိမာလဟာ ကျောင်းကို ပြန်လာတဲ့အခါ မြတ်စွာဘုရားက အဝေးကလာတာကိုပဲ မြင်ရတော့ မြတ်စွာဘုရားက နှစ်သိမ့်စကား မိန့်ကြားတော်မူတယ်။ ချစ်သားရယ် အင်္ဂုလိမာလ၊ ခေါ်တာကတော့ ဗြဟ္မဏလို့ခေါ်တာပါ။ ဗြဟ္မဏက ကိလေသာ အကုန်လုံး ပယ်ရှားပြီးဖြစ်တဲ့ ချစ်သားရဟန်းလို့ ဒီလို အဓိပ္ပါယ် ရတယ်။ ချစ်သား သည်းခံပါကွယ်။ သည်းခံပါကွဲ့။

သည်းခံပါဆိုတာ ရဟန္တာဆိုတော့ စိတ်ဆင်းရဲတော့ မရှိပါဘူး။ ခန္ဓာကိုယ်ဆင်းရဲမှုကတော့ ရှိတာပေါ့၊ စိတ်ဆင်းရဲမှုကတော့ လုံးဝမရှိပါဘူး။

ချစ်သား သည်းခံလိုက်ပါကွယ်။ သည်းခံလိုက်ပါ။ သင့်ချစ်သားရဲ့ အမှားတွေ၊ အကုသိုလ်ကံတွေက အများကြီးကွယ့်၊ သာသနာနဲ့သာ မတွေ့ရင်တော့ သင်ချစ်သားရဲ့ဘဝဟာ ဒီဘဝက စုသေလွန်သွား ရင်တော့ကဖြင့် နှစ်ရာပေါင်း၊ ထောင်ပေါင်း၊ သိန်းပေါင်းများစွာ ငရဲမှာ ပူလောင်စွာ ကျက်ခံရမှာကွယ့်၊ ငရဲမှာ ခံရမယ့် အကုသိုလ်ဟာ သင်ရဲ့ အကုသိုလ်ပါ။ ယခုတော့ သာသနာနဲ့ လာပြီးတွေ့တော့ သာသနာလမ်းစဉ်ကို ကျင့်ကြံအားထုတ်မှုက လက်ဦးပြီးတော့သွားတဲ့ အတွက်ကြောင့်မို့လို့ အကုသိုလ်တွေက ဒုတိယဘဝမှာ အကျိုးပေးလို့မရကြဘူး။ ဒုတိယဘဝမှာ အကျိုးပေးလို့မရတော့တဲ့အတွက်ကြောင့်မို့လို့ ပစ္စုပ္ပန်ဘဝမှာပဲ ဒိဋ္ဌဓမ္မဝေ ဒနိယကံကလာပြီးတော့ အကျိုးပေးနေကြတာ ချစ်သား၊ သင်လုပ်ခဲ့တဲ့ အကုသိုလ်တွေက သင့်ကို အကျိုးပေးတာ၊ သင်လုပ်တဲ့ မိုက်မှားမှုနဲ့စာလို့ရှိရင် သင့်ကိုပေးတဲ့ မကောင်းကျိုးက ဘာမှ မပြောပလောက်ပါဘူးကွယ်၊ အသေးအဖွဲလေးပါ။

ငွေတစ်သိန်း ချေးယူထားတဲ့ပုဂ္ဂိုလ်များဟာ ငါးပြားဆယ်ပြားလောက် ဆပ်လိုက်ရုံနဲ့ ကျေသွားသလိုပါပဲ။ ဘဝပေါင်းများစွာ၊ နှစ်ပေါင်းများစွာ ငရဲမှာ ပူလောင်ပြင်းပြစွာ ခံရမယ့် ဒုက္ခတွေဟာ ယခုပစ္စုပ္ပန် ဘဝမှာ ဒီလောက်ကလေး အကျိုးပေးရုံနဲ့ ပြီးသွားတာပါ။ ပြီးသွားတယ်ဆိုတော့ သာသနာရဲ့ စွမ်းရည်ပေါ့။ တရားရဲ့စွမ်းရည်ပေါ့၊ ဒါကြောင့် ချစ်သား သည်းခံပါကွယ်တဲ့၊ ငရဲမှာ အကျိုးပေးရမယ့် အကုသိုလ်တွေ၊ ပစ္စုပ္ပန်ဘဝမှာ စုပြီးတော့ အကျိုးပေးနေကြတာပါကွယ်၊ ချစ်သားသည်းခံပါ။ အဲဒီလို မြတ်စွာ ဘုရားက မိန့်ကြားတော်မူတယ်။

## အရှင်အင်္ဂုလိမာလ၏ဥဒါန်း

မိန့်ကြားပြီးတော့ အရှင်အင်္ဂုလိမာလ မထေရ်လည်းမြတ်ကလည်းပဲ နေ့လယ်ပိုင်းကျတော့ ဆိပ်ငြိမ်ရာ ချဉ်းကပ်ပြီးတော့ အရဟတ္တဖိုလ် သမာပတ်၊ ဖလသမာပတ်ကို ဝင်စားပြီးတော့ ဖလသမာပတ်မှ ထလာတဲ့အခါမှာ ဥဒါန်းကျူးရင့်တယ်၊ ဘုရားရဲ့ ဂုဏ်ရည်တွေ၊ တရားရဲ့ ဂုဏ်ရည်တွေ၊ သာသနာတော်ရဲ့ ဂုဏ်ရည်တွေကို အားရ လွန်းလို့ ဥဒါန်းကျူးရင့်တာက ဆယ့်ခြောက်ဂါထာ။ အဲဒီ ဆယ့်ခြောက်ဂါထာကိုတော့ ပြောမနေတော့ဘူးပေါ့။ ဆယ့်ခြောက် ဂါထာ အကုန်သာပြောပြီးတော့နေရင် အချိန်တွေပိုသွားလိမ့်မယ်။ ဥဒါန်းကျူးတဲ့စကား၊ ဥဒါန်းကျူးတဲ့ စကားမှာ အစဆုံးဂါထာနှင့် နောက်ပိတ်ဆုံးဂါထာ ဒီနှစ်ဂါထာ ကိုပဲ အာရုံပြုကြစို့။

> ယော ပုဗ္ဗေ ပမဇ္ဇိတွာ၊
> ပစ္ဆာ သော န ပမဇ္ဇတိ။
> သောမံ လောကံ ပဘာသေတိ၊
> အဗ္ဘာ မုတ္တောဝ စန္ဒိမာ။ ။

ယော- အကြင်ပုဂ္ဂိုလ်သည်၊ ပုဗ္ဗေ- ရှေးဦးမဆွ အစကသာ လျှင်၊ ပမဇ္ဇိတွာ၊ ပမဇ္ဇိတွာပိ- မေ့လျော့ခဲ့ပါငြားသော်လည်း၊ ပစ္ဆာ- နောက်အခါကာလ၌၊ န ပမဇ္ဇတိ- မမေ့မလျော့ မပေါ့ မဆတော့ပါ၊ သော- ထိုရှေးအခါကာလတုန်းကမေ့လျော့ခဲ့ပါငြား သော်လည်း နောက်အခါကာလမှာ မမေ့လျော့ မပေါ့မဆနဲ့ ထက်သန်သော သတိရှိတဲ့ ထိုပုဂ္ဂိုလ်သည်၊ အဗ္ဘာ- တိမ်တိုက်မှ၊ မုတ္တော- လွတ်ပြီးသော၊ စန္ဒိမာဣဝ- လမင်းကြီးကဲ့သို့၊ ဣမံ

လောက်-- ဤခန္ဓာအာယတန ဓါတ်တည်းဟူသော လောက ကြီးကို၊ ပဘာသေတိ- ကိလေသာ အမှောင်ကင်း၍ ထွန်းလင်း တောက်ပစေနိုင်တော့သတည်း။

အဲ ဥဒါန်းကျူးတဲ့ ဆယ့်ခြောက်ဂါထာထဲမှာ ပထမဆုံး ဂါထာပေါ့၊ မည်သူမဆိုပေါ့တဲ့၊ ဟိုအရင်တုန်းက မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ နေခဲ့ပေမယ့်လို့လည်း နောက်ပိုင်းမှာ မမေ့မလျော့ မပေါ့မတန် ထက်သန်သော စိတ်ထိန်းကိုရိယာ သတိပေါ်လာ မယ်ဆိုရင် ပမာဒမှ လွတ်ပြီးတော့ ပမာဒ အရင်းခံတဲ့ ကိလေသာ အကုန်လုံးမှ လွတ်ပြီးတော့မှာ ဟောဒီခန္ဓာကိုယ်အပေါ်မှာ ဉာဏ်အလင်းရောင် ပြတ်ပြတ်သားသား ထွန်းညှိနိုင်တော့တာပဲ၊ တိမ်တိုက်တိမ်ဖုံးမှ လွတ်သွားတဲ့ လမင်းဟာ သာချင်တိုင်းသာ ခွင့်ရသလိုပေါ့တဲ့။ တိမ်ဖုံးလို့ လ,မသာပေါ့၊ တိမ်ဖုံးနေတဲ့ လ,ဟာ မသာနိုင်ဘူး၊ တိမ်ထဲမှ လွတ်သွားမှ လ,ဟာ သာနိုင်တယ်။ သူ့ဘဝဟာလည်း စောစောက တိမ်ဖုံးလို့ လ,မသာခဲ့ဘူး။ တိမ်ဖုံးခဲ့တာမှ ရုပ်ပျက်ဆင်းပျက် ဖုံးခဲ့ပါတယ်။ ယခု အဲဒီတိမ်ခဲ တွေက လွတ်လာပါပြီ။ လွတ်လာပြီဖြစ်တဲ့အတွက်ကြောင့် ဘုရား သာသနာတော်ကြီးကို အမှီပြုပြီးတော့ မိမိရဲ့ ခန္ဓာအစဉ်အပေါ်မှာ အဝိဇ္ဇာတည်းဟူသော မှောင်ထုကြီးကို ဖယ်ရှားပြီးတော့မှ ဉာဏ်အလင်းရောင်ကို ထွန်းညှိပြီးတော့မှ လာခဲ့တာ။ မိမိခန္ဓာအစဉ် မှာ အဝိဇ္ဇာမှောင်ထုကင်းပြီးတော့ ဉာဏ်အလင်းရောင်ကို ထွန်းညှိ ပြီးတော့ လာခဲ့တာ ဉာဏ်အလင်းရောင်သာချင်တိုင်းသာခဲ့ပါပြီ တဲ့။ တိမ်ဖုံးလို့ လ,မသာခဲ့ပေမယ့် ယခုအခါမှာတော့ လမင်း ကြီး သာချင်တိုင်းသာခွင့်ရပါပြီ။

ဒါကြောင့် မည်သူမဆိုပေါ့၊ ငါမှားတယ်လိုတော့ မှိုင်မနေကြနဲ့၊ ငါ့ကို ကြည့်ကြတဲ့၊ ငါ့လို ကမ္ဘာကျော်လူဆိုးကြီးတစ်ယောက် သော်မှ သာသနာကို အမှီပြုပြီးတော့ တရားအလုပ်တွေ အားထုတ် လိုက်တာဟာ သာသနာ ပန်းတိုင် ရောက်သွားရသေးတယ်။ ဒါကြောင့်မို့ အားထုတ်ကြပါလို့ ကြားသိရတဲ့ပုဂ္ဂိုလ်များကလည်း သူ့ကို သက်သေအရာထားပြီးတော့ အားထုတ်နိုင်ကြလေအောင် တက်ကြွတဲ့ စိတ်တွေ ပေါ်ကြလေအောင် အတုယူတတ်ရအောင် အနေနဲ့ ကျူးရင့်ပြီးတော့ ပေးပါတယ်။ ကျူးရင့်ဖော်ပြတဲ့ စကားပါ။ သာသနာစွမ်းရည်၊ ဘုရားစွမ်းရည်၊ တရားစွမ်းရည်ကို အားရလွန်းလို့ပါ။

ကဲ ဆယ့်ခြောက်ဂါထာမြောက်ကို ကျော်လိုက်ကြစို့။

သွာဂတံ နာပဂတံ၊ နယိဒံ ဒုမ္မန္တိတံ မမ။
တိဿော ဝိဇ္ဇာ အနုပ္ပတ္တာ၊ ကတံ ဗုဒ္ဓဿ သာသနံ။

ဣဒံ- မြတ်စွာဘုရားနဲ့တွေ့စဉ်အခါကာလတုန်းက ဘုရား တပည့်တော် ရဟန်းပြုပါရစေလို့ လျှောက်ထားပြောဆိုခြင်းသည်။ ဒုမ္မန္တိတံ-မကောင်းသဖြင့် ပြောဆိုအပ်သောစကားသည်။ န-မဟုတ်ပါ။ သုမန္တိတံဧဝ- ကောင်းစွာပြောဆိုအပ်သော စကားသာလျှင် ဖြစ်ပါ၏။ နာပဂတံ- တစ်ဖန်ပြန်၍ ဖဲခွာမသွားနိုင်သော။ ဣဒံ- ဤဘုရား သာသနာတော်တွင်းသို့ ဝင်ရောက်၍လာခဲ့ခြင်းသည်။ သွာဂတံ- ကောင်းသောလာခဲ့ခြင်းပါတည်း။ ကသ္မာ- အဘယ်ကြောင့်နည်း ဟူမူကား၊ မေ- အင်္ဂုလိမာလနာမသမုတ် အကျွန်ုပ်သည်၊ တိဿော- သုံးပါးကုန်သော၊ ဝိဇ္ဇာ- ဝိဇ္ဇာတို့သို့။ အနုပ္ပတ္တာ- အစဉ်အားဖြင့် ရောက်အပ်ခဲ့ပါကုန်ပြီ။ ဗုဒ္ဓဿ- သုံးလောကထွတ်ထား သဗ္ဗညု

မြတ်စွာဘုရား၏။ သာသနံ-သိက္ခာသုံးဆင့် မြတ်အကျင့်တည်း ဟူသော တရားအဆုံးအမအပေါင်းကို၊ မေ- အင်္ဂုလိမာလ နာမသမုတ် အကျွန်ုပ်သည်။ ကတံ- သာသနာ ပန်းတိုင် အရဟတ္တဖိုလ်ရောက်သည်အထိ ကောင်းမွန်စွာ ကျင့်ကြံကြိုးကုတ် အားထုတ်အပ်ပါပေ၏။ တသ္မာ- ထို့ကြောင့်ပါတည်း။ တ္ကတိ- ဤသို့၊ အာယသ္မာ အင်္ဂုလိမာလော၊ အင်္ဂုလိမာလ နာမကျော်ဟီး ရဟန္တာ အရှင်မြတ်ကြီးသည်။

စောစောတုန်းကတော့ အင်္ဂုလိမာလ နာမကျော်ဟီး ကမ္ဘာကျော် လူဆိုးကြီးသည်။ ယခုတော့ ရွှေတောင်ပေါ်မှာနားပြီးတော့ ရွှေကျီး လို့ပဲ ခေါ်ရတော့မယ်။ ရွှေတောင်ပေါ်နားလို့ ရွှေကျီးလို့ပဲခေါ် ခေါ်။ စိန်နားငှောင်းအရောင်ကြောင့် ပါးပြောင်တယ်လို့ပဲခေါ်ခေါ်၊ သာသနာတော်အရောင်ကြောင့် လူဆိုးကြီး၊ လူမိုက်ကြီးဟာဖြင့် အရောင်လည်း တောက်ပြောင်ပြီးတော့မှ အားရပါးရ ကျူးရင့် ပြီးတော့မှနေပြီ။ တရားအသိတွေ တရားဉာဏ်၊ အလင်းရောင်တွေ ရ၍နေပြီ။

အာယသ္မာ အင်္ဂုလိမာလော၊ အင်္ဂုလိမာလ နာမကျော်ဟီး ရဟန္တာအရှင်မြတ်ကြီးသည်။ ဥဒါနေသိ- ဝမ်းမြောက်ရွှင်ပြုံး စိတ်နှလုံးဖြင့် ကျူးရင့်တော်မူခဲ့လေသတည်း။

မြတ်စွာဘုရားနဲ့ တွေ့ရကျိုးနပ်သွားပြီ၊ မြတ်စွာဘုရားထံ ရဟန်းပြုရကျိုးနပ်သွားပြီ၊ သာသနာမှာ ဝင်ရောက်ရကျိုးနပ်သွားပြီ၊ တရားအလုပ်ကို အားထုတ်ရကျိုးနပ်သွားပြီ၊ ဘာလို့လဲဆိုရင် (ပု၊ ဒိ၊ အာ) ပုဗ္ဗေနိဝါသနုဿတိဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝက္ခယဉာဏ် ဆိုတဲ့ ဝိဇ္ဇာသုံးပါးတို့ကိုလည်း ကောင်းစွာရောက်ခဲ့

ရခဲ့ပါပြီ။ ဘုရားရှင် သာသနာတော်မှာ ကျင့်ကြံကြိုးကုတ် အားထုတ်စရာလုပ်ငန်း အကုန်လုံးကို သာသနာ့ပန်းတိုင် အရဟတ္တဖိုလ်ပေါက် အားထုတ်ခဲ့ရပါပြီ။ လူဆိုကြီးဘဝက လွတ်မြောက်ပြီးတော့မှ သာသနာတော်တွင်း ဝင်ရောက်ပြီးတော့ သာသနာ့လုပ်ငန်းတွေကို အားထုတ်ခဲ့ရတာ၊ အားထုတ်ရကျိုးနပ်ပါပြီ။ သာသနာနဲ့ တွေ့ရကျိုးနပ်ပါပြီ၊ တရားနဲ့ တွေ့ရကျိုးနပ်ပါပြီ၊ ဘုရားနဲ့ တွေ့ရကျိုးနပ်ပါပြီလို့ ဝမ်းသာလွန်းလို့ ကျူးရင့်တဲ့ စကားပါ။

နှစ်နာရီလည်းပြည့်ပြီ၊ သုတ္တန်ရဲ့ လိုရင်းစကားပါပြီပေါ့။ ဒီလို အင်္ဂုလိမာလသုတ္တန်တရားတော်ကို ကြားနာရခြင်းတည်းဟူသော ဓမ္မဿဝန မင်္ဂလာကောင်းမှုကုသိုလ်ကံ စေတနာ၊ ကြည်လင်ဆောက်တည်ကြရသော သရဏဂုံ သီလကုသိုလ်ကံ စေတနာ၊ တရားကို နာရင်းနာရင်းနဲ့ ရှုပွားနှလုံးသွင်းကြရတဲ့ ဘာဝနာကောင်းမှုကုသိုလ်ကံ စေတနာတွေရဲ့ စွမ်းအင်သတ္တိတွေကြောင့်လည်းကောင်း၊ သာသနာတော်ကြီးကို ချီးမြှောက်ပူဇော်တဲ့အနေနဲ့ လှူဒါန်းပူဇော်ကြတဲ့ သာသနာနုဂ္ဂဟ၊ သာသနပူဇာ ကောင်းမှုကုသိုလ်စေတနာတွေရဲ့ သတ္တိတွေကြောင့်လည်းကောင်း၊ တစ်ဘဝလုံး အားထုတ်ခဲ့ကြရတဲ့ ကောင်းမှုတွေရဲ့ စွမ်းအင်သတ္တိတွေကြောင့်လည်းကောင်း၊ သံဃာတော် အရှင်သူမြတ်ရဲ့ သန့်ရှင်းကြည်လင် ဖြူစင်တဲ့ မေတ္တာဓါတ်စွမ်းရည်သတ္တိတွေကြောင့်လည်းကောင်း၊ တရားနာပရိသတ်အပေါင်း သူတော်ကောင်းတွေနှင့်တကွ ဤရပ်ကွက်အတွင်း၊ ဤလမ်းအတွင်း၊ ဤမြို့နယ်အတွင်း၌ ၊ နေထိုင်ကြကုန်သော သူတော်စင်အားလုံးတို့သည်

သေားရန်အန္တရာယ် အနှောင့်အယှက်၊ အတားအဆီး၊ အချုပ်အချယ်၊ အရှုပ်အထွေး၊ အပူခပ်သိမ်း၊ ထိတ်လန့်တုန်လှုပ်ဖွယ် အားလုံးတို့မှ လွတ်ငြိမ်းကြပါစေကုန်သတည်း။

ကိုယ်၏ ချမ်းသာခြင်း၊ စိတ်၏ချမ်းသာခြင်း၊ အကြံအစည်အောင်မြင်ခြင်း၊ ဉာဏ်ပညာ ကြီးပွားတိုးတက်ခြင်း စသောကောင်းကျိုးချမ်းသာ ကြက်သရေမင်္ဂလာတို့နှင့် ပြည့်စုံပြီးတော့တိုးတက်ကြပါစေကုန်သတည်း။

ကျန်းကျန်းမာမာ၊ ချမ်းချမ်းသာသာ ပျော်ပျော်ရွှင်ရွှင်နဲ့အားကိုးစရာ အစစ်အမှန်ဖြစ်သော ကောင်းမှုတရား မိတ်ဆွေများကိုအင်္ဂုလိမာလတို့လို ကမ္ဘာကျော်လူဆိုးကြီးကို ပန်းတိုင်အရောက်သယ်ဆောင်သွားနိုင်တဲ့ သာသနာတော်ကြီးနဲ့ တွေ့ရတုန်း ရတနာသုံးပါး အမှီကောင်းကို တွေ့ကြတုန်း သူတော်ကောင်းတွေနဲ့တွေ့ရတုန်းမိမိတို့ကလည်း ဘဝခန္ဓာကို စနစ်တကျ အသုံးချတတ်တဲ့အတ္တသမ္မာပဏိဓိ စက်ကြီးနဲ့ ပြည့်စုံနေကြရတုန်း အခွင့်ကောင်းကို လက်လွတ်မခံဘဲ တစ်နေ့ထက်တစ်နေ့ မြင့်သည်ထက်မြင့်တက်အောင် ပွားများအားထုတ် လှူဒါန်းစုဆောင်းနိုင်ကြပါစေကုန်သတည်း။

စုဆောင်းနိုင်လွယ်ကြ၍ အို၍မပြီး၊ နာ၍မပြီး၊ သေ၍မပြီး၊ ပူဆွေးငိုကြွေး၍မပြီးနိုင်တဲ့ သံသရာဝဋ်မီးတို့ တဟုန်းဟုန်း တောက်လောင်နေတဲ့ သံသရာဝဋ်ဒုက္ခ လောင်စာခပ်သိမ်းတို့မှ လျင်မြန်စွာလွတ်ငြိမ်းကြပါစေကုန်သတည်း။

လွတ်ငြိမ်းကြ၍ အရှင်အင်္ဂုလိမာလ မထေရ်သူမြတ်တို့လိုလောင်စာဝဋ်မှ လွတ်ငြိမ်းရာ၊ ဆင်းရဲဒုက္ခအစုစုမှ လွတ်မြောက်ရာ

အသင်္ခတဓါတ် နိဗ္ဗာန်မြတ်ကို လွယ်ကူသောအကျင့်၊ လျင်မြန်သော အသိဉာဏ်ဖြင့် အရဟတ္တဖိုလ်ပေါက်၊ မျက်မှောက်ပြုလွယ်၊ ရလွယ်နိုင်ကြပါစေကုန်သတည်း။

သာဓု . . . သာဓု . . . သာဓုပါဘုရား။

- ငါမလိမ္မာ၊ ရုပ်ခန္ဓာ၊ နှစ်နှာတတ်ချေပြီ။
- ငါလိမ္မာမှ၊ ရုပ်ကာယ၊ မှချသက်သာမည်။
- နာမ်တွင်မအေး၊ မယဉ်ကျေး၊ ရုပ်ဘေးသင့်တတ်သည်။
- နာမ်ယဉ်ကျေးမှ၊ စိတ်အေးရ၊ မုချချမ်းသာမည်။
- မြို့ရွာထဲတွင်၊ သူပုန်ဝင်၊ အိမ်ရှင်ကိုလည်းရိုက်တတ်သည်။
- အဖိုးတန်ငြား၊ ချန်မထား၊ လုသွားတတ်လေသည်။
- နေအိမ်ကိုပါ၊ မီးရှို့ကာ၊ ပြောင်ခါသွားချေပြီ၊
- စိတ်အစဉ်တွင်၊ ဒေါသဝင်၊ အိမ်ရှင်စိတ်ကို နှိပ်စက်သည်။
- သူတော်ကောင်းဂုဏ်၊ စွမ်းအားစုံ၊ ဂုဏ်ကုပ်ဖျက်ဆီးသည်။
- စိတ်၏မီးရှာ၊ ရုပ်ခန္ဓာ၊ နှစ်နှာပင်ပန်းသည်။
- ဒေါသအမျက်၊ လူကိုဖျက်၊ အသက်ကိုပါဆုံးစေသည်။
- ဒေါသစွမ်းကုန်၊ မကောင်းစုံ၊ လွှမ်းခြုံပြစ်ရမည်။

အင်္ဂုလိမာလသုတ္တန်တရားတော်ပြီး၏။

* * *

၂၁၈၄၉

တိပိဋကဓရ အဂ္ဂမဟာပဏ္ဍိတ

ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (ယော) ဆရာတော်

၏

# နှလုံးသားဝယ် ဘုရားတည်

ဓမ္မစာစုများ အမှတ်(၁)

